www.burmeseclassic.com

ဇုမ္ဗံ ဓမ္မံ သံဃံ

ဥုမကိုပါဒေဟံ

မဂ်လာ

ဘိုးကြီးဘုရား

မဂ္ဂဇင်း

BURMESE CLASSIC .com

GRAPHIC
TUN AUNG NYAW MYINT

www.burmeseclassic.com

www.burmeseclassic.com

ဒီဇိုင်းဝန်းအရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒီဇိုင်းရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒီဇိုင်းရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒီဇိုင်းရေး

BURMESE CLASSIC .com
Kyaw Kyaw Swe 1965@ gmail,com

ဖွားကြိုး

တိုက်(၉)ဆဝ၁-ပိတောက်လမ်းယုဇနပလာဇာမဂ်လာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၉၄၃၂၀၀၇၆၀၊ ၀၉၅၁၇၂၁၅၅၊ ၀၉၅၁၃၆၆၂၀၂၂၊ ၀၉၅၀၃၆၆၀၂
http:// www.facebook.com/Secret San Kyal
Dear Marry Fashion House

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူး ဓမ္မံ၊ သံဃံ

ဥုမကိုပါဒေဟံ

ချစ်ကြည်ရာ

နာယက

မောင်နှင်းဆွေ၊ သောင်းဝေ

ဇာတ်ဖွင့်

ကျော်ကျော်ဆွေ

စုစည်းတင်ဆက်သည်။

အတွဲ (၂၁)၊ အမှတ် (၁၀)၊ ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်။

၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ထုတ်ဝေသည်။ မိုးဆမ်းပန်းစာပေ၊ Dear Marry (Myanmar)

တိုက်(၉) ၃၀၁ ပိတောက်လမ်း၊ ယုဇနပလာဇာ၊ မဂ်လာတောင်ညွန့်မှ ပြည်လုံးကျွတ်ဖြန့်ချိပါသည်။ ဖုန်း-၀၉၄၃၁ ၂၀၀၇၆၀

အတိုင်ပင်ခံပညာရှင်များ

အမျိုးသားစာပေဆုရ စာရေးဆရာကြီးဒွေးမောင်
အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်စံဝင်း
အမျိုးသားစာပေဆုရ စာရေးဆရာကြီး သောင်းဝေဦး

စာတည်းအဖွဲ့

ကိုကိုဆွေဆွေ
ဝိုးသိမ် BE (Electronic)
အိမြတ် BE (Civil)

ခေါင်းစီးစာလုံး

ပန်းချီတင်ထွန်း

အမှတ်တံဆိပ်

ပန်းချီတင်ရွှေချို

မျက်နှာဖုံးသရုပ်ဖော်

ထွန်းအောင်ကျော်မြင့်

ကွန်ပျူတာစာစီ

မွေးမွေးနဲ့အဖွဲ့(အနာဂတ်ကမ္ဘာ)

BURMESE CLASSIC .com

လျှို့ဝှက်ဆန်းကြယ်ပန်းချီဒီဇိုင်းအဖွဲ့

မောင်မောင်သိုက်၊ ကျော်ဦး၊ ဝိုးဒီလွန်း၊ မိုးဝေ
ဖိုးအောင်၊ ထွန်းအောင်ကျော်မြင့်၊ စောနိုင်ထူး၊
ပန်းချီချစ်ဦး(ပုသိမ်)၊ ပန်းချီစက္ခု

မြန်မာ့ချီရေး

ရန်ကုန်-ကျော်သိန်းစာပေ၊ ငြိမ်းစာပေ
စောဦးစာပေ၊ နေစေးစာပေ၊ ကိုလတ်စာပေ၊
ပန်းရွက်ဝေစာပေ၊ မြိတ်စာပေ၊ မြသော်တာစာပေ
အောင်ကျော်စာပေ၊ အမေ့အိမ်စာပေ၊
ဦးတင်ဖိုးစာပေ၊ သီတာနီလာစာပေ
မန္တလေး-နဂါးစာပေ၊ မော်လမြိုင်-ကျော်ကျော်စာပေ၊
တောင်ကြီး-ဂဂီနဒီစာပေ၊ မိလျှံနာစာပေ၊
ပဲခူး-သဇင်စာပေ၊
ခေတ္တရာစာပေ-သထုံ၊ သော်တာစန်းစာပေ-နေပြည်တော် ပျဉ်းမနား၊

အုပ်ချုပ်ရေးမှူး

ငြိမ်း B.sc (Chem)

စာမျက်နှာဖွဲ့စည်းမှု

မွေးမွေး၊ မျိုးဟန်(အနာဂတ်ကမ္ဘာ)

ထုတ်ဝေသူ - ဦးချစ်ကျော်ကျော် (ခ) ဦးကျော်ကျော်ဆွေ (၀၁၁၅၆ မြို) ၉/ခပဒ၊ ပိတောက်လမ်း၊ ယုဇနပလာဇာအိမ်ရာ၊ မဂ်လာဘောင်ညွန့်၊ ရန်ကုန်

အတွင်းနှင့် အဖုံးပုံနှိပ်သူ - ဒေါ်ခင်ဝင်းဆင့် (၀၀၄၂၄၄မြို) ရွှေနှင်းအောဆက် အမှတ်-၂၄၊ ရွှေဝါထွန်းလမ်း၊ သုဝဏ္ဏာ၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း CTP- (Eagle)၊ တောင်ရေ - ၁၀၀၀။ တန်ဖိုး - ၂၅၀၀။ စာအုပ်ချုပ် - ရွာကီး (တင်ထွန်း)၊ ၁၁၄ လမ်း

ပန်းချီကျော်လှိုင်သင်း၊ ချစ်ဆန်း (၅၂၈)၊ ဖြူးသူ(၀ဃန်) အထူးကူညီသည်။

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

ဆောင်ဆုဝန်

ရွှေကံကူမယ်တော်ကြီး — အောင်မြင်လိုမူအောင်လံထူ — ၅

ရိုဆော်လျှာဒါန်

ဦးတင်အောင်(ဘော်ဆိုင်း) — စားချင်လျှင်ကိုယ်တိုင်သွား — ၁၀
မစားလိုလျှင် သူများကိုပါး

ဆေးဖက်ဝင်

ရဲမိုးသူ(ဟေမိမြို့ဝင်) — ရွာဇောင်းလက်ဝါး(ကျားရွာ) — ၁၈

ကိုယ်တွေ့ဖြစ်ရပ်မှန်

တိမ်လွှာမိုး — အစိမ်းသေသားအဖ — ၂၁

ဇမ္ဗုန်းတောဆွေ

ဝါမကီ — ဂမုန်းပင်စောင့် — ၂၇

အာဇာခွဲသီဇဝဆောစာ်တည်ကြြ

စုယဉ်မွန်(TUဘားအံ) — ကြမ္မာငင်တော့မရုန်းသာပေ — ၃၅

ထွဋ်ခေါင်(အိမ်ခဲ) — နွားရိုင်းသွင်းချိန် — ၄၅

ဆီမှတ်ချော်ခ်ရွာ

တင်ထူး(ငယ်ဝတီ) — အိမ်ရှေ့မစိုက်ကောင်းတဲ့အပင် — ၅၀

သရဖူသန်းအောင် — အဖေါ်နှင့်လာသော — ၅၇

(မော်ကွန်း)

ဂျူပီတာကိုကို — မီးအိမ်ရှင် — ၆၄

ဆေးဝန်ထမ်းဟောင်းတို့ဖည်သည်

မေချို(ပျဉ်းမနား) — အောင်နိုင်သူဖြစ်ရန် — ၈၀

စောင့်ဆိုန်းသစ္စာ

ဝိုလ်ကျော် — စစ်သားသစ္စာ — ၉၀

ချောက်ချားမှုမဖြစ်ရောတစ်ညတာ

လင်းလက်အောင် — ကျတ်ရွာ — ၁၀၂

ဒေါက်တာလွင်သန့် — သင့်အတွက်ကျန်းမာရေး — ၁၁၃

ဖြစ်ရပ်မှန်

မရွှေဝိုး(ကိုရီးယား) — ကျွန်မရဲ့အရိပ်မရှိခဲ့လျှင် — ၁၁၇

ဆေးဆုံ့ဝိုးမှုမခုတ်ကွာ

မောင်းနေ — ရွှေအိုရောင်ဆည်းဆာ — ၁၂၅

အစရွှမ်းများ

Dနေ့သစ် — လက်ပံပင်ရွာ — ၁၃၅

စိုင်းမင်းသန့် — ကျွန်တော်နှင့်သူနာပြုကလေးများ — ၁၄၇

www.burmeseclassic.com

www.burmeseclassic.com

အာတိကာ

မိုးသောက်ထွန်း	မိုတွယ်ဂ	၁၅၇
	ဂျွီးဂွက်ချက်တို့၏သခင်	
နူးမာန်(MOTAA)	ကွန်ဂူးဘုရင်ဘရစ်လီ	၁၆၂
အောင်ဘုန်းမြင့်(ကချင်မြေ)	ဆုတောင်းပြည့်ဂါထာ	၁၇၂
မောင်စည်သူဇော်	ဟိုတုန်းကနဲ့မတူတော့ပါ	၁၇၄
	ဆစ်ဖင်ဝိုက်ကြွေဖို	
ဇေယန(ရာမည)	လက်တစ်စုံနဲ့သဘာဝဘေးအန္တရာယ်ကို ကာကွယ်ကြပါစို့	၁၉၀
ကျော်ရည်မွန်	**ကျော်ရည်မွန်**	
ကျတ်တို့ရွာမှာတစ်ညတာ		၂၁၁
	ဖြန်ဒာနိုင်ငံ	
သောင်းဝဦး	ထောက်လှမ်းရေးများအကြောင်း	၂၁၆
	အခန်းဆက်ဆိုင်းဝတ္ထု	
မောင်နှင်းဆွေ	ပင်တိုင်စံနှင့်မြကျောက်စီရွှေဘီး	၂၂၉

စာရေးဆရာများသို့

မဂ္ဂဇင်းတွင် စာမူပါပါက
နေရာအခက်အခဲကြောင့် နစ်လအတွင်း
လာရောက်ထုတ်ယူပေးပါရန်
မေတ္တာရပ်ခံအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတံဆူးအောင်ကြွေစရုန်ဖြဒီန်းတန် ဆံတော်ရှင်၊ ဓမ္မယ်တော်ရှင်၊ ပြဒါးရှင် ကြီဗလ (နောင်တော်ကြီးဘုရား)

သမိတ်ကျောင်းပြုန္နယ၊ ဘုန်းတက္ကးတောင်တော် ထီးတော်တင်ပွဲ

၁၃၇၉ခု၊ တပေါင်းလပြည့်၊ ကြာသပတေးနေ့

၂၁၁ခု၊ မတ်လ၊ ၁၈ဂျီနေ့.

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရွှေကံကူလေပျံ သစ်တော် ရုပ်ရှင်တော်မြတ် ကြွတော်မူ ရာ အရပ်ဒေသများတွင် အလျဉ်းသင့် လျှင် သင့်သလို အဓိဋ္ဌာန်ကျင့်စဉ်တော် များ တစ်ခု၊ နှစ်ခု စသည်ဖြင့် ဆောင် ရွက်ပေးသကဲ့သို့ ရောက်ရှိသော မြို့ရွာ ဒေသမှ တောင်ကုန်းတောင်တန်းများ ပေါ်တွင် တည်ထားသော ဘုရားစေတီ တော်များ၏ ရင်ပြင်တော်ပေါ်တွင် သာသနာ့အောင်လံများကို စိုက်ထူ လှူဒါန်းပေး၍ ဆုတောင်းမေတ္တာ ပို့သ ခြင်းများကို မကြာခဏ ဆောင်ရွက်ပေး လျက် ရှိနေပါသည်။

ကျွန်ုပ် သာသနာ့အောင်လံ စိုက်ထူခဲ့သော ဒေသများ အတော်ပင် စုံလင်ပေပြီ။ မန္တလေးမြို့တွင် မန္တလေး တောင်ပေါ်နှင့် စိန်ပန်းရှိ ဦးချမ်းလှိုင် ဘုရားဝင်း၊ ပုဂံတွင် တူရွှင်းတောင်ဘုရား၊ တောင်ကြီးတွင် ရွှေဘုန်းပွင့်ဘုရား၊ တောင်ကြီးမြို့၏ တောင်ဘက်မှ ထန်းဘုရားတောင်ပေါ်ဘုရား၊ ပုပ္ပါးစိမ့် သင်းမြိုင်ခြံမှ စကြာမုနိဘုရား၊ သံလျင် မှ ကျိုက်မြတ်ခမွန်ဘုရား၊ မြစ်ဆုံမှ ကမ္ဘာလုံးဘုရား၊ မြစ်ကြီးနားမြို့မှ မင်းဒင်တောင် တရုတ်တောင်ပေါ်ဘုရား၊ ကော့ကရိတ်မြို့မှ တောင်ပေါ်ဘုရား၊ ပြင်ဦးလွင်အနီး လွန်းကျော်မှဘုရား၊ ဖားအံအနီး ရွှေမန်းကျောင်းဆရာတော် ကြီး တည်ထားသောဘုရား၊ မော်လမြိုင် ဘီလူးကျွန်းချောင်းဆုံမှ မြင့်မိုရ်တောင် ဘုရား၊ ခေါင်းဆေးကျွန်းမှ နဂါးရုံဘုရား စသည်ဖြင့် မြန်မြည်တစ်လွှား မြို့ရွာ အသီးသီးတွင် အလှူရှင်အသီးသီးနှင့် အောင်လံတော်များ တလူလူ လွှင့်ထူခဲ့ ကြပေပြီ။

အောင်လံထူမည့်အချိန်ကို ညနေခင်း ၃ နာရီနှင့် ၄ နာရီကြား သတ်မှတ်ထားပါသည်။ မနက်ခင်းနှင့် နေ့လယ်ခင်း အချိန်များမှာ မြတ်စွာ ဘုရားကြီးနှင့် ရဟန္တာကြီးများကို သက်ရှိ ထင်ရှားကဲ့သို့ ဆွမ်းတော်ကပ်လှူ ပူဇော် ခြင်း ကျွန်ုပ်တို့ကလည်း သီလဆောက် တည် ထားသဖြင့် နေ့ဆွမ်းများ သုံးဆောင်ရခြင်း။ ဆွမ်းကျေးဇူးဆပ်သည့် အနေနှင့် ဘရားဓမ္မများ ပူဇော်ခြင်း၊ နေ့ခင်း ခေတ္တအနားယူခြင်းများ ရှိသော ကြောင့် ညနေခင်းဘုရှိန်ကို ရွေးချယ်ရ ခြင်း ဖြစ်ပါသည်။ မိမိသဘောနှင့် မိမိ လှူလိုလှူင်တော့ နံနက်ခင်း ၇ နာရီနှင့် ၉ နာရီကြားတွင် သွားရောက်ကာ လွှင့်ထူ လှူဒါန်းနိုင်ပါသည်။

အောင်လံထူရမည့် အစီအစဉ်များ သာသနာ့အောင်လံ ပျိုးစဆိုလျှင် ပိုကောင်းပါသည်။ အနည်းဆုံး ၄ လက် မှ အထက်ကို ဝယ်ယူထားရပါမည်။ (၄၂ လက်မ)ဆိုလျှင် သင့်တော်ပါသည်။ ဝါးလုံးများကိုလည်း အလံအရေအတွက် အတိုင်း အသင့်ထားရှိရပါမည်။ ချော၍ ဖြောင့်သော ဝါးလုံးဆိုလျှင် သင့်တော်ပါ သည်။ သံနန်းကြိုး (သို့) သွပ်နန်းကြိုး တစ်ခွေနှင့် ပလာယာတစ်လက် လိုပါ သည်။

မိမိတို့ သာသနာ့အောင်လံထူ ကြမည့်ဘုရားသို့ အရောက်သွားကြပြီး လျှင် ဦးဆောင်သူ ဘုရားဒါယကာ၏

www.burmeseclassic.com

www.burmeseclassic.com

မွေးနံ့ အရပ်မျက်နှာတွင် လှူဒါန်းကြ
မည့် အလှူရှင်များ ဘုရားစေတီဘက်သို့
လှည့်ကာထိုင်ပြီး သြကာသကန်တော့
ချီးဖြင့် ကန်တော့ရပါမည်။ မိမိထိန်းနိုင်
သော သီလ ၅ ပါး၊ ၈ ပါး၊ ၉ ပါး
စသည်ဖြင့် လျှောက်ထား သီလခံယူ
ဆောက်တည်ပြီးလျှင် သာသနာ့
အောင်လံများကို အပြာက ထိပ်ဆုံးမှ
ထား၍ လူများက စီတန်းပြီး အောင်လံ
များကို လည်း စီတန်း ဆက်ကာ
ကိုင်ထားရပါမည်။ သာသနာ့အောင်လံ
များကို ကိုင်ထားပြီးလျှင် ဘုရားရှင်အား
လှူဒါန်းဆက်ကပ်ရန်မှာ- အရှင်ဘုရား
တပည့်တော်တို့သည် ကံကို လည်း
ကောင်း၊ ကံ ကံ၏အကျိုးတရားကိုလည်း
ကောင်း ယုံကြည်အားကိုးပါ၍ နိဗ္ဗာန်သို့
ရောက်ကြောင်း အားကြိုးသော၊
အားကောင်းသော၊ အထောက်အပံ့
ကောင်းကြီး ဖြစ်ပါစေရန် သာသနာတော်
ကြီးကို မည်သူမဆို တန်ခိုးတထိန်ထိန်
နှင့် အထက်တန်းကျကျ မျက်နှာပန်း
လှလှ သာသနာပြု လှူဒါန်းနိုင်ပါစေရန်

ဤသာသနာ့အောင်လံတော်များကို တွင် ပါဝင်သော ရောင်စဉ်များသည်
ဒေမိ- နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းပါ၏ မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်
အရှင်ဘုရား။ ပူဇော်မိ- နိဗ္ဗာန်ကို သွယ်ကို ရည်ညွှန်းထားပါသည် ဘုရား။
ရည်မှော်၍ ပူဇော်ပါ၏ အရှင်ဘုရား။ ထိုရောင်ခြည်တော်ခြောက်သွယ်သည်
ဤကုသိုလ်ကြောင့် သာသနာ့အောင်လံ လည်း မြတ်စွာဘုရားရှင်ကြီး သတ္တဂ္ဂာန



www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံး စံမြန်းတော်မူစဉ်အခါ တပည့်တော်တို့၏ ခံတပ်ကြီးသဖွယ် အခြေအနေများသည်လည်း ဘယ်သော
စတုတ္ထသင်္ဂာယနာတွင် ပဌာန်းတရားတော် ဘေးရန် အန္တရာယ်များလည်း ကင်းရှင်း အခါမျှ အောက်တန်းနောက်တန်းမက
ကြီးကို အနုလုံ၊ ပဋိလုံ ဆင်ခြင်သုံးသပ် ရပါလို၏ ဘုရား။ ပဌာန်းတရားတော်ကြီး ဘဲ အထက်တန်းကျကျ မျက်နှာပန်
တော်မူသောအခါမှသာလျှင် ထွက်ပေါ် နှင့် စပ်လျဉ်း မတော်ဖူးသော ဆွေမျိုး လုလု သာသနာတွေ ပြုနိုင်ပါစေဘုရား
ကွန့်မြူးတော်မူလာပါသဖြင့် တပည့် များ မရှိပါ၍ သူတော်ကောင်း ပဌာန်း ဤကဲ့သို့သည် နိဗ္ဗာန်ရောက်ကြောင်
တော်တို့သည် သာသနာ့အောင်လံကို ဆက်ဆွေမျိုးများဖြင့်သာ တွေ့ဆုံ၍ အထောက်အပံ့ကောင်းကြီး ဖြစ်ပါ
လှူရသောကြောင့် ဘုန်းတန်ခိုးများ အတူသာသနာပြုရပါလို၏ ဘုရား။ ဘုရားဟု ပြောဆိုလျှောက်ထားကာ
ကြီးမားထွန်းတောက်ရပါလို၏ ဘုရား။ သာသနာ့အောင်လံဟူသည် လှူဒါန်းရပါမည်။
ပဌာန်းတရားတော်ကြီးသည် သာသနာ အမြင့်တွင် တလူလူလွင့်နေသည့် ဓာတ် ပြီးလျှင် သာသနာ့အောင်လံ
တော်ကြီး၏ ရှေ့တန်းခံတပ်ကြီး ဖြစ်ပါ၍ သဘောရှိပါ၍ တပည့်တော်တို့၏ ဘဝ များကို ဝါးလုံးထိပ်များတွင် ဝါးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

လျှင် အလံတစ်လက်နှုန်း ချည်ပြီးလျှင် အောင်လံများကို စုထောင်ပြီးသကာလ အဘို့ ကလေးဝဆရာတော်ကြီး၏ အောင်ဂါထာတော်ကြီးကို ရွတ်ဆိုပူဇော်ကြရပါသည်။ ထိုအောင်ဂါထာတော်ကြီးမှာ "အောင်ဇေယျတု၊ အောင်စေမ္မဖြင့်၊ အောင်ဆုမင်္ဂလာ၊ အောင်ဩဘာတည့်။ အောင်သည့်အတိတ်၊ အောင်နိမိတ်ဖြင့် အောင်ဘိသိက်ခံ၊ အောင်ဆုပန်လျက်၊ အောင်စည်မဟာ ရိုက်သွန်းဖြာသည့် ဝေဆာအောင်ပန်း လှမ်းပြီကို" ဟူ၍ ဖြစ်ပါသည်။ ထိုအောင်ဂါထာတော်ကြီးကို ၃ ကြိမ်၊ ၃ ခါ ပူဇော်ပြီး တစ်ဦးမှ (ဇီတံမေ)- အားလုံးမှ (အောင်ပြီ)ဟု သုံးကြိမ် အောင်ဓာတ်ယူကြရပါသည်။ ပြီးလျှင် အမျှအတန်း ပေးဝေရပါသည်။

ကျွန်ုပ်ကလည်း ရောက်လေရာအရပ်များတွင် ဤကဲ့သို့ အောင်လံများ လွှင့်ထူပေးသကဲ့သို့ ဆရာဘိုဘို သည်လည်း ၎င်း၏ သာဝကများကို နေရာဒေသအသီးသီးတွင် အောင်လံများ လွှင့်ထူပေးလျက် ရှိပါသည်။ အောင်လံ ထူဖူးသူတိုင်း အောင်မြင်ကြသည့် သတင်းကို မပြတ် ကြားနေရပါသည်။ သာသနာတော် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဗုဒ္ဓမြတ်စွာ၏ ရောင်ခြည် တော်ခြောက်သွယ် ကိုယ်စားပြုထားသော သာသနာ့အောင်လံတော်များ အမြင့်တွင် တလူလူလွှင့်ထူနေသည်ကို ဖူးရသည် မှာလည်း မျက်စိပသာဒ အင်မတန် တင့်တယ်လှ၍ ဘုရားစေတီနှင့် အောင်လံတော်များမှာလည်း လိုက်ဖက်လှပါသည်။ မြင်ရသူများမှာလည်း ဘဝင် ချမ်းမြေ့၍ နှစ်သက်ပီတိ ဖြစ်ကြရပါသည်။ အဓိပ္ပာယ်ကလည်း ကောင်းမွန်ပြည့်စုံလှသောကြောင့် မကြာမကြာ လှူဒါန်းရသည်ကို လှူ၍မဝနိုင်အောင် ဖြစ်ရပါသည်။

စေတနာသည်ကား မည်ပါပေ၏။ မိမိပြုသောအလုပ်သည် မိမိ၏ကံသာလျှင် ဖြစ်ပါ၏။ ကောင်းတာပြော၊ ကောင်းတာကြံ၊ ကောင်းတာလုပ်လျှင် ကောင်းကျိုးများသာလျှင် ရောက်လာပေမည်။ စိတ်ထားကောင်းလျှင် ကံကောင်း သည်ဆိုသည့်အတိုင်း မိမိစိတ်ကလေး ကို ဖြူစင်ကြည်လင်စွာထား၍ ဘာသာတရား ကိုင်းရှိုင်းပြီး နေ့စဉ် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများကို ဝတ္တရား ကျေမဟုတ်ဘဲ စိတ်ပါလက်ပါနှစ်၍ သဒ္ဓါထက်ထက်ဖြင့် ဆောင်ရွက်ကြပါ လျှင် မိမိဆောင်ရွက်သမျှ နည်းမှန် လမ်းမှန်ဖြင့် အောင်မြင်ရမည်မှာ မလွဲပါပေ။

အချို့ပေါ်၊ သကာလောင်း ဆိုသကဲ့သို့ စာဖတ်သူ ဓမ္မမိတ်ဆွေများ ဘုရားတရားမြတ်၍ ကုသိုလ်ပွဲတွေ ဆင်နွှဲ နေကြသည့်အထဲတွင် သာသနာ့ အောင်လံ လွှင့်ထူ လှူဒါန်းပြီးသကာလ အောင်ပွဲတွေ အဆင့်ဆင့် အောင်လံတွေ တလွင့်လွင့် လွှင့်ထူနိုင်ကြစေဖို့ ဤ ဆောင်းပါးကို ရေးသား၍ မိမိသိသမျှ ကုသိုလ် ဝေငှလိုက်ပါသတည်း။

ဖြူစင်မေတ္တာဖြင့်

ရွှေကံကုသာသနာပြု

မယ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

စားချင်လျှင် တိုယာတိုင်ဇွန်းစား
စောင်းလိုလျှင် သူများကိုတိုး

ရိုသေလှုံဒါန

ဦးတင်အောင်(ဘော်ဆိုင်း)

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဇဝံ မေသုတံ ကေ သမယံ အာယဿ္မာ ကုမာရကဿပေါ ကောသလေသု- စာရိကံ စရမာနော- မဟာတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေ ဟိ ဘိက္ခုသတေဟိ ယေန သေတဗျာ နာမ ကောသလာနံ နဂရံ တဒဝသရိ- အစရိသော ပါဒ္ဓိတော်ဒေသနာတော်နှင့် အညီ- ပါယာသိအမည်ရှိသော မြို့စား မင်းကြီး၏အကြောင်းကို စာရေးသူ လေ့လာဖတ်ရှု မှတ်သားခဲ့ရသည်တို့အား တင်ပြလိုပေသည်။ အခါတစ်ပါး၌ အရှင် မဟာကုမာရ ကဿပမထေရ်မြတ်သည် နောက်ပါ ရဟန်းငါးရာနှင့်အတူ ကော သလတိုင်းသို့ ဒေသစာရီ လှည့်လည်ရာ ကောသလမင်းသားတို့၏ သေတဗျမြို့သို့ ရောက်ရှိ၍ မြောက်အရပ် ယင်းတိုက် တော်၌ သီတင်းသုံးနေတော်မူလေ သည်။ သေတဗျမြို့ကြီးကို ပသေနဒီ ကောသလမင်းကြီးက ဆုလာဘ်အဖြစ် အပိုင်စားပေးထား၍ ၎င်းမြို့ကြီးကို စီမံအုပ်ချုပ်သူမှာ ပါယာသိအမည်ရှိ မြို့စားမင်း ဖြစ်လေသည်။ ၎င်းပါယာ သိမြို့စားမင်းသည် ယုတ်မာသော အယူရှိသူဖြစ်၏။ ပါယာသိ မြို့စားမင်းကြီး၏အယူမှာ ကြတိပိ ·နတ္ထိ ပရော လောကော-နတ္ထိ သတ္တာဩပ ပါတိကာ- နတ္ထိသုကတ ဒုက္ကတာနံ-ကမ္မာနံ ဖလံ ဝိပါကော" ဟု ယူဆထားလေသည်။ အဓိပ္ပာယ်က ဤ အကြောင်းကြောင့် တစ်ပါးသော လောကသည် မရှိ။ သေ၍တစ်ဖန် ဖြစ်ပေါ်လာသော သတ္တဝါ မရှိ။ ကောင်းမှု ကံ၊ မကောင်းမှုကံတို့၏ အကျိုးတရားသည် မရှိဟူ၍ အယူ ရှိသူဖြစ်၏။ သေတဗျမြို့ကြီး၏ မြောက် အရပ် ယင်းတိုက်တော်၌ ငါးရာသော ရဟန်းတော်များနှင့်အတူ သီတင်းသုံး နေတော်မူတဲ့ အရှင်မဟာကုမာရ ကဿပမထေရ်၏ ဂုဏ်သတင်းများ ဤသို့ ပျံ့နှံ့ကျော်ကြားလေသည်။

"အရှင်မဟာကုမာရကဿပ မထေရ်မြတ်သည် ပညာရှိ၏။ လိမ္မာ၍ ထက်မြက်သော ဉာဏ်ပညာရှိ၏။ မြို့စားမင်းကြီးက ပါယာသိမြို့စားမင်းကြီးက သက်တော်ဝါတော်လည်းကြီးလျက် ရဟန္တာပုဂ္ဂိုလ်မြတ်လည်း ဖြစ်ပေသည်။ ထိုသို့သော ဂုဏ်သိက္ခာနှင့် ပြည့်စုံတော်မူတဲ့ ရဟန္တာမထေရ်တို့အား ဖူးမြော်ကြည်ညိုမှုပြုရခြင်းသည် အလွန်ကောင်းလေသည်" ဟု ထင်ပေါ်ကျော်ကြားတဲ့အခါ သေတဗျ မြို့သူ၊ မြို့သားများတို့သည် ယင်းတိုက်တော်တွင် သီတင်းသုံးနေ တော်မူသော အရှင်ကုမာရကဿပ မထေရ်မြတ် ရဟန္တာအား ဖူးမြော် ကြည်ညိုကြရန် အစုလိုက်၊ အအုပ်လိုက် ဝမ်းမြောက်ကြည်နူးစွာ သွားလာနေကြ သည်ကို ပါယာသိမြို့စားမင်းကြီးက ပြဿာဒ်ထက်မှနေ၍ မြင်တွေ့တဲ့အခါ အံ့အားသင့် . . .

"သေတဗျ မြို့သူ၊ မြို့သား အပေါင်းတို့သည် အစုအအုပ်လိုက် မြောက်အရပ် ယင်းတိုက်တော်ဘက်သို့ သွားလာနေကြသည်။ အဘယ်ကိစ္စ၊ အဘယ်အကြောင်းကြောင့်ပါနည်း" ဟု

www.burmeseclassic.com

www.burmeseclassic.com

မေး၏။

"အရှင်မြို့စားမင်း သေတဗျ မြို့သူ၊ မြို့သားတို့ ယင်းတိုက်တောသို့ သွားလာနေကြခြင်းမှာ ရဟန်းဂေါတမ၏ တပည့် ကုမာရကဿပရဟန်းသည် နောက်ပါရဟန်းငါးရာနှင့် အတူ ကောသလတိုင်းကို ဒေသစာရီ ကြွလာရာ သေတဗျမြို့၏ ယင်းတိုက်တော်၌ သီတင်းသုံးလျက်နေပါသည်။ ထိုမထေရ်မြတ်၏ ဂုဏ်ငတစ် ပျံနှံ့ထွက်လာသောကြောင့် သေတဗျ မြို့သူ၊ မြို့သားများအားရဝမ်းသာ ကြည်နူးစွာဖြင့် အစုအဝေးလိုက် ကုမာရကဿပ ရဟန္တာကို ဖူးမြော်ကြည်ညိုရန် သွားလာ နေကြခြင်းဖြစ်ပါသည်" ဟု ပြန်ကြား ပြောဆိုလေ၏။

ထိုအခါ ပါယာသိမြို့စားမင်းသည် မြို့သူ၊ မြို့သားများနှင့်အတူ ယင်းတိုက်တောသို့ အရှင်ကုမာရကဿပ မထေရ်မြတ်ကို ဖူးမြော်ရန် သွားလေသည်။ ယင်းတိုက်တောသို့ရောက်လျှင် အရှင်ကုမာရကဿပမထေရ်ထံ ချဉ်းကပ်ဖြီးဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆို၍ သင့်တော်ရာ၌ ထိုင်လျက်-

"အရှင်ဘုရား ... တပည့်တော်သည် ဤသို့ ဆိုလေ့ရှိသူ၊ ဤသို့ အယူရှိသူဖြစ်၏။ ဤအကြောင်းကြောင့် တစ်ပါးသော လောကသည် မရှိ။ သေပြီး၍ တစ်ဖန်ဖြစ်ပေါ်လာတဲ့ သတ္တဝါတွေ မရှိ။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် အကျိုးပေးခြင်းမရှိဟု တပည့်တော် ဆိုလေ့ရှိပါသည်၊ အယူလည်း ရှိပါသည်" ဟု လျှောက်ထားလေ၏။

"ပါယာသိမြို့စားမင်း ငါသည် ဤသို့ဆိုလေ့ရှိသူ၊ အယူရှိသူကို မြင်လည်း မမြင်စဖူး၊ ကြားလည်း မကြားစဖူးပါ။ အဘယ်အကြောင်းအရာများကြောင့် သင် မြို့စားမင်းဆိုရပါသနည်း။ ဤသို့ဖြစ်လျှင် သင့်အား ငါ မေးပါအံ့။ သင်ကြိုက်သလို၊ နှစ်သက်သလို ဖြေဆိုနိုင်သည်။ လ၊ နေသည် ဤလောကဌ ဖြစ်သလော။ တစ်ပါးသော လောကဌ ဖြစ်ပါသလော။ လနေသည် နှုတ်တို့ဖြစ်ကုန်သလော၊ လူတို့ဖြစ်ကုန်သလော" ဟု မေး၏။

"အရှင်ကုမာရကဿပ ဤသို့ အကြောင်းကြောင့် တစ်ပါးသော လောကမရှိ။ သေပြီး၍ တစ်ဖန် ဖြစ်ပေါ်လာသော သတ္တဝါမရှိ။ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးပေးမှုရှိ၏ဟု တပည့်တော် အယူရှိပါသည်" ဟု၍ လျှောက်ထား၏။

"ပါယာသိမြို့စားမင်း သင်သည် ဤသို့ ဆိုလေ့ရှိ၏။ ဤတို့

www.burmeseclassic.com

www.burmeseclassic.com

အယူရှိနေရခြင်း အကြောင်းအရာများ ရှိကုန်ပြီး ထိုသူတို့ ရောဂါမှ မသက်သာ ကြပါသည်။ ယနေ့တိုင် တစ်ဦးတစ်
ရှိနေပါသလား"ဟု မိန့်ကြားလေသော- ကြပါ။ ထို့ကြောင့် ၎င်းတို့ထံ ကျွန်ုပ်သည် ယောက်မျှ အကြောင်းပြန်ကြားမှု မရှိခဲ့
"တပည့်တော်မှာ ဤသို့ သွားရောက်၍ အချင်းတို့ အကြင်သူတို့ ပါ။ ဤအကြောင်းအရာတွေကြောင့်
ဆိုလေ့ရှိရခြင်း။ အယူရှိရခြင်း အကြောင်း သည် သူအသက်သတ်ခြင်း။ သူတစ်ပါး နတ္ထိ ပရော လောကော- တစ်ပါးသော
အရာရှိပါသည်။ ဤလောက၌ ဤသို့ ပစ္စည်းဥစ္စာတို့ကို ခိုးယူလုယက်ခြင်း။ လောကသည် မရှိ။ နတ္ထိ သတ္တာ ဩပ
ဆိုလေ့ရှိရခြင်း။ အယူရှိရခြင်း အကြောင်း သူတစ်ပါးသားမယားအပေါ် ကာမဂုဏ်၌ ပါတိကာ- သေ၍ တစ်ဖန် ဖြစ်ပေါ်လာ
အရာရှိပါသည်။ ဤလောက၌ တပည့် မှားယွင်းဖောက်ပြန် ကျူးလွန်ခြင်း၊ သော သတ္တဝါမရှိ။ နတ္ထိသုကတဒုက္ကတာန်
တော်၏ အဆွေခင်ပွန်း ဆွေမျိုးသားချင်း မဟုတ်မမှန် လိမ်ညာဝါကြွားပြောဆိုခြင်း ကမ္မာန် ဖလံ ဝိပါကော ကောင်းမှုက၊
အပေါင်းအဖော်တို့သည် အသက်ကို စသော အကုသိုလ်တရားကို ပြုလုပ်သူ မကောင်းမှုကံတို့၏ အကျိုးမရှိဟူသော
သတ်လေ့ရှိကုန်၏။ မပေးသော ပစ္စည်း များသည် ခန္ဓာကိုယ်ပျက်စီး သေပြီးတဲ့ အယူကို ယူရခြင်းဖြစ်သည်။ ဤသို့
ဥစ္စာကို ခိုးယူ လုယက်လေ့ရှိကုန်၏။ နောက် မကောင်းသောလားရာ ငရဲသို့ တပည့်တော် ဆိုလေ့ရှိပါ၏။ အယူရှိပါ၏
ကာမဂုဏ်တို့၌ ဖောက်ပြန်မှားယွင်းစွာ ကျရောက်ရ၏ဟု သမဏ ဗြဟ္မဏတွေ ဟု လျှောက်ထားလေသည်။ စာရှုသူ
ပြုကျင့်ကြကုန်၏။ မဟုတ်မမှန်သော က ဟောပြောကြ၏။ အချင်းတို့သည် ဓမ္မမိတ်ဆွေများ ပါယျာသိမြို့စားမင်းကြီး
စကား၊ ကုန်းချောစကား၊ ကြမ်းတမ်း ကား မကောင်းမှုကို ပြုလုပ်ကြသူများ အား အသျှင်မဟာကုမာရကဿပ
သောစကား၊ ပြိန်ဖျင်းသောစကားတွေကို ဖြစ်၍ သမဏ-ဗြဟ္မဏတို့ ဟောပြောမှု မထေရ်မြတ်က စန္ဒိမသူရိယဥပမာ၊
ပြောဆိုကြကုန်၏။ တပ်မက်မောခြင်း သာ အကယ်၍ မှန်ခဲ့သည်ရှိသော် စောရဥပမာ၊ ဂူထကူပဝုရိသဥပမာ၊
များကုန်၏။ ပျက်စီးစေလိုသော၊ အချင်းတို့သည် ငရဲသို့ ကျရောက်ရမည့် တာဝတိံသဒေဝဥပမာ၊ စွေန္ဒဥပမာ၊ ကဗိန်
ယုတ်မာသောစိတ် ရှိကုန်၏။ မှားယွင်း သူဖြစ်ရာ အမှန်တကယ် ငရဲသို့ ဥပမာ၊ သုပိန်ကဥပမာ၊ သန္တုတ္တအယောဂု
သောအယူလည်း ရှိကြကုန်၏။ ထို ကျသည့်အခါ ငါထံသို့လာ၍ ပြောကြား ဌဥပမာ၊ သခ်ိမဥပမာ၊ အင်္ဂိကဇိုလ
အဆွေခင်ပွန်း ဆွေမျိုးသားချင်း ပေးပါ"လို့ တပည့်တော် မှာလိုက်ပါ၏။ ဥပမာ၊ ဒွေသတ္ထဝါဟဥပမာ၊ ဂူထဘာရိက
အပေါင်းအဖော်များသည် နောင်အခါ ထိုအပေါင်းအဖော်တွေကလည်း လာပြီး ဥပမာ၊ အက္ခဓုတ္တကဥပမာ၊ သာဏာဘာရိ
ရောဂါနှိပ်စက်၍ ပြင်းထန်စွာ နာမကျန်း ပြောကြားပေးပါမည်ဟု ဝန်ခံကတိပြုခဲ့ ကဥပမာ ဥပမာများစွာပေး၍ ပါယာသိ

www.burmeseclassic.com

www.burmeseclassic.com

"ပါယာသီမြို့စား‌မင်း၏ အလှူ

ဌ ပုံးရည်ဟင်းနှင့် ဆန်ကွဲထမင်းတွေကို

သာ လှူပြီး အဝတ်အထည် လှူဒါန်းရာ

ဌလည်း ချည်ထုံးချည်မျှင် ဗလပွနှင့်

ထူထဲသော အဝတ်အထည်တွေသာ

ဖြစ်သောကြောင့် ဆုတောင်းမိပါသည်။

အရှင်မြို့စားမင်းပေးလှူသော ပုံးရည်

ဟင်း၊ ဆန်ကွဲထမင်းများသည် အရှင်

မြို့စားမင်းသည် ခြေဖြင့် တို့ထိရန်ပင်

စိတ်ကူးမည်မဟုတ်။ စားသုံးဖို့ဆိုတာ

ပြောစရာလိုမည်မဟုတ်ပါ။ လှူတဲ့

အဝတ်အထည်တွေကလည်း ချည်ထုံး

ချည်မျှင် ဗလပွနှင့် ထူထဲသော အဝတ်

အထည်တွေဖြစ်ရာ အရှင်မြို့စားမင်းသည်

ဝတ်ဆင်ဖို့နေနေသာသာ ခြေဖြင့်ပင်

တို့ထိချင်မှာ မဟုတ်ပါ" ဟု ပြောဆိုလေ

လျှင် . . .

"အမောင်ဥတ္တရလုလင် ငါ

စားသုံးနေသော ထမင်းဟင်းများ၊ ငါ

ဝတ်ဆင်သော အထည်အဝတ်များကို

သာ ပေးလှူမှုပြုပါ" ဟု ခွင့်ပြုလေ၏။

ဥတ္တရလုလင်သည် မြို့စားမင်းကြီး၏

မြို့စားမင်းအား ဟောကြားတော်မူလေသည်။

"ပါယာသီမြို့စားမင်း ယုတ်မာ

သော ဤမိစ္ဆာအယူကို စွန့်လွှတ်ပါလော။

သင့်အား ရှည်မြင့်စွာသော ကာလပတ်

လုံး အကျိုးစွားပွားမဲ့ခြင်းတာ မဖြစ်ပါစေ

လင့်ဟု အရှင်မဟာကုမာရကဿပ၏

မိန့်ကြားချက်ကြောင့် မိမိအယူကို

စွန့်လွှတ်၍ ရတနာသုံးပါးကို ကိုးကွယ်

ဆည်းကပ်သော ဥပသကာ ဖြစ်သွားကြ

လေတော့သတည်း။ အထက်ပါ ဥပမာ

များကို တင်ပြနေလျှင် စာမူသည် ဆိုလို

သည့်အကြောင်းအရာသို့ မရောက်ဘဲ

ရှည်သွားမည်စိုး၍ လိုရင်းတိုရှင်း ဖော်ပြ

လိုက်ရခြင်းဖြစ်၏။ စာရှုသူများ အပြည့်

အစုံ အကျယ်အားဖြင့် သိလိုပါက

(ဒီဃနိကာယ်သုတ်မဟာ ဝဂ္ဂပါဠိတော်

ပါယာသိသုတ်)တွင် ဖတ်ရှုနိုင်ပါသည်။

ပါယာသိမြို့စားမင်းကြီးသည် သမဏ

ဗြဟ္မဏ အထီးကျန်သူ ခရီးသည်

သူဖုန်းစားတို့အား အလှူကို ပေးလှူ၏။

ဌင်း၏အလှူဌ ပုံးရည်ဟင်းနှင့် ဆန်ကွဲ

ထမင်းတို့ကို လှူ၏။ ချည်ထုံးချည်မျှင်

ဗလပွနှင့် ထူထဲသော အဝတ်အထည်

တို့ကိုလည်း ပေးလှူ၏။ ဌင်းပါယာသီ

မြို့စားမင်းကြီး၏ အလှူကို ဖြစ်မြောက်

အောင်မြင်ရန် စီမံအုပ်ချုပ်ဆောင်ရွက်ရာ

သူက ဥတ္တရအမည်ရှိသော လုလင်ဖြစ်

လေသည်။ ထို့ဥတ္တရလုလင်သည်

အလှူကို ပေးလှူ၍ ဤကဲ့သို့ ဆုတောင်း

သတဲ့။

ဤသို့ပြုရသော ကောင်းမှု

ကြောင့် အကျွန်ုပ်သည် ပါယာသိမြို့စား

မင်းကြီးကို ဤပစ္စုပ္ပန်လောကဌသာ

ပေါင်းဆုံရ၏။ တစ်ပါးသော လောကဌ

မပေါင်းဆုံ ရစေသတည်း" ဟူ၍

ဆုတောင်းလေ၏။ ထို့ဥတ္တရလုလင်

ဆုတောင်းသည်ကို ကြားသိ၍ ဥတ္တရ

လုလင်အား အမောင်ဥတ္တရလုလင်

သင်သည် အလှူကိုပေးလှူပြီး ဤ

ကောင်းမှုကြောင့် ပါယာသိမြို့စားကို

ဤပစ္စုပ္ပန်ကာလဌသာ ပေါင်းဆုံရ၍

တစ်ပါးသောကာလဌ မပေါင်းဆုံရစေ

သတည်းဟု အဘယ်ကြောင့် ဆုတောင်း

သနည်း" ဟူ၍ မေးလေသော . . .

www.burmeseclassic.com

www.burmeseclassic.com

ခွင့်ပြုချက်အရ မြို့စားမင်း စားသုံးနေသော ဆွမ်းဟင်း။ ထမင်းမျိုး မြို့စားမင်း ဝတ်ဆင်နေသော အထည်အဝတ်မျိုး တွေကိုသာ ပေးလှူမှု စိမ်ဆောင်ရွက်လေတော့၏။ ပါယာသိမြို့စားမင်းသည် ရှိသေလေစားခြင်းမရှိ။ မိမိလက်ဖြင့် မပေးလှူ။ ပစ်ပစ်ခါခါ ပေးလှူခြင်းကြောင့် သေလွန်ပြီးနောက် အပေါင်းအဖော် ပရိသတ်ကင်းမဲ့သော သေရိသကမင်းကြီး၏ အလှူကိစ္စကို စိမ်အုပ်ချုပ် ဦးဆောင်ကာ လုပ်ရသော ဥတ္တရလုလင်က အလှူကို ရိုရိုသေသေ၊ လေးလေးစားစား ပေးလှူခြင်း။ မိမိလက်ဖြင့် ကိုယ်တိုင် ပေးလှူခြင်း။ ပစ်ပစ်ခါခါ မပေးလှူပေ။ ထိုကောင်းမှုကြောင့် ကောင်းသော လားရာ တာဝတိံသာနတ်တို့၏ အပေါင်း အသင်းအဖြစ် ရောက်ရလေ၏။ ဂဝံပတိ မထေရ်မြတ်သည် နေသန့်စင်ရန်အတွက် သေရိသက ဘုံဗိမာန်သို့ အဉ်မပြတ် ကြွရောက်တော်မူမြဲ ဖြစ်ပေသည်။

ရှိခိုးကန်တော့ပြီး သင့်တော်သောအရပ်၌ ရပ်၍ နေလေသည်။

"နတ်သား ... သင်သည် အဘယ်သူဖြစ်သနည်း" ဟု မေး၏။

"အရှင်ဘုရား တပည့်တော်သည် သေတဗျူမြို့ကို စိမ်အုပ်ချုပ်သော ပါယာသိမြို့စားဖြစ်၏" ဟူ၍ လျှောက်ထားလေ၏။

"သင်သည် ပါယာသိမြို့စား ဖြစ်လေက ဤအကြောင်းကြောင့် တစ်ပါးသော လောကသည် မရှိ။ သေပြီး၍ တစ်ဖန်ဖြစ်သော သတ္တဝါမရှိ။ ကောင်းမှုကံ၊ မကောင်းမှုကံ အကျိုးတရားသည် မရှိ" ဟု မသင့်လျော်ယုတ်မာသော မိစ္ဆာအယူ ရှိခဲ့လေသူ မဟုတ်ပါလော" ဟု မေးလေသော ..

"မှန်ပါ၏။ တပည့်တော်သည် မသင့်လျော် ယုတ်မာသော မိစ္ဆာအယူ ရှိခဲ့သူပါ။ သို့ရှိခဲ့ပါသော်လည်း ယခု အရှင်မဟာကုမာရကဿပမထေရ်မြတ်၏ ဟောညွှန်ပြသ ဆိုဆုံးမတို့ကို ကြားနာခဲ့ရသောကြောင့် ထိုမသင့်လျော်သည် ဘုရား။ ထို့ကြောင့် အရှင်ဘုရား

တဲ့ ယုတ်မာသော မိစ္ဆာအယူမှ ကင်းလွတ်ခဲ့ရပါပြီ ဘုရား" ဟု ပြန်လည် လျှောက်ထား၏။

"ဒါယကာတော် ပါယာသိ မြို့စားမင်း၏ အလှူကိစ္စ ဟူသမျှတို့ကို ဖြစ်မြောက်အောင်မြင်ရန် ထက်သန်စွာ စိမ်အုပ်ချုပ် ဆောင်ရွက်ပေးနေသော ဥတ္တရလုလင်သည် အဘယ်မှာ ဖြစ်ပါသနည်း" ဟု မေးလေ၏။

"အရှင်မြတ်ဘုရား တပည့်တော်၏ အလှူကိစ္စ ဟူသမျှတို့ကို ဖြစ်မြောက်အောင်မြင်ရန် စိမ်အုပ်ချုပ် ဆောင်ရွက်ပြုလုပ်ပေးပါသော ဥတ္တရလုလင်သည် အရိုအသေပြု၍ အလှူကို ပေးလှူခြင်း။ မိမိလက်ဖြင့် ကိုယ်တိုင် ပေးလှူခြင်း၊ အလေးအမြတ်ပြု၍ အလှူကို ပေးလှူခြင်း၊ ပစ်ပစ်ခါခါ မပြုမူ၍ အလှူကို ပေးလှူခြင်းကြောင့် သေလွန်ပြီးတဲ့နောက်၌ ကောင်းသောလားရာ နတ်ပြည်ဝယ် တာဝတိံသာနတ်တို့၏ အပေါင်းအသင်းအဖြစ် ရောက်ရှိနေပါသည် ဘုရား။ ထို့ကြောင့် အရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

အား တပည့်တော် တောင်းပန်လျှောက်ထားလိုပါသည် ဘုရား။ အရှင်ဘုရား လူပြည်ကို ပြန်လည်ကြွတဲ့အခါ တပည့်တော် တောင်းပန်လျှောက်ထားတဲ့ စကားကို လူသားအားလုံးတို့ သိရှိထားစေရန် ပြောကြားပေးတော်မူပါဘုရား" ဟု လျှောက်ထားလေ၏။ ဂဝံပတိမထေရ်မြတ်ကလည်း . . .

"ကောင်းပါပြီ ဒါယကာတော် ပါယာသိနတ်သား။ သင်ပြောကြားပေးစေလိုတဲ့ စကားများကို ငါ လူပြည်ပြန်ကြွသည့်အခါ လူသားများအားလုံး သိရှိအောင် ပြောကြားပေးပါမည်" ဟု မိန့်ကြား၍ လူပြည်သို့ ပြန်ကြွတော်မူလေသည်။

ပါယာသိနတ်သားတောင်းပန်လျှောက်ထားတဲ့ စကားများကို အရှင်ဂဝံပတိမထေရ်မြတ် လူပြည်တွင် ပြန်လည်ပြောကြားချက်

သက္ကစ္စံ ဒါနံဒေထ-အလှူပြုလုပ်တဲ့အခါ ရိုသေစွာ ပြုလုပ်လှူဒါန်းကြပါ။ သဟတ္ထာ ဒါနံဒေထ-မိမိလက်ဖြင့် ပြုလုပ်လှူဒါန်းခြင်း။ မိမိလက်ဖြင့် ကိုယ်တိုင် အလှူကို လှူဒါန်းကြပါ။ စိတ္တီကတံဒါနံဒေထ-အလေးအမြတ်ပြု၍ အလှူကို လှူဒါန်းကြပါ။ အနုပဒိဒ္ဓံ ဒါနံ ဒေထ-ပစ်ပစ်ခါခါ မပြုမူ၍ အလှူကို လှူဒါန်းပြုလုပ်ကြပါ။ ကောင်းမှုအလှူကို ပြုလုပ်ကြကုန်သော ပုဂ္ဂိုလ်များ သိရှိနိုင်ကြရန် ပါယာသိမြို့စားမင်းသည် အလှူပြုလုပ်သည့်အခါ ရိုသေစွာမပြုဘဲ

www.burmeseclassic.com

နေထိုင်ကြရပြီး မအို၊ မနာ၊ မသေရာ အမှန်ဖြစ်သော နိဗ္ဗာန်ကို မျော်မှန်းပြီး ကောင်းမှုကုသိုလ်များ လှူဒါန်းပြုလုပ်နေကြခြင်း ဖြစ်ပေသည်။ ထိုသို့ ကောင်းမှုကုသိုလ် လှူဒါန်းခြင်းကို ပြုလုပ်ရာ၌ ပါယျာသိနှတ်သားသည် မိမိ သေတဗျာမြို့ကို စီမံအုပ်ချုပ် မြို့စားမင်းဖြစ်စဉ်က အလှူအဒါန်းပြုရာ၌ မရိုမသေပေးလှူခြင်း၊ မိမိလက်ဖြင့် ကိုယ်တိုင်မပေးလှူခြင်း၊ အလေးမထား ပစ်ပစ်ခါခါပြု၍ လှူဒါန်းခဲ့မှုကြောင့် သေလွန်ပြီးတဲ့နောက် ပရိသတ်ကင်းမဲ့သော သေရီသကဘုံဗိမာန်ဝယ် စတုမဟာရာဇ်နှတ်တို့၏ အပေါင်းအသင်းဖြစ်ခဲ့ရပုံ၊ ဥတ္တရလုလင်သည် အလှူအဒါန်းပြုရာတွင် ရိုသေလေးစားစွာ မိမိလက်ဖြင့် ကိုယ်တိုင်ပြုလုပ်ပေးလှူခြင်း၊ ပစ်ပစ်ခါခါမပြုဘဲ လှူဒါန်းခဲ့မှုကြောင့် သေလွန်ပြီးနောက် နှတ်ပြည်ဝယ် တာဝတိံသာနှတ်တို့၏ အပေါင်းအသင်းဖြစ်ခဲ့ရပုံ ဖြစ်ရပ်မှန်ကို လူသားအားလုံး ကုသိုလ်ကောင်းမှု ပြုလုပ်လှူဒါန်းရာ၌ ဥတ္တရလုလင်ကဲ့သို့ ပါယျာသိသုတ်သည် မိမိ သေတဗျာမြို့ကို စီမံအုပ်ချုပ် မြို့စားမင်းဖြစ်စဉ်က အလှူအဒါန်းပြုရာ၌ မရိုမသေပေးလှူခြင်း၊ မိမိလက်ဖြင့် ကိုယ်တိုင်မပေးလှူခြင်း၊ အလေးမထား ပစ်ပစ်ခါခါပြု၍ လှူဒါန်းခဲ့မှုကြောင့် သေလွန်ပြီးနောက် နှတ်ပြည်ဝယ် တာဝတိံသာနှတ်တို့၏ အပေါင်းအသင်းဖြစ်ခဲ့ရပုံ ဖြစ်ရပ်မှန်ကို ပါယျာသိသုတ်ကို ဖော်ထုတ်တင်ပြပေးလိုက်ရပေသတည်း။

ကောင်းမှုကုသလ ပြုလုပ်ကြခြင်းဖြင့် ကောင်းကျိုးများ ရရှိခံစားနိုင်ကြသည်ဖြစ်ရာ ကောင်းမှုကုသိုလ်ကို ပြုလုပ်လှူဒါန်းကြရန်နှင့်ကာ ပါယျာသိသုတ်သည် မိမိ သေတဗျာမြို့စား ပြုလုပ်လှူဒါန်းမှုပြုသလို မလုပ်မိရန် မိမိ၏ ဘဝဖြစ်ရပ်မှန်ကို ရင်ဖွင့်ပြောဆိုခဲ့ပေသည်။ စာရေးသူ၏ စာမူခေါင်းစဉ် အမည်ပေးထားရာ၌ စားချင်လှှင် ကိုယ်တိုင် သွားမစားလိုက သူများကိုပါးဟု ဆိုထားရာ၌ ပါယျာသိမြို့စားသည် မစားလို၍ သူများကိုပါးသလို ဥတ္တရလုလင်က စားချင်၍ ကိုယ်တိုင် သွားသည်ဟု တင်စားလို၍ဖြစ်သည်။ ယနေ့ အလှူပြုလုပ် လှူဒါန်းကြကုန်သော အလှူရှင်များ သိထားရန်အချက်များမှာ အလှူပြုလုပ်တဲ့အခါ ရိုသေလေးစားစွာ မိမိလက်ဖြင့် ကိုယ်တိုင်ပေး လှူကြရန် ပစ်ပစ်ခါခါပြု၍ မလှူကြရန်၊ အလေးအမြတ်ထား၍ သုံးကန်စေတနာ ဖြူစင်စွာထားပြီး ကြိုးစား၍ လှူဒါန်းမှု ပြုလုပ်ကြနိုင်ရန် ရည်သန်၍ ဒီယနိကာယသုတ်မဟာဝဂ္ဂပါဠိတော်ကျမ်းလာ ပါယျာသိသုတ်ကို ဖော်ထုတ်တင်ပြပေးလိုက်ရပေသတည်း။

ကောင်းမှုကုသလ ပြုလုပ်ကြခြင်းဖြင့် ကောင်းကျိုးများ ရရှိခံစားနိုင်ကြသည်ဖြစ်ရာ ကောင်းမှုကုသိုလ်ကို ပြုလုပ်လှူဒါန်းကြရန်နှင့်ကာ ပါယျာသိသုတ်သည် မိမိ သေတဗျာမြို့စား ပြုလုပ်လှူဒါန်းမှုပြုသလို မလုပ်မိရန် မိမိ၏ ဘဝဖြစ်ရပ်မှန်ကို ရင်ဖွင့်ပြောဆိုခဲ့ပေသည်။ စာရေးသူ၏ စာမူခေါင်းစဉ် အမည်ပေးထားရာ၌ စားချင်လှှင် ကိုယ်တိုင် သွားမစားလိုက သူများကိုပါးဟု ဆိုထားရာ၌ ပါယျာသိမြို့စားသည် မစားလို၍ သူများကိုပါးသလို ဥတ္တရလုလင်က စားချင်၍ ကိုယ်တိုင် သွားသည်ဟု တင်စားလို၍ဖြစ်သည်။ ယနေ့ အလှူပြုလုပ် လှူဒါန်းကြကုန်သော အလှူရှင်များ သိထားရန်အချက်များမှာ အလှူပြုလုပ်တဲ့အခါ ရိုသေလေးစားစွာ မိမိလက်ဖြင့် ကိုယ်တိုင်ပေး လှူကြရန် ပစ်ပစ်ခါခါပြု၍ မလှူကြရန်၊ အလေးအမြတ်ထား၍ သုံးကန်စေတနာ ဖြူစင်စွာထားပြီး ကြိုးစား၍ လှူဒါန်းမှု ပြုလုပ်ကြနိုင်ရန် ရည်သန်၍ ဒီယနိကာယသုတ်မဟာဝဂ္ဂပါဠိတော်ကျမ်းလာ ပါယျာသိသုတ်ကို ဖော်ထုတ်တင်ပြပေးလိုက်ရပေသတည်း။

ပါယျာသိသုတ် ကျမ်းမှထုတ် ပြုလုပ် လေးချက်သာ။

အလေးအမြတ် စဉ်မပြတ် ပြုအပ်တတီယာ။

ပစ်ပစ်ခါခါ မပြုရာ လှူပါ စတုတ္ထာ။

သဟတ္ထိက ကိုယ်တိုင်ပ လှူကြဒုတိယာ။

စာဖတ်ပရိသတ်တို့အား အစဉ်လေးစားလျက်

ဦးတင်အောင်(ဘော်ဆိုင်း)

www.burmeseclassic.com

www.burmeseclassic.com

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ပန်းထလိမ်းဆေး

အကိုက်အခဲပျောက်ဆေး၊ အကြောလျော့သက်တန့်ဆေး၊ ကြက်ညှာချောင်းဆိုးပျောက်ဆေး၊ ယောကျ်ားပန်းထဆေး စသည်ဖြင့် အသုံးပြုကြသည်။

အကိုက်အခဲပျောက်ဆေး

ရှားစောင်းလက်ဝါး ပဉ္စင် ၅ ပါး ကို ထုချေပြီး နှမ်းဆီ၊ မုန်ညင်းဆီတို့ဖြင့် ၁ ရက်ကြာစိမ်၍ အဝတ်ဖြင့် စစ်ယူရသည်။ ယင်းဆီကို ကိုယ်လက်အင်္ဂါကြီးငယ်တို့ကို နာနာပွတ်၍ လိမ်းပေးပါက အကိုက်အခဲပျောက်ကင်းစေပါသည်။

အကြောက်လျော့သက်တန့်

အကြောတွင် ပေါက်သောအနာဖြစ်ပါမူ ရှားစောင်းလက်ဝါးအတွင်းသားများကို မီးနွေးနွေးဖြင့် ကင်ပြီး အနာပေါ် အုံပေးရသည်။ အကြောနာရောဂါ၊ အကြောလျော့သက်တန့်နာများ ပျောက်ကင်းပါလိမ့်မည်။

အသီးမှ အစေ့ကို အဆီချက်ရသည်။ ယင်းအဆီကို နံနက်၊ ည လိမ်းပေးပါက ကာမသတ္တိပွားများခြင်း၊ ပန်းသေရောဂါပျောက်ကင်းခြင်း စသော အကျိုးများကို ခံစားမြင်တွေ့ရပါမည်။

ထို့ပြင် လိင်တံကို တောင့်တင်းမာကြောစေပါသည်။ ဆေးကျမ်းတွင် မှတ်ချက်အဖြစ် တင်ပြထားသည်မှာ ယင်းဆီကို လိမ်းသောအခါ သာမန်လိမ်းရုံမဟုတ်ဘဲ အကြောအသားအတွင်းသို့ စိမ့်ဝင်အောင် ခပ်ပြင်းပြင်းလိမ်းပေးရန်ဟု ပါရှိပါသည်။

ကျမ်းကိုး (အရှင်နာဂသိန်ပုံပြဆေးအဘိဓာန်) တတိယတွဲ

သည်းခြေဖောရောဂါ

ရှားစောင်းလက်ဝါးအရွက်ကို ကြိတ်ပြီး အုံပေးခြင်း၊ ကျပ်ထုပ်ထိုးခြင်းဖြင့် အပူဖော၊ သည်းခြေဖောရောဂါကို ပျောက်ကင်းစေသည်။

ကြက်ညှာချောင်းဆိုး

ရှားစောင်းလက်ဝါးအသီးကို မီးကင်၍ အရည်ညှစ်ပါ။ ထိုအရည်ကို ကြက်ညှာချောင်းဆိုးသူများအား သင့်ရုံ တိုက်ပေးပါက ပျောက်ကင်းစေသည်။

တမ်းနှုတ်ဆေး

အစေး ၁၀ စက်မျှကို သကြားခဲနှင့်ရောပြီး သောက်ပါမူ ဝမ်းစင်ကြယ်စွာ သက်ပါသည်။ ယင်းဝမ်းနှုတ်ဆေးမှာ ရေဖျဉ်း၊ ဖောရောင်သူ၊ ဆီးခိုးမူတ်ခြင်း၊ ကိုယ်လက်ကိုက်ခဲ ညောင်းညာ၊ ခွဲသလိပ်ကျပ်ခြင်းတို့ကို ပျောက်ကင်းစေပါသည်။

ရှားစောင်းလက်ဝါး

ရှားစောင်းမျိုးရင်းဖြစ်သည်။ လက်ဝါးပုံ (သို့) နဂါးပါးပျဉ်းကဲ့သို့ ရှိသည်။ ရှည်၍ ချွန်ထက်မာကျောသောအဆူးများရှိသည်။ အစုလိုက်ပေါက်တတ်ပြီး အပင်များကို သတ်ရန် ခဲယဉ်းလှသည်။ ရေးက အလှူအတန်းများတွင် မဂ္ဂသ်ဖွယ်ဆင်ခြင်း၊ လိုက်ကာ၊ မျက်နှာကျက်ဆွဲခြင်းများတွင် တွယ်ချိတ်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

အဆွေးကို သုံးကြသည်။

အပွင့်အသီး

အပွင့်မှာ ဝါ၏။ အသီးမှာ တွင် နှာဂဖနီ (နဂါးပါးပျဉ်း)ဟု ခေါ်ပါ သည်။

အခေါ်အဝေါ်

မြန်မာတို့က ရှားစောင်းလက် ဝါး၊ အချို့အရပ်များတွင် ဘီလူးလက်ဝါး၊ ကျားရှာဟု ခေါ်ကြသည်။ ဆေးကျမ်းတို့

ဂုဏ်နှင့်စွမ်းရည်

ခါးပြီးပူသော သတ္တိရှိသည်။

အပွင့်မှာ ဝါ၏။ အသီးမှာ နီမြန်းသော အရောင်ရှိ၍ အရသာ အလွန်ကောင်းပါသည်။ နှုတ်မြိန်ပြီး ခံတွင်းကို တွေ့စေပါသည်။

ရဲမျိုးသူ(ဗောဓိမြိုင်)

ဆရာမကြီး

ဒေါ်ခင်နှင်းယဉ်

အမှတ် တံဆိပ်

မှတ်ပုံတင်မြို့

စားတံဆိပ်

ဂန္ထဝတ္ထုများ

အမှတ်-၁၉/၂၁၊ကျောင်းလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် - 0610Y008484

အတွဲ (၂၀) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ နေသော ရပ်ကွက်သည် ချောင်းတစ်ခုနှင့် နီးကာ ရပ်ကွက်နောက်တွင် ရှိလေသည်။ ထိုချောင်းသည် တစ်နှစ်တစ်ခါ လူစား လဲ့ရှိသည်။ ဒီရေအတက်အကျလည်း ရှိသည်။

နှစ်စဉ် နှစ်တိုင်းတော့ အကြောင်းအမျိုးမျိုးကြောင့် ချောင်းထဲတွင် လူသေလဲ့ရှိသည့်အတွက် လူကြီးသူမများက ချောင်းနားသို့ သွား၍ မဆော့ခိုင်းပေ။ ဒါပေမဲ့ စာရေးသူတို့ ကလေးသဘာဝအရ ခိုး၍ သွားကြလေသည်။

ချောင်းစပ်ဘေးတွင် ထိုင်ရင်း ချောင်းထဲမှ ဖြတ်သွားသော စက်လှေများ၊ သဖွာန်များ သွားတာကို ထိုင်ကြည့်ရင်း သဘောကျနေတတ်လေသည်။ ထိုအခါက ချောင်းသည် သိပ်မကျယ်ပေမယ့် အခုအခါမှာတော့ ချောင်းရေတိုက်စားမှုကြောင့် ရပ်ကွက်နားသို့ပင် ကပ်နေလေပြီ ဖြစ်ပါသည်။

ထိုချောင်းက ဒီရေတက်လာ ပါက စာရေးသူတို့ ရပ်ကွက်အတွင်းသို့ ရေများ ဝင်ရောက်လာကာ အိမ်များထဲ ထိပင် ရောက်လေသည်။ လမ်းများ အားလုံးလည်း ရေများ ဖုံးလွှမ်းသွားလေ့ တော့သည်။

ချောင်းမှ ဒီရေမတက်ခင် ဆူညံစွာ "ဝေါ ဝေါ"ဟူသော ချောင်းအော်သံပေးကာ မကြာခင် ဒီရေသည် ကြည့်နေရင်းမှ လျင်မြန်သော အချိန်နှင့် ရပ်ကွက်အတွင်းသို့ ရေများ စီးဝင်လာခြင်း ဖြစ်သည်။

ထိုအခါ ရပ်ကွက်အတွင်းမှ ကလေးများ အလွန် ပျော်ကြလေသည်။ ရေထဲတွင် ပြေးလွှားဆော့လိုက်၊ ရေထဲကပါလာသော ငါးကလေးများဖမ်းလိုက်၊ ကားဘီးအဟောင်းများဖြင့် လှေလုပ်တိုင်း ဆော့လိုက်ဖြင့် မနားတမ်း အမျိုးစုံအောင် ဆော့ကြလေသည်။

ရေပြန်ကျသွားပါက ရပ်ကွက်အလယ်ကောင်တွင်ရှိသော ကစားကွင်းကြီးသည် ရပ်ကွက်ထက် နိမ့်သောကြောင့် ထိုကွင်းထဲတွင် ရေများ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်နေခဲ့ရာ ချောင်းသာရောက်နေသလို ရေဆင်းကူးကြ၊ စက္ကူလှေများလွှတ်ကြ နှင့် အပျော်ကြီး ပျော်နေကြသည်။

တစ်ခါတလေ ချောင်းက ညဘက်ကြီး တဝေါဝေါဖြင့် ဆူညံစွာ အော်နေတာကို တစ်ရပ်ကွက်လုံး ကြားနေရလေသည်။ စာရေးသူတို့အိမ်မှ အဘွားက ရှေ့မီနောက်မီ အလွန် ဗဟုသုတရှိတာကြောင့် စာရေးသူတို့ ကလေးများအား ခေါ်၍ပြောသည်။

"ဟဲ့ . . . ကလေးတွေ ချောင်းအော်သံတွေ ကြားတယ်မဟုတ်လား။ ချောင်းဘက်ကို မသွားကြနဲ့နော်။ ချောင်းက လူမစားရသေးလို့ အော်နေတာ။ ဒီအသံတွေကြားရင် မကြာဘူး လူတွေသေတတ်တယ်"

အဘွားပြောတော့ စာရေးသူတို့ ကလေးများလည်း နည်းနည်း ကြောက်သွားကာ ချောင်းဘက်သို့ မသွားရဲဘဲ ငြိမ်နေလိုက်သည်။ နောက် နှစ်ရက်လောက်နေတော့ ချောင်းထဲတွင် လူသေအလောင်း ပေါ်လာ၍ တစ်ရပ်ကွက်လုံး သွားကြည့်ကြတာ ပွဲတော်ကြီးလို ဖြစ်နေသည်။

စာရေးသူတို့လည်း အပြေး အလွှား သွားကြည့်ကြကာ ရေဖောင်း၍ ပွနေသော အလောင်းအား ကြောက်ရ ကောင်းမှန်း မသိပေ။

တစ်ရက်တွင် ချောင်းအော်သံများ ကြားရပြန်သည်။ ရပ်ကွက်ထဲက လူကြီးများက မျက်နှာမသာမယာဖြင့် စိုးရိမ်စိတ်ဝင်ကာ အလုပ်ရှုပ်နေကြသည်။ ရပ်ကွက်အတွင်းက ခွေးလေခွေးလွင့် များအား ဖမ်းကာ ချောင်းအတွင်း သွားပစ်ကြလေသည်။

အဘွားပြောတာကတော့ လူအစား ခွေးသွားပစ်ကျွေးတာလို့ ပြောတာပါပဲ။ အဘွားပြောတာ သိပ် နားမလည်ပေမယ့် ချောင်းအော်သံကတော့ ရပ်သွားလေသည်။

ဒီလိုနဲ့ ရာသီတွေပြောင်းပြီး တစ်နှစ်ပြီးဆုံးလို့ ကျောင်းတွေ ပြန်ဖွင့် တဲ့အခါ စာရေးသူက ရပ်ကွက်အတွင်း က မူလတန်းကျောင်းကလေးမှာ ၄ တန်း တက်ရလေသည်။

စာရေးသူနှင့် ဘေးချင်းကပ် ထိုင်ရသော အခန်းဖော် ဖြူဖြူဆိုသော ကောင်မလေးတစ်ယောက်နှင့် ခင်မင်ခွင့် ရလေသည်။ ထိုကောင်မလေးသည် အလွန်ပင် ချစ်စရာကောင်းလေသည်။

တစ်ညမှာတော့ စာရေးသူ အိပ်နေရင်း တဝေါဝေါဖြင့် ချောင်းအော်သံကို ကျယ်လောင်စွာ ကြားရကာ လန့်နိုးသွားလေသည်။

ချောင်းထဲမှာ ဘာတွေ ဖြစ်ဦး မလဲလို့ တွေးကာ မနက်မှ အဘွားကို ပြောမယ်လို့ စိတ်ကူးရင်း ပြန်အိပ်လိုက်သည်။

မနက် မိုးလင်းတော့ ကျောင်း သွားတက်ရင်း စာသင်လို့မှမကြာသေး- "ကလေးတစ်ယောက်နဲ့ လူကြီးတစ်ယောက် ချောင်းထဲခုန်ချလို့" ဆိုတဲ့သတင်း ကြားတော့ ကျောင်းက ဆရာမတွေရော၊ ကျောင်းသူ ကျောင်း သားတွေပါ ဂနာမငြိမ်ဘဲ အလွန် သိချင် နေကြလေသည်။ အရေးထဲ ဖြူဖြူက

www.burmeseclassic.com

www.burmeseclassic.com

လည်း ကျောင်းမလာပေ။

နေ့လယ် ကျောင်းဆင်းတော့ ရပ်ကွက်အတွင်းက ဖြူဖြူတို့အိမ်ရှေ့တွင် လူများ တရုန်းရုန်းဖြစ်နေရာ စာရေးသူလည်း လူအုပ်အတွင်း ဝင်၍ စပ်စုကြည့်ရာတွင် ရေထဲခုန်ချသွားသူမှာ ဖြူဖြူနှင့် သူမအဖေဆိုတာ သိလိုက်ရတော့ ဝမ်းနည်းစွာ အိမ်ပြန်လာသည်။

အိမ်ရောက်မှ အမေပြောပြ၍ အကြောင်းစုံ သိရတာက ဖြူဖြူ့အမေသည် လင်ငယ်နေသောကြောင့် ဖြူဖြူ့အဖေက သမီးကလေးမျက်နှာငယ်မည်စိုး၍ တောင်းပန်ပေမယ့် မရ။ ရပ်ကွက်အတွင်းက လူတွေကလည်း ဖြူဖြူ့အမေကို လင်ငယ်နဲ့ မကြာခဏ တွေ့နေရလို့ ဝိုင်းပြောရာ ဖြူဖြူ့အဖေသည် ရှက်တာရော၊ စိတ်ညစ်တာရော ပေါင်း၍ ရေထဲခုန်ချကာ သတ်သေခြင်း ဖြစ်သည်။

သူသေလျှင် သူ့သမီးကလေး ပထွေးနှင့် နေရမည်ကိုစိုးတဲ့အတွက် သမီးကိုပါ အတင်းဆွဲခေါ်သွားခြင်းဖြစ်သည်။

နောက်ဆက်တွဲ သတင်းကြား

ရသည်မှာ ချောင်းဘေးတွင်နေသော

အဘိုးကြီး ပြောပြသည်မှာ ဖြူဖြူက

ရေထဲ မဆင်းချင်၍ အတင်းရုန်းကန်နေ

၍ ဖိနပ်ပင် ဘယ်တစ်ဖက်၊ ညာတစ်

ဖက် ခပ်ဝေးဝေးရောက်နေသည်မှာ

ကျားကန် ရုန်းထားပုံရလေသည်။

အတင်းဆွဲခေါ်၍ ပါသွားခဲ့တာ

ကြောင့် ကလေးမလေးငိုသံကြားတော့

အဘိုးကြီးက သူတို့သားအဖ ရန်ဖြစ်နေ

တယ်ထင်ပြီး အမှတ်တမဲ့နေရာ ရေထဲ

ခုန်ချသွားမှ သိရလေသည်။

ဖြူဖြူ့ထမင်းဘူးကလေးလည်း

မှောက်ကာ ကျောင်းလွယ်အိတ်ကလေး

ကိုလည်း ချောင်းစပ်နားတွင် တွေ့ရကာ

စာအုပ်များလည်း ပြန့်ကျဲနေလေသည်။

စာရေးသူလည်း အဘွားနှင့်

သွားကြည့်ကာ မျက်ရည်မခိုင်ဘဲ

တစ်လမ်းလုံး ငိုလာလေသည်။

ရပ်ကွက်ထဲက လူများက

တော့ ဖြူဖြူ့အမေကို ဝိုင်းဆဲလိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖြူဖြူအဖေအား ကလေးအား ခေါ်သွား ရာကောင်းလားလို့ အပြစ်တင်ဝေဖန်ရင်း ဒီအကြောင်းဟာ တစ်ရပ်ကွက်လုံးမှာ ဖုံးလွှမ်းနေသည်။

နောက်တစ်ရက်တွင် ရဲများနှင့် ရပ်ကွက်လူကြီးများ စုကာ သေသူများရဲ့ ခေါင်းအုံးမျှောကာ အလောင်းရှာပွဲ ကျင်းပတော့ လာကြည့်သူများ ကမ်းလုံးညွတ်မျှ ပြည့်နေလေသည်။

စာရေးသူတို့လည်း ကျောင်းက ဆရာမများနှင့် လိုက်ကာ ဖြူဖြူ့အလောင်း ပေါ်လာပါက ကျောင်းမှ အမိန့်စာပြန်ရန် လိုက်သွားကြလေသည်။

ဖြူဖြူတို့သားအဖေ ရေထဲဆင်းသွားသောနေရာတွင် ငှက်ပျောပွဲ၊ အုန်းပွဲနှင့် တတ်သိနားလည်သူများက တင်မြောက်ကာ ဖြူဖြူတို့သားအဖ ခေါင်းအုံးအား ပုတ်၍ အလောင်းရှိသောနေရာပြရန် ပြောနေသည်မှာ အလွန်ပင် ဝမ်းနည်းစရာ ကောင်းလှပါသည်။

အားလုံး ကိစ္စပြီးမှ ဖြူဖြူတို့သားအဖအိပ်သော ခေါင်းအုံးနှစ်လုံးအား ရေထဲသို့ ပျောလိုက်လေသည်။

ယိုအဝါ ဖြူဖြူအဖေ ခေါင်းအုံးသည် ရေလယ်ကောင်တွင် တဝဲဝဲ၊ တလည်လည် ဖြစ်နေကာ ဖြူဖြူ့. ခေါင်းအုံးလေးသည် ရေစီးနှင့် မျှောပါသွားရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ ငိုကြလေသည်။

စာရေးသူတို့လည်း ခေါင်းအုံးမျှောပွဲကြည့်ကာ ဖြူဖြူ့အတွက် စိတ်မကောင်းပေ။ လာကြည့်ကြသော လူအုပ်ကြီးလည်း မျက်ရည်မဆည်နိုင်ကြပေ။

ထူးဆန်းသည်က မျက်ရည်လုံးဝမကျသော ဖြူဖြူ့အမေ ဖြစ်သည်။ ဖြူဖြူ့အမေသည် သူယောကျ်ားရေးပေးခဲ့သော သေတမ်းစာနှင့် ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးပေးခဲ့သော ဖြူဖြူ့အဖေရဲ့ ကြီးမားသော မေတ္တာတရားကို မယောက် မိမိကိုယ်တိုင် ရင်နှင့် လွယ်မွေးထားသော သမီးကလေးကိုပင် သံယောဇဉ်ပြတ်နိုင်သောကြောင့် ဒေါသထွက်ကာ တစ်ယောက်တစ်ပေါက် ပြောနေသော လူအုပ်ကြီးများကို ရဲနှင့် ရပ်ကွက်လူကြီးများက တားနေရလေသည်။

နောက်တစ်နေ့မှာတော့ ဖြူဖြူ့အဖေအလောင်းသည် ကမ်းစပ်တွင် ပေါ်လာကာ နောက် ၃ ရက်လောက်နေမှ ဖြူဖြူ့အလောင်းသည် ချောင်းဟိုဘက်ကမ်း ခပ်ဝေးဝေးတွင် ပေါ်လာလေသည်။

ဖြူဖြူတို့သားအဖ ၇ ရက်လည်တဲ့နေ့မှာတော့ နာရေးအိမ်သို့ ရပ်ကွက်ထဲကလူများက ဖြူဖြူ့အမေကို မုန်းသောကြောင့် မသွားကြပါ။ ဖြူဖြူ့အဖေ ရုံးကလူများနှင့် ကျောင်းက ဆရာ၊ ဆရာမများ ကျောင်းသားကျောင်းသူများသာ သွားကြလေသည်။

ဖြူဖြူဆုံးပြီး စာရေးသူတို့ ကလေးတစ်သိုက် ညဘက်ကြီး သူတို့အိမ်နားက မုန့်ဆိုင်တွင် မုန့်သွားဝယ်စားကြရာ ဖြူဖြူတို့အိမ်ပေါက်ဝတွင် ရပ်နေသော သူတို့သားအဖအား တွေ့ကြရာ . . .

www.burmeseclassic.com

www.burmeseclassic.com

"သရဲ ... သရဲ"

ဟု အော်ကာ ငယ်သံပါ အောင် အော်၍ ပြေးကြလေသည်။

ဖြူဖြူတို့သားအဖေ တစ်လ ပြည့်တော့ သူအမေသည် ရပ်ကွက်က လူတွေ အမုန်းဒဏ်ကို မခံနိုင်ဘဲ အိမ်တံခါးပိတ်ထားခဲ့ကာ ပြောင်းသွားလေသည်။

သူ ပြောင်းသွားပေမယ့် ဖြူဖြူတို့သားအဖကတော့ ပါမသွားပါ။ သူတို့သားအဖအား ခြံထဲတွင် ဟိုနားတွေ့လိုက်၊ ဒီနားတွေ့လိုက်ဖြင့် မကြာခဏတွေ့ကြရတော့ ရပ်ကွက်ထဲကလူများလည်း စိတ်မကောင်းကြပါ။ မြင်ရဖန်များလာတော့လည်း ရိုးသွားကြလေသည်။

တစ်ညမှာတော့ ဖြူဖြူတို့ မိသားစု ကိုးကွယ်သော ဘုန်းကြီးကျောင်းရှေ့တွင် ခွေးများ မတရားအူနေကြလေသည်။

ထို့ကြောင့် ဘုန်းကြီးလည်း ဘာများဖြစ်လို့ပါလိမ့်လို့ ကျောင်းပေါက်ဝထွက်ကြည့်တော့ ဖြူဖြူနှင့် သူအဖေကို အဝတ်အစားများ ရေစိုနေကာ ရေစက်လက်ဖြင့် တွေ့ရသည်။ ဘုန်းကြီးလည်း အံ့သြစွာကြည့်နေတုန်း ဖြူဖြူ့အဖေသည် တုန်ယင်နေသော အသံဖြင့်-

"အရှင်ဘုရား တပည့်တော်တို့ သားအဖကို ကယ်ပါဘုရား။ တပည့်တော်တို့သားအဖ ဒီဘဝကနေ ကျွတ်အောင် လုပ်ပေးပါဘုရား"

ဘုန်းကြီးလည်း မျက်ရည်များဝဲကာ အလွန် စိတ်မကောင်းဖြစ်သွားလေသည်။ ဒါနဲ့ ...

"မပူပါနဲ့ တကာ။ ဘုန်းကြီး တကာကြီးတို့သားအဖအတွက် အလှူလုပ်ပြီး ကျွတ်အောင်လုပ်ပေးပါမယ်"

ဟု ကတိပေးကာ အမျှဝေလိုက်ကွယ်သွားလေသည်။ မနက်မိုးလင်းတော့ ဘုန်းကြီးက ရပ်ကွက်ထဲကလူကြီးများအား ခေါ်၍ တိုင်ပင်ကာ ရပ်ကွက်က စုပေါင်း၍ ဘုန်းကြီးကျောင်းတွင် အလှူပွဲလုပ်၍ ဖြူဖြူတို့သားအဖအား ဖိတ်ကာ ရေစက်ချ အမျှဝေလိုက်လေသည်။

ထိုနေ့ကစလို့ ဖြူဖြူတို့ သားအဖအား သူတို့အိမ်တွင် နှောက်ထပ်မတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သည် ဇာတ် လမ်း လေး က စာရေးသူ ကျွန်တော် ဂ တန်းနှစ်လောက် က ဖြစ်သည်။ ကျွန်တော့်အမေဘက်က ဘိုးဘိုးရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးအား ရေးသားလိုက်ခြင်းဖြစ်ပါသည်။

×××

ကျွန်တော့်အဘိုးက အပင် စိုက်တာ ဝါသနာပါတယ်ဗျ။ ခြံထဲမှာ လည်း အပင်ပေါင်းစုံရှိတယ်။ အရိပ်ရတဲ့ နှစ်ရှည်ပင် သရက်၊ ကျွန်း၊ ကုက္ကို စတဲ့ အပင်တွေရှိသလို ပန်းပင်တွေလည်း အတော်ကို စုံတယ်ဗျ။

ခရေ၊ စံပယ်၊ ယုဇန၊ ရွှက်လှ၊ သစ်ခွ စတဲ့ ပန်းပင်တွေလည်း အများကြီးရှိတယ်။ အိမ်ကို အလည်လာကြတဲ့ ညီသည်တွေဆို ခြံထဲရောက်ရင် ပြန်ထွက်ချင်စိတ်ကို မရှိဘူး။ အဲလောက် ထိကို အဘိုးရဲခြံလေးက စွဲဆောင်မှု ရှိတယ်ဗျ။

အခု အဘိုးအသက်က ဂဝ ထဲ ရောက်နေပြီ။ အရင်လို ကျွန်းမာရေး လည်း မကောင်းတော့ဘူး အသက်ကြီး လေဗျာ။ ဒါပေမဲ့ အဘိုးက သူခြံထဲက သစ်ပင်၊ ပန်းပင်လေးတွေကို ကြည့်ပြီး ပီတိဖြစ်နေတတ်သူလေ။ ကျွန်တော်က လည်း ကျောင်းပိတ်ရက်တွေဆို ခြံထဲမှာ မြက်ရှင်း။ ပေါင်းသင် အပင်လေးတွေကို ဂရုစိုက်လုပ်ပေးရင် အဘိုးက ကျေနပ်ကြီး ကျေနပ်နေတာ။ ကျွန်တော်ကလည်း အဘိုးကို ချစ်တာကြောင့် အဘိုးချစ်တဲ့ အပင်လေးတွေကို အမြဲဂရုစိုက်တယ်။

"ဗျို့ . . . ဘကြီးမောင်"

အိမ်ရှေ့က ခေါ်သံဗျ။ ကျွန်တော် ကျောင်းပိတ်ရက်ဖြစ်တာနဲ့ ခြံထဲမှာ မြက်ရှင်းနေတာလေ။ ခေါ်သံကြားတော့ ခြံထဲကထွက်လာပြီး ခြံပြင်ကို ကဲကြည့်လိုက်တော့ ဦးစံထွန်းဗျ။ လက်ထဲမှာလည်း အပင်တစ်ပင်ကိုင်လို့ အိမ်ရှေ့ကနေ ခေါ်နေတာ။

ဦးစံထွန်းဆိုတာ အဘိုးဆီမှာ ပန်းတောရွာ၊ ဇီးကုန်းရွာ၊ အုပ်ဖုက်ကုန်းရွာ။ ဒီရွာတွေက လယ်သမားတွေက အဘိုးနဲ့ကင်းတဲ့သူ မရှိဘူးဗျ။ မိုးဦးစ လယ်ထွန်ဆင်းချိန်ဆို အဘိုးဆီကို လာပြီး စပါးပေးယူကြပြီလေဗျာ။ နွေဦး ပေါက် တလင်းသိမ်းပြီးချိန်ရောက်ရင် စပါးလာပို့ပြီဗျ။ ရလာတဲ့ စပါးကိုမှ အဘိုးက အိမ်အတွက် ဝမ်းစာလည်း ထားတယ်၊ ရောင်းသင့်တာလည်း ရောင်းတာပဲဗျာ။

"ဦးစံထွန်း . . . အဘိုး အိမထဲမှာရှိတယ်"

"အေးအေး . . . ငါတူ။ မင်းက ဘာလုပ်နေတာလဲ။ တစ်ကိုယ် လုံးလည်း ချွံတွေနဲ့"

"ဟုတ်တယ် ဦးစံထွန်းရေ။ ခြံထဲမှာ မြက်ရှင်းနေတာ"

ဦးစံထွန်း ကျွန်တော်နဲ့ စကား ပြောအပြီး အိမ်ပေါ်ကို တက်သွားတယ် ဗျ။ ကျွန်တော်တို့အိမ်က သူအတွက် မစိမ်းတော့ပါဘူး။ ဆွေမျိုးတွေလိုတောင် ဖြစ်နေပြီ။ ကျွန်တော်လည်း နေပူလာ

www.burmeseclassic.com

www.burmeseclassic.com

တော့ မောတာနဲ့ ရေသောက်မယ်ဆိုပြီး ဦးစံထွန်းနောက်ကနေ အိမ်ပေါ်လိုက်လိုက်တယ်လိုက်တယ်ဗျ။ အဘိုးက အိမ်ထဲမှာ ဖျာလေးခင်းပြီး ထိုင်နေတယ်ဗျ။ ခုရက်ပိုင်း အဘိုးလည်း ကျန်းမာရေးသိပ်မကောင်းဘူး။

"ဘကြီးမောင် နေမကောင်းဘူးလားဗျ"

"အေးကွယ် . . . နေလို့ ထိုင်လို့ သိပ်မကောင်းချင်ဘူး"

"ဒီမှာ . . . ဘကြီးက အပင်စိုက်တာ ဝါသနာပါတယ်ဆို လို့ ကျွန်တော် ဂမုန်းပင်ယူလာတယ်။ ဂမုန်းလက်ဆက်လို့ ခေါ်တယ်"

-ကျွန်တော်လည်း ဦးစံထွန်းလက်ထဲက ဂမုန်းပင်ကို ရေသောက်နေရင်းက လှမ်းကြည့်လိုက်တယ်ဗျ။ တခြား ဂမုန်းပင်တွေလို့ အရွက်နဲ့ အပင်မဟုတ်ဘူးဗျ။ အရွက်နေရာမှာ ကိုင်းအလုံးတွေပဲ ရှိတယ်။ ကျွန်တော် လည်း သိပ်စိတ်မဝင်စားတာနဲ့ ဆက် ကြည့်မနေဘဲ ခြံထဲ ပြန်သွားဖို့ ဆင်းလာ ခဲ့လိုက်တယ်။

"မြေးရေ"

အဘိုးခေါ်သံဗျ။ အဘိုးခေါ်သံ ကြားတော့ ကျွန်တော် အိမ်ပေါက်ဝက နေ အိမ်ပေါ် ပြန်တက်လာပြီး အဘိုးနား ကို လျှောက်သွားလိုက်တယ်။

"အဘိုး ခေါ်တာလား"

"အေးကွယ် ... ဒီမှာ စံထွန်း လာပေးတဲ့ ဂမုန်းပင်ကို အိမ်ရှေ့မှာ စိုက်ထားလိုက်ကွယ်"

"ဟုတ်ကဲ့ အဘိုး"

ကျွန်တော် ဦးစံထွန်းလက်ထဲ က ဂမုန်းပင်ကို ယူပြီး အိမ်ရှေ့ ပြန်ထွက်လာခဲ့တယ်ဗျ။ ဦးစံထွန်းနဲ့ အဘိုးကတော့ အိမ်ထဲမှာ စကားပြော ပြီး ကျန်ခဲ့တယ်လေ။ ကျွန်တော် ဂမုန်းပင်လေးကို အိမ်ရှေ့ခြံစပ် စံပယ်ရုံဘေး လေးမှာ ကပ်စိုက်ထားတယ်ဗျ။

အိမ်မှာက အဖေရယ်၊ အမေ ရယ်။ မေမေက မအားလို့ ထမင်းချက် ဖို့ခေါ်ထားတဲ့ ကျွန်တော့်ထက် သုံးနှစ် လောက်ကြီးတဲ့ အစ်မတစ်ယောက်လည်း ရှိတယ်ဗျ။ ကျွန်တော်ကလေးဆို ဘိုးဘိုးရယ်နဲ့ ဘိုးဘိုးပဲဗျာ။ ဖေဖေက စပါးပွဲစားလုပ်တယ်ဗျ။ အိမ်မှာမရှိတာက များတယ်။ မေမေကတော့ စျေးထဲမှာ ကုန်စုံဆိုင်လေးဖွင့်ထားတယ်။ မနက်ဆို မေမေက စျေးထဲက ဆိုင်သွားဖွင့်ပြီး ညနေ ဆိုင်ပိတ်မှ ပြန်လာတယ်လေဗျာ။ ဖေဖေလည်း ဒီတိုင်းပဲ။ တစ်ခါတလေ အိမ်တောင် ပြန်မလာဘူး။ စပါးဝယ်တဲ့ ရွာတွေမှာပဲ အိပ်တယ်။ ကျွန်တော်က လည်း မိုးလင်းပြီဆို ကျောင်းပြေးရတာ လေဗျာ။ အိမ်မှာဆို ဘိုးဘိုးရယ်၊ ထမင်း ချက်ဖို့ခေါ်ထားတဲ့ အစ်မရယ်ပဲ ကျန်ခဲ့တာ။ သူနှာမည်က ဂျမ်းပုံတဲ့ဗျ။ မကြီး ဂျမ်းပုံက အဘိုးကို ဂရုစိုက်ပါတယ်။ ဒါကြောင့်လည်း စိတ်ချရတာပေါ့။ ပြီးတော့ အမျိုးလည်း မကင်းချင်ဘူးဗျ။ မေမေပြောတာတော့ ဆွေမျိုးစပ်မယ်ဆို ရင် သုံးဝမ်းကွဲလောက် တော်တယ်တဲ့။ ဒါကြောင့်လည်း ထမင်းချက်လို့ သဘော မထားဘဲ ဆွေမျိုးလို့ပဲ နေထိုင်ဆက်ဆံ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကျွန်တော် စာမေးပွဲ
ရက်နီးလို့ ညဘက် ညဉ့်နက်တဲ့ထိ
စာကျက်နေတာဗျ။ စာမေးပွဲရက်ဆို
တော့ ဂရုစိုက်ရမယ်လေဗျာ။ ဖေဖေနဲ့
မေမေနဲ့ကတော့ အိပ်ပြီထင်ပါတယ်ဗျာ။
သူတို့လည်း ပင်ပန်းတာကို။ ကျွန်တော်
စာကျက်နေရင်း ဗိုက်ထဲက ဆာလာ
သလို ရှိတာနဲ့ အိမ်နောက်ဖေး မီးဖိုခန်း
ထဲက ကြောင်အိမ်လေးထဲမှာ မုန့်ရှိတာ
ကို သတိရသွားပြီး မီးဖိုချောင်ကို
ဖယောင်းတိုင်မီးလေးနဲ့ မြင်လိုက်ရတဲ့
မြင်ကွင်းကြောင့် ကြက်သီးပင် ထသွား
ရတယ်။ သေချာကြည့်တော့ မှ
ကျွန်တော့်အဘိုးဗျ။ ဟင်းအိုးထဲက
ဟင်းတွေကို အားရပါးရ ထိုင်စားနေတာ
မြင်ရတာ ကြောက်စရာကြီးပါဗျာ။

"အဘိုး ... ဘာလုပ်နေတာ
လဲ"

ကျွန်တော် ခေါ်လိုက်တော့
မော့ကြည့်တယ်ဗျ။ မျက်လုံးတွေက
ကျွန်တော့်အဘိုးမျက်လုံးတွေ မဟုတ်
သလိုပဲ။ မျက်ဝန်းအိမ်က နီရဲပြီး ကြည့်
တဲ့အကြည့်လည်း ခက်ထန်နေတယ်ဗျ။

"အဘိုး ဗိုက်ဆာလို့ပါ"

ကျွန်တော်လည်း တကယ်ကို
အံ့သြသွားရတယ်။ အဘိုးက ဒီလို
စည်းမဲ့ကမ်းမဲ့ စားတတ်တဲ့သူမျိုးမဟုတ်
ဘူးလေဗျာ။ ကျွန်တော်တို့ကိုတောင်
စည်းကမ်းရှိရှိ နေဖို့ထိုင်ဖို့၊ စားသောက်
ဖို့ အမြဲဆုံးမနေတတ်တဲ့ အဘိုးက
အခုတော့ ဟင်းအိုးထဲက ဟင်းတွေကို
အားရပါးရ ယူစားနေတာ ကြည့်ရင်းနဲ့
ကြက်သီးထစရာပါ။

"ဟုတ် ... ဟုတ်ကဲ့"

ကျွန်တော်လည်း အဘိုးကို
ကြောက်ရတာဆိုတော့ ဘာမှမပြော
တော့ဘဲ ကြောင်အိမ်လေးက မုန့်ထုပ်
ကို ယူပြီး ပြန်ထွက်လာခဲ့တယ်။
ကျွန်တော့်ခေါင်းထဲမှာတော့ မေးခွန်းတွေ
များစွာနဲ့ပဲပဲဗျာ။

×××

"ဟဲ့ ... ဟင်းတွေအများကြီး
ဘယ်ရောက်ကုန်တာလဲ"

"သမီးလည်းမသိဘူး။ မနေ
ညနေကကြည့်တော့ အများကြီးက
သေးတယ်"

ဆူညံဆူညံနဲ့ အသံတွေကြ
တော့ ကျွန်တော် အိပ်နေရာက
လန့်နိုးသွားတယ်ဗျ။ မိုးတောင် လင်း
ပြီပဲ။ ကျွန်တော်လည်း ညက ညဉ့်နက
တဲ့ထိ စာကျက်နေတာဆိုတော့ မနက်
ပိုင်းထဘာ နောက်ကျသွားတာဗျ။ ဆူည
ဆူညံအသံတွေကြားတော့ ဘာဖြစ်တ
လဲလို့ အိပ်ချင်မူးတူးနဲ့ အိပ်ရာထဲက
ထလာလိုက်တယ်။

"ဒါဆို ဒီဟင်းတွေ ဘယ်
ရောက်ကုန်တာလဲ"

"သမီးလည်း မသိဘူ
ဒေါ်လေး"

သေချာနားထောင်ကြည့်တော့
ဟင်းပျောက်တဲ့ကိစ္စပဲ။ ကျွန်တော်
အဘိုးကိုကြည့်တော့ အိမ်ရှေ့လေးမှာ
ဖျာလေးခင်းပြီး ထိုင်နေတာဗျ။ သူ့
မဆိုင်သလိုပဲ။ အေးအေးဆေးဆေး
ထိုင်နေတာဗျ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ကြားရတာ မနေသာတော့တာနဲ့ မီးဖိုခန်းကို လျှောက်လာလိုက်တယ်လေဗျာ။

"ကျမ်းပုံ နှင် ခိုးစားလိုက်တာလား"

"မကြီးကျမ်းပုံ ခိုးစားတာ မဟုတ်ဘူး အမေ"

ကျွန်တော် ဝင်ပြောလိုက်တော့ အမေက လှည့်ကြည့်တယ်ဗျ။

"ဒါဆို သားစားတာလား"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။ အမေကတော့ ဘယ်သူလဲဆိုတာ သိချင်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်နေတယ်ဗျ။ မပြောမပြီး၊ မတီးမမြည်ဆိုသလို ကျွန်တော် မပြောရင် ယုန်ထင်ကြောင်ထင်တွေ ဖြစ်ကုန်တော့မှာလေ။

"အာဘိုးစားတာ အမေရေ"

ကျွန်တော့် စကားကြောင့် အမေ အံ့သြသွားပုံရတယ်။ ပါးစပ် ဟောင်းသားလေးနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။ ကျွန်တော်လည်း သေချာ ထပ်ရှင်းပြလိုက်တယ်ဗျ။

"ဒီလို အမေရေ။ ညက သား စားကျက်နေတုန်း ဗိုက်ဆာလာတာနဲ့ ကြောင်အိမ်ထဲက မုန့်လာယူတာ အာဘိုးက ဟင်းအိုးကိုချပြီး ဟင်းတွေကို အားရပါးရကို စားနေတာ သား တွေ့လိုက်တယ် အမေရ"

အမေလည်း ကျွန်တော့်စကားကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေတယ်တူပါတယ်။ သေချာကို စဉ်းစားနေတာဗျ။ ကျွန်တော်လည်း စာမေးပွဲဖြေရမှာဆိုတော့ စာတွေပြန်နွေးဖို့ ရှိသေးတာနဲ့ မီးဖိုခန်းထဲက ပြန်ထွက်လာလိုက်တယ်။ အာဘိုးကတော့ အိမ်ရှေ့လေးမှာ အေးအေးလူလူထိုင်နေတာ သူမဟုတ်တဲ့အတိုင်းပဲဗျ။

အဲဒီရက်ထဲက ညညဆို အာဘိုး မအိပ်ဘူးဗျ။ ဟင်းတွေခိုးစား တယ်၊ ခြံထဲမှာ တစ်ယောက်တည်း လမ်းလျှောက်နေတတ်တယ်။ နေ့ခင်း ဘက်ဆို အကောင်းဗျ။ ညဘက်ကျမှ အိပ်တယ်ဆိုတာ။ အာဘိုးက ဘယ်သူ့ကိုမှ မကြောက်ဘူးဗျ။ ဒီလောက်ဆိုရင် ကျွန်တော်လည်း ကြားရတာ နဲ့ မီးဖိုခန်းကို လျှောက်လာလိုက်တယ်

www.burmeseclassic.com

စိတ်ပူသွားပြီး ခြင်ထောင်ထဲကနေ အပြေးလေး ထွက်လာလိုက်တယ်ဗျို့။

"ဟာ"

မြင်ရတဲ့မြင်ကွင်းက အရမ်းကို အံ့သြသွားရတယ်။ အဘိုးက အဖေ့ကို လည်ပင်းညစ်နေတာဗျ။ လပြည့်ည ဖြစ်မယ်ဗျ။ လရောင်အောက်မှာ သေသေချာချာကို တွေ့ရတာ။ အဖေ အသက်ရှူကျပ်လာတယ် ထင်တယ်။ အတင်းရုန်းနေတယ်ဗျ။

ကျွန်တော်လည်း ကြောက် ကြောက်လန့်လန့်နဲ့ ဘာလုပ်လို့ ဘာ ကိုင်ရမလဲမသိ ဖြစ်သွားတယ်။ အဲဒီ အချိန်မှာ ကျွန်တော့်နားကို အမေ ရောက်လာတယ်ဗျ။ အမေလည်း အဖေ့ အော်သံကြားပြီး နီးသွားတဲ့ပုံပဲ။ အမေ လည်း တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် အတော် အံ့သြသွားပုံပဲ။ အဖေ့နားကို အတင်းပြေးသွားတယ်ဗျ။ ကျွန်တော် လည်း အမေ့နောက်နားလေးကနေ လိုက်သွားလိုက်တယ်ဗျ"

"အဖေ ... စိတ်ထိန်းလေ။ ဒါ အဖေသမက်လေ။ အဖေ"

အမေပြောလို့ကတော့မှ အဖေ့ကို လည်ပင်းညစ်ထားတဲ့လက်ကို မျက်ထောက်နီကြီးနဲ့ ကြည့်ပြီး တောက် တစ်ချက်ခေါက်ကာ အိမ်ထဲ ပြန်ဝင်သွားတယ်ဗျ။

"အစ်ကို သက်သာရဲ့လား။ ဘယ်လိုဖြစ်တာလဲ"

အမေ မေးပေမယ့် အဖေ တော်တော်နဲ့ ပြန်မဖြေနိုင်ဗျ။ အသက် ကို ဝအောင်ပြန်ရှူနေတယ်။ ကျွန်တော် လည်း အဖေ့ကိုကြည့်ပြီး အဘိုးကို အတော် ဒေါသထွက်သွားတယ်။

"ငါပြန်လာတော့ မင်းအဖေက ခြံထဲမှာ လမ်းလျှောက်နေတာ။ အဲဒါနဲ့ ငါလည်း အအေးပတ်မှာစိုးတာနဲ့ အဖေ အပြင်မှာအေးတယ်၊ အိမ်ထဲမှာပဲ နွေးနွေးထွေးထွေးနေပါလားဆိုတော့ ငှဲကို လှည့်ကြည့်ပြီး ငါစားဖို့ဝယ်လာတဲ့ အမဲသားထုပ်ကို တွေ့ပြီး အတင်းတောင်း တယ်ကွ။ ငါလည်း အဖေစားချင်ရင် အားအိမ်ရပါဘူး။ အဘိုးရဲ့ သားအိမ်ထဲမှာ ပြင်ဆင်ပေးမယ်လို့ ပြောတာကို အခုပေးတဲ့။ ငါလည်း လာပါ အဖေရယ်။ သားအိမ်ထဲမှာ ပြင်ဆင်ပေးပါ့မယ်လို့ ထပ်ပြောတော့ ဘာမပြော၊ ညာမပြောနဲ့ ငှဲကို လည်ပင်း ထညစ်တာပဲ"

"ရှင်ပြောသလိုဆိုရင်တော့ မဖြစ်တော့ဘူး။ ကျွန်မတို့ ဆရာခေါ်မှ ဖြစ်တော့မယ်"

အမေလည်း ပြောရင်းနဲ့ မျက်ရည်တွေကျလာရော။ ကျွန်တော် လည်း ဘာရယ် သေချာမသိပေမယ့် အမေနဲ့ရောပြီး ငိုနေလိုက်မိတယ်။

"ဘယ်တတ်နိုင်ပါ့မလဲ မိန်းမ ရယ်။ နောက်ဆို ကိုတို့သားလေးအတွက်ပါ အန္တရာယ်ရှိလာနိုင်တယ်"

အဖေက ကျွန်တော့်ကို ရည်ညွှန်းပြီး ပြောလိုက်တယ်ဗျ။ အမေ လည်း မျက်ရည်တွေကြားထဲက ခေါင်းညိတ်ပြတယ်။ အဲဒီညတော့ ကျွန်တော်တို့ သားမိသားအဖသုံးယောက် တစ်ညလုံး မအိပ်ရပါဘူး။ အဘိုးရဲ့

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေကို စောင့်ကြည့်ရင်းနဲ့ တစ်ထည့်ခင်းပြီး ဆရာတော်ထိုင်ဖို့ အဖေ အတင်းခေါ်တော့မှ
နေလိုက်တာ မိုးကို ထိန်ထိန်လင်းရော စီစဉ်ပေးလိုက်တယ်ဗျ။ ပြီးနောက် မလိုက်ချင်၊ လိုက်ချင်နဲ့ ပါလာတယ်ဗျ။
ဗျို့။ ထုံးစံအတိုင်းပဲ မနက်လင်းတာနဲ့ အဖေ အသင့်ဝယ်လာတဲ့ အအေးဘူး ဆရာတော်ရှေ့မှာ တင်ပလင်ခွေထိုင်ပြီး
အဘိုးက သူမဟုတ်တဲ့ အတိုင်း တွေကို ဖန်ခွက်ထဲထည့်ပြီး ဆရာတော် ဆရာတော်ကို မသိချင်ယောင်
အေးအေးလူလူပဲဗျ။ အဖေလည်း အချိန် ကို တရိတသေ ကပ်လိုက်တယ်။ ဆောင်နေတယ်ဗျ။ အမေကတော့
မဆွဲတော့ဘဲ ထွက်သွားတယ်ဗျ။ ကျွန်တော်လည်း ဆရာတော်ရဲ့ ဘေးနား အဘိုးကိုကြည့်ပြီး မျက်ရည်တွေ ကျနေ
ကျွန်တော်ရယ်၊ အမေရယ်၊ မကြီးကျမ်းပုံ လေးမှာ ဆရာတော်ကို ရှိခိုးဦးချပြီး လေရဲ့ဗျာ။
ရယ် သုံးယောက်သား မီးဖိုခန်းလေးထဲ ငြိမ်ငြိမ်လေး ထိုင်နေလိုက်တယ်ဗျ။ ဆရာတော်က အဘိုးရဲ့ပုံစံကို
မှာ စုထိုင်ရင်း အဘိုးအခြေအနေကို "ဟိုက ဒကာကြီးက ဒကာ သေချာကြည့်နေလိုက်တယ်ဗျ။
ကြည့်ကာ အဖေပြန်အလာကိုပဲ မျှော်နေ ၄လေးရဲ့ အဖေလား" "ဒကာကြီး ... ဒကာကြီး
ရတာဗျို့။ တစ်နာရီလောက်ကြာတော့ "ဟုတ်ပါတယ် ... ဘုရား။ ဘယ်သူလဲဆိုတာ ဘုန်းကြီးသိတယ်။
အိမ်ရှေ့က အသံကြားတယ်ဗျ။ တပည့်တော်ဟာ်အဖေပါ" အဲဒီတော့ ဘုန်းကြီး မေတ္တာရပ်ခံပါ
ကျွန်တော်ရယ်၊ အမေရယ် အိမ်ရှေ့ထွက် "အေးအေး ... ခေါ်လိုက်လေ တယ်။ ကိုယ့်နေရာကိုယ် ပြန်သွားပေးပါ"
ကြည့်တော့ အဖေပြန်လာတာဗျ။ ဆရာ ကွယ်" ဆရာတော် မိန့်လိုက်တော့
တော်တစ်ပါးလည်း ပါလာတယ်။ ဆရာတော် မိန့်လိုက်တော့ ဆရာတော့်ကို မျက်ထောက်နီကြီးနဲ့
"မိန်းမရေ ဆရာတော် အဖေက အဘိုးနားကို လျှောက်သွားပြီး တစ်ချက်ကြည့်လိုက်တယ်ဗျ။ ပြီးတော့မှ
ကြွလာတယ်ကွ။ ဆရာတော် သီတင်း အဘိုးကို သွားခေါ်တယ်ဗျ။ အဘိုးကြည့် အဘိုး ထိုင်နေရာကနေ ဘေးကို
သုံးဖို့ လာစီစဉ်ပေးပါဦး" ရာဘာ သိပ်လိုက်ချင်ပုံမပေါ်ဘူး။ ပေကပ် ယိုင်ကျသွားတယ်ဗျ။ အဖေကလည်း
"ဟုတ်ကဲ့ ... လာပြီ အစ်ကို ကပ်လုပ်နေတယ်ဗျ။ အဘိုးယိုင်သွားတာနဲ့ လဲသွားမှာစိုးတာ
ရေ" "လာပါ အဖေရယ်။ ဆရာ ကြောင့် ဝင်ထိန်းလိုက်တယ်ဗျ။ အဘိုး
အဖေပြောလိုက်တော့ အမေ တော်နဲ့ စကားလေး။ ဘာလေး ပြောရ အဲဒီတော့မှ ပတ်ဝန်းကျင်ကို အထူး
လည်း ထိုင်ခုံတစ်လုံးယူသွားပြီး သဘက် အောင်" အဆန်း လိုက်ကြည့်ပြီး ဆရာတော့်ကို

www.burmeseclassic.com

www.burmeseclassic.com

မြင်တော့ ထိုင်ရှိနိုးလိုက်တယ်ဗျ။ အမေကတော့ ပြောင်းလဲသွား တဲ့ အဘိုးရဲ့ပုံစံကို ကြည့်ပြီး ပြုံးနေ တော့တာပဲဗျို့။ ဆရာတော်က ငါးပါး သီလပေးတာကို ကျွန်တော်တို့ တစ်မိသားစုလုံး ငါးပါးသီလ ခံယူကြ တယ်ဗျ။ ဆရာတော် သီလပေးပြီးတော့ မှ အဘိုးကို သူထိုင်နေက္ခ နေရာလေး ကိုပဲ အဖေက ပြန်ပို့ပေးလိုက်တယ်။ အဖေ ပြန်ရောက်လာတော့မှ ဆရာတော် က မိန့်တယ်။

"ဒကာလေးအဖေက ဖုတ်ဝင် တာမဟုတ်ပါဘူး။ ဒကာလေးတို့ ခြံထဲ က စိုက်ထားတဲ့ ဂမုန်းလက်ဆက် အပင်အစောင့်က ကျန်းမာရေးမကောင်း တဲ့ ဒကာလေးအဖေကို မှီပြီး စားသောက်နေတာကွယ်"

"တင်ဘုံ ဘုရား။ တပည့်တော် ဘယ်လိုလုပ်ရမလဲ မိန့်တော်မူပါဘုရား"

"အရင်ဆုံး ဒကာလေးတို့ ခြံထဲမှာ စိုက်ထားတဲ့ ဂမုန်းပင်ကို ကြေးပြားလေး စွန့်ထားခဲ့တယ်။ ဆရာ တော် ပြန်ကြွသွားတာနဲ့ အမေက အဘိုးရဲ့အိပ်ရာအောက်မှာ ကြေးပြား လေးကို မသိအောင် သွားထားလိုက် တယ်။ အဖေကတော့ ဂမုန်းပင်ကို တူးပြီး မြစ်ထဲ သွားမျှောလိုက်တယ်ဗျ။ ကျွန်တော် စိုက်တုန်းကတော့ ဂမုန်းပင် က တစ်ပင်တည်း။ သူရဲ့ လက်တံကျတဲ့ နေရာမှာ နောက်တစ်ပင် ထပ်ပေါက် တယ်ဗျ။ ဒါကြောင့် ဂမုန်းလက်ဆက်လို့ ခေါ်တာဖြစ်မယ်ဗျ။

အဲသည်လို လုပ်ပြီးတဲ့နေ့က စပြီး အဘိုးက ပုံမှန်အတိုင်း ပြန်ဖြစ် သွားတယ်ဗျ။ ကျွန်တော်လည်း ဂမုန်းပင် ဆိုတိုင်း အိမ်တွေ၊ ခြံတွေမှာ မစိုက် ကောင်းဘူးဆိုတာကို အသိတစ်ခု ရလိုက်တယ်ဗျ။ နောက်ပိုင်း ဂမုန်းပင် တွေအကြောင်းကို သေချာ လေ့လာ ကြည့်တော့ ဂမုန်းလက်ဆက် အပင် တိုင်းတော့ အဲလိုမဖြစ်ဘူးဗျ။ အဖြစ်များ တာကတော့ အနီပင်ဗျ။ ဂမုန်းလက် ဆက်က အဖြူနဲ့ အနီဆိုပြီး ရှိတယ်ဗျ။ အိမ်မှာ စိုက်လို့ရတဲ့ ဂမုန်းပင်တွေလည်း ရှိတယ်။ ညှော့လာဂမုန်း၊ ဆင်စွယ်ဂမုန်း၊ မင်းသားကြီးဂမုန်း စတဲ့ ဂမုန်းပင်တွေက တော့ အိမ်မှာစိုက်လို့ရတဲ့ ဂမုန်းပင်တွေ ပဲ ဖြစ်ပါသည်။

ဂါမဏီ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာငြိမ်းတော့မရှုန်းသာပေ

စုယဉ်မွန်(TU-ဘားအံ)

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ပတ္တမြားလမ်းသည် ချိုရီဝေ ဘဝတစ်လျှောက်တွင် အကြိမ်အရေ အတွက် အများဆုံး အခေါက်ခေါက် အခါခါ ဖြတ်ခဲ့ရသော လမ်းဖြစ်သည်။ သူမ ငယ်ငယ်တုန်းက တက်ခဲ့သည့် မူလတန်းကျောင်းသို့ ထိုလမ်းကိုဖြတ်၍ သွားလျှင် အတိုဆုံးနှင့် အသက်သာဆုံး ပင်။ ပတ္တမြားလမ်းရှိ အိမ်တိုင်းလိုတွင် ကြီးကြီးငယ်ငယ် အပင်ကိုယ်စီရှိကြ၍ သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးမြနေတတ်သည်။ ဒါကြောင့်မို့ ချိုရီတစ်ယောက် ယခု နည်းပညာတက္ကသိုလ် ကျောင်းသူ ဘဝအထိ နေပူတရှိန်းရှိန်းရှိသည့် လမ်းမကြီးအတိုင်း မသွားဘဲ အရိပ်ရသည့် ထိုလမ်းကိုပင် ရွေးချယ်သွားလေ့ ရှိသည်။

အရင်တုန်းကတော့ သူမ၏ မူလတန်းကျောင်းတွင် ရှည်ရှည်မျောမျော ဆောက်ထားသည့် သစ်သားဆောင် တစ်ဆောင်တည်းသာရှိပြီး ကျောင်းပတ် ပတ်လည်တွင် ပုဏ္ဏရိပ်နှင့် ဇီဇဝါပန်းတို့ ကို စိုက်ထားကာ ခြံစည်းရိုးသဖွယ် ကာရံထား၏။ အခုအချိန်ကျတော့ ကျောင်းသည် သိသိသာသာလေး ပြောင်းလဲသွားခဲ့ပြီ။ သစ်သားဆောင်ကို ဖြိုဖျက်၍ စာသင်ဆောင် တစ်ထပ်တိုက် နှစ်လုံးနှင့် ထမင်းစားဆောင်တို့က အစားထိုး ဝင်ရောက်လာကြသည်။ ဒါ့အပြင် ကွန်ကရစ်တိုင်နှင့် သံဆူးကြိုး များဖြင့် ကောင်းမွန်စွာ ခတ်ထားပြီဖြစ် သောကြောင့် ခွေးတိုးပေါက်များ မရှိ တော့ချေ။ ကျောင်းကို ပြန်လွှမ်းရသည့် နည်းတူ ပတ္တမြားလမ်းတွင် နေထိုင်သွား ခဲ့သော မိသားစုတစ်စုနှင့် ပတ်သက်၍ မမေ့ပျောက်နိုင်သည့် အဖြစ်အပျက် အချို့က ရှိဝေခေါင်းထဲတွင် စွဲထင်လျက် ရှိသည်။ ထိုအကြောင်းတွေကို ပြန်တွေး တိုင်း လွန်ခဲ့သည့် ၁၀ နှစ်ခန့်က အကြောင်းအရာတို့သည် တရေးရေး ပေါ်လာခဲ့လေ၏။

အ·မ·က (၁၀) မူလတန်း ကျောင်းတွင် နေ့လယ် ကျောင်းဆင်း ခေါင်းလောင်းထိုးတော့ အိမ်ပြန်သည့် ကလေးတွေကပြန်၊ ထမင်းချိုင့်ယူလာ သည့် ကလေးတွေက ဖွင့်ဖောက်စား က စားကြကုန်၏။ သုံးတန်းကျောင်း ချိုရီဝေမှာ အဆော့မက်သူဝီဝီ ဒီနေ့ တော့ သူငယ်ချင်းတွေနှင့် ကစား သည်မို့ အိမ်တွင် ထမင်းပြန်မစားတော့ ဘဲ ထမင်းဘူး ထုပ်လာခဲ့သည်။ သို့သော် နေ့တိုင်းယူလာခြင်းတော့ မဟုတ်ပေ။ အိမ်မှာ ဟင်းစောစောမကျက်သည့်နေ့ တွေ ရှိသည်ပဲကို။ ကျောင်းတွင် ထမင်း စားရသည့်ရက်တွေတိုင်းတော့ သူမ အရွှင်မိသည်။ အချစ်ဆုံးသူငယ်ချင်းတွေ ထဲက ဟင်းတွေကို အလဲအလှယ် စားကြရင်း စကားတွေ ဆူညံဝေစီစွာ ပြောရသည်မှာ အရသာရှိပါဘိ။ ပြီးလျှင် တော့ ကျောင်းအောက်သို့ဆင်းပြီး ဖန်ခုန်၊ ကြိုးခုန်၊ ထိုင်တမ်းပုတ်တမ်း တွေကို အခြားကလေးတွေနှင့်အတူတူ ကစားကြ၏။ ချိုရီမှာ ကျန်သည့် ကစား နည်းတွေရပေမယ့် ကြိုးတော့ သိပ်မခုန် နိုင်။ ထို့ကြောင့် ဒီနေ့ စိုးယုနှင့် ဖွေး

www.burmeseclassic.com

www.burmeseclassic.com

တို့က ကြိုးခုန်ကြသဖြင့် အခါတိုင်းလို ပင် ယေပေါင်းတွေဖြစ်ကြသည့် စောလင်းထူးတို့ ယောကျ်ားလေးတစ် သိုက်နှင့် ဆေးလိပ်တိုတွင် သရေကွင်း တစ်ထပ်စွပ်ပြီး သရေတစ်ပင်နှင့် ပစ်ကာ လဲသူယူကြေး ဆော့ကြလေ၏။

ထိုအခါ လက်ဖြောင့်သူပီပီ ချိုရီတစ် ယောက် အနိုင်ရ၍ သရေပင်တစ်ထုပ် ပိုက်ကာ ပျော်ရွှင်ပီတိ ဂွမ်းဆီထိတော့ ၏။

အသီးသီး ကစားပြီးကြသည့် အခါ ဗိုက်ထဲတွင် အစာကြေသွားသော ကြောင့် ထုံးစံအတိုင်း ချိုရီတို့သုံးယောက် ကျောင်းအပြင်ဘက်က မမိုးသူမှန်ဆိုင် သို့ လက်ချင်းချိတ်၍ ပြေးသွားကြ၏။ စိုးယုနှင့် ဖွေးဥတို့က အပေါ်တန်းမှာ ချိတ်ထားသည့် ၁၀၀ တန်မှန့်တွေကို အရပ်မမီ၍ မမိုးသူကို ယူခိုင်းနေကြလေ ပြီ။ ချိုရီကတော့ ဘာစားရမှန်း မတွေး တတ်သေးချေ။ ပလတ်စတစ်အိမ်ဖောင်း ဖောင်းတွေနှင့် ချိုစိမ့်သည့် ၁၀၀ တန် မှန့်တွေကို ကြိုက်သော်လည်း တစ်ခါ တစ်ရံမှသာ စားဖြစ်၏။ သိတတ်သည့် အရွယ်မှစ၍ ပိုက်ဆံစုခြင်းကို ဝါသနာ ထုံသူပီပီ တစ်ရာပဲရသည့် မှန့်ဖိုးကုန် မည်ကို နမြောလှ၍ နောက်ဆုံးတော့ ၃၀ တန် ရေခဲပေါင်းရယ်၊ ၁၀ တန် ချိုချဉ်ထုပ်နှစ်ထုပ်ရယ်ယူပြီး ဆိုင်မှ ထွက်လာခဲ့သည်။ ပိုသည့် ပိုက်ဆံ ၅၀ ကို ၁၀၊ ၂၀၊ ၅၀ စသဖြင့် အကြွေများ ဖြင့် ပြည့်နေသည့် ပိုက်ဆံအိတ်လေး ထဲသို့ ထည့်လိုက်လေ၏။ ဖွေးဥက-

"ရော့ ... ချိုရီ။ ငဲ့မှန့်ယူစား။ ရှိလည်း အတူတူ၊ မရှိလည်း အနှုန်ပေါ့" ဟု ပြောတော့ စိုးယုကလည်း ...

"ငဲ့ဝေဖာလည်း ယူစားကြပါ အေ။ ပြီးရင်သာ ချိုရီမက ပိုက်ဆံချေးဖို့ မမေ့နဲ့။ ဒါပဲ" ဟု ခပ်ရွတ်ရွတ်လေး ပြောလိုက်၏။

"အေး ... သေနာမလေး တွေ။ ပိုက်ဆံစုဖို့ မစဉ်းစားနဲ့ သိလား။ လွန်လွန်းတယ်။ ဟွန့်" ချိုရီတစ်ယောက် မေးလေး ငဲ့ပြီး ခပ်တည်တည်လေး ပြောလိုက် သည်။

ပြီးတော့ ဟိုနှစ်ယောက်က တဟီးဟီးလုပ် ကာ သွားစိရယ်ပြကြသဖြင့် ချိုရီလည်း မရယ်ဘဲ မနေနိုင်တော့ချေ။

စိုးယုနှင့် ဖွေးဥတို့မှာ စားဟန် ခုတ်သူများပီပီ အမြဲတစေရသည့် မှန့်ဖိုး ၁၀၀ နှင့် မဝဘဲ ချိုရီ့ဆီက ၅၀ ဖြစ်ဖြစ်၊ ၂၀ ဖြစ်ဖြစ် တစ်ခါတလေ ချေးတတ် ကြသေးသည်။ ချိုရီကလည်း သူ့လို စုစေချင်၍ နားချသော်လည်း မရသဖြင့် အသာတကြည်ပဲ ပေးလိုက်ပါသည်။ အတိုးအနေနှင့် သူတို့ဆီက မှန့်ယူစား လိုက်သည်။ အေး ... ရော့။ ၄ တန်း ရောက်လာတော့ မှန့်ဖိုး ၂၀၀ ရလာပါ ၏။ ချိုရီမှာ ထို ၂၀၀ အတွက် ဝမ်းသာ သော်လည်း ဘာမျှမထူးဘူးဆိုတာသိ၍ စိတ်နည်းနည်းညစ်သွား၏။ အကြောင်း ရင်းမှာ ကုန်စျေးနှုန်းတွေ တရိပ်ရိပ်တက် မှုကြောင့် စားနေကျ ၁၀၀ တန် မားမားထုပ်က ၂၀၀ တက်၊ ရေခဲပေါင်း တွေက ၅၀ တက်နှင့် အကုန်လိုက်တက် ကြတာမို့ ၁၀၀ ဖိုး အနည်းဆုံးစားမှ ဝတော့သောကြောင့်ပင်။ ဒါနဲ့ပဲ အဝို

www.burmeseclassic.com

www.burmeseclassic.com

ဝင်ငွေရှာသည့်အနေဖြင့် ကျောင်းဖွင့်သည့်တစ်ရက် နေ့လယ် ထမင်းစားချိန်၌ စိုးယုနှင့် ဖွေးဥတို့ကို ခေါ်၍ အိမ်မှာ အာဘွားချက်ထားသည့် အုန်းသီးဆန်ပြုတ်တိုက်ကာ သူမ၏ အစီအစဉ်အတိုင်း အိမ်ရှိ မာလကာပင်မှ အူနီသီးများကို ခူးဆွတ်ကြလေသည်။ ချိုရီနှင့် စိုးယုတို့မှာ မျောက်ကလေးနှစ်ကောင်လို အပင်ပေါ်သို့ ကျင်လည်ပေါ်ပါးစွာ တက်သွား၍ ကောင်းနိုးရာရာအသီးတွေကို ရွာပြီး ခူးကြ၏။

"ဟိုမှာ နင့်အပေါ်နားလေး တင် အလုံးလုလုကြီး အမှည့် ၃ လုံးပူးတောင်။ နည်းနည်းတိုးပြီးခူးပါဦးဟ"

"ဟာ . . . မရတော့ဘူး ဖွေးဥ။ ထပ်ကူးပြီး ခူးရမယ့်သစ်ကိုင်းက သေးသေးလေးရယ်။ ငါ့ဝိတ်မခံနိုင်ရင် ကျိုးကျပြီး အရိုးကျိုးသွားဦးမယ်"

အောက်ကနေ ချိုရီ့အဘိုးလုံချည်စနှင့် ပစ်တဲ့အသီးတွေကို ခံထားပေးတဲ့ ဖွေးဥက အော်ပြောလိုက်တော့ စိုးယုက ကြောက်ကြောက်လန့်လန့်လေး ပြန်ပြောရာ၏။

"နေပါစေ စိုးယုရေ။ ငါတို့ ၁၅ လုံးလောက် ရနေပြီပဲ။ တော်လောက်ပါပြီ။ ဆင်းကြစို့"

ချိုရီမှာ စကားလည်းအဆုံး ဆင်း၍လည်းအလာ ဖြစ်တော့သည်။ မာလကာသီးတွေကို ရေစင်စင်ဆေး၍ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ကာ ကျောင်းက ရောင်းရင်း အပေါင်းအသင်းများကို အကြီး ၁၀၀၊ အသေး ၅၀ နှင့် ရောင်းလိုက်သည်မှာ တက်တက်ပြောင်၍ ၁၂၅၀ ရလေ၏။ အစွန်းထွက် ၂၅၀ ကို စိုးယုနှင့် ဖွေးဥတို့အား ပေး၍ ပိုသည့် ၁၀၀၀ ကိုတော့ ခူးခနှင့် အပင်ခအတွက် သိမ်း၍ ချိုရီတစ်ယောက် ဝမ်းသာအားရ ပြန်လာပြီး စုဘူးထဲတွင် ထည့်ခဲ့သည်။ အမေတို့ မကြာမကြာပေးသည့် မုန့်ဖိုးတွေကိုလည်း ထည့်ထားသဖြင့် သုံးလေးသောင်းလောက်တော့ ရှိပြီဟု ချိုရီမှ မှန်းလိုက်သည်။ ထိုမျှသာမကပါ ပုံဆွဲဝါသနာပါရှိသည့် သူမမှာ စာရွက်ပေါ်တွင် အရုပ်တွေဆွဲ၊ ဆေးရောင်ခြယ်ပြီး ညပ်ကာ ကတ်ထူတွင် ထမင်းလုံး ကပ်ပြီး ဖြတ်၍ ၂၀ နှင့် ရောင်းပြီးသည်။ ကလေးပုစခရာတွေလည်း ကစား လို့ရ၍ ဝယ်ကြတာပဲ။ တတ်လည်း တတ်နိုင်သည့် ချိုရီပင်တည်း။

သို့ပေမယ့် ပတ္တမြားလမ်းတွင် လွန်ခဲ့သည့် တစ်ပတ်လောက်က ပြောင်းလာကာ အိမ်ငှားနေကြသည့် မိသားစုကြောင့် သူမ၏ အမှုအကျင့် ကောင်းလေး ပျက်ပြယ်ဖို့ လမ်းစဖြစ်လာတော့သည်။ ထိုအိမ်တွင် မိသားစု၀င် သုံးဦးမျှသာ ရှိ၏။ အိမ်ထောင်ဦးစီးက ဦးမြတ်ထွန်း ခေါ် ခပ်ရှည်ရှည် ဦးလေးကြီး။ စည်ပင်က မြေတိုင်းစာရေးတစ်ဦးမျှသာ ဖြစ်သော်လည်း မြိုးမြိုးမြှက်မြှက် ရသည့် စားပေါက်ရှိသမို့ ငွေကြေး ချောင်လည်ပါသည်။ သူမိန်းမအမည်က ဒေါ်သိန်းကြည်ဖြစ်ပြီး ခပ်ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ရှိကာ သနပ်ခါးကို ခြေဆုံး ခေါင်းဆုံး လူးတတ်သည်။ သမီးဖြစ်သူ မဟေသာက ဆံပင်ရှည်ရှည်၊ အသားဖြူဖြူနှင့် သွယ်လျ ချောမောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်းဆိုလျှင်တော့ သူတို့ မိသားစုနှင့် ချိုရီတို့သုံးယောက် ဆက်ဆံစရာမရှိပါ။ မဟေသာတို့က တစ်ဖက်တစ်လမ်းက ဝင်ငွေရသည့်အနေနှင့် ရေခဲသုပ်၊ အသုပ်စုံနှင့် တုတ်ထိုးတွေ ရောင်းသည့်ဆိုင် ဖွင့်ခဲ့သဖြင့် ကလေးပီပီ ဝင်ဆွဲကြတော့၏။ စားတာ တော်တော် ကြာလာတော့လည်း မဟေသာတို့ မိသားစုနှင့် ခင်သွားပါသည်။ စိုးယုနှင့် ဖွေးဉတို့က ရသည့်မုန့်ဖိုးတွေနှင့် မလောက်လျှင် ချိုရီ့ဆီက မချေးတော့ဘဲ အကြွေးပဲ ယူစားလိုက်ကြ၏။ ချိုရီကတော့ မုန့်ဖိုးစုလို့ရဆဲပင်။

ထို့နေက ကျောင်းပိတ်သည်မို့ မဟေသာတို့ဆီမှာ မုန့်ဝယ်စားရင်း ချိုရီတို့သုံးယောက် လမ်းထဲက ကလေးတစ်သိုက်နှင့် ပြေးတမ်းလိုက်တမ်း ကစားကြ၏။ ချိုရီမှာ ပြေးရင်းလွှားရင်း အောက်ကို ငုံ့မကြည့်မိသဖြင့် ခလုတ်တိုက်ပြီး ခြေလဲကာ ဒူးပွန်းသွား၏။ ချေ။ စိုးယုနှင့် ဖွေးဉတို့နှစ်ယောက် ချိုရီ့ကို တွဲ၍ နှီးနှီးနှားနှား မဟေသာတို့ အိမ်ဆီပဲ သွားလိုက်သည်။ အနာရေဆေး အပြီး ဆေးလိမ်းပေးမည်ဆိုကာ betadine တို့လို အနာမြန်မြန်ကျက်သည့် ဟာ မထည့်ဘဲ ဆီမန်းလူးပေး၏။ ပြီးလျှင် ဒူးခေါင်းမှ အဆီခဲပျစ်ပျစ်ချဲ့ချဲ့ ကြီးတွေ ထွက်လာတော့ ချိုရီ လန့်သွားသည်။

"အစ်မဟေသာ အဆီပျစ်ကြီးတွေ ထွက်လာပါလား။ တစ်ခုခု ဓာတ်မတည့်လို့လား"

"မဟုတ်ပါဘူး။ ချို့တို့က အသုဘအိမ်ရှေ့ ပြေးလွှားကစားကြတော့ ပြုစုခံရမည့်ဆဲဆဲ ဆီမန်းလူးပေးလို့ မကောင်းတဲ့အညစ်အကြေးတွေ ထွက်လာတာ"

မဟေသာ ဖြေအပြီး "ဟုတ်တယ် ကလေးတွေ။ သတိထားဆော့ကြ။ မဟုတ်ရင် ဖမ်းစားခံရမယ်" လို့ ဒေါ်ကြည်သိန်းက ထပ်ကွန့်ပြောတော့ ချို့ရီတို့သုံးယောက် ဖင်တုန်အောင် ကြောက်သွားကြသည်။

မနေ့က ဦးနောက်သွေးကြောပြတ်ကာ ဆုံးသွားသည့် ဦးဘထွေးအိမ်တွင် သတင်းမေးသူ၊ မျက်ရည်လည်ရဲ့နှင့်ဖြစ်သူတွေနှင့် တရုန်းရုန်းပါ။ သေသည့်သူက သေပြီပဲ။ ဘယ်လိုမျှ ထ၍ ပြုစားနိုင်မည်နည်း။ ရိုးရိုးဆေး လူးပေးလို့ ထွက်လာသည့်အကြောင်းကို မပြောဘဲ မဟုတ်ကဟုတ်က ပြောကာ ဖြဲခြောက်လိုက်ရခြင်းကို အရသာတွေ့တတ်သည့် သားအမိပင်တည်း။ ချို့ရီတို့ သွားလည်သည့်အခါတိုင်း စိတ်နှလုံးနူးညံ့စေသည့်ပုံပြင်တွေ မပြောပြဘဲနှင့် စုန်း၊ တစ္ဆေ၊ သရဲတွေအကြောင်းကို ဟန်ပါပါ ပြောတတ်ကြသည်။ သူတို့ အိမ်တွင် ညရောက်တိုင်း အနောက်ဘက် ငှက်ပျောတောက လေးငိုသံလိုလို ကြားရကြောင်း၊ အဝတ်ဖြူဝတ်ကာ ဆံပင်ဖားလျားချထားသည့် မိန်းမကိုလည်း တစ်ခါတစ်ရံ တွေ့ရ၍ ငှက်ကြီး တောင်စားနှင့် လိုက်ရကြောင်းတွေကို ကြောက်မက်ဖွယ်ကောင်းအောင် ပြော

www.burmeseclassic.com

www.burmeseclassic.com

တော့ ချိုရီတို့ အသက်ရှူတောင်
မှားသည်။ အမှန်ဟုတ်မဟုတ် ချိုရီတို့
သေချာမသိ။ ဒါပေမဲ့ ထိုအကျိုးကြောင့်
ညဘက် ခွေးအူလျှင် ချိုရီ စောင်ခေါင်း
မြီးခြုံ၍ ခွေးစေးများပြန်ကာ တုပ်တုပ်
များ မလှုပ်ရဲ။ မိုးခြိမ်း၍ မီးပျက်လျှင်
လည်း ဖယောင်းတိုင်မထွန်းပေးရင်
မအိပ်တတ်တော့ချေ။

သို့ပေမယ့် ချိုရီတို့သုံးယောက်
က အမှတ်သညာမရှိ။ ကလေးဆိုတော့
ထူးဆန်းလျှင် ကြောက်သော်လည်း
နားထောင်ချင်သည့် အာသီသရှိသည်မို့
မဟေသာတို့အိမ်သို့ လည်မြဲလည်၊
သူတို့ကျွေးသည့် မုန့်ဖက်ထုပ်၊ သာကူ
ပြုတ်တို့လို မုန့်ပဲသရေစာတွေ စားမြဲစား။
တစ်နေ့ကျတော့ မဟေသာတို့ဆိုင်တွင်
ကလေးအာရုံကို ဖမ်းစားနိုင်သည့် မဲန္ဒိက်
ကစားနည်း ပေါ်လာသည်။ ပေါက်မဲအနေ
ဖြင့် နာရီ၊ ဟန်းချိန်း၊ ပေတံတို့သာ ပါပြီး
ကျန်တာ ဗလာမဲများသာ။ သူက
ကတ်ထူစက္ကူရှည်ရှည်မှာ အားလုံး
ကပ်လျက်သား လာတာပါ။

ချိုရီတို့သုံးယောက်လုံး ထို
ကစားနည်းကို သဘောကျကြသည်။
ထို့ကြောင့် တစ်ခါနှိုက်တစ်ရာ အကုန်ခံ
၍ နှိုက်ကြသည်။ စိုးယုက ကံကောင်း
သည်။ နှစ်ခါအနှိုက်မှာ နာရီပေါက်သည်။
ချိုက သုံးရာကုန်အောင်နှိုက်တော့
ဟန်းချိန်းရလာသည်။ ဖွေးဥကတော့
ကံဆိုးသူ။ ၅၀၀ လောက် ကုန်ပြီးတောင်
တစ်ခုမှ မပေါက်ပါ။ နောက်နေ့တွေမှာ
လည်း မဲဆက်နှိုက်ကြသည်။ မပေါက်
တာတွေ များပါ၏။ ဒီကစားနည်းက
အလွန်စွဲသည်။ ပြီးတော့ ပေါက်မဲပစ္စည်း
တွေက တစ်သတ်မတ်တည်းမဟုတ်။
စာအုပ်၊ မျက်မှန်၊ လည်ဆွဲတို့လည်း
ပါချင် ပါတတ်တာမျိုးမို့ ကလေးတွေ
မက်မောရသည်သာ။ ဟောက ချိုရီ
တို့ကို ပြုံးကြည့်ရင်း . . .

"ကလေးတွေ အစ်မ အကြံ
တစ်ခုပေးမယ်။ ယူမလား" ဆိုတော့-

"ယူမယ် အစ်မ" ဟု
သုံးယောက်သား ပြိုင်တူဖြေကြ၏။

"ဒီထဲကပစ္စည်းတွေ ပေါက်
ချင်ရင် တစ်ကဒ်လုံးဝယ်လိုက်ပါလား။
၂၀၀၀ တည်းကို"

"ဟုတ်တယ်ဟေ့။ တန်ကတ်
နဲ့။ သုံးခုတောင်ရမှာ"

မဟေသာ၏ ဒေါ်ကြုံပေးချက်
ကို သူမအဖေက ထောက်ခံပြောဆို
လိုက်၏။ ကလေးတွေရဲ့ စိတ်ထဲမှာလည်း
လိုချင်စိတ် တဖွားဖွားပင်။ ဒါနဲ့ပဲ အိမ်က
ပိုက်ဆံကို မသိမသာ ဘက်ကြလေ
တော့၏။

စိုးယုက ဖွေးဥနှင့် ချိုရီကို
သူမအိမ်သို့ ခေါ်သွားသည်။ ပြီးလျှင်
နေရာ အထားအသိုသိသော ဗီရိုသေး
ကိုယူ၍ ဗီရိုကိုဖွင့်ပြီး သူမအမေ ပိုက်ဆံ
အိတ်ထဲက တစ်ထောင်တန်သုံးရွက်
ယူလိုက်သည်။ အိမ်စောင့်ထားခဲ့သော
သူမကြီးဒေါ်က ဟိုဘက်အိမ်တွင် ခဏ
ပြေးထိုးနေ၍ တော်ပါသေး၏။ ချိုရီက
တော့ ပထမဦးဆုံးမို့ ရင်ထဲတွင် ကတုန်
ကယင်ကြီးဖြစ်လျက်။ နောက်မှ ဘာမှ
မဖြစ်ပါဘူးလေဟု ဖော့တွေး၍ ကလေး
ဆိုတော့လည်း ဟိုဟိုဒီဒီ စဉ်းစားမနေ

www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ယူလိုက်ပါသည်။ နောက်တော့ မဟေသာတို့ဆိုင်သို့ ပြေးကာ မဲကဒ်ဝယ်၊ မုန့်တွေ ဗိုက်ကားအောင် စားကြ၏။

ချို့ရီလည်း အကျင့်ပျက်စ ပြုလာပြီ။ သို့ပေမယ့် စိုးယုလို အမေ့ပိုကဆံအိတ်တော့ မနှိုက်။ အိမ်က စုဘူးကို နောက်ဘက်တွင် ဓားဖြင့် အသာလေးခွဲထား၍ ပိုက်ဆံကို ဇာဂနာဖြင့် ထုတ်တတ်ခြင်းသာ။ ဒါပေမဲ့ နှစ်ကြိမ်လုပ်ခြင်း အောင်မြင်ပြီး သုံးကြိမ်မြောက်မှာတော့ အမေ မိသွား၏။

အမေ စျေးမှာရှိနေတုန်းပဲဟု အထင်နှင့် ထိုနေ့လယ်က ချို့ရီတစ်ယောက် ၁၀၀၀ တန်တွေ စုဘူးထဲက နှိုက်ထုတ်နေ၏။ ပထမရွက်၍ ဒုတိယ အရွက်ဆွဲထုတ်လို့ ကောင်းတုန်း စျေးထဲကဆိုင်ကို အဘွားနှင့်အပ်ခဲ့ပြီး အလှူသွားရန် ပြန်လာသည့် အမေနှင့် ပက်ပင်းတိုး၏။

"ချို့ရီ ... အဲဒါ ဘာလုပ်တာလဲ။ စုဘူးဖောက်ရအောင် ဘာတွေများ လိုအပ်နေလို့လဲ။ ပြောစမ်း"

ချို့ရီတစ်ယောက် တုန်တက် သွားပြီး "အား ... အမေ"ဟု ရေရွတ်မိ၏။

"မုန်မုန်ဖြေနော်။ တုတ်စာ မိခံချင်ပြီလား"

"အစ်မဟေသာတို့ဆီက မဲကဒ်ဝယ်ချင်လို့ပါ။ သံမီး မှားပါပြီ အမေ။ နောက် မလုပ်တော့ပါဘူး"လို့ ငိုမဲ့မဲ့လေး ဆက်ပြော၏။

ချို့အမေ လက်သံပြောင်တာ သူမသာ အသိဆုံး။ ဗိုက်ခေါက်ဆွဲလိမ် တာယူမလား၊ ဖင်စပ်အောင်ရိုက်တာ ယူမလား၊ ကျောပုတ်အောင်ထုတာ ယူမလား။ နောက်ဆုံးတော့ အမေက စိတ်ဆိုးစွာဖြင့် ဖင်ပူအောင်ရိုက်လိုက်သည့် လက်ဝါးရာသုံးချပ်နှင့်အတူ ထိုအလုပ်သည် နည်းနည်းမျှ ကောင်းသင့်အရာမဟုတ်ကြောင်း ဆုံးမသြဝါဒချခဲ့၏။ အဲဒီကစ၍ ထပ်အရိုက်ခံရမှာ ကြောက်ကာ ဟိုနှစ်ယောက် မဲသွားနှိုက်ဖို့ခေါ်လည်း ချို့ရီ မလိုက်ဖြစ်တော့။

အစ်မဟေသာတို့နှင့် အခင်အမင်မပျက်အောင်တော့ မကြာခဏ မုန့်သွားစားပါသည်။ သင်းတို့လည်း ကြာကြာတော့ မဲမရှုးလိုက်ရပါ။ မဟေသာလင်နောက်လိုက်ပြေးသွားသောကြောင့်ပင်တည်း။

"ဒီကောင်မ ဒီတစ်သက် အိမ်ပေါ် ပေးမတက်ဘူး။ အင်မတန် မိုက်လုံးကြီးတဲ့ ခွေးမ။ သားသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ထည့်ကြေညာမယ်။ တော်က"

ဦးမြတ်ဟိန်း၏ ရှူးရှူးရဲရဲ ဒေါသတွေကို သူမအမေလည်း ထပ်တူရင်ထဲပူလောင်ကာ ဂလုန်ဆန်နေသဖြင့် စိတ်ပြေအောင် မဖြေနိုင်တော့ချေ။ ဆိုင်ကလေးမှာ ရောင်းသူမရှိ၍ အပြီးပိတ်လိုက်ပြီး နေတဲ့အိမ်ကို ခိုက်သည်ဟု ဆိုကာ ချို့ရီတို့အိမ်ရှေ့က အိမ်ကို ၄းလိုက်ပြီး ပြောင်းရွှေ့လာခဲ့သည်။

နောက်တော့လည်း မဟေသာတို့လင်မယား ပြန်လာပြီး ဦးမြတ်ဟိန်းနှင့် ဒေါ်ကြည်သိန်းတို့ကို ငိုချင်းချလျက်

www.burmeseclassic.com

www.burmeseclassic.com

ခြေကိုဖက်ပြီး ရိုနိုးတောင်းပန်သဖြင့် မိဘတွေမို့ တစ်ကျော့ပြန် စိတ်ပျော် သွားရ၏။

မဟေသာ၏ယောက်ျား

ကိုကျော်သူမှာ အရင်အိမ်ထောင်နှင့် ကွဲဖူးခဲ့သော တစ်ခုလပ်ဖြစ်၏။ သို့ပေမယ့် "ပေါက်သည့်နဖူး မထူးပါဘူး" ဆိုသည့်အတိုင်း ပြီးခဲ့တာတွေ ပြီးပါစေတော့ သဘောနှင့် မင်္ဂလာပွဲကို စီစဉ်ကြသည်။ မင်္ဂလာဆောင်သည့်နေ့က ချိုရီတို့အိမ်ရှေ့မှာပဲ မဏ္ဍပ်ထိုး၍ လုပ်သဖြင့် ချိုရီနှင့် သူမအဘွားက အေးအေးဆေးဆေးရှိအောင် ခပ်စောစော သွားလိုက်သည်။ မဟေသာမှာ ခရမ်းရင့်ရောင် ဇာချည်ပန်းထိုး မင်္ဂလာဝတ်စုံကို ဝတ်ထားသဖြင့် ဖြူသော အသားအရေမှာ ပိုထင်းကာ ကျောက်မျက်ရတနာတို့ပါ ဆင်မြန်းထားခြင်းကြောင့် ပြူးပြူးပြက်ပြက်နှင့် အလှကြီး လှနေတော့သည်။ ကိုကျော်သူကတော့ မောင့်ကျက်သရေခေါင်းပေါင်း။ ခဲရောင် တိုက်ပုံအင်္ကျီ ပိုးပုဆိုးတို့ဖြင့် လူပျိုရည် ဆူပွက်လာကာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။

မဟေသာနှင့် ရွှေလက်တွဲ

ပြီး ဝမ်းသာလုံးဆို့သည့် မျက်နှာကြီးနှင့် အားပါးတရ လိုက်ညှော့ခဲ့လျက်ရှိသည်။

ချိုရီမှာ နှစ်ခွက်မြောက်ရေခဲမုန့်ကို လွှေးနေတုန်း မဟေသာတို့အိမ် တစ်လုံးကျော်က "Three Stars" လက်ဖက်ရည်ဆိုင်ထဲမှ မီးခိုးလုံးတွေ အူထွက်လာတာတွေ့တော့ ထိတ်လန့်သွားသည်။

"ဟာ ... အဘွား ဟိုမှာ ကြည့်ပါဦး။ မီးခိုးတွေ အများကြီးထွက်နေတယ်"

"အမယ်လေး ဟုတ်တယ်တော့။ မီးခိုးတွေ တစ်လုံးတစ်ခဲကြီး ထွက်နေပါရော့လား။ မီးလောင်နေပြီထင်တယ်"

သူမအဘွား၏ ထိတ်လန့်တကြား အော်သံကြောင့် ကျန်သည့်လူတွေအားလုံးလည်း အပြင်ဘက်ထွက် ကြည့်ကြသည်။ ဟိုးအဝေးမှ မီးခိုးလုံးကြီးတစ်လုံး မိုးပျံတက်လာသည်ကို တွေ့ရသည်။

ဒီကြားထဲ အသုဘချသဖြင့် အသုဘကားတွေကလည်း လမ်းကြားထဲမှ အလျှိုလျှိုထွက်လာကြကာ မနည်းလွတ်အောင် မောင်းနေရတော့သည်။ မကောင်းသည့် အမင်္ဂလာတွေ ချည်း ကြုံသွားခြင်းကြောင့် သတို့သမီး ပြီး ဝိုင်းဝန်းကြည့်ကြရင်း စကားသံမှာ ဆူပွက်လာကာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။ မကြာခင်မှာပဲ ပူပြင်းသည့် နေရောင်အောက်မှာ မီးညှော့တွေက တရှိန်းရှိန်းထကာ တစ်အိမ်လုံး လောင်မြိုက်တော့သည်။ ချိုရီတို့အိမ်ရှိ ရောက်ကြီးထဲတွင် ချို့အဘိုးတို့သာမက လူတော်တော်များများ ရောက်လာကာ ဇလားရေပုံးတွေနဲ့ ခပ်၍ ထိုအိမ်ကို ဝိုင်းလောင်းကြသည်။ ကျန်သည့် အိမ်များမှာလည်း ထိုနည်းတူပင်။ မီးသတ်ဌာနကို ဖုန်းဆက်ထားသော်လည်း မီးသတ်ကားတွေ ရောက်မလာခင် မြန်မြန်ငြိမ်းရန် တစ်တပ်တစ်အား ကူသည့်အနေနှင့် ဖြစ်၏။

ဒီကြားထဲ အသုဘချသဖြင့် အသုဘကားတွေကလည်း လမ်းကြားထဲမှ အလျှိုလျှိုထွက်လာကြကာ မနည်းလွတ်အောင် မောင်းနေရတော့သည်။ မကောင်းသည့် အမင်္ဂလာတွေ ချည်း ကြုံသွားခြင်းကြောင့် သတို့သမီး

www.burmeseclassic.com

www.burmeseclassic.com

မဟေသာမှာ မျက်လုံးများ ပြာဝေလာ
ကာ ခေါင်းတွေ ချာချာလည်ရင်း
ပုံလျက်သား မေ့လဲသွားသဖြင့် ဆေးရုံ
ပို့ရတော့တာပဲ။ မင်္ဂလာပွဲလည်း အဆုံး
ထိ မပြီးလိုက်ဘဲ တိုးလို့တန်းလန်းတွေ
ဖြစ်ကာ ပျက်သွားရတယ်။

ထိုကိစ္စတွေ အားလုံးပြီးချိန်
မှာတော့ မဟေသာတို့လင်မယားနှစ်
ယောက် အမှုမဲ့အမှတ်မဲ့ပဲ သဘောထား
လိုက်ကာ ကြင်စဦးဇနီးမောင်နှံဆိုတော့
ပျော်မဆုံး။ မော်မဆုံး တပြုံးပြုံးပေါ့။
ဒီလိုနဲ့ တစ်နှစ်လောက်ကြာသွားတော့
လင်မယားနှစ်ယောက်ရဲ့ တကျက်ကျက်
အော်ဟစ်ဆူပွက်သံတွေ ကြားရပြီ။
မဟေသာမိဘတွေကလည်း ပြန်ဖြေပေး
သည်မရှိ။ အမြဲ သမီးဘက်ကပဲ ပါ၍
သမက်ကို မှီခိုးမျှစ်ခိုး ပြောကြတာပါ။
ကိုကျော်သူက စိတ်ဆိုးလျှင် အိမ်ပေါ်က
ဆင်း၍ သူမိဘအိမ်မှာပဲ သွားနေလိုက်
တယ်။ အစကတည်းက မဟေသာက
အမေတို့နဲ့ မခွဲနိုင်ဘူးဆို၍ ဒီဘက်အိမ်
မှာ နေပေးတာလည်း ပါပါတယ်။ ဒါပေမဲ့
ခဏပါပဲ။ မဟေသာတို့အိမ်ပေါ်
ပြန်တက်လာပြီး မယားကို ပြန်ချော့
တော့ ပြေလည်သွားကြတာပါပဲ။ နောက်
ဆုံးတစ်ခေါက်မှာတော့ ပန်းကန်ခွက်
ခွဲသံ၊ ပစ်ပေါက်သံ အကြီးအကျယ်
ဆဲဆိုစကားများသံတွေကို ဘေးပတ်ဝန်း
ကျင်က နားတွေ အူထွက်သွားသည်
အထိ ကြားပြီးကတည်းက ကိုကျော်သူ
အိမ်ပေါ်ကဆင်းသွားပြီး အခြားမြို့သို့
ထွက်သွားလိုက်သည်မှာ ပေါ်မလာတော့
ခြေ။ ဦးမြတ်ထွန်းတို့ မိသားစုလည်း
ဒီရပ်၊ ဒီရွာမှာနေတာ ရုက်လှချည်ရဲ့ဟု
ဆိုပြီး ကလောသို့ ပြောင်းသွားခဲ့သည်။

ကြာတော့လည်း ကြာခဲ့ပါပြီ။
အခုဆို ချိုတို့သုံးယောက်လုံး တက္ကသိုလ်
တက်နေပြီပဲလေ။ စိုးယုကတော့
တစ်နှစ်ကျသွားသည်မို့ တစ်တန်းငယ်
သွားပါသည်။ စိုးယုနဲ့ ဖွေးဥက Day
ကျောင်းမှာ Geology တူတူပဲ ယူကြ
သည်။ မဟေသာတို့စနက်ကြောင့်

ယေယေကတည်းက ငွေသုံးစွဲတတ်သွား
သဖြင့် အဝတ်ဖိုး ငြူတီပါလာဖိုးတို့နှင့်
သောက်သောက်လဲ ကုန်တော့၏။ မုန့်ဖိုး
ပြောင်သွားလည်း မိဘတွေဆီက နို့က်ရုံ
ပဲဟု တွေးကြပုံရသည်။ ဒီအရွယ်မှာ
တော့ အပျက်သည် မသိသာသေးပါ။

နောင်တစ်ချိန် လူကြီးတွေဖြစ်လာသည့်
အခါ ကိုယ့်မိဘ လက်ဝတ်လက်ရင်းကို
တိုးပွားအောင်မလုပ်ဘဲ ကိုယ်ရှာ
သလောက် ပြန်ထွက်နေရင်တော့
စီးပွားရေးအခြေအနေ ယိုင်နဲ့ကာ စိတ်
မချမ်းမသာတွေ ဖြစ်ရလိမ့်မည်ကိုလည်း
ငယ်သူတွေမို့ တွေးမိပုံ မပေါ်ပါ။
စိတ်ဓာတ်ခံလေးတွေတော့ ကောင်းရာ
သားပါပဲ။

ချိုရီကတော့ နည်းပညာ
တက္ကသိုလ် ရောက်သွားပြီး ဘယ်
လောက်နှင့် ကန့်သတ်ထားသည့် မြို့ပြ
အင်ဂျင်နီယာဘာသာရပ်၊ Civil major
ကို ဝင်ခဲ့သဖြင့် နီးနီးနားနား ကိုယ့်မြို့
မှာပဲ တက်လိုက်တော့သည်။ ကျောင်းက

www.burmeseclassic.com

www.burmeseclassic.com

uniform နဲ့ တက်ရသဖြင့် အဝတ်ဖိုး လည်း မကုန်ပေ။ beauty salon သွားရ မှာလည်း ဝန်လေးလှသည်။ စောင့်ရမှာ ကို စိတ်မရှည်ခြင်းနှင့် အဲဒီဘက်ကို စိတ်လည်းမဝင်စား၍ ဖြစ်သည်။ အမေ့ ကျေးဇူးကြောင့် ငွေသုံးဇာတ်လမ်းလည်း တစ်ခန်းရပ်သွားပြီ မဟုတ်လား။ ဒီတော့ ငွေသုံးစရာနေရာ သိပ်မရှိ၍ မိဘဆွေမျိုး တွေဆီက ရသမျှမုန့်ဖိုးတွေကို bank account ဖွင့်၍ ထည့်ထားလိုက်သည်။ ငွေစုခြင်းအရသာကို တန်ဖိုးထားတတ် သူတွေသာ သိလိမ့်မည်။

အိမ်က အမေတို့က စျေးမှာ ဆိုင်ထွက်နေတော့ လူစုံ၊ သတင်းစုံ ကြားရတာပါပဲ။ မဟေသာတို့၏ အသိ ဖြစ်သူ အမေတို့ဖောက်သည်က မဟေသာ နောက်အိမ်ထောင်ထပ်ပြု ကြောင်း။ သူမအဖေလည်း ကျန်းမာရေး သိပ်မကောင်းတော့သဖြင့် အလုပ်က ထွက်လိုက်ရကာ စုစုဆောင်းဆောင်း မရှိခဲ့၍ စီးပွားရေးအဆင်မပြေကြောင်း တွေ ပြောပြတော့ ချိုရီပါ စျေးမှာ ဆိုင်ဝိုင်းထိုင်ပေးနေသည်မို့ သိလိုက်ရ၍ စိတ်မကောင်းတောင် ဖြစ်မိသေးသည်။ သူတို့မိသားစုသည် အတိတ် ဘဝရဲ့ အကုသိုလ်အကျိုးကြောင့်လား၊ လက်ရှိဘဝမှာပဲ မကောင်းတဲ့အရာများ စွာ ကျူးလွန်နေခြင်းကြောင့်လားလို့ ချိုရီ သေချာမသိပေမယ့် ကြမ္မာက ငင်လေတော့ အပူစက်ကွင်းထဲက မရုန်းနိုင်အောင်ရှိတာတော့ သဘော ပေါက်မိပါ၏။ အရင်းစစလိုက်တော့ ချိုတို့သုံးယောက် ငယ်ဘဝကတည်းက ငွေကို ခိုးယူသုံးစွဲတတ်အောင်နှင့် သရဲ၊ တစ္ဆေကို ကြောက်လန့်စိတ်သွင်းပေးခြင်း က မကောင်းမှုပင် မဟုတ်လား။ ကံကောင်း၍ ချို လွတ်သွားပေမယ့် စိုးယုနှင့် ဖွေးဥတို့ကတော့ မြေစာပင် များ ဖြစ်သွားခဲ့ရသည်။

လောကတွင်ရာ တရားစာအုပ် တွေ ဖတ်ရင်း သရဲ၊ တစ္ဆေ၊ ပြိတ္တာတွေ ကို ကြောက်စရာမလို။ ကံမြင့်စေရန် သီလမကျိုးပေါက်အောင်နေပြီး အမျှဝေ ရင် ကျွတ်မည့်အမျိုးတွေဟု ချိုရီ သိလာရုံသာမက တစ်ဖက်ကလည်း စိတ်အေးချမ်းခြင်းတရားကိုပါ ရွာဖွေ လိုက်စားတတ်လာပါသည်။

ချိုရီမှာ သူမ နားလည်ခံစား မိသည့်အတိုင်း . . .

"အရွယ်ရောက်ပြီး အသိစိတ် ရှိတဲ့လူများအနေနှင့် အပြစ်ကင်းစင်တဲ့ ကလေးတွေရဲ့ နှလုံးသားကို အမှောင် တိုက်ထဲ ပိတ်မိအောင် အနည်းငယ်မျှ မတွန်းပို့စေချင်။ ပြုပြင်ပေးသူနှင့် မတွေ့ လျှင်ဖြစ်စေ၊ တွေ့လျှင်လည်း အရိုးရင့် သွားပြီး နာခံတတ်သည့်စိတ်ထား မရှိ လျှင်ဖြစ်စေ ထိုကလေး၏ ဘဝတစ် လျှောက်တွင် ဦးတည်ရာလမ်းကြောင်း များယွင်းကာ ဆုတ်ကပ်ဆိုက်ရချည်ရဲ့" လို့ ရင်ထဲတွင် မြည်တမ်းလိုက်တော့ တယ်။

စုယဉ်မွန်(TU-ဘားအံ)

www.burmeseclassic.com

www.burmeseclassic.com

နားရင်းသင်းချိန်

ဒွဒ္ဒေါင်(ဒီဗမ)

www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် တစ်စုံတစ်ယောက်ကို တွေ့ချင်နေတာလား။ မင်း ဘာဖြစ်လို့ စိတ်နဲ့လူနဲ့ မကပ်ဘဲ တွေးတောငေးနေရတာလဲ။ မင်း ဘာဖြစချင်နေတာလဲ။ မင်း သူ့ကို ရှက်နေတာလား။ သူက မင်းနဲ့ ဘယ်လိုမှ ပတ်သက်လို့မရတဲ့ တမလွန်ကို ထွက်သွားခဲ့ပြီလေ။ မင်းက ရေကူးကျွမ်းပါလျက်နဲ့ ဘာဖြစ်လို့ သူ့ကို မကယ်ဆယ်ခဲ့တာလဲ။ မင်း သူ့ကို သေစေချင်ခဲ့တာမဟုတ်လား။ မင်း သူ့ကို စိတ်ပျက်ငြီးငွေ့သွားခဲ့တာ မဟုတ်လား"

သည်လေတိုးသံ၊ ရေစီးသံတို့ကို ကြားမိတိုင်း ကိုတိုး ကြေကွဲဝမ်းနည်းမှုတို့ ကြိတ်မိုတ်ခံစားလျက် နားနှစ်ဖက်ကို လက်ဖြင့်ဝိတ်ပြီး မျက်လုံးနှစ်လုံးကို အတင်းမိတ်ပစ်လိုက်မိလေ၏။ ပူနွေးသော မျက်ရည်စီးကြောင်းများက ကိုတိုး၏ ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် စီးကျလာလေ၏။ ကိုတိုး ရှိုက်သံတို့ ထွက်လာခဲ့၏။ ငိုကြွေးမြည်တမ်းခဲ့မိလေ၏။

"ကိုယ့်ကိုခွင့်လွှတ်ပါ မိသဲ ရယ်။ ကိုယ်လေ မိသဲကို ဘယ်လိုမှ မုန်းလို့၊ မေ့လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ မိသဲကသာ ကိုယ့်ကို တကယ်ကမ်း ရက်စက်သွားခဲ့တာပါ။ မိသဲ ရက်စက်မှုတွေကို ကိုယ် ခံစားရင်း မိသဲနဲ့ဝေးရာကို ကိုယ်က ထွက်သွားချင်ခဲ့တာပါ။ ဒါပေမဲ့ ကိုယ့်ကိုထားပြီး မိသဲက အရင် ထွက်သွားခဲ့ပြီကိုး။ ကိုယ်နဲ့ မိသဲ တွေ့နေကြ နေဝင်ရီတရော အချိန်လေးတွေကို ကိုယ် မြတ်နိုးတယ်။ နောက်ဆုံး မိသဲရဲ့ လမ်းခွဲမှုလေးတွေကို ပြန်တွေးမြင်ယောင် နေခဲ့တယ်။ ရေကူးကျွမ်းကျင်တဲ့ မိသဲက ရေထဲမှာပဲ ဘဝနစ်မျောခဲ့တာကို ကိုယ် ဘယ်လိုပြောရမလဲ မိသဲရယ်"

"အတိုးရေ ... ဟေး .. အတိုး။ သဲလေ အတိုးကို ရေငုပ်ပြမယ်နော်။ ကြည့်နေသိလား"

"မိသဲ ညနေတိုင်း ရေကူးလေ့ရှိ၏။ သူမက ရက်တတ်သူဖြစ်၍ ကိုယ်နဲ့အတူ မကူး။ သူ ရေကူးတာကိုပဲ ထိုင်ကြည့်နေရမယ်ဆိုပြီး ရေကူး

ကိုယ်တစ်ယောက်တည်း မြစ်နားချောင်းစပ်၊ ရေစပ်ရိုရာ နေရာများသို့ သွားရောက် ထိုင်ကြည့်နေလိုသော ဆန္ဒစိတ်တို့က ညနေ နေဝင်ရီတရော အချိန်ရောက်တိုင်း ကိုယ့်ရင်တွင်း၌ မင်းမူကြီးစိုးနေလေ့ရှိ၏။ ရေစီးဆင်းနေသော လူပ်ရှားမှုရေလှိုင်း လေကြောင့် လူပ်ရှားတွန့်လိမ်မှုတို့ကို တွေးကြည့်ရင်း ငေးကြည့်ရင်း သူ့ရဲ့ ရုပ်ပုံလွှာတို့က ရေတွင်းမှ ကိုယ့်ကို လှောင်ပြောင်ကျီစားနေသလို၊ ရန်တွေ့စိတ်ပျက်နေသလို၊ မခံချိမခံသာ ကြေကွဲစွာ ခြောက်သွေ့စွာ ရယ်ပြနေသလိုမျိုး မြင်နေကြ တွေ့နေကြ ဖြစ်နေခဲ့၏။

တဝေါဝေါ စီးဆင်းနေသော ရေစီးသံတို့ထဲမှ စကားပြောသံများကို ကြားရလေ့ရှိသလို လေတိုးသံတို့က ကျွန်တော့်ကို အဖော်ပြု ဘာသာပြန်ပေးနေလေ့ရှိ၏။

"ဟေ့ကောင် မောင်တိုး။ မင်း ခုလိုနေရတာ တကယ်ပျော်နေတာလား။

www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းကျင်စွာဖြင့် အမျိုးမျိုး ကူးခတ် ကစားပြခဲ့သူဖြစ်၏။ ရေစပ်ချောင်းနား ကြီးပြင်းလာကြသူများဖြစ်၍ ရေကူး ကျွမ်းကျင်ကြသည်မှာ မဆန်းလှသလို ရေငုပ်လည်း ကျွမ်းကျင်သူဖြစ်၏။ မိနစ် ပေါင်းများစွာ ရေငုပ်ပျောက်ကွယ်နေ တတ်ခဲ့၏။ ပြီးမှ ဘွားခနဲ ရေပေါ်သို့ ပြန်တက်ကြ၍ စိုးရိမ်ကြောက်လန့်ဖြစ် နေသော ကျွန်တော့်ကို ရယ်မောနောက် ပြောင်လေ့၊ ကျီစယ်လေ့ ရှိခဲ့၏။

သည်လို အဖြစ်အပျက်တွေ က ဟိုးငယ်စဉ်ကာလကတည်းက ယခု ဆယ်ကျော်သက်ဘဝသို့ တိုင်ခဲ့ပြီဖြစ်၍ သမားရိုးကျ ဖြစ်နေခဲ့၏။ ကျွန်တော်၏ စိုးရိမ်သောကများကလည်း ယခင် အတိုင်းကလောက် သည်းသည်းသန်သန် မရှိတော့သော အကျင့်ပါနေခြင်းမျိုး ဖြစ်သည်။

"သားရေ . . . ကိုတိုး" ဟူသော အမေ၏ ကရဏာခေါ်သံလေး ကြောင့် တွေးလက်စ အတွေးတချို့ ထွက်ပြေးပျောက်ကွယ်သွားသည်။

"ဩော် . . . သားက ဒီရောက်နေတာကိုး။ အမေကတော့ ရှာလိုက်ရတာ။ သား သိလား။ ဒီလို အချိန်မျိုးမှာ အိမ်ထဲမှာပဲ နေရတယ် ကွယ့်။ မကောင်းဆိုးရွားတွေ ပျော်မြူး တဲ့အချိန် သားစိတ်တွေကို သားမပိုင်တဲ့ အချိန် ဘာဖြစ်ဖြစ် သတိလက်လွတ် ဆုံးဖြတ်မိတတ်တယ်ကွယ်။ ဒီလို နေဝင် ရီတရောအချိန်ရောက်ရင် သေလွန်သွား တဲ့ ပရလောကဝိညာဉ်တွေက အသက် ဝင်တတ်တယ်။ သား ကိုတိုး။ သူတို့ တွေဟာ လူယောင်ဖန်ဆင်းပြီး လူတွေနဲ့ ရောနှောတတ်ကြတယ်။ လူတွေကို သူတို့နဲ့ အဖော်ပြုချင်တာနဲ့ ဖြားယောင်း မြှူဆွယ်ပြီး သူတို့နောက်လိုက်ချင်အောင် ပြုမူတတ်ကြတယ်ကွယ့်။ ဒါကြောင့် ညနေမှောင်ရီပျိုးပျမှာ ဘာကိုမှ မငေးနဲ့၊ မတွေးနဲ့။ ဖုတ်ကောင်တွေက သားကို မြှူဆွယ်ပြီး သူတို့နောက်လိုက်ချင်အောင် လုပ်ပြတတ်ကြတယ် သားရဲ့။ လာလာ အိမ်ပြန်လိုက်ခဲ့တော့။ ရေမိုးချိုး ထမင်း စားကြရအောင်လေကွယ်နော်။ သား"

"ဟုတ်ကဲ့ပါ အမေ။ သား လာပါ့မယ်"

သည်နေ့ည‌နေ ကျွန်တော့် စိတ်တွေ လေးလံ ထိုင်းမှိုင်းနေခဲ့၏။ ကိုယ်လက်မသယ်ချင်၊ မလှုပ်ချင် ဖြစ်နေခဲ့၏။ ထုံးစံအတိုင်း ရေစပ်ရိုရာ သွားရောက် ငေးမော ထိုင်ကြည့်နေရင်း အိပ်ငိုက်သလိုလို ဖြစ်သွားခဲ့လေ၏။ ရုတ်တရက် အေးစက်နေသော လက်တစ်စုံက ကျွန်တော့်ခြေထောက် များကို ရေထဲသို့ ဆွဲချသွားခဲ့လေ၏။

"အ . . . အ . . . အမလေး အမေရေ"

"ဗွမ်း"

ကျွန်တော် ယောင်ယမ်း တမ်းတရင်း ရေထဲသို့ ထိုးကျသွားခဲ့လေ၏။ မသိသူများကတော့ ကျွန်တော် ရေကူးရန် ရေထဲဆင်းသည်ဟု ယူဆကြ ပေလိမ့်မည်။ ရေထဲရောက်မှ မိသဲ လက်ချက်မှန်း သိလိုက်ရ၏။ ရေသံ၊ လေသံတို့နှင့်အတူ မိသဲ စကားသံတို့က နီးလိုက်ဝေးလိုက် ဝိုးတဝါး မပီမသ

www.burmeseclassic.com

www.burmeseclassic.com

ကြားနေခဲ့ရ၏။

"တိုး ... ငါလေ သိလား။ ရောဘဲကြီးတစ်ခုက စုပ်ယူသွားတာလေ။ ဦးခြေထောက်တွေဟာ နွယ်တွေနဲ့ပတ်ပြီး ချောက်ထဲကို ထိုးကျသွားခဲ့သလိုပဲ။ ရေထဲမှာ ချားစီးနေရသလိုလည်နေခဲ့ပြီးမှ မူးပြီး အော့ချင်အန်ချင်ဖြစ်လာပြီး ရောဘဲအောက်ကို နစ်မြုပ်သွားခဲ့တာ တစ်ခါတစ်ရံ ပေါ်လာပြီး နင့်ကို ကယ်ခိုင်းသေးတယ်။ နင်က ငါ့ကို ဂရုမစိုက်ဘူး။ နင် ငါ့ကို ရက်စက်တယ်။ ငါကတော့ နင်နဲ့ နွေးနွေးထွေးထွေးနေချင်လိုက်ရတာ။ ငယ်ငယ်ကတည်းက နင့်ကို ကြိတ်ပြီးကြိုက်ခဲ့တာ နင်က မသိဟန်ဆောင်နေတတ်တယ်။ နင်က ငါ့ကိုထက် နင့်အမေကို ပဲချစ်တာ ငါသိသားပဲ။ ခုတော့ နင် နင့်အမေကို မချစ်ရတော့ဘူး။ ငါ့ကိုပဲချစ်ရမယ်။ ငါနဲ့ပဖြေနရတော့မယ် သိလား ငတိုး။ ငါ နင့်ကို ပိုင်ပြီ။ ခုလောက်ဆို နင့်အမေ နင်ပျောက်လို့ ဝမ်းနည်းပက်လက် ငိုကြီးချက်မဖြစ်နေလောက်ပြီ။ ဟား ... ဟား ... ဟား... ဟား။ နင့်ကို ငါပိုင်ပြီ။ နင့်အမေကို ငါနိုင်ပြီ။ နင်နဲ့ငါနဲ့ တစ်သက်လုံး မခွဲမခွာနေရတော့မယ် ငတိုးရဲ့"

"မဟုတ်ဘူး ... မဟုတ်ဘူး။ မနေဘူး။ ငါ နင်နဲ့မနေချင်ဘူး။ ဦးအမေ နဲ့ပဲနေချင်တယ်။ ဦးအမေကိုပဲ ချစ်တယ်။ နင့်ကိုငါ မချစ်ဘူး။ နင့်ကိုငါ မုန်းတယ်။ နင်က သရဲမ၊ အစိမ်းမ။ ဦးကိုလွှတ်မိသဲ။ အမေရေ ... အမေ။ သားကို ကယ်ပါဦး။ သား အမေ့စကား နားမထောင်မိလို့ သေရပါတော့မယ်။ သားကို မိသဲ သတ်နေတယ် အမေရေ။ အမေ ... အမေ"

ရုန်းရင်းဆန်ခတ်ဖြစ်နေသော ခြေများလက်များကို အမေက ဆုပ်ကိုင်လျက် စိုးရိမ်ကြောင့်ကြမှု ကြီးမားစွာနှင့် ပွေ့ဖက်နှိုင်ရန် ကြိုးစားနေလေ၏။ နှုတ်မှ လည်း ...

"သားရေ ... ကိုတိုး။ သားရေ ကိုတိုး။ ဟဲ့ ... သားလေး။ အမေလေ အမေပါ သားရဲ့" ဟု အော်ဟစ်နေသံတို့ကို ဝိုဝိုပြင်ပြင် ကြားလိုက်ရမှ ကျွန်တော်၏ အကြောက်လွန်၍ ဇွတ်မိုက်ထားသော မျက်လုံးများကို အားယူပြီး ဖွင့်၍ ကြည့်လိုက်မိ၏။ စူးစူးစိုက်စိုက်ကြည့်နေသော အမေ့သောကမျက်လုံးများကို မြင်လိုက်ရမှ ကြောက်လှန့်စိတ်တို့ ပျောက်လွင့်သွားပြီး အမေ့ကို အားကိုးတကြီး ကျွန်တော် ပြန်၍ ဖက်တွယ်ထားမိပါ၏။

"သား ... အိပ်မက်ဆိုးတွေ မက်နေတာထင်တယ်။ ထ ... ထ။ သကြားရေလေးသောက်။ အမေဖျော်ပေးမယ်"

အမေက ပျာပျာသလဲ သကြားဖျော်ရည်လေးတစ်ခွက် ဖျော်၍ တိုက်လိုက်သည်ကို ငြိမ်သက်စွာ သောက်နေပြီးမှ ကျွန်တော် အေးချမ်းစွာ အမေ့ကို စကားပြောနိုင်ခဲ့ပါ၏။

"အမေ ... နောက်ဆို ကျွန်တော် ညနေတိုင်း ပုတီးစိပ်ပြီး အိမ်ထဲမှာပဲ မေတ္တာပို့နေတော့မယ်နော်။ နွားရိုင်းသွင်းချိန်မှာ မိသဲတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းရာဘုံဘဝ ရောက်ရှိနိုင်ပါစေလို့ နော် အမေ"

"သူ မကျွတ်သေးဘူး အမေ ရဲ့။ သားကို အိပ်မက်ပေးတယ်။ သူနဲ့ နေဖို့ခေါ်သွားတာ။ ဟို ရေလယ်က ဝဲကြီးတစ်ခုထဲမှာ သူ ရှိနေတယ်။ အဲဒါ ကျွတ်လွတ်အောင် သား မေတ္တာပို့ချင်တယ်။ နောက်ပြီး အမေ သူက မိဘ မရှိတဲ့ မိန်းကလေးမဟုတ်လား။ အမေ ကလည်း သူ့အတွက် ဘုန်းကြီးတစ်ပါး ကို သင်္ဃန်းတစ်စုံလှူဒါန်းပေးပြီး သားနဲ့ အမေ သူ့ကို ဘဝတစ်ခုကနေ ကျွတ်လွတ်အောင် ကုသိုလ်ကောင်းမှု ပြုပေးကြရအောင်ပါ အမေ။ နော်"

"အေးပါ သားရယ်။ အမေ လုပ်ပေးပါ့မယ်။ ဒါပေမဲ့ သား အမေ့ကို ကထိတစ်ခုတော့ ပေးရမယ်နော်။ နောက်ဆို ဘယ်တော့မှ နေဝင်ရီတရော အချိန်မှာ အိမ်အပြင်ဘက်ကို မသွား တော့ပါဘူးဆိုတဲ့ ကတိလေ"

"ပေးပါ့မယ် အမေရာ။ ပေးပါ့ မယ်။သားလည်း အရမ်းကိုကြောက်တတ် သွားပြီ။ အိပ်မက်မို့လို့ တော်သေးတာ ပေါ့။ တကယ်သာဆိုရင် ခုချိန် သားဘဝ က ဟိုး အေးစက်နေတဲ့ ရေဝဲကြီးထဲမှာ မိသဲနဲ့နေရပြီး အမေနဲ့ ထာဝရခွဲသွားရ တော့မှာဗျ။ သိရဲ့လား"

အမေက ကြင်နာစွာ ပွေ့ဖက် လျက် ကျွန်တော်၏ ကျောပြင်ကို ပူနွေး နူးညံ့သော လက်ဝါးကလေးဖြင့် ပွတ်သပ်လျက် . . .။

ထွဋ်ခေါင်(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့မစိုက်ကောင်းတဲ့အပင်

တင့်ထွန်း(ဇလယျဝတီ)



သစ်ပင်ရှောင်ရှား

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြအေးမှာ လမ်းဆုံထိပ်၌ နှစ်ထပ်အိမ် ဆောက်ထားသဖြင့် လူသွားလူလာများခြင်းကြောင့်ပင် အိမ်အောက်ထပ်၌ ကုန်မျိုးစုံဆိုင် ဖွင့်ကာ ရောင်းချနေလေသည်။ အိမ်ဆိုင်ဖြစ်ခြင်းကြောင့် စျေးတွင်သွား၍ ရောင်းရသလို ညနေဘက်တွင် စျေးသိမ်းချိန်၌ သိမ်းရန်မလိုပေ။ နံနက်စောစော ဆိုင်ထဖွင့်ကာ ည ကိုးနာရီအချိန်ခန့်အထိ ဆိုင်မပိတ်သေးဘဲ ရောင်းနိုင်လေသည်။ လမ်းသွားလမ်းလာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လမ်းများထဲမှ လိုအပ်သော ပစ္စည်းများကို ဝင်၍ ဝယ်ယူကြသဖြင့် စျေးရောင်းကောင်းကာ စီးပွားရေး အဆင်ပြေနေလေသည်။ ဆိုင်ပေါ်တွင် မီးဖိုချောင်သုံးကုန်များ၊ စာရေးကိရိယာများ၊ ထီး၊ ဖိနပ်၊ မိုးကာများ၊ အလှကုန်ပစ္စည်းများ၊ ချိတ်၊ အပ်၊ အပ်ချည်စသော ကုန်နှတ်ပစ္စည်းများကအစ ဝင်လာ၍ ဝယ်ယူကြလျှင် မရှိမဖြစ်ရလေအောင် စုံစုံစေ့စေ့ တင်ထားလေသည်။

"အဒေါ်...သုံးထောင့်ထိုး လက်မလည်တစ်း ရောင်းပေးနေရလေသည်။ ည ၉ နာရီအထိ ရောင်းရသဖြင့် မီးပျက်လျှင် ဖယောင်းဆိုင်ထွန်းရ၊ အားသွင်းမီချောင်း ထွန်းရနှင့် အလင်းရောင်က ကောင်းကောင်းမရ၊ စျေးဝယ်သူတွေက ရှုပ်ရှုပ်နှင့် အတော်ကသီလင်တ နိုင်လှလေသည်။

"ဒီမှာ ကိုဘမောင်...ဆိုင်မှာတော့ ဖယောင်းတိုင်မီးတို့ အားသွင်းမီးချောင်းတို့နဲ့ စျေးရောင်းရတာ အဆင်မပြေဘူးလေ၊ မီးမပျက်ရင်တော့ တော်သေးတယ်၊ ဒါပေမဲ့ မီးက ခဏခဏ ပျက်ပျက်နေတော့ အတော်ဒုက္ခရောက်လှသတော်"

"ဟ...လျှပ်စစ်မီး အားကိုးနေလို့ကတော့ မီး မကြာမကြာပျက်တဲ့ ဒုက္ခက တွေ့နေရမှာပဲကွ၊ ဒီတော့ မီးပျက်ရင် မီးစက်ထွန်းနိုင်အောင် မီးစက်တစ်လုံးတော့ မရှိမဖြစ် ဝယ်ထားမှပဲကွ" မီးပျက်သည့် ဒုက္ခမှ ကင်းဝေးနိုင်ရန် မီးစက်ကလေးတစ်လုံး ဝယ်ထားကြတော့၏။ မီးပျက်သည်နှင့် မီးစက်

"အဒေါ်...သုံးထောင့်ထိုး မတ်မီးရှိလား"

"မတ်ခဲရောရှိရင် သုံးလုံးပေး ပါ အဒေါ်"

"ကြီးမေ...သမီးကို နှစ်ကြောင်းမျဉ်း ဗလာစာအုပ် ငါးအုပ်နဲ့ ဘောလ်ပင် နှစ်ချောင်းပေးပါ"

"အေး...အေး...ရမယ် သမီးလေး"

"ဟော...မင်းက လာလိုချင် လိုလဲကွယ်"

"သားကို ငရုတ်သီး အကြမ်း ဖတ် တစ်ထုတ်နဲ့ ကြက်သွန်နီ နှစ်ဆယ် သား ပေးပါ"

"ဟဲ့...မိနှင်း ဘာလိုချင်လို့ ကြည့်နေတာလဲကွယ့်"

"ကျွန်မ သမီးလေးအတွက် ခဲတံထီးတစ်လက် ဝယ်ချင်လို့လေ"

"ရှိတယ်လေကွယ်...ဒီဘက် ကို လာကြည့် ပြီး ကြိုက်တာရွေးယူလေ"

www.burmeseclassic.com

www.burmeseclassic.com

မောင်းကာ အခက်အခဲမရှိတော့ပဲ စွေး ကို ဖြောင့်ဖြောင့်တန်းတန်း ရောင်းချ ပေးနိုင်ကြလေသည်။

ဝါဆိုလပြည့်နေ့တွင် ကျောင်း လိုက်ကာ ဥပုတ်သီတင်း စောင့်ကြမည် ဖြစ်၍ ထိုနေ့တွင် ဆိုင်မဖွင့်ဘဲ၊ ပိတ် ထားလေသည်။ ဒေါ်မြအေးမှာ ကျောင်း တွင် ဥပုတ်သီတင်း ဆောက်တည်၍ ကျောင်းမှာပင် တစ်နေကုန်နေကာ ကျောင်းဓမ္မာရုံထဲတွင် ပုတီးစိပ်၊ တရား ဘာဝနာ ရှုမှတ်နေခဲ့ပြီး ညနေ လေးနာရီ အချိန်လောက်မှ ကျောင်းက ပြန်လာခဲ့ သည်။

"ကျွန်မကတော့ ဝါတွင်း ဥပုတ်နေ့တိုင်း ဥပုတ်သီတင်း ဆောက် တည်ပြီး ကျောင်းမှာပဲ ပုတီးစိပ် တရား ရှုမှတ်ရတာ အေးချမ်းတယ်ရှင်၊"

"ဟုတ်တာပေါ့...ဒေါ်ထားရယ်၊ ကျွန်မတို့အရွယ်က အိမ်မလုပ်တွေနဲ့တင် ရှုပ်နေရမယ့်အချိန် မဟုတ်တော့ဘူးလေ၊ အသက်တွေက ရလာကြပြီဆိုတော့ တရား ဖတ်ကြရတော့မယ့် အရွယ်တွေ ရောက်နေကြပြီ မဟုတ်လား။"

စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ ဒေါ်ထားအိမ်ရှေ့သို့ ရောက်လာကြသည်။

"ရှင်...အိမ်ထဲ ဝင်နားပါဦး လေ၊ ရေလေးဘာလေးသောက်သွား ပါဦး"

"ဟုတ်တယ်...လျှောက်လာ ရတာ ရေတော်လာတယ်၊ ရေဝင်သောက် ဦးမယ်ရှင်"

"ဟာ...အိမ်ဘေးမှာ ဖြူဖြူ အတောင့်လေးတွေက ငရုတ်သီးလေး တွေ ထင်တယ်"

"ဟုတ်တယ်လေ...အတောင့် ဖြူဆွတ်ကလေးမို့ အလှ စိုက်ထားခဲ့တာ ပဲ"

"စပ်ရော စပ်ရဲ့လားဟင်"

"စပ်ပါတယ်...တစ်ခါတစ်ရံ လိုအပ်ရင် ခူးစားနေကြတာပဲ"

"ဖြူဆွတ်ဆွတ်ကလေးတွေ ဆိုတော့ လှလိုက်တာရှင်၊ ကျွန်မအိမ်မှာ စိုက်ထားချင်လို့ အပင်ပေါက် မရှိတော့ ဘူးလား"

"အို...အပင်ပေါက်တွေ အများကြီးပဲလေ၊ စိုက်လိုရင်တော့ ကျွန်မ လေးငါးပင် နှုတ်ပေးလိုက်ပါ့ မယ်"

ဒေါ်မြအေးလည်း ငရုတ်ပင် များကို ဖက်ရွက်နှင့် ပတ်၍ကိုင်ကာ အိမ်ပြန်လာခဲ့လေသည်။

"ဟ...မင်းယူလာတာ ဘာပင်တွေလဲဟ"

"ငရုတ်ဖြူပင်လေးတွေလေ၊ အိမ်မှာ အလှစိုက်ရအောင် ဒေါ်ထားတို့ အိမ်က မျိုးပင်တောင်းလာခဲ့တာလေ"

"ရှင် အိမ်ရှေ့ပန်းပင်တွေနား မှာ စိုက်ထားတာပါရှင်၊ သီးလာတော့ ဖြူဆွတ်ဆွတ်လေးတွေ ဆိုတော့ ကြည့် ကောင်းတာပေါ့ရှင်"

ကိုဘမောင်လည်း ထိုငရုတ် ဖြူပင်ကလေးများအား ပန်းအိုးနှင့် ထည့်စိုက်ကာ အိမ်ရှေ့ပန်းပင်များဘေး တွင် ထားပေးခဲ့လေသည်။ ငရုတ်ပင် ကလေးများလည်း ရှင်သန်ကာ တဖြည်း

www.burmeseclassic.com

www.burmeseclassic.com

ဖြည်း ကြီးထွားလာခဲ့ကြပြီး အပွင့်များ
ပွင့်လာကာ မကြာမီတွင် ငရုတ်တောင့်
ဖြူဖြူလေးများ သီးလာကြလေသည်။

×××

"ဟာ...မိုးကလည်း ကောင်း
လိုက်တာကွာ လွန်ပါရောပဲ"

"ဟုတ်ပါ့တော်...မိုးကောင်း
နေတာနဲ့ပဲ အိမ်ကို စျေးဝယ်တွေတောင်
အလာကျဲတယ်တော်"

"လူတွေကလည်း မိုးအေးပြီး
စိုစွတ်နေတော့ အိမ်ထဲက အိမ်ပြင်
မထွက်ကြတော့ စျေးရောင်းပါးပြီပေါ့ကွာ"

"ဟေ့...အိမ်ရှေ့က လူတွေ
လာကြပါဦးဟ...ငါဒီမှာ ရေချိုးခန်းထဲ
မှာ ခြေချော်လဲလို့ ထမရလို့ဟ"

အိမ်ရှေ့ ညည့်ခန်းဦ တီဗွီကြည့်
နေကြသော သားနှင့်သမီးတို့ အပြေး
အလွှား ရောက်လာကြကာ ဦးဘမောင်
ကို ဆွဲထူပေးကြ၏။

"အဖေ...ခြေထောက်
ဖြစ်နေသလဲ မသိပါဘူးကွယ်"

ယခင်က လက်မလည်အောင်
ရောင်းနေရသော စျေးဆိုင်မှ ယခုတော့
ကျိုးတိုးကျဲတဲသာ ရောင်းနေရသည်။
စျေးရောင်းက မကောင်းနေသည့်ကြားမှ
ဆေးရုံတက်ရ၊ ဆေးဖိုးဝါးခငွေ ကုန်ရ၊
ကလေးတွေ ကျူရှင်စရိတ် ပေးရနှင့်
ဝင်ငွေထက် ထွက်ငွေက ပိုနေသည်။

"ဟင်...ဒါက သားတို့
ကျောင်းက သားရဲ့အတန်းပိုင်ဆရာမက
ပေးလိုက်တဲ့ ခေါ်စာပါလား။ ဘာများ
ဖြစ်ရပြန်ပြီလဲပဲ"

ဒေါ်မြမေလည်း ဆရာမ
ခေါ်စာကြောင့် ကျောင်းသို့လာခဲ့ရလေ
သည်။

"ထိုင်ပါ...အဒေါ်"

"အဒေါ်ကို ခေါ်စာပေးရတာက
အခေါ်သား မင်းထွန်း အခန်းဆုံး စာမေး
ပွဲ စစ်ဆေးရာမှာ သင်္ချာ၊ အင်္ဂလိပ်နဲ့
ဘောဂဘာသာတွေမှာ ကျနေလို့ပဲပါပဲ။
ဒါကြောင့် ခေါ်ယူသတိပေးရတာပါ။ ဒီလို
သာ စာမကြိုးစားရင် နှစ်ဝက်ဆုံး စာမေး
ပွဲမှာ အတန်းကျနေခဲ့မှာ သေချာနေပါ

www.burmeseclassic.com

www.burmeseclassic.com

တယ် အခေါ်"

"ဟုတ်ကဲ့ပါ ဆရာမရယ်၊ အခုလို ခေါ်ယူအသိပေးတာက ကျေးဇူး တင်ပါတယ်၊ အခေါ်သားကိုလည်း စာကြိုးစားဖို့ ကြပ်မတ်ပေးပါ့မယ် ဆရာမရယ်"

ဒေါ်မြအေးမှာ ယခင်အပူတွေက မငြိမ်းသေး၊ နောက်အပူတစ်ခုက ထပ်တိုးလာပြန်ခဲ့သည်။

တစ်ပတ်ပြည့်သောအခါ ဦးဘမောင် ခြေထောက် ပျောက်ကင်းသွားခဲ့သဖြင့် ဆေးရုံမှ ဆင်းလာခဲ့ရသည်။ ပျောက်ကင်းခါစဖြစ်၍ သွားသွားလာလာ သိပ်လှုပ်ရှား မရသေးပေ။

"အင်း . . . ဆိုင်မှာလည်း ပစ္စည်း တချို့ကပြတ်နေပြီ ဒီနေ့တော့ သမီးတို့လည်း ကျောင်းအားလို့ အိမ်မှာ ရှိနေကြတော့ ငါ စျေးသွားပြီး လိုအပ်တဲ့ ကုန်ပစ္စည်းတွေ သွားဝယ်မှပဲ"

"အမေ စျေးသွားတာ ကြာလိုက်တာ ခါတိုင်းစျေးသွားရင် ဒီလောက်မကြာလှပါဘူး"

"လာမှာပေါ့ သမီးရယ်၊ ဝယ် စရာတွေ များနေလို့ ကြာနေတာ ဖြစ်မှာ ပါ"

"ဟော . . . ဟော . . . အမေ ဆေးခန်းပို့ပေးပြီး ဆေးဖိုးလည်း သူပဲ ပတ်တီးကြိုး စည်းထားပါလား၊ ဘာဖြစ် တာလဲ အမေ"

"ဟင် . . . အမေ့ခေါင်းမှာ ဝယ်ပြီးလို့ ဆိုက်ကားနဲ့ ပစ္စည်းတွေတင်ပြီး ပြန်အလာမှာ ဆိုက်ကားကို ကားတစ်စီးက နောက်ကနေ တိုက်ခဲ့လို့ မှောက်တယ် လေ၊ အမေလည်း ဆိုက်ကားပေါ်က ကျပြီး ကတ္တရာလမ်းနဲ့ ခေါင်းနဲ့ ဆောင့်မိပြီး ခေါင်းပေါက်သွားလို့ နီးရာဆေးခန်းမှာ ဆေးထည့်၊ ပတ်တီးစည်းခဲ့ရတာကွယ်၊ ဒဏ်ရာက သိပ်မကြီးလို့ တော်သေးတာပေါ့ကွယ်၊ ဒါနဲ့ ဆိုက်ကားဆရာကို အမေ့ ပစ္စည်းတွေ ပြန်တင်ခိုင်းပြီး အိမ်ကို ပို့ခိုင်းရတာကွယ်၊ ဆိုက်ကားသမားနဲ့ ကားသမားကတော့ ရဲနဲ့ ဘာတွေပြောပြီး ဘာဖြစ်ကြမလဲ မသိဘူး၊ ကျန်နေခဲ့လေ

"လာမှာပေါ့ သမီးရယ်၊ ဝယ် ရဲ့"

"ဟင် . . . ဒါ ကားသမား အလွန်ပဲ အမေ့ဒဏ်ရာကို ဘာမှလုပ်မ ပေးဘူးလားဟင်"

"ကားသမားက အမေ့ကို ဆေးခန်းပို့ပေးပြီး ဆေးဖိုးလည်း သူပဲ အကုန်ခံပေးခဲ့တာကွယ်"

ဒေါ်မြအေးမှာ အရင်ကလို စိတ်ချမ်းသာ ကိုယ်ချမ်းသာ မရှိခဲ့ပေ။ အိမ်တွင် စီးပွားရေးကလည်း အရင်လို ဝင်ငွေက မကောင်းခဲ့။ ယောကျ်ားဖြစ်သူက ချောက်လဲကျ၍ ခြေထောက်အရိုးအက် ကာ ဆေးရုံတက်ရ၏။ သားက သုံးဘာသာ ကျနေသဖြင့် ဆရာက မိဘဖြစ်တဲ့ သူမအား ကျောင်းသို့ ခေါ်တွေ့ ၍ အသိပေးခဲ့၏။ ပြဿနာ တစ်ခုပြီးတစ်ခု ကြုံနေရသည့် အထဲတွင် မိမိကိုယ်တိုင် ပင်လျှင် စျေးဝယ်သွားရင်း ဆိုက်ကား မှောက်၍ ခေါင်းတွင် ဒဏ်ရာရခဲ့သည်။

"အင်း . . . ငါတို့မိသားစုတော့ ငြိုလ်ဆိုးတစ်ခုခု ဝင်နေသလား၊ ဒါမှ မဟုတ် ကံကပဲ နိမ့်နေကြလို့လား၊

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက် တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီး တစ်မျိုး အပြစ်ဆိုးတွေ ကြုံနေရတာက တော့ အတိုက်အခိုက်တွေများ ရှိနေသလားပဲ၊ စျေးရောင်းကောင်းပြီး စီးပွားရေး အဆင်ပြေနေတာကို မနာလို သူတွေများ တိုက်ခိုက်ထားရော့ သလားပဲ"

ဒေါ်မြအေးလည်း သူမ အိမ်တွင် ဖြစ်ပျက်နေသော အခြေအအနေများအပေါ် သံသယဝင်မိကာ နားလည် တတ်ကျွမ်း သူများနှင့် မေးစမ်းကြည့်ရန် စဉ်းစားမိ လေသည်။

"ငါ . . . ဗေဒင်ဆရာကောင်း ကောင်းဆီသွားပြီး ဗေဒင်လေးဘာလေး မေးပြီး အဆိုးတွေ ပပျောက်အောင် ယတြာလေးဘာလေး ချေခိုင်းပေးရ တော့မှာပဲ"

"ဟော . . . အမကြီး ကြွပါ ခင်ဗျာ၊ ထိုင်ခုံမှာ ဝင်ထိုင်ပါ။ ကျွန်တော် ဘာများ အကူအညီ ပေးရပါမလဲခင်ဗျား"

ဒေါ်မြအေးလည်း သူမတို့ မိသားစု၏ ဖြစ်စဉ်များကို ပြောပြ၍ အညံ့များ ပပျောက်နိုင်ရန် ယတြာချေ ပေးနိုင်အောင်၊ လာခဲ့ခြင်းဖြစ်ကြောင်း အပြည့်အစုံ ပြောပြလိုက်သည်။

"အင်း . . . ကျွန်တော် တွက်ချက်ကြည့်တဲ့ အနေအထားက တော့ တခြားကြီးကြီးမားမား ဖြစ်လောက်တဲ့ အခြေအနေ မတွေ့ရပါဘူး၊ ဒါပေမဲ့ အိမ်မှာ အဝင်မတော်တာတို့၊ အခြား တစ်ခုခုက ခိုက်နေတာလည်း ဖြစ်နိုင်ပါတယ်"

"အိမ်မှာ လူဝင်မတော်ရ အောင် မိသာစု လေးယောက်ပဲ ရှိပါ တယ်ရှင်"

"ဒီလိုဆိုရင် . . . အိမ်မှာ ပြီးခဲ့တဲ့ တစ်လနှစ်လအတွင်းမှာ ဘာများ ထူးထူးခြားခြား လုပ်ထားမိတာ ရှိသလဲခင်ဗျာ"

"သြော် . . . ကျွန်မမေ့နေ လိုက်တာ၊ ပြီးခဲ့တဲ့ နှစ်လလောက်က ကျွန်မ မိတ်ဆွေအိမ်က ငရုတ်ဖြူလေး တွေမြင်ပြီး မျိုးတောင်းလာပြီး အိမ်မှာ စိုက်ထားခဲ့တာတော့ ရှိပါတယ်ရှင်"

"သြော် . . . ဟုတ်လား။ အိမ် ရဲ့ ဘယ်နေရာမှာ စိုက်ထားပါလဲခင်ဗျာ"

"အိမ်ရှောက်က ပန်းပင်တွေ နားမှာ ပန်းအိုးနဲ့ ထည့်စိုက်ထားတာပါ ဆရာ၊ အခုဆို သီးတောင်နေပါပြီ"

"အင်း . . . အင်း . . . ဒါကြောင့် အမကြီးရဲ့ အိမ်မှာ အပူတွေ တစ်ခုပြီး တစ်ခု ဝင်လာခဲ့ရတာပဲဗျ၊ ငရုတ်က ပူတယ်မဟုတ်လား၊ အိမ်ရှေ့မှာ စိုက် ထားပြီး တဖြည်းဖြည်း ကြီးထွားလာတာ နဲ့အမျှ အိမ်ကို အပူတွေဝင်ပြီး အခုလို ပူပင်သောက ဖြစ်စရာတွေ ကြုံခဲ့ရတာ ပေါ့ဗျာ"

"ဗာ . . . ဟုတ်လား ဆရာ ရယ်၊ ကျွန်မတို့က ဒီလိုဖြစ်လာမယ်မှန်း လည်း မသိလို့ အတောင့်ဖြူဖြူဆွတ်ဆွတ် လေးတွေသီးလို့ လှတယ်ဆိုပြီး အိမ်ရှေ့ ဘက်မှာ စိုက်ထားခဲ့တာပါ ဆရာ"

"ဆရာ . . . အဲဒီ အညံ့အခိုက် တွေ ပပျောက်အောင် ဘယ်လိုယတြာ လုပ်ပေးရမယ်ဆိုတာ ညွှန်ပြပေးပါရှင်"

"အို . . . ဘာယတြာမှ ချေပေး

www.burmeseclassic.com

www.burmeseclassic.com

တွင်တော့ ဈေးရောင်းလည်း ကောင်းလာ ကာ အိမ်တွင်လည်း မည်သည့်အပူအပင် မှ မရှိတော့ပဲ အေးအေးချမ်းချမ်း ရှိခဲ့ ကြလေတော့သည်။

တင့်ထူး(ငယ်ဝတီ)

ဒေါ်မြအေးလည်း ဆရာအား ဉာဏ်ပူဇော်ခ ကန်တော့ခဲ့ကာ အိမ်သို့ ရောက်သည်နှင့် ငရုတ်ပင် စိုက်ထား သည့် အိုးများကို အိမ်၏ နောက်ဘက် သို့ ရွှေ့ပြောင်းပေးခဲ့လေသည်။ ထို့နောက်

စရာ မလိုပါဘူးဗျ။ အည့ဲအခိုက်တွေ ပပျောက်သွားအောင် အိမ်ရှေ့မှာ စိုက် ထားတဲ့ ငရုတ်ပင်အိုးတွေကို အိမ်ရဲ့ နောက်ဖက်ကို ရွှေ့ပေးထားလိုက်ရင် ပြီးတာပါပဲဗျာ"

Dear Marry

Online Shopping Myanmar

No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt

http://www.facebook.com/Dear Marry Myanmar

Contact-09 5136230/ 09 5036602/ 09 5172150

www.burmeseclassic.com

www.burmeseclassic.com

သရဖူသန်းအောင်(မော်ကျွန်း)

အင်ပါနှင်ယားဒေသ

www.burmeseclassic.com

www.burmeseclassic.com

လူတွေအတွက် ကံမကောင်းအကြောင်းမလှလို့ အရေးကိစ္စတစ်ခုခုနှင့် ကြုံဆုံနေခိုက်တွင် နောက် အရေးအကြောင်းတစ်ခုများ တစ်ဖန် ထပ်မံပေါ်ပေါက်ခဲ့ပါလျှင် လူတို့၏ နှုတ်ဖျားမှ ဆိုစကားတွေက မုဆိုးမသွားရာ မိုးလိုက်လို့ရွာ၊ မြေနိမ့်ရာလဲ့စိုက်၊ ရေမွန်းသူဝါးကူ နှစ်ဟု ဆိုသော မြန်မာ့ဓလေ့စကားကကလေးများကို အစစ ပြောဆိုလေ့ရှိကြပါ၏။ ထိုအခါ တချို့ကလည်း တပူပေါ် နှစ်ပူဆင့်လို့ ဆိုကြပြန်သေး၏။ ဒါကြောင့် ထိုအချက်တွေနှင့်ပတ်သက်လို့ အပူဆင့်သလို ဖြစ်ခဲ့ရသော မိသားစုတစ်စုအကြောင်းကလေးကို စာရေးသူတွေကြုံဖူးခဲ့ပါသဖြင့် တင်ပြလိုက်ပါသည်။

ထိုရွာမှာ အစ်ကိုဖြစ်သူရဲ့ မိတ်ဆွေအိမ်တွင် တည်းခိုရခြင်းဖြစ်ပါသည်။ ၎င်းအိမ်မှာလည်း မိသားစုငါးယောက်ရှိ၏။ ရှိပုံမှာ အဘွားအိုတစ်ဦးရယ်၊ အဘွား၏သားနှင့် ချွေးမ၊ နောက် မြေးယောကျ်ားကလေးကနှစ်ယောက်တို့ ဖြစ်ပါသည်။ ထိုသို့ မိသားစုငါးယောက်သည် ကိုယ်ပိုင်အိမ်ကလေးနှင့် နေရသော်လည်း သူတို့မှာက အလုပ်ပိုင်မရှိပေ။ ကိုယ်ပိုင်အလုပ်မရှိပေ။ ဒါကြောင့် အိမ်ထောင်ဦးစီးဖြစ်သူ အဘွားသားကိုမြင့်ဝေမှ နေ့တဈဝဆိုတာလို ပြင်ပအလုပ်များဖြင့်သာ ပြင်ပမှာသာ မိသားစုစားဝတ်နေရေးအတွက် ထွက်ခွာကာ သွားလာလုပ်ရှားနေရရှာလေသည်။ ထိုအထဲ သားနှစ်ယောက်က ရှစ်တန်းနှင့် ဆယ်တန်းကျောင်းသားများ ဖြစ်ကြသေး၏။ ဒီတော့ မိဘဖြစ်သူများမှာ ငွေရေးအတွက် ဇယ်စက်သလို အလုပ်လုပ်ကိုင်နေကြရလေသည်။

ထိုအခါ ယောကျ်ားဖြစ်သူက ပြင်ပမှာ ငွေရှာနေသလို အိမ်ရှင်မဖြစ်သူ မစန်းမြင့်ကလည်း အိမ်တွင် အိမ်မှုကိစ္စများ လုပ်ရင်းနှင့်အတူ သူကလည်း တစ်ဖက်တစ်လမ်း ငွေရရေးအတွက် ရပ်ကွက်အတွင်းရှိ ဝါသနာရှင်တစ်စုတို့နှင့် ပေါင်းဖက်ကာ နှစ်လုံး၊ သုံးလုံးစသည့် ငွေရလွယ်ကူစေသော၊ ငွေကုန်လွယ်ကူစေသော စီးပွားရေးဖြတ်လမ်းအလုပ်ကလေးများကို လုပ်နေသေး၏။ ထိုစဉ် သူတို့ကိုယ်၌ကလည်း တွက်ချက်ကြသလို သူများတကာပြောတဲ့ ပြောဂဏန်း၊ ကြားဂဏန်းများကိုပါ တမက်တမော အရယူကာ သုံးစွဲနေကြသေး၏။

ဒီလိုနှင့် စာရေးသူတို့ ရောက်လို့ သုံးရက်မြောက်နေ့မှာတော့ ယောကျ်ားဖြစ်သူ ကိုမြင့်ဝေက ဟာသ်တမြို့သို့ စီးပွားအလုပ်ကိစ္စတစ်ခုဖြင့် ခရီးထွက်သွားသလို မိန်းမဖြစ်သူ မစန်းမြင့်ကလည်း ထိုနေ့ပင် တစ်မိုင်လောက်ဝေးသော ရွာတစ်ရွာကို အဖော်မိန်းမတစ်ယောက်နှင့်အတူ သူကလည်း စီးပွားရေးအလုပ်ကိစ္စလို့ပဲ ပြောရမလိုပါ။

www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ချိန်တွင် ခြေကျင်ခရီးသွားကြ
လေသည်။ အမှန်တော့ ယောက်ျားဖြစ်
သူ ကိုမြင့်ဝေ အလုပ်ကိစ္စအတွက်
သွားခြင်းမှာ ငွေရပေါက်ကျိန်းသေသော်
လည်း မိန်းမဖြစ်သူ မစန်းမြင့် သူကိစ္စ
အတွက် သွားခြင်းကတော့ ငွေရရေး
ကိုန်းမသေလုပါ။ ဘာကြောင့်လဲဆိုတော့
သူက သုံးလုံးဂဏန်းရရေးအတွက်
အတိတ်စိန်းသွားကောက်တာ ဖြစ်လေ
သည်။ အတိတ်စိန်းပေးတဲ့သူက
ဘိုးတော်ဝင်စားတယ်ဆိုသော သုံးနှစ်
သားလေး ဘိုးတော်ပေါက်စနပင် ဖြစ်ပေ
သည်။ ထိုဘိုးတော်လေးဆိုသူကို မိဘ
တွေက အဝတ်ဖြူလေး စည်းပေးထား
သတဲ့။ သူထံကို သွားပြီး အတိတ်ဂဏန်း
ယူသူတို့ကို သူက နှုတ်စကားနှင့်ပြော
တာလည်း မဟုတ်ပေ။ သူ ဆော့ကစား
နေစဉ် သူ၏ လူပ်ရှားပုံများကိုကြည့်ကာ
လူတွေက(လူကြီးတွေက) အတိတ်စိန်း
ကောက်ကြရတယ်လို့ ဆိုပါသည်။ အဲဒီ
အခါမှာ မှန်သူတို့ တစ်ခါတလေ မှန်ကြ
သလို မမှန်သူတွေကသာ များပြားနေပါ
သတဲ့။ ဒါပေမဲ့ ဘိုးတော်လေး၏ မိဘ
နှစ်ပါးကတော့ လာဘ်လာဘတွေ ရနေ
သည်ဖြစ်၏။ နောက်ဆုံးတော့ စာရေးသူ
ကို (အဘဖြစ်သူက) တစ်ခါ ပြောခဲ့ဖူး
သော စကားတစ်ခုရှိလေသည်။ အဲဒီ
စကားကတော့ (အန္တကပြော ဗာလကရဲ့
ဥမ္မတက္က ဝါဒဖြန့်) ဆိုတာလိုပါပဲ
(အန္တကပြောတာကို နားမလည်သူ
ဗာလတွေကရဲ့ မစစ်ဆေး၊ မမေးမြန်းသူ
လူပိန်း ဥမ္မတက္ကတွေက ဝါဒဖြန့်နေကြ
သလိုပါ။ ဒါပေမဲ့ ထိုဖြစ်ရပ်မျှားသည်
ကြာရှည်စွာ ရပ်တည်လို့မရကြပါ။
(မှတ်ချက်) ၎င်းဆောင်းပါး၏ အခြေခံ
ကလေးမှာ ထိုဘိုးတော်ကလေးကစတာ
မို့ ယင်းအကြောင်းကလေးကိုပါ အနည်း
ငယ် ရေးမိလိုက်ခြင်းဖြစ်ပါသည်။

အဲဒီလိုနှင့် ဘိုးတော်ကလေး
ထံမှ ပြန်လာသော အတိတ်စိန်းကောက်
ယူကာ ပြန်လာ မစန်းမြင့် အပြန်တွင်
မိုးအနည်းငယ်မိသွားတာကြောင့်လည်း
သူတွင် အအေးမိသွားသလိုဖြစ်၍ အိမ်
ရောက်တာနှင့် အဝတ်ခြောက်ကို
ချက်ချင်းလဲ၍ သူကိုယ်သူလည်း
နွေးထွေးအောင် ထိုင်နေသလိုပါ။
ဒါပေမဲ့ သူ၏ အတွင်းအင္ဂါတွေအခြေအနေ
သည် သူရုပ်တွင် ပေါ်လွင်နေသလိုမို့
ကျွန်တော့်အစ်ကိုကြီးဖြစ်သူကပင် သူ
ကုပ်ချောင်းချောင်းဖြစ်နေတာတွေ့ရလို့-
"ဟဲ့ . . . မစန်းမြင့်။
နင့်ကြည့်ရတာ အအေးပတ်သွားပြီထင်
တယ်။ ကြက်ကုပ်ရုပ်ကို ပေါက်သွား
တာပဲ။ နင်ရလာတဲ့ အတိတ်စိန်းက မှန်၊
မမှန်တော့ မသိဘူး။ နင်ကတော့ အရင်
လဲတော့မှာပဲ။ ဆေးလေး၊ ဘာလေး
ကြိုသောက်ထားဦး"

ဒီတော့လည်း သူကိုယ်သူ
ဟုတ်မှန်နေတဲ့အတွက် . . .

"ဟုတ်တယ် ဦးလေးရဲ့။
ကျွန်မကိုယ်ကျွန်မလည်း သိနေတယ်။
ကျွန်မ မိုးမိသွားတယ်။ သွားတုန်းက
မိုးမရွာဘူးထင်တာနဲ့ ထီးယူမသွားဖြစ်ဘူး
လေ။ ဒါတောင် အဖော်က ထီးပါလို့
မိုးရွာတော့ နှစ်ယောက် ထီးတစ်လက်နဲ့
ဘယ်လုံတော့မှာလဲ။ မိုးသည်းတော့

www.burmeseclassic.com

www.burmeseclassic.com

ရွဲတော့တာပေါ့။ နှစ်ယောက်စလုံးပဲ"

"အေး ... အဲဒါဆို ညည်း ခါတိုင်းစားနေ၊ လျှက်နေကြ ငန်းဆေး လေးကို လျှက်ထားလိုက်ဦးတော်ရေ။ တော်တော်ကြာ မောင်ကြီးပြောသလို လဲနေဦးမယ်"

သူပြောစကားအတွက် ယောက်ခမဖြစ်သူ မိန်းမသူကြီးကပါ ထိုသို့ ထပ်ပြောလိုက်သေး၏။ ဒီတော့လည်း သူက ဆေးပုလင်းရှိရာကို ထသွားရင်းနှင့် ...

"ဟုတ်ကဲ့ပါ အစ်မ။ ကျွန်မ သောက်ထားလိုက်ဦးမယ်"

သူကလည်း နာခံစွာ ပြောဆို လျှက် ရှိပေသည်။ ဒီလိုနှင့် ဆေးပုလင်း ကလေးတစ်လုံးကို ကြောင်အိမ်လေး တစ်လုံးပေါ်ကနေ ထယူလိုက်ပြီး ချက်ချင်းပင် ဖွင့်လိုက်ပြီး ဆေးမှုန့်များကို လက်ခုပ်တွင်း အတန်အသင့်ထည့်ကာ သူ၏ ပါးစပ်တွင်းသို့ပင် မတ်တတ်ရပ် လျှက်ကနေ ပါးစပ်ဟကာ ပက်ထည့်လိုက်လေ၏။ ထိုအခါ ခံတွင်းခြောက်နေ တာနှင့် တွေ့လို့ပဲလား၊ သို့မဟုတ် လေနှင့်တွေ့လို့ပဲလားတော့ မဆိုတတ်ပေ။ သည်းသလို၊ မွှန်သလိုဖြစ်ကာ တဟွတ်ဟွတ်နဲ့ ချောင်းခြောက်ကြီးဆိုးနေ ပါတော့သည်။ နောက်တော့ ထိုနေရာမှာတွင် ထိုင်ချလိုက်ရခြင်းနှင့်အတူ ချောင်းဆိုးလို့မရတော့ဘဲ အဟိအဟိ ဖြစ်ကာပင် မျက်ဖြူကြီးပါလံပြီး နေရာမှာတွင် လဲမလိုဖြစ်သွားတော့သည်။ ထိုအခါ စာရေးသူရော၊ အစ်ကိုကြီးဖြစ်သူရော သူ့ကို ပွေ့ထားလိုက်ကာ အစ်ကိုကြီးဖြစ်သူကပင် ရင်ဘတ်တွေဖို၊ ကျောက်ကုံးတွေနှိပ်ကာလုပ်ပေမယ့် သတိလစ်သလို ဖြစ်သွားပါလေ၏။ ဒီတော့ ထမင်းအိုးငဲ့နေသော အဘွားကလည်း ထမင်းငဲ့လက်စကြီးထားရစ်ကာ အိမ်အောက်ကိုဆင်း၍ အိမ်နီးချင်းတွေကို ခေါ်ပါသည်။ ဒီတော့ အိမ်နီးချင်းတွေပါ ရောက်လာပြီး သတိလစ်သွားသော သူ့ကို မစန်းမြင့်ကို ပြူပြင်ကြပေမယ့် သတိပြန် မရသေးတာကြောင့် နီးစပ်ရာဆေးခန်းကို ဆိုက်ကားသမားခေါ်ကာ တင်ပြီးသွား၍ ထိုအခါ စာရေးသူနှင့် အစ်ကိုကြီးဖြစ်သူတို့မှာလည်း နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းဆိုတာလို နှုတ်ရောလက်ရောတော့ ကူညီမှုတွေ ပြုပေးလိုက်၏။ ဒါပေမဲ့ ဆေးရုံကို မလိုက်ဖြစ်ကြပေ။ ထို့အတူ ယောက်ခမ ဖြစ်သူ အဘွားကြီးခမျာမှာလည်း ဟာယာခပ်၍ နေလေသည်။ သူလည်း ဆေးရုံသို့မလိုက်နိုင်။ ဒါပေမဲ့ ခရီးသွား သော သားဖြစ်သူထံကိုတော့ ဖုန်းနဲ့ပါက်

www.burmeseclassic.com

www.burmeseclassic.com

အဆက်အစပ်ရှိနေသဖြင့် ဖုန်းဆက် အခါ ဖြစ်ချင်တော့ မြွေပူရာကင်းမှောက် ထားလိုက်ရတယ်ဆိုတဲ့ သတင်းဆိုးကို
အကြောင်းကြားထားလိုက်သဖြင့် သား ဆိုတာလို ဖြစ်ပြီး လမ်းခုလတ်မှာ ထပ်မံကာ ကြားလိုက်ရတဲ့အတွက်
ဖြစ်သူ ကိုမြင့်ဝေမှာ မိန်းမဖြစ်သူ ဆိုင်ကယ်နှင့် ကားတစ်စီးဖင်နှင့် အဘွားကြီးဖြစ်သူမှာ ပို၍ စိတ်မကောင်း
ဆေးရုံတင်လိုက်ရတယ်ဆိုတာကို ဝင်ချိတ်ကာ ဆိုင်ကယ်မှောက်သွားပါလေ ဖြစ်သွားရသလိုပါ။ ထို့အတူ စာရေးသူနှင့်
ကြားသိသွားပြီဖြစ်၏။ ဒါပေမဲ့ ကြားတာပဲ တော့သည်။ ထိုအခါမှ နောက်ကလိုက် အစ်ကိုကြီးဖြစ်သူတို့မလည်း နှုတ်ကပင်
ရှိသည်၊ သိရတာပဲဖြစ်သည် ချက်ချင်း သူမှာ ဒဏ်ရာမပြင်းထန်လို့ သွေးရူး တဟင်ဟင်၊ တဟာဟာဖြစ်ကာ ဖြစ်ရ
ပြန်လာလို့မရပေ။ မနက်ဖြန် ရထားနဲ့မှ သွေးတန်းနှင့် ထကာ ပြေးလွှားသွားနိုင် လေခြင်း၊ ဖြစ်မှဖြစ်ရလေခြင်းဟုပင်
ပြန်လာလို့ရမည်ဖြစ်၏။ ထိုနေရာမှာ ပေမယ့် မောင်းသူခမျာမှာ ထိုအတိုက်ခံ ပြောဆိုမိကြလေ၏။ ထိုအခါ အိမ်နီးချင်း
ကိုယ်ပိုင်ကားစီးနိုင်သူမျိုးဆိုလျှင်တော့ ရသည့်နေရာမှာတင် သွေးသန်ရဲရဲဖြင့် တချို့ကို ဆေးရုံသို့ လိုက်သွားပေးရန်
ကိုယ့်ကားကလေးနဲ့ကိုယ် ညတွင်းချင်း ပုံလျက်သား လဲနေခဲ့လေသည်။ ထို ပြောရပြန်၏။ အဘွားကြီးခမျာ
ပြန်လာလို့ရပေမပေါ့။ ခုတော့ ကိုယ်ပိုင် အချင်းအရာကို လမ်းဘေးရှိ သွားလာပြီး သူကတော့ မလိုက်နိုင်ပါ။ ထို့အတူ
ကားမဆိုထားနှင့် ကိုယ်ပိုင်စက်ဘီး ဝိုင်းကြည့်နေသူတွေအထဲတွင် ထိုလူ သားဖြစ်သူထံသို့လည်း ဖုန်းထပ်ဆက်ရ
တောင် မစီးနိုင်တဲ့အခြေအနေ ဆိုရမလို ငယ်ကို မှတ်မိနေသူတစ်ဦး ပါသဖြင့် ပြန်သည်။ သားရေ အပြန်မှ အပြန်သာ
ပါ။ သူကပင် ဆေးရုံကိုပို့ပြီး နေအိမ်ကိုပါ ပြန်လာခဲ့ပေတော့။ ဖြစ်နိုင်လျှင် ညတွင်း

ထိုစဉ် ညနေပိုင်း ကျောင်း အကြောင်းကြားပေးလိုက်တဲ့အတွက် ချင်း ပြန်ခဲ့စေလိုသည်ဟု ဖုန်းဆက်ကာ
လွှတ်ချိန်ကို ရောက်ပြန်တော့ ကျောင်း အဘွားကြီးနဲ့အတူ စာရေးသူတို့ပါ အကျိုးအကြောင်း ပြောပြလိုက်လေ၏။
မှပြန်လာသော ဆယ်တန်းကျောင်းသား သိလိုက်ရပြန်သည်။ မကြာသော နာရီ ထိုစဉ် ခရီးသွားနေသော သား
က မိခင်၏ ဖြစ်ပျက်ပုံကို သိလိုက်ရတဲ့ ခန့်ကမှ မိခင်ဖြစ်သူကို အရေးပေါ် ဖြစ်သူ ကိုမြင့်ဝေမျာမှာလည်း မိခင်ဖြစ်
အတွက် သူကလည်း မိခင်ဇောနဲ့ပင် ဆေးရုံတင်လိုက်ရသည်။ ယခုတစ်ဖန် သူက ပထမတစ်ခါကနေ နောက်တစ်ခါ
အပေါင်းအသင်း ဆိုင်ကယ်တစ်စီးနှင့် သားဖြစ်သူကပါ ဆိုင်ကယ်မှောက်ကာ ပါ ဆက်လိုက်ပြန်တဲ့အတွက် ထိုနောက်
အဖော်တစ်ယောက်ပါတင်ပြီး ပုသိမ် တစ်ကိုယ်လုံး သွေးရဲရဲနှင့် ဖြစ်နေလို့ တစ်ခါအတွက်မှာတော့ သေရေးပင်
ဆေးရုံကြီးမှ မိခင်ထံကို မောင်းပြန်သော အမြင်မတော်သူတို့က ဆေးရုံတင်ပေး ဖြစ်တန်တယ်လို့ သတ်မှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကယ်မောက်သည်ဆိုခြင်း၌ သေ သည်ကများသည် မဟုတ်ပါကလား။ သို့သော် ဖြစ်လိုရာဖြစ်စေတော့ ယခုည အဖို့တော့ ဘယ်လိုမှ ပြန်လို့မရနိုင်မှန်း သိနေသည်။ ဒါကြောင့် နောက်နေ့မနက် မြန်မြန်ရောက်ပါစေလို့ ဆုတောင်းမိခြင်း နှင့်အတူ သားနဲ့ မယားအသက် ချမ်းသာကြပါစေလို့ မြတ်ဘုရားထံ ဆုတောင်းပေးခြင်းမှ ပ သူ ဘာမှ မတတ်သာခဲ့ပါပေ။

ထို အခါ ကိုမြင့်ဝေရဲ့ ဆုတောင်းပြည့်တန်သလောက် ပြည့်ခဲ့ပါသည်။ နောက်နေ့ ရထားဆိုက်တာနှင့် အတူ ဆေးရုံကို တန်းပြီး လာခဲ့လေရာ သားရော မယားပါ အသက်ရှင်လျက် တွေ့လိုက်ရလေသည်။ ဒါပေမဲ့ မြင်ကွင်းကတော့ အနိဌာရုံမြင်ကွင်းမျိုးပဲ ဖြစ်နေပါသေး၏။ မိန်းမဖြစ်သူမှာ မိန်းမဆောင်တွင် ခုတင်ပေါ်၌ နှာခေါင်းပိုက်တန်းလန်း လက်တင်လည်း အကျောဆေးပိုက် တန်းလန်းနှင့် မှေးမှိန်နေတာ တွေ့လိုက်ရသလို သားဖြစ်သူကတော့ လည်း ယောကျ်ားဆောင်တွင် ခေါင်းတွင် ပတ်တီးများ အထပ်ထပ်စည်းထားတာ နှင့် အတူ လက်တစ်ဖက်မှာတော့ လက်ကျိုးသွားလို့ ကျောက်ပတ်တီးစည်း ထားတာကို တွေ့လိုက်ရပြန်လေ၏။ ထိုစဉ် ဂုဏ်မြင့်ကွင်းများကို ကိုမြင့် ဝေ အလွန်ပင် ခံစားလိုက်ရလေသည်။ ဒါပေမဲ့ သေသွားတာထက်စာလျှင် တော်သေးရဲ့ဟုပင် သူကိုယ်သူ ဖြေသိမ့်လိုက်ရသလိုပါ။

ထိုအခါ အကြောင်းတစ်ခုက ကိုမြင့်ဝေအဖို့ ရှိနေပြန်သေး၏။ ဒါကတော့ ငွေရေးကြေးရေးပင် ဖြစ်ပြန်သည်။ မရှိဆင်းရဲသားတွေအတွက် အကြောင်းကိစ္စတစ်ခုခု ဖြစ်ပေါ်ခဲ့ပါလျှင် ယင်းအကြောင်းနှင့် စပ်လျဉ်းကာ နောက်ဆက်တွဲပေါ်လာသော အချက်က ငွေကြေးပင် ဖြစ်နေပြန်သည်။ တပူပေါ် နှစ်ပူဆင့်ဆိုတာလို ဖြစ်လေရှိ၏။ ဒါပေမဲ့ စားစရာမရှိ ရော်စရာရှိဆိုသော စကား နှင့်အညီ လူမသေ ငွေမရှားဆိုသော စကားတွေလိုပင် ကိုမြင့်ဝေကလည်း ထိုစဉ် ဂုဏ်မြင့်ကွင်းများကို ကိုမြင့် ဝေ အလွန်ပင် ခံစားလိုက်ရလေသည်။ ဒါပေမဲ့ သေသွားတာထက်စာလျှင် တော်သေးရဲ့ဟုပင် သူကိုယ်သူ ဖြေသိမ့်လိုက်ရသလိုပါ။

ထိုအခါ သူတို့သားအမိနှစ်ယောက်၏ ရုပ်ဆင်းတွေကို ကိုယ်တိုင်မြင်တွေ့လိုက်ရပြန်တော့ စာရေးသူတို့ပင် ထပ်မံကာ စိတ်မကောင်းဖြစ်ခဲ့ရသေး၏။ ဒါပေမဲ့ လူမသေတာ တော်သေးတာပေါ့နှင့် တွေးပြီး ကိုယ့်ဘာသာကိုယ်ပင် ဖြေမိခဲ့သေး၏။

ထို စဉ် စာရေးသူတို့မှာ လတ်တလော ကိစ္စမပြီးသေးလို့ မပြန်ရသေးတော့ သူတို့အိမ်မှာပင် အဘွားကြီးနှင့်အတူ အိမ်စောင့်လို နေနေရသေး၏။ ထိုအခါ မကောင်းမှုတစ်ခုက ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပျက်လာပြန်တာက သုံးရက်လောက် အကြာ အိမ်မှာမွေးထားတဲ့အချိန် နှစ်ဆယ်လောက်ရှိသော ဝက်ကလေးမှာ လောလောလတ်လတ် သေသွားပြန်ပါသည်။ ဒီတော့ လူတချို့က ဝက်ကလေးက လူတွေအတွက် ဓားစာခံ သေပေးရတာ။ အဲဒါ ခြေလေးကျောင်းထွက်တာ ခေါ်တယ်ဟု ဆိုကြသလို အိမ်တွင် သတင်းလာမေးကြသူ လူတချို့တွေ ကလည်း အဲဒါ အကုသိုလ်ဝင်တာခေါ်တယ်။ အကုသိုလ်ဆိုတာ အဖော်နှင့်လာတာ။ အကုသိုလ်က အဖော်နဲ့လာသလိုပဲ။ စသိစကားကလေးများကို လူသုံးလေးဦးလောက်က သတင်းလာမေးရင်းနှင့် ပြောဆိုသွားကြတာကို စာရေးသူ နားဖြင့် ကြားခဲ့မိပါ၏။ ဒါကတော့ တစ်ကျောင်း၊ တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုတာလို ပြောနည်း များ ဖြစ်တန်ပါသည်။ ဒါကြောင့် စာရေးသူကလည်း ထိုဖြစ်ရပ်ကလေးကိုပင် (အဖော်နှင့်လာသော အကုသိုလ်)ဟုပင် ဆောင်းပါးခေါင်းစီးတပ်လိုက်ပါတော့သည်။ ထိုအခါ ၎င်းအကုသိုလ်တွေ စတင်ခဲ့တာကလည်း ဘိုးတော်လေးက စတာလို့ပင် စာရေးသူ တွေးမိလိုက်ပါသေး၏။

သရဖူသန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကိုးကွယ်ပုံ

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဇရစ်ရိုးများအပြင် အခြားသော အသီး ထွန်းခတို့ ရွာလေးသည် တောင်ခြေအနီးတွင် တည်ရှိလေသည်။ ဆင်းရဲသား လူနည်းစုနေထိုင်ကြပြီး ရွာဘေးတွင် ကြီးမားသော ချောင်းကြီး တစ်ချောင်း ရှိသည်။ တောင်ယာ လုပ်ကိုင်သူအချို့ရှိပြီး အချို့မှာ တောထဲမှ ဟင်းသီးဟင်းရွက်ခူးကာ မနီးမဝေးတွင် ရှိသော မြို့ငယ်လေးသို့ သွားရောက် ရောင်းချခြင်းဖြင့် အသက်မွေးကြသည်။ မြို့ငယ်လေးသည် အထိုက် အလျောက် စည်ကားပြီး ငါးရက်တစ်ဈေး ခင်းသော ဈေးတန်းလေးရှိသဖြင့် အနီး အနားရှိ ရွာငယ်မှ လူများသည် ရာသီ အလိုက် တောထွက် အသီးအနှံများ ရောင်းချခြင်းကိုလည်းကောင်း ချောင်း မြောင်းနီးသော ရွာငယ်များက ငါး၊ ပုစွန် များ ရောင်းချခြင်းဖြင့်လည်းကောင်း ရွာသူရွာသားတို့မှာ စိတ်သန်ရာကို လုပ်ကိုင်ကြရသည်။ တောတွင်းရှိ ခွေးတောက်ရွက်၊ စွယ်တော်ရွက်၊ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ ကန်စွန်း၊ ခံတက်၊

"မျှစ်ရည် မကြားမိသေးပါဘူး"

"မနေ့က ကိုမောင်တို့ ရလာတယ်။ ဘာပဲဖြစ်ဖြစ် အနည်းနဲ့အများ တော့ ရမှာပဲ။ သန်ဘက်ခါ စျေးနေ့ဆို တော့ ပေါ်ဦးပေါ်ခါ စျေးကောင်းရနိုင်တယ်"

"တောနက်ထဲအထိတော့ သွားမနေပါနဲ့ရှင်။ အန္တရာယ်များပါတယ်။ အဖော်ဘယ်သူပါသေးလဲ"

"မပါဘူး မသေချာသေးတော့ အဖော်ရှာမနေဘူး။ တစ်ယောက်တည်း ဖြစ်တယ်"

"သတိစိရိယနဲ့ သွားဦး"

"အေးပါဟာ ... မနက်ကို စောစောလေးနော်"

အိမ်ထောင်သက် နှစ်ပေါက် နေပြီဖြစ်သော်လည်း သားသမီးမထွန်း ကားပေ။ ထို့ကြောင့် လင်မယားနှစ် ယောက် ခြောက်ကပ်စွာပင် ဘဝကို ဖြတ်သန်းနေရသည်။ သို့ဖြင့် နောက် တစ်နေ့နံနက် အုံးမောင်းခေါက်သည်နှင့် မလှမေတစ်ယောက် ထကာ ထမင်းဟင်း

ထွန်းခ ဤရွာလေးတွင် နေထိုင်လာသည်မှာ ဘိုးစဉ်ဘောင်ဆက် ကတည်းက ဖြစ်သည်။ အများနည်းတူ ရုန်းကန်ရှာဖွေစားသောက် နေထိုင်လာ ရင်း မနှစ်က အိမ်ထောင်ကျသည်။ ထို့ကြောင့် ကိုယ်ပိုင်အိမ်လေးဖြင့် တစ်အိုးတစ်အိမ် ထူထောင်နေထိုင်လာ သည်မှာ နှစ်ပတ်လည်ခဲ့ပြီ။

သည်လိုဖြင့် ...

"လှမေ ... မိန်းမရေ မနက် ဖြန်မနက် စောစောလေးထပြီး ထမင်း ချက်နော်"

"ရှင် ... အလုပ်ရှိလို့လား"

"မရှိပါဘူးကွာ။ မိုးလေး အတော်များလာပြီဆိုတော့ တောင်ပေါ် တက်ပြီး မျှစ်ရှာကြည့်မလို့"

www.burmeseclassic.com

www.burmeseclassic.com

ချက်ပြုတ်လေသည်။ ချက်ပြုတ်ပြီးစီး သော် ထွန်းခကို နှိုးသည်။ ထွန်းခ ထမင်းကြမ်းစားနေချိန်တွင် မလှမေက တောတက်ရန်အတွက် ထမင်းထုပ်ပြင် ပေးခြင်း အခြားလိုအပ်သည်များကို ပြင်ဆင်ပေးလေသည်။

ထွန်းခ အိမ်ကထွက်လာ တော့ အလင်းရောင်ပင် ကောင်းစွာမရ သေးချေ။ ထွန်းခကဲ့သို့ပင် အခြားသော မိုရှာသူ၊ ဟင်းရွက်ခူးသူ၊ အင်ဉကောက် သူ တို့မှာလည်း တောထဲသို့ ထွက်ကြ လေသည်။ ရွာမှ စထွက်လျှင် ယာခင်း အချို့ကို ဖြတ်ကျော်ရသည်။ ယာခင်း များမှ လွန်လျှင် တောစပ်သို့ ရောက်လေ သည်။ သစ်ပင်ငယ်၊ ချုံပုတ်ငယ်များမှ တစ်ဆင့် သစ်ပင်ကြီးများ။ တောင်တန်း ကြီးများဖြင့် တစ်စတစ်စ တောနက်လာ သည်။

မိုရှာသူများက နေရာမရွေး ရှာနိုင်ကြပြီး အင်ဉကောက်သူများက အင်ပင်ပေါသောနေရာ (သို့) မြေသား ကောင်းမွန်ရာ နေရာများ၌ ရှာဖွေနိုင် သည်။ မျှစ်ချိုးသူများမှာမူ ဝါးပင်ပေါက် ရာ တောင်များနှင့် လျှိုကြီးများသို့ သွား ကာ ရှာဖွေကြရသည်။ ထို့ကြောင့် ထွန်းခတစ်ယောက် ဝါးတောင်များရှိရာ သို့ သွားရသည်။ ယောကျ်ားခြေဖြင့် ခပ်သွက်သွက်သွားရာ နေထန်းတစ်ဖျား ခန့်တွင် ဝါးတောင်များရှိရာသို့ ရောက် လေသည်။

မျှစ်ချိုးရာ၌ အဓိကအန္တရာယ် မှာ ခြင်ကြားများပင်ဖြစ်သည်။ လူရောက် လာပါက အုပ်စုလိုက် လာရောက်ပြီး အသံဖြင့် ဦးစွာ နှိပ်စက်သည်။ ပြီးလျှင် အသားစပေါ်သော နေရာများကို ဝင်ကိုက်ကြသည်။ ထို့ကြောင့် တော တက်သူတိုင်း အဝတ်ကို လုံခြုံအောင် ဝတ်ဆင်ကြရသည်။ သို့သော် အနည်း ငယ် သက်သာသည်မှလွဲ၍ ခြင်ကတော့ ကိုက်စမြဲ။ ထွန်းခလည်း ရောက်သည် နှင့် ခေတ္တအမောဖြေကာ တောင်ခြေ တစ်ဝိုက် ပတ်ကြည့်သည်။ မျှစ်မထွက် သေးပေ။ တောင်ပေါ်သို့ အနည်းငယ် တက်ကြည့်သော်လည်း တစ်ချောင်း တလေမျှပင် မတွေ့ရ။ ထို့ကြောင့် လျှိုကြီးတစ်ခုထဲသို့ ဆင်းလာခဲ့သည်။

ဝါးပင်တို့၏ သဘာဝသည် မိုးများများရွာပြီး အစိုဓာတ်ကောင်းမွန်စွာ ရသော နေရာများမှ စကား မျှစ်စိုများ ပေါက်ကြသည်။ တောင်အထက်ပိုင်းကမူ အစိုဓာတ်ကောင်းစွာ မရသောကြောင့် အထွက်နှုန်းပြီး အစိုဓာတ်ရသော လျှိုမြောင်များ၌ ဦးစွာ ပေါက်ရောက် တတ်သည်။ လျှိုကြီးမှာ မတ်စောက်လှ သဖြင့် သတိထားကာ ဆင်းနေရသည်။ ပတ်ဝန်းကျင်မှာတော့ ငှက်မျိုးစုံတို့၏ အော်မြည်သံ၊ မျောက်အော်သံများဖြင့် ဆူညံနေကြသည်။ အောက်သို့ ခပ်ဖြည်း ဖြည်းဆင်းရင်း တွေ့သော ဝါရုံများကို လည်း အလွတ်မပေးဘဲ ကြည့်သွား သည်။ အနည်းငယ်ဆင်းမိသော် ဝါးတစ် ရုံတွင် ထွက်နေသော တစ်ထွာသာသာ မျှစ်စိုပေါက်နှစ်ချောင်းကို တွေ့လိုက်ရ၍ ဝမ်းသာသွားသည်။ ထိုဝါးရုံသို့ ခက်ခက် ခဲခဲသွားကာ ဓားမြောင်ထုတ်ပြီး မျှစ်နှစ် ချောင်းကို ရနိုင်သလောက် မြေအတွင်း

www.burmeseclassic.com

www.burmeseclassic.com

နှိုက်ကာ ဖြတ်သည်။

ထို့နောက် ပလိုင်းထဲတွင် အသင့်ပါလာသော အိတ်တစ်လုံးထဲ ထည့်ကာ အိတ်လိုက်ပင် ပလိုင်းထဲသို့ ပြန်ထည့်လိုက်သည်။ ရသမျှ ချိုးထည့်ကာ လျှိုအောက်ခြေရောက်မှ အခွံကြမ်းများခွာချိန်၌ လွန်စွာ အသန့်ကြိုက်သည့် မို့ မျှစ်ချိုးထွက်သူတိုင်း အိတ်နှစ်လုံးကို မဖြစ်မနေ ယူဆောင်သွားကြရသည်။ တစ်လုံးသည် ရသမျှ မျှစ်များ ချိုးထည့်ရန်ဖြစ်ပြီး ကျန်တစ်လုံးမှာ အခွံကြမ်းခွာပြီးသော မျှစ်များ ထည့်ရန်ဖြစ်သည်။

သို့ဖြင့် အောက်သို့ဆင်းလာရာ ဝေးဝေးတစ်ချောင်းကို ခပ်ဖျော်ကျော်ဖျော်ကျော် တွေ့ရပြီး လျှိုအောက်ခြေအောက်တော့ စုစုပေါင်း အချောင်း ၂၀ ခန့် ရနေပြီ။ နေမွန်းတည့်ပြီမို့ လျှိုထဲမှာပင် ပါလာသော ထမင်းထုပ်ကို ဖြည်၍ စားလိုက်သည်။ ထမင်းစားပြီးနောက် ဆေးလိပ်မှာရင်း အနားယူသည်။

"အင်း ... အပြန်ကို လျှို ဟိုဘက်ကမ်းကနေ တက်ပြန်ရမယ်။ ကာ သစ်ပင်ကြီးငယ်တို့အား ပွတ်တိုက် နောက်ထပ် ဒီလောက်ရရင်တော့ ဒီနေ့ အတွက် မဆိုးဘူး"

တစ်ကိုယ်တည်း ညည်းတွား ပြီးနောက် ပလိုင်းထဲရှိအိတ်အတွင်းမှ မျှစ်များအား ဓားတစ်ချောင်းဖြင့် ဂရုတစိုက်ခွာသည်။ ထို့နောက် အခြား အိတ်တစ်လုံးထဲ ထည့်ကာ ပလိုင်းထဲသို့ အသာအယာထည့်လိုက်သည်။

ထို့နောက် အတန်ငယ်နားပြီးနောက် ပလိုင်းကို ကောက်လွယ်ကာ တစ်ဖက် ကမ်းပါးကို ခဲရာခဲဆစ် တက်ပြန်သည်။ အဆင်းတုန်းကလိုပဲ ဝေးဝေးတစ်ချောင်း တော့ တွေ့ရသည်။ ဤသို့ဖြင့် တက်သွား ရာ တစ်ဝက်ခန့်ပင် ရောက်နေပြီ။ မိုးတွင်းကာလမို့ အချို့နေရာများမှာ ရေညှိများဖြင့် ချော်နေသဖြင့် သတိထား သွားနေရာမှ တစ်နေရာအရောက်တွင် ခြေချော်ကာ အရှိန်မထိန်းနိုင်ဘဲ အောက်သို့ လိမ့်ဆင်းသွားလေသည်။

"အား ..."

အထုပ်တခြား၊ လူတခြားဖြစ် နှင့်ပါလာသော ဓားကို ကိုင်ထားသော မိမိလက်ကို ကြည့်ကာ ဝမ်းနည်းကြေကွဲမိသည်။ ဓားသည် ကိုယ်ရေးကိုယ်တာ ပစ္စည်းတစ်ခုဖြစ်ရုံမက ဖခင်ကြီးဆုံးပါးသွားသည့် နောက်ပိုင်း၌ ဖခင်ကြီး၏ အမှတ်တရ ပစ္စည်းတစ်ခုလည်း ဖြစ်နေသည်။ ဓားကို ပြန်ရှာရန် ဆင်းသက်လာခဲ့ရသည်မှာ ဤမျှ ခက်ခဲမည်ဟု ထင်မထားခဲ့ပေ

www.burmeseclassic.com

ဖြစ်နေသည်ကို သတိထားမိလိုက်သည်။

မီးအိမ်သည် ထွန်းခ မမြင်ဖူးသော ရှေးဟောင်းမီးအိမ်တစ်လုံးဖြစ်ပြီး ထိုမီးအိမ်မှထွက်သော အလင်းမှာ လွန်စွာဖျော့တော့အားနည်းလှသည်။ သို့သော် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်စွမ်းရှိသဖြင့် ထွန်းခသည် သူ ရောက်ရှိနေသည်မှာ လိုဏ်ဂူတစ်ခုအတွင်းမှာ ဖြစ်ကြောင်း သတိထားမိလိုက်သည်။

ၛင်းအပြင် မီးအိမ်ကို ကိုင်ဆောင်ထားသူမှာ အသက် ၂၀ အရွယ် လွန်စွာချောမောလှပသော မိန်းမပျိုတစ်ဦးဖြစ်နေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။ ဖြူဖွေးသော အသားအရေမှာ မီးရောင်ကြောင့် ရွှေဝါရောင်အသွယ်နယ်ရှိနေပြီး မျက်ခုံး၊ မျက်လုံးမှအစ အပြစ်ဆိုဖွယ်ရာမရှိအောင် ချောမောလှပသူလေးဖြစ်သည်။ အနက်ရောင် ပိုးသား ရင်စေ့လက်ရှည်၊ အနက်များများပါသော ခဲရိတ်ထဘီတို့ဖြင့် သူမအလှမှာ တော်ဝင်နန်းဆန်နေသည်။

"အစ်ကို ... သတိရလာပြီလား"

မိန်းကလေးက ထိုသို့မေးရင်း အနားတွင် ဝင်ထိုင်လိုက်သည်။

"ငါ ... ငါ ဘယ်ရောက်နေတာလဲဟင်။ ပြီးတော့ နင်က ဘယ်သူလဲ"

"ညီမက ဒီနားလေးက ရွာမှာနေတာပါ။ တောထဲမှာ အစ်ကို ဒဏ်ရာရပြီး သတိမေ့နေတာတွေ့လို့ ဒီကို ခေါ်လာတာပါ"

ထိုအခါမှ မိမိမျှစ်ချိုးထွက်လာသောအဖြစ်ကို ပြန်သတိရမိသည်။

"ကျေးဇူးပါပဲ ညီမရယ်။ ညီမနဲ့သာမတွေ့ရင် အစ်ကို သေနေလောက်ပြီ။ ဒါနဲ့ ဒီနားတစ်ဝိုက်မှာ ရွာရှိတယ်လို့ မကြားမိပါဘူး"

"ရှိတာပေါ့ အစ်ကိုရဲ့။ ညီမတို့က အခြားလူတွေနဲ့ ရောရောနှောနှော မနေလို့ လူတွေမသိကြတာပါ"

ထွန်းခမှာ ဒီနယ်သားမို့ သူမ ပြောသည်များကို လက်ခံနိုင်ရန် ခက်ခဲနေသည်။ သူသက်တမ်းတစ်လျှောက် ရောက်ထဲတွင် ရွာရှိသည်ဟု တစ်ခါမှ မကြားမိပေ။ ထို့ကြောင့် ယုံကြည်ရန် ခက်ခဲနေသည်။

"အင်း ... ဟိုလေ။ ညီမတို့ က လူအစစ်တွေရော ဟုတ်ကြလား ဟင်"

ထိုသို့မေးလိုက်ရာ သူမ မျက်နှာလေး ညှို့သွားသည်။

"ညီမလည်း မသိပါဘူး။ တောထဲမှာပဲနေနေရတော့ တစ်ခါတလေမှာ အစ်ကိုမေးသလိုပဲ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ဖူးတယ်။ ညီမကတော့ လူလို့ထင်တာပဲ။ အစ်ကိုကရော ဘယ်လိုမြင်လဲဟင်"

သူမစကားကြောင့် ထွန်းခ သူမလက်နှစ်ဖက်ကို ဆုပ်ကိုင်ကြည့်လိုက်သည်။ ရာသီဥတုကြောင့် အနည်းငယ် အေးနေရာမှအပ လူသားတစ်ဦး အတိုင်းပင်။

"ဟုတ်ပါတယ်။ လူအစစ်ပါ"

"ဝမ်းသာလိုက်တာ အစ်ကို ရယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ညီမတို့ရွာက ဘယ်မှာ လဲ"

"ဒီနေရာကနေ ရှေ့ကို နည်း နည်းဆက်သွားရင် ရောက်ပါတယ်"

"ညီမက အစ်ကိုကို ဘာလို့ ရွာမှာမထားဘဲ ဒီမှာထားတာလဲ"

ထိုအခါ သူမ မျက်နှာပျက် သွားသည်။

"ရွာကို သွားလို့မဖြစ်ဘူး အစ်ကို"

ဟု အတိတ်တလန့်ဖြင့် ပြော သည်။

"ဟင် ... ဘာလို့လဲ"

"ရွာကလူတွေက လူစိမ်းဆို ရင် အဝင်မခံဘူး။ ဝင်လာရင်လည်း ပြန်ထွက်ခွင့်မပေးဘဲ သတ်ပစ်တာ"

"ဟင် ..."

ထွန်းခ လွန်စွာ ထိတ်လန့် သွားသည်။

"ဟုတ်တယ် အစ်ကို။ အစ်ကို ကိုလည်း သူတို့မသိအောင် ညီမ ကူညီ ပေးရတာ။ တကယ်လို့သာ သူတို့သိ သွားရင် ညီမကို အပြစ်ပေးရုံတင်မက ဘူး။ အစ်ကို့ကိုပါ အလွတ်မပေးဘဲ သတ်ပစ်လိုက်ကြမှာ"

"ဟေ ..."

သူမ လိမ်ညာပြောနေခြင်း မဟုတ်သည်ကို သတိထားမိသဖြင့် လွန်စွာ စိုးရိမ်သွားသည်။

"ဟင် ... ညီမတို့ရွာက လူတွေက ဘယ်လိုလူတွေလဲ။ လူရိုင်း တွေလား။ လူသတ်တယ် ဆို တာ ရာဇဝတ်မှုကြီးလွန်တာပဲ"

"မသိပါဘူး အစ်ကိုရယ်။ ညီမ လည်း ရွာမှာနေရတာ စိတ်ပျက်နေပြီ။ အစ်ကိုပြန်ရင် ညီမကို ခေါ်သွားပါလား ဟင်"

ထွန်းခ၏လက်မောင်းကို ဆုပ်ကိုင်၍ အားကိုးတကြီးပြောလာသော မိန်းကလေးကို သူ သနားသွားသည်။ သူ မပြောသလိုသာ မုန်ကန်ပါက ထိုကဲ့သို့ စရိုက်ကြမ်းပြီး လူသတ်သော ရွာကလေးနှင့် သူမဘဝမှာ လားလားမှ မအပ်စပ်ပေ။

"ကောင်းပြီလေ။ အစ်ကို ခေါ်သွားပေးမယ်။ မနက်လင်းတော့ သွားကြတာပေါ့"

"မနက်ထိ စောင့်လို့မရဘူး အစ်ကို။ မနက်လင်းရင် သူတို့တွေပြီး ဖမ်းမိသွားနိုင်တယ်။ ညီမတို့ ညတွင်းချင်း သွားမှဖြစ်မယ်"

"ခက်တာပဲ။ နေ့ခင်းဖက်ပြန် ရင်တောင် လမ်းကို မနည်းရှာရမှာ။ ဘယ်နေရာရောက်နေမှန်းလည်း အစ်ကို မသိဘူး။ ညဆိုတော့ ဘယ်လိုမှမဖြစ် နိုင်ဘူး"

"ဖြစ်သလို သွားကြမယ် အစ်ကို။ အစ်ကို့ကို ညီမတွေ့ခဲ့တဲ့နေရာ ကိုရောက်ရင် အစ်ကို လမ်းသိပြီလား"

"အင်း ... အဲလောက်ဆို မဆိုးဘူး"

"ဒါဆို ရွာဘေးက ဖြတ်ပြီး သွားရမှာပဲ။ မသွားခင် အစ်ကို့ကို သတိ ပေးထားရမယ်"

"ပြောလေ"

"ရွာဘေးနားရောက်ရင်

www.burmeseclassic.com

www.burmeseclassic.com

စကားလုံးဝမပြောပါနဲ့။ အသံမထွက်အောင် ဂရုစိုက်ရလိမ့်မယ်။ သူတို့က အကင်းပါးတယ်။ တစ်ခုခုဆိုတာနဲ့ တန်းမိမှာ"

သူမအပြောကြောင့် ရင်ထဲမှာပင် လှိုက်ဖိုလာသည်။

"လာ ... အစ်ကို သွားကြမယ်"

မီးအိမ်ကိုဆွဲကာ ထရပ်လိုက်သဖြင့် ထွန်းခပါ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် သူမကပင် ဦးဆောင်ကာ အပြင်သို့ ထွက်လေသည်။

အပြင်တွင် တစ်ခြမ်းပဲ့လရောင်နှင့်အတူ ကြယ်ရောင်တို့မှာ တောက်ပခြင်းတာ မစွမ်းဆောင်နိုင်ကြ။ မြင်မြင်လေရာ၌ သစ်ပင်ရိပ်မည်းမည်းကြီးများကိုသာ တွေ့နေရသည်။

"အစ်ကို ... ဟိုမှာတွေ့နေရတာ ညီမတို့ရွာပဲ"

ရှေ့တစ်နေရာသို့ ညွှန်ပြ၍ ကြည့်လိုက်ရာ မီးရောင်အချို့ကို လှမ်းမြင်ရသည်။

"ညီမပြောတဲ့အတိုင်း ရွာဘေးက ဖြတ်လျှောက်ရင် စကားမပြောမိပါစေနဲ့။ နှာချေတာ၊ ချောင်းဆိုးတာတွေပါ အောင့်ထားပေးပါ အစ်ကို"

သူမစကားများမှာ ထူးဆန်းလွန်းနေသည်ဟု ထွန်းခ ထင်မိသည်။ သို့သော် ကိုယ်မသိသေးသော နေရာတစ်ခုမို့ မဖြစ်နိုင်ဟုလည်း ပြောရ၍မရနိုင်ပေ။ ထို့ကြောင့် သူမပြောသည့်အတိုင်းသာ လိုက်နာရပေလိမ့်မည်။

"သွားမယ် အစ်ကို"

မီးအိမ်ကိုင်၍ ရှေ့မှ ထွက်သွားသဖြင့် နောက်မှ လိုက်ရသည်။ သူမသည် မီးအိမ်ကိုင်၍ သွားနေသည် ဆိုသော်လည်း မီးအိမ်မှ အလင်းရောင်သည် သူတို့ခရီးအတွက် မည်သို့မျှ အထောက်အကူမဖြစ်ပေ။ သူမနောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာရင်း အံ့တန်းကြာသော် စောစောကမြင်ရသော မီးရောင်များနှင့် နီးကပ်လာသည်။ ထွန်းခသည် မီးရောင်များရှိရာသို့ စိတ်ဝင်တစား ငေးကြည့်ရင်း ရာအိမ် အချို့ကို လှမ်းမြင်ရသည်။ ထိုစဉ် ရွာအခြေအနေကို ကြည့်ရင်း လျှောက်နေသော ထွန်းခ သစ်ကိုင်းခြောက်ကြီးတစ်ခုကို တိုက်မိပြီး လဲကျသွားလေသည်။

"ဖျောင်း ... ဖျောင်း"

"ဘုတ်"

"အာ ..."

သစ်ကိုင်းခြောက်ကျိုးသံ၊ လဲကျသံ၊ ညည်းညူသံတို့မှာ တိတ်ဆိတ်နေသော ညအမှောင်ကို ဖြိုခွင်းလိုက်သည်။ ထိုအသံများကြောင့် ရှေ့မှသွားနေသူ နောက်ပြန်လှည့်လာသည်။ သူမ၏ မျက်နှာသည် သွေးစုပ်သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး လွန်စွာထိတ်လန့်စိုးရိမ်သည့်အသွင်။

"အစ်ကို ... မြန်မြန်ထ။ ပြေး ပြေးကြမယ်"

"ဟင် ... ဘာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"သူတို့သိသွားပြီ"

"သူတို့ မကြားလောက်ပါဘူး"

"မဟုတ်ဘူး အစ်ကို။ သူတို့

အကြောင်း ညီမသိတယ်။ သူတို့

မကြာခင် လိုက်လာတော့မှာ"

"ဟင်"

နာကျင်မှုပင် ဘယ်ရောက်

သွားသည်မသိ။

"လာ ... အစ်ကို"

သူမ ထွန်းခလက်ကို ဆွဲကာ

ပြေးလေသည်။ ထွန်းခမှာ ယက်ကန်

ယက်ကန်လုပ်နေရာမှ ရွာဘက်သို့

တစ်ချက်ကြည့်မိလိုက်ရာ ...

"ဟင် ..."

မီးတုတ်များကိုင်၍ သူတို့

နောက်သို့ လိုက်လာသောလူများကို

တွေ့လိုက်ရ၍ မျက်လုံးပြူးသွားသည်။

ထို့ကြောင့် စိတ်လိုက်မာန်ပါ ပြေးရတော့

သည်။ သူမသည် အလွန်အမင်း

ထိတ်လန့်ကာ မနားမနေပြေးသလို

ထွန်းခလည်း မနားရဲ။ နောက်မှ လူများ

က အဆက်မပြတ်လိုက်နေသည်။ လမ်း

ဟု၍ မည်မည်ရရမရှိဘဲ တွေ့ရာ

သစ်ပင်၊ ချုံပုတ်များကို ကွေ့ဝိုက်ကျော်ခွ

ကာ ပြေးနေရသဖြင့် ခရီးမတွင်လှပေ။

ချိုင့်၊ ကျောက်တုံးများဖြင့် လည်း

တိုးတိုက်မိသဖြင့် အလဲလဲအပြိုပြို

ဖြစ်နေသည်။ အတန်ကြာပြေးမိသော

အခါ နှစ်ယောက်စလုံး လွန်စွာ မောပန်း

နေကြပြီ။ တစ်နေရာရောက်သော်

ပြေးနေရာမှ သူမ ရုတ်တရက် ရပ်တန့်

လိုက်သဖြင့် သူပါ ရပ်လိုက်ရသည်။

နောက်လှည့်ကြည့်တော့ မလှမ်းမကမ်း

တွင် မီးရောင်များကို တွေ့ရသည်။

"အစ်ကို ... ညီမတို့ မလွတ်

နိုင်တော့ဘူး"

"ပြေးရင် လွတ်ပါတယ်"

"ညီမသိတယ် အစ်ကို။ ဘယ်

လိုပြေးပြေး သူတို့မိမှာ။ ဒီတော့ ညီမ

ပြောသလို လုပ်ပါအစ်ကို"

"ဘာ ... ဘာလဲ"

"အစ်ကိုတစ်ယောက်တည်း

ပြေးတော့။ ညီမ သူတို့ကို တားပေးထား

မယ်"

"ဟင် ... ညီမ ဒုက္ခရောက်

မှာပေါ့။ ပြီးတော့ ညီမပဲ အစ်ကို့နောက်

ကို လိုက်မယ်ဆို"

"မဖြစ်နိုင်တော့ဘူး အစ်ကို။

အချိန်သိပ်မရှိဘူး အစ်ကို။ ညီမကို

စိုးရိမ်မနေနဲ့။ အစ်ကိုသာ လွတ်အောင်

ပြေး။ ဒီကနေ ရှေ့တည့်တည့်ကိုပြေးရင်

ချောင်းတစ်ချောင်းရှိတယ်။ အဲဒီချောင်း

ကိုကျော်လိုက်ရင် အစ်ကို လွတ်ပြီ။

ပြီးတော့ ဟော့ဒီမီးအိမ်လေးကို ယူသွား

ပါ။ ဒီမီးအိမ်လေးဟာ ညီမတို့ရဲ့ ဘိုးစဉ်

ဘောင်ဆက် ထိန်းသိမ်းထားတဲ့ မီးအိမ်

တစ်ခုပါ။ သာမန်မီးအိမ်တစ်ခုမဟုတ်

ဘူး။ မီးအိမ်ကို အစ်ကို့အနားမှာ အမြဲ

ထားပါ။ အဲလိုမှမဟုတ်ရင် သူတို့က

အစ်ကို့ကို အန္တရာယ်ပေးနိုင်တယ်။

မီးအိမ် အစ်ကို့အနားမှာရှိရင် သူတို့

ဘာမှလုပ်လို့မရဘူး။

အစ်ကို ... တစ်နေ့ကျရင်

အစ်ကို့ဆဖီကို ညီမ မရောက်ရောက်

အောင် လာခဲ့ပါ့မယ်။ သွား ...

သွားတော့ အစ်ကို။ သူတို့နီးလာပြီ"

www.burmeseclassic.com

www.burmeseclassic.com

မီးအိမ်ကို ထွန်းခလက်ထဲသို့ ထည့်ပေးရင်း ထိုနေရာမှ အတင်းတွန်းကာ သွားခိုင်းသဖြင့် ထွန်းခတစ်ယောက် လှည့်ကြည့်ရင်း ပြေးထွက်လာခဲ့မိသည်။ မိမိအသက်အန္တရာယ်မို့ မပေါ့ဆရဲဘဲ အားသွန်ခွန်စိုက်ပြေးရာ နောက်မှ မီးရောင်များကလည်း ထပ်ကြပ်မကွာ လိုက်လာကြသည်။ ထိုသို့ပြေးလာရင်း မကြာမီ ရေစီးသံမှာ ကြားရပြီး ရှေးမနှောင်းမှာပင် ရေချောင်းကြီးတစ်ခု ကို တွေ့လိုက်ရသည်။ တစ်ဖက်ကမ်း ရောက်လျှင် လွတ်ပြီမို့ အချိန်မဆွဲဘဲ ရေချောင်းထဲ ခုန်ချကာ တစ်ဖက်ကမ်း သို့ ကူးသည်။ သို့သော် ပင်ပန်းနွမ်းနယ် နေချိန်ဖြစ်၍ ရေစီးကြမ်းသော ချောင်း ကို ကူးခတ်နိုင်စွမ်းမရှိဘဲ ရေစီးနှင့်အတူ မျောပါသွားလေတော့သည်။

ထို့နောက် ထွန်းခ ဘာကိုမှ မသိတော့ ...။

×××

"လှမေ ... လှမေ"

လှမေအာမည်ကို ခေါ်၍ အကြီးသမီးကြီးတစ်ဦး အိမ်ထဲသို့ ဝင်လာသည်။ အိမ်ရှေ့ကွပ်ပျစ်တွင် လှမေတစ် ယောက် ကြိတ်ငိုနေလေသည်။ အမျိုးသမီးကြီးအနားရောက်သော် လှမေ မျက်ရည်များကို ကပျာကယာသုတ်လိုက် သည်။

"ဟင် ... အမေပါလား"

မှန်ပေသည်။ အမျိုးသမီးကြီး သည် လှမေ၏မိခင် ဒေါ်အေးဖြစ်သည်။

"ညည်းမှာလည်းအေ နေ့ရှိ သရွေ့ ငိုလို့ကို မပြီးနိုင်ဘူး"

"ကိုထွန်းခကို သတိရလို့ပါ"

"ရတာတော့ ရတာပေါ့။ သေသောသူ ကြာရင်မေ့တဲ့။ မေ့နိုင် အောင် ကြိုးစားပါ သမီးရယ်"

"ကျွန်မလည်း ကြိုးစားတာပဲ။ ဒါပေမဲ့ ဘယ်လိုမှ မေ့လို့မရဘူး"

"သမီးသာ အဲလိုလုပ်နေရင် သွားလေသူက ဘယ်ဖြောင့်ဖြောင့် တန်းတန်း သွားနိုင်မှာလဲ။ မနက်ဖြန်ဆို မောင်ထွန်းခဆုံးတာ တစ်လပြည့်ပြီ။ သမီး စောစောထ ချက်ပြုတ်ပြီး ဆွမ်းလေး ဘာလေးပို့ပြီး မောင်ထွန်းခကို အမျှဝေပေးလိုက်ပါဦး"

"ဟုတ်ကဲ့ပါ အမေ။ ကျွန်မ လည်း စဉ်းစားထားပါတယ်"

"အိမ်မှာပြန်နေပါလား သမီး"

"ရပါတယ် အမေ။ ကျွန်မ ဒီအိမ်လေးမှာပဲ နေချင်သေးလို့ပါ။ နောက်တော့မှ ပြန်လာပါ့မယ်"

"အေးပါအေ စိတ်ချမ်းသာ သလိုနေပါ။ စိတ်ရှုပ်စရာတွေ တွေးမနေ နဲ့တော့"

မိခင်ဒေါ်အေးက ထိုသို့ပြော သော်လည်း လှမေမှာ အချိန်တိုင်း ထွန်းခအကြောင်းများ တွေးကာ ကြိတ် ငိုနေရသည်။ ထွန်းခ ရွာမှပျောက်သွား သည်မှာ မနက်ဖြန်ဆို တစ်လပြည့်ပြီ။ တဝေဝေ မျှစ်ချိုးထွက်သွားရာမှ ပြန်မရောက်လာခြင်းဖြစ်သည်။ ရွာသား များအကူအညီဖြင့် ရှာဖွေပါသော်လည်း မတွေ့ကြပေ။ သို့သော် လှိုကြီးတစ်ခု ကမ်းပါးမှ ထွန်းခ၏ ပလိုင်းနှင့် မျှစ်ထည့် ထားသော အိတ်ကိုသာ တွေ့ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထွန်းခ၏ အလောင်းကိုမူ မတွေ့ရ။ အချို့က တောကောင်များ ဆွဲသွားခြင်း ဖြစ်မည်ဟု ထင်ကြသည်။

အားလုံးက ခြေချော်ကျကာ ဆုံးပြီဟု ယူဆကြသဖြင့် ၇ ရက်မြောက် သောနေ့တွင် ရက်လည်ဆွမ်းသွပ်ပေးခဲ့ပြီးပြီ။ မနက်ဖြန် တစ်လပြည့်ပြီမို့ ထွန်းခအတွက် ရည်စူးပြီး ဆွမ်းပို့ရမည်။ လှမေ ညက တော်တော်နှင့် အိပ်မပျော်ဘဲ လင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားသည်။ စိတ်ပင်ပန်းမှုကြောင့် အုံးမောင်း ခေါက်သည်ကို ပင် မသိလိုက်ဘဲ နေထွက်မှ နိုးသည်။ ထို့ကြောင့် ကပျာကယာပင် ထမင်း၊ ဟင်း ချက်ပြုတ်ရသည်။ အရက်ဆွမ်းမမီ တော့ပြီမို့ နေ့ဆွမ်းအဖြစ်သာ ပို့ရတော့မည်။

"လှမေရေ အဆင်သင့်ဖြစ်ပြီလား"

ဒေါ်အေး အိမ်ထဲသို့ ဝင်လာသည်။

"အမေရေ ခုမှချက်တုန်း။ မနေ့ညက အိပ်မပျော်ဘဲ လင်းမှ အိပ်ပျော်သွားလို့"

"ဖြည်းဖြည်းလုပ်ပါ။ အချိန်မီပါတယ်"

ဒေါ်အေးပါ ဝင်ရောက် ကူညီပေးလေသည်။

ထိုစဉ် လမ်းမကြီးအတိုင်း ပြေးလာသော ခြေသံကို ကြားလိုက်ရသည်။ ခြေသံက လှမေတို့အိမ်ပေါက်ဝဟွင် ရပ်သွားသည်။

"မလှမေ ... ဗျို့ မလှမေ"

"မောင်ထွေး ... စောစော စီးစီး ဘာဖြစ်တာလဲ အထိတ်တလန့်နဲ့"

"ကိုကြီးထွန်းခ ... ကိုကြီးထွန်းခ"

မောင်ထွေးမှာ ပြောလိုတဖြင့် စကားထစ်နေလေသည်။ ထွန်းခအသံကြားသဖြင့် လှမေမှာ ဟန်မဆောင်နိုင်ဘဲ အိမ်အောက်သို့ဆင်းကာ မောင်ထွေး အနီးသို့ ပြေးလာသလို ဒေါ်အေးလည်း မီးဖိုထဲမှ ထွက်လာသည်။

"ဟဲ့ ... မောင်ထွေး။ ကိုထွန်းခ ... ကိုထွန်းခကို တွေ့လို့လား"

"ဟုတ်တယ် မလှမေ။ ကျွန်တော် ညက ချောင်းမှာ ငါးတန်းထားလို့ မနက်က သွားဖြုတ်တော့ ချောင်းစပ်မှာ ကိုကြီးထွန်းခ သတိမေ့နေတာတွေ့လို့ လာပြောတာ"

"ဟင်"

သားအမိနှစ်ယောက်လုံး မတိုင်ပင်ရဘဲ ချောင်းဆီသို့ အမြန်သွားကြသည်။ သတင်းကြားသူအချို့လည်း နောက်မှ လိုက်လာကြသည်။ သိပြီးသူ များကလည်း သွားနှင့်ပြီးပြီ။ ချောင်းမှာ ရွာနှံဘေး ကပ်ရပ်တွင်ရှိသဖြင့် သိပ် မသွားရပေ။ သူတို့ ရောက်သွားချိန်တွင် ရောက်နှင့်ပြီးသူအချို့က ထွန်းခ သတိပြန်ရလာစေရန် အမျိုးမျိုး လုပ်ဆောင်ပေးနေကြသည်။

"ကိုထွန်းခ ... ကိုထွန်းခ"

လှမေ လူအုပ်အတွင်းသို့ ဝင်လာတော့ လူအချို့က နေရာဖယ်ပေးကြသည်။ မျက်ရည်ပေါက်ကြီးငယ်ကျ

www.burmeseclassic.com

www.burmeseclassic.com

ကာ ထွန်းခအနား ဝင်ထိုင်လိုက်သည်။

"ကိုထွန်းခ ... ကိုထွန်းခ မသေသေးပါဘူးနော်"

"မသေပါဘူး သတိမေ့နေတာ။ ခဏနေရင် ပြန်ကောင်းလာပါလိမ့်မယ်။ မြမောင်တို့။ အေးဖေတို့ ထွန်းခကို အိမ်ထမ်းပို့ကြကွာ"

လူကြီးတစ်ယောက်က ပြောသဖြင့် လူငယ်အချို့ ထွန်းခကို ဝိုင်းမရွန် ပြင်ကြသည်။ ထိုစဉ် ထွန်းခ၏ ညာဘက်လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော မီးအိမ်တစ်ခုကို တွေ့ကြရသည်။ ထို့ကြောင့် တစ်ယောက်က မီးအိမ်ကို ထွန်းခလက်ထဲမှ ယူသည်။ ဘယ်လိုမှ ယူမရ။ ထပ်မံကြိုးစားရာ ထွန်းခ လူးလွန့်လာသည်။

"မယူနဲ့ မီးအိမ်ကို မယူနဲ့"

အသံနက်ကြီးဖြင့် အော်ကာ ထထိုင်လိုက်ဖြင့် အားလုံးလန့်ကာ နောက်သို့ ဆုတ်လိုက်ကြသည်။ ထိုအခါ မှ ထွန်းခ ပတ်ဝန်းကျင်ကို သတိထားမိသွားသည်။

"လုမေ"

"ကိုထွန်းခ"

ထွန်းခအခြေအနေကို ကြည့်၍ မည်သူမှ အနားမကပ်ဝံ့သော်လည်း လုမေမှာ ထွန်းခကို ပြေးဖက်ထားလိုက်သည်။

"မောင်ထွန်းခ ... မင်း အားလုံးကို သိပါတယ်နော်။ မင်း မောင်ထွန်းခပါနော်"

လူကြီးတစ်ယောက်က မယုံမရဲဖြင့် မေးလေသည်။

"ဟာ ... ဦးကြီးညီကဗျာ။ ကျွန်တော် ထွန်းခပါ။ အားလုံးကို သိတာပေါ့။ ဒါ ကျွန်တော့်ရွာပဲဟာ။ ဒါ ကျွန်တော့်မိန်းမ။ မနေ့က မျှစ်ချိုးထွက်ရင်း ကမ်းပါးကနေချော်ကျပြီး သတိမေ့သွားတာ"

"ဟင်"

အားလုံး အံ့အားသင့်ကုန်ကြသည်။

"ဘာ ... ဘယ်လို။ ထွန်းခ မနေ့က ဟုတ်လား"

"ဟုတ်တယ်လေ။ မနေ့က သတိမေ့နေတာ။ ညက ပြန်သတိရပြီး ရွာပြန်တာ ချောင်းထဲကျပြီး မျောလာတာ"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပါးစပ်အဟောင်းသားဖြင့်။

"မဟုတ်တာ။ မင်းပျောက်နေတာ တစ်လရှိသွားပြီ"

"ဟေ့ကောင် ... သက်နိုင်။ နောက်မနေနဲ့။ ငါ မရူးသေးဘူးကွ"

ထွန်းမောင် အတည်ပေါက်ဖြင့် ပြောနေသဖြင့် အားလုံး ဘာမှ ထပ်မပြောတော့ပေ။ အားလုံး ရင်ထဲတွင်တော့ တစ်ခုခုတော့ တစ်ခုခုဆိုပြီး သံသယကိုယ်စီဖြင့်။

"ကဲ ... ထွန်းခ။ အိမ်ပြန်ရအောင်။ မင်း အဝတ်အစိုတွေနဲ့ နေမကောင်းဖြစ်နေဦးမယ်"

ထို့နောက် ချောင်းစပ်မှ လူအုပ်ကြီး ရွာထဲသို့ ပြန်ဝင်ကြကုန်သည်။ ထွန်းခ၏ လက်ထဲတွင် မီးအိမ်လေးကဲ့

www.burmeseclassic.com

www.burmeseclassic.com

လျက်။

နောက်ပိုင်းတွင် တစ်ရွာလုံးက ထွန်းခအခြေအနေကို စောင့်ကြည့်နေကြသော်လည်း ထွန်းခမှာ ဘာမှ မပြောင်းလဲဘဲ ယခင်လိုပင် နေထိုင်ရာ ရက်အနည်းငယ်ကြာသော် အားလုံး၏ သံသယစိတ်များ လျော့ပါးသွားလေသည်။ ထွန်းခတွင် ထူးခြားချက်တစ်ခုကတော့ ရှိသည်။ ထိုထူးခြားချက်မှာ သူဘယ်သွားသွား လွယ်အိတ်ထဲတွင် သူနှင့်အတူပါလာသော မီးအိမ်လေးကို ထည့်ကာ ယူသွားခြင်းဖြစ်သည်။ ထိုမီးအိမ်အကြောင်းကိုမူ မည်သူကမေးမေး မပြောပေ။ ယုတ်စွအဆုံး ဇနီးလုမေမေးသည်ကိုပင် မပြော။ ထိုထူးခြားချက်မှလွဲလျှင် ထွန်းခသည် အရင်ကထွန်းခအစစ်ပင်ဖြစ်သည်။

သို့သော် လုမေအဖို့မူ ထွန်းခသည် ပင်ကိုစရိုက်များပျောက်ကာ သူမအပေါ် သူစိမ်းဆန်လာသည်ဟု ခံစားရသည်။ ထွန်းခ ပြန်ရောက်လာသည့် နေ့မှစ၍ သူမနှင့် အတူမအိပ်ဘဲ အရှေ့မှာ ခေါ်သံကြားသဖြင့် ထိုနေရာသို့ ခန်းတွင် တစ်ယောက်တည်း သီးသန့် အိပ်သည်။ မီးထွန်း၍မရသော ရှေးဟောင်းမီးအိမ်လေးကို အိပ်ရာဘေးဌ ထား၍အိပ်သည်။ ယခင်လို နွေးထွေး ကြင်နာခြင်းမရှိသော်လည်း လုမေ ဘာမှမပြောပေ။ ထွန်းခ ပြန်ရောက်လာသည်ကပင် သူမအတွက် ပျော်ရွှင်နေရပြီ။

×××

တစ်ည ...။

"အစ်ကိုရေ ..."

ခေါ်သံကြား၍ ထွန်းခ အိပ်ပျော်ရာမှ လန့်နိုးလာသည်။ ညသန်းခေါင်အချိန်ဖြစ်၍ မှောင်နေသော်လည်း သူ့ဘေးမှ မီးထွန်းမရသော မီးအိမ်လေးမှ ထူးဆန်းစွာ မီးလင်းနေသည်။ ထို့ကြောင့် အိပ်ရာမှထကာ မီးအိမ်ဆွဲ၍ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

"အစ်ကို"

အိမ်ဝိုင်းအပြင် ခြံစည်းရိုးနား

"ဟင် ... ညီမ။ ညီမ လိုက်လာတယ်"

ထွန်းခ လွန်စွာ ဝမ်းသာသွား

"ညီမ ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ပါဘူး။ အစ်ကို့ကို စိတ်မချလို့ လာကြည့်တာ"

"အစ်ကိုလည်း ဘာမှမဖြစ်ပါဘူး။ ညီမက အပြီးလာတာမဟုတ်ဘူးလား"

"မဟုတ်ဘူး အစ်ကို။ ဒါနဲ့ အစ်ကို့ကို သတိပေးရဦးမယ်။ ရွာကလူတွေက အစ်ကို့ကို မကျေနပ်ကြဘူး။ သူတို့ အခွင့်သင့်တာနဲ့ အစ်ကို့ကို အန္တရာယ်ပေးကြလိမ့်မယ်။ ဒါကြောင့်မို့ ဒီမီးအိမ်လေးကို အစ်ကို့အနားမှာပဲ ထားပါ။ ဒီမီးအိမ်ဟာ ညီမတို့ရွာက အထွတ်အမြတ်ထားတဲ့ မီးအိမ်မို့ ဒီမီးအိမ်ရှိရင် သူတို့ အန္တရာယ်ပေးလို့မရဘူး"

"အင်း ... အင်းပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ညီမ သွားတော့မယ် အစ်ကို"

"ဟင်"

"နောက်မှ ထပ်လာခဲ့မယ်"

"အစ်ကိုရော လိုက်ခဲ့လို့မရ ဘူးလား"

"လောလောဆယ် မရသေး ဘူး အစ်ကို။ တစ်နေ့နေ့တော့ ညီမ အစ်ကို့ကို လာခေါ်ပါ့မယ်"

"သေချာပါတယ်နော်။ အစ်ကို ဒီမှာ မနေချင်တော့ဘူး"

"စိတ်ချ အစ်ကို။ ညီမနဲ့ အစ်ကို နေထိုင်နိုင်မယ့်နေရာ ရှာတွေ့ တာနဲ့ အစ်ကို့ကို လာခေါ်မယ်။ ခုတော့ ညီမ သွားတော့မယ်"

ထိုသို့ပြောကာ အမှောင်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားလေသည်။ ထိုအခါ ထွန်းခလက်ထဲမှ မီးရောင်လည်း တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွား လေသည်။ ထို့ကြောင့် အိမ်ပေါ်သို့ ပြန်တက်ကာ အိပ်လိုက်သည်။ သို့ဖြင့် နောက်ညများတွင် ညသန်းခေါင်ရောက် လျှင် မီးအိမ်မှ မီးလင်းလာသည်နှင့် အိမ်အောက်ဆင်းကာ သွားရောက် တွေ့ဆုံပြီး စကားပြောကြသည်။ တစ်ည ထွန်းခ အိမ်ပေးမှ ဆင်းသော် ကြမ်း မြည်သံကြားသဖြင့် လူမေ နီးသွား သည်။ အပေါ့အပါးသွားသည်ထင်ကာ စောင့်ကြည့်သော်လည်း အတော်ကြာ သည်အထိ ပြန်တက်မလာသဖြင့် အသာထကာ အပေါက်မှ ချောင်းကြည့် သော် အုံဖွယ်မြင်ကွင်းကို တွေ့လိုက်ရ သည်။

ထွန်းခသည် မီးမလင်းသော မီးအိမ်ကို ဆွဲ၍ ခြံစည်းနား တွင် တစ်ယောက်တည်း စကားပြောနေသည်။ နောက်ညများတွင်လည်း လူမေ မအိပ်ဘဲ စောင့်ကြည့်သော် ထိုနည်းအတိုင်းပင်။ ထွန်းခသည် ညသန်းခေါင်အချိန် ရောက်လျှင် မီးအိမ်ဆွဲကာ အိမ်ပေါ်မှ ဆင်းသွားပြီး တစ်ယောက်တည်း စကား သွားပြောမြဲ။ ထို့ကြောင့် တစ်ညတွင် လူမေ စိတ်ကူးကို အကောင်အထည် ဖော်ကြည့်သည်။ ညဦးပိုင်း ထွန်းခ နှစ်ခြိုက်စွာ အိပ်မောကျနေချိန်တွင် မီးအိမ်ကို ထွန်းခမသိအောင်ယူ၍ အနောက်ခန်းထဲထည့်ကာ ဖွက်ထားကာ အခြေအနေကို ရင်ခုန်စွာဖြင့် စောင့်ကြည့်နေသည်။

"ဘုတ် ... ဘုတ် ... ဘုတ်"

အိမ်ထရံပုတ်သံကြားသဖြင့် လူမေပင် ထိတ်လန့်သွားသည်။ ထွန်းခ တစ်စုံတစ်ခုကို သတိရပြီး မီးအိမ်ကို ရှာတော့ နံဘေးတွင်မရှိ။ ထို့ကြောင့် လွန်စွာ စိုးရိမ်သွားသည်။

"ဘုတ် ... ဘုတ် ... ဘုတ်"

အိမ်ထရံပုတ်သံများနှင့် အတူ အိမ်ကို တစ်ယောက်ယောက်က ကိုင်လှုပ်နေသည့်အလား သွက်သွက်ခါ နေသည်မှာ ကြာလျှင် အိမ်ပင်ပြုတ်ကွဲ

www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။

"လုမေ ... လုမေ။ ငါ့မီး အိမ်၊ ငါ့မီးအိမ် ဘယ်မှာလဲ။ မြန်မြန်ပေး လုမေ"

ထွန်းခ ကြောက်လန့်ကာ အော်နေသဖြင့် လုမေ ဓာတ်မီးထိုးကာ မီးအိမ်ကို ထုတ်ပေးလိုက်ရသည်။ သူမ လည်း မထုတ်ပေးဘဲ မနေရဲတော့ပေ။ ထွန်းခလက်ထဲ မီးအိမ်ရောက်သည်နှင့် ထရံပုတ်သံနှင့် အိမ်လှုပ်နေသည်များ ရပ်တန့်သွားသည်။ ထွန်းခမှာ ဒေါသ တကြီးဖြင့် လုမေအား စိုက်ကြည့်နေ သဖြင့် လုမေ ထိတ်လန့်သွားသည်။

"လုမေ ... နောက်တစ်ခါ ငါ့မီးအိမ်ကို မထိနဲ့။ ဒီမီးအိမ်က ငါ့ရဲ့ အသက်ပဲ။ မီးအိမ်မရှိရင် သူတို့ ငါ့ကို သတ်မှာ။ နောက်တစ်ခါ ငါ့မီးအိမ်ကို ထိတာနဲ့ ငါနဲ့တွေ့မယ်"

ထိုသို့ ပြောဆိုကာ မီးအိမ် ကိုင်ပြီး ပြန်အိပ်လေသည်။ လုမေတစ် ယောက် မျက်ရည်ကျရုံမှ လွဲပြီး ဘာမှ မတတ်နိုင်ပေ။ နောက်တစ်နေ့တွင် မိခင်ဒေါ်အေးနှင့် ထွန်းခမိဘများကို ထိုအကြောင်းများ ဖွင့်ပြောပြလိုက်သည်။ ထွန်းခကို ယခင်ကပင် သံသယရှိနှင့် ထား၍ လုမေပြောသည်ကို အားလုံး ယုံကြည်ပြီး ဆရာတစ်ယောက်နှင့် ပြကြည့်ရန် တီးတိုးတိုင်ပင်ကြသည်။ အခြားရွာမှ ပယောဂကုသော ဆရာတစ် ယောက်ကို ထွန်းခမသိအောင် ရွာသို့ ခေါ်ထားလိုက်သည်။

"ဆရာရယ် ကျွန်မတို့သား လေးကို ကယ်ပါဦး"

"ဆရာ ကူညီပေးပါ့မယ်" ခင်ဗျားတို့ ပြောသလိုသာဆို ရင် မောင်ထွန်းခဟာ အမှန်ပဲ ပရလောကသားတွေနဲ့ ပတ်သက်နေ တယ်။ ပြီးတော့ အဲဒီပရလောကသား တွေဟာလည်း မီးအိမ်နဲ့ တစ်မျိုးတစ်ဖုံ ပတ်သက်နေရမယ်"

"မြန်မြန်ကူညီပါ ဆရာရယ်"

"ဟုတ်ပြီလေ။ ဒီနေ့ည လကွယ်ဆိုတော့ ဒီညပဲ လုပ်ငန်းစဉ် မယ်။ လုမေက မောင်ထွန်းခစားမယ့် ညစာထဲမှာ ဆရာပေးမယ့်ဆေးမှုန့်တွေ ခတ်ထားလိုက်။ မောင်ထွန်းခ လုံးဝ မရိပ်မိပါစေနဲ့။ ဆေးမှုန့် ပါးစပ်ထဲဝင် သွားရင် သူ သတိမေ့သွားလိမ့်မယ်။ အဲဒီအခါ ရွာသားနှစ်ယောက်၊ သုံးယောက်က ဘေးအိမ်က အသင့် စောင့်နေပြီး မောင်ထွန်းခ သတိမေ့သွား တာနဲ့ ရွာပြင်ကို ထမ်းခေါ်ခဲ့ကြ။ ရွာပြင် မှာ ဆရာ စီစဉ်ပြီး အသင့်စောင့်နေ မယ်"

ထို့နောက် အခြားလိုအပ်ချက် များကို ထပ်မံမှာကြားပြီးနောက် လုမေ ကို ဆေးမှုန့်အချို့ ပေးလိုက်လေသည်။ လုမေ အိမ်ပြန်ရောက်တော့ မျက်နှာပိုး သေရန် အတော် ကြိုးစားနေရသည်။ ရင်ထဲတွင်မူ ပေါက်ထွက်မတတ် လှုပ်ရှားနေသည်။

သို့ဖြင့် ညစာ ထမင်းစားရန် ပြင်သောအခါ ထွန်းခအတွက်သာ ပြင်ပေးပြီး ဆရာပေးလိုက်သော ဆေးမှုန့်များကို ထည့်ပေးလိုက်သည်။ ထွန်းခကတော့ လုမေ စား၊

www.burmeseclassic.com

www.burmeseclassic.com

မစား မေးရန် သတိမရဘဲ ခွေးပေးထား သည်များကို တစ်ယောက်တည်း စားသောက်သည်။ စားနေစဉ်မှာပင် မီးအိမ်လေးကို သူ့အနီး စားပွဲပေါ်တင်ကာ စားသည်။ ထိုသို့စားနေရင်း တစ်ဝက်တစ်ပျက်မှာပင် နောက်သို့ လဲကျကာ သတိမေ့သွားလေသည်။

ထွန်းခ သတိမေ့သွားသော် လှမေအိမ်ထဲမှထွက်ကာ ဘေးမှအိမ်ကို အသံပြုလိုက်သည်။

"ကိုကြီးမွေး၊ ကိုဖိုးထောင်ရဲ့"

လှမေအသံကြောင့် တစ်ဖက်အိမ်မှ လူသုံးဦး ကျိုးတိုးကျဲတဲစိုက်ထားသော စည်းရိုးပင်များကို ဖြိုကာ ဝင်လာကြသည်။ ၎င်းနောက် ထွန်းခကို ဝိုင်းမကာ ဆရာမှာထားသော ရွာပြင်သို့ သွားကြသည်။ လှမေက ရှေ့မှ ဓာတ်မီးပြရင်း လက်တစ်ဖက်က မီးအိမ်ဘေးကို ဆွဲထားသည်။ ဆွဲသာဆွဲထားရသည်။ ရင်ထဲတွင် တုန်လှုပ်နေမိသည်။

မကြာမီ ရွာပြင်တစ်နေရာရှိ မီးတုတ်များစိုက်ထားရာ နေရာသို့ ရောက်လာကြသည်။ မီးတုတ်ဆယ်ချောင်းခန့်ကို ထိုနေရာတစ်ဝိုက်တွင် ထွန်းညှိထားပြီး ရွာသူရွာသားများကိုပါ ထိုအနီးဌာ တွေ့ရသည်။ လွန်စွာစိတ်ဝင်စားသောကြောင့် ကြောက်ကြောက်ဖြင့် လာကြည့်ကြခြင်းဖြစ်သည်။

ထွန်းခ ရောက်လာသည်နှင့် ဆရာကြီးသည် အသင့်ပြင်ထားသော ငုတ်တိုင်တစ်ချောင်းတွင် ထွန်းခကို ကြိုးဖြင့် တုပ်နှောင်သည်။ ထို့နောက် ထွန်းခပတ်ပတ်လည်ကို ဆေးမှုန့်အချို့ဖြင့် စည်းဝိုင်းသည်။ ပြီးလျှင် ထွန်းခရှေ့မလှမ်းမကမ်းတွင် စားပွဲခုံတစ်လုံးချပြီး စားပွဲပေါ်တွင် သပြေပန်းများဝေနေသော အုန်းငှက်ပျောပွဲနှင့်အတူ မီးအိမ်ကိုပါ တင်ထားကာ ထိုစားပွဲကိုပါ စည်းဝိုင်းသည်။ ထိုမှတစ်ဖန် လာရောက်ကြည့်ရှုကြသော ရွာသူရွာသားများကို ပါ စည်းဝိုင်းပေးပြီး မည်သည့်အကြောင်းနှင့်မှ အပြင်မထွက်ရန် အထူးမှာကြားထားလိုက်သည်။

အားလုံးပြီးစီးသော် ဆရာကြီးသည် မီးအိမ်တင်ထားသော စားပွဲပေါ်တွင် အနီရောင်ဖယောင်းတိုင်လေးများထွန်းကာ ပါးစပ်မှ ဂါထာမန္တန်များကို စဉ့်မှာပင် ထွန်းခ သတိရလာပြီး သူ့ကို ကြိုးတုပ်ထားသည့်အပြင် မီးအိမ်ကိုပါ ယူထားသဖြင့် အတင်းရုန်းကန်အော်ဟစ်လေသည်။

"ဦးမီးအိမ်၊ မီးအိမ်ကို ပြန်ပေး။ လှမေ၊ လှမေ ဦးမီးအိမ်ကို ပြန်ယူပေး"

အသံနက်ကြီးဖြင့် အော်ဟစ်လေရာ ကြည့်ရှုနေသူအားလုံးမှာ အသက်ပင် မရှူဝံ့ကြ။ လှမေမှာ ယောကျ်ားဖြစ်သူ၏ အဖြစ်ဆိုးကို မကြည့်ရက်နိုင်သဖြင့် မီးအိမ်ယူပေးရန် ပြင်နေသဖြင့် အနားရှိလူများမှ ထိန်းထားပေးရသည်။

"သူတို့လာနေပြီ။ ဦးမီးအိမ် ပြန်ပေး။ ညီမ၊ ညီမရေ အစ်ကို့ကို ကယ်ပါဦး"

ထွန်းခ မည်သို့ပင် ရုန်းကန်

www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်နေစေကာမူ ဆရာကြီးမှာ လေအတွေ့တွင် မီးများအားလုံး သဖြင့် အားလုံး ထွန်းခကို ကြည့်ကြ
ကျွမ်းထားဘဲ နှုတ်မှ ရွတ်မြွ ရွတ်နေရာ ငြိမ်းကာ အမောင်အတိကျသွားသဖြင့် ရာ ထွန်းခမှာ ခေါင်းငိုက်စိုက်ကျနေ
ခဏအကြာတွင် လေပြင်းများ အသံမကုန်စုံ ထွက်ပေါ်သွားသည်။ လကွယ် သည်။ သွားရောက်စစ်ဆေးကြည့်သော်
တိုက်ခတ်လာသည်။ လေမှာ လွန်စွာ ညမို့ ဝိန်းဝိတ်အောင် မှောင်နေသဖြင့် အသက်မရှိတော့ပေ။ ထွန်းခအဖြစ်
ကြမ်းတမ်းလှပြီး မီးတုတ်မှ မီးတောက် ဘာကိုမှ မမြင်ရပေ။ အတော်ကြာ ကြောင့် လှမေ သတိလစ်သွားသဖြင့်
များပင် ယိမ်းထိုးကခုန်နေကြသည်။ တိုက်ခတ်ပြီးနောက် လေပြန်ငြိမ်သွား အချို့က အိမ်သို့ ပြန်ပို့လိုက်ရသည်။
ဆရာကြီးမှာ ရွတ်မြွရွတ်နေပြီး ရွာသူ လေသည်။ ထို့ကြောင့် ဆရာကြီးက ဤသို့ဖြင့် . . .
ရွာသားများမှာမူ တုတ်တုပ်မျှမလှုပ်ရဲကြ စားပွဲပေါ်မှ ဖယောင်းတိုင်ကို ပြန်လည် ထွန်းခတစ်ယောက် မီးအိမ်
ပေ။ ထွန်းညှိလိုက်သည်။ မရှိ၍ သူ့အား အန္တရာယ်ပေးမည့်သူများ
ထွန်းခ အော်ဟစ်ရန်းကန်မှု “ဟင်” က သတ်သွားသလား။ နေစရာရ၍
ရပ်တန့်ကာ ငြိမ်ကျသွားသည်။ စားပွဲပေါ်တွင် မီးအိမ်မရှိတော့။ မီးအိမ်ရှင်မကပဲ ခေါ်ဆောင်သွားသလား
“ဝေါ . . . ဝီး . . . ဝီး” “ဟေ့ . . . ဖိုးထောင်လို့ ဆိုတာကို ထွန်းခမှလွဲ၍ ရွာသူရွာသား
“ဝီး . . . ဟီး . . . ဟီး” လာကြပါဦး။ မီးတုတ်တွေ ပြန်ထွန်းကြ များ သိနိုင်လိမ့်မည်မဟုတ်ပေ။
လေတိုက်နှုန်းမှာ ဝိုထန်လာ ပါဦး”
ကာ အသံကြီးများပင် ကြားလာရသည်။ ရွာသားလေးငါးယောက် ဂျွတ်ဝီတာကိုကို
သစ်ပင်၊ သစ်ကိုင်းတို့မှာလည်း လေဒဏ် ထွက်လာပြီး မီးတုတ်များကို ပြန်လည်
ကို အလူးအလဲခံရကာ သစ်ကိုင်းများပင် ထွန်းညှိကြလေသည်။ မီးတုတ်များ
ကျိုးကုန်သည်။ ထွန်းပြီးသော် ပတ်ဝန်းကျင်တစ်ခုလုံး
“ဖျောင်း . . . ဝုန်း” လင်းထိန်သွားသည်။
“ဟင်” “ဆ . . . ဆရာကြီး။ ထွန်း
“ဟာ” ထွန်းခ”
“အို” ရွာသားတစ်ယောက် ပြော

www.burmeseclassic.com

www.burmeseclassic.com

ဆေးဝန်းတမ်းကောင်းတို့မည်သည်

မေချို (ပျဉ်းမနား)

အောင်ဒဏ်ခြေကြွစိုရိန်

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

အထက်တန်းသူနာပြုဆရာမ ဒေါ်မြသီတာသည် မြို့တိုက်နယ်ဆေးရုံ လေးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင် လာခဲ့သည်။ တိုက်နယ်ဆေးရုံလေးသည် အသစ်ဖွင့်လှစ်ထားသော ဆေးရုံဖြစ်၍ အစိုးရခန့်အပ်ထားသော ဝန်ထမ်းအဖြစ် ဒေါ်မြသီတာသည် ပထမဦးစွာရောက်ရှိ သော ဝန်ထမ်းဖြစ်သည်။ တိုက်နယ် ဆေးရုံသို့ဆရာဝန် မရောက်သေးပါ။ မြို့နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် ဦးဝင်းကို ကိုလွှဲအပ်တာဝန်ပေးထား သည်။ ဒေါ်မြသီတာမရောက်ခင်က တိုက်နယ်ရှိ ကျန်းမာရေးဌာနမှ အမျိုးသမီးဆရာမ ဒေါ်တင်လှ သားဖွား ဆရာမဒေါ်သန်းသန်း၊ ဒေါ်ကြည်မာနှော် သလေးဖော တို့အားခေါ်ယူလုပ်ကိုင် စေခဲ့သည်။ ဒေါ်မြသီတာရောက်လာသော အခါ ဆေးရုံတာဝန်များကို လွှဲပြောင်းယူ ခဲ့သည်။

" Staff တို့ရေ တာဝန်တွေက များတာမို့ ကျွန်မပဲဆေးရုံတာဝန်ကို ယူတော့မယ်နော်။ Staff တို့က ဘက်စုံ တာဝန်တွေရှိတာဆိုတော့ အရမ်းပင်ပန်း ကြမှာ"

"ဟုတ်ကဲ့ပါ Staff ရေဆေးရုံ မှာ လိုရင်ခေါ်ပါနော်"

"ဟုတ်ကဲ့ပါ ခေါ်ပါ့မယ်"

ဒေါ်မြသီတာ အလုပ်များ လွှဲပြောင်းယူပြီး ဆေးရုံတာဝန်များကို ဒေါက်တာဦးဝင်းကိုနှင့် အတူလုပ်ဆောင် ခဲ့ပါသည်။ မိမိဝါသနာပါခြင်း၊ အလုပ် တာဝန်ကို ကျေပွန်စွာလုပ်ဆောင်နိုင်ခဲ့ သည်။ အပြင်လူနာကြည့်ခြင်း၊ အတွင်း လူနာအဖြစ်များနာလူနာ၊ ထိခိုက်ဒဏ်ရာ ဝေဒနာသည်များနှင့် မွေးလူနာများကို ကုသပေးရသည်။ မွေးလူနာများနှင့် ထိခိုက်ဒဏ်ရာအသေးအမွှားများကို ရုံးချိန်မဟုတ်လျှင် Inform လုပ်ကာ ဆက်လာကြည့်ပြီး ဆေးများညွှန်ကြားပေး သွားသည်။ ဆရာမကတာဝန်ယူ လုပ်ဆောင်ပေးရသည်။ ဒေါ်မြသီတာ အသက်လေးဆယ်စွန်းအရွယ်ဖြစ်သော် လည်း သွက်လက်ဖြတ်လက်စွာ လုပ်နိုင် သည်။ ယင်းသို့ လုပ်ဆောင်ခဲ့ရာတွင် မြို့နယ် RHC ကျန်းမာရေးဌာနမှ ဆရာမ များကို မလုမ်စေလို၍ မဟုတ်ပါ။ ဆရာမများသည် မိမိတာဝန်ကျရာ ရပ်ကွက်ကျေးရွာအတွင်း ကိုယ်ဝန် ဆောင်စောင့်ရောက်ခြင်း၊ ကလေးမွေးဖွား ပေးရခြင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ TB ရောဂါတိုက်ဖျက်ရေး၊ အနာကြီးရော ဂါတိုက်ဖျက်ရေး စသည့်လုပ်ငန်းများကို လည်း လုပ်ဆောင်ရသည်။ ကျေးရွာ အတွင်း ဝမ်းလျှောဝမ်းပျက်ရောဂါ၊ မွေး ကင်းစမေးခိုင်ရောဂါ tetanus ဖြင့် သေဆုံးလျှင် သားဖွားဆရာမ မသိ၍ မဖြစ်ပါ။ ကိုယ်ဝန်ဆောင်မိခင် သေဆုံး လျှင်၊ မွေးကင်းစကလေးမေးခိုင်ရောဂါ ဖြင့်သေဆုံးလျှင် သားဖွားဆရာမသည် အထက်သို့ အကြောင်းကြားပေးရပါသည်။ သူတို့၏ များပြားလှသော တာဝန်များ ကြောင့် သူတို့ကိုခေါ်ရမည်ကို အားနာ ပါသည်။ မိမိလည်း ပိုင်နိုင်စွာလုပ်နိုင်၍ သာဖြစ်ပါသည်။ လူနာကုသခြင်းနှင့် သုံးစွဲသော ဆေးစာရင်းများကို တိကျစွာ

www.burmeseclassic.com

www.burmeseclassic.com

ဆေးစာရင်းစာအုပ်ထဲတွင် ရေးသွင်း၍ စာရင်းလက်ကျန်ဆေးများနှင့် ဆေးဗီရို တွင်းရှိဆေးများကို စစ်ဆေးရာထိုးဆေး ဆယ်လုံးစီ (၃)မျိုး ပိုနေသည်ကို တွေ့ရသည်။ ပိုနေသောဆေးများကို သုံးလျှင် လူနာအသုံးစာရင်း၌ စာရင်းမထည့်ဘဲ ထိုးပေးရန် ဆေးဗီရိုထဲတွင် အခြားဆေးများနှင့် အတူထားလိုက်သည်။ ဤဆေးရုံတွင် တာဝန်ထမ်းဆောင်၍ ရက် (၂၀) ခန့် ကြာသောအခါ ရပ်ဝေး၌နေသော အသက်(၇၆) နှစ်ရှိဖခင်းကြီးဆုံးသဖြင့် ဆရာဝန်ထံခွင့်ယူပြီး မိမိတာဝန်များကို ကျန်းမာရေးဌာနမှ ဆရာမဒေါ်တင်လှအား တာဝန်လွှဲအပ်ကာ ပြန်သွားရပါသည်။ ဖခင်ကြီးရက်လည် ဆွမ်းသွပ်ခြင်း ပြီးဆုံးသောအခါ ပြန်လာပြီး တာဝန်ထမ်းဆောင်ပါသည်။ လူနာများကို ဆေးများတိုက်ခြင်း၊ ဆေးထိုးခြင်းများ ပြုလုပ်သောအခါ ခွင့်ယူစဉ်က ထားခဲ့သောပိုနေသည့် ထိုးဆေးများကို မတွေ့တော့ပါ။ ဆရာမဒေါ်မြသီတာ တွေးမိပါသည်။ ပိုအောင် မိမိလုပ်ထားခြင်းမဟုတ်။ မိမိထံတောင်း လျှင်လည်း ပေးမည်ပင်။ "အော် သူတို့ လိုလို့ယူသွားတာ ဖြစ်မှာပါလေ" ဟု အသိစိတ်သွင်းထားလိုက်သည်။ ဤ အကြောင်းကို မိမိမှလွဲ၍မည်သူကိုမျှ မပြောခဲ့ပါ။

သို့နှင့် (၆)လခန့်ကြာသော အခါ တိုက်နယ်ဆရာဝန်ဦးသောင်းတင် ရောက်လာသည်။ ဆေးရုံသည် တိုက်နယ်ဆေးရုံဖြစ်သော်လည်း မန္တလေး-ရန်ကုန် အဝေးပြေးလမ်းမပေါ်ရှိသဖြင့် ကားလမ်းပေါ်မှ ထိခိုက်ဒဏ်ရာရရှိမှုများ ဖျားနာလူနာများနှင့် မွေးလူနာများဖြင့် လူနာများပြားပါသည်။ (၁၆) ခုတင်ဆန့်ဆေးရုံ ဖြစ်သော်လည်း လူနာဦးရေ ၅၀ခန့်ရှိခဲ့သည်။ လူနာများသည် မိမိနေရပ်တွင် ရန်းကုများ၊ အခြားဆရာများနှင့် ကုသပြီးငွေကုန် သံပြာဖြစ်ပြီးမှ ရောက်လာကြသည်။ ဆေးရုံသို့ ဝေဒနာစဖြစ်ကတည်းက လာပါဟု ကန့်သတ်၍မရပါ။ မိမိတို့ကို အားကိုးစွာ ရောက်လာကြသည်ဖြစ်၍ အခြေအနေဆိုးကြောင်းကို ပြောပြ၍ မိမိတို့စွမ်းသမျှ ကုသပေးမည်ဖြစ်ကြောင်း ပြောထားရပါသည်။ ဒေါ်မြသီတာသည် အချို့ ခွဲစိတ်ဝေဒနာများကို အခြားဆေးရုံသို့ ပို့လွှတ်ရသည်ကို လူနာများမှာ ငွေကြေးအခက်အခဲရှိသူများ ဖြစ်ခြင်း။ ဝေဒနာခံစားရသဖြင့် ခန္ဓာကိုယ်နှင့် စိတ်ပင်ပန်းရသောလူနာများဖြစ်သည့် အတွက် စိတ်မသက်မသာဖြစ်ရပါသည်။ ဆရာဝန်သည်လည်း ခွဲစိတ်ခြင်းကို ဝါသနာပါသည်ဖြစ်၍ ခွဲစိတ်လူနာများကို ကုသပေးရန်တိုင်ပင်ကာ ခွဲစိတ်ခန်းပြင်ဆင်ခြင်း၊ ခွဲခန်းဝတ်စုံများ ချုပ်ခြင်း၊ ခွဲစိတ်ပစ္စည်းများ စုဆောင်းခြင်းများပြုလုပ်သည်။ နောက်ဆုံးတွင် ခွဲစိတ်လူနာများပါ ကုသပေးနိုင်ခဲ့သည်။

ဆရာဝန်ကြီးသည် မွေးနေ့တိုင်းသက်သက်လွတ်စားခြင်း၊ ဥပုသ်စောင့်တည်ခြင်း၊ တရားထိုင်ခြင်းများပြုလုပ်၍ လူနာများကိုကုသပါသည်။ ဆရာမကြီးသည် နံနက်စောစောထ၍ ဘုရားရှိခိုးပုတီးစိတ် သမ္မုဒ္ဓေဂါထာ၊

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာသုတ်နှင့် ဗောဇ္ဈင်ဂသုတ်တော် များရွတ်ဆိုပူဇော်ပါသည်။ ယင်းသို့ ရွတ်ဆိုခြင်းသည် ရောက်လာသမျှလူနာ အားလုံးအတွက် ဖြစ်သည်။ အင်္ဂလိမာလ သုတ်တော်ကို မွေးလူနာအတွက်၊ ခန္ဓ သုတ်တော်ကို မြွေလူနာများအတွက်၊ ရတနာသုံးပါး ဦးထိပ်ထား၍ရွတ်ဆို ပူဇော်ခဲ့သည်။ အသည်းအသန်လူနာများ အတွက်သစ္စာဆိုပြီး ကုသပေးခဲ့သည်။ လာရောက်ကုသသော လူနာများမှာ ခေတ်မီဆေးဝါးများ၏ အစွမ်းကြောင့် လည်းကောင်း ဆရာများ၏စေတနာ မေတ္တာနှင့် သီလစွမ်းပကားများ၏ အစွမ်းကြောင့်လည်းကောင်း ရတနာ သုံးပါး ဂုဏ်ကျေးဇူးတော်များကြောင့် ပျောက်ကင်းကာ နေအိမ်သို့ပျော်ရွှင်စွာ ပြန်သွားကြသည်။ အချိန်လွန်မှ အသည်းအသန် လူနာများရောက်လာ လျှင်လည်း အစွမ်းကုန်ကုသပေးပါသည်။ သို့သော် သေဆုံးသူများလည်းရှိပါသည်။

တစ်နေ့တွင် ကျေးလက်ဆေး ပေးခန်းမှ ဆရာမဒေါ်တင်လှနှင့် ဒေါ်ကြည်မာတို့ မွေးလူနာတစ်ယောက် လာပို့ပါသည်။ လာပို့သည့်လူနာအား စားရင်းများသွင်းပြီး မွေးခန်းသို့မပို့ခိုင်းမီ သားဖွားဆရာမဒေါ်ကြည်မာအား "Saff ရေ Shaving လုပ်ခဲ့ပြီးပြီလား" ဆေးရုံထုံးစံအတိုင်း ဆရာမကြီး ဒေါ်မြသီတာ မေးမိပါသည်။

"ဒါမေးစရာလား . . . ကျွန်မ တို့ကို အထက်စီးက မဆက်ဆံပါနဲ့"

ဆရာမ ဒေါ်ကြည်မာက တင်းမာစွာပြော သည်။

"ရှင်" "အို . . . မဟုတ်ပါဘူး မလုပ်ရသေးရင် မသက်ကို လုပ်ခိုင်း မလို့ပါ"

"ဒေါ်မြသီတာ အံ့သြစွာ "ရှင်" ထွက်သွားပြီး မေးရခြင်းအကြောင်းကို ရှင်းပြပါသည်။ ထိုအခါ ဆရာမနှစ် ယောက်က ဆေးခန်းအတွင်းမှ မကျေ မနပ်နှုတ်မဆက်ဘဲ ထွက်သွားပါသည်။

"ဟာ . . အန်တီ သူတို့ဘာဖြစ် သွားကြတာလဲ" မသက်ကလည်း အံ့သြစွာမေးပါသည်။ "ဘာမကျေနပ် လည်း မသိပါဘူးကွယ် . . . လူနာကို မွေးခန်းထဲပို့ပြီး Shaving လုပ်ပေးအုံး ပြီးရင် အန်တီလာခဲ့မယ်"

ဆရာမကြီးသည် မွေးလူနာ အတွက်လိုအပ်သော ဆေးဝါးများကို ယူ၍ မွေးလူနာခန်းသို့သွားစဉ် ဆရာဝန် ကြီးများက "ဆရာမကြီးခဏ" ဟု ခေါ်သ ဖြင့် ဆရာဝန်ကြီးထံသို့သွားပါသည်။

"ခုနက ဆရာမနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဆီလူနာအကြောင်းပြောပြီး ဆရာမကြီးကသူတို့ကို အထက်စီးနှင့် ခိုင်းတယ် သူတို့မလုပ်နိုင်ဘူးတဲ့ ကျွန်တော့်ကို ပြောတယ်။ ခုလေးတင် နှုတ်ဆက်ပြီး ပြန်သွားတယ် ဆရာမကြီး ဘာခိုင်းလိုက်လို့လဲ"

"ကျွန်မ မခိုင်းပါဘူးဆရာ Shaving လုပ်ခဲ့ပြီးပြီလားလို့" မေးမိတာပါ။ မလုပ်သေးရင် ဆေးရုံကဝန်ထမ်းတွေခိုင်းမှာပါ။ ကျွန်မဆေးရုံထုံးစံအတိုင်း မွေးလူနာဆို Shaving လုပ်ရတာဆိုတော့ သူတို့ကလည်း ဆရာမတွေမို့ မေးလိုက်တာပါ။

နောက်ကို သူတို့လာရင် သူတို့ကို ဆရာမကြီး ဘာမှမပြောပါနဲ့ သူတို့ဆရာမကြီးကို အမြင်စောင်းနေတယ်"

"ဟုတ်ကဲ့ပါဆရာမ...ကျွန်မ ဒီဆေးရုံရောက်လာတာ သူတို့နေရာကို လုတယ်လို့ ပြောပါတယ်။ ကျွန်မက သူနာပြုဆရာမပါ။ ကျွန်မတာဝန် ကျွန်မထမ်းဆောင်တာပါ...မွေးလူနာ အတွက် လိုအပ်တာတွေ လုပ်လိုက်ဦး မယ်"

"ကောင်းပြီ ဆရာမကြီး"

မွေးလူနာအား စမ်းသပ်စစ် ဆေးပြီး လူနာမှာ နှစ်ရက်ခန့် နာကျင် အိပ်ရေးပျက် အင်အားနည်းပါးနေပါ သည်။ ဆရာကြီးက ညှပ်ဆွဲမွေးဖွား ပေးလျှင် ကလေးမွေးနိုင်သဖြင့် ပစ္စည်း ကိရိယာဆေးဝါးများပြင်ဆင်၍ ဆရာကြီး အား ဝန်ထမ်းတစ်ယောက်လွှတ်၍ အကြောင်းကြားလိုက်ပါသည်။ ဆရာကြီး က လူနာစမ်းသပ်စစ်ဆေးပြီး ညှပ်ဆွဲ မွေးဖွားပေးပါသည်။ ကလေးရော လူကြီး ပါ အသက်ရှင်မွေးဖွားခဲ့သည်။

×××

ဒီနေ့နံနက် ဖြစ်ဝန်နာရီခန့်က စစ်တောင်းမြစ်ကမ်းခြေရွာတစ်ရွာမှ ကိုယ်ဝန်နေ့စေ့လစေ့ သွေးဆင်းသော လူနာရောက်လာခဲ့တယ်။ မခင်သန်းထွေး အသက် ၂၇နှစ် ကလေးနှစ်ယောက်မွေး ပြီးဖြစ်သည်။ အချင်းသည် ကလေးထွက် မည့် သားအိမ်ဝတွင် တစ်ခုလုံးသော် လည်းကောင်း တစ်ဝိုင်းတစ်စသော်လည်း ကောင်း ရောက်ရှိနေ၏ ဝမ်းဗိုက်နာသည် နှင့် သွေးဆင်းခြင်းဖြစ်သည်။ လူနာကို ထောက်လာကျိနောက်တွဲယာဉ်ဖြင့် သယ် လာခြင်းဖြစ်သည်။ အရေးပေါ်လူနာဖြစ် ၍ သွေးအမျိုးအစားစစ်ခြင်း။ သွေးအမျိုး အစားတူစစ်ဆေးရှာထားပြီး အရေးပေါ် အလျှင်အမြန် ခွဲစိတ်မွေးဖွားရန် ပြင်ဆင် ရသည်။ BP 90/60 mmHg ရှိသည်။ သွေးတစ်ပုလင်းအမြန်ဆုံးသွင်းပြီး Bp 110/90 mmHg ရောက်သောအခါ ခွဲခန်း သွင်း၍ ခွဲစိတ်မွေးဖွားပေးပါသည်။ မခွဲ စိတ်မီ ခွဲစိတ်မွေးဖွားရန် လူနာရှင်သဘော တူကြောင်း လက်မှတ်ယူထားရပါသည်။ လူနာ၏ အခြေအနေအရ ၎င်းမေ့ဆေး၏ အန္တရာယ်ကြောင့် ၎င်းလူနာအသက် အန္တရာယ်ဆုံးရှုံးနိုင်သဖြင့် လူနာရှင်များ က မိမိသွေးသားများ ဆုံးရှုံးလျှင် သူတို့ ၏ သဘောတူညီချက်မရှိပါက ကုသ သောဆေးရုံကို ပြဿနာလုပ်နိုင်၍ ယူထားခြင်းဖြစ်သည်။ မိခင်နှင့် ကလေး နှစ်ဦးစလုံး အသက်ရှင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခွဲစိတ်ခန်းမှထွက်၍ နံနက်စာစားကာ အနားယူပါသည်။ အနားယူသည်ဆိုလည်း နံနက် ၈း၃၀ အချိန်ရှိပြီဖြစ်သည်။ ဆေးရုံတွင်ဆရာမဦးရေမှာ အထက်တန်းသူနာပြုဆရာမ ဒေါ်မြသီတာတစ်ယောက် တည်းသာရှိသည်။ လူနာခန်းရှိ(၄၀) ကျော်သော လူနာများကိုဆေးထိုးခြင်း၊ ဆေးပေးခြင်း၊ ဆေးထည့်ခြင်းများ မလုပ်ရသေးပါ။ နံနက်စာစားပြီးသောအခါ နံနက်(၉း၃၀)နာရီရှိပြီမို့ ဝန်ထမ်းမောင်ဦးကို ဆေးထည့်ခိုင်း၍ ၎င်းဆေးလုံးဆေးပြားများကို ဝန်ထမ်းမသက်မြိုင်ကို တိုက်ခိုင်းကာ ဆရာမကြီးက လူနာများကို ဆေးထိုးပါသည်။ ဆေးထည့်လူနာများကိုလည်း ဆရာမကြီးကြွပ်မတ်ပေးပါသည်။ ၁၀း၃၀နာရီတွင် ဆရာဝန်ကြီးရောက်လာကာ လူနာများကို လှည့်လည်စစ်ဆေးကာ ဆေးဝါးများညွှန်ကြားပါသည်။ ဆရာမကြီးသည် Round ပြီးသောအခါ ဆရာဝန်ကြီးပေးထားသည့် ဆေးချက်များ စီစစ်၍ ဝန်ထမ်းမမြင့်။ မောင်ကျော်တို့နှင့်အတူ လုပ်ဆောင်ပါ

သည်။ ထိုအချိန်တွင် ပြိုထဲမှ မွေးလူနာ အချင်းကပ်၍ ရောက်လာပါသည်။ ဆရာမ ဒေါ်တင်လှနှင့် ဆရာမ ဒေါ်သန်း သန်းတို့ လာပို့ခြင်းဖြစ်သည်။ "မသန်း သန်းနဲ့. -အသက်၃၀နှစ် ရပ်ကွက် ဟိုတစ်ပတ်လောက်က ဆေးရုံ လာသေးတယ်လေ။ ဆေးရုံမှာ မွေးဖို့ ပြောမိသေးတယ် ဘယ်အချိန်တုန်းက မွေးတာလဲ" ဆရာမကြီးကမေးပါသည်။ "နာရီဝက်ကျော်ကမွေးတာပါ။ အချင်းချကြည့်သေးတယ် သွေးတွေဆင်း လာလို့ဆေးရုံကို ခေါ်ခဲ့တာပါ။" လို့ပို့သူ ဆရာမဒေါ်တင်လှက ပြောသည်။ "မသက်ရေ လူနာကိုမွေးခန်း ထဲ အမြန်ပို့ BP သွေးပေါင်ချိန်ရအောင် မောင်ကျော် ဆရာကြီးအမြန်ခေါ်ခဲ့ပါ" ဆရာမကြီးက ဆေးပုလင်း (Drip) သွင်း ရန်အမြန်ပြင်ပြီး လူနာကို ဆေးသွင်းပါသည်။ BP ချိန်သောအခါ ၆၀/- ပဲရ သည်။

ကောင်းအောင်လုပ်ပေးမယ်" ဆရာမကြီး ကလူနာအား အားပေးသည်။

လူနာအားယူကာ မျက်လုံးဖွင့် ကြည့်သည်၊ စကားတော့ ပြန်မပြောနိုင် ရှာပါ။

"ညီမလေး သွေးနည်းနည်း ယူမယ်နော် မနာအောင်လုပ်ပေးမယ်" ဆရာမကြီးက ကြင်နာစွာသွေးပေါက်ပုံ ကာ အမြန်ဆုံးသွေးအမျိုးအစားခွဲပါ သည်။ ထိုအချိန်ဆရာကြီး ရောက်လာပါ သည်။ "ဆရာကြီး BP အရမ်းကျနေပါ တယ်၊ Blood Set နဲ့ Drip တစ်လုံးသွင်း ထားပါတယ်ဆရာ Blood က B Group ပါဆရာကြည့်ပါ"

"ရပြီ ဆရာမကြီး သွေး အနည်းဆုံး ၃ပုလင်းရှာပါ"

လူနာနှင့်အတူပါလာသော သူများကို ဝန်ထမ်းမောင်ကျော်ကျော်က မေးပါသည်။

" B သွေး ဘယ်သူပါလဲ

"မသန်းသန်းနဲ့. ညီမလေး အမြန်လာပါ"

"ကျွန်တော် Bသွေးပါ သူရဲ့

www.burmeseclassic.com

www.burmeseclassic.com

မောင်ပါ။"

အခြားတစ်ယောက်ကလည်း "ကျွန်တော်လည်း B သွေးပါ"

"ကျွန်မလည်း B သွေးပါ... ကျွန်မကသူရဲ့ ညီမဝမ်းကွဲပါ" B သွေး အမျိုးအစားကိုလည်း အလွယ်တကူ ရပါသည်။ လူနာသွေးနှင့် သွေးလှူမည့်သူ သွေးနှင့် ရောနှော၍ ရမရကို အမြန်ဆုံး စစ်ဆေးပါသည်။ နာရီဝက်အတွင်း လူနာကို သွေးသွင်း၍ရပါသည်။ အချင်း ကိုလည်း ဆရာဝန်ကြီးက ခွာပေးပါသည်။ သို့သော် BP တက်မလာပါ။ လူနာ အသက်ကို မကယ်လိုက်နိုင်ပါ။ ဆေးရုံ နှင့်မဝေး မြို့နယ်တွင်းမှ ကိုယ်ဝန်ဆောင် အမျိုးသမီး အချင်းကပ်သည်ကို မကယ် နိုင်သည့်အတွက် ဆရာဝန်ကြီးနှင့် ဆရာမကြီးတို့ စိတ်မကောင်းပါ။ ဆေးရုံ ၌ မွေးရန်ပြောသော်လည်း ဆေးရုံသို့ လာမမွေးခြင်း၊ အချင်းကပ်သည်ကို အရပ်ထဲ၌ ကြိုးစားခွာသည့်အတွက် သွေးလွန်စွာ ကုန်ဆုံးသွားသည်။ နောက် ကျမှရောက်လာခြင်းကြောင့် လူနာသေ ဆုံးရသည်။ လူနာသေဖို့ကံပါလာသည် ဟု စိတ်ဖြေရသည်။ လူနာများသည် မိမိဆွေမျိုးများ မဟုတ်သော်လည်း ကိုယ့်ဆွေမျိုးသားချင်းကဲ့သို့ ခံစားရပါ သည်။

သည်လဆန်းကတည်းက ဆရာဝန်ကြီး ဖောင်ကြီးသင်တန်း(၃)လ တက်ရောက်ရသည်။ ဆေးရုံတာဝန်များ ကို ဆရာမကြီးအား လွှဲထားခဲ့သည်။ ဆရာမကြီးသည် မိမိကုသနိုင်သည့် လူနာများကို ကုသပေးပြီး မိမိမကုသနိုင် သည့်လူနာများနှင့် ခွဲစိတ်ရမည့်လူနာများ ကို အခြားမြို့နယ်ဆေးရုံသို့ လွှဲပြောင်း ပေးသည်။ မွေးလူနာ၊ ၄င်္ဂဖျားလူနာများ အသေးစားထိခိုက်ဒဏ်ရာရသူ လူနာ များကို တာဝန်ယူကုသပေးပါသည်။ ရုံးပိတ်ရက်များတွင် ဆရာဝန်ကြီးပြန်လာ ပြီး လူနာများကို ကြည့်ပေးသည်။

တစ်နေ့တွင် RHC မှ ကျန်းမာရေးဆရာမ ဒေါ်တင်လှနှင့် သား ဖွားဆရာမ ဒေါ်ကြည်မာတို့ မွေးပေးသည့် မွေးလူနာမွေးမရ၍ ဆေးရုံသို့ခေါ်ခဲ့သည်။

ဆရာမကြီး လူနာတစ်ယောက်အား ဆေး ဝန်ထမ်းမသက်မြို့ငှက စာရင်းသွင်းထား ပြီး မွေးခန်းသို့သွင်းထားပါသည်။ ပြီးမှ ဆရာမကြီးထံအကြောင်းကြားပါသည်။

"အန်တီမွေးလူနာ ရောက်နေ ပါတယ်- RHC ဆရာမတွေ လာပို့တာပါ"

"အေး..အေး..အန်တီပြီးပြီ လာခဲ့မယ်"

ဆရာမကြီးလိုက်လာကာ မွေးခန်းအတွင်းသို့ ဆက်သွားလိုက်ပါ သည်။ မွေးခန်းတွင် လူနာအား BP ချိန် သောအခါ BP 120/80mmHg အဖျားမရှိ

"ကဲ..နာမည်ဘယ်လိုခေါ်သလဲ အသက်ဘယ်လောက်လဲ"

"တင်တင်အေးပါ..အသက် ၂၅နှစ်ပါ"

"ဘယ်နှစ်ယောက်မွေးပြီးပြီ လဲ..နာတာဘယ်လောက်ကြာပြီလဲ"

"ဒုတိယကလေးပါ မနေ့ညက စနာပါတယ်" လူနာကဖြေပါသည်။

"ဆရာမစမ်းပေးမယ်နော်" ဟု

www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ဆရာမကြီးကစမ်းရန် အင်္ကျီကို လှန်လိုက်သောအခါ

"ဟင်..ခွဲထားတဲ့ ဒဏ်ရာပါလား? ဒါဆိုအရင်က ကလေးဘာကြောင့် ခွဲရတာလဲ? ဆရာမကြီးက မေးပါသည်။

"အနေအထားမမှန်လို့ပါ ကလေးကသုံးနှစ်ခွဲရှိပါပြီ"

"သမီးရေ ကလေးနှလုံးသံနားထောက်မယ်- trumpet ပေးပါ။" (ကလေးနှလုံးခုန်နှုန်းစမ်းသည့် ကိရိယာ) ဆရာကြီး ကလေးနှလုံးသံနားထောင်ကြည့်သည်။ တစ်မိနစ် ၁၅၀ ခွက်ကျော်နေသည်။ အောက်မှစမ်းသောအခါ ကလေးမွေးလမ်း၀အနား ရောက်နေပြီဖြစ်သည်။ ကလေးအသက်ရှင်ရန် အမြန်မွေးရမည်။ ညှပ်နှင့်ဆွဲမွေးလျှင် ရနိုင်သည်။ သားဆက်မများသဖြင့် အဆင်ပြေနိုင်သည်။

"ကဲ...လူနာရှင်လိုက်လာပါ..." လူနာရေ့မပြောလို၍ အပြင်သို့ လူနာရှင်များကို ခေါ်ခဲ့ကာ

"မေ့ဆေးထုံဆေးတို့၏ အန္တရာယ်ကိုသိလျှက် ညှပ်ဆွဲမွေးဖွားရန် သဘောတူပါသည်" ဟုလူနာစာရွက်ပေါ် ရေးပြီး.. ဆရာမကြီးကလူနာရှင်အား ပြောပါသည်။ "ကလေးကိုညှပ်ဆွဲမွေးရမှာပါ။ ထုံဆေးလည်းထိုးရပါမယ်။ ဒါမှမဟုတ်ရင်လည်း မြို့နယ်ဆေးရုံကိုလွှဲပြောင်းပေးပါမယ်"

"ဆရာမကြီးရယ်...မြန်မြန်မွေးပေးပါ တစ်ခြားဆေးရုံသွားဖို့ပြင်ရတာနဲ့ အချိန်တော်တော်ယူရမှာပါ... ကျွန်တော်တို့လည်း ငွေကြေးမပြည့်စုံပါဘူး...ကူညီပါ ဆရာမကြီးရယ်" ဟုပြောပါသည်။

"ကဲ ဒါဆိုရင် ဒီမှာကျွန်မစာရေးထားတယ် သေသေချာချာဖတ်ပြီးလက်မှတ်ထိုးပေးပါ"

"ဟုတ်ကဲ့ပါ ဆရာမကြီး" ဟုပြောကာသဘောတူကြောင်း လက်မှတ်ထိုးပါသည်။ ထို့နောက် ဆရာမကြီးသည် မွေးခန်းသို့ပြန်လာကာ ဆေး၀ါးများပြင်ဆင်ပါသည်။ ဆီးအိမ်တင်းနေသဖြင့် ဆီးများကိုလည်း ဆီးခြွေပေးသည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com

ထုံဆေးထိုး၍ ညှပ်ဖြင့်ဆွဲကာ ကလေးကို ခဲယဉ်းစွာ မွေးဖွားပေးလိုက်ပါသည်။ ယောကျ်ားလေး အရှင်မွေးပါသည်။

အုဝဲ···အုဝဲ···အုဝဲ···

"သမီးရေ··ကလေးကို ကြည့်ပါဦး သမီးကလေးကလှလိုက်တာ···ခြေလက်အင်္ဂါအစုံနဲ့" ဟု ဆရာမကြီးသည် ကလေးကိုမိခင်အား ပြပါသည်။ မိခင်သည် မွေးစဉ်တုန်းက နာကျင်ခြင်း၊ အသက်လုပ်အား ထုတ်မွေးဖွားရခြင်း မျှားရှိခဲ့သော်လည်း မိမိ ရင်သွေးလေးကို မြင်ရသောအခါ ချစ်ခင် ကျေနပ်သောမျက်နှာဖြင့် ကလေးကို ကြည့်ကာ "သားလေးကချစ်စရာကောင်း လိုက်တာ" ဟုပြောကာပြုံးနေပါသည်။ ထိုမိခင်၏အပြုံးသည် ကမ္ဘာပေါ်တွင် အလှဆုံးအပြုံးပန်းတစ်ပွင့်ဟု ဆရာမ ကြီးတင်စားမိပါသည်။ ပြီးနောက် ကလေးကို ဝန်ထမ်းမသက်အား ထွေးထွေးနွေးနွေးလုပ်စေကာ ကလေး ကုတင်ကို ပို့စေသည်။ အချင်းကွာလာ သောအခါ ဖြေးညှင်းစွာခွာချပြီး လူနာအား လိုအပ်သောဆေးများ ထိုးပေးပါသည်။ ဆရာမကြီး ကံကောင်း ပါသည်။ မွေးကင်းစကလေး ညှပ်ဖြင့်ထိ ခိုက်ဒဏ်ရာ အကြီးအကျယ်မရပါ။ မိခင် ခွဲစိတ်ဖူးသူဖြစ်သော်လည်း မွေးပြီးသွေး သွန်ခြင်း၊ အချင်းကပ်ခြင်း မရှိပါ။ ဆရာမကြီးသည် ညှပ်ဆွဲမွေးသည့်အခါ တိုင်း မိမိမွေးဖွားပေးသော ကလေးသည် မျက်စိ၊ မျက်နှာ၊ ဦးခေါင်းတို့၌ ကြီးမား သောဒဏ်ရာများ မရပါစေနှင့်။ မိခင်နှင့် ကလေးပါ ကျန်းမာပါစေဟု မြတ်စွာ ဘုရားထံ ဆုတောင်းပါသည်။ မိခင်နှင့် ကလေးပါ ကျန်းမာစွာရှိသဖြင့် ဆရာမ ကြီးစိတ်ချမ်းသာရပါသည်။ လာပို့သော ဆရာမတို့သည် လုပ်သက်များအနှစ် (၂၀) နီးပါးရှိပြီဖြစ်သဖြင့် သင်တန်း ကျောင်းမှ ညွှန်ကြားချက်များကို မေ့ကုန် ကြပြီထင်ပါသည်။ (၁) သားဦးကိုယ်ဝန် (၂)ခွဲစိတ်မွေးဖွားဒဏ်ရရှိသည့်ကိုယ်ဝန် (၃)ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါရှိသည့် ကိုယ်ဝန် (၄) အမွှာကိုယ်ဝန် (၅)အနေ အထားမမှန်သည့်ကိုယ်ဝန် (၆)သား ဆက်များသောကိုယ်ဝန် (၇)အသက် ကြီးသားဦး ကိုယ်ဝန်သည်များသည် အိမ်၌မွေးဖို့ မသင့်ပါ။ အသက် အန္တရာယ်ထိခိုက်နိုင်သောကြောင့် ဆေးရုံ၌သာ မွေးဖွားရပါမည်။ ဤကိစ္စ နှင့်ပတ်သက်၍ ဆရာမကြီးသည် လူနာ လာပို့သောဆရာမတို့အား ဘာမျှမပြော တော့ပါ။ လူနာကိုသာ ကျန်းမာအောင် ပြုစုပေးခြင်းကို သူတို့သိသွားပြီဖြစ်သည်။ ဆရာမကြီး ဒေါ်မြသီတာရောက်စက "အပြာလုံချည်ဝတ်တာခြင်း အတူတူ သူကဉ်ကို အထက်စီးကဆက်ဆံသည်" ဟု ဆေးရုံဝန်ထမ်းများရှေ့တွင် ပြောခဲ့ သည်။ သူနာပြုသင်တန်း (၃)နှစ်တက် ပြီး သားဖွားသင်တန်း(၆)လ သာတက် ခဲ့သောအထက်တန်းသူနာပြုဆရာမနှင့် သားဖွားသင်တန်း ၁နှစ်၆လ တက်ပြီး နောက်ထပ်(၉)လ သင်တန်းတက်ကာ အမျိုးသမီးကျန်းမာရေး ဆရာမတို့ Uniform ဝတ်စုံတူသော်လည်း မတူညီ တာတွေရှိကြောင်း ဆရာမများသိသွားလေ

www.burmeseclassic.com

www.burmeseclassic.com

မည်။ ဆရာမကြီးဒေါ်မြသီတာ မည်သူကို မျှမနှိမ်ပါ။ ဆရာမအချင်းချင်း မတည့် ရန်ဆောင်နေကြလျှင် ပတ်ဝန်းကျင် အထင်သေးပေမည်။ ဆရာမကြီး သည်းခံခဲ့သည်။ ဤအချိန်နောက်ပိုင်း RHC ဆေးပေးခန်းမှ ဆရာမများဆက်ဆံ ပုံပြောင်းလဲသွားကြသည်။

×××

အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်တင်လှ သူမ၏ဇာတိမြို့သို့ ပြောင်းရန် အမိန့်ကျလာပါသည်။ ဆရာမကြီးဒေါ်မြသီတာ လက်ဆောင် ပစ္စည်း- လုံချည်အပြာနှင့် ပိတ်စတစ်စုံ ကို လက်ဆောင်ပေးခဲ့သည်။

" Staff ရေပြောင်းတော့မယ် ဆိုလို့ . . . လက်ဆောင်လာပေးတာပါ တန်ဖိုးတော့မရှိပါဘူး ဘာတွေလိုသေး သလဲ ပြောပါကူညီပေးပါ့မယ် . . ကိုယ့် ရပ်ရွာရောက်ပြီမို့ ဝမ်းသာစရာပါ . . . သည်ဘက်ကို ရောက်လာရင်လည်း ဝင်လာပါနော်"

"ဘာမှမလိုတော့ပါဘူး . . . ကျေးဇူးတင်ပါတယ် တောင်ငူရောက်ရင် လည်းဝင်ခဲ့ပါ"

ဆရာမကြီးသည် အချိန်တန် ကြာစကားပြောပြီး နှုတ်ဆက်ကာ ပြန်ခဲ့ ပါသည်။ ဆရာမကြီးသည် မိမိကိုယ် ကျေနပ်မိပါသည်။ မိမိသည် သာမန်လူ တစ်ယောက်ဖြစ်ပါသည်။ ထိုအချိန် ဆရာမကြီးအသက် ၄၆နှစ် ရှိပြီဖြစ်သည်။ ထိုဆရာမများနှင့် ဆက်ဆံသောကာလ တစ်လျှောက်လုံး မာနတို့ဖယ်ရှားနိုင်ခဲ့ သည်။ ငါကဘဲရဲ့၊ အထက်တန်း သူနာပြု ဆရာမဟု မာနထောင်လွှားခြင်း မရှိခဲ့ပါ။ ဆရာမအချင်းချင်း အမျိုးသမီးအချင်းချင်း ဟုပဲသဘောထားခဲ့သည်။ ဆရာမ ဒေါ်တင်လှတို့၏ မိမိအပေါ် ဆက်ဆံပုံများ ကို သည်းခံနိုင်ခဲ့သည်။ သူတစ်ပါး၏ အမှားပြုခြင်းများကို တစ်ခုတစ်ယောက် သည်။ ငါကဘဲရဲ့၊ အထက်တန်း သူနာပြု ဆရာမဟု မာနထောင်လွှားခြင်း မရှိခဲ့ပါ။ ဆရာမအချင်းချင်း အမျိုးသမီးအချင်းချင်း ဟုပဲသဘောထားခဲ့သည်။ ဆရာမ ဒေါ်တင်လှတို့၏ မိမိအပေါ် ဆက်ဆံပုံများ ကို သည်းခံနိုင်ခဲ့သည်။ သူတစ်ပါး၏ အမှားပြုခြင်းများကို တစ်ခုတစ်ယောက် အားလည်းကောင်း၊ လူအများအားလည်း ကောင်းမပြောခဲ့ပါ။ ဤသို့အမှားပြုခြင်းကို မိမိမနှစ်သက်၊ မပြုလုပ် ရောင်ကြဉ်ခဲ့ သည်။ သူတို့လုပ်တာကို စိတ်မကောင်း ဖြစ်သည်မှလွဲ၍ သူတို့အားစိတ်မဆိုးမိပါ။

ဤသို့ အခြေအနေများကြောင့် မေတ္တာ မပျက်ဆက်ဆံနိုင်ခဲ့သည်။ ပင်စင်ယူပြီး တရားစာပေများလေ့လာ သင်ယူခြင်း၊ ဆရာတော်များ၏ တရားတော်များကို နာကြား၊ ဖတ်ရှုရသောအခါ မိမိအသိ နည်းသော အချိန်တွင်ပင် မာနကို ဖယ်ရှားနိုင်ခဲ့သည်ကို သိလာရသည်။ မာနကို ဖက်တွယ်မိလျှင် ဒေါသအမျက် များထွက်၍ အကုသိုလ်စိတ်များ ပွားနေ ပေမည်။ မိမိအားလည်း ဒေါသမာနများ ကြောင့် ပူလောင်နေလိမ့်မည်။ အဒေါသ မေတ္တာတရားဖြင့် နေခဲ့သည့်အတွက် အေးငြိမ်းနေခဲ့သည်။ အခင်အမင်မပျက် ခေါ်ပြောနိုင်သည်။ ထိုအချိန်က မိမိသည် မိမိစိတ်ကို နိုင်ခဲ့သည်ဟု တွေးမိပါသည်။ ယခုအရွယ် ဘသနေဝင်ချိန်တွင်လည်း ဝိပဿနာ တရားများကို ကြိုးစားအား ထုတ်၍ အနိုင်ယူရန် ကြိုးစားနေရပါ တော့သည်။

မေချို- ပျဉ်းမနား

www.burmeseclassic.com

www.burmeseclassic.com

စိန်းသစ်

ဝိုလ်ကျော်

၉၀ စာပေဗိမာန်

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

စစ်ယာဉ်တန်း

စားနပ်ရိက္ခာများ သယ်ဆောင်လာသော တီအီး-၂၁ စစ်ကား ၁၃ စီးပါ စစ်ယာဉ်တန်းသည် ရိက္ခာများ ပို့ရမည့် ရှေ့တန်းစခန်းများရှိရာသို့ တောတွင်းတောင်ပေါ် ကားလမ်းကြမ်းအတိုင်း မောင်းနှင်ခဲ့ကြရသည်။

စစ်ယာဉ်တန်းတွင် စစ်ကားများကို မောင်းနှင်လျက် ရိက္ခာများကို ပို့ဆောင်ပေးရသည့် တာဝန်ကို ထမ်းဆောင်ရသော ထောက်ပံ့နှင့် ပို့ဆောင်ရေး(ထောက်ပို့) တပ်ဖွဲ့နှင့် ယာဉ်တန်းလုံခြုံရေး တာဝန်ကို ထမ်းဆောင်ရသည့် အစောင်းလိုက် (ခြေလျင်) တပ်ဖွဲ့များ ပါဝင်ကြသည်။

စစ်ယာဉ်တန်း၏ တာဝန်ခံ ယာဉ်အုပ်စုမှူး ဗိုလ်ကြီးမျိုးချစ်သည် စစ်ယာဉ်တန်း ထုံးစံအတိုင်း နောက်ဆုံးကားတွင် စီးနင်းလိုက်ပါကာ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲနေလေသည်။

တပ်မတော်တပ်ဖွဲ့များ၊ စစ်ကြောင်းများ စိုးမိုးထားသည့် နယ်မြေဒေသဖြစ်သော်လည်း သောင်းကျန်းသူရန်သူတပ်ဖွဲ့များက လစ်လျှင် လစ်သလို ထိုးဖောက် ဝင်ရောက်တိုက်ခိုက်၊ မိုင်းထောင်တတ်ပြန်သဖြင့် စစ်ယာဉ်တန်းသည် သတိကြီးစွာဖြင့် ချီတက်နေရသည်။

မိုင်းနင်းပြီ

မည်မျှပင် သတိထားပါသော်လည်း "ဖြစ်ချိန်တန်လျှင် ရောင်လွှဲမရ" ဟူသည့် ကံကြမ္မာတရားအတိုင်း နေ့ခင်း ၁ နာရီတိတိ (စစ်တပ်အခေါ်-၁၃၀၀ နာရီ)တွင် ကျယ်လောင်ပြင်းထန်လှသော ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။

"ဝုန်း"

ယာဉ်အုပ်စုမှူး ဗိုလ်မှူးကြီး မျိုးချစ်မှာ ထို "ဝုန်း"ခနဲ ပေါက်ကွဲသံကြီး ကြားလိုက်ရသည်နှင့်တစ်ပြိုင်တည်း သူ့ရင်ထဲမှာလည်း "ဒိန်း"ခနဲ ခံစားလိုက်ရသည်။ ချက်ချင်းပင် ကားခေါင်းခန်း တံခါးကို အမြန်ဖွင့်ကာ ခုန်ဆင်းလိုက်ပြီး ယာဉ်တန်းရှေ့ဘက်သို့ အာရုံပြေးလေတော့သည်။ ပြေးရင်း လွှားရင်း ပါးစပ်ကလည်း "ဘာဖြစ်တာလဲ"၊ "ဘာဖြစ်တာလဲ"ဟု စိုးရိမ်တကြီး မေးနေမိ၏။

"မိုင်းထင်တယ် ဗိုလ်ကြီး"

"ဗိုလ်ကြီး လူနင်းမိုင်း။ သတိထား။ လူနင်းမိုင်း သတိထား"

စစ်သည်တစ်ဦးက သူထင်တာ ပြန်ဖြေစဉ် အခြားစစ်သည်တစ်ဦးကလည်း ပြေးလွှားရင်း လူနင်းမိုင်း နင်းမိမည်စိုးသဖြင့် လှမ်းသတိပေးလေသည်။ မှန်ပါသည်။ ဤကဲ့သို့သော ဖြစ်စဉ်မျိုးတွင် ရန်သူသည် ထယ်ဆင့်အပြတ်ထုတ်နိုင်ရန်အတွက် လူနင်းမိုင်းများကိုလည်း လမ်းဘေးဘက်များတွင် ထောင်ထားတတ်လေ့ရှိ၏။ သို့သော် ဇောကပ်နေသည့် ဗိုလ်ကြီးမျိုးချစ်မှာ ဘာကိုမှ သတိမထားနိုင်တော့ဘဲ ရှေ့ဘက်သို့သာ ဒုတ်အတင်း ပြေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်တန်းရှေ့ဘက်နား ပြီး သူတို့ထဲက စစ်သည်တစ်ဦးမှာ လာကာ ဇက်လည်ကျသွားရှာလေတော့ ရောက်ချိန်တွင် "ရှေ့ဆုံးပို့ကား မျက်နှာအလယ်တည့်တည့်မှ နှစ်ခြမ်း ၏။ ဆေးစစ်သည်များလည်း မည်သို့မျှ ခိုင်းနှင်းကာ ဗိုလ်ကြီး"ဟု သတင်းပို့သံ ကွဲနေလျက် အခြားစစ်သည်တစ်ဦးမှာ မတတ်နိုင်ကြတော့ပေ။ ဗိုလ်ထွန်းထွန်း ကြားချိန်နှင့် တစ်ပြိုင်နက် ယမ်းခိုး၊ လည်း ဝမ်းဗိုက်ထဲသို့ ရိက္ခာစည်သွပ် သည် ပြီးခဲ့သည့် ၇ ရက်၊ တစ်ပတ်က ယမ်းငွေ့များ၊ မီးခိုးလုံးများ ပြင်လိုက်ရ ဘူး အလုံးလိုက်ဝင်လျက်နှင့် သွေးသံ မှ လက်ထပ်ခဲ့သူဖြစ်သဖြင့် သူတို့ဇနီး ပြီး နှာခေါင်းတွင်လည်း ယမ်းနံ့များ ရဲရဲ ရဲပျက်ဆင်းပျက်များ ဖြစ်နေကြ မောင်နံ့၏ အဖြစ်အပျက်က အလွန်ပင် မွန်ထူသွားရလေသည်။ မြင်ကွင်းက သေးသည်။ ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှပေ မှုန်ရီမှိုင်းလျက် မသဲမကွဲ ဝေဝါးဆဲ။ သည်။ ထို့အတူပင် အခြားကျဆုံးသွား ကြသူများမှာလည်း သူတို့ကိုယ်စီ ဘဝ

ကျဆုံးစစ်သည်များ

မိုင်းထိ ပတ်ဝန်းကျင်တစ်ခွင် လုံးတွင် ရိက္ခာပစ္စည်းများ ပြန့်ကျဲလျက် ထိသွားကြသည့် စစ်သည်များလည်း အတုံးအရုန်း လဲနေကြသည်။ ဒဏ်ရာ ရနေကြတာလား၊ ကျဆုံးသွားကြတာ လား သိနိုင်ရန် ဆေးစစ်သည်များနှင့် အတူ အခြားစစ်သည်များကပါ ဝိုင်းဝန်း ကြည့်ရှု စစ်ဆေးနေကြသည်။ ဒဏ်ရာ ဖြင့် အသက်ရှင်နေသေးသူများကို ကြိုးပမ်းကုသ အသက်လုကြရန် ဖြစ်သော်လည်း လဲနေကြသည့် စစ်သည် ၄ ယောက်စလုံးမှာ ကျဆုံးနေကြလေ

ဗိုလ်ထွန်းထွန်း ဖြစ်နေလေသည်။ ယာဉ်တန်းလုံခြုံရေး အစောင့်လိုက်တပ် ဖွဲ့ ခေါင်းဆောင်တာဝန်ဖြင့် မိုင်းနင်းသည့် ကား၏ ခေါင်းခန်းမှ လိုက်ပါလာခဲ့သူ ဖြစ်၏။ ရရှိထားသည့် ဒဏ်ရာများမှာ များပြားပြင်းထန်လွန်းသဖြင့် အသက်ရှင် ရန် မလွယ်နိုင်တော့ကြောင်း ဗိုလ်ကြီး မျိုးချစ် ခန့်မှန်းမိကာ စိတ်မကောင်းစွာ ဖြင့် ကြည့်နေစဉ် တခဏအတွင်းမှာ ပင် "ရေပေးပါ" "ရေပေးပါ"ဟု တဆာဆာ တောင်းရင်း မျက်ဖြူလန်

ကားလမ်းဘေး ချုံတန်းစပ်နား တွင် ဒဏ်ရာရစွာသည်တစ်ဦးကို အသည်းအသန် ဝိုင်းဝန်းကုသနေကြ သဖြင့် ဗိုလ်ကြီးမျိုးချစ် သွားကြည့်ရာ ဗိုလ်ထွန်းထွန်း ဖြစ်နေလေသည်။

ပေါက်ကွဲသည့်မိုင်းမှာ ကြီးမား ပြင်းထန်လွန်းသဖြင့် စစ်ကားကြီးပင် ဝါးသုံးပြန်ခန့် ကွာဝေးသည့် တောတန်း စပ်အထိ လွင့်စင်သွားပြီး စုတ်ပြတ်သပ် ကာ အင်္ဂေတထောင်းထောင်း ထနေချေ တော့သည်။ ကားလမ်းတစ်ပြင်လုံးမှာ လည်း ချိုင့်ကြီးဖြစ်သွားကာ လမ်းပျက် သွားလေ၏။

ယခုအထိ တွေ့ရှိပြီးသော ကျဆုံးစစ်သည်များတွင် မိုင်းထိကာ

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်မောင်းဖြစ်သူ ဒုတပ်ကြပ်စိုးမောင် မပါသေး။ မိုင်းပေါက်ကွဲ ရှိယာအတွင်း တွင်တော့ မရှိ။ ဘယ်ကိုမျှ လွှင့်စင် ထွက်သွားသည် မသိ။ သို့ဖြစ်၍ ဇိုလ်ကြီးမျိုးချစ်လည်း ယာဉ်မောင်းစစ်သည်အတွက် စိတ်ပူရ လေပြီ။ ယခုလို အခြေအနေမျိုးနှင့် ခန့်မှန်းရလျှင် အသက်ရှင်ရန် မျှော်လင့် ချက်မှာ ၉၀ ရာခိုင်နှုန်းခန့် မရှိနိုင်တော့ ပေ။ သို့သော် ကျန် ၁၀ ရာခိုင်နှုန်း မျှော်လင့်ချက်ကလေးဖြင့် အကယ်၍များ မသေဘဲ ဒဏ်ရာရ အသက်ရှင်နေသေး သည်ရှိသော် သွေးထွက်မလွန်ခင် အချိန်မီကသ အသက်လုရမည်ဖြစ်သဖြင့် အမြန်ရာတွေ့နိုင်ရန် အရေးကြီးသော ကြောင့် ပို၍ စိုးရိမ်မိလေသည်။

"စိုးမောင် ဘယ်မှာလဲ။ စိုးမောင်ကို ရာကြပါဦး"

ယာဉ်တန်းလုံခြုံရေး အစောင့် လိုက်တပ်ဖွဲ့က ရန်သူ၏ ထပ်မံ ချဉ်းကပ် ပစ်ခတ်တိုက်ခိုက်ခြင်း မခံရစေရန် လုံခြုံရေးကင်းများ ဖြန့်ကြက်ချနေကြပြီး သူတို့တပ်ဖွဲ့မှ ကျဆုံးသွားကြသော စစ်ဗိုလ်၊ စစ်သားများအတွက်လည်း အလုပ်ရှုပ်နေကြလေသည်။

သို့ဖြစ်၍ ဗိုလ်ကြီးမျိုးချစ်လည်း မိမိ၏ ထောက်ပံ့နှင့် ပို့ဆောင်ရေး (ထောက်ပို့) တပ်ဖွဲ့စစ်သည်များကိုသာ အမြန်စုစည်းပြီး ပတ်ဝန်းကျင်ရှိ တော တန်းတစ်ဝိုက်မှ တွေ့နိုင်မည်ထင်သည့် နေရာများသို့ ကိုယ်တိုင်ဦးဆောင်လျက် တောတိုးကာ ရှာဖွေလေတော့သည်။ နှစ်နေရာတွင် ရှာပြီး မတွေ့သေးသဖြင့် သုံးနေရာမြောက် ပြောင်းရွှေ့ရှာချိန်တွင် မှ တောတန်းအတွင်းတွင် ဝမ်းတွင်း ကလီစာအူခွေအပုံကို စတွေ့လိုက်ပြီး မလုမ်းမကမ်းတွင် ပေါင်ရင်းမှ ပြတ်နေ သည့် ညာဘက်ခြေထောက်တစ်ဖက်ကို ဆက်တွေ့ရလေသည်။ ထို့နောက်တွင်မှ ကိုယ်လက်အင်္ဂါ မစုံလင်ရှာတော့သည့် ဆရာစိုးမောင်၏ ကိုယ်တစ်ပိုင်းပြတ် အလောင်းကို စမ်းချောင်းငယ်လေးတွင် ကျနေလျက် တွေ့ရတော့သည်။ သို့နှင့် ရဿမျှ အစိတ်အပိုင်းများကို စစ်သုံး စောင်ကြားဖြင့် ထုပ်ပိုးကာ အလောင်း ကောက်ခဲ့ရလေ၏။

ပြန်လည်ဖွဲ့စည်းလုပ်ဆောင်ခြင်းများ

ကျဆုံးစစ်သည် ၆ ဦး၏ အလောင်းများကို အမိန့်များပြန်ကာ မြေမြှုပ်ခြင်း၊ ပြန့်ကျဲနေသော ရိက္ခာ ပစ္စည်းများမှ ကောင်းသည်များကို ပြန်လည်ဆယ်တင်စုစည်းခြင်း၊ မိုင်းထိ ပျက်စီးသွားသော စစ်ကားမှ ကောင်း သော အစိတ်အပိုင်းများကို ဖြုတ်ယူခြင်း၊ ဆက်လက်ချီတက်နိုင်ရန်အတွက်လည်း ပျက်စီးသွားသော ကားလမ်းနေရာဘေးမှ ကွင်းပတ်လျက် ကားလမ်းကြောင်း အသစ်ကို ခုတ်ထွင်ရှင်းလင်း ဖော်ဆောင်ခြင်းတို့ကို တစ်ပြိုင်နက် အမြန်လုပ်ကြရလေသည်။ စစ်သည်များ အားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်း ကြိုးပမ်း လုပ်ဆောင်ကြရာ ,ညနေ ၅ နာရီအချိန်တွင် ကိစ္စအားလုံး ပြီးစီးလေ ၏။

သို့နှင့် ဗိုလ်ကြီးမျိုးချစ်လည်း

www.burmeseclassic.com

www.burmeseclassic.com

ကပြေပြစ်ကိုသာ စိုက်ကြည့်နေကာ "ကျွန်တော် ရှေ့ဆုံးပို့ဂ်က မမောင်းနိုင်ဘူး"ဟု တွင်တွင်ငြင်းနေတော့၏။

ခက်ပြီ။ အခုမှ တကယ် အခက်ကြီးတွေ့ရလေပြီ။ ရှေ့ဆုံးပို့ဂ်က ဦးဆောင် မောင်းနှင်ရန် တာဝန်ကျသူက သွေးပျက်နေချေပြီ။ ဗိုလ်ကြီးမျိုးချစ်လည်း မည်သို့ ဆက်လုပ်ရမည်ကို မသိသလို ဖြစ်နေတော့၏။

ဆရာအောင်ရွှေနေရာက စဉ်းစားကြည့်လိုက်လျှင်လည်း သွေးပျက်မည်ဆို ပျက်လောက်စရာပင်။ သူ့ရှေ့က ပို့ဂ် သွားနေသည့် စစ်ကားကြီးတစ်စီးလုံး "ဝုန်း"ခနဲ ပေါက်ပွဲပျက်စီး။ သူကား ရှေ့မှန်ကိုတောင် ခဲစကျောက်စတွေ လာမှန်သေး။ ယမ်းခိုးယမ်းငွေ့ မီးခိုးလုံး တွေကြားထဲမှာ အလောင်းတွေက ဟိုဒီပြန့်ကျဲ။ ပတ်ဝန်းကျင်တစ်ခုလုံး ဖရိုဖရဲ။ မိုင်းထိကာ ယာဉ်မောင်း ဆရာ စိုးမောင်အလောင်းကို တွေ့လိုက်ရတော့ လည်း ကိုယ်တစ်ပိုင်းပြတ်ဆိုတော့ သွေးပျက်စရာတွေချည်းပဲ ဖြစ်ပွဲက

ကျွန်တော့်မှာ ကျောင်းထားနေရတဲ့ ကလေးတွေရှိသေးတယ်။ ကျွန်တော် အသေမခံနိုင်ဘူး"ဟု ပြောဆိုရင်း လူစု ထားသည့်နေရာမှ ထွက်ကာ မတ်တတ် ပင် မရပ်နိုင်တော့သလို မြေပြင်ပေါ်တွင် ထိုင်ချလိုက်လေတော့သည်။

ဗိုလ်ကြီးမျိုးချစ်လည်း မထင် မှတ်ဘဲ ရုတ်တရက်ဖြစ်လာသည့် ကိစ္စ ကြောင့် အံ့အားသင့်သွားပြီး ဘာပြော လို့ ဘာဆိုရမှန်းမသိ ဖြစ်ကာ ဆရာ အောင်ရွှေ ထွက်ထိုင်လိုက်သည်ကို လိုက်ကြည့်နေမိလေသည်။ နောက်မှ-

"မဟုတ်ဘူးလေ အောင်ရွှေ။ အခုဟာက အစကတည်းက မင်းတို့ မဲနှိုက်ပြီး ပေါက်တဲ့နံပါတ်အတိုင်း ကားတွေ စဉ်ထားတာဆိုတော့ အခု အဲတိုင်းဆိုရင် မင်းပဲ ရှေ့ဆုံးက ထွက်မှ အဆင်ပြေမှာပေါ့။ ကိုယ် တာဝန်ကျတဲ့အတိုင်းပဲလေ"ဟု ရှင်းပြ လေသည်။

သို့သော် ဆရာအောင်ရွှေက ဗိုလ်ကြီးကိုပင် မကြည့်တော့ဘဲ သူ့ရှေ့

ယာဉ်တန်း ဆက်လက်ထွက်ခွာ ချီတက် ရန် စီစဉ်လေသည်။ ယာဉ်မောင်းစစ်သည် အားလုံးကို လှုစုပြီး-

"အခု ယာဉ်တန်းဆက်ထွက် မယ်။ ယာဉ်တန်းအစီအစဉ်ကတော့ လာခဲ့တဲ့အတိုင်းပဲ"ဟု ညွှန်ကြားလိုက် သည်။

မမျှော်လင့်သည့်ပြဿနာပေါ်ပေါက်လာ

ထိုသို့ညွှန်ကြားပြီး ယာဉ်တန်း စထွက်တော့မည့်အချိန်တွင် မမျှော်လင့် သည့် ပြဿနာတစ်ခု ပေါ်လာတော့ သည်။

မိုင်းထိဖြစ်စဉ် မတိုင်ခင်က ဒုတိယပို့ဂ် နံပါတ် ၂ ကား ဖြစ်ခဲ့ပြီး ယခု ဆက်ထွက်ရမည့် ခရီးကြောင်းတွင် ရှေ့ဆုံးပို့ဂ်ကားအဖြစ် ဦးဆောင်မောင်းနှင် ရမည့် ဒုတပ်ကြပ်အောင်ရွှေက ဖြူဖြပ် ဖြူရော် ကတုန်ကယင်ဖြင့် . . .

"ဗိုလ်ကြီး ကျွန်တော် ရှေ့ဆုံး ပို့ဂ်ကားကို မမောင်းနိုင်ဘူး။ ဒီကပြန်ရင် လည်း တပ်ကထွက်တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com

မြင်တွေ့လိုက်ရခြင်းဖြစ်၏။ ဒီကြားထဲ ဆက်ထွက်ရမည့် ခရီးတွင် သူကိုယ်တိုင် ရှေ့ဆုံးမှ ပို့ဆောင် မောင်းနှင် ချီတက်ရမည်ဆိုပြန်တော့ ဆရာအောင်ရွှေ ကြောက်စိတ်လွန်ကဲကာ မမောင်းရဲတော့ဘဲ ပေကပ်ကပ် လုပ်နေခြင်းဖြစ်သည်။

ဗိုလ်ကြီးမျိုးချစ်အနေနှင့်ကလည်း ဆရာအောင်ရွှေ ရှေ့ဆုံးပို့ဆောင် မမောင်းရဲရင် ဘယ်သူဘယ်ဝါ တက်မောင်းလိုက်ဟု လွယ်လွယ် စီမံညွှန်ကြားလို့ မဖြစ်ပြန်။ အမှန်တကယ်မှာလည်း ယာဉ်တန်းတစ်ခုလုံးတွင် ရှေ့ဆုံးပို့ဆောင်ရသူက အန္တရာယ်အကြီးဆုံးနေရာဖြစ်သည်။ ယခုပင်လျှင် ရှေ့ဆုံးပို့ဆောင်ကား မိုင်းထိ ပျက်စီး သေကြေခဲ့ရလေပြီ။ သို့ဖြစ်၍လည်း ဤယာဉ်တန်း စမထွက်မီကတည်းကပင် ပါဝင်သည့် ယာဉ်မောင်းများကိုယ်တိုင် နံပါတ် ၁ မှ ၁၃ အထိ မဲနှိုက်ကြစေကာ သူတို့ပေါက်သည့် နံပါတ်အတိုင်း ကားများကို စီစဉ်ချီတက်စေခဲ့ခြင်းဖြစ်၏။

ထို့အပြင် နောက်တစ်ခုလည်း ရှိသေးသည်မှာ စစ်တပ်၏ အစွဲအလမ်း ဖြစ်သော "အစားထိုးကိစ္စ" ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် သူများ ကိုယ်စား ဝင်လုပ်ကြရသူတို့ထဲမှ တော်မျှားမျှားက ထိခိုက်ဒဏ်ရာရ၊ သေကြေပျက်စီးခဲ့ကြသဖြင့် ထိုအယူအစွဲ ခိုင်မြဲလာပုံရပေသည်။ ဖြစ်နိုင်သမျှ မည်သူမျှ အစားထိုးမလုပ်လိုကြ။ သို့ဖြစ်၍လည်း "ဆရာအောင်ရွှေ မမောင်းရဲရင် သူ့အစား ဘယ်သူဘယ်ဝါမောင်း" ဟု ဗိုလ်ကြီးမျိုးချစ် အမိန့်မပေးလိုပေ။ သို့နှင့် ဆရာအောင်ရွှေကို ထပ်ပြောရပြန်လေသည်။

"အောင်ရွှေ ... စစ်သားတွေ အားလုံး ဒီလိုပဲ အသက်နဲ့ရင်းပြီး တာဝန်တမ်းဆောင်ကြရတာပဲ။ ကိုယ့် တာဝန်ဖြစ်ရက်နဲ့ သေမှာကြောက်လို့ဆို ရင် သိက္ခာကျတာပေါ့။ ဟိုမှာ ခြေလျင် တပ်က အစောင့်လိုက်တပ်ဖွဲ့တွေ ကြည့် နေတယ်။ အခု ငါတို့ပြောဆိုနေရတာ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ။ မင်း ကို ဗိုလ်ကြီးစကားကိုပင် ဆက်နင်းကာ-

"ရှေ့မှာ ဘာမှထပ်မဖြစ်ဘူးလို့ လဲ ဘယ်သူမှ အာမခံနိုင်တာမဟုတ်ဘူး။ ကျွန်တော်ကတော့ ရှေ့ဆုံးပို့ဆောင် မမောင်းနိုင်တော့ဘူး ဗိုလ်ကြီး" ဟု ယတိပြတ် ငြင်းလိုက်တော့၏။

ဗိုလ်ကြီးမျိုးချစ်လည်း ပြောမရ၊ ဆိုမရဖြင့် လက်လျှော့ရတော့မလို ဖြစ်နေလေ၏။ ညနေ ၅ နာရီကတည်းက ဆက်ထွက်ရန် စတင် စီစဉ်သော်လည်း ယခု ၅ နာရီခွဲသည်အထိ အဆင်မပြေ အခက်အခဲ ကြုံနေလေသောကြောင့် မထွက်နိုင်သေး။ ညနေ ခင်း အလင်းရောင်ပင် တောရိပ်တောင်ရိပ်များဖြင့် မှောင်စပျိုးလာနေလေပြီ။ အထက်ဌာနများကလည်း ဆက်လက် ချီတက်ရန် ဆက်သွယ်ရေးစက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ညွန်ကြားနေချေပြီ။ ယခုချက်ချင်းပင် မမှောင်ခင် စထွက်သင့်ပြီဖြစ်သော်လည်း ဗိုလ်ကြီးမျိုးချစ်မှာ မည်သို့ဆက်လုပ်ရမှန်းမသိ တွေဝေစဉ်းစားနေလေတော့၏။

အရေးယူမည်ဆိုလျှင်

တစ်နည်းတော့ ရှိသည်။ စစ်တပ်လုပ်ထုံးလုပ်နည်းအရ အတိအကျလုပ်ရမည်ဆိုလျှင် ယခုချက်ချင်းပင် ဆရာအောင်မြင့်၏ "အမိန့်နှင့် တာဝန်ငြင်းဆန်မနာခံမှု"ကို အထက်ဌာနသို့ ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့ကာ ရှေ့တန်းအချုပ်သားအဖြစ် သတ်မှတ်အရေးယူနိုင်သည်။ သူမောင်းသည့်ကားကို အရန်ယာဉ်မောင်းစစ်သည်အား မောင်းခိုင်းလိုက်ရုံသာ။ ရှေ့ဆုံးပွိုင့်မှ ဦးဆောင်မောင်းနှင်ရန် အတွက်လည်း အတွေ့အကြုံရှိပြီး စိတ်ဓာတ်ခိုင်မာ ရဲဝံ့တည်ငြိမ်စွာဖြင့် မောင်းနှင်မည့်သူကို ထပ်မံ ရွေးချယ် တာဝန်ပေးနိုင်လေသည်။ ထိုသို့ ပြတ်ပြတ်သားသားလုပ်လျှင် ဆရာ အောင်ရွှေ ဘဝပျက်တော့မည်ဖြစ်သည်။ သို့သော် အမှန်တကယ် မျက်စိရှေ့တွင် သေးပျက်ဖွယ်ရာများ တွေ့ကြုံခံစားလိုက် ရသည့် မိမိစစ်သည်အပေါ် မည်သည့် စစ်ဗိုလ်အရာရှိကမှ ဤသို့ ရက်ရက် စက်စက် လုပ်ရက်မည်မဟုတ်ပေ။

ကိုယ်တိုင်ဆန္ဒပြုကြသူများ

ထိုစဉ် . . .

"ဗိုလ်ကြီး . . . ကျွန်တော် ပွိုင့်ကမောင်းမယ်"ဟု ဒုတပ်ကြပ်မောင်မောင်က ဆန္ဒပြ သတင်းပို့လာသည်။ မာန်ကျလေပြီ။ ကိုယ်တိုင် ဆန္ဒပြသူပေါ်လာသောကြောင့် အဆင်ပြေတော့မည်ဖြစ်ရာ ဗိုလ်ကြီးမျိုးချစ်၏ ပူနေသောစိတ် အေးရတော့သည်။ သို့သော် တကယ်တမ်း စီစဉ်သည့်အခါ အခက်အခဲ ကန့်သတ်ချက်များ ရှိနေပြန်သည်။ ဆရာမောင်မောင်၏ ကားက နံပါတ် ၇ နေရာတွင် ရှိနေသောကြောင့် ရှေ့တွင် ကား ၇ စီး ရှိနေသေးသည်။ ထို့ကြောင့် ရှေ့ဆုံးပွိုင့်က မောင်းနှင်ရန်အတွက် ရွေမှ ကား ၇ စီးကို ကျော်တက်ရမည် ဖြစ်သည်။ သို့ရာတွင် ကားလမ်းက မြို့ပြကားလမ်းကဲ့သို့ မဟုတ်ဘဲ လမ်းဘေးတွင် ချုံများ၊ သစ်ပင်များ၊ တစ်လမ်းသွား ကားလမ်းကြမ်းဖြစ်သော ကြောင့် ဘေးဘယ်ညာမှ ကျော်တက်နိုင်သောနေရာများ မရှိသဖြင့် မကျော်တက်နိုင်။

သို့ဖြစ်၍ ကားမကျော်တက်တော့ဘဲ နောက်တစ်နည်းအားဖြင့် ဆရာမောင်မောင်နှင့် ဆရာအောင်ရွှေတို့ ကားချင်းပြောင်းမောင်းစေရန် နည်းလမ်းကလည်း လုပ်ရိုးထုံးစံမရှိသည့် ကိစ္စဖြစ်သဖြင့် လုပ်မရ။ ယာဉ်မောင်းများသည် မည်သည့်အခြေအနေတွင်ဖြစ်စေ ကိုယ့်ကားကိုယ်သာ မောင်းကြရမည်ဖြစ်၏။

သို့နှင့် ဆရာမောင်မောင် ဆန္ဒပြသော်လည်း တကယ်တမ်း ရှေ့ဆုံးပွိုင့်က မောင်းရန်မှာ အဆင်မပြေ ဖြစ်နေပြန်လေရာ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်ကြီး ... မောင်မောင့်ကား ကျော်တက်ပါကလည်း လွယ်မှာမဟုတ်ဘူး။ ကျွန်တော်ပဲ ပို့ခိုင်းကဲ့မောင်းလိုက်ပါ့မယ်"ဟု ဒုတပ်ကြပ်ကျော်ဝင်းက သတင်းပို့လာပြန်သည်။ သူကား က ဆရာအောင်ရွှေ၏ ကားနောက်က ဒုတိယပို့ခိုင်နံပါတ် ၂ ကား ဖြစ်သည်။ သို့ဖြစ်၍ ဆရာကျော်ဝင်းကား ရှေ့ဆုံး ပို့ခိုင်သွားမည်ဆိုလျှင် ဆရာအောင်ရွှေ၏ ကား ၁ စီးကိုသာ ကျော်တက်ရမည် ဖြစ်သဖြင့် အလွန်ပင် လွယ်ကူ အဆင်ပြေလေ၏။ ဗိုလ်ကြီးမျိုးချစ်လည်း ဤအတိုင်းသာ အဆင်ပြေနိုင်ဆုံးဖြစ်သဖြင့် လက်ခံပြီး ယာဉ်တန်းစတွက်ရန် စီစဉ်လေတော့သည်။

"ယာဉ်တန်း ဆက်ထွက်မယ်။ အားလုံး နေရာယူကြ"

ယာဉ်တန်းလုံခြုံရေး အစောင့်လိုက်တပ်ဖွဲ့မှ ပို့ခိုင်တပ်စိတ်က ရှေ့ဆုံး ပို့ခိုင်ကားသွားမည့် ဆရာကျော်ဝင်း ကား ပေါ်သို့ တက်ကြကာ အခြားသူများလည်း သူတို့လိုက်ပါရမည့် ကားအလိုက် အသီးသီး တက်ကြသည်။ ယာဉ်တန်းစတွက်ရန် စစ်တားများလည်း စက်များ စနှိုးနေကြလေပြီ။

ပြောင်းလွဲသွားသောဆုံးဖြတ်ချက် ထိုအချိန်အထိ ဆရာအောင်ရွှေ သူကားပေါ် မတက်သေးဘဲ ကား အနီးတွင် ရပ်လျက် တစ်စုံတစ်ရာ စဉ်းစားနေသလို ဖြစ်နေသည်ကို ဗိုလ်ကြီးမျိုးချစ် တွေ့သဖြင့် "အခုတောင် မမောင်းတော့ဘူးလား"ဟု စိတ်ပူသွားမိပြီး ...

"အောင်ရွှေ ... ကားပေါ် တက်တော့လေ။ မင်း ပို့ခိုင်က သွားစရာ မလိုတော့ဘူး။ ကျော်ဝင်းသွားမှာ။ သူ နောက်ကပဲ လိုက်တော့"ဟု လှမ်းအော် လိုက်လေသည်။

ထိုအခါမှ ဆရာအောင်ရွှေ ဗိုလ်ကြီးမျိုးချစ်ထံ ပြေးလာကာ ...

"ဗိုလ်ကြီး ... ကျွန်တော် မယ်"

စိုးရိမ်ပြီး မှာသွားလို့ပါ။ ကျွန်တော်ပဲ ပို့ခိုင်က မောင်းတော့မယ်"ဟု ပြောပြီး

သည်နှင့် သူကားရှိရာသို့ အမြန်ပြန်သွားတော့သည်။ ဗိုလ်ကြီးမျိုးချစ်လည်း ရုတ်တရက်ဖြစ်သဖြင့် ဘာမှ ပြန်မပြောလိုက်နိုင်ပေ။

ထိုအချိန်တွင် ဆရာကျော်ဝင်းက ကားစမောင်းကာ ဆရာအောင်ရွှေကားကို ကျော်တက်ရန် ထွက်လာနေပြီဖြစ်သည်။ ထို့ကြောင့် ဆရာအောင်ရွှေက လက်ပြလှမ်းတားကာ ...

"ကျော်ဝင်း ... ငါပဲ ပို့ခိုင်သွားတော့မယ်။ မကျော်နဲ့တော့"ဟု အော်ပြောပြီး သူကားပေါ်တက်ကာ စက်စနှိုးလေတော့သည်။

ဗိုလ်ကြီးမျိုးချစ်က စိတ်မချသဖြင့် ဆရာအောင်ရွှေထံသို့ အမြန်သွားကာ ...

"အောင်ရွှေ ... မင်း ရပ်ပါ့မလား။ အဆင်မပြေရင် မမောင်းနဲ့။ ကျော်ဝင်းကိုပဲ ပို့ခိုင်ကမောင်းခိုင်းလိုက်မယ်"

"ရပါတယ် ဗိုလ်ကြီး။ မစိုးရိမ်ပါနဲ့။ ကျွန်တော် ကောင်းကောင်းမောင်း

www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါတယ်။ စောစောက နည်းနည်း စိုးရိမ်သွားလို့ပါ။ ဗိုလ်ကြီးပြောသလို ကျွန်တော်လည်း သိက္ခာကျမှာကို သေမှာထက် ကြောက်ပါတယ်"

"အဲဒါဆိုလည်း ဆက်လုပ်ပါ။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး ကားကို သေချာမောင်း"

"ဟုတ်ကဲ့"

ဗိုလ်ကြီးမျိုးချစ်လည်း စိုးရိမ်နေသေးသဖြင့် ဆရာအောင်ရွှေကို အကဲခတ်ကြည့်ရာ ဆရာအောင်ရွှေ၏ ကိုယ်စိတ်နလုံး အမူအရာ အခြေအနေများမှာ စောစောကလို ကြောက်လန့်တကြား သွေးပျက်သွားသည့် ဖြူဖပ်ဖြူရော် ကတုန်ကယင်မျိုး မဟုတ်တော့ဘဲ စိတ်နလုံး တည်ငြိမ်အေးဆေးနေပုံရှိပြီး မျက်နှာမှာလည်း ကြည်လင်လန်းဆန်းနေပုံရှိပြီး မျက်နှာမှာလည်း ကြည်လင်လန်းဆန်းနေကာ လူပ်ရှားလုပ်ကိုင်နေသည်များကလည်း ပုံမှန်သွက်လက်ဖျတ်လတ်လျက်ရှိသည်ကို တွေ့ရလေသည်။ သို့ဖြစ်၍ ဗိုလ်ကြီးမျိုးချစ်လည်း အထိုက်အလျောက် စိတ်အေးသွားပြီး စိတ်ချလိုက်နိုင်လေတော့၏။

ယာဉ်တန်းဆက်ထွက်ချီတက်ပြီ

ရှေ့ဆုံးပို့ဂ် သွားမည့်ကား ပြောင်းသွားသဖြင့် ဆရာကျော်ဝင်း၏ ကားပေါ်မှ ပို့ဂ်တပ်စိတ်စစ်သည်များလည်း ဆရာအောင်ရွှေကားပေါ်သို့ ပြောင်းတက်ကာ နေရာယူကြရပြန်သည်။ ပြီးသည်နှင့် ယာဉ်တန်း စတင် ထွက်ခွာလေတော့သည်။

မမျော်လင့်ဘဲ ကြုံတွေ့လိုက်ရသည့် ပြဿနာအခက်အခဲကို ကျော်လွှန်နိုင်ခဲ့ပြီးနောက် ဆရာအောင်ရွှေ ရှေ့ဆုံးပို့ဂ်မှ ဦးဆောင်ကာ မောင်းနှင်ခြင်းဖြင့် ယာဉ်တန်း ဆက်လက်ချီတက်နိုင်ခဲ့လေပြီတည်း။

စစ်သားသစ္စာ

ဗိုလ်ကြီးမျိုးချစ်သည် စစ်ကားများ တစ်စီးပြီးတစ်စီး ထွက်ခွာနေကြသည်ကို ကြည့်ရင်း မိမိလိုက်ပါရမည့် နောက်ဆုံးစစ်ကားကိုလည်း စောင့်ရင်း ဆရာအောင်ရွှေ၏ ဖြစ်စဉ်နှင့်ပတ်သက်၍ စဉ်းစားတွေးတောနေမိသည်။

စစ်သားဟူသည် မကြောက်ရ၊ မစိုးရိမ်ရ၊ သတ္တိသာရှိရမည်ဟု တစ်ဖက်သတ် တစ်ယူသန် သတ်မှတ်၍မရ။ စစ်သားသည်လည်း လူပင်ဖြစ်သဖြင့် လူသဘာဝအတိုင်း ရဲရင့်သတ္တိစိတ် ရှိသလို ကြောက်လန့်စိုးရိမ်စိတ်လည်း ရှိကြမည်ပင်။ ကြောက်လန့်စိုးရိမ်ဖွယ်ရာ အခြေအနေများ ကြုံတွေ့ကြရသည့်အခါတွင် စစ်သားမဟုတ်သူများသည် ကြောက်စိတ်ကို စိုးရိမ်ခံစားကြလျက် တိမ်းရှောင်ထွက်ပြေးနိုင်ကြသည်။ သို့သော် စစ်သားများသည်ကား ထို ကြောက်စိတ်ကြောင့် စစ်သားဘဝ၊ စစ်သားသစ္စာ၊ စစ်သားတာဝန်နှင့် ဂုဏ်သိက္ခာတို့ကို ထိခိုက်ကျဆင်းခံ၍ လုံးဝ မဖြစ်ဟူသော ခံယူချက်ဖြင့် ကြောက်စိတ်ကို ချိုးနှိမ်နှိပ်ကွပ်ပြီး သတ္တိသွေး၊ သတ္တိမာန်၊ သတ္တိစိတ် အဖြစ်သို့

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလွဲကာ ကြံ့တွေ့နေရသည့် အခြေ
အနေဆိုးများကို ရဲရဲဝံ့ဝံ့ မတွန့်မဆုတ်
ရင်ဆိုင်ယှဉ်ပြိုင် တိုက်ခိုက်ကျော်လွှား
ရမည်သာ ဖြစ်ပေသည်။ နောက်ဆုံး
အခြေအနေတွင် လိုအပ်လာလျှင်
အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်
နိုင်ရမည်ဖြစ်သည်။ ဆရာအောင်ရွှေ
သည် ဤအတိုင်းပင် သူ ခံစားနေရသည့်
ပြောင်းလွဲစွမ်းဆောင်သွားနိုင်ခဲ့ခြင်းပင်
ဖြစ်၏။

ယခု ဆရာအောင်ရွှေ
ကြုံတွေ့ခံစားရသကဲ့သို့ပင် စစ်သားများ
သည် ရန်သူစခန်းကို မိမိတို့ တက်တိုက်
ရတော့မည့်လမ်းကြောင်းတွင် ရှေ့မှ
တိုက်နှင့်နေသည့် စစ်သည်များ အတုံး
အရုန်း ထိမှန် ဒဏ်ရာရ၊ ကျဆုံးနေကြ
သည်ကို မြင်တွေ့နေရခြင်းမျိုး။ မိုင်းပေါ်
သော မိုင်းတောထဲတွင် ချီတက်နေရစဉ်
တစ်ယောက်ပြီးတစ်ယောက် မိုင်းထိ
ကျိုးပြတ်သေကြေနေခြင်းမျိုး။ ရန်သူ
လက်ဖြောင့်သေနတ်သမားက မမြင်
ကွယ်ရာမှနေ၍ မိမိစစ်သည်များကို
တစ်ယောက်ချင်းစီ အမှည့်ခွေ ပစ်ခတ်
သတ်ဖြတ်ခံနေရခြင်းမျိုး မိမိစခန်းကို
တိုက်ခိုက်နေသော ရန်သူများက
အားသာလာသဖြင့် မိမိတို့ ခံစစ်စည်း
ကျိုးပေါက်ကာ ရန်သူများ အင်အား
အလုံးအရင်းဖြင့် တက်လာကြခြင်းမျိုး
စသည့် သွေးပျက်ထိတ်လန့်ဖွယ်ရာ
အခြေအနေဆိုး အမျိုးမျိုးတို့နှင့် ရင်ဆိုင်
ကြုံတွေ့ကြရသည်မှာ စစ်သားတို့၏
သဘောသဘာဝပင် ဖြစ်သည်။

ထိုအခါ စစ်သားဟူသည်
ရန်သူနှင့် ရင်ဆိုင် ယှဉ်ပြိုင်တိုက်ခိုက်
ရာတွင် မိမိအသက်ခန္ဓာကိုယ် စွန့်လွှတ်
အသေခံရတော့မည့် အဆိုးရွားဆုံးသော
အခြေအနေမျိုး ကြုံတွေ့နေရသည့်တိုင်
မကြောက်မရွံ့ နောက်မကွန့်စတမ်း
ရဲဝံ့စွာ တိုက်ခိုက်မြဲ တိုက်ခိုက်ရမည်
သာဖြစ်သည်။ တစ်ယောက်ကျလျှင်
တစ်ယောက်၊ တစ်ဖွဲ့ကျလျှင် တစ်ဖွဲ့
ထပ်တက်ရသည်။ မည်သူမျှ နောက်
မဆုတ်ရ။ ရန်သူကို နှိုင်ပွဲရသည်အထိ
တိုက်ဖို့က ကိုယ့်တာန၀်။ သေသည်

ထိုသို့သော တပ်မတော်သား
စစ်သည်များ၏ သတ္တိ၊ ဗျတ္တိ၊ စိတ်ဓာတ်
အရပ်ရပ်တို့ဖြင့် တပ်မတော်သည်
တိုက်ပွဲများကို အနိုင်တိုက်လျှင် နယ်မြေ
ဒေသများကို ပိုင်နိုင်စွာ စည်းရုံးစိုးမိုး
ထိန်းသိမ်းလျက် အကြီးမားဆုံးသော
အဓိကတာဝန်ဖြစ်သည့် တိုင်းပြည်နှင့်
လူမျိုး တည်တံ့ခိုင်မြဲ အခွန့်ရှည်အောင်
ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို
ကျေပွန်စွာ ထမ်းဆောင်ရပေသည်။
ထိုသို့ လူသာမန်တို့ မလုပ်နိုင်
ကြသော စွန့်လွှတ်စွန့်စား အလုပ်များ
ကို ပြီးမြောက်အောင်မြင်သည်အထိ
လုပ်နိုင်စွမ်းရှိကြသည့် စစ်သားတို့၏
စွမ်းအင်၊ စွမ်းအား၊ စွမ်းပကားမှာ
"စစ်သားတို့၏ သစ္စာတရား"ပင် ဖြစ်
သည်။ စစ်သားတိုင်းသည် တိုင်းပြည်နှင့်
လူမျိုး၏ လေးနက်ကြီးမားမြင့်မြတ်သော
သစ္စာတရားဖြစ်သည့် "သစ္စာ ၄ ချက်"
ကို အမြဲတစေ အဓိဋ္ဌာန်ပြု စောင့်သိ

www.burmeseclassic.com

www.burmeseclassic.com

ကြရပေသည်။

- ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေ ပါမည်။
- ငါတို့သည် ကျဆုံးလေပြီး သော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါ မည်။
- ငါ့အား အထက်မှ ပေးအပ် သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါ မည်။
- ငါနိုင်ငံတော်၊ ငါနိုင်ငံသား။ ငါ တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။

ထိုသစ္စာပြုချက်များအတိုင်း လိုက်နာစောင့်ထိန်း လုပ်ဆောင်ပါက စစ်သားတာဝန် ကျေပွန်ပြီး စစ်သား ဂုဏ်သိက္ခာ မြင့်မြတ်ကြီးမားစွာဖြင့် အောင်ပွဲအလီလီ ရရှိအောင်မြင်မည်မှာ မလွဲကေန်ဖြစ်ပေသည်။

ထိုသစ္စာများ ဖောက်ဖျက်ပါက ဂုဏ်သိက္ခာကင်းမဲ့စွာဖြင့် အရှုံးပေးရပြီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံရခြင်း၊ အသက်မသေလျှင် တောင်မှ အမှုအခင်း၊ အရေးယူခံရခြင်း တို့ဖြင့် စစ်သားဘဝ၊ လူဘဝ မရှိမလား ဆုံးရှုံး အညွှန့်တုံးရသည်ကို မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည်မှာ သစ္စာဖောက်တို့ သွားရာလမ်းပေတည်း။

ယခုဖြစ်စဉ်တွင် ဆရာအောင်ရွှေသည် သစ္စာမဖောက်သော်ငြား သေးပျက်ထိတ်လန့်ခြင်း၊ တည်းဟူသော ပယောဂစိတ်ကြောင့် သစ္စာပျက်သလိုတော့ ခေတ္တခဏမျှ ဖြစ်သွားခဲ့ရလေသည်။ ထို့ကြောင့်လည်း အသေမခံနိုင်ဟု ဆိုကာ အမိန့်နှင့် တာဝန်ကို သတိလက်လွတ် ငြင်းဆန်နေမိခြင်းဖြစ်၏။

သို့သော် ဗိုလ်ကြီးမျိုးချစ်က အခြေအနေကို ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်နေစဉ် အချိန်တိုအတွင်းမှာပင် သူ၏ စစ်သားစိတ်ဓာတ်အင်အားဖြင့် ခက်ခက်ခဲခဲ ရုန်းကန်ကျော်လွှားကာ စစ်သားကို ထိန်းသိမ်းကယ်တင်ခဲ့သော ဗိုလ်ကြီးမျိုးချစ်မှာ ဆရာအောင်ရွှေ၏ စွမ်းဆောင်နိုင်မှုအတွက် လေးလေးနက်နက် ဂုဏ်ယူကာ ကြည်နူးဝမ်းသာပီတိ ဖြစ်ရလေ၏။

အရေးကြုံ သက်လုံကောင်း

ထို့အတူပင် အခက်အခဲကြုံနေစဉ် "ရှေ့ဆုံးပို့ဂိုက မောင်းပါမည်" ဟု ကိုယ်တိုင် ဆန္ဒပြုခဲ့ကြလေသော ဆရာမောင်မောင်နှင့် ဆရာကျော်ဝင်းတို့အကွက်လည်း "အရေးကြုံရင် သက်လုံကောင်းတဲ့ စစ်သည်တွေရှိသားပဲ" ဟု အားတက်ဂုဏ်ယူရလေသည်။

ကျန်ရှိသည့် ယာဉ်မောင်း စစ်သည်များအားလုံးလည်း တကယ့်

www.burmeseclassic.com

www.burmeseclassic.com

တမ်း အရေးကြုံ လိုအပ်လာချိန်တွင် ဖိမိတို့၏ စစ်သားသစ္စာ၊ တာဝန်နှင့် ဂုဏ်သိက္ခာများ ကျဆင်း ပျက်ယွင်းခဲ့လျှက် ရှေ့ဆုံးပွိုင့်က မမောင်းနိုင်ဟု ငြင်းဆန်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိနိုင်ကြောင်းကို ဗိုလ်ကြီးမျိုးချစ်ယုံကြည်ပေသည်။

အလေးပြုလျက် ကတိသစ္စာပြုပါ၏

ထိုစဉ် နောက်ဆုံးစစ်ကား ရောက်လာပြီး ရပ်ပေးလေသည်။ ဗိုလ်ကြီးမျိုးချစ်လည်း ထိုနေရာမှ မထွက်ခွာမီ မိုင်းပေါက်ကွဲထားသည့် ပတ်ဝန်းကျင်တစ်ခွင်နှင့် ကျဆုံးသွားကြ သူများကို မြှုပ်နှံထားသည့် နေရာဘက် သို့ လှမ်းကြည့်လိုက်ရင်း ဤနေ့ရက်၊ ဤအချိန်၊ ဤနေရာတွင် တိုင်းပြည်နှင့် လူမျိုးအတွက် သစ္စာအဓိဋ္ဌာန်ပြုထား သည့်အတိုင်း အဆုံးစွန်သော ပေးဆပ် ခြင်းမျိုးဖြင့် အသက်ပေး စွန့်လွှတ်ကာ တာဝန်ကျေပွန်ပြီးခဲ့ကြလေသော ကျဆုံးစစ်သည်များကို စိတ်အတွင်းမှ ရည်မှန်းလျက် . . .

"ငါတို့ ဆက်ချီတက်တော့မယ် သူငယ်ချင်းတို့ရေ။ မင်းတို့အတွက် အထူး လေးလေးနက်နက် ဂုဏ်ပြုပါ တယ်။ တို့တစ်တွေရဲ့ သစ္စာအဓိဋ္ဌာန် ၄ ချက်မှာ ပါတဲ့အတိုင်း ကျဆုံးလေပြီးတဲ့ မင်းတို့ရဲ့ သစ္စာကို ငါတို့ သေသေချာချာ ရှိသေလေးစား စောင့်သိပါမယ်။ လိုအပ် လာတဲ့တစ်ချိန်မှာ ငါတို့လည်း မင်းတို့ လိုပဲ အသက်စွန့်ပြီး တာဝန်ကျေပွန်စေ ရမယ်လို့ ကတိသစ္စာပြုပါတယ်" ဟု သစ္စာပြုလျက် ဝမ်းနည်းကြေကွဲစွာဖြင့် "နှုတ်ဆက်အလေးပြု"ပြီး စစ်ကားပေါ်သို့ တက်ကာ ခရီးဆက်လေတော့၏။

(ဤဖြစ်ရပ်မှန်တွင် ပါဝင်သူ များကို ဂုဏ်ပြုလေးစားစွာဖြင့် ရေးသား အပ်ပါသည်။)

ဗိုလ်ကျော်

သင့်ရင်သွေးနာမည်ပေးမယ်ဆိုရှယ် "မူလပထမ"

ကွန်ပျူတာသုတရုပ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

သင့်ရင်သွေးအတွက် အကောင်းဆုံးနာမည်များ၊ ဟောစာတမ်းများ၊ တြိစက္က ဇာတာများကို ကွန်ပျူတာဖြင့် ရွေးချယ်ပေးပြီး အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။ ၁၉၉၈ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်ဗိုလ်ဗိုလ် (နာမကျော် ကျမ်းပြုပညာရှင်) ထိုယ်ကိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့် မကြာခဏမှားယွင်းတတ်ပါ၍ ပါဘများသတိပြုကြပါ)

၀၁-၂၂၈ ၆၆၅၅ ၊ ၀၉-၇၃၁ ၅၅ ၇၃၁ အမှတ်-၄၆၊အခန်း-၆၊

၀၉-၇၃၁ ၇၅ ၇၃၁ ၊ ၀၉-၅၁ ၇၄၂၂၆ နံ့သာလမ်းအလုံပြုန်းယ၊

web site : www.baydathukhuma.com ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ် ၊ လဆုတ်ဉာဏ် ၊ (cc) ဒဿဂဏန်း (၎) ဦးဇင်း

ပဋိစ္စသမုပ္ပါဒ

ဒုတိယတွဲ

ဃဏ်ဒဿကဆရာတော်ကြီးဘဒ္ဒန္တဇေ

www.burmeseclassic.com

မနက်ခင်း နေရောင်ခြည်မှာ ပေါ်ထွက်လာချေပြီ။ အသံများမှာလည်း ဟိုမှသည်မှ ထွက်ပေါ်လာခဲ့သည်။ ထိုအချိန် သရက်နှစ်ပင်ရှာလေးမှ စျေးတောင်း ခေါင်းပေါ်ရွက်ကာ ထွက်လာသူနှစ်ဦး ...

"ခင်လှ ... နှင် မနေ့က အကြွေးတွေရခဲ့ရဲ့လား"

မေးလိုက်သူမှာ သင်းနွယ်ဖြစ်ပြီး သူ၏ခေါင်းပေါ်တွင်လည်း ကုန်စိမ်းများထည့်ထားသော စျေးတောင်း ခေါင်းပေါ်ရွက်ထားလေသည်။ ခင်လှက ...

"အမလေး ... သင်းနွယ်ရယ်။ မရပါဘူး။ ဟိုရွှေသည်ရွှေနဲ့ စိတ်ညစ်ပါတယ်"

သင်းနွယ်က ...

"ငါတို့ မိကျောင်းအိုင်ရွာဘက် သွားကြရင်ကောင်းမလား။ အဲဒီဘက်မှာက ငါတို့ ဒီဘက်တွေလိုမဟုတ်ဘူး။ ဆင်ပြေလောက်တယ်"

"ဟုတ်ပါ့မလားအေ။ သွားရ မှာကတော့ ဝေးတယ်။ နှင်ပြောသလို ဟုတ် ရင်တော့ ကောင်းတယ်"

"ဒီနှစ် ပဲစေ့းတွေ ကောင်း တယ်လေ။ အဲဒီရွာက ဒီနှစ် ပဲစိုက်တဲ့ သူတွေများတာ နှင်လည်းသိသားနဲ့"

စျေးတောင်း ခေါင်းပေးရွက်ကာ အရှေ့မှ လျှောက်နေသော ခင်လှ၏ အသံမှာ တိတ်သွားလေသည်။ ခဏအကြာ ခင်လှ အသံပြန်ထွက်လာသည်။

"အေးဟာ ... အဲဒါဆို သွားမယ်။ အပြန် မိုးတော့ချုပ်မယ်"

"ဒီည လသာမှာပါ ခင်လှရဲ့"

နှစ်ယောက်သား၏ ခြေလှမ်းများမှာ မိကျောင်းအိုင်ရွာဘက်ဆီသို့။

×××

နှစ်ယောက်သား သုတ်သုတ် လျှောက်လာရင်း မွန်းတည့်ချိန်လောက်တွင် မိကျောင်းအိုင်ရွာဘက် ရောက်ရှိလာခဲ့သည်။ ထိုနောက် မိကျောင်းအိုင်ရွာလေးထဲ စျေးသည်နှစ်ယောက်၏ တဆာဆာ အော်သံများက ပျံ့လွင့်လာခဲ့သည်။

"ဟောဒီက ချဉ်ပေါင်ရွက်၊ မုန်လာဥ"

"ဟောဒီက အိမ်သားတွေ ခရမ်းချဉ်သီးယူကြဦးမလား"

သူတို့နှစ်ယောက်လုံး၏ ရွေးချယ်မှုက မှန်ကန်သည်ဟု ဆိုရပေမည်။ နေ့လယ် နှစ်နာရီလောက်တွင် နှစ်ယောက်စလုံး၏ ကုန်စိမ်းများမှာ ပြောင်တလင်းခါသွားခဲ့သည်။ သင်းနွယ်ပြောသလိုပင် လက်ငင်းရရှိသည်က များပြားခဲ့ပြီး တစ်အိမ်စ၊ နှစ်အိမ်စသာ ကြွေးကျန်ခဲ့သည်။

လှခင်က စျေးတောင်းအား ချလိုက်ပြီး ထိုင်လိုက်ရင်းက ...

"သင်းနွယ် ခဏနားရအောင်။ ခြေထောက်တွေလည်း ညောင်းနေပြီ"

သင်းနွယ်ပါ စျေးတောင်းချလိုက်ပြီး လှခင်ဘေးနားတွင် ထိုင်လိုက်ရင်းက ...

"ဟုတ်ပါ့ ... ကျွဲပ်လည်း

www.burmeseclassic.com

www.burmeseclassic.com

ညောင်းနေပြီ။ တော်သေးတယ် ကြွေးတွေ သိပ်မကျန်လို့"

နှစ်ယောက်သား စျေးတောင်းထဲ၌ ထည့်လာသော ထမင်းချိုင့်များအား ထုတ်လိုက်ပြီး အရိပ်ကောင်းသော နေရာသို့ ရွှေ့ကာ ဟာနေသော ဝမ်းအားဖြည့်ကြလေသည်။ ထမင်းစားနေရင်း သင်းနွယ်က ...

"ပြန်ရင် လာတဲ့လမ်းက မပြန်တော့ဘူး။ လေးနာရီကျော်လောက် ကြာတယ်။ ဖြတ်လမ်းက ပြန်မယ်"

"ဖြတ်လမ်း နင်သိလို့လား"

"သိတာပေါ့ဟဲ့။ နင်ကလည်း ငါများ အထင်သေးလို့။ အခုအချိန်ဆို သုံးနာရီကျော်လောက်ရှိပြီ။ နေမဝင်ခင်တော့ ရွာပြန်ရောက်မှာပေါ့"

"အဲဒါဆို ကောင်းတာပေါ့။ ဒါနဲ့ သုံးအိမ်စုရွာက သခ္ခိုင်းဟောင်းရော ဖြတ်ရမှာလား"

ခင်လှအမေးကို သင်းနွယ်က ခေတ္တမျှ စဉ်းစားလိုက်ပြီး ...

"ဖြတ်ရမယ်တော့ ထင်တာပဲ။ ဖြတ်ရလည်း ဘာဖြစ်လဲဟာ။ သခ္ခိုင်းပေါင်းပဲ။ ဘာဖြစ်မှာလဲ။ အဓိကက ရွာကို နေမဝင်ခင်ရောက်ဖို့ပဲ။ အိမ်မှာလည်း ညနေစာ မချက်ရသေးဘူး။ ကလေးတွေ ဆာနေလိမ့်မယ်"

ခင်လှမှာ ဘာမှ ပြန်မပြောတော့။ ချိုင့်ထဲမှ ထမင်းကိုသာ ဆက်စားနေလိုက်သည်။

နှစ်ယောက်သား ထမင်းစားပြီးနောက် စျေးတောင်း ခေါင်းပေါ်ပြန်တင်ကာ အပြန်ခရီးသို့ ဦးတည်လိုက်ကြလေသည်။ လျှောက်နေရင်း ခင်လှမှာ သင်းနွယ်ဘေးသို့ ကပ်လာပြီး ...

"အေးနွယ် ... သခ္ခိုင်းဟောင်းနေရာရောက်ရင် ငါ့ကို စောင့်နော်"

"အေးပါ ... နင်ကလည်း ကြောက်စရာမရှိ ကြံဖန်ကြောက်နေသေးတယ်။ တကတည်းမှပဲ"

နှစ်ယောက်သား လျှောက်လာရင်း ညနေပင် စောင်းလာခဲ့ချေပြီ။ နှစ်ယောက်စလုံး ခြေထောက်ညောင်းနေ သော်လည်း နားဖို့ သတိမရတော့။ မိန်းမသားနှစ်ယောက်အဖို့ မမှောင်ခင် အချိန် ရွာပြန်ရောက်ဖို့က အဓိကပင်။ သို့ပေမယ့် အေးနွယ်ထင်သလို ဖြစ်မလာ။ နေလုံးကြီးမှာ လုံးလုံးပျောက် သွားသည့်တိုင် သူတို့၏ရွာ မဆိုထားဘို့ သုံးအိမ်စုရွာပင် မရောက်သေး။ ကောင်းကင်မှော်ကြည့်ပြန်တော့လည်း လဘဲဉပုံစံမှာ ထင်ထင်ရှားရှား ထွက်နေလေပြီ။ တဖြည်းဖြည်း မှောင်လာသည်နှင့်အမျှ လမ်းသိပါသည်ဆိုသော အေးနွယ်ပင်လျှင် လမ်းမှားပြီး လျှောက်နေမိပြန်သည်။

နေ့အလင်းရောင်အား အမှောင်ထုက အနိုင်ယူသွားလေပြီ။ သို့ပေမယ့် လမင်းကြီးမှာ နေ့အလင်းရောင်၏ တာဝန်ကို ဆက်လက် ထမ်းဆောင်သည့်အလား အလင်းရောင် ဖျော့ဖျော့ကို ဖြန့်ကျက်လာသည်။ ဤအချိန် ...

"အေးနွယ် ... အရှေ့မှာ မီးရောင်တွေ မြင်နေရတယ်။ သုံးအိမ်စုရွာ

www.burmeseclassic.com

www.burmeseclassic.com

ရွာလားမသိဘူး"

"အေး ... ဟုတ်မယ်"

အေးနွယ်မှာ ပြောပြီးခါမှ အနောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ထို့နောက် မလှမ်းမကမ်းမှ လှမ်းမြင်နေရသော မီးရောင်များ ထွက်ပေါ်နေသည့် ရွာလေးအား ကြည့်လိုက်ပြန်သည်။ အေးနွယ်စိတ်က မသက်သာချင်သလိုလို။ အနောက်မှ လိုက်လျှောက်လာသော ခင်လှမှာ အေးနွယ်အား ကြည့်ကာ -

"ဘာဖြစ်လို့လဲ အေးနွယ်။ ဘာတွေကြည့်နေတာလဲ"

အေးနွယ်မှာ ခင်လှကြောက် နေမည်စိုးသဖြင့် ...

"ဘာမှမဖြစ်ပါဘူး"

နှစ်ယောက်သား လျှောက်နေရင်းက ထိုရွာလေးထဲ ရောက်ရှိလာခဲ့သည်။ ခင်လှက ...

"တော်ပါသေးရဲ့ ရွာရှိလို့ပေါ့။ ဒါနဲ့ ဒီရွာက"

ခင်လှမှာ ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။ သခ်ျိုင်း

ဟောင်းပင် မကျော်သေး။ သုံးအိမ်စုရွာက ရောက်နေလေပြီ။ ရွာလေးမှာလည်း သုံးအိမ်စုရွာနှင့် လုံးဝမတူပေ။ အေးနွယ်က ခြေလှမ်းများ ရပ်တန့်လိုက်ပြီး ခင်လှအား ...

"ခင်လှ"

ခေါ်သံကြားသည်နှင့် ခင်လှမှာ အေးနွယ်ဘေးနား ရောက်လာပြီ။

"ဘာဖြစ်လို့လဲ အေးနွယ်"

"မြန်မြန်လျှောက်"

ထို့နောက် နှစ်ယောက်သား သုတ်ခြေတင်ကာ ခြေလှမ်းအရှိန်အား မြှင့်လိုက်ကြသည်။ ရွာရိုးလမ်းလေးထဲ လျှောက်နေရင်း အေးနွယ်မှာ အိမ်များအား အသာငဲ့စောင်းကြည့်ကာ အကဲခတ်လိုက်မိသည်။

"ဘုရား ... ဘုရား"

အေးနွယ်မှာ ဝိုမို ကြောက်လန့်လာသည်။ ယခု သူတို့ရောက်နေသည့် ရွာလေးမှ လူများမှာ သူတို့နှစ်ယောက် ရောက်နေသည်ကို ကြိုတင်သိနေသည့် အလား တူနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မွေးလည်းမဟောင်၊ လရောင်သာရှိသည့် ရွာရိုးလမ်းလေးထဲ သူတို့နှစ်ယောက် အား သည်ရွာမှလူများက အဘယ်သို့ သိပြီး အဘယ့်ကြောင့် ကြည့်နေရ လို့" သနည်း။ ဤသည်ကို သူမစိတ်ထဲ ပို မသက်ာဖြစ်မိလေသည်။ သူမ ကြည့် လိုက်သည့်အိမ်တိုင်း ဤသို့ဖြစ်နေလေ သဖြင့် သူမ အထင်မှန်နေပြီဟု တထစ်ချတွက်လိုက်သည်။ ထို့နောက် ခင်လှဘေး ကပ်ကာ အသံတိုးတိုးနှင့်-

"ခင်လှ ... မြန်မြန်လျှောက်။ ဒီရွာက မူမမှန်ဘူး"

ခင်လှကပါ အသံတိုးတိုးနှင့်-

"ဟုတ်မယ် ... ဒီရွာက တစ်မျိုးပဲ။ ငါတို့ ဒီနားမှာ ဒီလိုရွာမျိုး မရှိဘူး။ ပြီးတော့"

ခင်လှမှာ ဆက်မပြောတော့ပေ။ သို့ပေမယ့် သူမ ဘာကိုဆိုလိုချင် သည်ဆိုတာ အေးနွယ်တစ်ယောက် ကောင်းကောင်းသိသည်။ နှစ်ယောက် သား လျှောက်နေရင်းမှ ရွာပြင်သို့ ရောက်လာသည်။ အေးနွယ်က သူတို့ ဖြတ်လျှောက်လာသော ရွာလေးအား ပြန်လှည့်ကြည့်ကာ ...

"တော်ပါသေးရဲ့ ကျော်လာ လို့"

နှစ်ယောက်သား ရွာလှည်း လမ်းအတိုင်း လျှောက်လာရင်းက သူတို့ အရှေ့ဘက်တွင် မီးရောင်များအား မြင်လိုက်ရပြန်သည်။ အေးနွယ်က အားရဝမ်းသာဖြင့် ...

"ဟုတ်ပြီ ခင်လှရေ။ အရှေ့က သုံးအိမ်စုရွာဖြစ်မယ်"

"အေး ... ဟုတ်မယ်ဟ"

ထို့နောက် နှစ်ယောက်စလုံး ၏ ခြေလှမ်းများမှာ မတိုင်ပင်ပါဘဲ ပို မို မြန်ဆန်လာခဲ့သည်။ သုံးအိမ်စုရွာမှ ကွမ်းတစ်ယာညက်လောက် လျှောက် လိုက်လျှင် သူတို့ သရက်နှစ်ပင်ရွာလေး သို့ ရောက်တော့မည်မဟုတ်ပါလား။

လမ်းလေးပေါ်မှ လျှောက်လာကြသည်။ သူမတို့နှစ်ယောက်စလုံး၏ စိတ်ထဲ၌ ဤရွာလေးအား သုံးပင်စုရွာဟုသာ ထင်နေမိသည်။ အေးနွယ်နောက်မှ ထပ်ကြပ်မကွာ လိုက်လာသော ခင်လှ မှာ ...

"အေးနွယ် ... ခဏနေဦး"

အေးနွယ် ခြေလှမ်းမရပ်တန့် ဘဲ လှည့်ကြည့်ရုံသာ လှည့်ကြည့်သည်။

ပါးစပ်မှလည်း ...

"မြန်မြန်လျှောက်ပါ ခင်လှရဲ့"

ခင်လှက ဟိုကြည့်သည်ကြည့် လုပ်ကာ ...

"အေးနွယ် ... ဒီရွာက သုံးအိမ်စုရွာ မဟုတ်ဘူး။ ခုနက ငါတို့ ဖြတ်လျှောက်လာတဲ့ရွာပဲ"

အေးနွယ်မှာ ခင်လှစကား ကြောင့် ပတ်ဝန်းကျင်အား အကဲခတ် ကြည့်မိသည်။

"ဟင်"

အေးနွယ်တစ်ယောက် အံ့သြ သွားရလေပြီ။ ခုနက သူတို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်လျှောက်လာသည့် ရွာလေးမှာ အခု သူတို့ထပ်မံလျှောက်နေရသည့် ရွာလေး ပင် ဖြစ်နေလေသည်။ သစ်ပင်များမှအစ အိမ်အဆုံး ခုနက သူတို့ဖြတ်လျှောက် လာသည့် ရွာနှင့် ချွတ်စွပ်ပင်။ အချိန် မှာလည်း ဂ နာရီပင် ထိုးပေတော့မည်။ နှစ်ယောက်စလုံး ဆက်မလျှောက်ဘဲ ခြေလှမ်းများ ရပ်တန့်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေလေသည်။ ထိုအချိန် သူတို့ရပ်နေသည့် ရွာလမ်း ဘေးဘက် အိမ်တည့်တည့်မှ လူတစ် ယောက် ထွက်လာသည်။ အေးနွယ်နှင့် ခင်လှမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်လေသည်။ ထိုအိမ်ထဲမှ ထွက်လာသော လူမှာ သူတို့နားရောက်လာပြီး ချို့မြိန်သော လေသံဖြင့် ...

"ဒီကအစ်မတို့က ဘယ်သွား မလို့လဲဗျ"

အာသွက်လျှာသွက်ရှိသော အေးနွယ်က ချက်ချင်းပင် ...

"ကျွန်မတို့က သရက်နှစ်ပင် ရွာကို ပြန်မလို့ပါ။ လမ်းမှားနေလို့။ ဒါနဲ့ ဒီရွာကရော အရင်ကမရှိပါဘူး"

ထိုလူ၏မျက်နှာ ကွတ်ခနဲ ပျက်သွားသည်ကို အေးနွယ်ရော ခင်လှ ပါ မြင်လိုက်ရသည်။ ထိုသူက ...

"အရင်ကလည်း ဒီရွာရှိပါ တယ်။ ရွာက တောဘက်နည်းနည်းကျ တော့ မရောက်ဖူးတာဖြစ်မှာပေါ့။ ဒီရွာ က အရင်ကတည်းက ရှိတာပါ"

ခင်လှမှာ ထိုလူမျက်နှာအား လရောင်ဖြင့် သေချာကြည့်မိသည်။ သူမ စိတ်ထဲ ထိုလူကို တစ်နေရာရာမှာ မြင်ဖူးသည်ဟု ထင်နေသည်။ သို့ပေမယ့် စဉ်းစား၍မရ။ သူမစိတ်ထဲ ထင့်နေသည် ကို သိလိုသဖြင့် ထိုလူအား ...

"ဒါနဲ့ ဒီရွာနာမည်က"

ထိုလူက မဆိုင်းမတွပင် ...

"ကန်သာရွာပါ"

"သြော်"

ထိုလူကပင် ဆက်၍ ...

"အစ်မတို့ သရက်နှစ်ပင်ရွာ ကရောက်ဖို့ အဝေးကြီးလိုသေးတယ်။ ပြီးတော့ အစ်မတို့က မိန်းမသားတွေ ဆိုတော့ အချိန်မရိုကြီး ပြန်မနေပါနဲ့။ ကျွန်တော့်အိမ်မှာ ဝင်တည်းနေလို့ရပါ တယ်။ အိမ်မှာလည်း ကျွန်တော့်မိန်းမ ရှိပါတယ်"

အေးနွယ်က ခင်လှအား ကြည့်လိုက်သည်။ ခင်လှက အေးနွယ် အား ပြန်၍ မေးငေါ့ပြသည်။ ထိုသူမှာ သူတို့နှစ်ယောက်အား ကြည့်နေရင်းက-

"စဉ်းစားမနေပါနဲ့ အစ်မတို့ ရယ်။ အချိန်မရိုတော့ဘူး ပြန်မနေပါနဲ့။ ထမင်းမစားရသေးရင် ကျွန်တော့်အိမ်မှာ စားလို့ရပါတယ်။ လာပါ"

ထိုသူမှာ အတင်းခေါ်နေ သဖြင့် နောက်ဆုံး၌ နှစ်ယောက်သား ထိုလူအိမ်ထဲ ဝင်လာလိုက်သည်။

"လာ ... အစ်မတို့။ အိမ်ပေါ် တက်"

နှစ်ယောက်သား အိမ်ပေါ် တက်လိုက်သွားပြီး ဧည့်တောင်းများအား ချလိုက်ကြသည်။ အိမ်ပေါ်ရောက်သည့် အခါ ထိုသူက သောက်ရေအိုးစင်မှ

www.burmeseclassic.com

www.burmeseclassic.com

ရေအား ခပ်ယူလာပြီး . . .

"သောက်လိုက်ပါဦး အစ်မတို့။ အစ်မတို့လည်း မောနေလောက်ပြီ"

အေးနွယ်မှာ ထိုလူကမ်းပေး သော ရေခွက်အား ယူလိုက်ပြီး တဝတ် ဝတ်နှင့် သောက်ချလိုက်သည်။ ထို့နောက် ရေခွက်ပြန်ကမ်းပေးကာ-

"ကျေးဇူးတင်ပါတယ်ရှင်"

ထိုသူက ပြုံးလိုက်ပြီး . . .

"ရပါတယ်"

ထိုလူ နောက်ထပ် ရေသွား ခပ်ချိန် အေးနွယ်တစ်ယောက် အိမ် အတွင်း အပြင်အဆင်များအား မသိ မသာ အကဲခတ်ကြည့်လိုက်သည်။

"ဟင်"

သူမစိတ်ထဲ မသိုးမသန့် ဖြစ်သွားမိသည်။ အကြောင်းမှာ အိမ်ထဲ၌ ဘုရားစင်လုံးဝမရှိသောကြောင့်ပင်။ အေးနွယ်မှာ အိမ်အတွင်းသား သေချာ အကဲခတ်ကြည့်လိုက်ပြန်သည်။ သူမတို့ ထိုင်နေသည့် အရှေ့ခန်းနှင့် သိပ်မကွာ လှသည့် ခန်းဆီးသဘောမျိုး ကာထား သော ကျူထရံကြားမှ စူးရှသော မျက်လုံးတစ်စုံနှင့် သူမ အကြည့်ချင်းဆုံ သွားသည်။ အေးနွယ်မှာ မသိဟန်ဆောင်၍ မျက်နှာလွှဲလိုက်ပြီး ခင်လှအား အသာလက်ကုတ်လိုက်သည်။ ခင်လှမှာ အကင်းပါးသူဖြစ်ရကား မသိမသာ ဟိုဟိုသည်သည် လိုက်ကြည့်သည်။ ဘုရားစင်အား မတွေ့ရသဖြင့် အေးနွယ် နည်းတူ သူမစိတ်ထဲ ထင့်သွားမိသည်။ နှစ်ယောက်စလုံး ရသောက်ပြီးချိန် ထိုလူက . . .

"အစ်မတို့ ထမင်းစားကြဦးနော်"

ထို့နောက် အိမ်ခန်းဘက်သို့ လှည့်ကာ . . .

"မိန်းမရေ . . . လာပါဦးဟ။ ည့်သည်တွေ ထမင်းကျွေးရအောင်"

ခဏအကြာ အိမ်ခန်းထဲမှ အမျိုးသမီးတစ်ဦး ထွက်လာကာ သူတို့ နှစ်ယောက်အား ဖော်ဖော်ရွေရွေနှင့် စကားဆိုသည်။

"ခဏနော် အစ်မတို့။ ကျွန်မ ထမင်းပွဲပြင်ပေးမယ်"

ထို့နောက် မီးဖိုချောင်ထဲ ဝင်သွားသည်။ ခဏအကြာ ပြန်ထွက် လာပြီး . . .

"အစ်မတို့ စားလို့ရပါပြီ။ လာပါရှင့်"

အေးနွယ်နှင့် ခင်လှမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်ပြီး မေးငေါ့ပြသည်။ အဓိပ္ပာယ်မှာ ဘယ်လိုလုပ်မလဲဟူသော။ ထိုအမျိုးသမီးမှာ သူတို့နှစ်ယောက် ဆိုလိုရင်းကို ရိပ်မိသွားပုံရသည်။ သူကပင် ဆက်၍-

"လာပါ အစ်မတို့။ အိမ်မှာ ဘုရားစင်မရှိလို့ စိတ်ထဲ တစ်မျိုးဖြစ်မနေ ပါနဲ့။ ကျွန်မတို့က ဗုဒ္ဓဘာသာမဟုတ် လို့ပါ"

အေးနွယ်နှင့် ခင်လှမှာ စိတ်ထဲ အနည်းငယ်ရှင်းသွားပြီး ထို အမျိုးသမီးနောက်သို့ လိုက်သွားသည်။ ထမင်းဝိုင်းတွင် ဟင်းများမှာ စုံလင်လှပေသည်။ မွှေးကြိုင်လှသော ဟင်းနုံများက နှာခေါင်းထဲသို့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်မို့ နှစ်ယောက်သား ဗိုက်ပင် ဝိုဆာလာသည်။ နှစ်ယောက်သား ထမင်းစားပွဲတွင် ထိုင်ပြီးနောက် အရသာရှိလှသော ထမင်းဟင်းများနှင့် ခေါင်းမဖော်တမ်း အားရပါးရ လွှး(စား)တော့သည်။

အေးနွယ်မှာ အစားကြိုးသူမို့ နောက်တစ်ပန်းကန်ပင် ထပ်ထည့်လိုက်သေးသည်။ နှစ်ယောက်သား ထမင်းစားပြီးချိန် မျက်ခွံများမှာ လေးလံလာပြီး အိပ်ချင်စိတ်မှာ ထိန်းချုပ်မရနိုင်အောင် ဖြစ်လာသည်။ သူတို့နှစ်ယောက်ဖြစ်ပုံအား အိမ်ရှင်အမျိုးသမီးက ရိပ်မိသဖြင့် -

"အစ်မတို့ အိပ်ချင်နေရင် အိပ်လို့ရပါတယ်။ ကျွန်မ အိပ်ရာပြင်ပေးထားပါတယ်။ အိပ်လိုက်ကြနော်"

အေးနွယ်နှင့် ခင်လှမှာ ဘာမှ မပြောတော့ဘဲ ချက်ချင်းပင် ထို အမျိုးသမီးညွှန်ပြသော အိပ်ရာသို့ သွားလေသည်။ နှစ်ယောက်သား ခေါင်းအုံးပေါ် ခေါင်းချပြီး မရွေးမနှောင်းမှာပင် အိပ်ပျော်ခြင်းသို့ ရောက်လေကုန်သည်။

×××

မနက်ခင်း၏ နေရောင်ခြည် နွေးနွေးနှင့်အတူ ငှက်ကလေးများ၏ သာယာလှသော စိုးစိုးစီစီ အော်မြည်သံများက နားထဲ ရောက်လာသည်ဖို့ အေးနွယ်မှာ အိပ်ပျော်နေရာမှ သတိရလာသည်။ သို့ပေမယ့် မျက်လုံးအား မဖွင့်သေးဘဲ ငှက်ကလေးများ၏ အသံများအား နားထောင်နေမိသည်။ သူမ၏ ကျောတွင် အောင့်နေသလိုလို ခံစားမိသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ -

"ဟင်"

အေးနွယ်မှာ ပတ်ဝန်းကျင်အား ကြည့်လိုက်ပြီး ကြက်သီး တဖျန်းဖျန်း ထသွားမိသည်။ သူမတို့ ရောက်နေသည်မှာ ဂူဟောင်းများရှိသော သခ်ၤိုင်းဟောင်းတစ်ခု။ သူမအိပ်သည့်နေရာမှာလည်း ညက အိမ်ထဲမှာမဟုတ်ဘဲ အုတ်ဂူတစ်လုံးပေါ်တွင် အိပ်မောကျနေတာလေ။ ဘာတွေ ရောက်ကုန်ပြီလဲ။ အိမ်ရော ဘယ်ရောက်သွားလဲ။

သူမ ခေါင်းထဲတွင် တွေးစရာ စဉ်းစားနေတာ

မျှား အစီအရီကြိုး ပေါ်လာသည်။ တွေးမရသည်မို့ ခင်လှအား လှမ်းခေါ်နှိုးလိုက်သည်။

"ခင်လှ ... ခင်လှ"

ခင်လှမှာ အေးနွယ်၏ ကျယ်လောင်လှသော ခေါ်သံကြောင့် လန့်နိုးလာပြီး ထထိုင်ကာ အိပ်ချင်မူးတူးနှင့် ...

"ဘာလဲ အေးနွယ်ရယ်။ အိပ်ကောင်းနေတုန်းကို"

"အိပ်ကောင်းနေတာလုပ်မနေနဲ့။ နင်အိပ်နေတာ အုတ်ဂူပေါ်မှာ"

ခင်လှမှာ မျက်လုံးဖွင့်ပြီး မိမိအိပ်နေသည့်နေရာအား ပြန်ငုံ့ကြည့်ပြီး-

"အမလေး"

လှခင်တစ်ယောက် အုတ်ဂူပေါ်မှ အလန့်တကြား ခုန်ဆင်းလိုက်လေသည်။ ထို့နောက် အေးနွယ်အား -

"ညကလူတွေရော ဘယ်ရောက်ကုန်ပြီလဲ"

"မသိဘူး။ ငါလည်း အဲဒါသူမ ခေါင်းထဲတွင် တွေးစရာ စဉ်းစားနေတာ"

www.burmeseclassic.com

www.burmeseclassic.com

အောနယ်က ...

"ငါတို့ ဈေးတောင်းတွေရော"

နှစ်ယောက်သား သူတို့

ဈေးတောင်းများအား လိုက်ရှာကြည့်ရာ-

"ခင်လှ ... ဟိုမှာ"

အောနယ်ပြသည့်နေရာအား

ကြည့်လိုက်တော့ သူတို့ဈေးတောင်းနှစ်

၁၁၀

ခု။ ဈေးတောင်းများမှာ တောင့်တောင့်မော်မော်

ပေါက်နေသော အစပ်တွင်။ နှစ်ယောက်

သား ဈေးတောင်းများအား ပြန်ယူကာ

ထိုနေရာမှ ထွက်ခွာရန် ပြင်လိုက်သည်။

"ခဏနေဦး"

အောနယ်အသံကြောင့် ခင်လှ

က ...

"ဘာဖြစ်လို့လဲ"

အောနယ်က ...

"ငါ့စိတ်ထဲ မသက်ဘူး။

ခဏနေဦး။ အုတ်ဂူနေရာ သွားပြန်ကြည့်

ရအောင်"

အောနယ်မှာ သူတို့အိပ်ခဲ့

သည့် အုတ်ဂူနေရာအား သေချာပြန်

ကြည့်မိရာ ...

"ဟင်"

"ဘာဖြစ်လို့လဲ အောနယ်"

အောနယ်က အုန်းမှုတ်ခွက်

သုံးလေးခုကို လက်ညှိုးထိုးပြကာ ...

"ညက ... ညက အဲဒီဟာ

တွေနဲ့ ငါတို့ကိုကျွေးတာ"

အောနယ်မှာ ပြောပြောဆိုဆို

အုန်းမှုတ်ခွက်အား ကိုင်လိုက်သည်။

ခွက်ထဲတွင် မီးသွေးခဲအကျန်များ။

အောနယ်မှာ ခင်လှအား လှည့်ကြည့်

လိုက်ပြီး ...

"ခင်လှ ... ငုံနှပ်ခမ်းတွေ

မည်းနေလား"

ခင်လှမှာ အောနယ်နှုတ်ခမ်း

အား သေချာကြည့်လိုက်ပြီး ...

"အင်း ... နည်းနည်းမည်းနေ

တယ်။ ဘာဖြစ်လို့လဲ"

အောနယ်မှာ တုံ့ဝေါ့ဝေါ့နှင့်

ထိုးအန်လေတော့သည်။ အန်လိုက်သည်

နှင့် ထွက်လာသည်မှာ မည်းနက်နေ

သော မီးသွေးအစများ။ ခင်လှက

နားမလည်နိုင်စွာကြည့်ရင်း ...

"အောနယ် ... နင်အန်တာ

ဘာတွေလဲ"

အောနယ်က ...

"ငါတို့ ညက စားခဲ့တာ

လူသေတွေ မီးသင်္ဂြိုဟ်တဲ့ မီးသွေးခဲတွေ

ဝေါ့ ...အာ"

ခင်လှက ...

www.burmeseclassic.com

www.burmeseclassic.com

"ငါ့နှုတ်ခမ်းတွေရော မည်းနေ
လား"
"တူတူစားတာပဲ မည်းတာ
ပေါ့"
ခင်လှမှာ အေးနွယ်စကား
ကြားသည်နှင့် ရင်ထဲ ပျို့တက်လာပြီး
အန်လေတော့သည်။ အန်ဖတ်များမှာ
ကြေမွနေပြီဖြစ်သော မီးသွေးများ။
ထို့နောက် နှစ်ယောက်သား
ရွာသို့ သုတ်ခြေတင် ပြန်လာခဲ့ကြသည်။
ရွာရောက်သည်နှင့် ညက ပြန်မလာ
သဖြင့် စိတ်ပူနေသော သူတို့ယောကျ်ား
များက ဆီးကြို မေးလေတော့သည်။
ဘေးအိမ်မှ လူများပါ ရောက်လာကြပြီး
သူတို့၏ ထိတ်လန့်ဖွယ် အဖြစ်အပျက်
အား နားထောင်ကြလေသည်။ ထိုစဉ်
သုံးအိမ်စုရွာမှ သရက်နှစ်ပင်ရွာသို့
လာရောက်အိမ်ထောင်ကျနေသော
လူတစ်ယောက်ပြောလိုက်သည့် စကား
ကြောင့် အားလုံးမှာ အံ့သြဖျင်းမက
အံ့သြခဲ့ရလေသည်။ ထိုသူက ...

"အဲဒါ ကျတ်ရွာပါ။ အရင်က
အဲဒီနေရာမှာ ကျတ်တွေမရှိဘူး။ သချိုင်း
ပေါင်းဖြစ်ပြီးမှ ကျတ်တွေ ရွှေ့လာကြ
တာ"
ခင်လှက ...
"ဘယ်ကကျတ်တွေလဲ"
"အရှေ့ကွင်းတွေဘက်ကပါ။
အဲဒီကျတ်တွေ ရွာပြောင်းတဲ့ညမှာ ကျွပ်
တို့ဦးလေး ဖားထွက်လိုက်ရင်း မမျှော်
လင့်ဘဲတွေ့ခဲ့ရတာ"
"ပြောပြပါလား"
အားလုံးက ဝိုင်းမေးကြသဖြင့်
ထိုသူက ...
"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က
ကျွပ်ဦးလေး အရှေ့ကွင်းတွေမှာ
ဖားသွားရိုက်တာ။ မိုးရာသီဆိုပေမယ့်
အဲဒီညက လသာနေတယ်တဲ့။ ပြီးတော့
အရှေ့ကွင်းတွေက အခြောက်အလှန့်
ကြမ်းတယ်လို့ လူပြောများတယ်။
ဒါပေမဲ့ ကျွပ်ဦးလေးက အကြောက်
အလန့်သိပ်မရှိတော့ အဲဒီနေရာကို
တစ်ယောက်တည်းသွားတာ။ အဲဒီနေရာ
က အခြောက်အလှန့်သာကြမ်းတာ
ဖားတွေကတော့ အသားကုန်ပေါပဲ။
ဦးလေးဟာ အဲဒီနေရာမှာ ဖားရိုက်နေ
ရင်း သူရိုက်နေတဲ့ ချောင်းရိုးဘေး
တောစပ်အလွန်ကနေ လူသံတွေကြားရ
တာတဲ့။ သူလည်း စိတ်ထဲထင့်သွားတာ
ပေါ့။ အဲဒါနဲ့ ဘာလဲဆိုတာ သိချင်လို့
ချောင်းရိုးကို အသာလေးဖြတ်ကူးပြီး
တောစပ်ကနေ ချောင်းကြည့်တော့မှ
အမလေးဗျာ သူတွေ့တာက လူတွေမှ
လူတွေအစစ်။ ဒါပေမဲ့ ဆူညံနေတာပဲတဲ့။
သူလည်း အသာလေးငြိမ်ပြီး ကြည့်နေ
တော့မှ သူတွေ့နေရတာက ကျတ်တွေ
ဆိုတာ သိလိုက်ရတယ်။ ကျတ်တွေဟာ
လုပ်ငန်းတွေနဲ့ တစ်နေရာရာသွားဖို့
လုပ်နေကြတာတဲ့။ ကျွပ်ဦးလေးပြောပြ
တာ တစ်ခုရှိသေးတယ်။ ကျတ်တွေကို
အုပ်ချုပ်တဲ့သူတစ်ယောက် ရှိတယ်တဲ့။
သူ့စကားအတိုင်း ကျတ်တွေက
လုပ်ငန်းပေါ်တက်တဲ့ သူကတက်၊
လမ်းလျှောက်တဲ့သူက လျှောက်ရတာ
တဲ့"
အေးနွယ်က ဝင်၍ ...

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအုပ်ချုပ်တဲ့သူက ဘယ်သူလဲ။ မဖဲဝါလား"

ထိုလူကပင် ...

"ဘယ့်နယ်မဖဲဝါရမှာ။ အရှေ့ကွင်းတွေထဲကလာတဲ့သူက မဖဲဝါမှ မဟုတ်ဘဲ။ အရင်ခေတ်ကတည်းက အဲဒီနေရာမှာ ရှိနေခဲ့တာ။ ကျုပ်ဦးလေးပြောတာတော့ သူမရဲရွှမ်းဆင်းက အရမ်းပြေပြစ်တာပဲတဲ့။ အပြစ်ပြောစရာတစ်ကွက်မှကို မရှိတာတဲ့"

ရွာသားတစ်ဦးက ဝင်၍ -

"ခုနကနေရာ ဆက်ပါဦး။ ခင်ဗျားဦးလေး ချောင်းကြည့်နေတုန်း ဘယ်လိုဆက်ဖြစ်လဲဆိုတာ"

"ပြောပါ့မယ်ဗျ။ ကျုပ်ဦးလေး ချောင်းကြည့်နေလို့ သိပ်မကြာခင်မှာ အားလုံး လှည်းနဲ့သွားတဲ့သူကသွား၊ လမ်းလျှောက်တဲ့သူက လျှောက်သွားတာပဲ။ သူတို့ထွက်သွားပြီးတော့ ကျုပ်ဦးလေးလည်း သူတို့ဘယ်သွားလဲဆိုတာ သိချင်တာနဲ့ အနောက်ကနေ တိတ်တဆိတ် လိုက်သွားကြည့်တာပေါ့။ တစ်ခုရှိသေးတယ်။ ကျုပ်ဦးလေးက သူတို့အနောက်ကို ခိုးပြီး လိုက်ကြည့်နေတုန်း အနောက်ကို ပြန်ကြည့်မိသတဲ့။ အဲဒီမှာ ဘာတွေ့ရလဲဆိုတော့ ကျုတ်တွေ စွန့်ခွာသွားတဲ့ရွာက ဘာမှကို မရှိတော့တာတဲ့။ ပြောရမယ်ဆိုရင် အရှေ့ကွင်း ပကတိ ကိုင်းပင်တွေပဲ ရှိတော့တာ။ ကျုပ်ဦးလေးလည်း သူတို့အနောက်က မသိမသာ လိုက်ချောင်းရင်း သူတို့ခရီး ရဲ့ဦးတည်ရာနေရာကို သိလိုက်မိတယ်။ တခြားနေရာမဟုတ်ဘူး။ အေးနွယ်တို့၊ လှခင်တို့ ရောက်ခဲ့တဲ့ သခ်ၤိုင်းဟောင်းပဲ။ အဲဒီကစပြီး အဲဒီသခ်ၤိုင်းဟောင်းမှာ ကျုတ်တွေဖြစ်လာတဲ့ဘဝပဲ။ ညဘက်ဆို အဲဒီနေရာ ဘယ်သူမှမဖြတ်ရဲဘူး။ တကယ့်ရွာလေးလိုဆိုပေမယ့် အရမ်းကျီစားသန်တာတဲ့။ ညဘက်ဆို လူသံ၊ ခွေးသံတွေနဲ့ ဆူနေတာပဲ။ ဒါပေမဲ့ ခြောက်လှန့်တဲ့သူတွေဆိုတော့လည်း ကြောက်ကြတာပေါ့"

ရွာသားတစ်ယောက်က ...

"သရဲခြောက်ပါတယ်ဆိုမှ ကြောက်တာပေါ့ဗျ"

ထိုသူက ပြုံးလိုက်ပြီး ...

"မကြောက်တဲ့အပြင် အဲဒီကျုတ်တွေရဲ့ ခေါင်းဆောင်ဆိုတဲ့ အမျိုးသမီးနဲ့ ချစ်ကြိုက်မိတဲ့လူတစ်ယောက်လည်း ရှိခဲ့တယ်"

အားလုံးမှာ အံ့သြသွားသည်။

"ဘယ်လို ကျုတ်နဲ့ ဟုတ်လား"

"ဟုတ်တယ်။ ကျုပ်တို့ရွာက ထိုစဉ် ရွာရှိ လူငယ်ကာလသားတစ်ယောက် ပြောလိုက်သော စကားကြောင့် အားလုံးမှာ ပွဲကျသွားသည်။ ထိုလူငယ် ပြောလိုက်သည်မှာ-

"တော်ပြီဗျို့။ သူတို့ဘာသာ ချစ်ရုံပဲဖြစ်ဖြစ်၊ ကြိုက်ရုံပဲဖြစ်ဖြစ် ကျွန်တော်တော့ မသွားရဲပေါင်။ အဲဒီဘက်လည်း နွားကျောင်းမထွက်တော့ဘူး" ဟူ၍ပင်။

လင်းလက်အောင်

www.burmeseclassic.com

www.burmeseclassic.com

သင်္ခဓာတ္တုက် ကျန်းမာရေး

ဒေါက်တာလွင်သန့်

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ ၂၁ ရာစုမှာ အလုပ်ခွင်ကအစ စီးပွားရေးနယ်ပယ်၊ ပညာရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်မှာ အပြိုင်အဆိုင် ဖြစ်လာသည်။ စိတ်ဖိစီးမှုကိုယ်စီရှိကြသည်။ စားဝတ်နေရေးအတွက် ရတက်မအေးရသကဲ့သို့ ဆယ်တန်းကျောင်းသား စိတ်လေပြီး ထင်ရာလိုက်လုပ်နေသကဲ့သို့ "စိတ်သောက"များ ရနေကြသည်။ အကြမ်းအားဖြင့် စိတ်ရောဂါဖြစ်ပွားရခြင်း အဓိကအကြောင်းရင်း သုံးရပ်ရှိသည်။ မျိုးရိုးဗီဇ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေတို့ဖြစ်သည်။ ယင်းသုံးချက်မှ တစ်ခုကြောင့် (သို့) သုံးခုကြောင့် စိတ်ဝေဒနာ ဖြစ်ပေါ်စေနိုင်တယ်။

အချို့သော စိတ်ရောဂါများသည် မျိုးရိုးလိုက်တတ်သည်။ စိတ်ရောဂါရှိသူအားလုံး၏ ခြောက်ပုံတစ်ပုံသည် မျိုးရိုးလိုက်သဖြင့် ဖြစ်ပွားလေသည်။ မျိုးရိုးဗီဇအားဖြင့် စိတ်ဓာတ်ပျော့ညံ့သူတို့တွင် ပတ်ဝန်းကျင်၏ လှုံ့ဆော်ရိုက်ခတ်မှုဒဏ် မခံနိုင်၍ စိတ်ရောဂါ ဖြစ်ပေါ်လေ့ရှိသည်။

စိတ်နှင့် ရုပ်သည် အညမညသဘောတရားအရ ဆက်စပ်နေကြသည်။ စိတ်ထိခိုက်လျှင် ရုပ်တွင်လည်း ထိခိုက်ရကြောင်း၊ စိတ်ကြောင့် ဖြစ်သော ခန္ဓာကိုယ် ရောဂါဝေဒနာများအဖြစ် ဖြစ်တတ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ရောဂါအခြေအနေ၊ ဖောက်ပြန်မှုအမျိုးမျိုးတို့ကြောင့် စိတ်ဝေဒနာအမျိုးမျိုး ဖြစ်လာနိုင်သည်။

(၁) ဂုဏ်ဖျားရောဂါ။ တိုက်ဖွိုက်အူရောင်ငန်းဖျားရောဂါ။ အဆုတ်အအေးမိခြင်း၊ အဆုတ်နာရောဂါ။ ဦးနှောက်အမြှေးရောင်ခြင်း။ အဆုတ်တီဘီရောဂါ။ ဦးနှောက်ရောင်ခြင်း စသည့် ပြင်းထန်သော ဖျားနာခြင်းမျိုးဖြစ်သည်။

(၂) ဦးနှောက်ကင်ဆာ၊ သွေးတိုးရောဂါ။ နှလုံးသွေးကြောရောဂါ။ အသည်းရောင်ရောဂါ၊ ပြင်းထန်သော ကျောက်ကပ်ရောဂါများကြောင့် စိတ်ရောဂါရနိုင်သည်။

(၃) ကလေးသူငယ်ရောဂါ "ဆစ်ဖလစ်" တတိယအဆင့်တွင် ဦးနှောက်အတွင်းသို့ ဆစ်ဖလစ်ပိုး ဝင်ရောက်ခြင်းဖြစ်သည်။

(၄) အနှည်းနှည်းဖြင့် ဦးခေါင်းကို ထိခိုက်ဒဏ်ရာရခြင်းကြောင့် စိတ်ရောဂါရနိုင်ပါသည်။

(၅) ကလေးများ မကြာခဏ အပြင်းဖျား၍ တက်ခြင်းကြောင့် ဦးနှောက်ကို ထိခိုက်နိုင်ပါသည်။

(၆) အဆိပ်အတောက်၊ ခဲ (lead) နှင့် ပြဒါး (mecury) စသော သတ္တုများကြောင့် အဆိပ်သင့်၍ စိတ်ထိခိုက်နိုင်သည်။

(၇) အရက်စွဲသူများ ကြာမြင့်သော အခါ ဦးနှောက်ဆဲလ်များ ပျက်စီးခြင်း။ မူးယစ်ဆေးဝါးဆေးစွဲခြင်းတို့ ဖြစ်သည်။ စိတ်ထိခိုက်ခံစားရသော အကြောင်းအရာများကြောင့်လည်း စိတ်ရောဂါဝေဒနာများ ဖြစ်လာနိုင်ပါသည်။ စိတ်ပူပင်သောက၊ ဗျာပါဒများခြင်း၊ စိတ်ညစ်ခြင်း၊ စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ကြ စိတ်လွန်ကဲခြင်း။ စိတ်ဓာတ် ရင့်ကျက် ခိုင်မာမှုမရှိခြင်း။ လောကဓံ ရှစ်ပါးကို ရဲဝံ့စွာ ရင်မဆိုင်နိုင်ခြင်း၊ ပြင်းထန်စွာ စိတ်ထိခိုက်ခြင်း၊ စိတ် ချောက်ချားခြင်း။ ကြောက်ရွံ့ထိတ်လန့် ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ မကြာခဏ ပြင်းထန်စွာ စိတ်လှုပ်ရှားခြင်း၊ စိတ် ပင်ပန်းနွမ်းနယ်လွန်ခြင်း။ ကိုယ်ရေးကိုယ် သွေးညှဲ့ဖျင်းခြင်း၊ မိမိကိုယ်မိမိ မယုံကြည်ခြင်း စသည့် စိတ်ထိခိုက်မှု အခြေအနေအရပ်ရပ်၏ လှုံ့ဆော်ရိုက် ခတ်မှုဒဏ်များကြောင့် စိတ်ရောဂါအမျိုး မျိုးဖြစ်သည်။

စိတ်ဝေဒနာလက္ခဏာများမှာ လွန်စွာ များပြားသည်။ စိတ်ဝေဒနာ အမျိုးမျိုးရှိသည့်အနက် အဓိကမှာ စိတ် တုန်လှုပ် ချောက်ချားသည့် ရောဂါ (Neurosis) နှင့် ပြင်းထန်သည့် စိတ် ရူးသွပ်ဖောက်ပြန်ခြင်း (Psychosb) များ စသည်တို့ဖြစ်သည်။

ယင်းကဲ့သို့ စိတ်ရောဂါဝေဒနာ စွဲကပ်နေသူ တစ်ဦးတစ်ယောက်အနေ ဖြင့် မိမိတွင် စိတ်ရောဂါစွဲကပ်နေသည် ဟု များသောအားဖြင့် မသိကြပေ။ အခြားသူကသာ ယင်း၏ နေထိုင်ပြောဆို ပုံကို ကြည့်၍ ခွဲခြားနိုင်သည်။ အဓိက ဖြစ်ပွားလေ့ရှိသော ရောဂါက အိပ်မပျော် ခြင်းမှ စတင်ပါသည်။

စိတ်ဝေဒနာ ခံစားနေရသူများ သည် သတိ၊ မှတ်ဉာဏ်၊ အာရုံစူးစိုက် မှု၊ စဉ်းစားဉာဏ်၊ ကိုယ်ရည်ကိုယ်သွေး စသည်တို့ လျော့နည်းလာသည်။ ကိုယ် နှုတ်အမူအရာ၊ အနေအထိုင် အမျိုးမျိုး ပြောင်းလဲနေတတ်သည်။ အချို့ ဂနာမငြိမ် အမြဲလှုပ်ရှားနေတတ်ပြီး အချို့ စကားမပြော၊ မလှုပ်မရှား ဖြစ်နေ တတ်သည်။ အချို့မှာ အမှန်တကယ် မဟုတ်ဘဲ တစ်စုံတစ်ခုက မိမိကို အမြဲ လွှမ်းမိုးချုပ်ခြယ်နေသည်ဟု ထင်နေတတ် သည်။ အယူအဆ၊ အဖွေးအခေါ်တွင် လည်း မှားယွင်းနေးကွေးလာပြီး စကား ပြောဆိုရာတွင် မှုမမှန်ခြင်း။ အလုပ်တစ်ခု ကို ထပ်ခါတလဲလဲ ပြုလုပ်ခြင်းတို့ ဖြစ်တတ်သည်။ မရှိသည့်အရာကို

စိတ်ရောဂါဝေဒနာများမှ ကင်းဝေးစေရန် အနာသိလျှင် ဆေးရှိပါသည်။ စိတ်ရောဂါမဖြစ်ရန် ကာကွယ် ဆေးထိုး၍ မရပါ။ မိမိနှင့်ပတ်သက်သော စိတ်နှင့်ရုပ် ဖောက်ပြန်မှုများကြောင့် မိမိတွင် စိတ်ဝေဒနာများ ပေါ်ပေါက်လာ ကာ "ဥစ္စာရင်လို ဥစ္စာရင်စဲ" လူတိုင်း စိတ်ဝေဒနာရောဂါများ ဖြစ်စေနိုင်သည့် အကြောင်းရင်းများ လေ့လာ၍ တားဆီး ခြင်း၊ ရှောင်ကြဉ်ခြင်း စသည်တို့ဖြင့် ကာကွယ်နိုင်ကြပါသည်။

မိမိတွင် စိတ်ရောဂါဖြစ်နိုင် သည့် မျိုးရိုးရှိလျှင် အိမ်ထောင်ပြုပါက

www.burmeseclassic.com

www.burmeseclassic.com

စိတ်ရောဂါမျိုးမရှိသူကို ရွေးချယ်သင့်သည်။ စိတ်ရောဂါမျိုးရိုးရှိသူနှင့် အိမ်ထောင်ပြုပါက သားသမီးများ စိတ်ရောဂါရနိုင်သည်။ ခန္ဓာကိုယ်ရောဂါအမျိုးမျိုးကြောင့် စိတ်ဝေဒနာမဖြစ်စေရန် တတ်နိုင်သမျှ ဆင်ခြင်ကာကွယ်ရမည်။ ယင်းရောဂါများ ဖြစ်မည်ဟု သံသယရှိပါက ဆောလျင်းစွာ မှန်ကန်ထိရောက်သော ဆေးကုသမှု ခံယူထားရမည်။ ကာလသားရောဂါကြောင့် စိတ်ရောဂါမဖြစ်စေရန် လိင်လွတ်လပ်စွာ ဆက်ဆံမှုကို မနေနိုင်ပါက အစွပ် (condom) သုံးပြီး ဆက်ဆံသင့်သည်။

သွေးတိုးရောဂါကြောင့် လေဖြတ်ခြင်းများသကဲ့သို့ သွေးမတိုးစေရန် အစားအသောက် ဆင်ခြင်သင့်သည်။ ကလေးများ အပြင်းဖျားလျှင် မတက်စေရန်၊ အဖျားကို ထိထိရောက်ရောက် ကုသရမယ်။ အပူချိန် အလွန်မြင့်တက်လျှင် ဦးခေါင်းကို ရေခဲတင်ပေးခြင်း၊ ရေစိုသောအဝတ်အုပ်ပေးခြင်း စသည်တို့ ပြုလုပ်ဖို့ လိုအပ်ပေသည်။

မည်သည့်အကြောင်းကြောင့်မှ ဦးခေါင်းကို မထိခိုက်စေရန် ဆိုင်ကယ်စီး လျှင် ဆိုင်ကယ်ဦးထုပ်ဆောင်း၍ စီးသင့်သည်။ "လူကိုဖျက်အရက်" ဆိုသလို အရက်စွဲခြင်း၊ မူးယစ်ဆေးစွဲခြင်းကြောင့် စိတ်ရောဂါဖြစ်စေရန် အရက်၊ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးများ ရှောင်ရမည်။ စနစ်တကျ ဖြတ်ရမည်။ မူးယစ်ထုံထိုင်းဘေးအန္တရာယ်ဖြစ်စေသော ဆေးများ၊ အိပ်ဆေးများ အသုံးလွန်ခြင်း မဖြစ်သင့်ပါ။

စိတ်နလုံးအားချိမ်းပြီး ပူပင်သောကကင်းစေသောသူများ၊ စွဲစေသောဆေးများမဆို မှီဝဲသုံးဆောင်ခြင်းမှ လုံးဝရှောင်ကြဉ်သင့်သည်။ စိုးရိမ်စိတ်လွန်ကဲသူ၊ အစွဲအလမ်းကြီးသူ၊ ဒေါသထွက်လိုသူ၊ စိတ်အပြောင်းအလဲမြန်သူ၊ စိတ်ဓာတ်မရင့်ကျက်သူတွေမှာ စိတ်ရောဂါဝေဒနာ ဖြစ်တတ်သည်။

မိမိမျှော်လင့်ချက်အတိုင်း ဖြစ်မြောက်အောင်မြင်လာစေရန် နေရာတိုင်း၊ ရွေးချယ်မှုတိုင်းမှာ အကောင်းဆုံး စိတ်ရောကိုယ်ပါ အနာရစေမည့် အနားယူမှုမျိုး လိုအပ်သည်။ လုပ်တဲ့အချိန်၊ အစာစားချိန်၊ အိပ်ချိန်၊ တွေးတောစဉ်းစားချိန် အကန့်လိုက် ပိုင်းခြားထားသင့်သည်။ အများနည်းတူ ဆင်ခြင်နေထိုင်နိုင်ရင် စိတ်ရောဂါဝေဒနာများမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

ဒေါက်တာလွင်သန့်

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်မှန်

ကျန်းမာရေးအိုပ် ဗဟိုခေါ်ကျင်း

မရွှေဖိုး(ကိုရီးယား)

အတွဲ (၂၀) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုယ်ကျွန်မ မေးမိတယ်။ ကျွန်မရဲ့အရိပ်ကို ဘယ်လို ဖယ်ရှား ပစ်ရင်ကောင်းမလဲ?၊ ကျွန်မရဲ့ အရိပ်ကို ဖယ်ရှားပစ်ဖို့ဖြစ်နိုင်လား?၊ ဒါဟာ မဖြစ်နိုင် ဘူးလား?၊ ကျွန်မရဲ့အရိပ် မရှိတော့ရင် ကျွန်မ သေသွားမှာလား?၊ ကျွန်မရဲ့ အရိပ်မရှိတော့မှ ကျွန်မဘဝကို ကျွန်မ ပြန်ရမှာလား?။ ကျွန်မ သိချင်ခဲ့တယ်။ သေဆုံးရမှာလား?၊ လွတ်မြောက် သွားမှာလား?။

(ဂျန်နီဖာ-Jennifer Gibbons)

ဂျွန်နဲ့ ဂျန်နီဖာ (June Gibbons and Jennifer Gibbons) ဆိုတဲ့ လူမည်း အမျှောပူးညီအစ်မဟာ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှာ မွေးဖွားခဲ့တယ်။ ဂျွန်နဲ့ ဂျန်နီဖာဟာ ငယ်စဉ်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ပုံရတယ်။ တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်းဆုံတာနဲ့ ရယ်မိကြတာပဲ။ ဂျွန်နဲ့ ဂျန်နီဖာဟာ အမေရိကန်မြောက်ပိုင်းက ဘာဘေဒို့စ် (Barbados) မှာ မွေးဖွားခဲ့ပေမယ့် မိဘတွေက အင်္ဂလန်က ဝေးလ်စ်ဆိုတဲ့ တိုင်းပြည် (Wales) ကို ပြောင်းရွှေ့ခဲ့ရတယ်။ ပြဿနာက အဲဒီမှာ စတာပဲ။ သူတို့မိသားစုနေထိုင်တဲ့ ဝေးလ်စ်ရဲ့ ဟာဗာဖို့ဒ်ဝက်စ် (Haverfordwest) ဆိုတဲ့ တောမြို့လေးမှာ အဲဒီတုန်းက အင်္ဂလိပ် အဖြူလူမျိုးတွေပဲ နေတယ်။

×××

www.burmeseclassic.com

www.burmeseclassic.com

အဲဒီရွာက အင်္ဂလိပ်လူမျိုးတွေ ဟာ လူမည်းမိသားစုကို ပထမဆုံးမြင်ဖူး တာဖြစ်တယ်။ အသားမည်းမည်းကလေး မနှစ်ယောက်ကို ထူးထူးဆန်းဆန်း ဝိုင်းကြည့်ကြတယ်။ ငွေနဲ့ ကျန်နီဖာကို ချစ်စရာ မျက်လုံးဝိုင်းဝိုင်းလေးတွေလို့ တွေးကြသူ မရှိသလောက်။ အသားမည်း ကြတဲ့ကလေးမနှစ်ယောက်ကို သူတို့ လို လူသားတွေထဲက လူသားနှစ်ယောက် လို့ မသတ်မှတ်ကြဘူး။ အသားအရောင် ခွဲခြားကြတာပေါ့။ ဒီလို လူတကာရဲ့ အယဉ်ခံ၊ အနှိမ်ခံဘဝကို ရောက်သွား တဲ့အခါ သူတို့နှစ်ယောက်ဟာ အခြား လူတွေ နားမလည်နိုင်တဲ့ အပြုအမူတွေ ကို စလုပ်ကြတော့တာပါပဲ။ ငွေနဲ့ ကျန်နီဖာဟာ သူမတို့ မိဘတွေတောင် နားမလည်တဲ့ ဘာသာရပ်စကားတစ်ခု (Cryptophasia) ကို တီထွင်လိုက်ကြ တယ်။ လောကကြီးထဲက အရာတချို့ကို သူတို့နှစ်ယောက်တည်းပဲသိတဲ့ နာမည် အသစ်တွေ ပေးလိုက်ကြတယ်။ ပြီးတော့ သူတို့ဟာ သူတို့နှစ်ယောက်

တည်းပဲ အထာတွေနဲ့ စကားပြောတော့ တယ်။ ပိုဆိုးတာက မိခင်၊ ဖခင် အပါအဝင် တစ်လောကလုံးကို လုံးဝ စကားမပြောတော့ဘူး။ ဒါပေမဲ့ သူမတို့ ညီအစ်မ တစ်ခါတလေ စကားပြောတဲ့ သူတစ်ယောက်တော့ ရှိတယ်။ ငွေနဲ့ ကျန်နီဖာတို့ရဲ့ တစ်ဦးတည်းသောညီမလေး ရိုစ် (Rose) ကိုပါပဲ။ ရိုစ်ကိုတော့ သူမတို့ နှစ်ယောက် လျှို့ဝှက်စကားတွေ သင်မပေးဘဲ သာမန် အင်္ဂလိပ်လိုပဲ ပြောတယ်။

×××

၁၉၇၄ ခုနှစ် ငွေနဲ့ ကျန်နီဖာ ကျောင်းတက်ကြတယ်။ အသက် ၁၁ နှစ်အရွယ်ပေါ့။ ဆရာမက ငွေနဲ့ ကျန်နီဖာကို လူဖြူကလေးတွေ နှိပ်စက် မှာစိုးလို့ ၅ မိနစ်၊ ၁၀ မိနစ် ကျောင်း စောလွှတ်ပေးရတဲ့အထိ ဖြစ်လာတယ်။ ကလေးမလေးနှစ်ယောက်ဟာ အနှိပ်စက်မခံချင်လို့ ကျောင်းက အိမ်ကို သုတ်ခြေတင်ပြီး ပြေးကြတာပဲ။

တစ်ယောက်နဲ့တစ်ယောက် ပိုအားကိုး လာကြတယ်။ အတူသွား၊ အတူစား၊ အတူအိပ် ကလေးမလေးနှစ်ယောက် ဟာ တစ်ယောက်လုပ်တဲ့ အပြုအမူကို ကျန်တစ်ယောက်က အမြဲလိုက်လုပ် တယ်။

×××

မိဘတွေ သူတို့ကို စကား လုံးဝမပြောတဲ့ ကလေးမနှစ်ယောက်ကို စိတ်ပူလွန်းလို့ စိတ္တဇအထူးကုဆရာဝန် နဲ့ ပြကြတယ်။ မိဘ၊ ဆရာ၊ ဆရာမ၊ ဆရာဝန်တွေ ဘယ်လိုလုပ်လုပ် ကလေး မလေးနှစ်ယောက်ဟာ အခြားလူတွေကို စကားလုံးဝမပြောကြဘူး။ အားလုံး လက်လျှော့လိုက်ကြတယ်။

×××

တစ်နေ့ ဆရာမက သူမတို့ နှစ်ဦးပြောတဲ့ စကားကို မသိအောင် အသံသွင်းထားလိုက်တယ်။ သူမတို့နှစ်ဦး ပြောတဲ့ စကားဟာ အင်္ဂလိပ်စကားပဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်။ အင်္ဂလိပ်စကားကို ဘယ်သူမှ နားမလည်အောင် မြန်မြန် ပြောနေကြတာဖြစ်တယ်။ စကားလုံး အချို့ကိုတော့ အထာနဲ့ပြောကြတယ်။

ကလေးမလေးတွေဟာ တမင်သက် သက် လူတွေနဲ့ စကားမပြောချင်လို့ မပြောကြတာဖြစ်တယ်။ သူတို့ ပထမ ဘာသာစကားဟာ အင်္ဂလိပ်ပါပဲ ကလေး မလေးနှစ်ယောက်ကို ခွဲထားလိုက်ရင် အခြားလူတွေနဲ့ စကားပြောလာမှာပဲလို့ မိဘ၊ ဆရာတွေက ယူဆကြတယ်။

ဒါကြောင့် ၁၉၇၇ ခုနှစ်မှာ သူတို့နှစ်ယောက်ကို ခွဲပြီး အဆောင်မှာ အိပ်၊ အဆောင်မှာစားပြီး နေရတဲ့ အိစ်ဂိတ်ဆိုတဲ့ကျောင်း (Eastgate School) ကို ပို့လိုက်တယ်။ အဲဒီမှာ သူတို့နှစ်ယောက် အဆောင်သက်သက်စီ ခွဲထားတာမို့ တစ်ယောက်နဲ့တစ်ယောက် စကားပြောခွင့်မရရင် သူငယ်ချင်းအသစ် တွေရလာမယ်လို့ မိဘတွေက မျှော်လင့်ကြတယ်။ သူမတို့အသက် ၁၄ နှစ်ပဲ့။ ဒါပေမဲ့ မအောင်မြင်တဲ့အပြင် ကလေးမ လေးနှစ်ယောက်ဟာ ဝိုင်ပြီး အခြေအနေ ဆိုးလာတယ်။ ခေါင်းညိတ်၊ ခေါင်းခါ ပြုံးရယ်တာမျိုးတောင် မပြုတော့ဘူး။ မိဘတွေက ဂျွန်နဲ့ ဂျန်နီဖာကို ပြန်တွေ့ပေးလိုက်ကြတယ်။ ကလေးမ လေးနှစ်ယောက်ဟာ အိမ်ပြန်ရောက် တော့ အခန်းထဲပိတ်ပြီး လပေါင်းများစွာ နေလိုက်ကြတော့တယ်။ အစားအစာကို လည်း အခန်းထဲလာပေးမှပဲ စားတယ်။ ညီမလေးရိုစ်ကိုတောင် စကားသိပ်မပြော တော့ဘူး။ ဂျွန်နဲ့ ဂျန်နီဖာဟာ အရုပ်တွေ ဖန်တီး။ နာမည်တွေပေးပြီး ဆော့ကြ တယ်။ ဇာတ်လမ်းတွေလုပ် စကားပြော ကြတယ်။ ဂျွန်နဲ့ ဂျန်နီဖာဟာ အရုပ် လေးတွေနဲ့ ကစားဖို့ နေ့တိုင်း ဇာတ်လမ်း အသစ်တွေ စဉ်းစားလာကြတယ်။ နောက်ပိုင်း သူမတို့ရဲ့ ဇာတ်လမ်းတွေ နားထောင်ဖို့ တစ်ဦးတည်းသော ပရိသတ်ကတော့ ညီမလေးရိုစ်ပါပဲ။ ၁၅ နှစ်အရွယ် ကလေးမလေးနှစ်ယောက်ရဲ့ ဇာတ်လမ်းတွေမှာ ဇာတ်သဘင်တွေ၊ သတ်တာတွေ ပါလာတယ်။

ဒီလိုနဲ့ ၁၉၇၉ ခုနှစ်၊ ခရစ် စမတ်ဇနေ့ကို ရောက်လာတယ်။ ဂျွန်နဲ့ ဂျန်နီဖာဟာ မိဘတွေဆီက ဒိုင်ယာရီ အနီလေး တစ်ယောက်တစ်အုပ်စီ လက်ဆောင်ရတယ်။ ဂျွန်နဲ့ ဂျန်နီဖာဟာ ဒိုင်ယာရီမှာ နေ့စဉ်မှတ်တမ်း၊ ကဗျာတွေ နဲ့ ဝတ္ထုတွေရေးဖို့ ဆုံးဖြတ်လိုက်ကြ တယ်။ ဂျွန်နဲ့ ဂျန်နီဖာဟာ စာရေးဆရာမ ကြီးတွေ ဖြစ်လာမယ်လို့ သူတို့ကိုယ် သူတို့ ထင်နေကြတယ်။ ငါတို့ လူတွေ ကို စကားမပြောဘဲ နာမည်ကြီးလာ တော့မယ်လို့ တွေးကြတယ်။

ဂျွန်နဲ့ ဂျန်နီဖာရဲ့ ဝတ္ထုတွေ ဟာ ရက်စက်ကြမ်းကြုတ်တယ်။ ကယ်လီဖိုးနီးယားပြည်က မောင်နှမနှစ် ယောက်ရဲ့ ရက်ရက်စက်စက် လူသတ် တဲ့ဇာတ်လမ်း။ ပြီးတော့ ဆရာဝန်က သူ့ခွေးကို သတ်ပြီး အသည်းကို နေမကောင်းတဲ့ သူသားဆီကို ထည့်ပေး လိုက်တယ်တဲ့။ ခွေးရဲ့ဝိညာဉ်က ဆရာဝန်သားဆီမှာ ကပ်နေပြီး ဂလဲ့စား ချဖို့ ကြိုးစားတယ်။ အဲလို သားကိုလဲ

www.burmeseclassic.com

www.burmeseclassic.com

တိုင်က အဖေကိုသတ်တဲ့ ဇာတ်လမ်း မျိုး။ သူတို့ဇာတ်လမ်းတွေက မအောင် မြင်ခဲ့ပါဘူး။ ဒါပေမဲ့ ကြောက်စရာ ကောင်းတာတွေ ရေးလာရာကနေ တကယ့်လက်တွေ့လည်း ပြစ်မှုကျူးလွန် လာချင်ကြတယ်။ အသက် ၁၆ နှစ် ရောက်တော့ ဂျွန်နဲ့ ဂျန်နီဖာဟာ ညဘက် အပြင်ထွက်လာကြတယ်။ အရက် အရမ်းသောက်လာကြတယ်။ မူးယစ်ဆေးဝါးလည်း သုံးလာကြတယ်။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ရိုက်နှက်ကြတဲ့အထိ ရန်ဖြစ်လာတာပါပဲ။

ဂျွန်နဲ့ ဂျန်နီဖာဟာ မီးရှို့ချင် လာကြတယ်။ ဒါကြောင့် အပြင်ကိုထွက် ပြီး အိမ်တစ်အိမ်ကို ဖောက်ထွင်း ဝင်ရောက်ပြီး မီးရှို့လိုက်တယ်။ မီးက တော်တော်ကြီးတယ်။ လူတွေ ပြေးကြ၊ လွှားကြ၊ ဒုက္ခရောက်ကြတော့ သူမတို့ နှစ်ယောက်သား ဂိတ်ကျေနပ်ကြတယ်။ ဒါကို ရဲတွေက မိသွားတယ်။ ဂျွန်နဲ့ ဂျန်နီဖာကို တရားရုံးမှာစစ်တော့လည်း စကားမပြောကြဘူး။ စိတ္တဇအထူးကု

ဆရာဝန်တို့က ဂျွန်နဲ့ ဂျန်နီဖာ နှစ်ယောက်စလုံးဟာ မွေးကတည်းက အကြင်နာတရားမရှိတဲ့ ဆိုင်ကိုပ္ပါသ်ရဲ့ ဦးနှောက်နဲ့ မွေးလာခဲ့တဲ့ ကလေးမှန်စ် ယောက်ဖြစ်တယ်ဆိုတာကို သိလိုက်ရ တယ်။ ဆိုင်ကိုပ္ပါသ်တို့ရဲ့ ဗီဇအတိုင်း ရက်စက်ကြမ်းကြုတ် မီးရှို့ကြတာဖြစ် တယ်။ သူတို့ရဲ့ ဒိုင်ယာရီစာအုပ်တွေကို ပါ စစ်ဆေးကြတော့ ဘယ်သူမှမထင် ထားတဲ့ အရာတစ်ခုကို သိလိုက်ရတော့ တယ်။ ဂျွန်နဲ့ ဂျန်နီဖာဟာ တစ်ယောက် ကိုတစ်ယောက် အလွန်အမင်း သေစေ ချင်တဲ့ဆန္ဒတွေ ရှိနေကြတယ်ဆိုတာကို ဒိုင်ယာရီထဲမှာ ရေးထားကြတယ်။ ဂျွန်နဲ့ ဂျန်နီဖာကို မီးရှို့မှုနဲ့ Broadmoor Hospital ဆိုတဲ့ စိတ္တဇဝေဒနာရှင်တွေပဲ ထားတဲ့ စည်းကမ်းတင်းကြပ်တဲ့ထောင် ကို ပို့လိုက်ကြတယ်။ ထောင်ကျတယ် ဆိုတော့မှ တစ်ခန်းစီနေရတာပေါ့။ ဒါပေမဲ့ ဂျွန်နဲ့ ဂျန်နီဖာရဲ့ လူပ်ရှားမှုတွေ ကြောင့် ထောင်စောင့်တွေ၊ သူနေပြုတွေ ဟာ အတော် အံ့သြသွားစေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ငွိန်နဲ့ ဂျန်နီဖာဟာ တစ်ယောက်နဲ့ တစ်ယောက် မမြင်ရပေမယ့် သူတို့နှစ်ဦးရဲ့ လူပ်ရှားမှုတွေဟာ အားလုံး အတူတူပဲတဲ့။ တိုင်ပင်မထားဘဲ ထောင် အခန်းထဲမှာ ထိုင်နေတဲ့ပုံစံလည်း အတူတူထိုင်နေတဲ့ အခန်းထောင့်က အစ တူနေတယ်။ သူတို့အခန်းထဲက အိမ်သာတက်တော့လည်း တစ်ချိန်တည်း ညဘက် လုံအိပ်ချတော့လည်း တစ်စက္ကန့်တောင်မကွာ။ မတူတာက တော့ ထမင်းစားချိန်ပါပဲ။ ငွိန် ထမင်း မစားတဲ့နေ့ ဂျန်နီဖာဟာ တစ်နေ့လုံး ထမင်းစားတယ်။ ဂျန်နီဖာ ထမင်းမစား တဲ့နေ့ ငွိန်က တစ်နေ့လုံး ဆက်တိုက် ထမင်းစားတယ်။ ငွိန်နဲ့ ဂျန်နီဖာဟာ တစ်လှည့်စီ တစ်ရက်ထမင်းစားလိုက်၊ တစ်ရက်အငတ်ခံလိုက်ပေါ့။

ငွိန်နဲ့ ဂျန်နီဖာဟာ တခြား သူတွေကို ရန်မပြုတာကြောင့် လက်ရှိ ရောက်နေတဲ့ ဆေးရုံထက် ပိုလွတ်လပ် တဲ့ အခြားဆေးရုံကို ပို့လိုက်ကြတယ်။ အဲဒီဆေးရုံမှာ ငွိန်နဲ့ ဂျန်နီဖာဟာ ကွာနယ်လစ် မာဂျာရီးဝဲလေ့စ် (Marjorie Wallace) နဲ့ တွေ့ဆုံခဲ့ကြတယ်။ ငွိန်နဲ့ ဂျန်နီဖာဟာ မာဂျာရီးကိုတော့ ခင်ကြ တယ်။ မာဂျာရီးဟာ ငွိန်နဲ့ ဂျန်နီဖာရဲ့ အကြောင်းကို ရေးချင်လို့ သူမတို့နှစ်ဦး ကို မကြာခဏ လာတွေ့တယ်။

တစ်နေ့မှာ ...

ဂျန်နီဖာက ဒီလိုပြောတယ်။

"မာဂျာရီး ... ငါ သေရတော့ မယ်"

"အို ... ဂျန်နီဖာ။ မင်း အသက် ၂၉ နှစ်ပဲရှိသေးတာ ဘာလို့ သေရမှာလဲ"

"ဘာလို့လဲဆိုတော့ ကျွန်မ ဟာ အစ်မငွိန်နဲ့ ဒီလိုသေပေးမယ်လို့ ဆုံးဖြတ်ထားလို့ပါပဲ"

ဟုတ်ပါတယ်။ ငွိန်နဲ့ ဂျန်နီဖာ ဟာ သူမတို့နှစ်ဦးမှာ တစ်ယောက် ယောက်က ဒီလောကကြီးမှာ မရှိမဖြစ် မယ်လို့ ဟိုးငယ်ငယ်လေးထဲက တွေးခဲ့ ကြပါတယ်။ ငွိန်ဟာ ဂျန်နီဖာထက် ၁၀ မိနစ် စောမွေးခဲ့တယ်။ ဒါကြောင့် ဂျန်နီဖာဟာ သူမကိုယ်သူမ ငွိန်ထက် နှိမ့်ကျတယ်လို့ ယူဆထားတယ်။ ဂျန်နီဖာရဲ့အတွေး။

"ငွိန်ဟာ ငှါထက် ၁၀ မိနစ် စောပြီး လူလောကကြီးထဲကို ရောက် လာတယ်။ ဒါကြောင့် ငွိန်ဟာ ငှါထက် ပိုလှတယ်။ ငွိန်ဟာ ငှါထက် ဉာဏ် ကောင်းတယ်။ ငွိန်နဲ့ ငါဟာ အကုန်တူ ရမှာပေါ့။ ဘာကြောင့် ဒီကောင်မဟာ ငှါထက် အစစအရာရာ သာနေရတာလဲ။ ဒီလောကကြီးမှာ ငွိန်နဲ့ငါ နှစ်ယောက် တည်းရှိတာ။ ငွိန်က ငှါထက်သာနေတာ သိပ်ကြေကွဲဖို့ကောင်းတယ်။ ငါတို့ဟာ ရန်သူတွေ။ ငါတို့ခန္ဓာကိုယ်မှာ လေဆာ တွေထွက်နေပြီး တစ်ယောက်နဲ့တစ် ယောက် ပစ်ခတ်နေတယ်။ ငွိန်ဆိုတဲ့ အရိပ်မည်းကြီးကာထားလို့ ငါ နေရောင် ခြည်ကို မခံစား၊ မမြင်တွေ့ရဘူး။ ဒီအရိပ်မရှိမှဖြစ်မယ်"

ဂျန်နီဖာရဲ့ ဒိုင်ယာရီ။

ကျွန်မရဲ့အရိပ် မရှိခဲ့လျှင် ကျွန်မကိုယ်ကျွန်မ မေးမိတယ်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

ရဲ့အရိပ်ကို ဘယ်လိုဖယ်ရှားပစ်ရင်
ကောင်းမလဲ?၊ ကျွန်မရဲ့ အရိပ်ကို
ဖယ်ရှားပစ်ဖို့ဖြစ်နိုင်လား?၊ မဖြစ်နိုင်ဘူး
လား?၊ ကျွန်မရဲ့အရိပ် မရှိတော့ရင်
ကျွန်မ သေသွားမှာလား?၊ ကျွန်မရဲ့အရိပ်
မရှိတော့မှ ကျွန်မဘဝကို ကျွန်မ
ပြန်ရမှာလား?။ ကျွန်မ သိချင်ခဲ့တယ်။
သေဆုံးရမှာလား?၊ လွတ်မြောက်သွား
မှာလား?။

×××

ဟုတ်ကဲ့။ ဂျန်နီဖာဟာ ဂျွန်ကို
အမုန်းကြီးမုန်းခဲ့ပါတယ်။

"ဟုတ်တယ် မာဂျာရီး။
ကျွန်မ သေရတော့မယ်"

အတူတူမနေနိုင်တဲ့ဘဝမှာ
နောက်ဆုံးတော့ ဂျန်နီဖာဟာ သူမ
အနစ်နာခံဖို့ ဆုံးဖြတ်လိုက်ပုံရတယ်။

×××

ဟာ ဆေးရုံထပ်ပြောင်းရတယ်။ ဂျန်နီဖာ
ဟာ ဆေးရုံအသစ်ကိုသွားနေတုန်း
အစ်မဂျွန်ရဲ့ ပခုံးကိုမှီထားပြီး . . .

"ငါ သေတော့မယ်"

ပြီးတော့ ဂျွန်ရဲ့ပေါင်ပေါ်
ပြုတ်ကျသွားတယ်။ ဂျန်နီဖာရဲ့ မျက်လုံး
ဝိုင်းကြီးတွေဟာ ပွင့်လျက်ပဲ ဂျွန်ရဲ့ပေါင်
ပေါ် လှဲအိပ်နေလိုက်တယ်။ ဆေးရုံ
အသစ်ရောက်ရော သူမဟာ သေဆုံးနေ
ပါပြီ။ ဂျန်နီဖာရဲ့အလောင်းကို စစ်ဆေး
ကြည့်လိုက်တော့ တစ်ပါးသူပယောဂမပါ
ဘဲ သူမဟာ သဘာဝအလျောက်
သေဆုံးသွားတာတဲ့။ ဂျန်နီဖာရဲ့ အသည်း
နှလုံးမှာ အနာတစ်ခုရှိတယ်။ အဲဒါ
ကြောင့်ပါတဲ့။ မာဂျာရီးက ပြောတယ်။
ဂျွန်နဲ့ ဂျန်နီဖာဟာ ဟိုအရင်မွေးကတည်း
က တစ်ယောက်တည်းမွေးလာရမှာကို
နစ်ယောက်ကွဲနေလို့ တစ်ယောက်က
သေပေးမှ ကျန်တစ်ယောက်က
လွတ်လွတ်လပ်လပ် အသက်ရှင်ခွင့်ရ
မယ်လို့ တွေးခဲ့ကြတယ်။ ပြီးတော့
အဲဒါကို ယုံကြည်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဂျွန်နဲ့ ဂျန်နီဖာဟာ ဘယ် လောက်မှန်းကြလဲဆိုရင် သူတို့နှစ် ယောက် တစ်ယောက်ကိုတစ်ယောက် သတ်ဖို့ ကြိုးစားနေခဲ့ကြတယ်။ ဂျွန်ဟာ ဂျန်နီဖာကို ရေထဲနှစ်သတ်ဖို့ ကြိုးစားခဲ့ သလို ဂျန်နီဖာကလည်း ဂျွန်ကို ရေဒီယို ဓာတ်ကြိုးနဲ့ လည်ပင်းညှစ်သတ်ဖို့ ကြိုးစားခဲ့တယ်။ နောက်ဆုံးမှာ ဂျန်နီဖာ က သေပေးဖို့ ဆုံးဖြတ်လိုက်တာဖြစ် တယ်။

ဂျွန်ရဲ့ဒိုင်ယာရီ ...။

ဂျန်နီဖာဟာ ငါ့ထက် အစစ အရာရာ မသာလွန်ဘဲ ဖြစ်နေတယ်။ သူမဟာ ငါနဲ့ သူမ အတူတူဖြစ်စေချင် နေတယ်။ သူမမျက်လုံးထဲမှာ ငါ့ကို သတ်ချင်နေတာ တွေ့ရတယ်။ ဘုရားရေ ငါကြောက်တယ်။ ဒီကောင်မဟာ ပုံမှန် မဟုတ်ဘူး။ ဒီကောင်မဟာ ရူးနေတာ။ ဒီကောင်မကို ရူးအောင်လုပ်တဲ့သူက တော့ ကျွန်မ ဂျွန်ပဲပေါ့။ ဂျန်နီဖာ

Through life be one

Rest in peace.

(June)

ငါတို့ တစ်ခါက နှစ်ယောက် ဖြစ်ခဲ့ဖူးတယ်။

ငါတို့နှစ်ယောက် တစ်ယောက် လိုနေခဲ့ဖူးတယ်။

ငါတို့ ဘယ်လိုမှ ထပ်ပြီး နှစ်ယောက်မဖြစ်နိုင်တော့ပြီ။

ဖြတ်သန်းရမယ့်ဘဝကတော့ တစ်ခုတည်းပေါ့။

ငြိမ်းချမ်းစွာ အနားယူတော့။

ဒါဟာ နှစ်ပေါင်းများစွာ နှစ်ယောက်တစ်ကမ္ဘာနေလာခဲ့တဲ့ ညီမ အတွက် ရေးခဲ့တာပါ။ ဂျွန်က ပြောပါ တယ်။

"ဂျန်နီဖာဟာ ကျွန်မအတွက် သေဆုံးပေးခဲ့တယ်။ ကျွန်မ အခု ဂျန်နီ ဖာအတွက် အသက်ရှင်ပေးနေတာပါ"

မရွှေမိုး(ကိုရီးယား)

www.burmeseclassic.com

www.burmeseclassic.com

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

လေပြည်လေညင်းလေးများ၏ ကျီစားကလူခံနေရ၍ နဒီရော၏ မျက်နှာပြင်သည်လည်း လှိုင်းကလေးများ ထနေရသည်။ အနောက်ဂေါယာကျွန်းသို့ ချဉ်းနင်းဝင်ရောက်စပြုနေသော နေမင်းကြီး၏ ရောင်ခြည်ကြောင့် အထက်ကောင်းကင်ယံသည်လည်းကောင်း၊ နဒီရောမှ ရေတို့သည်လည်းကောင်း ရွှေအိုရောင်သမ်းလျက် ရှိခဲ့၏။ ထိုပတ်ဝန်းကျင်မှ မြစ်ကမ်းပါးတွင်လည်းဖြူ။ နီ၊ ပြာ၊ ဝါ စသော ဆေးရောင်စုံခြယ်သထားသည့် ရေကာတာတို့ ပြုလုပ်ထားပြီး ယင်းအပေါ်ဘက်တွင် တည်ထားသော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသည်လည်း သပ္ပါယ်ကြည်ညို ဖွယ်ရာပင်။ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ တံတိုင်းများနှင့် ရေကာတာတို့၏ အကြားဝယ် မြေနီလမ်းလေးတစ်သွယ် ဖောက်လုပ်ထားပြီး ထိုမြေနီလမ်းဘေး ရေကာတာ၏ အပေါ်ဘက်ခြမ်းတွင်လည်း အရိပ်အာဝါသကောင်းမွန်အေးမြ၍ အညာမြေ၏ အလှကို ဖော်ဆောင်ထားသော တမာပင်ကြီးများ။ ထနောင်းပင်ကြီးများနှင့်အတူ သစ်ပင်ကလေးများရှိ၏။ ၎င်းသစ်ပင်များ၏ အောက်တွင် ထိုင်စရာအဖြစ် အုတ်ခဲကလေးများ၊ ကျောက်တန်းလျားလေးများ ပြုလုပ်ထားသည်။ ယင်းထိုင်ခုံကလေးများပေါ်မှ လေပြေညင်းကလေးများနှင့် ဆော့ကစားနေတတ်သည့် မြစ်ရောကိုလည်းကောင်း၊ မြစ်ရောအတွင်းမှ ဖြတ်သန်းခုတ်မောင်းသွားလာနေကြသော သင်္ဘောများ၊ မော်တော်များ၊ စက်လှေကလေးများကိုလည်းကောင်း ရောဝတီမြစ်ကြီးအား ကူးဖြတ်တည်ဆောက်ထားသော ခဲ့ညားထည်ဝါသည့် ရောဝတီမြစ်ကူးတံတားကြီးကိုလည်းကောင်း၊ နေ့အခါတွင် ထက်ကောင်းကင်မှ သူရိန်နေမင်းနှင့်ကညချမ်းအချိန်တွင် ငွေစန္ဒာတို့ကိုလည်းကောင်း ကြည့်ရှုခံစားရင်း သန့်ရှင်းလတ်ဆတ်သော လေပြေလေညင်းနုနုလေးများကိုပါ နလုံးသားဖြင့် တိုက်ရိုက်မိတ်ဆက်ပေးနိုင်သေးသည်။ ထိုနေရိုရှိခင်းနှင့် ရေကာတာတို့၏ အပေါ်ဘက် သစ်ပင်လေးတစ်ပင်အောက်မှ ကျောက်တန်းလျားလေးပေါ်ဝယ် တိုးလျှည်းသာစွာဖြင့် တီတီတာတာ ဆိုနေကြသူနှစ်ယောက်လည်း ရှိ၏။ သူတို့၏ နလုံးသားများသည် မည်မျှအထိ နီးကပ်လေသည်မသိ။ သူတို့ပြောနေကြသော စကားသံသည် သူတို့မှအပ အခြားသူများကြားနိုင်လိမ့်မည်မထင်။ တစ်ခါတစ်ရံတွင်လည်း မျက်လုံးချင်း ကြည့်၍သာ ပြောချင်သည့်စကားများ ပြည့်စုံသွားပုံရပြီး နလုံးသားကလည်း ထိုစကားများကို ကြားနိုင်၊ နားလည်နိုင်ပုံရသည်။ တစ်ခါတစ်ရံတွင်လည်း ဤသို့မဟုတ်။

"ဝိယေဟိ ဝိပွယောဂေါ
ဒုက္ခော၊ အပ္ပိယေဟိ သမ္ပယောဂေါ
ဒုက္ခော" တဲ့လေ။ ချစ်သောသူနဲ့ ကွေကွင်းရခြင်းသည်လည်း ဆင်းရဲသတဲ့။ မချစ်သောသူနဲ့ အတူတကွ ပေါင်းဖက်နေရခြင်းကလည်း ဆင်းရဲသတဲ့။ အဲဒီတော့ ကိုယ် ဖြိုးနဲ့ မဝေးရပါလို၏။

www.burmeseclassic.com

www.burmeseclassic.com

သေတဖန် သက်တဆုံး ပေါင်းဖက်ရပါ
လိမ့်လို့ ဆုတောင်းခဲ့လိုက်တာ လွန်မယ်
မထင်ပါဘူး ဖြိုးရယ်။ နိဗ္ဗာန်ဆိုတဲ့
အေးငြိမ်းခြင်းဓာတ်ရှိတဲ့ဆီ မရောက်
သရွေ့ ရအောင် မကျင့်နိုင်သရွေ့က
ဖြိုးရဲ့ ဘေးနားရှိခွင့်ရတဲ့ အခိုက်အတန့်
လေးတွေ၊ ဖြိုးနဲ့ အတူရှိရမယ်ဆိုတဲ့
မျှော်လင့်ချက်ကလေးတွေကသာ ကိုယ့်
အတွက် အေးငြိမ်းခြင်း။ ချမ်းသာခြင်း
ပါပဲ။ ကိုယ့်အတွက် အေးငြိမ်းချမ်းသာ
ခြင်းဆိုတာလည်း ဖြိုးကလွဲပြီး အခြား
ဘယ်အရာကမှ ဖန်တီးပေးနိုင်၊ မွေးဖွ
ပေးနိုင်လိမ့်မယ် မထင်ဘူး။ ဒါကြောင့်
ဟောဒီက ကိုယ်သိပ်ချစ်နေရတဲ့ ဖြိုး
လေးနဲ့ ပေါင်းဖက်ပါရစေလို့ မြတ်စိန်ကို
ထံတော်အပါးမှာ ဆုတောင်းခဲ့လိုက်တာ
ပါ"

"ဟုတ်ပါပြီ ကိုယ်ရယ်။ ဖြိုးက
ကိုယ့်ဆီက အဲဒီလိုစကားသံလေးတွေ
ကြားချင်လို့ တမင်သက်သက် စလိုက်
တာပါ"

ဖြိုးက ပြုံးစစ မျက်နှာလေး
နှင့် ကယုကယင်ဆိုလျက် နေဇော်၏
ရင်ခွင်ထဲသို့ သူကိုယ်လေးကို ဖြည်းညင်း
စွာ တိုးဝင်လိုက်ပြီး ဘယ်ဘက်ပါးပြင်
လေးကို နမ်းလိုက်သည်။ နေဇော်က
ဖြိုးကို ညင်ညင်သာသာ ပွေ့ဖက်ထား
လိုက်ပြီး ဖြိုး၏ နဖူးပြင်ကျယ်ကျယ်လေး
ကို ကြင်နာယုယစွာ ပြန်နမ်းလိုက်လေ
သည်။

"ကို"

ဖြိုးက တိုးညင်းညင်သာစွာ
ခေါ်လိုက်သည်။

"ဗျာ့"

နေဇော်က ဖြိုးကို ရင်ခွင်ထဲမှ
အနည်းငယ်ခွာပြီး ထူးလိုက်သည်။

"ဖြိုးလေ ကိုယ့်ကို မေးစရာ
တွေရှိတယ်"

"မေးလေ ဖြိုးရဲ့"

"အင်း ... ဘယ်ကစမေးရ
မလဲ" ဖြိုးက လက်ညှိုးလေးကို နှုတ်ခမ်း
ဆီကပ်ထားလျက် စဉ်းစားသလိုလုပ်နေ
သည်။ ထို့နောက် ကဗျာကသီပင် လေ"

"အင်း ... သိပြီ သိပြီ။
ပခုက္ကူမြို့ကို ဘာလို့ ပခုက္ကူလို့ခေါ်တာ
လဲဟင် ကို"

နေဇော်က သူမကို ချစ်ခြင်း
များနှင့် ပြည့်လျှံနေသော မျက်ဝန်းတစ်စုံ
ဖြင့် ကြည့်လိုက်ပြီးနောက် ...

"ဆန်းကြယ်လိုက်တဲ့ မေးခွန်း
ပါလားဗျာ။ ပခုက္ကူမြို့ကို ဘာလို့ပခုက္ကူ
လို့ခေါ်တာလဲဆိုတော့ ကိုယ်က
ဘယ်နှယ်ပြောရပါ့မလဲဗျာ"

"ဟာ ... ကိုယ်က "အ"
ပါတယ်ကွာ။ ကိုယ့်မြို့နာမည်အဓိပ္ပာယ်
လေးဖြစ်လာတဲ့ သမိုင်းလေးကိုတောင်
ကိုယ်မသိဘူးလား"

နေဇော်က သူ့ခေါင်းသူ
ကုတ်လိုက်ပြီး ...

"အမလေး ဖြစ်ရတယ်ဗျာ။
သူဘာသာလည်း ရှင်းအောင်မမေးဘဲနဲ့
များ"

"ဖြိုးမေးနေတာ ရှင်းတယ်
လေ"

"ကဲ ... ဟုတ်ပါပြီဗျာ

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါပြီ။ တကယ်ဆို ပခုက္ကူဆိုတဲ့ မြို့နာမည်က ဘယ်လိုဖြစ်လာတာလဲ မေးသင့်တာမဟုတ်ဘူးလား"

"အောင်မာ ... စိတ်မရှည်တဲ့လေသံ လာလုပ်နေတယ်" ဖြိုးက လက်သီးဆုပ်ပြကာ နေဇော်ကို ထုမလို လုပ်ရင်း ပြောလိုက်သည်။

"မဟုတ်ရပါဘူး အမိရယ်။ ဒါနဲ့ နေစမ်းပါဦး။ အမှုမှ ဘာစိတ်ကူးတွေပေါက်ပြီး မေးရတာလဲ"

"ကိုယ်ကလည်း ပခုက္ကူမြို့မှာ ရှေးဘုရားတွေ၊ အထင်ကရဘုရားတွေ ရှိတယ်လေ။ အဲဒီတော့ ပခုက္ကူမြို့ကလည်း ရှေးကတည်းကရှိမှာပေါ့။ ဖြိုး ကျောင်းပိတ်ရက်ပြန်ရင် ဖြိုးတို့မြို့ရေစကြို့ကို ပြန်ရောက်တော့ ဖြိုးသူငယ်ချင်းတွေကို ကိုယ့်အကြောင်းတွေ ပြောပြပြီး ကြွားတာပေါ့။ အဲဒီတော့ သူတို့က ဖြိုးပြောပြတဲ့ ကိုယ့်အကြောင်းတွေကို နားထောင်ပြီးရင် ပခုက္ကူမြို့မှာ တန်ခိုးကြီး ထင်ပေါ်ကျော်ကြားတဲ့ မြို့ရဲ့ အထင်ကရဘုရားတွေလည်း ရှိတယ်တဲ့။ ပခုက္ကူမြို့သမိုင်းလည်း ရှိမှာတဲ့။ အဲဒီဘုရားတွေ တည်စဉ်က ပခုက္ကူမြို့က ဘယ်လို ဘယ်ပုံတည်ရှိနေတဲ့အကြောင်းတွေ ပြောပြဖို့ တောင်းဆိုကြ၊ မေးကြနဲ့ ကိုယ် ရယ်"

"အဲဒီတော့"

နေဇော်က စကားထောက် ပေးလိုက်သည်။

"အဲဒီတော့ လုပ်မနေပါနဲ့ ကိုယ်ကလည်း။ ဖြိုးကမှ မသိတာကို။ ဒီတစ်ခါ ကိုယ့်ဆီက မေးခဲ့ပြီး ပြန်ပြမယ်လို့ ပြောခဲ့ရတာပေါ့။ အဲဒါကြောင့် အခုလို့ တနင်္ဂနွေကျောင်းပိတ်ရက်တွေမှာ ကိုယ်နဲ့လျှောက်လည်ရင်း ဟောဒီ ပခုက္ကူမြို့က ဘုရားတစ်ဆူရဲ့ သမိုင်းတစ်ခုကို ပြောပြောပြပေး။ အခုလည်း ပခုက္ကူမြို့နာမည် ဖြစ်လာပုံ ပြောပြပေး။

ဖြိုးက မျက်စောင်းကလေးကို မထိတထိလေး ပစ်လိုက်ပြီး ခပ်ဆတ်ဆတ်လေး ပြောလိုက်သည်။

"အမလေး ... ဖြစ်ရတယ် ဗျာ။ မသိလို့လည်း မေးသေး။ မေးတဲ့ပုံကလည်း"

"ဘာလဲ ... မကျေနပ်ဘူးလား။ မပြောပြပေးဘူးလား"

"အမလေး ... ကျေနပ်ပါတယ်ဗျာ။ ရှေစိတ်တော် မျက်တော်မမူပါနဲ့ သခင်မဘုရား။ ဟောဒီက ကျွန်တော်မျိုးကြီး"

"ဟာ ... ကိုယ်နော်။ တခြားလူတွေရှိနေတာကို ရှက်လည်းမရှက်ဘူး နေဇော်က ဇာတ်ထဲတွင် ဝန်မင်းတို့ တင်လျှောက်သည့်ဟန်နှင့် ပြောနေသောကြောင့် ဖြိုးက ဗိုက်ခေါက်လိမ်လိုက်ရင်း ခပ်အုပ်အုပ်လေး အော်လိုက်သည်။ နေဇော်နှင့် ဖြိုးတို့ ချစ်သူဖြစ်ခဲ့ကြသည်မှာ တစ်နှစ်ခွဲလောက် ရှိခဲ့ပြီဖြစ်၏။ နေဇော်က ပခုက္ကူမြို့သားစစ်စစ်။ ပခုက္ကူမြို့မှာပင် မွေးဖွားခဲ့ပြီး ပခုက္ကူမြို့မှာပင် နေထိုင်သူဖြစ်သည်။ ယခု သခင်္ဂနောက်ဆုံးနှစ်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ပခုက္ကူ။တက္ကသိုလ်မှာပင် တက်ရောက် လိုက်အော်ခြင်း အေးချမ်းလှပပြီး တင့်တင့် ကြသည်။ ဘုရားဖူးအပြီး ရွှေအိုရောင် နေသည်။ ဖြူးကလည်း သခ်ၤာကပင်ဖြစ် တယ်တယ်နှင့် ကျက်သရေရှိသူလေးဖြစ် ဆည်းဆာနှင့် ရောဝတီမြစ်ပြင်ကို ရှုစား ပြီး ယခုဆို ဒုတိယနှစ် ရောက်နေပြီ။ ၏။ ဖြူးအသားအရောက အဝါရောင်ဝင်း ငေးမောရင်းက မိုးချုပ်လွန်သွားသည်ကို နေဇော်က အညာသားပီသသည်။ ဝင်းလေး။ ဖြူးကလည်း မိန်းကလေး ပင် သတိမထားမိ။ နေဇော်ကလည်း ဂ အသားအရောင်က အညိုဘက်တွင်းကဲ့ တစ်ယောက်နှင့်စာလျှင် အရပ်မြင့် တန်းကျောင်းသားဘဝလောက်ကစပြီး လေ၏။ သို့သော် အရပ်မြင့်မြင့်နှင့် သည်။ သခ်ၤာမေဂျာ၏ Queen ဖြစ်ရမည့် တနင်္ဂနွေညနေတိုင်း ရွှေမုဋ္ဌောဘုရားကို ယောကျ်ားပီသသော ခန္ဓာကိုယ်ဖွဲ့စည်းပုံ အနွင့်အရေးကို နေဇော်၏ အချစ်များ လာဖူးမြော်ရင်း ရွှေအိုရောင်ဆည်းဆာ၏ ရှိသည်။ မေးရိုးကားကားနှင့် ထင်ရှား ဖြင့် အလဲအထပ် လုပ်ခဲ့သူဖြစ်လေ အလှအား ငေးမောကြည့်ရှု ခံစားနေခဲ့ သောမျက်ခုံး။ တောက်ပသော မျက်ဝန်း သည်။ ထို့ကြောင့်ပင် သူတို့ချစ်သူစုံတွဲ သည်မှာ သည်ကနေ့အထိ။ တစ်စုံကို ပိုင်သည်။ ထိုမျှမက ဖြောင့် ကို ကျောင်းသား၊ ကျောင်းသူ အများစု ထိုနေ့တွင်တော့ နေဇော်တစ် ဖြောင့်စင်းစင်းနှင့် ပေါ်လွင်လှသော က သိ[illegible]၏။ ယင်းသို့ အသိများရာက ယောက် အနောက်ဂေါယာကျွန်းသို့ နာတံ၏အောက်ဝယ် ဖြူးနှင့်မဟုတ်လျှင် သူတို့နှစ်ယောက်၏ လိုက်ဖက်မှုသည် နေမင်းကြီး လုံးလုံးလျားလျား ဝင်ရောက် ခပ်တင်းတင်းစေ့ထားတတ်သော လည်း မြင်ရသူ ငေးမောစရာ ဖြစ်လာ သွားသည်ကိုပင် သတိမမူမိခဲ့။ ပုံမှန် နှုတ်ခမ်းတစ်စုံရှိသည်။ ဖြူးက ရေစကြို ကြသည်။ သူတို့နှစ်ယောက် တွေ့ဆုံရ၊ အတိုင်းဆိုလျှင် နေဇော်သည် သည်မျှ မြို့သူ။ ရေစကြိုမြို့တွင် ၁၀ တန်းအောင် ချစ်သူဖြစ်ကြရပုံကလည်း ခပ်ဆန်းဆန်း လောက်အထိ မနေပါ။ မြစ်ရော၏ ပြီးနောက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို ပင်ဖြစ်သည်။ ကျောင်းဝန်းဆင်မှာ စတင် မျက်နှာပြင်ပေါ်တွင် ရွှေအိုရောင်တို့ တွေ့ဆုံခဲ့ကြသည်[illegible]ုတ်။ ယခုကဲ့ မပျောက်ဆုံးမီပင် သူ အိမ်ပြန်ပြီဖြစ် ပခုက္ကူ။မြို့ပသို့ လာတက်ရောက်ရင်း သည်။ ယင်း တနင်္ဂနွေနေ့သည်က ပထမနှစ်၊ ပထမနှစ်ဝက် မပြီးဆုံးမီပင် ဒို့ တနင်္ဂနွေနေ့ ညနေဆည်းဆာတစ်ခု ရွှေအိုရောင်ဆည်းဆာကို စတင် ဒုတိယနှစ်ကျောင်းသား နေဇော်နှင့် တွင် ဖြစ်၏။ ဖြူးတို့သူငယ်ချင်းတွေက ဥပေက္ခာပြုမိသောနေ့ဟု ဆိုရမည်ထင် တွေ့ခဲ့ပြီး ချစ်သူတွေဖြစ်ခဲ့ကြခြင်းဖြစ် ပခုက္ကူ။တက္ကသိုလ်ရောက်စ ဖြစ်သော သည်။ အားလုံးအထဲတွင် ထင်းထင်း သည်။ ဖြူးနာမည်အရင်းက ဖြူးသီရိဝင်း။ ကြောင့် ပခုက္ကူ။မြို့၏ အထင်ကရဖြစ် ကလေး ပေါ်လွင်၍ လှချင်တိုင်းလှနေ ဖြူးသီရိဝင်းဆိုသည့်အတိုင်း နာမည်နှင့် သော ရွှေမုဋ္ဌောဘုရားကို လာဖူးမြော်

www.burmeseclassic.com

www.burmeseclassic.com

သည့် ဖြိုးက ရွှေအိုရောင်ဆည်းဆာကို ယူနေသည်ဖြစ်သောကြောင့် ဘာမှ
ပင် လွှမ်းမိုးအနှိုင်ယူသွားလေသည်လား မတုံ့ပြန်နိုင်ဘဲ အံ့အားသင့်လျက်သာ
မပြောကတ်။ သူ ဖြိုးရှိရာကိုသာ ဖြစ်နေမိ၏။ သို့သော် အံ့အားမသင့်နိုင်
ငေးမောနေခဲ့မိသည်။ မည်မျှကြာအောင် သော ပတ်ဝန်းကျင်က နေဇော်ထံတွင်
ငေးမောနေလိုက်မိသည် မသိ။ ဖြိုးတို့ ဝိုင်းကာ၊ ဝန်းကာဖြင့် ဆွမ်းကြီးလောင်း
သူငယ်ချင်းတွေ ပြန်ကြမည်ပြုမှ ဖြိုးကို ပေးလိုက်ကြသည်။ ထိုအချိန်တွင်
ဆက်မြင်တွေ့ချင်နေသည့် စိတ်က နေဇော်တစ်ယောက် . . .
အထိတ်တလန့် ဖြစ်သွားရကာ သတိ
ဝင်လာခဲ့သည်။ "သူ ဆိုင်ကယ်သူခိုး မဟုတ်ပါ
ဘူး ရှင်။ မှားပြောနေကြတာပါ" ဆိုသော
ထို့ကြောင့် ဖြိုးတို့ကို မျက်ခြေ အထိတ်ထိတ်အပျာပျာ အသံကလေး
ပြတ်သွားမည် စိုးရိမ်သဖြင့် နေဇော်က သာ ကြားလိုက်ရပြီး သတိလစ်မေ့မျော
ဆိုင်ကယ်ရှိရာကို ကမန်းကတန်းသွား သွားခဲ့ရသည်။ ပခုက္ကူဆေးရုံကြီးပေါ်တွင်
ကာ ဆိုင်ကယ်ကို ယူနေမိလိုက်သည်။ မည်မျှကြာအောင် သတိလစ် မေ့မျော
ထိုအချိန်တွင် မိန်းကလေးသံများ နေသည်မသိ။ နေဇော် သတိပြန်ရတော့
ပွက်ပွက်ညံသွားသည်။ အသံကြားရာဆီ သူ့ဘေးအနားတစ်ဖက်ဆီတွင် သူ့မေမေ
ကို ကြည့်လိုက်တော့ ဖြိုးတို့သူငယ်ချင်း နှင့် ဖြိုးတို့ကို တွေ့ရသည်။ မည်သို့ဖြစ်
တစ်တွေပင် ဖြစ်နေ၏။ ဖြိုးတစ်ယောက် ပုံကို နားမလည်နိုင်သော်လည်း ဖြိုးကို
ကလွဲ၍ နေဇော်ရှိရာဆီကို လက်ညှိုး ပြန်တွေ့နေရသည်ကိုဖြင့် နေဇော့်မှာ
များ ညွှန်လျက် . . . အံ့အားသင့်နေမိသည်ထက် ပျော်နေမိ
"ဆိုင်ကယ်သူခိုး"ဟု ဆိုကာ သည့် စိတ်ခံစားမှုက ပိုနေသည်။
အော်ဟစ်အကူအညီတောင်းခံနေကြ နေဇော်က ဖြိုးကိုသာ ငေးမောနေမိသော
သည်။ နေဇော်က သူ့ဆိုင်ကယ်သူ ကြောင့် ဖြိုးက ရုက်နေသေးသည်။

သို့သော်လည်း ဖြိုးက အရှစ်ရှန်
ဖြီး ဖြစ်ပျက်ခဲ့ပုံကို ပြန်ပြောပြ ရင်းမြ
ပေးရာသည်။ နေဇော့်ဆိုင်ကယ်နှင့် ဖြိုး
ဆိုင်ကယ်တို့မှာ နံပါတ်ပြားတစ်ခုမှလွဲပြီး
ချွတ်စွပ်တူနေပုံ။ ဖြိုးတို့က အဖွဲ့လိုက်
မို့ အတူယှဉ်ပြီး ရပ်ထားခဲ့ကသည်ကို
သတိမထားမိခဲ့ပုံ။ ဖြိုးက အံ့အားသင့်
ကာ ဘာမှမအော်ဟစ်မိဘဲ လက်ညှိုး
ထိုး ညွှန်ပြလိုက်မိသောကြောင့် ဖြိုး
သူငယ်ချင်းတွေက အော်ဟစ်အကူအညီ
တောင်းကြသည်မှအစ ဆေးရုံရောက်
သည်အထိ ဖြစ်ကြောင်းကုန်စင် ရှင်းပြ
ပေးသည်။ နေဇော်က ဖြိုးရှင်းပြနေသည်
ကို ငေးမောနားထောင်အပြီးတွင် ဖူးဖူး
ရောင်နေသော မျက်နှာမှ အပြုံးတစ်ပွင့်
ပွင့်လျက် ဖြိုးက ရုပ်လု၊ ချစ်စရာကောင်း
ရုံမျှမဟုတ်ဘဲ စကားပြောသည်မှာလည်း
နှစ်သက်မြတ်နိုး၍ ချစ်စဖွယ်ကောင်းသူ
အဖြစ် စိတ်ထဲတွင် မှတ်ချက်ချနေမိ
သည်။ ထို့နောက်တွင်မှ တစ်ယောက်နှင့်
တစ်ယောက် မိတ်ဆက်ခဲ့ကြပြီး ယခု
ကဲ့သို့ တစ်ဦးကိုတစ်ဦး ကြင်နာမှုအပြည့်

www.burmeseclassic.com

www.burmeseclassic.com

နှင့် အမြတ်တနိုးထားချစ်ကြသော လိုက်ဖက်ညီကြသည့် ချစ်သူစုံတွဲ ဘဝ တစ်ခုကို ရောက်ရှိခဲ့ခြင်းဖြစ်သည်။

×××

"ဟင် ... ကိုကလည်း ပခုက္ကူမြို့အဓိကာင်း ပြောပါဆိုမှပဲ။ အလောင်းစည်သူမင်းတွေရော၊ ပေါက်ကွဲ ပြည်တွေရော၊ မိဖုရားတွေ တစ်ပုံတစ်ပင် နဲ့ ပုဂံသမိုင်းကျနေတာပဲ"

"ဟာ ... ဒီဆရာမနဲ့တော့ ခွကျပြီ။ အဲဒါတောင် အတိုချုံးပြောပြနေ တာဗျာ"

"ကဲ ... ကဲ ဟုတ်ပါပြီ။ ဒါဖြင့်လည်း ဆက်ပါဦး"

"ဟုတ်ကဲ့ ဆက်ပါ့မယ်ခင်ဗျာ" နေဇော်စကားကြောင့် ဖြူးက မျက်စောင်းကလေး ထိုးလိုက်သည်။ နေဇော်က ပြုံးပြလိုက်ပြီး ဆက်ပြော သည်။

"အင်း ... ဒီလိုနဲ့ သက္ကရာဇ် ၄၈-ခုနှစ်၊ တော်သလင်း သီတင်းကျွတ် လ ပတ်ဝန်းကျင်လောက်မှာ ပေါက်ကွဲပြီ။ ကနေစပြီး တွက်လာတဲ့ အလောင်းစည် သူမင်းကြီးရဲ့ ဖောင်စကြာကြီးက မိဖုရား ကြီးလေးယောက်၊ ကိုယ်လုပ်တော် မောင်းမပေါင်း ၁၂၀၀ ကျော်၊ မင်းညီ မင်းသား၊ မင်းနေဆွမင်းမျိုး၊ မှူးကြီး မှတ်ရာ သေနာပတိတွေခြံရံလို့ အခု ပခုက္ကူမြို့အနောက်ဘက် တပ်ရင်း (၈၇) အနီး ပေါက်အင်းဒေသကို ဆိုက်ရောက် လာခဲ့တယ်ဆိုပါတော့"

"အင်း"

"အလောင်းစည်သူမင်းကြီးရဲ့ ဖောင်တော်က ပေါက်အင်းဒေသကို ဆိုက်ရောက်တယ်ဆိုရင်ပဲ လူတွေဟာ ကမ်းပါးနဲ့အပြည့် ကြိုဆိုနေကြသတဲ့။ အဲဒီလို ကြိုဆိုနေတဲ့အထဲမှာ ရုပ်ရည် ရူပကာတင့်တယ်ပြီး ကိုယ်လုံးကိုယ် ပေါက် တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ ရေလုပ်သားတံငါ အမျိုးသားတစ်ယောက် ကို မင်းကြီးရဲ့ကိုယ်လုပ်တော် မစိမ့်ညို ဆိုတဲ့ မိဖုရားကလေးက မြင်တွေ့သွားပြီး သဘောကျနေမိသတဲ့"

"အင်း ... အဲဒီတော့"

"အဲဒီတော့ မစိမ့်ညို့က မာယာနဲ့ မြို့စွယ်လို့ ပြိတိတိလုပ်နေမှာ ပေါ့။ အလောင်းစည်သူမင်းကြီးကလည်း ကိုယ်လုပ်တော်တွေထဲမှာ မစိမ်းကညို့ ကို ..."

"မညို့ ... အညို့"နဲ့ အရေး ပေးပြီး အချစ်ဆုံးတဲ့။ ပြီးတော့ အဲဒီ အချိန်တုန်းက မစိမ့်ညို့က ကိုယ်ဝန်ကြီး နဲ့တဲ့လေ။ မစိမ့်ညို့ အဲဒီလို မာယာနဲ့ မြို့စွယ်လို့ ပြိတိတိလုပ်နေတာကို မင်းကြီးက မြင်သွားတော့ အမျက်တော် ရှသတဲ့။

"အဲဒါနဲ့ သတ်ပစ်လိုက်ရော လား"

"သတ်တော့ မပစ်ပါဘူး။ ကျွန်မဲ့တဲ့မိန်းမ လာစမ်းဟဲ့ဆိုပြီး ကြိမ်နဲ့ရိုက်ပြီး ဆုံးမတယ်တဲ့လေ"

"အင်း ... တော်သေးတာ ပေါ့။ ကိုယ်ဝန်ကြီးနဲ့ သတ်မပစ်လိုက် တာ"

"အင်း ... သတ်ပစ်တာ

www.burmeseclassic.com

www.burmeseclassic.com

ဘဲ့ မဟုတ်ပါဘူး။ ကြိမ်နဲ့ရိုက်ပြီး
ဆုံးမလိုက်တာ လက်လွန်သွားပြီး
မစိမ့်ညို့ သေသွားရရာရော"

"ဟယ် . . . ရက်စက်လိုက်
တာ။ သူက့ ၁၂၀၀ ကျော်ကြီးတောင်။
မစိမ့်ညို့လေးက့။ ဒါနဲ့ နေစမ်းပါဦး။
ကိုယ်သာ အလောင်းစည်သူမင်းကြီး
နေရာမှာဆို ဘယ်လိုလုပ်မှာလဲ"

"ထားပစ်ခဲ့မှာ"

"သြော် . . . သူတို့ကျ
လုပ်ချင်ရာလုပ်တယ်။ သူများကျတော့
ခွင့်လွှတ်ရကောင်းမှန်းမသိဘူး။
ယောကျ်ားတွေက. ဒီလိုချည်းပဲ"

"ဟား . . . ဟား။ One for
all လုပ်လို့တော့ ဘယ်ရမလဲ။ လေရှည်
တာလေး ရပ်ပေးဦး အမိ။ မိုးချုပ်နေပြီ။
သမိုင်းက ဒီနေ့မပြီးဘဲနေလိမ့်မယ်"

"ဟင်း . . . ဟင်း။ ဆက်
ဆက်။ မကျေနပ်သေးဘူး။ နောက်တော့
မှ ထပ်ရစ်ပြမယ်"

"မင်းကြီးလည်း မညို့စိမ့်
သူကြောင့် သေသွားရတော့ စိတ်ထိခိုက်

ကို သင့်လျော်တဲ့အခါ စားဖွယ်၊ သောက်
ဖွယ်၊ ပန်းမာန်သနပ်ခါးတွေ ပသရမယ်
လို့ အမိန့်ရှိတော်မူခဲ့သတဲ့"

"သြော်"

"ပြီးတော့ အလောင်းစည်သူ
မင်းကြီးက မှူးကြီးမတ်ရာ သေနာပတိ
တွေကို ဖောင်တော်ပေါ်က အစည်း
အဝေးဆောင်ထဲမှာ ခေါ်ပြီး သူ ဒေါသ
ရှေ့တားမိလို့ မှားခဲ့ကြောင်း ပြောသတဲ့။
နောက်တော့ သင့်တင့်တဲ့နေရာမှာ
အခမ်းအနားနဲ့ သင်္ဂြိုဟ်ပေးဖို့အတွက်
မစိမ့်ညိုအလောင်းကို ဖောင်တော်ပေါ်
တင်ပြီး ယူခဲ့ရမယ်လို့ မိန့်ကြားလိုက်
သတဲ့လေ"

"အင်း"

"ဒါနဲ့ ကိုယ် ဖြိုးကို ရွှေကူ
ဘုရားကို လိုက်မပို့ဖူးသေးဘူးနော်။ ဖြိုး
သိတော့သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကို။ ဖြိုး သိတယ်
လေ။ ကိုယ်နဲ့ပဲ အတူတူသွားပြီး မဖူးဖြစ်
သေးတာပါ။ ဖြိုးသူငယ်ချင်းတွေနဲ့
နှစ်ခေါက်လိုက်သွားပြီး ဖူးပြီးပြီ။ အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com

ယမနေသစ်သားနဲ့ ထွင်းထုထားတဲ့ ကမ္ဘာအုံချိုးဖွယ် နာမည်ကြီး တံကဲတော်ကြီးလည်း ရှိတယ်လေ ကို။ ဖြူးဖြင့် အဲဒီတံကဲတော်ကြီး ကြည့်ပြီး အံ့သြလို့ကို မဆုံးဘူး။ ဒါနဲ့ ကိုယ်က ဘာဖြစ်လို့မေးတာလဲ"

"အင်း ... ဟုတ်တယ် ဖြူး။ အဲဒီတံကဲတော်ကြီးက တကယ့်ကို အံ့သြစရာကောင်းသလို လက်ရာလည်း မြောက်တယ်။ အဲဒီအကြောင်းတွေ ရှင်းပြရအောင်အထိတော့ ဒီနေ့ အချိန် ရမှာမဟုတ်ဘူး။ နောက် ကြုံမှပဲ ရှင်းပြပေးမယ်နော်"

"ဟုတ်ကဲ့ ကို"

"ဖြူးကို သိလားလို့မေးတာက အလောင်းစည်သူမင်းကြီးလာတဲ့အချိန်တုန်းက အခု အဲဒီရွှေကူဘုရားအနီး အနားမှာ လှေလုပ်ရောင်းချပြီး အသက်မွေးဝမ်းကျောင်း ပြုနေကြတဲ့သူတွေ နေကြတဲ့ ရွာကလေးတစ်ရွာ ရှိသတဲ့လေ။ အဲဒီရွာကလေးအနီးမှာလည်း ကျယ်ဝန်းသာယာပြီး ညီညာပြန့်ပြူးတဲ့



မြေကွက်လပ်လေးရှိတယ်တဲ့။ အဲဒီအနားလေးမှာ မင်းကြီးက ဖောင်တော်ဆိုက်ကပ်စေပြီး မစိမ့်ညို့ရဲ့ ဝမ်းဗိုက်ကို ခွဲစေသတဲ့။ အဲဒီအချိန်မှာ ရုပ်ဆင်းသဏ္ဌာန် ကြွန်အင်လက္ခဏာနဲ့ ပြည့်စုံတဲ့ သားတော်လေးကို တွေ့ရတော့ မင်းကြီးခမျာ နှောင်တရပြီး ဝမ်းနည်းပူဆွေးနေသတဲ့လေ။ ပြီးတော့ အဲဒီရွာကလေးအနီးက ကျယ်ဝန်းသာယာညီညာပြန့်ပြူးတဲ့ မြေကွက်လပ်လေးမှာပဲ မစိမ့်ညို့ကို ဂူသွင်းသင်္ဂြိုဟ်ထားခဲ့သတဲ့"

"သြော်"

"နောက်တော့ မစိမ့်ညို့ရဲ့ ဝမ်းဗိုက်ထဲက တွေ့ရှိတဲ့က သားသူငယ် အလောင်းကိုလည်း အခု ရွှေကူဘုရား စေတီတော် အနောက်ဘက်မှာ ဂူတည်သွင်းနံတော်မူခဲ့တယ်။ ပြီးတော့ "ဤဂူကား သာမန်ပုဂ္ဂိုလ်၏ ဂူမဟုတ်၊ အရိမဒ္ဒနံ ပေါက်ကွဲပြည့်ရှင် အလောင်းစည်သူမင်းကြီး၏ ကိုယ်လုပ်တော် မိဖုရားမယ်စိမ့်ညို့၏ သားတော်ဂူဖြစ်သည်" လို့

www.burmeseclassic.com

www.burmeseclassic.com

အမှတ်အသားပြုထားတော်မူခဲ့သတဲ့လေ။ နောက်တော့ မင်းကြီးက ရှေ့ခရီးဆက်မကြွတော့ဘဲ အဲဒီနေရာကနေ ပေါက်ကွဲရွေနန်းတော်ကို ပြန်စုန်သွားသတဲ့"

"အင်း"

"အဲဒီအချိန်ကစပြီး အဲဒီအနီးရွာကလေးက သားထုတ်ဂူ၊ သားထုပ်ကူရွာဆိုပြီး တွင်သွားသတဲ့။ နောက်တော့ အချိန်ကာလာ ကြာလာတာနဲ့အမျှ အသံထွက်အမျိုးမျိုးနဲ့ အဆင့်ဆင့်ပြောင်းလဲလာပြီး သထုပ်ဂူ၊ ပထုတ်ဂူ၊ ပခုက္ကူ ရွာဆိုပြီး ခေါ်လာကြတာတဲ့လေ။ အဲဒီပခုက္ကူဆိုတဲ့ ရွာကြီးကနေပြီး ခရစ်နှစ် ၁၈၀၇ ခုနှစ်မှာ "ပခုက္ကူမြို့"လို့ မြို့ပြနာဂရအဖြစ် သတ်မှတ်ခံခဲ့ရတယ်"

"ဩော် ... အဲဒီလိုကိုး"

ဖြိုးက ပါးလေးနှစ်ဖက်ကို ဖောင်းလျက် ခေါင်းလေး တဆတ်ဆတ် လုပ်နေလေသည်။

"ဟူး ... အဲဒီလိုကိုး လာလုပ်နေတယ်။ ကျွန်တော်တော့ မောသွားတာပဲဗျာ"

"ဒါနဲ့ ကိုယ်ကရော အဲဒါတွေ ဘယ်လိုလုပ်သိတာလဲ"

"ဟုတ်ကဲ့ ... အရှင်ကလော သ (ဓမ္မာစရိယ၊ ဂဏ္ဌဝါစက) B.A (Hons) ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ) စုဆောင်းရေးသားထားတဲ့ ရွှေကူမြတ်စွာဘုရားကြီးသမိုင်းကို ဝယ်ဖတ်ထားလို့ သိပါသတဲ့ခင်ဗျာ"

"ဩော် ... ဒါဖြင့် ဖြိုးလည်း ဝယ်ဖတ်ချင်တယ်။ အခုလိုက်ပို့ပေး"

"အမလေး ဖြိုးရယ်။ ဒီမှာ အချိန်လည်းကြည့်လိုက်ပါဦး။ ၇ နာရီ ထိုးနေပြီလေ။ ဖြိုး အဆောင်ပြန်ဝင်လို့ မရ ဖြစ်နေလိမ့်မယ်။ နောက်နေ့မှ သွားရအောင်နော်"

"အင်း ... ဟုတ်ကဲ့ ကို။ ဒါဆို နောက်တစ်ပတ် တနင်္ဂနွေကျရင် သီဟိုဠ်ရှင်ဘုရားကိုလည်း ထပ်ပြီး သွားဖူးကြရအောင်နော် ကို"

"အင်း ... သွားမယ်လေ ဖြိုး"

"အဲဒီတော့ကျ သီဟိုဠ်ရှင်ဘုရားသမိုင်းကိုလည်း ပြောပြပေးဦးနော် ကို"

"အင်း ... ပြောပြပေးမှာပေါ့ ချစ်ရဲ့"

"အင်း ... ဒါဖြင့် ပြန်ရအောင်လေ ကို။ ဖြိုးကို ပြန်ပို့ပေးတော့"

"အင်း ... အင်း။ ဆိုင်ကယ်ပေါ်တက်တော့လေ ဖြိုးရဲ့"

ရွှေမုဋ္ဌောဘုရား၏ မြောက်ဘက်ဆီတွင်ရှိသော မြို့မလမ်းဘက်ဆီသို့ နေဇော်က ဆိုင်ကယ်ကို မောင်းထွက်လိုက်သည်။ ဖြိုးသည်လည်း နေဇော်၏ခါးကို သိုင်းဖက်ထားလျက် လိုက်ပါသွားတော့၏။

မောင်စနေ

www.burmeseclassic.com

www.burmeseclassic.com

အယ်ကူမား

Dနေ့သာစ်

လက်ပံပင်ကြီး

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

မြို့နှင့် အလှမ်းကွာသော်လည်း စည်ကားသော ရွာကြီးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အများဆုံး လုပ်ကိုင်ကြသည်။ ကိုယ်ပိုင် နွားမွေးမြူရေးနှင့် ရာသီပေါ်စိုက်ခင်းများလည်း လုပ်ကိုင်ကြသည်။ တစ်ရွာလုံးနီးပါး စီးပွားရေးဘက်တွင် အဆင်ပြေကြသော်လည်း အတန်းပညာဘက်တွင် အလွန်အားနည်းကြသည်။ မူလတန်းတက်ရဖို့ပင် လက်ပံပင်ရွာနှင့် သုံးရွာခြားသည့် ဇီးကုန်းရွာသို့ သွားတက်ရသည်။

ထို့ကြောင့်လည်း ရွာရှိ ဘုန်းကြီးကျောင်းတွင်သာ ရေးတတ်၊ ဖတ်တတ်ရုံ သင်ကြားပြီး အတန်းပညာ ရေးကျောင်းသို့ သွားမတက်ကြတော့ချေ။ ဘုန်းကြီးကျောင်းတွင်လည်း ကျောင်းထိုင်ဘုန်းကြီးတစ်ပါး၊ စာချဆရာတော် တစ်ပါးနှင့် ကိုရင်နှစ်ပါးသာ ရှိသည်။ ကရင်လူမျိုး အများစုနေထိုင်ကြသော်လည်း ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ မနက် အရဏ်လင်းသည်နှင့် ဦးဘမိုးသည် နွားအုပ်များအား စားကျက် သို့ မောင်းလာခဲ့လေသည်။ နွားဆယ့်ငါး ကောင် ကျော်ရသည်မှာ အတော်ပင် မလွယ်လှချေ။ ဇနီးဖြစ်သူ လှရီနှင့် သမီးဖြစ်သူ နှင်းနှကို အိမ်မှုကိစ္စသာ လုပ်ခိုင်းသည်။ ဇနီးဖြစ်သူ ထည့်ပေး လိုက်သော ထမင်းထုပ်အား အစာပြေ အဖြစ် တစ်ဝက်စားလိုက်ကာ ကျန်တစ်ဝက်အား သေချာ ပြန်လည် ထုပ်ထား လိုက်သည်။

အသားဖြူဖြူ။ အရပ်အမောင်း ကောင်းလှသည့် ဦးဘမိုးသည် ရုပ်ကရင် ကပြားတစ်ယောက် ဖြစ်သည်။ ဦးဘမိုး သည် လက်ပံပင်ရွာတွင် ခေတ္တအလည် လာရင်း ဒေါ်လှရီနှင့် တွေ့ဆုံခဲ့ခြင်းဖြစ် သည်။ ယခုဆိုလျှင် သမီးဖြစ်သူ နှင်းနှ ပင် အသက်နှစ်ဆယ်ဝန်းကျင် ဖြစ်နေ တော့သည်။ သမီးဖြစ်သူ နှင်းနှ၏ ဝါဝင်း စိုပြေသော အသားအရေနှင့် လိုက်ဖက် သည့် နက်မှောင်ဖြောင့်စင်းနေသည့် ဆံပင်ရှည်ကြီးကိုလည်း ပိုင်ဆိုင်ထား သည်။ တစ်ဦးတည်းသော သမီးဖြစ်သော မိဘအပေါ် သိတတ်လိမ္မာသောကြောင့် အချစ်ပိုကြရသည်။ ရုပ်ဆင်း ချောမော လှပသော နှင်းနှလေးအား အိမ်တွင်သာ နေစေပြီး အပြင်သို့ တစ်ယောက်တည်း ပေးမထွက်ကြချေ။

ဦးဘမိုးသည် လယ်ကွင်း များစွာ ပိုင်ထားသော်လည်း ကိုယ်တိုင် လုပ်ကိုင်ခြင်း မရှိချေ။ သီးစားချထား လိုက်သည်။ နွားအုပ်များအား ဦးဘမိုး ကိုယ်တိုင် ကျောင်းနေသည်။ နွား ကျောင်းသား တွဲ၍ ခိုင်းဖူးသော်လည်း စိတ်တိုင်းမကျသောကြောင့် ကိုယ်တိုင် ထွက်ကျောင်းနေခြင်းဖြစ်သည်။

"ဟဲ့ ... ဟိုနွား။ ဘယ်ကို သွားပြန်တာလဲ။ ဖြန်း ... ဝုန်း ... ဝုန်း"

ကြိမ်လုံးတစ်ချောင်းဖြင့် ခြောက်လှန့်မောင်းနှင်ကာ နွားအုပ်အား နွားခြံအတွင်းသို့ ဦးဘမိုး မောင်းထည့် နေပါသည်။

"ဖေကြီး ... မောလာပြီလား။ ဒီမှာ ရေအေးအေးဆေး သောက်လုပ်ဗျ

www.burmeseclassic.com

www.burmeseclassic.com

ပါဦး"

သမီးဖြစ်သူ ခရီးဦးကြိုပြုကာ ရေအေးတစ်ခွက် ကမ်းပေးလိုက်သည် နှင့် တစ်ကျိုက်တည်း မော့သောက်လိုက်သည်။

"အခုမှပဲ အမောပြေတော့တယ်။ နေကလည်း တစ်နေကုန်ပူတာ အရမ်းပဲ"

"ဒါကြောင့် နွားကျောင်းဖို့ လူငှားဖို့ ပြောနေတာပေါ့။ ဖေကြီးက စိတ်တိုင်းမကျဖြစ်နေတာကို"

"အေးပါ သမီးရေ။ အဖေ ရေချိုးဦးမယ်။ ဒါနဲ့ ညည်းအမေ မတွေ့ပါလား။ ဘယ်သွားနေတာလဲ"

"ညနေမစောင်းခင်ကတည်းက အရီးမြတို့ဆီသွားတာ။ အခုထိ ပြန်မလာသေးဘူး"

"ဒါဆို ရေချိုးပြီးသွားလိုက်ဦးမယ်။ သမီး အိမ်တံခါးတွေ သေချာပိတ်ပြီး အိပ်နှင့်ချေ"

အရီးမြအိမ်သို့ ဦးဘမိုး ထွက်လာခဲ့သည်။ ထိုအိမ်ရှေ့တွင် လူများစုပြုံစွာ ရောက်ရှိနေကြသည်။ ဒီရွာ၏ဓလေ့တစ်ခုလို ဖြစ်နေသောကြောင့်ဖြစ်သည်။ ညှဉ့်သည်တစ်ယောက် ရောက်ရှိလာသည်နှင့် ထိုအိမ်တွင် လူစည်ကားတော့သည်။ ဆရာဆိုလျှင် ပို၍ အားကိုးတကြီး ဆည်းကပ်ကြလေသည်။

"ဒီရွာကို ဆရာလာခဲ့ရတဲ့ အကြောင်းကတော့ ဒီရွာကလူတွေကို အကူအညီပေးဖို့ပဲ။ ကျန်းမာရေးမကောင်းတာ၊ စီးပွားရေးအဆင်မပြေတာကအစ ကူညီပေးနိုင်တယ်။ ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်ဖို့လိုတယ်။ ဆရာကြီးနာမည်လည်း မှတ်ထားကြ။ စေတလုံး ဆရာညီ လို့ ခေါ်တယ်"

စေတလုံး ဆရာညီသည် နာမည်နှင့်လိုက်အောင် အသားအရေညိုမဲလွန်းသူဖြစ်သည်။ ကွမ်းချေးတက်နေသည့် သွားမည်းမည်းကြီးများသည်လည်း ကြည့်ရဆိုးလှသည်။ အရပ်ပုပျက်ပျက်နှင့် နဖူးမောက်၍ ထိပ်ပြောင်သေးသည်။ စကားပြောရာတွင်လည်း ဟောင်ဖွာဟောင်ဖွာ ပြောဆိုသည်။

အာကျယ်မသန်း၏ သတင်းစကားကြောင့် ဒေါ်ပုမ သောက်လက်စ ဆေးလိပ်ကို ဘေးချလိုက်ကာ . . .

"အာကျယ်မ ညည်းက ဒီတစ်ခုပဲ သိကာလား။ ဒေါ်ငွေစိန်မြေးမလေး ညဘက်တွေ တအားငိုတာ ဆရာက ခေါင်းကို တစ်ချက်ပဲသပ်ပေးလိုက်တာ အခုဆို ကလေးက မငိုတော့ဘူးအေ့"

ရွာထဲရှိလူများ၏ တစ်ယောက်တစ်ခွန်း စကားများနှင့် စေတလုံးဆရာ

www.burmeseclassic.com

www.burmeseclassic.com

ညို နာမည်ကြီးနေတော့သည်။

တစ်ခုသော ညနေခင်းတွင်-

"အား ... အီး ... ဟီးဟီး။ အမေ ... အမေ။ အဟင့် ... ဟင့် ဟင့်"

အခန်းထဲမှ သမီးနှင်းနု ငိုသံကြောင့် ဒေါ်လှရီ အပြေးရောက်လာတော့သည်။

"သမီးနှင်းနု ဘာဖြစ်တာလဲ။ တစ်ကိုယ်လုံးလည်း ချွေးတွေ ရွဲလို့ပါလား"

"အမေ ... သမီး ဗိုက်အရမ်းအောင့်တယ်။ မခံနိုင်တော့ဘူး။ အဟင့် အဟင့်"

"နင့်အဖေကလည်း ခုထိ ပြန်မရောက်သေးဘူး။ သမီး ခဏနေခဲ့ဦး။ အမေ ဆရာကြီးကို သွားပင့်လိုက်ဦးမယ်"

ဒေါ်လှရီတစ်ယောက် အပြေးတစ်ပိုင်းနှင့် သွားကာ ဆရာကြီးအား အိမ်သို့ ပင့်ခဲ့တော့သည်။

"ဆရာ ... ကျွန်မသမီးကို ကုပေးပါ။ အားကိုးပါတယ် ဆရာကြီးရယ်"

အိပ်ရာထက်တွင် လူးလိမ့် ကာ ဗိုက်အောင့်နေသည့် သမီးနှင်းနု အား ဆရာဦးညီမှ ဆေးတစ်ခွက်တိုက် လိုက်ပေသည်။ မကြာမီ နှင်းနုတစ် ယောက် အိပ်ပျော်သွားလေသည်။ ဒေါ်လှရီတစ်ယောက် ဆရာကြီးအား ကျေးဇူးတင်မဆုံး ဖြစ်နေတော့သည်။ ထိုအချိန်တွင် ခင်ပွန်းဖြစ်သူ ဦးဘမိုး လည်း နွားအုပ်သွင်းကာ ပြန်လာသည်။

အိမ်ရှေ့တွင် အခန့်သားထိုင် နေသည့် ဆရာကြီးဆိုသူအား မြင်လိုက် သည်နှင့် ဦးဘမိုးစိတ်ထဲ ထင့်ခနဲ ဖြစ်သွားလေတော့သည်။

"ကိုဘမိုး ပြန်ရောက်ပြီလား။ ဒီမှာလေ ရှင့်သမီး ဗိုက်အရမ်းအောင့်ပြီး အော်နေရလို့ ဆရာကြီးကိုယ်တိုင် ဆေးလာကုပေးတာ"

ဒေါ်လှရီ ရှင်းပြနေသော်လည်း ဦးဘမိုးစိတ်ထဲတွင် သိပ်ပြီး ဘဝင်မကျ ချေ။ ညမိုးချုပ်နေသော် ဆရာကြီးက မပြန်ဘဲ အိမ်တွင် ထိုင်နေဆဲဖြစ်သည်။

"ဆရာကြီး အိမ်ပြန်ဖို့ ကျွန်တော် လိုက်ပို့ပေးမယ်"

"ငါ ဒီမှာ ညအိပ်မယ်။ မပြန် ဘူး။ မင်းသမီးက စိတ်မချရဘူး။ ဒါကြောင့် ငါ စောင့်ကြည့်ပေးမယ်"

"ဆရာကြီး စောင့်ကြည့်ပေး တော့ ပိုကောင်းတာပေါ့။ တော်ကြာ အချိန်မရှိမှ ဗိုက်ထအောင့်ရင် ကျွန်မတို့ ဘာမှမလုပ်တတ်ဘူး။ ကျေးဇူးပါ ဆရာကြီးရယ်"

ဇနီးဖြစ်သူစကားကြောင့် ဦးဘမိုး မျက်နှာပျက်သွားသည်ကို စေတလုံးဆရာညို မြင်လိုက်သည်။ ဆရာညို၏ မျက်နှာတွင် အမျိုးအမည် မသိသည့် အရိပ်အယောင်များ ဖြတ်ပြေး သွားသည်။

ဆေးတစ်ခွက်သောက်ကာ အိပ်ပျော်သွားသည့် နှင်းနုသည် ရုတ်တရက် လန့်နိုးသွားသည်။ သူအား ငုံ့ကြည့်နေသည့် မျက်နှာတစ်ခုအား မြင်လိုက်သည်နှင့် ...

www.burmeseclassic.com

www.burmeseclassic.com

"အမလေး" နှင်းနအော်သံ ကြားလိုက်သည်နှင့် ဦးဘမိုး နံဘေးမှ ဓားကိုဆွဲကာ သမီးဖြစ်သူအခန်းသို့ ပြေးဝင်လိုက်သည်။ အခန်းထဲတွင် ခွေခွေလေးလဲနေသည့် နှင်းနအား တွေ့လိုက်ရသည်။

"သမီး ... သမီး ... နှင်းန ... နှင်းန။ ဘာဖြစ်တာလဲ" ဒေါ်လှရီသည် အိမ်ရှေ့တွင် အိပ်နေသော ဆရာကြီးအား လှမ်းနှိုး မည်အလုပ် ...

"ဟေး ... အိမ်ထဲက ဆူညံဆူညံနဲ့ ဘာဖြစ်တာလဲ"

"ဆရာကြီး အခန်းထဲ ကြွလာပေးပါဦး။ သမီးလေး ဘာဖြစ်သွားတာလဲမသိဘူး"

ဆရာကြီးသည် အိပ်ခန်းထဲတွင် သတိလစ်နေသော နှင်းနအား ဒီဆေးကိုသာ ဝင်အောင်တိုက်ထား" ဦးဘမိုးနှင့် ဒေါ်လှရီလည်း သတိလစ်နေသည့် နှင်းန၏ ပါးစပ်ကို ဖြကာ ဆေးကို ဝင်အောင်တိုက်လိုက်လေသည်။ ဆေးဝင်ပြီးမကြာခင် နှင်းန သတိရလာတော့သည်။

"သမီး သတိရလာပြီလား။ ဘယ်လိုဖြစ်တာလဲ"

"သမီး ဘာဖြစ်လို့လဲ ဖေကြီး" နှင်းနပြန်မေးတော့ ဦးဘမိုးနှင့် ဒေါ်လှရီ အံ့သြနေတော့သည်။

"အော် ... အီးအီး ... အွတ်"

လင်းကြက်တွန်သံကြားသည် အထိ ဦးဘမိုး အိပ်မပျော်နိုင်သေးချေ။ စိတ်ထဲလေးနေ၍ ဘုရားစာပုံများ ရွတ်နေမိသည်။ နံဘေးမှ ဇနီးသည်ကတော့ အပူပင်ကင်းကင်း အိပ်ပျော်နေသည်။ ညဦးပိုင်း သမီးဖြစ်သူ တစ်ခုခုကို ရင်ဆိုင်တွေ့ရသည်ကို သိနေခဲ့သော်လည်း အဖြေရှာမရသည့် အပြင် ပြောင်းလဲသွားသည့် သမီးအမူအရာ ကြောင့် စိတ်ထဲ စနိုးစနောက် ဖြစ်နေသည်။

မနက်လင်းသည်နှင့် စေတလုံး ဆရာညီအား အိမ်ပြန်ခိုင်းရန် ပြောရပေမည်။

"ကိုဘမိုး ... တော် နွားသွားမကျောင်းဘူးလား"

"အေး ... ခွေးပုတ်ညီအစ်ကို နှစ်ယောက်ကို သွားခေါ်ပြီး ကျောင်းခိုင်းလိုက်"

ဦးဘမိုး အသံပြတ်ဖြင့် ပြောကာ ဆရာဦးညို ထိုင်နေသည့်နေရာသို့ သွားလေသည်။

"ဆရာကြီး အဆာပြေစားပြီးပြီလား"

"အေး ... မင်းမိန်းမ အစောကြီးက ခူးခပ်ကျွေးတယ်"

"ဒါဆို နေမပူခင် အိမ်ပြန်ပို့ပေးမယ်။ နေ့လယ်ခင်းဆို နေကအတော်ပူတယ်"

"အေးပါလေ ... ဒါဆို ပြန်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဦးဘမိုး အတော်လေး စိတ်ချမ်းသာသွားသည်။ စေတလုံးဆရာညို့အား လိုက်ပို့ပေးပြီး အိမ်အပြန်လမ်းတွင် ...

"ဦးလေးဘမိုး ... ဦးလေးဘမိုး"

အမောတကော သူနာမည်ခေါ်ကာ ပြေးလာသော ခွေးပုအား တွေ့လိုက်သည်။

"ဘာဖြစ်လာတာလဲ ခွေးပု။ မင်း နွားသွားမကျောင်းဘူးလား"

"အရီးလေး အခေါ်လွှတ်လိုက်လို့။ မကြီးနှင်းနဲ့ ဗိုက်အောင့်လို့ လူးလိမ့်နေတာ မြင်မကောင်းဘူး။ ဆရာကြီးကိုပါ ပြန်ပင့်ခဲ့ဖို့ မှာလိုက်တယ်"

"ဟာ"

ဦးဘမိုး အိမ်သို့ ခြေလှမ်းကျဲဖြင့် ပြန်ခဲ့သည်။ မြို့ဆေးရုံသို့ တင်ရန် ဆုံးဖြတ်လိုက်သည့်အတွက် ဆရာညို့အား သွားမခေါ်ခဲ့ချေ။

"ကိုဘမိုး ... ဆရာကြီးရော။ တော် ... ပြန်မပင့်ခဲ့ဘူးလား။ ဒီမှာကြည့်ပါဦး ရှင့်သမီးကို"

အိပ်ရာထပ်တွင် လူးလိမ့်အော်ဟစ်နေသည့် သမီးနှင်းနှကို ကြည့်ကာ ဦးဘမိုး မျက်ရည်များ ကျလာတော့သည်။

"ဆရာကြီး သွားပြန်ပင့်မရမယ်။ သူ့ဆေးတစ်ခွက် သောက်လိုက်တာနဲ့ တော်သမီး သက်သာသွားတာ။ အခု ဘာလို့ ဆရာကြီးကို ပြန်မပင့်လာရတာလဲ"

ဇနီး၏ အပြစ်တင်စကားများနှင့် သမီးဖြစ်သူ ခံစားနေရသော ဝေဒနာများကြောင့် နှောက်တစ်ကြိမ် စေတလုံးဆရာကြီးထံ ပြေးခဲ့လေတော့သည်။ မြို့ဆေးရုံ ပို့ချင်သော်လည်း ခရီးအလှမ်းကွာလွန်းသဖြင့် လောလောဆယ် သက်သာစေရန် အားကိုးရတော့သည်။

"ကလေးမလေးကို အရှင်းပျောက်ကင်းအောင် ငါကုပေးမယ်။ ငါ့ကို မယုံမကြည်ဖြစ်နေတဲ့သူတွေ ရှိနေတယ်။ စေတလုံးဆရာညို့ရဲ့ အစွမ်းအစကို အခုပြရမယ်။ ရော့ ... ဒီဆေးကို တိုက်လိုက်။ ချက်ချင်း ကောင်းစေရမယ်"

ဆရာညို့ပေးသော ဆေးအား တိုက်လိုက်သည်နှင့် လူးလိမ့်နေသည့် နှင်းနှတစ်ယောက် မိနစ်ပိုင်းအတွင်း ဘာမှမဖြစ်သလို ထထိုင်နိုင်ခဲ့သည်။ အနီးပတ်ဝန်းကျင်မှ လူများလည်း ရောက်ရှိနေသောကြောင့် ဆရာညို့အစွမ်းသတင်းကြီးလေတော့သည်။

မကြာမီရက်ပိုင်း အပြောင်းအလဲကြီးတစ်ခု ဖြစ်လာတော့သည်။ ထိုသည်ကား ...

"အမေ ... သမီး ဆရာညို့နဲ့ မခွဲနိုင်ဘူး။ ဆရာညို့နဲ့ လိုက်သွားတော့မယ်"

"ဘာပြောတယ် နှင်းနှ။ နင့်အဖေသာ ဒီစကားကြားရင် နှစ်ယောက်စလုံးကို သတ်လိမ့်မယ်။ ကိုယ့်အဖေထက်တောင် အသက်ကြီးတဲ့သူကို။ ပြီးတော့ ဟိုက နယ်တကာလူသိဆေးကုတဲ့ ဆရာ။ အခုက ဒီမှာနေတာလည်းမဟုတ်ဘူး"

"အို ... ဒါတွေ ကျွပ်မသိ

www.burmeseclassic.com

www.burmeseclassic.com

ဘူး ဆရာညီနဲ့မှ မလိုက်ရရင် ကိုယ့်ကိုယ်ကို သတ်သေပစ်မယ်"

"ဘာ"

သားအမိနှစ်ယောက် ပြောနေသည့် စကားများအား နောက်တွင် ရောက်လာသည့် ဦးဘမိုး ကြားသွားခြင်း ဖြစ်သည်။

"နှင်းနု ... နင် ဘာပြောတာလဲ။ ငါ့ကို နောက်တစ်ခေါက်ပြန်ပြောစမ်း"

"ထပ်ပြောလည်း ဒီစကားပဲ။ ဆရာညီနောက်ကို လိုက်မယ်။ သူ့ကို ယူမလို့"

ဦးဘမိုး အသားများ တဆတ်ဆတ်တုန်လာပါတော့သည်။ မိဘအပေါ် သိတတ်သည့်အပြင် လိမ္မာယဉ်ကျေးသော သမီးနှင်းနု၏ ပါးစပ်မှ ရင့်သီးလွန်းသော စကားများ ကြားလိုက်ရသည်နှင့် ဦးဘမိုး စိတ်မထိန်းတော့ဘဲ နှင်းနု လိုက်သောကြောင့် နှင်းနု ဖင်ထိုင်ရပ် နှင့် ...

ပစ်ကျသွားသည်။ ဖခင်ဖြစ်သူအား စူးစူး စိုက်စိုက်ကြည့်ကာ အပြင်သို့ ပြေးထွက် ရော့ ... ဒီရေလေးပါသောက်" သည်။

"သမီး ... သမီး။ အဲဒါ ဘယ်သွားမှာလဲ။ သမီး အမေ မေးနေတယ်လေ"

နောက်မှ ပြေးလိုက်ကာ မေးနေသည့် မိခင်အား တစ်ချက်မှ စောင်းငဲ့မကြည့်ဘဲ နှင်းနုတစ်ယောက် ပြေးထွက်သွားတော့သည်။ သူမ ဦးတည် ပြေးသွားသည့် နေရာကတော့ စေတလုံး ဆရာညီနေသည့် အိမ်သို့ဖြစ်သည်။

"ဟဲ့ ... အမောတကောနဲ့ ဘာတွေဖြစ်လာတာလဲ နှင်းနု"

အရီးမြ မေးလိုက်လေသည်။

"အရီးမြ ဆရာကြီး အိမ်ပေါ်မှာ ရှိတယ်မလား"

"အေး ... ရှိတယ်လေ။ လူနာတွေ ကုပေးနေတယ်။ လာ ... အိမ်ပေါ်တက်"

နှင်းနု အိမ်ပေါ်ရောက်သည် နှင့် ... "ဒီရော့တိုးလာခဲ့ နှင်းနုလေး။ စေတလုံးဆရာညီ လုမ်းခေါ် သောက်ချလိုက်သည်။ ရသောက်ပြီးချိန် တွင် နှင်းနု၏ စိတ်တွေအကုန်လုံး ဆရာညီ့ဆီသာ ရောက်နေတော့သည်။ ဆေးလာရောက်ကုသနေသည့် လူနာများရှေ့တွင် ...

"ဆရာညီ့ ... ကျွန်မ အိမ်ပေါ်ကနေ အပြီးဆင်းလာတာ။ ဆရာညီ့ ကျွန်မကို လက်ထပ်ယူပါနော်။ ဆရာညီ့ကို ကျွန်မ ချစ်လည်းချစ်တယ်၊ မခွဲနိုင်လို့ပါ"

ငယ်ရွယ်နုနယ်သည့် မိန်းမပျို လေးပါးစပ်မှ ထွက်ကျလာသော စကားများကြောင့် ဆေးလာကုသူများနှင့် လူနာရှင်များပါ ပါးစပ်အဟောင်းသားဖြင့် အံ့သြနေကြလေသည်။ ဆရာညီကတော့ အေးဆေးစွာဖြင့် ...

"ကလေးမ ... ညည်းက

www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းကို လက်ထပ်ယူနိုင်းပေမယ့် ညည်းမိဘတွေ ဘယ်သဘောတူပါ့မလဲ"

"အို ... သူတို့ သဘော တူတူ၊ မတူတူ ကျွန်မကတော့ ဆရာညီ နဲ့ပဲနေမယ်"

ထိုအချိန်မှာပင် ဦးဘမိုးနှင့် ဒေါ်လှရီ ရောက်လာခဲ့သည်။

"နင်းနု ဘာတွေပြောနေတာ လဲ။ လူတွေအများကြီးရှေ့မှာ မရှက်ဘူး လား။ အခုထလာခဲ့။ အဲမနဲ့အတူ ပြန်ကြမယ်"

"မလိုက်နိုင်ဘူးတော်။ ကျွပ် ပြောပြီးပြီနော်။ ဆရာညီနဲ့သာ မငဲပါင်း ဖက်ရရင် အဆိပ်သောက်သေမယ်"

မိခင်အား အော်ကြီးဟစ်ကျယ် ရန်တွေ့ ပြောဆိုနေသည်။ ဦးဘမိုးတစ် ယောက် ရုက်စိတ်များဖြင့် မှန်ထူလာ သည်။ အံတင်းကို တင်းတင်းကျိတ် ကာ ...

"လှရီ ပြန်မယ်။ အဲခွေးမကို ထားခဲ့"

"နေပါဦး ကိုဘမိုးရယ်။ သမီး လေးကို ပြန်ခေါ်ခဲ့ပါရစေဦး"

"နင့်ကို ငါ ဘာပြောနေလဲ။ ထားခဲ့လို့ ပြောတယ်မလား"

ဦးဘမိုး ဒေါသတကြီး အော် လိုက်သည့်အသံကြောင့် ဒေါ်လှရီ ထပြန်လာခဲ့ရတော့သည်။ အိမ်ပြန် ရောက်သည်နှင့် နံရံတွင် ထိုးထားသည့် ဓားကို ဦးဘမိုး ဆွဲထုတ်လိုက်လေသည်။

"ကိုဘမိုး တော် ဘာလုပ်မလို့ လဲ။ မဟုတ်တာတွေ မလုပ်နဲ့"

"နင့်ပါးစပ်ပိတ်ပြီး အိမ်မှာ နေခဲ့။ ငါ ဟိုစေတလုံးဆိုတဲ့ အကောင် ကို သွားသတ်မလို့။ သင်းကြောင့်သာ ငှါသမီး ဒီလိုဖြစ်သွားရတယ်"

"တော် ... မဟုတ်ဘာတွေ လျှောက်ပြောမနေနဲ့။ အခုက တော့်သမီး က ဖြစ်နေတာလေ"

"နင် ဘာမှမသိဘဲ မပြောနဲ့ လှရီ။ ဒီကိစ္စကို ငါ မသက်ဘူး။ နင် အိမ်မှာနေခဲ့။ နင်လိုက်လာရင် နင့်ပါ သတ်မယ်"

ခင်ပွန်းသည်ကို တားမရသည့် အဆုံး ဒေါ်လှရီ ထိုင်၍ ငိုနေပါတော့ သည်။

"ဟော ... စေတလုံးဆရာညီ ထွက်ခဲ့။ ငှါသမီးကို ပြောယောင်းတာ ငါမသိဘူးထင်လား။ မင်းကို ငါ သတ်မယ်ကွ"

"ဟဲ့ ... ဘယ်လိုဖြစ်ရတာ လဲ ဘမိုးရယ်။ ဒေါသတွေ လျှော့စမ်း။ ငါပြောတာ နားထောင်ဦး"

"ဒေါ်ဒေါ်မြ ... ဝင်မပါနဲ့ဗျာ။ ကျွပ်သမီးကို ဒီလို အိုကြီးအိုမနဲ့ မပေး စားနိုင်ဘူး"

"ကျွပ်ဘာသာကျွပ် အိုကြီး အိုမကိုကြိုက်တာ အဖေအပူလား"

အိမ်ပေါ်ကနေ ဆရာညီနှင့် အတူ ဆင်းလာကာ ဖခင်အား ရန်တွေ့ လိုက်လေသည်။ ဖခင်တစ်ယောက်၏ စေတနာ၊ မေတ္တာအား သမီးဖြစ်သူ နားမလည်နိုင်တော့ချေ။

"အဖေ မကျေနပ်ရင် ကျွပ်ကို သတ်လိုက်။ ဆရာညီကိုတော့ လာမထိ နဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဦးဘမိုး အံကို တင်းတင်း ကြိတ်ရင်း မာဖြင့် ပြေးခုတ်လိုက်ပါသော်လည်း ပတ်ဝန်းကျင်မှလူများ ဆွဲထားလိုက်သောကြောင့် မခုတ်မိလိုက်ချေ။ လက်ထဲမှ မားလည်း မည်သူယူသိမ်းလိုက်မှန်းလည်း မသိတော့ချေ။

သူ့အား ဆွဲထားသည့်သူများအား တွန်းထုတ်ကာ စေတလုံးဆရာညီအား လက်သီးဖြင့် ဆင့်ကာဆင့်ကာ ထိုးချလိုက်လေတော့သည်။

ဦးဘမိုးတစ်ယောက် ဒေါသများဖြင့် မွန်ထူနေသောကြောင့် မျက်လုံးထဲ ဘာမှမမြင်ရတောကချေ။

"တုတ် . . . ခွက်" ခနဲ မြည်သံနှင့်အတူ ဦးဘမိုး လဲကျသွားသည်။

လက်ထဲတွင် တုတ်တစ် ချောင်းနှင့် နှင်းနှင့်ငူငူကြီးရပ်နေပါသည်။

"ဟဲ့ . . . နှင်းနှ။ ဘယ်လို လုပ်လိုက်တာလဲ ဖအေကို။ အမလေး သေပြီလားမသိဘူး။ ဟဲ့ . . . ဘမိုး ဘမိုး။ လုပ်ပါဦး ဆရာညီရယ်။ ဘမိုးကို အပြစ်မယူဘဲ ဆေးကုပေးပါဦး"

အရီးမြ တောင်းတောင်းပန်ပန် ပြောသောကြောင့် ဆရာညီ ခေါင်းညိတ်လက်ခံလိုက်သည်။ ဦးဘမိုးခေါင်းအား ဆေးထည့်ကာ ပတ်တီးစည်းပေးလိုက်သည်။ ဆေးတစ်လုံး ပါးစပ်ထဲ ထည့်ပေးလိုက်သည်။ ဦးဘမိုးကတော့ သတိမရသေးချေ။

"စိတ်မပူနဲ့။ ခေါင်းက နည်းနည်းပဲကွဲသွားတာ။ ကျွေပ် ဆေးထည့်ပေးထားတယ်။ သူ့ကို အိမ်သာ ထမ်းပို့လိုက်ကြတော့"

ဆရာညီ စကားအတိုင်း ဦးဘမိုးအား ရွာသားနှစ်ယောက်မှ စောင်ပုခက်ဖြင့် ထမ်းကာ လိုက်ပို့ကြလေသည်။ အထမ်းဖြင့် သယ်လာသည်ကို ဒေါ်လှရီ မြင်လိုက်သည်နှင့် . . .

"ဘယ်လိုတွေဖြစ်လာတာလဲ ကိုဘမိုး။ ဟဲ့ . . . ငါ့ယောကျ်ားသေပြီ လား"

"ဟာ . . . ဒေါ်လှရီကလည်း မသေပါဘူး။ သတိလစ်နေတာ" လို့ပြောသံကြားသိရသည့် ရွာသားနှစ်ဦးမှ ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။

ဆရာညီ့ရော ဘာဖြစ်သွားသေးလဲ"

"မျက်နှာဖူးသွားတယ်။ လက်သီးနဲ့ ဦးဘမိုး ထိုးခဲ့တာ"

"အေး . . . အေး။ ဆရာညီ့ကို ပြောလိုက်ကြပါဦး။ တောင်းပန်တဲ့အကြောင်း။ ငါကိုယ်တိုင်လည်း လာတောင်းပန်ပါ့မယ်လို့"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ ပြောလိုက်မယ်။ ပြန်ပြီ ဒေါ်လှရီ"

ထိုကိစ္စများဖြစ်ပြီး နှစ်ရက်အကြာတွင် ဦးဘမိုးတစ်ယောက် အိမ်ပေါ်တွင် ထိုင်ကာ တစ်ယောက်တည်း ဆဲနေတော့သည်။ မကြားဝံ့မနာသာ အဆဲမျိုးစုံနှင့် အော်ဆဲနေလေတော့သည်။ ဘုရားတရားလုပ်သော ဦးဘမိုးသည် တစ်ကြိမ်တစ်ခါမျှ ဆဲရေးတိုင်းထွာခြင်းမရှိချေ။ သမီးဖြစ်သူ ခေါင်းကို တုတ်ဖြင့် ရိုက်ခဲထိပြီး သတိရလာကတည်းက စတင် ပြောင်းလဲကာ ဆဲဆိုနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လှရီလည်း တစ်ယောက် တည်း အရှားပီးဝိုင်းဖြစ်နေသည်။ သမီး ဖြစ်သူသည် ဆရာညီနှင့် နေတော့သည်။ ပြန်ခေါ်၍မရချေ။ ခင်ပွန်းသည်မှာလည်း နေ့မအိပ်၊ ညမအိပ် ထိုင်ဆဲကာနေသည်။ ထမင်းလည်း စားချင်မှ စားတော့သည်။ ဒေါ်လှရီလည်း မတတ်နိုင်သည့်အဆုံး မြို့ပေါ်တွင်ရှိသော ဦးဘမိုး၏ ဆွေမျိုးများထံ အကြောင်းကြားခိုင်းလိုက်သည်။

မအိပ်မစား ဆဲဆိုကာနေသည့် ဦးဘမိုးသည် ရက်ပိုင်းအတွင်းတွင် သိသာစွာ ပိန်ခြောက်သွားသည်။ ခင်ပွန်း ဖြစ်သူကို မကြည့်ရက်သည့်အဆုံး စေတလုံး ဆရာညိုထံသို့ ဒေါ်လှရီ ထွက်လာခဲ့သည်။

"ဆရာကြီး ... အိမ်ကိုကြွပြီး ကျွန်မခင်ပွန်းကို လိုက်ကြည့်ပေးပါဦး"

"နင့်ယောကျ်ားကို ငါ ဆေး လိုက်မကုပေးနိုင်ဘူး။ နင့်ယောကျ်ားက ငါ့လိုဆရာကို ကိုယ်ထိလက်ရောက် စော်ကားနေလို့ ဒီလိုတွေခံစားနေရတာ"

"ဟုတ်ပါတယ် ဆရာကြီးရယ်။ ကျွန်မယောကျ်ားကို ကယ်ပါဦး။ တောင်းပန်ပါတယ်"

"အေး ... ဒါဆို ငါမလိုက် ဘူး။ နင့်ကို အဆောင်တစ်ခုပေးလိုက် မယ်။ ဘယ်သူမှမသိစေနဲ့။ ဒီအဆောင်ကို နင်တို့အိမ်က ဘုရားစင်မှာ တင်ထား လိုက်။ ဒီဆေးတစ်လုံးကို နင့်ယောကျ်ား နည်းတော့ သောင်းကျန်းလိမ့်မယ်။ ဘာမှမကြောက်နဲ့။ နောက်ရက်တွေ ကောင်းသွားလိမ့်မယ်"

"ကျေးဇူးပါ ဆရာကြီးရယ်။ သမီးလေး ညည်းအဖေ လိုက်ကြည့်ပါဦး လား"

ဆရာကြီးအား ကျေးဇူးတင် စကားပြောရင်း သမီးနှင်းနအား အိမ်ကို ခေါ်နေခြင်းဖြစ်သည်။

"မလိုက်ချင်ပါဘူး။ တော့်ဟာ တော် ကုချေ"

ဒေါ်လှရီ ဆက်ပြောချင်စိတ် မရှိတော့၍ ဆရာညိုပေးသော နွားရုပ် အဆောင်အား ခေါင်းတွင် ပေါင်းလာ သည်။ ပြီးပေါ် အကြောင်းလာကြားပေး သော မောင်ငယ်စကားကြောင့် ဦးဘမိုး အစ်ကိုနှင့် ဦးလေးဖြစ်သူတို့သည် မျက်လုံးများ ပြူးကုန်ကြသည်။

"ဦးလေး ... ဘယ်လိုလုပ်ကြ မလဲ။ ဘမိုး ဒုက္ခအကြီးအကျယ်ရောက် နေလောက်ပြီ"

"မင်း တောကိုလိုက်သွား ဘတိုး။ အဲ့စေတလုံးဆိုတဲ့သူက တစ်ရွာ လုံးနီးပါး သူ ချုပ်ကိုင်ထားလောက် တယ်။ နေရာတွေ မသန့်လောက်ဘူး။ ဒီတော့ ငါက ဒီကနေပဲ စီရင်မယ်။ မင်းက မြေသန့်တဲ့နေရာရှာပြီး ဘမိုးကို ပို့ထား"

ဦးလေးဖြစ်သူ ရှမ်းဆေးဆရာ ကြီး စိုင်းမောင်ခမ်း ပြောသည်များကို သေချာမှတ်သားကာ ညီဖြစ်သူဆီသို့

www.burmeseclassic.com

www.burmeseclassic.com

လိုက်လာခဲ့တော့သည်။

ရုပ်ဆေးဆရာကြီး စိုင်းမောင်ခမ်းသည် လူပြုစားခြင်း၊ အမောင့် ပယောဂများကပ်ခြင်းနှင့် အောက်လမ်းပညာများနှင့် ပြုစားတိုက်ခိုက်ခြင်းများအား ကုသပေးရာတွင် အလွန်ကျော်ကြားသော ဟင်္ဂလိသ်ထူးကြီးဖြစ်သည်။ ယခုလည်း ဘုရားစင်ရှေ့ တရားထိုင်ကာ အာရုံပြုနေသည်။ မကြာမီ အဖြစ်အပျက်အားလုံးကို သိရှိသွားသည်။

"ဦးကို ဘာကောင်ထင်လဲကွ။ ဒါတွေကို ဟော့ဒီလို ... ဟော့ဒီလို ခုတ်တယ်ကွာ"

ပြောပြောဆိုဆိုဖြင့် ဘုရားစင်နှင့် နတ်စင်အား ဓားနှင့် အပိုင်းပိုင်း ခုတ်နေတော့သည်။ ဦးဘမိုး၏ ကြောက်စရာကောင်းသည့် အော်ပြောသံနှင့်အတူ ဘုရားစင်နှင့် နတ်စင်လည်း တစ်စစီ ပြန့်ကျဲနေတော့သည်။ ဒေါ်လှရီလည်း အကြောက်လွန်ကာ အိမ်ပေါ်မှ ပြေးဆင်းလေတော့သည်။ တစ်အိမ်လုံးရှိ ပစ္စည်းများကိုလည်း ဓားဖြင့် ခုတ်လေသည်။

ပါးစပ်မှလည်း ကြမ်းကြမ်းတမ်းတမ်း မရပ်မနား ဆဲနေတော့သည်။

"လှရီ ... ဟဲ့ ... လှရီ"

"အမလေး ... လန့်လိုက်တာ ကိုဘတိုးရယ်။ အိမ်ပေါ်မှာ ကိုဘမိုး သောင်းကျန်းနေတာ ကြောက်စရာကြီး"

"ကြောက်မနေနဲ့ ငါရောက်လာပြီပဲ။ အခု ဒီပရိတ်ရေနဲ့ သဲတွေကို နှင့်ခြံဝိုင်းကို လိုက်ပက်။ ငါ အိမ်ပေါ် တက်လိုက်ဦးမယ်"

"ဖြစ်ပါ့မလား ကိုဘတိုး။ တော့်ညီက ဓားနဲ့ တွေ့သမျှခုတ်နေတာ"

"စကားရည်မနေနဲ့ လှရီ။ ငါ ခိုင်းတာသာ မြန်မြန်သွားလုပ်ချေ"

ဦးဘတိုး အိမ်ပေါ်ရောက်သည် နှင့် ညီဖြစ်သူ ဘမိုး၏ ရူးရူးရဲရဲ နာမူတ်သံများနှင့် စိမ်းစိမ်းကြီး စိုက် ကြည့်နေသည်။ ဦးလေးစိုင်းမောင်ခမ်း ပေးလိုက်သော ရေမန်းဖြင့် ဘမိုးအား လှမ်းပက်လိုက်လေသည်။ ရေမန်းများ ခန္ဓာကိုယ်ပေါ်ကျသည်နှင့် ဦးဘမိုး တစ်ယောက် စူးစူးဝါးဝါးအော်ကာ

ငြိမ်ကျသွားသည်။ ထဲကျသွားသည့် ဦးဘမိုးအား ပြေးထူကာ အဆောင်လက်ဖွဲဖြစ်သော လက်ပတ်အနီတစ်ခုအား လက်တွင် ပတ်ပေးလိုက်သည်။

"ဟော့ ... လှရီ ... လှရီ"

"ရှင် ... လာပြီ"

ယောကျ်ားသား သန်သန်မာမာ သုံးယောက်လောက် သွားရှာပြီး အမြန်ခေါ်ခဲ့"

ဒေါ်လှရီတစ်ယောက် ရွာထဲရှိ ယောကျ်ားသားသုံးယောက်အား အမြန် ပြေးခေါ်ပေးခဲ့သည်။ သတိမေ့နေသော ဦးဘမိုးအား ဝိုင်းမချီကာ ဘုန်းကြီးကျောင်းသို့ ခေါ်လာခဲ့ကြသည်။

"ဦးကို ပညာကိုမသိလို့ သင်းတို့က လာပြီး အသေခံကြတာကို။ စေတလုံးဆရာညီအကြောင်း သိစေရမယ်"

"ဦးဘမိုးအား ကယ်တင်ရန် ကျောင်းသို့ ခေါ်လာခဲ့ကြသည်။

"ဦးကို ပညာကိုမသိလို့ သင်းတို့က လာပြီး အသေခံကြတာကို။ စေတလုံးဆရာညီအကြောင်း သိစေရမယ်"

"ဦးဘမိုးအား ကယ်တင်ရန်

www.burmeseclassic.com

www.burmeseclassic.com

ခေျ။ သမီးဖြစ်သူ နင်းနကိုလည်း ပြန်နှတ်ပေးရန် မေတ္တာအရင် ရပ်ခံလိုက်
အောက်လမ်းအစီအရင်ဖြင့် ယူထားခြင်း သည်။ အောက်လမ်းဆရာညီ၂သည်
ဖြစ်သည်။ သူမျက်နှာအား လူရှေ့တွင် ပညာခေတ်သူမဟုတ်ခေျ။ အောက်လမ်း
လက်သီးနှင့် ထိုးခဲ့သော ဦးဘမိုးအား ပညာပိုင်း အတော်ခရီးပေါက်ရောက်နေ
အရှက်တကွဲဖြစ်စေပြီး အသေသတ်ဖို့ သော သူတစ်ယောက်ဖြစ်သည်။ ရှမ်း
စီရင်ပြီးသားဖြစ်သည်။ ဆရာကြီး၏ မေတ္တာရပ်ခံချက်ကို

နိမ့်ကျသည့် အဆောင်ပစ္စည်း လက်မခံဘဲ ပညာချင်း ပြိုင်လေတော့
များ သုံးကာ နွားရှဉ့်ရုပ်အား စီရင်ထား သည်။ ဆရာနှစ်ဦး၏ ပညာချင်း
ခြင်းဖြစ်သည်။ စမ်းလိုက်သည်ဆိုရင်ပဲ မြေဇာပင်ဖြစ်နေ

ဦးဘမိုးအား ဘုန်းကြီးကျောင်း ရှာသော ဦးဘမိုးမှာ ဝေဒနာအကြီး
အတွင်းသို့ ခေါ်ဆောင်လာကာ သတိရ အကျယ် ခံစားရသည်။ ဦးဘမိုးအား
အောင် လုပ်ပေးနေကြသည်။ ဦးဘမိုး ငဲ့ညှာ၍ အလျော့ပေး ပြိုင်ဆိုင်လို့မရ
သတိရသည်နှင့် ကြမ်းပြင်တွင် လူးလိမ့် သည်ကို ရှမ်းဆရာကြီး စိုင်းမောင်ခမ်း
နေပြန်သည်။ လက်ကောက်ဝတ်တွင် သိလေသည်။ ထို့ကြောင့် စေတလုံး
ချည်ပေးထားသော အဆောင်လက်ပတ် ဆရာညီ၂အား နောက်ဆုံးအနေဖြင့်
ကြိုးအား ဖြုတ်ပေးရန် အော်ဟစ်ပြောဆို ပညာချင်း ထပ်မပြိုင်ဘဲ ပညာများလျှံရန်
နေတော့သည်။ သတိထပ်ပေးလေသည်။

မြို့ပေါ်ရှိ ရှမ်းဆရာကြီး စေတလုံးဆရာညီသည် လုံးဝ
စိုင်းမောင်ခမ်းသည်လည်း ကန်တော့ပွဲ အလျော့မပေးဘဲ ပညာကုန်သုံးကာ
များဖြင့် အစီအရင်များ စီရင်ပြီးသည်နှင့် တိုက်ခိုက်ပြန်သည်။ နောက်ဆုံးပညာ
စေတလုံးဆရာညီ၂အား ပညာများ ထုတ်သုံးလိုက်သည်နှင့်က ဦးဘမိုးမှာ
လျှံဒါန်းရန်နှင့် ပြုစားထားသည်များကို သွေးများအန်ကာ သေဆုံးသွားလေ

ခေျ။ သမီးဖြစ်သူ နင်းနကိုလည်း ပြန်နှတ်ပေးရန် မေတ္တာအရင် ရပ်ခံလိုက် သည်။ ရှမ်းဆရာကြီး စိုင်းမောင်ခမ်းသည်
အောက်လမ်းအစီအရင်ဖြင့် ယူထားခြင်း သည်။ အောက်လမ်းဆရာညီ၂သည် စေတလုံးဆရာညီ၂အား သတိပေး၍
ဖြစ်သည်။ သူမျက်နှာအား လူရှေ့တွင် ပညာခေတ်သူမဟုတ်ခေျ။ အောက်လမ်း မရသည့်အဆုံး သူ့အောက်လမ်းပညာ
လက်သီးနှင့် ထိုးခဲ့သော ဦးဘမိုးအား ပညာပိုင်း အတော်ခရီးပေါက်ရောက်နေ များအား ဖျက်ဆီးလိုက်လေတော့သည်။
အရှက်တကွဲဖြစ်စေပြီး အသေသတ်ဖို့ သော သူတစ်ယောက်ဖြစ်သည်။ ရှမ်း အောက်လမ်းပညာ ပျက်စီးသွားသည်နှင့်
စီရင်ပြီးသားဖြစ်သည်။ ဆရာကြီး၏ မေတ္တာရပ်ခံချက်ကို သွေးများ တပွက်ပွက်အန်ကာ စေတလုံး

နိမ့်ကျသည့် အဆောင်ပစ္စည်း လက်မခံဘဲ ပညာချင်း ပြိုင်လေတော့ ဆရာညီ၂ သေပွဲဝင်လေတော့သည်။
များ သုံးကာ နွားရှဉ့်ရုပ်အား စီရင်ထား သည်။ ဆရာနှစ်ဦး၏ ပညာချင်း အောက်လမ်းပညာများ ပျက်စီးသွားသည်
ခြင်းဖြစ်သည်။ စမ်းလိုက်သည်ဆိုရင်ပဲ မြေဇာပင်ဖြစ်နေ နှင့် နှင်းန အသိပြန်ဝင်လာခဲ့သည်။

ဦးဘမိုးအား ဘုန်းကြီးကျောင်း ရှာသော ဦးဘမိုးမှာ ဝေဒနာအကြီး မိမိဘေးတွင် သွေးများ ပွက်ပွက်အန်ကာ
အတွင်းသို့ ခေါ်ဆောင်လာကာ သတိရ အကျယ် ခံစားရသည်။ ဦးဘမိုးအား သေဆုံးနေသည့် ဆရာညီ့အား မြင်လိုက်
အောင် လုပ်ပေးနေကြသည်။ ဦးဘမိုး ငဲ့ညှာ၍ အလျော့ပေး ပြိုင်ဆိုင်လို့မရ သည်နှင့် လန့်အော်နေတော့သည်။

သတိရသည်နှင့် ကြမ်းပြင်တွင် လူးလိမ့် သည်ကို ရှမ်းဆရာကြီး စိုင်းမောင်ခမ်း ထို့သို့ အရှက်တကွဲ အကျိုး
နေပြန်သည်။ လက်ကောက်ဝတ်တွင် သိလေသည်။ ထို့ကြောင့် စေတလုံး နည်းစွာ ဖြစ်ပျက်ခဲ့ရသည်ကို မျက်မြင်
ချည်ပေးထားသော အဆောင်လက်ပတ် ဆရာညီ၂အား နောက်ဆုံးအနေဖြင့် ကိုယ်တွေ့ ကြုံခဲ့ကြသော လက်ပံပင်ရွာမှ
ကြိုးအား ဖြုတ်ပေးရန် အော်ဟစ်ပြောဆို ပညာချင်း ထပ်မပြိုင်ဘဲ ပညာများလျှံရန် ရွာသူ၊ ရွာသားများ အားလုံးသည်လည်း
နေတော့သည်။ သတိထပ်ပေးလေသည်။ နောက်ကျမှရသော အသိတရားများဖြင့်

မြို့ပေါ်ရှိ ရှမ်းဆရာကြီး စေတလုံးဆရာညီသည် လုံးဝ နောင်လာနောက်သားများအား အသိ
စိုင်းမောင်ခမ်းသည်လည်း ကန်တော့ပွဲ အလျော့မပေးဘဲ ပညာကုန်သုံးကာ ပညာမချို့တဲ့စေရန် အိပ်ရာဝင်ပုံပြင်တစ်
များဖြင့် အစီအရင်များ စီရင်ပြီးသည်နှင့် တိုက်ခိုက်ပြန်သည်။ နောက်ဆုံးပညာ ပုဒ်လို လက်ဆင့်ကမ်း ပြောပြလာကြ
စေတလုံးဆရာညီ၂အား ပညာများ ထုတ်သုံးလိုက်သည်နှင့်က ဦးဘမိုးမှာ သည်မှာ ယနေ့တိုင် ဖြစ်ပေတော့သည်။
လျှံဒါန်းရန်နှင့် ပြုစားထားသည်များကို သွေးများအန်ကာ သေဆုံးသွားလေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်အနုပါရဂူနှင့် ကလေးများ

စိုင်းမင်းသန့်

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် နယ်မြို့တစ်မြို့၏ ဆေးရုံပြင်ပလူနာဌာန (OPT) ၏ ဆေးထိုးခန်းတွင် တာဝန်ကျလေသည်။

ပြင်ပလူနာဌာနဌ မနက်ပိုင်း ၈ နာရီတွင် ဆေးမှူးဆရာဝန်က လူနာများကို အလှည့်ကျ ဆေးစစ်ပေးလေသည်။

ကျွန်တော်တို့ သူနာပြုမှာ သုံးဦးရှိပြီး စီနီယာသူနာပြုမှာ ဆေးစစ်ဟာအုပ် မှတ်ပုံတင်ပြီး အလှည့်ကျ လူနာကို ဆရာဝန်နှင့် ပြပေးသည့်တာဝန် ယူရသည်။ နောက်သူနာပြုတစ်ဦးမှာ ကျွန်တော်နှင့် တစ်ပတ်စဉ်တည်းဖြစ်ပြီး သူက ဆေးပေးသည့်နေရာတွင် တာဝန် ယူရ၏။ ကျွန်တော်ကတော့ ဆေးထိုးခန်း တာဝန်ဖြစ်သည်။ ဆေးစစ်ချိန်မှာ လူနာများရင် များသလို အချိန်ကန့်သတ်မှု မရှိပါ။ တစ်ခါတစ်ရံ လူနာနည်းလျှင် အစောနားရလေ၏။ ကျွန်တော်တာဝန် ကျသော ဆေးရုံမှာ ပြင်ပလူနာဌာနနှင့် ကိုက် ၅၀ ခန့် ကွာလေသည်။ ပြင်ပ လူနာပြသချိန် ကုန်လျှင် အရေးပေါ်လူနာများကို ဆေးရုံတွင် တာဝန်ကျသော ဆရာဝန်ထံ ဆေးစစ်စာအုပ်တွင် ရေးပေးပြီး ပြသခိုင်းရ၏။ သူနာပြုသုံးဦးအနက် ကျန်နှစ်ဦးမှာ အိမ်ထောင်သည်များ ဖြစ်သဖြင့် ပြင်ပလူနာဌာနမှာပင် ကျွန်တော် နေ့ညတာဝန် ယူပေးလိုက်သည်။

တစ်နေ့ ဆေးစစ်လူနာနည်း၍ ၁၂ နာရီ ထမင်းစားပြီး ဆေးခန်းတွင် တမှေး မှေးနေချိန်တွင် ...

"အစ်ကိုကြီး ... အစ်ကိုကြီး"

ဟု အနားမှ ခေါ်သံကြားသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်စဉ် အသက် ၁၂ နှစ်ခန့် ကလေးတစ်ဦးနှင့် ၇ နှစ်အရွယ် ကလေးနှစ်ဦးကို တွေ့လိုက်ရလေသည်။

"ဘာဖြစ်လို့လဲ ညီလေးတို့"

ဟု ကျွန်တော် မေးလိုက်သဖြင့် အကြီးကောင်လေးမှ ...

"အစ်ကိုကြီး ကျွန်တော့်ညီ ငါးမျှားချိတ် ပါးစပ်နှုတ်ခမ်းမှာ စူးဝင်သွား လိုပါ"ဟု ဖြေလေသည်။

ထိုအချိန်ကမှ ကျွန်တော် သတိထားမိလိုက်သည်မှာ ၇ နှစ်အရွယ် ကလေးတစ်ဦးမှာ ပါးစပ်ကို လက်ဝါးဖြင့် အုပ်၍ ရှဲ့မဲ့နေသည်ကို တွေ့ရလေသည်။

ကျွန်တော်မှ ...

"ညီလေး ... မကြောက်နဲ့နော်။ ဘာမှမဖြစ်ဘူး"ဟု အားပေးရင်း သူလက်ကလေးကို ဖယ်လိုက်သည်နှင့် ...

"အစ်ကိုကြီး သား မခွဲဘူးနော်"ဟု ပြော၍ ငိုလေသည်။

"မခွဲပါဘူး ညီလေး။ အခု ငါးမျှားချိတ်ထိပ်က ဒစ်ခံနေတယ်လေ။ အစ်ကိုက ငါးမျှားချိတ်နောက်က ဖြုတ်ပေးမယ်နော်။ မနာပါဘူး"ဟု အားပေးရင်း ငါးမျှားချိတ်၏ ကြိုးချည်ထားသော ဖင်ဘက်အခြမ်းမှ ကြိုးစအား ဖြတ်ပြီး လွယ်ကူစွာ ထုတ်ပေးလိုက်ရလေသည်။ သူ၏နှုတ်ခမ်းမှ ငါးမျှားချိတ်အား လွယ်ကူစွာ ဖြုတ်ပေးလိုက်ပြီး ဆေးထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က သူငယ်ချင်းထံမှ အကျိုးအကြောင်းအား ပြော၍ ဆိုင်ကယ်ငှားကာ ဟင်းစားအမယ်စုံသည့် ထမင်းဆိုင်ကြီးတစ်ဆိုင်သို့ သွားရသည်။ ကျွန်တော် စားချင်နေသည်မှာ ကြက်သားကာလသားချက်နှင့် ပဲပုတ်ကြော်ဖြစ်သည်။

ကျွန်တော် ဆိုင်ကယ်ငှားထွက်လာရာ ထိုဆိုင်ရှေ့ရောက်တော့ ဆိုင်ကယ်ဒေါက်ထောက်ပြီးလျှင် နောက်ဆိုင်ထဲဝင်လိုက်စဉ် လေးနှစ်အရွယ် ဆော့နေသော ကလေးငယ်တစ်သီးမှာ ပထမအေးဆေး။ ကျွန်တော့်မျက်နှာမြင်လိုက်ခါမှ ကောင်တာတွင် ထိုင်၍ စျေးရောင်းနေသော သူ့အမေရင်ခွင်ထဲ ပြေးဝင်ပြီး အော်ဟစ်ငိုတော့၏။ တခဏာ ကျွန်တော့်ကို သူ့အမေရင်ခွင်မှ ချောင်းကြည့်လိုက်ပြီးလျှင် ပိုအော်ငိုလာလိုက်နှင့် ကြိုးလာလျှင် ဒီကလေး ဟစ်ဟော့ဖြစ်လောက်ပါရဲ့။ ကျွန်တော်လည်း မှင်တက်စွာဖြင့် ကိုယ့်ကိုယ်ကို ဘာမှ နားမလည်စွာနှင့် စဉ်းစားမိနေလေ

"ဟုတ်ကဲ့ အစ်ကိုကြီး။ နားလည်ပါပြီ"ဟု ပြော၍ ထွက်ခွာသွားသော သူတို့ကျောပြင်ကို ငေးမောရင်း- "ငါးမျှားချိတ် မျက်လုံးများ ချိတ်မိရင်တော့"ဟု သက်ပြင်းချရင်း။

xxx

J

ပထမပိုင်း ကျွန်တော် ရေးသားခဲ့သော အပိုင်း ၁ ရေးသားသလို ပါပဲ။ ကျွန်တော်က OPD ပြင်ပလူနာဌာန တွင် နေ့ညအိပ်ရစားရ၏။ တစ်နေ့သောညနေတွင် တစ်ပတ်စဉ်တည်း သူငယ်ချင်းဖြစ်သူ ဇနီးမောင်နှံ ဆိုင်ကယ်ဖြင့် ဆေးခန်းဘက်သို့ ရောက်လာသည်။ အမှန်ပြောရလျှင် ကျွန်တော် အတော်ပျော်သွား၏။ နေ့စဉ် အဆောင် ထမင်းဟင်းစားရ၍ ငြီးငွေ့နေသဖြင့် တစ်ခါတစ်ရံ အပြင်ဆိုင်မှ ဟင်းစားလေး စားချင်မိသည်။

ဖြစ်စဉ်ကို မေးကြည့်ရာ နေ့ခင်း ထမင်းစားကျောင်းအဆင်း ကျောင်းနောက်က ချောင်းမှာ ကလေးများ ငါးမျှားကြလေ၏။ ကျောင်းတက် ခေါင်းလောင်းထိုးသည်နှင့် သူတို့ ငါးမျှားတံမှ ငါးမျှားချိတ်ကို ဖြုတ်ပြီး အိတ်ကပ်ထဲ ငါးမျှားကြိုး၊ ငါးမျှားချိတ်ကို သိမ်းထားခြင်းဖြစ်လေသည်။ ငါးမျှားမည့် အခါမှ အိတ်ကပ်ထဲမှ ငါးမျှားကြိုး၊ ငါးမျှားချိတ်ကို နမော်နမဲ့ ဆွဲအထုတ်သူ၏ နှုတ်ခမ်းကို ချိတ်မိသွားခြင်း ဖြစ်လေသည်။

ကျွန်တော်မှ ...

"အခု ညီလေး ငါးမျှားချိတ် ဆူးတာ နာလား"ဟု မေးသည့်အခါတွင် ထိုကလေးမှ ငိုမဲ့မဲ့နှင့် ခေါင်းညိတ်ပြလေသည်။ ကျွန်တော်မှ ...

"အေး ... ညီလေးတို့အသားကို ငါးမျှားချိတ်လေးဆူးတာ နာရင် သူမျှားအသားကိုလည်း နာအောင် မလုပ်ရဘူးနော်"ဟု ဆုံးမလိုက်ရာ သူတို့သုံးယောက်လုံး ...

www.burmeseclassic.com

www.burmeseclassic.com

သည်။ တော်သေးတာက ဆိုင်ထဲတွင် လူအများရှိနေလို့။ မရှိရင် ကျွန်တော် ဒီကလေးကို တစ်ခုခုလုပ်နေတယ်ဟု အများက ထင်နိုင်သည်။ ကလေးက လည်း ကျွန်တော့် ချောင်းကြည့်လိုက်၊ ငိုလိုက်နှင့် ဆိုင်ထဲ ဆူညံနေတော့၏။ ကျွန်တော့်ကို သရဲတစ်ကောင် တွေ့သလား ထင်ရလောက်အောင် ဖြစ်နေ၏။ ကလေးအမေကလည်း ကျွန်တော့်ကို နားမလည်စွာဖြင့် ကြည့် နေလေသည်။ ကျွန်တော်လည်း ဟင်း မမှာဖြစ်။ လူက ရှေ့ဆက်တိုးရမလား၊ ပြန်ပဲ ပြန်သွားရမလား မဝေခွဲတတ်ပါ။ ဆိုင်ထဲမှ လူတွေကလည်း ဝိုင်းကြည့်နေ ကြလေပြီ။ အမှန်ပြောရလျှင် ရုက်လည်း ရုက်နေ၏။

ထိုအချိန်၌ တော်ပါသေး၏။ ကလေးအဖေဖြစ်သူမှာ အပြင်မှ ဆိုင်ကယ်ဖြင့် ရောက်လာ၍သာ သူနာပြုဆရာလေးလေကွာ။ တစ်နေ့က မင်းသားကို ကာကွယ်ဆေး သူထိုးပေး တာ။ အဲဒါ အခု သူကို ဆေးလာထပ်ပြီး သူ့ကို ထိုးမယ်ထင်လို့ ကြောက်ပြီး အော်ငိုတာနေမှာပါ"

ထိုအခါကျမှ ဇာတ်လမ်းက ရှင်းသွားပြီး ကျွန်တော်လည်း သက်ပြင်း ချမိတော့သည်။ သူအဖေသာ အခုလို ပြန်မလာရင်ဖြင့် ကျွန်တော့်မှာ ဘယ်လို များ ဆက်ရှင်းရမယ် မသိပါ။ နောက် ဆုံး ကလေးအဖေက ကျွန်တော်မှာထား သော ဟင်းများ ထည့်ပေးသည်။ ကျသင့်ငွေ ရှင်းပေးတော့ မယူပါ။ သူ့ကို လည်း ကျွန်တော် ဆေးထိုးပေးဖူးသော ကျေးဇူးပါတဲ့ခင်ဗျာ။

×××

၃

အပိုင်း ၁၊ ၂ တွင် ရေးသား ခဲ့သလိုပါပဲ။ ယခုကလေးကျ တစ်မျိုး ထူးခြားပါ၏။

ကျွန်တော် (OPT) ပြင်ပလူနာ ဌာနတာဝန်မှာ မနံက်ပိုင်း ဆေးခန်းပြ သည့် လူနာများဖြစ်ပြီး ညနေပိုင်းတွင် အရေးပေါ်လူနာများသာ လာပြတော့ သည်။ အရေးပေါ်လူနာလာလျှင် ဆေးရုံ တွင် အချိန်ပြည့် ဆရာဝန်အား ပြဿနာ ဆေးစာအုပ်၌ ကျွန်တော်မှ ရေးပေးရုံ သာ ဖြစ်သည်။

တစ်နေ့ညနေခင်း ကျွန်တော် အားလပ်နေသဖြင့် ဆေးခန်းရှေ့ သန့်ရှင်း ရေးလုပ်နေစဉ်တွင် အနီးရှိ အုတ်ခုံပေါ် ၌ ကလေးငယ်တစ်ဦးမှာ ငုတ်တုတ်ထိုင် ၍ သူ၏ ဒူးခေါင်းပေါ်သို့ လက်တင် အိပ်နေသည်ကို မြင်ရလေသည်။ ပထမ ကျွန်တော့်စိတ်ထဲ သူ တစ်ဦးဦးကို စောင့်နေသည်ဟု ထင်ထားမိပါသည်။ အတန်ကြာထိ သူက မသွားဘဲ အိပ်မြဲ တိုင်းပါပဲ။ ကျွန်တော်လည်း ထိုကလေး၏ အနီးသို့ သွားကာကြည့်မိသည်။

"ဟာ . . ."

သူလည်ကုတ်ပေါ်တွင် အနာ စိမ်းက ကွမ်းသီးလုံးခန့် ပြည်တည်၍

www.burmeseclassic.com

www.burmeseclassic.com

မည့်နေသည်။ သူ၏ နဖူးအား စမ်းကြည့်တော့ ပူနေပြီး အနာရိုန်ဖြင့် သူ ဖျားနေသည်။

ကျွန်တော် မနေသာတော့သူအား ...

"ညီလေး ... ညီလေး"ဟု ခေါ်နှိုးလိုက်သည်။ သူအသက်က ၁၂ နှစ်ခန့် ဖြစ်သည်။ သူနီးလာတော့ လက်ထဲတွင် ကျန်ကျောင်းကြွပ်ကြွပ် အိတ်လေး ဆုပ်ကိုင်လျက် တွေ့ရ၏။

ကျွန်တော်က ညီလေး ဘာလုပ်နေတာလဲ မေးရာ သူအိမ်က ဆန်တစ်ပြည်ဝယ်ခိုင်းသော ငွေတစ် ထောင် လမ်း၌ ကျပျောက်သွားသဖြင့် အိမ်သို့ မပြန်ရဲလို့ပါဟု ဖြေရှာသည်။

ကျွန်တော် အကြံတစ်ခု ရသွားသည်။ ကဲ ... ညီလေး။ ငွေကို အစ်ကို ပြန်ပေးမယ်။ ယူမလားဆိုတော့ မဆိုင်းမတွ ခေါင်းညိတ်သည်။

ကျွန်တော်က ဒါပေမဲ့ မင်း အနာကိုတော့ အစ်ကို ဆေးထည့်ပေး မယ်။ အဲဒါလက်ခံရင် အစ်ကို မင်းရဲ့ ငွေကို ချက်ချင်းပေးမယ် ပြောလိုက်ရာ တွင် သူ တွေဝေသွားပြီး ခဏအကြာမှ သူ ခေါင်းညိတ်၏။ ကျွန်တော် ထင်ပါသည်။ သူအနာ ဆေးထည့်လျှင် နာမည် ကိုကြောက်၏။ ဆေးထည့်မခံဘဲ အိမ်သို့ ပြန်လည်း အဆူခံ၊ အရိုက်ခံရမည်။ မထူးဘူး။ အနာပဲ ဆေးထည့်ခံမည်ဟု တွေးသည်။ ဒီသဘောပဲ ဖြစ်မည်။

ကျွန်တော် သူအား ဖေးမရင်း ဖြင့် ...

"ကဲ ... ဒါဆို လိုက်ခဲ့"ဟု လက်ကိုတွဲ၍ ဆေးထိုးခန်းသို့ ခေါ်၍ ခုတင်ပေါ် မှောက်အိပ်ခိုင်းလိုက်သည်။

"ညီလေး ... မနာပါဘူး" ဟု အားပေးစကား ပြောကာ အနာတစ် ဝိုက် အရက်ပြန်၊ ဂွမ်းစကို ဖော့ဆက် ဖြင့် အသာပွတ်ပေး၍ ခွဲစိတ်ခန်းသုံးဓား ကို မသိမသာ အနာပေါ်တင်လိုက်ရာ ချက်ချင်း ပြည်များ ပေါက်ကျလာသည်။

ထို့နောက် ဂွမ်းစကို လက်နှစ် ဖက်နှင့် ဖိညှစ်လိုက်ရာ အမြှစ်ခေါ် ပြည်ခဲကြီး ထွက်လာပြီး သွေးများ လိုက်လာ၏။ ပြီးသည်နှင့် အနာသန့်ရှင်း ရေးလုပ်၊ ဆေးထည့်ပြီး ညီလေး ဘာစား လာလဲမေးရာ ထမင်းကြမ်းစားခဲ့သည်ဟု ပြောရာ ပိုးသတ်ဆေး၊ အနာကျက်ဆေး အကိုက်အခဲပျောက်ဆေး တိုက်လိုက်၏။

သူ့အား ပေးလိုက်လျှင် မသောက်ဘဲ လွှတ်ပစ်မည်စိုး၍ ဖြစ် သည်။ အနာကိစ္စပြီးလျှင် ကျွန်တော့် ကတိအတိုင်းပင် ငွေတစ်ထောင်ပေး လိုက်သည်။

"ညီလေး ... ညကျ အနာ က မနာတော့ဘူး။ ဒါပေမဲ့ မနက်ဖြန် ဆေးလာထည့်။ အစ်ကို မုန့်ဖိုးပေးမယ် နော်"ဟု ပြောရာ သူ ပြုံးရွှင်စွာ ခေါင်းညိတ်၍ ပြန်သွားသည်။

ကျွန်တော်လည်း သူ့ကျောပြင် လေး ကြည့်ကာ ပီတိအပြည့် သူနာပြု ဆိုတာ နာငါးနာနှင့်ပါ။

စေတနာ၊ ဝါသနာ၊ အကြင် နာ၊ ကရုဏာ၊ စာနာနှင့်ပါ။

ဒါပေမဲ့ခင်ဗျာ နောက်နေ့တွင် ကျွန်တော်ထင်သလို ဖြစ်မလာ။

www.burmeseclassic.com

www.burmeseclassic.com

ကောင်လေး ဆေးခန်းကို လာပါသည်။ ဒါပေမဲ့ သူအဖေ ပါလာလေသည်။

သူအဖေက ကျွန်တော့်ကို ကျေးဇူးတင်ကြောင်းနှင့် ရွှေငွက်ပျောခိုင် တစ်ခိုင် အတင်းပေးသွား၏။

ကျွန်တော်ထင်သည့်အတိုင်း ဖြစ်မလာဘူးဆိုတာက ကောင်လေးကို ပြောထားခဲ့သည့်မှန်ဖိုး ထပ်၍ မပေး လိုက်ရခြင်းပါ ခင်ဗျာ။

xxx

သူတို့နောက်မှာ ကလေးအဖေ ထိုမြို့မှ အရာရှိဖြစ်သူ လိုက်လာ၏။ ကလေးမှာ ငိုရှိုပါလာ၏။ ကျွန်တော် ဘာဖြစ်တာလဲ ဟု ကလေးကျောပိုးလာသူကို မေးလိုက်သည်။

ထိုသူမှ ကလေးမှာ သူ့အစ်ကို နှင့် စက်ဘီးလိုက်စီးရင်းမှ ခြေထောက် စက်ဘီးညှပ်သွားကြောင်း ပြောလေသည်။ ကျွန်တော် သေချာကြည့်မှ ကလေးခြေထောက်မှာ အရည်ပြားစုတ် နေပြီး အနည်းငယ် ရောင်နေ၏။ ဆေးထည့်ရုံသာ အခြားစိုးရိမ်စရာမရှိ။ ကလေးကတော့ ငိုမြဲ။ သူအဖေကလည်း သားစားချင်တာ ဝယ်ကျွေးမယ်ဟူ၍ ချော့နေသည်။

ကျွန်တော်က လုပ်စရာရှိသော ဆေးထည့်ရန် ပစ္စည်းများ ပြင်ဆင်၍ ကလေးအား ပထမ အနာဝန်းကျင်သို့ ပိုးမဝင်စေရန် အရက်ပြန်ပါ ဂွမ်းစနှင့် အသာအယာ ပွတ်ပေးနေသည်။ သည်တွင် ဇာတ်လမ်းက စပြီ။ ကလေးမှာ အနည်းငယ် စပ်သွားပုံရသည်။

ကျွန်တော်ကို ငါနှင့် ၁ ကိုင်တုတ်တော့ သည်။ သူအဖေလုပ်သူက တားပေမယ့် အတော်အလို လိုက်ထားပုံ ရသည်။ အော်ပဲဆဲနေတော့သည်။ တားမရ။ ပထမ ကျွန်တော် ဒေါသ အတော်ဖောင်း မိသည်။

နောက်မှ ...

"ဩော် ... ငါက သူနာပြု။ နာငါးနာနှင့် ပြည့်စုံမှုရမယ်" ဟု ဖြေတွေး ပြီး ကလေးကို ချော့ကာမြှူကာ စိတ် ရှည်လက်ရှည် ဆေးသေချာထည့်၊ ပတ်တီးစည်းပေးပြီး ...

"ကဲ့ ... ညီလေး။ မင်းအနာ သက်သာသွားပြီမလား" ဟု မေးရာ သည်အထိ သူ ကျွန်တော့်ကို ကြည့်ဖော် မရပါ။ အိမ်လာရင် သူ့ခွေးနှင့် ကိုက်ခိုင်းမည်ဟု မေတ္တာပို့သွားသေးသည်။

နောက်သုံးရက် ဆေးထည့်ပြီး အနာလည်းကျက်ပြီဆိုတော့ ...

"ညီလေး နောက်နေ့ မင်း ဆေးမထည့်ရတော့ဘူး။ ပျောက်ပြီ သိလား" ဟု ပြောလိုက်၏။ သည်တွင်

ပထမပိုင်းမှာ ကျွန်တော် ရေးသားခဲ့သလိုပါပဲ။ သူနာပြုဆိုတာ အယတ်အလတ်၊ အမြတ်မရွေး အသက်၏ အပိုင်းအခြား မခွဲခြားဘဲ ဂရုစိုက် ပြုစု ကုသပေးရတာပါ။

တစ်နေ့ ဆေးစစ်ပြချိန် ကျွန်တော် ဆေးထိုးဆေးထည့်ခန်းသို့ ခြောက်နှစ်ခန့် ကလေးတစ်ဦးကို လူကြီး တစ်ယောက် ကျောပိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုကလေးမ သွားတက်ကလေးများပေါ်အောင် ပြုံး၍ ခေါင်းညိတ်သည်။ ပြီးတော့ သူ၏လက်ထဲ ကိုင်ထားသော အခွံမခွာရသေးသည့် တုတ်ထိုးချို့ချဉ်ကို ကျွန်တော့်အား ပေးလေ၏။ သားစားပါ။ အစ်ကိုမစားပါဘူးဆိုလည်း မရမက ဆေးထည့်စင်ပေါ်တင်၍ ပေးသွားရာသည်။

×××

၅

ကျွန်တော် ပထမပိုင်းတွင် ရေးသားခဲ့သော တာဝန်ကျသည့် OPT ပြင်ပလူနာဌာန အဆောက်အအုံမှာ ရှေ့မျက်နှာစာ အကျယ် ပေ ၁၂၀၊ အနံ အရှည် ပေ ၉၀ ခန့် ရှိပြီး မြို့ပေါ်ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်၊ သားဖွားမီးယပ်အထူးကု စသော ဆရာဝန်ကြီးများ ထိုင်သည့် အခန်းများ၊ ဆေးစစ်ဆရာဝန်များအတွက်အခန်း၊ ဆေးစပ်ခန်း၊ ဆေးထိုးခန်း၊ လူနာများ နားနေခန်းများဖြင့် အတန်သင့် ကျယ်ဝန်းပြီး တစ်ထပ် မြေပြန့်တိုက် အဆောက်အအုံ ဖြစ်ပါသည်။

အထူးကုဆရာဝန်ကြီးများမှာ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့် သာ လူနာကြည့်ပေးလေသည်။ ဆေးရုံနှင့် ကိုက် ၅၀ ခန့် ကွာဝေးလေသည်။ ဆေးစစ်လူနာများမှာ များလျှင်များသလို တာဝန်ကျဆေးမှူးမှ စမ်းသပ်ကုသပေးရလေသည်။ ကျွန်တော်တို့ သူနာပြုများမှ လည်း ဆရာဝန်ညွှန်ကြားပေးသည့် အတိုင်း ပြုစုစောင့်ရှောက်ပေးရသည်။ သည်နေ့ လကုန်ရက်မို့ တစ်လသုံးဆေးစာရင်းများအား ကျွန်တော် ဆေးသုံးစာရင်းစာအုပ်တွင် ထည့်သွင်းနေရသည့်အချိန်မှာ ညဆယ့်တစ်နာရီခန့် ရှိပြီဖြစ်သည်။ ထိုအချိန်၌ အီးခနဲ ညည်းသံတစ်ချက် ဆေးခန်းဘေး မှောင်ရိပ်မှ ကြားလိုက်ရလေသည်။ ပထမအသံက မတိုးမကျယ်သာ ကြားရပြီး နောက်ပိုင်းအသံမှာ တဖြည်းဖြည်း ပိုကျယ်လာသလို ကြားရလေ၏။

ထိုဆေးရုံဘေးခြမ်းမှ ဓာတ်တိုင်မီးသီးမှာ ကျွမ်းသွားသည်မှာ နှစ်ရက်ခန့်ရှိပြီးဖြစ်သည်။ အမှောင်ထဲမို့ ပထမတွေးမိသည်မှာ ဆေးရုံပေါ်တွင် မိသားစုထဲမှ တစ်ဦးဦး ကွယ်လွန်သွားသဖြင့် အိမ်ပြန်လမ်းပိတ်နေသည်ပဲ ထင်မိပါသည်။

အတန်ကြာ ဆေးစာရင်းလုပ်ပြီး၍ နာရီကို ကြည့်လိုက်ရာ ၁၂ ထိုး ရန် ၅ မိနစ်ပဲ လိုတော့သဖြင့် အိပ်တော့မယ်ဟု ဆုံးဖြတ်ပြီးချိန် ခုနင်္ဂသံကို ထပ်မံ ကြားရပြန်လေသည်။ ကျွန်တော် အတော် အံ့အားသင့်မိသည်။ စောစော က တွေးထင်ထားသလို ၎င်းမီသားစု ဆေးရုံတွင် ကွယ်လွန်လည်း အိမ်ပြန် လောက်ပြီ။ ယခုက ဆေးခန်းဘေးခြမ်းမှ တအီးအီး ရိုက်ကြီးတငင်နှင့် ငိုကြွေး နေသည်မှ ပိုမို အသံကျယ်လာလေသည်။

ကျွန်တော် ထိုငိုသံကြားရာဘက်သို့ ဆေးခန်းရှေ့ပဘက်၏ အပေါက်မှ ထွက်၍ ပတ်ပြီး လျှောက်သွားမိလေသည်။ ထိုအခါ လရောင်အောက်၌

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ရှိနေသောကြောင့်လည်း ယခုလို ရိုးသား
သော တောသူတောင်သားများအပေါ်တွင်
ဆက်ဆံရသော စေတနာအမှန်ဖြစ်သည်။
ဆေးခန်းမှ Medical Box နှင့်
လိုအပ်မည့် ဆေးဝါးများပါ ထည့်၍
လိုက်သွားလိုက်သည်။ ဆယ့်ငါးမိနစ်ခန့်
လျှောက်လိုက်လျှင် လရောင်အောက်
တဲလေးတစ်လုံးကို လက်ညှိုးထိုးလျက်-
"ဆရာ အဲဒီတဲထဲမှာပါ" ဟု
အမျိုးသမီးမှ ညွှန်ပြလေသည်။
အောက်လင်းမီးအိမ် မှိန်နေ
သဖြင့် မီးစာကို မြှင့်လိုက်ရ၏။ ထိုအခါ
စောင်ခြုံပြီး တဟင့်ဟင့် ညည်းနေသော
အသက်ဆယ့်သုံးနှစ်အရွယ် ယောကျ်ား
လေးတစ်ယောက်ကို မြင်ရသည်။
အသားအယာ သူ့အား ပက်လက်လှန်
လိုက်ပြီးလျှင် သွေးပေါင်ချိန်ကြည့်လိုက်
သည်။ 100/70 အခြေအနေကောင်း
သည်။ ထို့နောက် အပူချိန်တိုင်းကြည့်
သဲ့အခါ၌ 103.2° F ကိုယ်ပူများနေ
သည်။

အသက်သုံးဆယ်ကျော်ခန့် အရွယ်
အမျိုးသမီးတစ်ဦး မတ်တတ်ရပ်လျက်
မျက်နှာ လက်ဖဝါးဖြင့် အုပ်ပြီး ငိုနေလေ
သည်။ သူ့ဘေးမှာ ငင်းနှင့် အသက်ရွယ်
တူခန့် အမျိုးသားတစ်ဦးကိုလည်း တွေ့ရ
လေသည်။ ယခု ဆေးခန်းမှာ ကျွန်တော်
က တာဝန်ကျနေသဖြင့် သူတို့အား
ဘာဖြစ်သည်ကို မေးမြန်းရလေတော့
သည်။

"ဆရာ ... ကျွန်မတို့က
ညောင်ပင်အိုင်ရွာကပါ။ ကျွန်မသားလေး
အခုည အဖျားအတော်တက်နေပါတယ်။
ကိုယ်ပူကလည်း မကျဘူး။ အဲဒါ ဘာမှ
မလုပ်တတ်လို့ ဆရာ့ကို လာပြီး
အကူအညီတောင်းတာပါ။ ဒီတိုင်းဆို
ကလေးအခြေအနေက စိုးရိမ်ရလို့
ကယ်ပါဦး ဆရာရယ်" ဟု မိခင်ဖြစ်သူမှ
ငိုပြီး အကူအညီပေးပါရန် တောင်းဆိုလာ
လေသည်။

ကျွန်တော်မှ ...

"ဆေးရုံကို ခေါ်ခဲ့လေဗျာ။
ဆရာဝန်လည်း ရှိနေတာပဲ။ ဆရာဝန်နဲ့
ဆို ကသရတာ ပိုပြီးတော့ကောင်းတယ်။
ကျွန်တော်က သူနာပြုအဆင့်ပဲရှိတယ်
ဗျာ ရှင်းပြသော်လည်း ...

"ကျွန်မတို့ ဆေးရုံထဲ ရောက်
ပြီးပါပြီ။ ဆရာဝန်က အခုည ခွဲစိပ်ခန်း
အရေးပေါ်ဝင်နေတယ်။ ဝပ်ထဲက
သူနာပြုတွေကလည်း လူနာတွေနဲ့
မအားကြဘူး။ အဲဒါကြောင်ကာ ကူညီပေး
ပါနော်။ ပြီးတော့ အမှန်ဝန်ခံရရင်
ဆေးရုံမတက်နိုင်ဘူး ဆရာ။ အဲဒါမို့
ဆရာပဲ လိုက်ပြီး ကူညီပေးလို့
တောင်းပန်ပါတယ်"

ခက်ပြီ ... ကျွန်တော်က
လည်း နဂိုရှိရှင်းစွဲ ကူညီစိတ်ဓာတ်ခံရှိ
နေတာရယ်၊ ညောင်ပင်အိုင်ရွာကလည်း
သိပ်မဝေးလို့ လိုက်ကြည့်ပေးပြီး ကူညီ
ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တကယ်
စိုးရိမ်စရာအကြောင်းရှိလျှင်လည်း
ကျွန်တော် ဆေးရုံသို့ခေါ်၍ ဆရာဝန်နှင့်
ပြသပေးမည်။ ဒါက ကျွန်တော်တို့နယ်စပ်
မှ ဆေးရုံများသည် မငြိမ်းချမ်းသည့်
အညှိုရောင်ဟုခေါ်သော ပြင်တွင်းစစ်များ

www.burmeseclassic.com

www.burmeseclassic.com

တောင်းယူပြီးလျှင် လဲလှယ်ပေးပြီး ရေအေးပတ် တစ်ကိုယ်လုံး တိုက်ပေးလိုက်သည်။ ရေအေးပတ်တိုက်ပြီးလျှင် ကလေးငယ်မှာ အညည်းရပ်သွားသည်။ သူ နေသာသွားပေပြီ။ ကျွန်တော် ဇယ်ဆက်သလို တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်ပေးပြီးလျှင် အဖျားကျဆေးများ တိုက်လိုက်သည်။ ကျွန်တော့်ကို လာခေါ်သည့် လင်မယားနှစ်ဦးဘေးမှ အသာရပ်ကြည့်နေကြလေသည်။

ထို့နောက် ကျွန်တော့်ကို လာခေါ်သော အမျိုးသမီးနှင့် သူ့အမျိုးသားတို့အား ကလေးက စိုးရိမ်စရာမရှိတော့ပါဘူး။ ဒါပေမဲ့ ဆေးနှစ်ခွက်စာပေးခဲ့မယ်ဗျာ။ မနက် ကလေးကို အစာကျွေးပြီး ဆေးပေးထားတဲ့ ဆေးတွေဆက်တိုက်ပေးလိုက်ပါ ပြောပြီး ကဲ ကျွန်တော် ပြန်ဦးမယ်ဗျာ။ နှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။ သူတို့မှ ကျေးဇူးတင်စကား ပြောလေသည်။

ထိုကိစ္စအား ကျွန်တော် မေ့မေ့လျော့လျော့ ရှိနေခဲ့သည်။ တစ်နေ့

ညောင်ပင်အိုင်ရွာဘက်သို့ ကိစ္စတစ်ခု ဖြစ်ရောက်ခဲ့လေသည်။ ကျွန်တော် ဆေးကုသပေးခဲ့သော တဲအိမ်ရှေ့ အရောက် ထိုကောင်လေးကိုမြင်သဖြင့် ညီလေး ဟိုကစ်ပတ်က မင်းအဖျားတွေ တက်တော့ အစ်ကို ဆေးလာကုပေးတာ မှတ်မိလားဟု မေးမြန်းလိုက်မိလေသည်။

ထိုအခါ အစ ပထမ သူ ကြောင်တောင်တောင်ဖြစ်နေပြီး နောက် မှတ်မိသွားလေသည်။

"ဟာ ... မှတ်မိပြီ။ ညဘက် ကြီး အစ်ကိုရောက်လာပြီး ဆေးကုပေးတာ။ အဲ့မနက်ပဲ ကျွန်တော် သက်သာသွားတယ်ခင်ဗျ။" အဘွားရေ အဘွား။ ကျွန်တော်ဖျားနေတုန်း ဆေးလာကုတဲ့ အစ်ကိုက ဒီအစ်ကိုလေ" ဟု ပြောလိုက်သဖြင့် တဲအတွင်းမှ အသက် ၆၀ နီးပါး အဘွားတစ်ယောက် ထွက်လာလေသည်။

"ဟုတ်လား။ ဆရာ အထဲကြွပါဦး။ ကျေးဇူးတွေတင်နေတာ။ ဘယ်က ဘယ်လို ဆရာလေးကသိပြီး ဆေးလာကု

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ အံ့သြနေတာပါ။ ရေနွေးနဲ့ လက်ဖက်သုပ်လေး စားဦး။ အမောပြေပေါ့။ နောက် ကြုံလည်းဝင်လည်ပါနော်။ အဲနေ့က အဘွားက ဟိုဘက်ကမ်းက အစ်ကို့ဆီ ဝမ်းစာစပါးသွားယူတာ အပြန် စက်လှေမရှိလို့ ညအိပ်လိုက်ရတယ်။ မြေးလေးက အဘွားသွားတုန်းက အကောင်းပါ။ အရင်လည်း အဲဒီလို တစ်ခါတစ်ရံ သူတစ်ယောက်တည်း အိမ်မှာ နေခဲ့တာပါ။ အဲဒီနေ့ညမှ သူ အဖျားတက်တာ မနက်ပြန်လာမှ သိရတယ်။ ဆရာလေး ဆေးလာကုပေးတယ် ပြောလို့ အထူးကျေးဇူးတင်ပါတယ်။ ကလေးကလည်း ကံဆိုးရှာပါတယ်။ သူ့မိဘနှစ်ပါးလုံးက လွန်ခဲ့တဲ့လေးလ လောက်က မြို့ဘက်ကို ဆိုင်ကယ်နဲ့ အသွား။ ကုန်ကားနဲ့ တိုက်မိပြီး နှစ်ယောက်လုံး နေရာတင် ပွဲချင်းပြီး သေဆုံးသွားကြပါတယ်”

ရှေ့မတ်တတ်ရပ်လျက် နောက်မှ သူ့၏ မိဘနှစ်ပါးပုံကို ကျွန်တော် မြင်လိုက်ချိန်တွင် သူတို့မှ သူတို့ပါပဲ။ လွန်ခဲ့သော ဆယ်ရက်ခန့်က သူတို့သားလေး အပြင်းဖျားနေလို့ ကူညီပါဟု ငိုလျက်ဖြင့် ပြောသွားသော အမျိုးသမီးနှင့် ၎င်းနှင့် အတူပါလာသော သူ့ယောကျ်ားတို့ပင် ဖြစ်လေတော့သည်။

ကျွန်တော် ပါးစပ်အဟောင်း သား။ ဘာပြောရမှန်းမသိအောင်ပင် ဖြစ်သွားတော့သည်။ ထိုသတင်းဆိုးကို ကြားခဲ့၏။ သို့သော်လည်း ယခုကဲ့သို့ လာတိုက်ဆိုင်မည်ကိုလည်း မထင်မှတ်ထားပါ။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော့်ထံသို့ ရောက်လာကြသည်။

သက်ပြင်းပူတစ်ချက်ချရင်း ဖြင့် တဲအပြင်ဘက်မှ လမ်းလေးကို ငေးကြည့်နေရင်း မိဘမေတ္တာကြီးမားပုံကို တွေးမိရင်း တမလွန်ဘဝထိတိုင် မိမိတို့ရင်သွေးကို စောင့်ရှောက်နေသော မိခင်နှင့် ဖခင်တို့အား လေးစား စိတ် မကောင်းစွာဖြင့် အဆင့်မြင့်ရာ ဘုံဗ္ဘာန



သို့ ရောက်နိုင်ကြပါစေဟု ရင်ထဲမှ ဆုမွန်တောင်းလိုက်ရပါတော့သည်။

(ယခု ကျွန်တော်ရေးသားခဲ့သော ဇာတ်လမ်းမှာ နယ်စပ်မြို့ကလေး တစ်မြို့မှ ဆေးရုံတစ်ခုမှ ဖြစ်ရပ်မျှားအား စာရေးဉာဏ်ကွန့်ပြီး ရေးသားခဲ့ခြင်းသာ ဖြစ်ပါသည်။)

စိုင်းမင်းသန့်

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

မလေးစားဘူး။ ဘာလဲ ဒီဘဝမှာ မင်းတို့ ပျော်နေတာလား"

ရောက် သ့ည် ဆို တာနဲ့ ကိုကြီးစိုးက ဆီး၍ ဆူလေသည်။ သူ တိုးအောင်ကို လှည့်ကြည့်လိုက်တော့ သွားအဖြီးသားနှင့် ပြုံးပြလေ၏။

"ကဲကဲ ... သွားသွား။ ဟိုမှာ လူစုံနေပြီ။ ဒီနေ့ ကံကောင်းမယ်သူက ဘယ်သူလဲဆိုတာကတော့ မင်းတို့ရဲ့ကံပဲ"

သည်နေ့တော့ ကိုကြီးစိုးက သဘောကောင်းစွာ ဆက်ပြီး မဆူတော့။ သူတို့နှစ်ယောက်လည်း ကိုကြီးစိုးရှေ့က နေ ခပ်ကုပ်ကုပ် ထွက်လာခဲ့လိုက်၏။ ကိုကြီးစိုးက သူတို့ရဲ့ခေါင်းဆောင်။ သူတို့ ထဲမှာ အသက်အကြီးဆုံး။ သည်လောက ထဲကို ဦးစွာ ရောက်ရှိနေသူ။

"ဟေ့ကောင်တွေ . . . လာကွ"

ချစ်ခိုင်က ထိုင်နေရာကနေ သူတို့ကို လှမ်းခေါ်သည်။ သူလည်း ကိုကြီးစိုးရှေ့ကနေ ခပ်ကုပ်ကုပ် ထွက်လာခဲ့လိုက်၏။ ကိုကြီးစိုးက သူတို့ရဲ့ခေါင်းဆောင်။ သူတို့ ထဲမှာ အသက်အကြီးဆုံး။ သည်လောက ထဲကို ဦးစွာ ရောက်ရှိနေသူ။

"ဟေ့ကောင်တွေ . . . လာကွ"

ချစ်ခိုင်က ထိုင်နေရာကနေ သူတို့ကို လှမ်းခေါ်သည်။ သူလည်း ကိုကြီးစိုးရှေ့ကနေ ခပ်ကုပ်ကုပ် ထွက်လာခဲ့လိုက်၏။

တိုးအောင်က သူ စိတ်တိုနေမှန်းသိ၍ နောက်ကနေ အသံတိတ်လိုက်လာသည်။ သူ ခြေလှမ်းကို ခပ်သွက်သွက်လျှောက် လိုက်သည်။ အချိန်က လင့်နေပြီလေ။ သည်ပုံအတိုင်းဆို ကိုကြီးစိုး၏ အဆူ အငေါက်ကို ခံရဖွယ်ရှိသည်။ တိုးအောင် ကတော့ သူ့ခြေလှမ်းကျဲကြီးများကို မှီအောင် နောက်ကနေ အပြေးတစ်ပိုင်း လိုက်နေရ၏။ ခါတိုင်းဆိုလျှင်တော့ ..

"ဟေ့ကောင်ငမိုး ဖြည်းဖြည်း လျှောက်ပါဟ"ဟု လှမ်းပြောပေမည်။ ယခုတော့ သူ့အပြစ်နှင့်သူမို့ နောက်က နေ ဘာမျှမပြောဘဲ လိုက်လာ၏။ သူတို့ ဘဝက လေလိုလွင့်မျောနေရသောဘဝ။ လမ်းမှာနေ၊ လမ်းမှာစား ရသောသူများ။ သည်ဘဝက လွတ်မြောက်ဖို့ မျှော်လင့်ချက် ရေးရေးလေးအတွက် ယခု ချီတက်နေရခြင်းဖြစ်၏။

×××

"သွားမယ် ဟေ့ကောင်"

စကားကို ခပ်ပြတ်ပြတ်ပဲ ပြောပြီး ရှေ့ကနေ သူ ထွက်လာလိုက်၏။

"တိုးအောင်နဲ့ ငမိုး။ မင်းတို့က လည်း နောက်ကျလိုက်တာ အချိန်ကို သွားမယ် ဟေ့ကောင်"

စောင့်ဆိုင်းရခြင်းကို သူ စိတ် အပျက်ဆုံး။ နာရီမရှိ၍ အချိန်ဘယ် လောက်ကြာပြီလဲ မသိပေမယ့် တိုးအောင်လာမည့်လမ်းကို သူ မျှော်ကြည့်နေရတာ အတော်ကြာသွား ပြီ။

"ဟာ"

ခပ်လှမ်းလှမ်းက အရိပ်တစ်ခု ကြောင့် သူ့နှုတ်ခမ်းဟသွားသည်။ သေချာပြူးကြည့်ရသေး၏။ တိုးအောင် အစစ်ပါပဲ။

"အဟီး . . . နည်းနည်း နောက်ကျသွားတယ်ကွာ"

တိုးအောင်က သူ့ကို မျက်နှာ ချိုသွေးသလို ရယ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုင်ချလိုက်၏။ သူနာခေါင်းထဲသို့ အမွှေးတိုင်နံ့က ထောင်းခနဲ ဝင်လာသည်။ သူတို့အဖွဲ့သားများကို သူတစ်ချက် ငဲ့ကြည့်လိုက်သည်။ အားလုံး အစုံအလင်ပါပဲ။ တစ်ယောက်မှမလျော့။ ဒါဆို သည်နေ့အတွက် သူမှာ မျှော်လင့်ချက် ရှိနေပါသေး၏။

"ဟာ ... ဟော့ကောင်တွေ ဟိုမှာကြည့်စမ်း"

ချစ်ခိုင်ညွှန်ပြသည့်ဆီ သူတို့ အားလုံး ကြည့်လိုက်မိကြသည်။ လင်မယားစုံတွဲတစ်တွဲ။ သူတို့အားလုံး၏ မျက်နှာပြင်ပေါ်၌ မျှော်လင့်ချက်ရောင်ခြည်များ သန်းသွားကြသည်။ အမျိုးသမီး၏ စူပုပ်ပုပ်ဖြစ်နေသော ဗိုက်က ကိုယ်ဝန်ရှိနေကြောင်း သက်သေပြနေ၏။ အမျိုးသမီး၏ လက်နှစ်ဖက်၌ ရွှေလက်ကောက်တို့က တဝင်းဝင်း လှုပ်ခတ်လို့။ ဝတ်စားထားသည်ကို ကြည့်ရုံဖြင့် လူကုံတန်အသိုင်းအဝိုင်းကမှန်း သိသာလှသည်။ လင်မယားစုံတွဲ၏ နောက်ကနေ ကိုကြီးစိုးလည်း လိုက်ပါလာသည်။



"ကဲ ... ဟော့ကောင်တွေ။ ဘယ်သူလိုက်မှာလဲ။ လိုက်မယ့်သူ မတ်တတ်ရပ်"

ကိုကြီးစိုး၏ အသံပင် မဆုံးသေး။ သူတို့အားလုံး အလုအယက် မတ်တတ်ထရပ်လိုက်ကြသည်။

"ဟ ... အကုန်လိုက်လို့မရဘူးလေ။ တစ်ယောက်ပဲလိုက်ရမှာ"

ကိုကြီးစိုးက သူတို့အကုန် မတ်တတ်ရပ်လိုက်၍ ခေါင်းရွှပ်သွားပုံရ၏။

"အင်း ... ဒီလိုဆိုရင်တော့ မဲသာနိုက်ကြတော့"

ကိုကြီးစိုးက မဲလိပ်များလုပ်၍ နိုက်ခိုင်းလေသည်။ သူရရှိသော မဲလိပ်လေးကို ရင်ခုန်စွာ အသာဖွဖွ ဖွင့်လိုက်သည်။ ဘာမျှရေးမထားသော ဗလာစာရွက်လေးက သူ့ရင်ကို နှုံးခွေသွားစေလေ၏။

"ဟေး ... ပေါက်ပြီကွ"

ဖြူလုံးက မဲလိပ်ကလေးကို မြှောက်ပြရင်း ထခုန်လေသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com

အားလုံး ဖြူလုံးကို အားကျသော မျက်ဝန်းများဖြင့် ငေးကြည့်မိကြသည်။

"အားလုံး ကျေနပ်တယ်နော်။ ကဲ ... ဖြူလုံး။ ဟိုမှာ ပြန်ကြပြီထင် တယ်။ မင်းလိုက်သွားတော့"

ကိုကြီးစိုး စကားဆုံးသည်နှင့် ဖြူလုံးက ထပြန်သွားကြသော စုံတွဲ နောက်သို့ ပြေးလိုက်သွားလေ၏။ ဖြူလုံးကို လှမ်းကြည့်ရင်း သူ သက်ပြင်းမော တစ်ခု မှုတ်ထုတ်လိုက်မိသည်။

"နောက်နေ့တွေ ရှိပါသေး တယ်"ဟု သူကိုယ်သူ အားပြန်တင်း လိုက်သည်။

×××

သည်နေ့ ညောင်ပင်အောက် သို့ သူ အစောကြီးရောက်နေလေသည်။ နှတ်ကွန်းလေးကို သူ လှမ်းကြည့်လိုက်တော့ အမွှေးတိုင်များ ထွန်းထားသည် ကိုပင် မတွေ့ရသေး။ မည်သူမျှ ရောက်ရှိသေးပုံမပေါ်။

"ဟ ... ငမိုး။ မင်းက ငါ့ ထက်တောင် စောနေပါသေးလား ကွ"

"အေးကွာ ... ငါတစ် ယောက်တည်းဆိုတော့ စောစောပဲလာခဲ့ လိုက်တာ"

ချစ်ခိုင်က သူ့ဘေးတွင် ဝင်ထိုင်၏။ သူတို့အဖွဲ့တွင် ချစ်ခိုင်နှင့်သူ နှစ်ယောက်သာ ရှိတော့သည်။ ကျန်သည့် အဖွဲ့ဝင်အားလုံး မှီတွယ်ရာ ကိုယ်စီရသွားကြပြီဖြစ်သည်။ တိုးအောင် သည်ပင် မနေ့က မိန်းကလေးတစ် ယောက်နောက် ပါသွားပြီဖြစ်၏။ တိုးအောင်အကြောင်း စဉ်းစားမိတော့ မနေ့က အဖြစ်အပျက်များက သူ့အတွေး ထဲ ပြန်ဝင်လာလေသည်။ မနေ့က တိုးအောင်လိုက်သွားသည်မှာ စုံတွဲ တစ်တွဲမဟုတ်။ မိန်းကလေးတစ်ယောက် တည်းဖြစ်၏။ ထိုမိန်းကလေးမှာ ခန္ဓာကိုယ်ကို ရင်းနှီးလုပ်ကိုင်နေသော လိင်အလုပ်သမတစ်ယောက် ဖြစ်၏။ တစ်စုံတစ်ရာ လွဲမှားမှုကြောင့် ကိုယ်ဝန် ရလာခြင်းဖြစ်သည်။ လင်ကောင်မပေါ်ဘဲ မွေးရမည့် ထိုမိန်းကလေးနောက်သို့

သူတို့သုံးယောက်လုံး မလိုက်ချင်ခဲ့ကြ ပေ။ ထို့ကြောင့် ထုံးစံအတိုင်း မဲလိပ် နှိုက်ကြရပြန်၏။ တိုးအောင် မဲပေါက်လေ သည်။ မိန်းကလေးနောက်သို့ လေးပင် သော ခြေလှမ်းများဖြင့် လိုက်ပါသွား သော တိုးအောင်မျက်နှာကို ယခုထိ မြင်ယောင်နေမိ၏။

"ငမိုးရေ ဒီနေ့လည်း မစွံဘူး ဟေ့"

ချစ်ခိုင်အသံကြောင့် သူ လှမ်းကြည့်လိုက်မိသည်။ ကလေးတစ် သိုက်နှင့် အမျိုးသမီးတစ်ယောက်။ အမျိုးသမီး၏ ရှေ့ခပ်လှမ်းလှမ်းတွင် ကောင်လေးတစ်ယောက်က မျောက် လောင်းပမာ ပြေးလွှားရင်း ဆော့လာလေ ၏။ အမျိုးသမီး၏ ရင်ခွင်ထဲတွင် ကလေးတစ်ယောက် ပွေ့ချီထား၏။ လက်တစ်ဖက်ကလည်း လေးနှစ်အရွယ် ခန့် ကလေးမလေးတစ်ယောက်ကို ဆွဲထားသည်။ အမျိုးသမီး ဝတ်စားထား သည်မှာလည်း ခပ်နွမ်းနွမ်း။ သည်နေ့ သည်း ချစ်ခိုင်နှင့်သူ မဲနိုက်ရဦးမည်ထင်

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါပဲကွာ။ တို့ဝိညာဉ်တွေရဲ့ ဘဝဆိုတာ ကိုယ်ခိုနားရမယ့် တွယ်မိရာလေးတစ်ခုကို မျှော်လင့်နေကြရတာပါပဲ။ ကံကောင်းရင် ကောင်းသလို ဘုံဘဝလှလှလေးရကြမယ်။ ကံဆိုးတဲ့အခါလည်း ဆိုးသလိုပေါ့။ ဒီညောင်ပင်ကြီးနဲ့ ဒီနတ်ကွန်းလေးမှာ ဆုလာတောင်းတဲ့ ဗိုက်ကြီးသည်တွေ ရှိနေသရွေ့ မင်းအတွက် မျှော်လင့်ချက်ပြည့်ဝလာမှာပါကွာ"

ကိုကြီးစိုးက သူ့ကို အားပေးစကားပြောပြီး လှည့်ထွက်သွားလေ၏။

နှာခေါင်းထဲကို တိုးဝင်လာသော အမွှေးတိုင်အနံ့စူးစူးကို ရှူရှိုက်လိုက်ရင်း နတ်ကွန်းလေးကို သူ မော့ကြည့်လိုက်မိသည်။

"မနက်ဖြန်က ငါ့အတွက် မိတွယ်ရာတစ်ခု သယ်ဆောင်လာမှာပါလေ"

သက်ပြင်းချလိုက်ရင်း သူနှုတ်မှ တိုးဖွဖွလေး ရွတ်ဆိုလိုက်လေ၏။

မိုးသောက်ထွန်း

သည်။

"ကဲ ... ဟော့ကောင်တွေ ဘယ်လိုလဲ။ မဲလိပ်နှိုက်မှာလား"

အနားရောက် လာမြှီး မေးလိုက်သော ကိုကြီးစိုးစကားကြောင့် ချစ်ခိုင်နှင့်သူ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ကိုကြီးစိုးအမေးကို ပြန်မဖြေမိဘဲ နှစ်ယောက်သား အတန်ကြာအောင် ခေါင်းငုံ့ပြီး ငြိမ်သက်နေမိကြ၏။

"ကျွန်တော်လိုက်မယ်"

ချစ်ခိုင် ပြန်ဖြေလိုက်သံကြောင့် သူ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။ ချစ်ခိုင်က သူ့ကို ပြုံးပြ၏။ ထို့နောက် အမျိုးသမီးဆီသို့ လှမ်းသွားလေသည်။ အမျိုးသမီး၏ ရင်ခွင်ထဲမှ ကလေးက ချစ်ခိုင်ကိုမြင်ပြီး စူးစူးဝါးဝါး အော်ငိုလေသည်။ ချစ်ခိုင်က စပ်ဖြဲဖြဲ အမှုအရာဖြင့် ပြောင်ပြသောအခါ အငိုတိတ်သွားလေ၏။ ချစ်ခိုင် အမျိုးသမီးနှင့် ကလေးတစ်သိုက်တို့ သူမြင်ကွင်းထဲမှ တဖြည်းဖြည်း ပျောက်ကွယ်သွားကြသည်အထိ သူ ငေးကြည့်နေမိ၏။

သူပခုံးပေါ်ကို လက်တစ်ဖက် ကဆုပ်ကိုင်လာသည်။ မော့ကြည့်လိုက်တော့ သူကို ပြုံးပြနေသော ကိုကြီးစိုးကို တွေ့လိုက်ရ၏။

"တစ်ယောက်တည်း အားငယ်နေလား"

ကိုကြီးစိုးအမေးကို သူ ခေါင်းခါရမ်းပြလိုက်သည်။ အမှန်တော့ သူ အားငယ်သလို ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဗျိုင်္ဂလက်ချက်တို့၏သာဓင်

ကုန်းဘုရင်ဘုစိလ်

နဲ့ ဗျူဟာမြောန်(MOTAA)

၁၆၂

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

GAME OF DEATH ။

The Way of the Dragon ဇာတ်ကားမှ ဇာတ်ဂင်ခန်းတစ်ခု တွင် ဘရုစ်နှင့် မင်းသမီးဖြစ်သူ နိုရာ မြောင်တို့ သည်သည် တံတားတစ်ခု အပေါ်တွင် လမ်းလျှောက် လာယင်း၊ အဝေးတွင် မြင်နေရသော လှပသည့် ပန်းခြံနှင့် ရေတံခွန်တို့ လှမ်းမြင်ရသည့် ရှုခင်း၌ မင်းသမီးက ထိုပန်းခြံသည် ရှေးဘုရင် တစ်ပါးက သူချစ်မြတ်နိုးသော မိဖုရား အတွက် တည်ဆောက်ခဲ့ခြင်း ဖြစ် ကြောင်း ပြောပြသည်။ ထိုအခါ- ဘရုစ်မှ "ငွေတွေ့ အရမ်းကုန်မှာပဲ့" ဟုပြော ရာ၊ မင်းသမီး မှ "ဘုရင်က သူ့မိဖုရားကို တကယ်ကို ချစ်တာဖြစ်မယ်။ ရှင် ဒါကို သဘောကျလားဟင်" ဟုပြန်မေးသော အခါတွင်၊ ဘရုစ်က -

"အလကား ဖြုန်းတီး တာပဲ။ ဟောင်ကောင်မှာ ဆိုယင် ဒါမျိုးကို ပိုက်ဆံ လုပ်ပစ် လို့ရတယ်"

အမှန်တကယ် အားဖြင့် Game of Death ရုပ်ရှင် ပေါ် ပေါက် လာ ရခြင်းမှာလည်း- အထက်တွင် ဘရုစ် ပြောခဲ့သလို ပိုက်ဆံလုပ် ရိုက်စားခြင်း ဖြစ်ပါသည်။

ဖြစ်ရပ် အပြည့်အစုံကို သဘောပေါက်ရန်အတွက်- ၁၉၇၃- ခုနှစ်၊ ဇူလိုင်လ ၂၀-ရက်တွင် ဘရုစ်လီ သေဆုံးပြီးမှ ပေါ်ပေါက်လာရသော Game of Death ဇာတ်ကား၏ အခြေ အနေ ကို နားလည်ရပါမည်။

The Way of the Dragon ဇာတ်ကားကို ရိုက်ကူးအပြီး၊ Enter the Dragon ဇာတ်ကားကို မရိုက်ခင်ကာလ- ၁၉၇၂-ခုနှစ် အောက်တိုဘာလတွင်- ဘရုစ်လီသည် သူ၏ တပည့်ရင်းဖြစ်သူ ဒန်အီနီဆန်တို့၊ ဘက်စကက်ဘော နာမည်ကျော် ကာရင်း အဗ္ဗဒူလ် ဂျက် ဘာ၊ ဟက်ကီဒို သိုင်းပညာရှင် ကျီဟန် ကျိုင်တို့နှင့် ဇာတ်လမ်း မရှိသော ဖိုက်တင် အချို့ကို ရိုက်ကူးခဲ့သည်။

၁၉၇၂-ခုနှစ်၊ နိုဝင်ဘာလ တွင် Enter the Dragon ဇာတ်ကား ရိုက်ကူးရန် အဆင်ပြေသွားပြီးနောက် ထိုဖိုက်တင်ခန်းတို့သည် ဝိုးလ်ဒန်း ဟားဗတ်စ် စတူဒီယို၏ အအေးခန်းတွင် ထားရှိခဲ့သည်။ ထို ရိုက်ကူးချက်တို့သည် ဘရုစ်လီနှင့် ရေမွန်ချောင်တို့ တစ်ဂက်စီ ပိုင်ဆိုင်သည်ဟု ဆိုနိုင်ပါသည်။

အကယ်၍များ ဘရုစ်လီသာ မသေဆုံးခဲ့လျှင်- ထို ဖိုက်တင်ခန်း ရိုက်ကူးချက်တို့သည် ရုပ်ရှင်ကား တစ်ခု အနေဖြင့် ပေါ်ပေါက်လာရန် အလွန် ခဲယဉ်းပါသည်။ အဘယ့်ကြောင့်ဆိုသော အကြောင်းများထဲတွင်- ထိုဇာတ်ကား တို့တွင် ကြည့်ပါက ဘရုစ်သည် ကျန်းမာ ဟန် မရှိခြင်း ပေါ်လွင်နေသည်။ ထိုကာလသည် သူ့အနေဖြင့် အင်နာဘို လစ် စတားရွိုက်ဆေးများသုံးစွဲခြင်းကို ရပ်ထားသော ကာလဖြစ်ပြီး (မှတ်ချက်၊ ၁၉၇၂-ဒီဇင်ဘာတွင် ဘရုစ်အနေဖြင့် ထိုဆေးများကို ပြန်သုံးပါသည်။) ကိုယ် အလေးချိန် ပေါင် ၂၀-လျော့ကျနေသော ကာလ ဖြစ်သည်။ မျက်နှာမှာ ဖြူဖတ်

www.burmeseclassic.com

www.burmeseclassic.com

ဖြူလျော် ဖြစ်နေပြီး၊ အဂါရောင် ဂတ်စုံကို ဂတ်ထားသည်လည်းမှာ အလွန်ချောင်ချို နေသည်။ ဤဇာတ်ကားသည် ဘရုစ် အနေဖြင့် ရင်ဘတ်ဝလာ ကိုလုံးပမပြသည့် တစ်ခုတည်းသော ဇာတ်ကား ဖြစ်သည်။ အခြားဇာတ်ကားများကဲ့သို့ ပြင်းထန်သည့် အင်အားစွမ်းရည် ဖေါ်ပြနိုင်ခြင်း မရှိသည့် အပြင်၊ တပည့်ဖြစ်သူ ဒန်အီနီဆန်တိုနှင့် ယှဉ်ပြိုင်ရာတွင်လည်း လက်ရည်ခြင်း ညီသလို ဖြစ်နေသည်။ သို့သော်လည်း ဘရုစ်လီ သေဆုံးသွားသောအခါ- အချို့သော လူတချို့သည် ထိုဖိုက်တင်ခန်းများကို အသုံးချ၍ ပိုက်ဆံလုပ်စားရန် အကြံရ လာခဲ့ပါသည်။

နောက်ဆုံး တည်းဖြတ်လိုက်သောအခါ ထိုဖိုက်တင်ခန်းများသည် စုစုပေါင်းမှ ၁၅-မိနစ် အချိန်သာ ရှိပါ၏။ ရှင်ရှင်ဇာတ်ကား တစ်ခုအနေဖြင့် ဖြစ်လာရန်အတွက် နောက်ထပ် - အချိန် မိနစ် ၁၀၀ စာ လိုအပ်ပါသေးသည်။ လင်ဒါလီထံမှ ထိုဇာတ်ကား ရိုက်ခွင့်ကို အမေရိကန် ဒေါ်လာ ၂-သိန်းဖြင့် ဂယ်ခဲ့ ပြီး နောက် ဘရုစ်လီ နေရာတွင် အခြား ဘရုစ်လီအတု ဖြင့် အစားထိုးရိုက်ကူးရန် လိုအပ်လာသည်။

ယူနီဘဆယ် စတူဒီယိုတွင် ဘရုစ်အတုကို ရွေးချယ်ရာဖွေရန် အတွက် အရည်အချင်းစမ်းပွဲ (အော်ဒီရှင်း) များအတွက် အကြီးအကျယ် ကြော်ငြာရာဖွေခဲ့သော်လည်း- ဘရုစ်လီ အတုကိုရှာနေသည်ဟု ထုတ်ဖော် ကြေညာခဲ့ခြင်း မရှိခဲ့။ ပါဂင်ယှဉ်ပြိုင်သူ တစ်ထောင်ကျော်အနက်မှ - တရုတ် လူငယ် တစ်ယောက်ကို ရွေးချယ်ပြီး သူ့အား ဘရုစ်လီပုံစံအတုလုပ်ရန် လေ့ကျင့်ပေးခြင်းအတွက် အလုပ်ရှုပ် နေချိန်တွင် ရေမွန်ချောင်မှာလည်း- ဇာတ်လမ်း မရှိသော ဖိုက်တင်ခန်းများ ကို ဇာတ်လမ်း ရှိလာအောင် အကြံ ထုတ်ရတော့သည်။

ဇာတ်ဂင်ခန်း ရေးသူ ဂျန် စပီး ယားအနေဖြင့် သုညမှစ၍ ဇာတ်လမ်း ဖြစ်အောင် ဇာတ်ညွှန်းကို ရေးသားခဲ့ သည်။ အကယ်၍များ ဘရုစ်လီအနေဖြင့် မသေဆုံးခင် ကသာ ဇာတ်ညွှန်းတစ်ခုခု ရေးသားဘူးမည် ဆိုပါလျှင်လည်း- ဘရုစ်လီ၏ ကိုယ်ပိုင်ပစ္စည်းများကို လေလံပစ်ပွဲတွင် ကိုဇာတ်ညွှန်းကို ရောင်းစားခဲ့ပြီး ဖြစ်မည်မှာ အမှန်ပင် ဖြစ်သည်။

ဇာတ်လမ်း တစ်ခုလုံးတွင် ဘရုစ်လီအတုအနေဖြင့် နေကာမျက်မှန် ဖြင့် သူမျက်နှာကို ကွယ်ထားခဲ့သည်။ သို့သော်လည်း ရန်ဖန်ရန်ခါ ဘရုစ်လီ မျက်နှာ အနီးကပ်ကို ယှဉ်ပြလိုက်သော အခါ ကိုက်ညီမှု မရှိသည်ကို ထင်ရှားစွာ တွေ့ရသည်။

Game of Death ဇာတ်ကား ကို ရုံတင်သောအခါတွင်လည်း ဘရုစ်လီ သရုပ်ဆောင်သည်ဟုသော ကြေညာ၍ ဘရုစ်လီ အဖြစ် အစားထိုး သရုပ်ဆောင် သူ၏ အမည်ကို လုံးဝ မဖော်ပြခဲ့ချေ။ ထို့ထက် ပိုဆိုးသေးသည်က ဤဇာတ် ကားတွင် လုံးဝမပါဝင်သော ချက်ခ် နောရစ်ကို ပါဂင်ပါသည် ဆိုပြီး ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ခြင်း ဖြစ်သည်။

ကျိုကဲ့သို့သော ညံ့ဖျင်းစွာ ဖြတ်ညှပ်ကုပ်ထားပြီး၊ ငွေရယုံ သက်သက်လုပ်စားခြင်းသာ ဖြစ်သည့် ဇာတ်ကားတစ်ခုကို တစ်ခေတ် တစ်ယောက် ကိုယ်ခံပညာရှင် ရုပ်ရှင်သရုပ်ဆောင် ဘရစ်လီ၏ နောက်ဆုံးရိုက်ထားသော ဇာတ်ကားအဖြစ် တကွန်အာလုံးမှ လူအများအားလှည့်ပတ် အယုံသွင်းခဲ့ခြင်းသည် ဘရစ်လီအတွက် စိတ်မကောင်းစရာပင် ဖြစ်ပါတော့သည်။

၁၉၇၃-ခုနှစ် ဇူလိုင်လ ၂၀-ရက်သို့ တစ်ခေါက်ပြန်လေ့လာခြင်း။

လွန်ခဲ့သော နှစ်ပေါင်း ၂၉-နှစ်အထိတကွန်အာလုံးမှ လူများသိထားကြသည်မှာ- ဘရစ်လီသည် အက်စပရင်ပါသော ဆေးစားမိပြီး ဦးနှောက် ဖောယောင်သော ဂေဒနာဖြင့် သေဆုံးခဲ့သည်ဟု ဖြစ်သည်။

၁၉၇၃-ခုနှစ်၊ ဇူလိုင်လ ၂၀-ရက်တွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ကို နားလည်နိုင်ရန် ထိုစဉ်က ဘရစ်၏ ဘဝတိုးတက်မှု လမ်းကြောင်း အခန်းကို ဦးစွာ သဘောပေါက်ထားသင့်ပါသည်။

Enter the Dragon ဇာတ်ကားကို ရုံတင်ခြင်း မပြုရသေးသော်လည်း ဘရစ်သည် ကမ္ဘာကျော်မင်းသားဘဝကို ရောက်ရန် ခြေတစ်လှမ်း အကွာတွင် ရှိနေပြီး ဖြစ်သည်။ သူ့အနေဖြင့်လည်း အမေရိကန်သို့ အပြီးတိုင် ပြန်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ အခြေအနေများက ဤသို့ရှိနေလျှင်- ဘရစ်လီ၊ ဇရဖွန်ချောင်နှင့် ဘက်တီဘင်းတို့ အနေဖြင့် Game of Death ဇာတ်ကား အတွက် ဇာတ်ညွှန်းကို ပြန်ပြင် ရေးရန် တိုင်ပင်ကြသည် ဆိုသည့်အဆိုကို စဉ်းစားစရာ ရှိလာသည်။

အဖြေမှာ ရှင်းပါသည်။ ဘရစ်လီ၏ ဘဝရည်မှန်းချက် ပြည့်တော့မည်။ ဟောလိဝုဒ်သည် သူ့အိမ်တံခါးတွင် ရောက်နေပြီ၊ သူတို့အနေဖြင့် ဇာတ်ညွှန်းကိစ္စကို အချိန်ကုန်ခံ စဉ်းစားဆွေးနွေးနေစရာ မလိုပါ။ ဇာတ်ညွှန်းမရှိသော ဇာတ်လမ်းကို ပြန်ပြင်ရေးရန်လည်း မလို။ အကယ်၍ ဇာတ်ညွှန်း ရှိထားပြီးဖြစ်ခဲ့လျှင်လည်း ထိုကိစ္စသည် ဇရဖွန် ချောင် အနေဖြင့်သော်လည်းကောင်း၊ ဂိုးလ်ဒန်း ဟားဗတ်စ် အနေဖြင့်သော်လည်းကောင်း၊ ကွန်ဇက္ကာ ထုတ်လုပ်ရေး အနေဖြင့် ဒေသ်လည်းကောင်း ဘယ်အကြောင်းနှင့်မျှ အလောသုံးဆယ် လုပ်စရာ မလိုပါ။ ဂါးနားဘရားသား၏ အကြီးအကဲဖြစ်သူ တက်ဒ် အက်ရှ်လေကို ဖုန်းခေါ်၍ ဟောလိဝုဒ်မှ အကောင်းဆုံး ဇာတ်ညွှန်းရေးသူ သုံးယောက်ကို အဆင်သင့် ခေါ်ယူလိုက်ယုံသာ ရှိပါသည်။ သူအနေဖြင့် အမေရိကန် ဘေဟာလီ ဟေးလ်တွင် ဇိမ်ကျကျ ထိုင်လျက် ဇာတ်ညွှန်းရေးသူများ၏ ရေးသားချက်ကို ဝေဘန်နေယုံပင် ဖြစ်သည်။

ထိုမျှမက- ဘရစ်လီအနေဖြင့် သူစိတ်ထဲမှ ကြိုတ်ပြုင်ခဲ့သော စတိဗ်မက်ကွင်း နှင့် ဂျိမ်းစ် ကော်ဘန် တို့နှင့် အတူ လျှောက်လည်ကာ- စီးပွားရေး ကျွမ်းကျင်သော မန်နေဂျာများ၊ ရုပ်ရှင်လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

နှင့် ဆိုင်သော ဥပဒေပညာရှင်များနှင့် ငွေရေး၊ ကြေးရေး အလုပ်သဘောတို့ကို အမေရိကန်တွင် ဆွေးနွေးနေယုံပင် ဖြစ်သည်။ ထိုကိစ္စသည် ယခင်ကတည်းက ဘရစ်လီ လွန်စွာ ဖြစ်လိုသော အနေအထားမျိုးဖြစ်သည်။

သို့သော် ရေမွန်ချောင်၊ ဘက်တီတင်းနှင့် လင်ဒါလီ တို့မှ လွန်ခဲ့သော ၂၉-နှစ်လုံးလုံး လောကတစ်ခုလုံးကို အသိပေးခဲ့သည်က ဘရစ်အနေဖြင့် အင်မတန် ပျာယီပျာယာ နိုင်နေသော အနေအထားမျိုး ဖြစ်သည်။

သူတို့၏ အဆိုအရ- ရေမွန်ချောင် ဘရစ်လီ၏ အိမ်သို့ရောက်လာပြီး ဇာတ်ညွှန်းကို ပြန်ရေးရန် အတွက် နာရီများစွာ ဆွေးနွေးကြသည်။ ထိုကိစ္စတွင်လည်း အံ့သြစရာ တစ်ခု ထပ်တွေ့ရပြန်ပါသည်။ ရေမွန်ချောင် သည် ဘရစ် ဇာတ်ညွှန်းရေးခြင်း၌ တွဲဘက် ကူညီသည်ဆိုသော အချက်ဖြစ်သည်။ "ဒေါ်ရှိသီ" အမည်ရှိ တိုင်ဖုန်း မှုန်တိုင်း မပြီးပြတ်သေးခင် ကာလမှာပင်- တတိယတန်း အဆင့်သာ ရှိသော မင်းသမီးဖြစ်သည့် ဘက်တီတင်းပေးအား နောက်ရိုက်မည့် ဇာတ်လမ်းတွင် သူ့အား ထည့်သွင်းရိုက်ရေး ကမ်းလှမ်းရန်အတွက် သူမ နေအိမ်သို့ မုန်တိုင်းကြားတွင် အလောတကြီး သွားခဲ့ကြသည်။

သူမကလည်း လက်ခံပြီး၊ သူတို့သုံးယောက်ကမိရာမဟိုတယ်တွင် ဂျော်ချ် လာဇင်ဘိုင်နှင့် ထမင်းလက်ဆုံစားရင်း ဆွေးနွေးကြမည်။ ဂျော့ချ်ကလည်း လက်ခံမည်ဟု မျှော်လင့်ထားသည်။ ဤသည်ကား သူတို့၏ အဆို။

သို့သော် လွန်ခဲ့သော ၂-ပါတ်ကပင် ထိုစဉ်က လျှမ်းလျှမ်းတောက်ကျော် ကြားနေသော ကမ္ဘာကျော် အဆိုတော် ရုပ်ရှင်မင်းသား အဲလ်ပစ်ပရက်စလေနှင့် တွဲ၍ ရိုက်ကူးရန် ကမ်းလှမ်းမှုကို ငြင်းခဲ့သော ဘရစ်လီသည် ထိုစဉ်က ဒုတိယတန်း အဆင့်သာ ရှိသော ဂျော့ချ် လာဇင်ဘိုင်ကို သွားရောက် စည်းရုံးသည် ဆိုခြင်းသည် စဉ်းစားရန် သင့်သော အချက်ဖြစ်သည်။

(အဲလ်ပစ် ပရက်စလေသည် ကရာတေးဆရာကြီး အဒ်ပါကာ၏ အဆင့်မြင့်ခါးပါတ်နက် သင်တန်းသား ဟောင်းဖြစ်သည်။ စာရေးသူ)

လွန်ခဲ့သော ၂-လ ခန့်က သတိလစ် လဲကျ၍ မနည်း အသက်ပြန်ကယ်ထားရသော ဘရစ်လီသည် ယခုအခါ လွန်စွာ အင်အားပြည့်လျှက် ဟောင်ကောင် ရုပ်ရှင်ထုတ်လုပ်သူ၊ တတိယတန်းစား မင်းသမီး၊ ဒုတိယတန်းစား တွဲဖက်မင်းသား တို့နှင့် ရုပ်ရှင်ရိုက်ရန် တစ်နေ့ခင်းလုံးနှင့် တစ်ညနေလုံး အလုပ်များရန် စီစဉ်ထားသည် ဆိုခြင်းကလည်း လွန်စွာ သဘာဝ မကျသော အချက် ဖြစ်သည်။ နေ့လယ်မှ သေဆုံးချိန်အထိ အနေး ၂-ဘူးသာ သောက်ရသေးသည် ဟု ဆိုသည်။ ထိုသို့သော အနေအထားမျိုးသည် လွန်ခဲ့သော ၆-လခန့်က ဘရစ်လီ၏ အခြေအနေ၊ သူ့ အနေဖြင့် အောင်မြင်မှုတံခါးဟသို့မရောက်သေးခင် အခြေအနေမျိုး၊ သတိလစ် လဲကျခြင်း

www.burmeseclassic.com

www.burmeseclassic.com

မရှိခဲ့သော အခြေအနေမျိုးဆိုလျှင် ဖြစ်နိုင်ရာ ရှိပါသည်။ သို့သော် ဘုဂ္ဂဒ-ခုနစ်ဇူလိုင်လ- ၂၀-တွင် လက်တွေ့ အခြေအနေက ဘရစ်လီအတွက် အကြီးအကျယ် ပြောင်းလဲသွားနေပြီ ဖြစ်သည်။

သို့ဆိုလျှင်- မူလ ကျွန်တော်တို့ သိထားသည့် ဘရစ်လီ၏ နောက်ဆုံးနေ့ ဇာတ်လမ်းတွင် ဘာတွေများနေသနည်း။

ပထမ စဉ်းစားရမည်က ရေမွန်ချောင်သည် Game of Death ဇာတ်ကား၏ ဇာတ်ညွှန်းကို ပြန်ပြင်ရေးရန်အတွက် ဘရစ်လီ၏ အိမ်သို့ လာသည်ဆိုခြင်း မဖြစ်နိုင်လျှင်- မည်သည့် အတွက်ကြောင့် လာရခြင်းဖြစ်နိုင်သနည်း။ ဖြစ်နိုင်စရာ ၂-ခု ရှိပါသည်။

ပထမ တစ်ချက်အနေဖြင့် ဘရစ်လီ၏ ဆေးဝါးသုံးစွဲမှုဖြင့် ပတ်သက်နိုင်သည်။ လွန်ခဲ့သော ၁၀-ရက်က ဂိုးလ်ဒန်း ဟားဗတ်စ် စတူဒီယိုတွင် ဘရစ်သည် ဒါရိုက်တာ လိုဂေးကို သတ်မည်ဖြတ်မည်ဖြင့် ခြိမ်းခြောက်ခဲ့သည်။ ဘရစ်၏ ခန္ဓာကိုယ် ယိုယွင်းနေခြင်း ဖြစ်နေသလို၊ အဆင်မသင့်လျှင် မသင့် သလို ထပေါက်ကွဲတတ်သည့် သူ့စိတ် နှင့် သူ့ဒေါသကြောင့် အိမ်တွင် တစ်ခုခု ပုန်းပုန်းဝှိုင်းဝှိုင်း ဖြစ်ခြင်းကြောင့် လင်ဒါမှ ရေမွန်ချောင်ကို ဖုန်းခေါ်လိုက်သည် ဆိုလျှင် မည်သို့နေမည်နည်း။

နောက်တစ်ချက် အနေဖြင့်က တော့- အကယ်၍ ဘရစ်သာ အမေရိကန်သို့ အပြီးပြန်သွားခဲ့သော်- သန်းပေါင်းများစွာသော အခွင့်အလမ်းကို ဆုံးရှုံးသွားနိုင်သူဖြစ်သည့် ရေမွန်ချောင်အနေဖြင့် ဘရစ်အား ထိုကိစ္စကို ဆိုင်းငံ့ရန် လာရောက်ညှိနှိုင်းသည် ဆိုလျှင် များစွာ ဖြစ်နိုင်ချေ ရှိနေသည်ကို တွေ့ရသည်။ ဘရစ်လီအနေဖြင့် အမေရိကန်သို့ အပြီးပြန်သွား၍ ဟောလိဝုဒ်နှင့် အလုပ်လုပ်ဆက်လုပ်တော့မည် ဟုလည်း အားလုံးကိုလည်း ကြေညာထားပြီး ဖြစ်ပါ၏။ ထို့အပြင် The Way of the Dragon ဇာတ်ကား၏ အဆုံးသတ်အတွက် ဘရစ်လီ နှင့် ရေမွန်ချောင် အနေဖြင့် ဘရစ်အား ထိုကိစ္စကို ဆိုင်းငံ့ရန် လာရောက်ညှိနှိုင်းသည် ဆိုလျှင် များစွာ ဖြစ်နိုင်ချေ ရှိနေသည်ကို တွေ့ရသည်။ ဘရစ်လီအနေဖြင့် အမေရိကန်သို့ အပြီးပြန်သွားခဲ့သော်- သန်းပေါင်းများစွာသော အခွင့်အလမ်းကို ဆုံးရှုံးသွားနိုင်သူဖြစ်သည့် ရေမွန်ချောင် အနေဖြင့် ဘရစ်အား ထိုကိစ္စကို ဆိုင်းငံ့ရန် လာရောက်ညှိနှိုင်းသည် ဆိုလျှင် များစွာ ဖြစ်နိုင်ချေ ရှိနေသည်ကို တွေ့ရသည်။ ဘရစ်လီအနေဖြင့် အမေရိကန်သို့ အပြီးပြန်သွားခဲ့သော်- သန်းပေါင်းများစွာသော အခွင့်အလမ်းကို ဆုံးရှုံးသွားနိုင်သူဖြစ်သည့် ရေမွန်ချောင် အနေဖြင့် ဘရစ်အား ထိုကိစ္စကို ဆိုင်းငံ့ရန် လာရောက်ညှိနှိုင်းသည် ဆိုလျှင် များစွာ ဖြစ်နိုင်ချေ ရှိနေသည်ကို တွေ့ရသည်။ ဘရစ်လီအနေဖြင့် အမေရိကန်သို့ အပြီးပြန်သွား၍ ဟောလိဝုဒ်နှင့် အလုပ်လုပ်ဆက်လုပ်တော့မည် ဟုလည်း အားလုံးကိုလည်း ကြေညာထားပြီး ဖြစ်ပါ၏။ ထို့အပြင် The Way of the Dragon ဇာတ်ကား၏ အဆုံးသတ်အတွက် ဘရစ်လီ နှင

www.burmeseclassic.com

သံသယရှိနေကြောင်းကို အများသို့ထုတ်
ပြန် ကြေညာချိန်လည်း ဖြစ်နေသည်။
အကယ်၍ ဘရုစ်အနေဖြင့် အမေရိကန်
သို့ ပြန်ခြင်းကြောင့် ဟောင်ကောင်
လူမိုက်ကိုကိုးတို့ မကျေနပ်ကြဟု တစ်စုံ
တစ်ယောက်က ပြောမည် ဆိုလျှင်
ထိုလူမိုက် ဂိုဏ်းသည် မည်သူနှင့်သာ
အနီးဆုံးဖြစ်နိုင်သည်ကို ချင့်ချိန်နိုင်ပါ
သည်။

အနှစ် ၂၉-နှစ်ကြာ ပုတ်ကွယ်
ထားခဲ့သော အချက်ဘစ်ချက်မှာလည်း-
မိသားစုကြီး ၂-စု အတူတူနေကြသော
ကမ်ဘာလမ် နေအိမ်သည် ထိုအခင်း
ဖြစ်ပွားသော နေ့ ၁၉၇၃-ခုနှစ်၊ ဇူလိုင်လ
၂၀-ရက်နေ့တွင်မှ မည်သည့် အကြောင်း
ကြောင့် တိုက်တိုက်ဆိုင်ဆိုင် ထူးဆန်းစွာ
လူသူမရှိ ခြောက်ကပ် နေရပါသနည်း။
လင်ဒါက သူမအနေဖြင့် အဆိုတော်
ဆမ်ဟွေ့၏ ဇနီးဖြစ်သူ ရီဘူဟွေနှင့်
အတူ အပြင်သို့ နေ့လယ်စာ ထွက်စား
သည်ဟု ဆိုခဲ့သည်။ သို့ဆိုလျှင်-ပူဇင်က
ဘယ်မှာ ရောက်နေပါလဲ၊ ပူဇင်၏ ဇနီး
ကကော ဘယ်ရောက်နေပါလဲ။ အိမ်က
ကလေးတွေကို ဘယ်သူက စောင့်
ရှောက် နေသလဲ၊ ကလေးတွေရော
ဘယ်ရောက်နေသလဲ၊ အားလုံးတကယ်
ပဲ တစ်ယောက်မှ မရှိကြဘူးလား။
နေ့လယ် ကြောင်တောင်တွင် - အိမ်သား
အားလုံး တစ်ယောက်မှ မရှိဘူးလား။
တကယ်အားဖြင့် ရေမွန်ချောင်
ဘရုစ်လီ ထံသို့ရောက်လာရသည့်
အကြောင်းရင်းကို- သူကိုယ်တိုင်နှင့်၊
လင်ဒါ၊ ရီဘူဟွေ၊ ဘက်တီလင်း နှင့်
ပူဇင်တို့ သိကောင်း သိကြပါလိမ့်မည်။
ဆိုလိုသည်မှာ - မည်သူမျှ ပြန်ပြောပြ
လိုခြင်း မရှိသည့် ဖြစ်ရပ်တစ်ခု ထို့နေ့၊
နေ့လယ်တွင် ဖြစ်ခဲ့သည် ဆိုသည်က
တော့ သေချာနေပါသည်။ မည်သို့ဖြစ်
သည် ဆိုသည်ကို အတိအကျ မသိရ
သော်လည်း ပူဇင် အနေဖြင့် ထိုကိစ္စဖြစ်
ပြီးနောက် တစ်ပြားမှ ပြန်ပေးစရာ
မလိုသည့် များပြားသော ချေးငွေရခြင်း
ဖြင့် အလွန်ချမ်းသာသော သူဖြစ်သွား
သည်ကတော့ သေချာနေ၏။

မဟုတ်ပါဖြီ၊ ထိုအိမ်တွင်
မည်သည့်ကိစ္စဖြစ်စေကာမူ- ညနေ
၄-နာရီခန့်တွင်တော့ ဘရုစ်နှင့် ရေမွန်
ချောင်တို့သည် ဘက်တီတင်း၏ အခန်း
သို့ လာခဲ့ကြသည်။
စိတ်ဝင်စားစရာကောင်းသည်
က အချိန်ကိစ္စလွဲမှားနေမှု ဖြစ်၍
စုံးစမ်းစစ်ဆေးသော အရာရှိမှ "ခင်ဗျား
တို့အနေဖြင့် မစ်စ် ဘက်တီတင်းရဲ့
အခန်းကို ၄-နာရီ မဟုတ်ပဲ၊ ၃-နာရီမှာ
ရောက်တာကော မဖြစ်နိုင်ဘူးလား"ဟု
မေးခဲ့ရာ- ရေမွန်ချောင်မှ သူတို့သည်
ဇာတ်ညွှန်းအသစ်ကို လေ့လာနေခြင်း
ကြောင့် မဖြစ်နိုင်ပါ ဟု အပြင်းအထန်
ငြင်းဆိုခဲ့သည်။

ဘာဖြစ်လို့ ဘရုစ်နှင့် ရေမွန်
ချောင်တို့သည် ဘက်တီ တင်း၏ အခန်း
သို့ ရောက်လာရသနည်း ဆိုသော
မေးခွန်းအတွက်တွင်လည်း ဖြစ်နိုင်စရာ
အဖြေများစွာ ရှိနေပါသည်။ ပထမအနေ
ဖြင့် ဘရုစ်အနေဖြင့် သူနှင့် ဘက်တီ၏
အကြောင်းကို လူအများသိမှာစိုး၍ သူ

www.burmeseclassic.com

www.burmeseclassic.com

မားစီဒီးကားကို ဘက်တီတင်းအခန်းရှေ့
တွင် ရပ်ထားရန် မဖြစ်နိုင်၍ ရေမွန်ချောင်
မှ လိုက်ပို့ပေးရခြင်းလည်း ဖြစ်နိုင်ပါ
သည်။ ဒုတိယ အနေဖြင့်လည်း ဘရစ်
အနေဖြင့် လွန်ခဲ့သော ၁၀-ရက်ကကဲ့သို့
မှန်ယိုပေါက်ကွဲ ပွဲကြမ်းနေ၍ ရေမွန်မှ
ဘက်တီကို ဖျောင်းဖျပေးရန်အတွက်
အကူအညီတောင်းခြင်း မျိုးဖြစ်နိုင်ပါ
သည်။ တတိယ အနေဖြင့်- ဘရစ်သာ
ဟောင်ကောင်မှ ထွက်ခွာသွားခဲ့လျှင် သူ
စီးပွားထိခိုက်မည်ကို စိုးရိမ်၍ ဘက်တီ
တင်းပေးအား ဖျောင်းဖျပြောဆိုပေးရန်
အတွက် လာခြင်းလည်း ဖြစ်နိုင်ပါသည်။
မည်သို့ပင်ဖြစ်စေ၊ သေချာသော အချက်
ကတော့ သူတို့အားလုံးပြောကြသကဲ့သို့
Game of Death ဇာတ်ကားအတွက်၊
သူမနှင့် အလုပ်ကိစ္စဆွေးနွေးရန် မဖြစ်
နိုင်ခြင်းပင် ဖြစ်သည်။ သူမသည် ဇာတ်
ညွှန်းနားလည်သော စာရေးဆရာ၊ ဇာတ်
ညွှန်းရေးဆရာလည်း မဟုတ်ပါ။ ဘရစ်
လီ၏ တိတ်တိတ်ပုန်း ချစ်သူသာ ဖြစ်
ပါသည်။

သူတို့အနေဖြင့် ဘက်တီတင်း
၏ အခန်းရောက်ပြီးနောက် ရေမွန်အနေ
ဖြင့် အအေးတစ်ဘူးသောက်ပြီးသည်
အထိသာ နေ၍ ဘရစ်နှင့် ဘက်တီတို့
နှစ်ဦးကို ထားကာ ထွက်ခွာသွားခဲ့သည်။
ယခုဆိုလျှင် သူတို့နှစ်ဦးထဲရှိနေပြီဖြစ်ရာ
နောက်ဆက်တွဲဖြစ်စရာများကတော့
ယခင်လပေါင်းများစွာ ကတည်းက ဖြစ်
နေသည့် အတိုင်းသာ ဖြစ်နိုင်၏။ ဘရစ်
အနေဖြင့် ဆေးခြောက် ပေါက်နေပြီး၊
သူတို့နှစ်ယောက် ဘက်တီအိပ်ယာတွင်
ချစ်တင်း နောကောင်း နောကြမည်။
ဤသို့ဖြင့် နာရီအတော်ကြာသွားမည်။
သူမ၏အစစ်ခံထွက်ဆိုချက်အရအားဖြင့်
တော့ ဘရစ်အား အက်ကွာဂက်စစ်
ဆေးပြား တစ်ပြားကို ပေးသုံးပြီးနောက်
နောက်ထပ် လေးနာရီခန့်ကြာ အထိ၊
တနည်းအားဖြင့် သူမအနေဖြင့် ဘရစ်လီ
သတ်လစ် နေသည်ကို သိသည့် အချိန်
အထိ ဧည့်ခန်းတွင် တီဗွီကြည့် နေသည်
ဟု ဆို၏။ အချိန်အားဖြင့် ည ၇း၃၀ တွင်
ဘရစ်သတိလစ် အကြောဆွဲနေခြင်းကို

သူမ သိသွားပြီးနောက် ဝိရာမ ဟိုတယ်
တွင် လာဇင်ဘိုင်နှင့် ညစာစား နေသော
ရေမွန်ချောင်ထံသို့ ဖုန်းခေါ်သည် ဆို၏။
ဤသို့ဆိုလျှင်- ရေမွန်ချောင်နှင့် ဘက်တီ
တို့မှ ဘရစ်လီ၏ အသက်ကို အလျှင်
အမြန်ကယ်ရမည့် အခြေအနေဖြစ်ပါ
သည်။ ပြီးခဲ့သော မေလ-၁၀-ရက်နေ့
တွင် ဤအခြေအနေကို ဘရစ်လီ ကြုံခဲ့
ပြီး ဖြစ်သည်။ နှစ်ခြင်း ခရစ်ယာန် ဆေးရုံ
သည် အဆောက်အဦ အနည်းငယ်သာ
ကွာဝေးပါသည်။ ရေမွန်ချောင့် ဖြစ်စေ၊
ဘက်တီတင်းဖြစ်စေ တစ်ယောက်က
ဆေးရုံအရေးပေါ်ကားကို ဖုန်းဆက်
ခေါ်လိုက်ရုံသာဖြစ်သည်။ ယခင်တစ်
ခေါက်က ကြုံတွေ့ခဲ့ရသော ဘရစ်လီ၏
အခြေအနေကို မန်နီတောလ်(Mannitol)
ဆေးထိုးပေးခြင်းဖြင့် ဖြေရှင်းခဲ့သော
ဆရာဝန်များက ဦးနောက်တွင်းရှိ အရည်
တို့၏ ဖိအား (cerebral-spinal fluid
pressure) ကိုလျော့ပါးစေခြင်းဖြင့်
ကယ်တင်ရမည်ကို ချက်ချင်းသိပြီး လုပ်
ဆောင်မည်သာ ဖြစ်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

လည်း သူတို့ နစ်ဦး စလုံးထိုကဲ့သို့ ဖုန်းဆက်ခေါ်ခြင်း မလုပ်ခဲ့ပါ။ ထိုသို့လုပ်ရမည့်အစား ပြင်းထန်နေသော မုန်တိုင်းထဲတွင် ရေမွန်ချောင်က ဘက်တီ၏ အခန်းဆီသို့ ကားမောင်း လာရန် မိနစ် ၂၀- အချိန်ကုန်ခံလိုက်သေးသည်။

ရောက်လာအခါ ဘက်တီက သူမအနေဖြင့် ဘရစ်လီကို နှိုးရန် ကြိုးစား၍ မရသည့်အကြောင်းကို ရေမွန်ချောင်အား ပြောရာ- ရေမွန်ချောင်က ဘရစ်အနေဖြင့် ပုံမှန်အတိုင်းအိပ်ပျော်နေသည် ထင်ကြောင်း၊ သူကိုယ်တိုင်နှိုးကြည့်ပြန်တော့လည်း မရဟုဆို၏။ သူတို့ ဆေးရုံကားကို ဖုန်းခေါ်ပါသလား။ ဖုန်းခေါ် ရမည့်အစား နောက်ထပ် ဆယ်မိနစ်ခန့် ဘရစ်အား လှုပ်နှိုးရန် ကြိုးစားသည်ဟု ဆို၏။ မရသေး။ သို့ဆိုလျှင်ကော- ဘရစ်၏ လဲကျသတိလစ်မှုကို လောလောလတ်လတ် အနီးကပ် သိခဲ့သည့် ရေမွန်ချောင်သည် ဆေးရုံအရေးပေါ်ကားကို ခေါ်မည့်အစား၊ ဘက်တီတင်း၏ ကိုယ်ပိုင် ဆရာဝန် ဖြစ်သူ ဒေါက်တာ ချူး ဆီသို့ ဖုန်းခေါ်၏။ ဆရာဝန် ဖုန်းလိုင်းက မအားပါ။ ရေမွန်က မရမက ဆက်တိုက်ခေါ်နေ၍ နောက်ဆုံးတော့ ဖုန်းအဆက် အသွယ် ရသွား၏။

ယုံနိုင်စရာ အနေအထားတွင် မရှိသည်ကို တွေ့နေရသည်။ ဂိုးလ်ဒန်းဟားဗတ် စတူဒီယိုတွင် ထိုအခြေအနေကို မေလ-၁၀ ရက်က နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံခဲ့သူ ရေမွန်ချောင် အနေဖြင့် ဘရစ်၏ အသက်ကို ကယ်ရန် စက္ကန့်နှင့် အမျှ အရေးကြီးကြောင်း မသိဘဲ မရှိနိုင်ပေ။

ဤသို့ဖြင့် ဒေါက်တာချူးအနေဖြင့် ဘက်တီ၏ အိမ်ခန်းသို့ ရောက်လာရန် နောက်ထပ်မိနစ် ၂၀-ထပ်ကြာသွားပြန်သည်။ ထိုသို့ဆိုလျှင် ဒေါက်တာချူး ကရော ဘာများ အရေးတကြီးလုပ်ပါသနည်း။ ဘရစ်၏ ပါးကို ဆက်ရိုက်ရင်း နောက်ထပ် ၁၀-မိနစ်အချိန်ဖြုန်းကာ နောက်ဆုံး သွေးစမ်းကြည့်၍ အခြေအနေ မကောင်းမှ ဆေးရုံပို့ရန် ဆုံးဖြတ်သည်။ သို့ဆိုကော- ဘက်တီက ဘုရင်မကြီး ဆေးရုံသို့ ပို့ရာ၌ ဆေးရုံ ရောက်သည့် အချိန်တွင် အသက်မရှိတော့ပါ။

မည်သည့်အတွက်ကြောင့် အနီးဆုံး ဆေးရုံဖြစ်သော နစ်ခြင်း ခရစ်ယာန်ဆေးရုံသို့ မပို့ဘဲ အယ်လီဇာဘက် ဘုရင်မကြီး ဆေးရုံသို့ ပို့ရပါသနည်းဟု ဟောင်ကောင်မှ ရှေ့နေဖြစ်သူ ဘရိုင်ယန် တစ်ဒေါလ်မှ မေးရာတွင်- "ဘရစ်အနေဖြင့် ဆိုးဆိုးရွားရွား သတိလစ်နေပါတယ်။ သွေးစမ်းလို့လည်း မရဘူး၊ အသက်လည်း မရှူဘူး၊ ပျက်လုံးသူငယ်အိမ်ကလည်း မလှုပ်ရှားဘူး၊ အခြေအနေက ဘယ်လိုပဲ ဖြစ်ဖြစ် ပိုကောင်းလာဖို့မရှိတဲ့ အနေအထား ဆိုတော့ ကျွန်တော့်အနေနဲ့ အချိန်က အရေးကြီးတယ်လို့ကို မထင်တော့ဘူး။"

www.burmeseclassic.com

www.burmeseclassic.com

စာရှုသူကို တစ်ခု မေးလိုပါသည်။ သင်၏ မိတ်ဆွေ ဆွေမျိုးသားချင်း တစ်ယောက် အနေဖြင့် ဤအနေအထားမျိုးဖြစ်နေချိန် တွင် ဆရာဝန်ဖြစ်သူက ဤသို့ပြန်ဖြေ ပါက မည်သို့ တုံ့ပြန်ပါမည်နည်း။ ဤသည်ကပင် တစ်စုံတစ်ခုတော့ လွဲနေ ပြီကို သိနိုင်သော အချက်ဖြစ်နေပါသည်။ ဤနေရာတွင် မည်သူကမျှ မေးခဲ့ခြင်း မရှိ၍ ဒေါက်တာ ချူးမဖြေခဲ့သော အချက်ကြီး တစ်ခုရှိနေပါတော့သည်။ ရေမွန်ချောင်၏ အစစ်ခံချက်တွင် သူ့ အနေဖြင့် ဘက်တီ၏အခန်းကို ရောက် စဉ်က ဘရစ်ကို ကြည့်ရသည်မှာ ပုံမှန် အတိုင်း အိပ်နေသည်ကဲ့သို့ ရှိပါသည်ဟု ဖြေခဲ့သည်။ သို့သော် အယ်လီဇဘက် ဘုရင်မကြီး ဆေးရုံသို့ရောက်သည်နှင့် အသက်မရှိတော့ကြောင်း ဆေးရုံမှ ကြေညာလိုက်သည်။ ဘရစ်လီ၏ မျက်နှာသည် ဖရဲသီး တစ်လုံးကဲ့သို့ ယောင်ကိုင်းနေသည် ကို တွေ့ရသည် ဟု ဆေးရုံက ဆိုသည်။ အကယ်၍ ရေမွန်ချောင်သာ အမှန်ကို ပြောသည်ဆို လျှင် ဘရစ်၏ မျက်နှာသည် ဘယ်အချိန် တွင် ထိုကဲ့သို့ ယောင်ကိုင်းသွားပါ သနည်း။ ဆိုလိုသည်မှာ-ရေမွန်အနေဖြင့် ဆေးရုံကားကို မခေါ်ခင်တွင် ဘရစ်၏ မျက်နှာသည် ပုံမှန်အတိုင်း ဖြစ်နေ၍ ဆေးရုံရောက်ရောက်ခြင်း အသက်မရှိ ဖြစ်သွားသည့် ဘရစ်လီသည် ဆေးရုံ ကားကို မောင်းနှင်နေသည့် မိနစ် ၂၀-အတွင်းတွင် အလျင်အမြန် ယောင်ကိုင်း လာပါသလား။ ထိုသို့ယောင်ကိုင်း ခြင်း ဖြစ်ရန် အတွက် ဘရစ်အနေဖြင့် နှလုံး ခုန်နေဆဲဖြစ်ရပါမည်။ သို့သော်လည်း ဒေါက်တာချူး၏ အဆိုအရ သူ့အနေဖြင့် ဘရစ်အား သွေးစမ်း၍ မရဟု အစစ်ခံ ထားပါသည်။

သွေးစမ်း၍ မရ၊ အသက်မရှု

သူငယ်အိမ် မလှုပ်ရှားတော့သော အနေ အထားတွင် အရေးပေါ် အသက်ကယ် ခြင်းဖြစ်သော၊ ရင်ဘတ်အား ဖိ၍ နှလုံး ပြန်ခုန်ရန် ဒေါက်တာချူးလုပ်ခဲ့ပါသလား။ ရေမွန်ချောင်နှင့် ဘက်တီတင်းတို့က အဆုတ်ထဲသို့ လေမှုတ်သွင်းခြင်းဖြင့် အသက်ရှူရန် ပြန်ပြုစုကြပါသလား။ ရေမွန်ချောင်၊ ဘက်တီတို့၏ ထိုကာလတွင် ပြုမူနေကြသော လုပ် ဆောင်ချက်များနှင့် ဒေါက်တာချူး၏ အစစ်ခံချက်တို့သည် မည်သည့်အချက် ကို ဖော်ပြ နေပါသနည်း။

အဖြေကား- ဒေါက်တာချူး အနေဖြင့် ဘက်တီ၏ အိမ်သို့ရောက် သောအခါတွင် ဘရစ်လီအနေဖြင့် အသက်မရှိတော့သည်မှာ အချိန်အတန် ကြာ ရှိနေပြီး ဖြစ်ကြောင်းပင် ဖြစ်ပါတော့ သည်။

သို့ဆိုလျှင် ဘရစ်အနေဖြင့် မည်သို့သေဆုံးခဲ့ပါသနည်း။ နောက် အခန်းတွင် ဆက်ဖတ်ပါ။

နှုမာန်(MOTAA)

ရှေ့လဆက်ဖတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်ကဲ့သာ

ဒေါင်ဘုန်းမြင့် (ကချင်ငယ်မြ)

၁၇၂

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဤလူဘောင်လောကကြီးတွင် လူသားမှန်သမျှတို့သည် စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေး၊ လူပတ်ဝန်းကျင် အရေးအခင်းများနှင့် ကင်းလွတ်၍ နေထိုင်ခြင်းမပြုနိုင်။ လူသားဘဝ ရှင်သန်ဖွဲ့ဖြိုးနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သည့်ချည်းဖြစ်လေ၏။

သို့ဖြစ်သောကြောင့် ကျန်းမာခြင်း၊ ချမ်းသာပြည့်စုံခြင်း၊ ကံပွင့်လာဘ်ကောင်း လာဘ်ရွှင်ခြင်း၊ ရာထူးဌာနန္တရ ဩဇာတိက္ကမကြီးခြင်း၊ အသက်ရှည် အကျိုးဆောင်နိုင်ခြင်း အစရှိသော ကောင်းကျိုးများကို ရယူပိုင်ဆိုင်လိုကြခြင်းသည် ဓမ္မတာဖြစ်ပေ၏။

သို့ဖြစ်၍ ကျန်းမာအသက်ရှည် စီးပွားဥစ္စာဓန ရေနှင့်ကြာသို့နယ် တိုးတက်ပွားစီးစေကာ လုပ်ငန်းအကြံအစည်များ အောင်မြင်တိုးတက်စေပြီး ကိစ္စအဝဝ မှန်သမျှတို့၌ ပြီးမြောက် အကျိုးဖြစ်စေမည့် လွန်စွာ အစွမ်းထက် သော ဂါထာတော်တစ်ပုဒ်ကို မေတ္တာ ရေ့ထား၍ ရွတ်ဖတ်ပူဇော်နည်းနှင့်အတူ ရေးသားတင်ပြလိုက်ရပါသည်။

အရဟံ ဘဟိအန္တဇယံ သုဂတံ
အမိတံ ဝိဇဲရံ လလိတံ အတုလံ
စရဏံ တီဘဝူ ဘသမံ ယမကံ
သုခဒံ သရဏံ ပနာမစိ ဝိနံ

အထက်ပါ ဂါထာတော်ကြီးကို ယုံကြည်စိတ်ထားဖြင့် မိမိတို့နှင့် သင့်တော်မည့် အချိန်တစ်ခု သတ်မှတ်ထား၍ နေ့စဉ် သုံးခေါက်ဖြစ်စေ၊ ကိုးခေါက် ဖြစ်စေ၊ ဖြစ်နိုင်လျှင် သက်စေ့ဖြစ် စေ ရွတ်ဖတ်ပူဇော်ပေးခြင်းဖြင့် လိုရာဆန္ဒ တောင်းဆုမှန်သမျှ မနေးကန် တစ်လုံးတစ်ဝတည်း ပြည့်စုံစေ ပြီးလျှင် ဘေးဥပါဒ် အန္တရာယ်မှန်သမျှ ကင်းစင် ပပျောက်စေနိုင်သော ကောင်းကျိုး ချမ်းသာများကို ရရှိပြည့်စုံစေနိုင်ပါလိမ့်မည်။

ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ ...

အောင်ဆာန်းမြင့်(ကချင်မြေ)

www.burmeseclassic.com

www.burmeseclassic.com

ကိုတန်းတန်ဒုတ္တဂေါဏီ

မောင်စည်သူဇော်

(မြင်းမူ - မုံရွာပညာရေးကောလိပ်)

၁၇၄

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

"အမေစိန် ... အမေစိန်"

"ဟေး ... ဘာလို့အော်နေ

တာတုန်း နှင်းနှင်းဝေရဲ့ အလန့်တကြား"

"ဘာလို့ရမှာတုန်း အမေရဲ့

ဒီမှာ သမီး ဆရာမပေးဖို့လုပ်ထားတဲ့

နှင်းဆီပန်းကြီး မရှိတော့ဘူးလေ"

"ဟောတော်။ ညည်းနှင်းဆီ

ပန်းက ဘယ်ရောက်သွားလို့တုန်း"

"ဒီမှာလေ မရှိတော့ဘူး"

ကျွန်မ ငိုမဲ့မဲ့လေး ဖြစ်သွား

ရပါသည်။ ဟုတ်ပါသည်။ မနေ့ညနေက

မှ ပွင့်စပြုနေသော နှင်းဆီပန်းနီပွင့်ဖူး

ကြီးကို မနက်ရောက်မှ ခူးမည်ဟု

ရည်မှန်းထားကာ မနက်ခင်း မှောက်နှာသစ်

တော့ လုံးဝမရှိတော့။

ကျောင်းမှာ မြန်မာစာပြဆရာမ

ဒေါ်သင်းသင်းလှိုက်က ပန်းအရမ်းကြိုက်

သည်မို့ ဆရာမအား ပေးဖို့ ရည်စူးထား

သည့် ပန်းရယ်ပါ။ အိမ်ထဲတွင်

ပန်းကြိုက်၍ ပန်းပင်များကို ဂရုတစိုက်

ထိန်းသိမ်းစိုက်ပျိုးတတ်သူမှာ ကျွန်မ

တစ်ယောက်တည်း ရှိပါသည်။ အဖေနှင့်

မောင်လေးကလည်း ယောကျ်ားလေးတွေ

မို့ လုံးဝ စိတ်မဝင်စား။ အမေကလည်း

သူ့အလုပ်နှင့်သူ ရင်ပြေနေတော့ ပန်း

အတွက် အာရုံစိုက်ဖို့ အချိန်မရ။

ဒီတော့ ပန်းခူးသည်မှာ

ကျွန်မအိမ်ကလူတွေ မဖြစ်နိုင်။ ဒါဆို

ပန်းခူးတာ ဘယ်သူလဲ။ ပန်းခူးတဲ့သူ။

ကျွန်မ၏ မျက်လုံးအကြည့်တို့က နှင်းဆီ

ရုံလေးရှိရာမှတစ်ဆင့် အိမ်အနောက်

ဘက်ရှိ အိမ်တစ်အိမ်သို့ ရောက်သွားပါ

သည်။ သူပဲဖြစ်လိမ့်မည်ဟု ကျွန်မ

တန်း၍ သိလိုက်ပါသည်။ ဟုတ်ပါသည်။

သူမှသူပဲ ဖြစ်ပါလိမ့်မည်။ ခင်မျိုးအို။

ဟုတ်သည်။ ခင်မျိုးအိုဆိုတာ ကျွန်မတို့

အိမ်အနောက်ဘက်အိမ်က။ အိမ်ချင်း

ကပ်ရပ်ဖြစ်၍ ဝန်းနံရသာခြားသည်။

ဝန်းနံရံပေါ်တွင် အထက်သို့ ထောင်တက်

နေသော လုပသည့် နှင်းဆီပွင့်နီကြီးကို

မနက်အစောကြီး ကျွန်မ မထခင် သူ

ထခူးတာဖြစ်ပေလိမ့်မည်။ စိတ်ထဲမှ

လည်း တော်တော်ခံပြင်းသွားစိသည်။

အမှန်တကယ်ဆို နှင်းဆီပင်ရော အပွင့်

ရော ကျွန်မတို့ဝိုင်းထဲက ကျွန်မစိုက်ထား

တာပါ။ ဒီနှင်းဆီပွင့်ကြီး ပွင့်နေတဲ့ကိုင်းက

လည်း ဝန်းနံရံပေါ်ကနေ သူတို့ဘက်ကို

နည်းနည်းလေးယိုင်ပြီး အထက်ကို

ထိုးတက်နေတာပါ။ သူတို့နဲ့ ဘာမှမဆိုင်။

သက်သက်မဲ့ လုပ်တာဆိုတာလည်း

ကျွန်မ သိလိုက်ပါသည်။ ဒါနဲ့ဆို အကြိမ်

ပေါင်း မနည်းတော့။

ခင်မျိုးအိနှင့် ကျွန်မက

အိမ်ချင်းကပ်ရပ်ဖြစ်သလို ကျောင်းတွင်

ပညာပြိုင်ဘက်၊ ရန်ဘက်ဖြစ်ပါသည်။

သူကလည်း ကျွန်မ သူထက်သာသွား

မှာကို မနာလိုသလို၊ ကျွန်မကလည်း

သူ ကျွန်မထက် ကျော်သွားမှာကို မလို

လားပါ။ အတန်းထဲ၌ ငယ်ငယ်ကတည်း

က ဘာကြောင့်ရယ်မသိ။ ခင်မျိုးအိနှင့်

ကျွန်မ လုံးဝမတည့်။ ငယ်ငယ်ကတည်း

က ခဏခဏ လုံးသတ်ကြသဖြင့်

ဆရာ၊ ဆရာမများ ဝိုင်းဆွဲရသည်မှာ

အကြိမ်ကြိမ်။ အတန်းထဲ လပတ်စာမေး

www.burmeseclassic.com

www.burmeseclassic.com

ပွဲများ စစ်လျှင်လည်း သူ ပထမရတဲ့အခါ ရှိသလို ကျွန်မ ပထမရတဲ့အခါလည်း ရှိပါသည်။ သူက ပထမဆို၊ ကျွန်မက ဒုတိယရသလို၊ ကျွန်မ ပထမဆို သူ ဒုတိယပါ။ တစ်ခါတလေ ပူးတွဲပထမ တောင် ရလိုက်သေး။ အတန်းထဲတွင် တော့ ကျွန်မတို့နှစ်ယောက်ကို ဘယ်သူ မှ စာလာယှဉ်၍မရပါ။ ကျွန်မတို့နှစ်ဦးက အပြိုင်အဆိုင်ဆိုတော့ ကြိတ်ကြိုးစားကြ သည်။

ခင်မျိုးအိနှင့် ကျွန်မက အိမ်ချင်းကပ်နေသော်လည်း တစ်ယောက်စာကျက်လျှင် တစ်ယောက် မကြား။ သူ ဘယ်အချိန်ကျက်၍ ကိုယ် ဘယ်အချိန်ကျက်မှန်းလည်း မသိ။ အသံတိုးတိုးဖြင့် ကျက်တတ်သော ကြောင့် ဖြစ်ပါသည်။ ငယ်ငယ်တုန်းက တော့ မိဘတွေက ကလေးချင်းဖြစ်၍ အားနာပါးနာနှင့် တောင်းပန်တိုးလျှိုးပြော သော်လည်း ကျွန်မတို့ ကြိုးလာသောအခါ အခေါ်အပြောပင် မလုပ်ကြတော့။

ကျွန်မသည် ငယ်ငယ်ကတည်း က အေးအေးဆေးဆေးနေတတ်သော အကျင့်ရှိပါသည်။ တစ်ယောက်တည်း နေလေ့ရှိပြီး ပါးစပ်မှ သီချင်းလိုလို၊ ကဗျာလိုလို မရေရာသည့် စကား လုံးများကို ရွတ်နေတတ်သည်ဟု ကြီးလာသောအခါ အမေက ပြောပြ သည်။

သို့သော်လည်း ကျောင်းနေစဉ် အရွယ် ရောက်လာသောအခါ အထူး သဖြင့် ခင်မျိုးအိဆိုသည့် သူငယ်ချင်းနှင့် တွေ့လာသည့်အခါ ကျွန်မ၏ အေးအေး ဆေးဆေးနေတတ်သော စိတ်ဓာတ် လုံးဝ ပျောက်ကွယ်သွားပါသည်။ ထစ်ခနဲဆို ရန်ဖြစ်တတ်လာသည်။ စွာလည်း စွာလာပါသည်။ ကျွန်မ စိတ်တိုလာလျှင် ဘယ်လိုမှမရ။ ဘာမှ မမြင်တော့ပေ။ ငယ်ငယ်တုန်းကထက် ပို၍ ရန်ပွဲဖြစ်လာသည်။ ကျွန်မ ရန်ဖြစ် လျှင် ဘယ်သူနဲ့လဲဆိုတာ မမေးဘဲနှင့် သိပါသည်။ ဟုတ်သည်။ ကျွန်မ အမြဲ ရန်ဖြစ်သည့်ရန်ဘက်က ခင်မျိုးအိသာ။ ကျွန်မမိဘတွေနှင့် ခင်မျိုးအိမိဘတွေ အားလုံး ဝိုင်းဖလာ တောင်သူလုပ်ငန်း ကို လုပ်ကြပါသည်။ တစ်ရွာလုံး လယ်ပိုင်၊ ယာပိုင်နှင့် အတော်အသင့် ရှိပြီး စီးပွားရေးချောင်လည်ကြပါသည်။ ဟိုတုန်းကတော့ ကျွန်မတို့ အိမ်နှင့် ခင်မျိုးအိတို့အိမ်ကို ဝန်းနံရံ ခြားမထားပါ။ ကျွန်မ၏ အဘိုးအဘွား တွေ လက်ထက်ကတည်းက ဒီအတိုင်း ဟိုအိမ်နှင့် ဒီအိမ် တံခါးမရှိ၊ စားမရှိ သွားလာနိုင်သည်။ နောက်တော့လည်း သူခြံ၊ ကိုယ်ခြံ သတ်မှတ်ကာ ဝန်းနံရံ ခတ်လိုက်ပါသည်။ ငယ်ငယ်တုန်းက ခင်မျိုးအိနှင့် အတူတူဆော့၊ အတူတူ ရန်ဖြစ်ခဲ့သော်လည်း အတန်းကြီးလာ သည့်အခါ အပေါင်းအသင်း မလုပ်တော့ ပါ။ အထက်ကပြောသလို တစ်ယောက် နဲ့တစ်ယောက် အပြိုင်အဆိုင် စာကြိုးစား ကာ ယှဉ်ပြိုင်လာခဲ့၍ ဖြစ်သည်။ အခုဆို လျှင် သူနှင့် ကျွန်မတို့၏ ဘဝကို ပြောင်းလဲသွားစေမည့် ဆယ်တန်းစာမေး ပွဲကြီးကိုတောင်မှ ဖြေဆိုရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

"မိဖြူရယ် ... မနေ့ကလေ တဲ့အသံ ကြားတာနဲ့ တွေ့ရာစာအုပ်နဲ့ နင့်ကိုငါပြတဲ့ အကျီအဖြူလေးလေ။ ပစ်ပေါက်တော့တာပါပဲ။ အဲဒီကစပြီး အဲဒါ ငါ မကြိုက်လို့ လွှင့်ပစ်လိုက်တာ။ ထလုံးကြတော့သည်။ သူငယ်ချင်းတွေ အခု ဒီအသစ်ကလေး ချုပ်လာတာ။ အားလုံးကလည်း ဆရာမဆီရောက်လျှင် ငါနဲ့လိုက်လား။ ကြည့်စမ်း" ကျွန်မဘက်ကပဲ ဝိုင်း၍ မှန်ကြောင်း။

"ကြည့် စရာမလို ပါဘူး သူငယ်ချင်းရယ်။ နင်က လှပြီးသား။ လိုက်ပြီးသား"

"မိဖြူ ညည်း ဘာစားချင်လဲ ပြော"

ထိုစကားကို ခင်မျိုးအိနှင့် သူ၏နောက်လိုက် မြောက်ကပ်တော် ဖြူဖြူသွယ်တို့ အတိုင်အဖောက်ညီညီ အတန်းတစ်ခုလုံးကြားအောင် အော်ပြော နေခြင်းပါ။ ကျွန်မကတော့ သူတို့နှစ် ယောက် အဲဒီလိုပြောတော့မည့်ဟန် ပြင်တာနဲ့ စာဖတ်ဘာစုံလို၊ စာရေးဘာ လိုလို လုပ်နေလိုက်သည်။ တစ်ခါတလေ ဒေါသနဲ့ထဲမှ ထွက်သွားလိုက်သည်။

အဲသည်လိုပြောတိုင်းလည်း ကျွန်မဘက်ကို လှည့်လှည့်ပြီး ပြောတာ ပါ။ ကျွန်မကတော့ ကျွန်မနဲ့ပတ်သက် ဟုတ်ကြောင်း ထောက်ခံကြသည်။ ခင်မျိုးအိကို ဝိုင်းအပြစ်တင်ကြသည်။ ခင်မျိုးအိဘက်မှ ဖြူဖြူသွယ်တစ်ယောက် တည်းသာ။

ဆရာမကလည်း ကြာတော့ ခင်မျိုးအိနှင့် ကျွန်မ ရန်ဖြစ်လျှင် ခင်မျိုး အိဘက်က အလွန်ဆိုတာ သိနေသည်။ ကိုးတန်းရောက်မှ မြို့ကျောင်းကိုလာတက် ၍ ဆယ်တန်းကျမှသာ ဆရာမတွေနှင့် သိရ၊ တွေ့ရသော်လည်း ဆရာမတိုင်းက ခင်မျိုးအို အကျင့်စရိုက်ကို သိနေကြ သည်။ ထို့ကြောင့် ကျွန်မကို သူနှင့် တုရန်မဖြစ်ရန် ဆုံးမကြပါသည်။ ယေယျရွာကျောင်းကတည်းက ဆရာမ အားလုံး ကျွန်မကို ချစ်ကြပါသည်။ ကျွန်မက အလိုက်သိတတ်လို့ရယ်ပါ။ ဆရာမတွေလာရင် ခြင်းတောင်းကူဆွဲ

ကျွန်မသည် ကိုယ့်တက်ကနေ ၍ အကောင်းရွေးပြောသည် မဟုတ်ပါ။ ကျွန်မသည် ဇောတ်ဇောတ်ကျဲ၊ စွာစိလန် ဖြစ်သော်လည်း ကိုယ့်ကို မကျိုးမပဲ့၊ သိက္ခာမထိသရွေ့တော့ ဘာမှပြန်မတုံ့ပြန်တတ်။ သို့သော်လည်း ခင်မျိုးအိနှင့် ရန်ဖြစ်ခဲ့သည့် ရန်ပွဲတိုင်းတွင် ကျွန်မဘက်က လုံးဝမလွန်ပါ။ ခင်မျိုးအိဘက်မှ ရန်စလို့သာ ဖြစ်ရသည်ပါ။ အဝတ်အစားချင်း ပြိုင်သည်။ အစားအသောက်၊ ဖိနပ်၊ လွယ်အိတ်၊ စာအုပ် အို ... အကုန်အကုန်။ ဘာဆိုသူကမှ ပိုကောင်း တာတဲ့လေ။ အကျီတစ်စတည်း အတူတူ ဖြစ်ပါလျက် သူဘက်ကမှ ပိုကောင်းတာ ဆိုတဲ့ စကားပုံလို ဖြစ်နေပါသည်။ ခင်မျိုးအိက သူ တစ်ခုခု ကြွားချင်လျှင် အာကျယ်အာကျယ်ဖြင့် အတန်းထဲတွင် တစ်တန်းလုံးကြားအောင် အော်တတ်ပါ သည်။ သူတွင် အကျီအဖြူအသစ်တစ် ထည် ချုပ်လာတာတောင်မှ ...

www.burmeseclassic.com

www.burmeseclassic.com

တာ။ ဆရာမများ ခိုင်းစရာရှိလျှင် ဖင်ပေါ်
စွာ မညည်းမညူလုပ်ပေးတတ်သော
ကျွန်မ ဖြစ်ပါသည်။ ကိုးတန်း ဆယ်တန်း
မြို့ကျောင်းရောက်တော့လည်း ထိုသို့
ကျောင်းရှိ ဆရာ၊ ဆရာမများကို
လုပ်ကိုင်ပေးသဖြင့် ကျွန်မကို ဝိုင်း၍
ချစ်ကြသည်။ သဘောကျကြသည်။
ဒါတွေကို ပြောင်ဘက်မရှိ တစ်ဦးတည်း
သော မနာလိုသူကတော့ ခင်မျိုးအိသာ။

ဟို တစ်နေ့က အိမ်ရှေ့
အဘွားစိုက်ထားခဲ့သော စံပယ်ရုံလေးမှ
စံပယ်ပန်းများကို သီ၍ ဘုရားတင်၊
ကျန်တာကို အတန်းပိုင်ဆရာမကို
ပေးလိုက်သည်။ ဒါကို ခင်မျိုးအိက-

"အလကား ဖားတာပါအေ"

ဟု မကြားတကြား လှမ်းပြောလိုက်ပါ
သေးသည်။ ကျွန်မ ဘာမှပြန်မပြောခဲ့ပါ။
အခု ကျွန်မ အမြတ်တနိုးစိုက်ထားသော
နှင်းဆီပန်းပင်မှ နှင်းဆီပွင့်ကို ခူးသူမှာ
လည်း သူပဲဖြစ်မည်ဟု သိလိုက်သည်။
ကျွန်မ၏ဒေါသတွေ အလိပ်လိပ်တက်
လာပါသည်။ ထို့ကြောင့် အသံကို

အောင်းကုန်မြှင့်၍ ...

"ဒီဝန်းနံရံပေါ်က ငှက်နှင်းဆီပန်း
ခူးတဲ့သူတွေ သေချင်းဆိုးနဲ့သေပါစေ၊
မြွေကိုက်သေပါစေ၊ စာမေးပွဲကျပါစေ
တော်။ စာမေးပွဲ တဘုန်းဘုန်းကျပါစေ"

"ဟဲ့ ... နှင်းနှင်းဝေ။ သမီး
ဘာလို့မဟုတ်တာတွေ ကျိန်နေတာလဲ"

"ကျိန်မှာပဲ။ ဒီမှာ သမီးပန်းကို
ခူးသွားတာဥစ္စာ။ ဟီး ... ဟီး"

ကျွန်မ ပြောရင်း ဝမ်းနည်းလာ
သဖြင့် ဟီးခနဲ ငိုချလိုက်မိသည်။ အဖေ
က သိသော်လည်း ဘာမှမပြောတော့
ပေ။

ထိုနေ့မနက်ခင်းက အတန်း
ထဲတွင် နှင်းဆီပန်းအနီကြီးကို အတန်း
ပိုင်ဆရာမ ပန်ထားပါသည်။ ဘယ်သူက
ပေးတာလဲဟု ဆရာမကို ကျွန်မ
သွားမေးတော့ ထင်တဲ့အတိုင်းပါပဲ။
ကျွန်မလည်း ဒေါသကို မထိန်းချုပ်နိုင်
တာမို့ ချက်ချင်းပဲ။

"ခင်မျိုးအိ သူခိုးမ။ နင် ငှါခြံ
ထဲကပန်းကို ဘာလို့ ခိုးသွားတာလဲဟင်။

ကောင်မ ... လာစမ်း"

"ဟဲ့ ... ဟဲ့။ လုပ်ကြပါဦး"

"ဟဲ့ ... သမီး။ နှင်းနှင်းဝေ
မလုပ်ရဘူး။ ဟောတော်"

"သူငယ်ချင်းနှင်းနှင်းဝေ
မလုပ်နဲ့"

ထိုနေ့က ခင်မျိုးအိ ခေါင်း
ပေါက်သွားပါသည်။ ကျွန်မ ပွန်းရုံ၊ ပဲ့ရုံ
လောက်သာ ဖြစ်ပါသည်။ ဆရာမနှင့်
သူငယ်ချင်းများ ဝိုင်းဆွဲကြသည့်အထဲက
ပင် ကျွန်မ ခင်မျိုးအိကို ခေါင်းပေါက်
အောင် လုပ်နိုင်ခဲ့၍ သူငယ်ချင်းများက
ကျွန်မကို လန့်နေကြသည်။ ဆယ်တန်း
မှာ ခင်မျိုးအိနဲ့ ကျွန်မ ပထမဆုံး အကြီး
အကျယ် ရန်ဖြစ်တဲ့ပွဲပါ။ ကျောင်းအုပ်
ဆရာမကြီးက ကျွန်မတို့မိဘတွေ
ခေါ်ကာ လက်မှတ်ထိုးခိုင်းပါသည်။
နောက် ဒါမျိုးမဖြစ်စေရပါဘူးဆိုတဲ့ ဝန်ခံ
ချက်ပါ။

ထိုနေ့ကစပြီး ခင်မျိုးအိ
ကျွန်မကို စောင်းတာ၊ မြောင်းတာ၊
ကြွားဝါတာတွေ လုံးဝ မလုပ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို လန့်သွားသည်လည်း မဟုတ်။ အမှန်ကြီး မှန်းသွားသည် ထင်သည်။ မျက်နှာချင်းတောင် မဆိုင်တော့ပါ။ ကျွန်မကလည်း ဘယ်ရမလဲ။ သူထက်တောင် စာပြောင်သေး။ သူထက်အပြိုင် စာကြိုးစားပြလိုက်ပါသည်။ အစမ်း စာမေးပွဲတွေဖြေတော့ သူ ဒုတိယ၊ ကျွန်မ ပထမရသည်လေ။

ထိုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ဆယ်တန်း) အောင်စာရင်းထွက်တော့ ကျွန်မ (က) အဆင့်နှင့် အောင်မြင်ပြီး သူက (ခ) အဆင့်နှင့်သာ အောင်ပါသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။ ထိုနေ့က ပျော်လွန်းလို့ ထမင်း တစ်နေကုန် မစားနိုင်။ ကျွန်မပဲ (က)အဆင့်နှင့် အောင်လို့လား၊ သူပဲ (ခ)အဆင့်နှင့် အောင်လို့လား မသိ။ ကျွန်မ အရမ်း ပျော်ပါသည်။

×××

အခန်း ၃

ဆယ်တန်းအောင်ပြီးတော့ ကျွန်မဝါသနာပါသည့် ကျောင်းဆရာမ အလုပ် လုပ်ရန် မုံရွာပညာရေးကောလိပ် သို့ တက်ရောက်ခဲ့ပါသည်။ ခင်မျိုးအိုကတော့ သူ့ဦးလေးရှိရာ ရန်ကုန်သို့ သင်တန်းသွားတက်သည်ဟု သိရပါသည်။ ကျွန်မလည်း ကောလိပ်တက်နေစဉ်အတွင်း ခင်မျိုးအိအကြောင်းကို ကြားလည်း မကြားတော့။ စုံလည်း မစုံစမ်း၊ သိလည်း မသိချင်။

မုံရွာပညာရေးကောလိပ် သင်တန်း တက်ရောက်နေစဉ်အတွင်း ဆရာဘဝကို မြတ်နိုးစိတ်၊ တွယ်တာစိတ်၊ ဂုဏ်ယူလိုစိတ်များ ဖြစ်ပေါ်လာရသည်။ ပညာရေးကောလိပ်၌ ၂ နှစ် တက်ပြီးသည့် နောက် ကျွန်မ၏ စိတ်ဓာတ်နှင့် ဘဝတစ်ခုလုံး ပြောင်းလဲသွားပါသည်။ ကျွန်မ၏စိတ်ဓာတ်။ ဟုတ်ပါသည်။ အရင်နှင့် လုံးဝမတူတော့ပါ။ ဟိုတုန်းကလို ဆံပင်ဂုတ်တိုလေးကို

အခန်း ၄

ကြက်ပေါင်ကွင်းနှင့် မရမကစည်းပြီး ထဘီတိုတိုဝတ်ကာ စွာစီလန်စွာ ရှုန်ပြစ် တတ်သော ကျွန်မ။ ဘယ်တော့နေနေ အင်္ကျီကို ရှိုက်ကားယား။ ထဘီတိုတိုနှင့် စုတ်စုတ်ပြတ်ပြတ်နေတတ်သော ကျွန်မ။ အခုတော့။ ဟုတ်ပါသည်။ ခါးလယ်လောက်ထိရှည်လာတဲ့ ဆံပင်ကို ဆံအုပ်ဖြင့် သေသပ်စွာ ထုံးပြီး အင်္ကျီအဖြူ။ လုံချည်အစိမ်းကို သေသပ်ကျန်စွာ ဝတ်ဆင်ထားသော ကြိမ်ခြင်းလေးကို ကိုင်၍ လမ်းလျှောက်တိုင်း ကွေ့ခြေကုဒ္ဒေချို၍ ခြေလှမ်းတတ်သော ရင့်ကျက်မှုအပြည့်အစုံနှင့် ကျွန်မ ဖြစ်နေပါတော့သည်။

အခုအချိန်မှာ ကျွန်မတစ်ယောက် တာဝန်ကျရာ နယ်မြို့လေးတစ်မြို့မှာ တာဝန်ထမ်းဆောင်နေတဲ့ မူလတန်းပြဆရာမလေး ဖြစ်နေပြီလေ။ ကျွန်မနေတဲ့ ရွာလေးကနေ တော်တော်လေးဝေးတဲ့ နယ်မြို့လေးတစ်မြို့မှာပါ။ ရောက်စကတော့ ဘာလုပ်ရ၊ ဘာကိုင်ရ မှန်း မသိပေမယ့် နောက်တော့ သူဟာ

www.burmeseclassic.com

www.burmeseclassic.com

နှင့်သူ အဆင်ပြေသွားပါသည်။ အခု တော့လည်း တည်တည်ငြိမ်ငြိမ်ဖြင့် ဆရာမလေး ဒေါ်နှင်းနှင်းဝေ ဖြစ်နေပါပြီ။ ကျွန်မမှာ ဟိုတုန်းကလိုမျိုး ကလေးဆန်သော၊ စွာစိလန်သောစိတ်များ လုံးဝမရှိတော့ပါ။ ကျွန်မ၏ ခေါင်းထဲတွင် ကျောင်းသင်ခန်းစာများနှင့် ကျွန်မ၏ တပည့်များသာ ရှိနေပါသည်။ ကလေးများကို စာသင်ပေးရသည်မှာ ပျော်စရာကောင်းသည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုသလို အမြင့်မြတ်ဆုံး ဆရာအလုပ်ကို လုပ်နေရသည့်အတွက် အရမ်းလည်း ဂုဏ်ယူနေမိသည်။ ဒီလို ပြောင်းလဲသွားခြင်းက ကျွန်မ၏အမိ မုံရွာပညာရေးကောလိပ်က သင်ပေးလိုက်လို့ရယ်ပါ။ ဆရာကောင်း၊ ဆရာမွန်၊ ဆရာချွန်များကို မွေးထုတ်ပေးရာဌာန ဖြစ်သော (M.E.C) ကို ကျေးဇူးတင်နေမိပါသည်။

ကျွန်မ တာဝန်ကျရာ နယ်မြို့လေးတွင် တာဝန်ထမ်းဆောင်ရင်း ဆယ်နှစ်ဆိုသော အချိန်တောင် ရောက်ရှိလာပါသည်။ ကျွန်မ၏ရန်သူတော် ခင်မျိုးအိကတော့ ယောက်ျားရ၍ ကလေး ၃ ယောက်တောင် ရနေပြီဟု သိရပါသည်။ ၁၀ နှစ်တာကာလအတွင်း ကျွန်မဘဝအတွက် ရင့်ကျက်မှုမျိုးစုံ၊ အခြေအနေမျိုးစုံ၊ အတွေ့အကြုံမျိုးစုံကို ရရှိခဲ့ပါသည်။ မကြာမီကပဲ ကျွန်မထံသို့ ပြောင်းရွှေ့စာတစ်စောင် ရောက်လာပါသည်။ လစ်လပ်သွားသော နေရာတွင် အစားထိုးဝင်ရောက် သင်ကြားရမည်ဖြစ်သည်။ ပြောင်းရွှေ့ရမည့်နေရာကို ကြည့်ရတော့ အုံသြဝမ်းသာသွားပါသည်။ ကျွန်မ အရမ်းဝမ်းသာသွားရသည်။ ဘာပြုလို့လဲဆိုတော့ ကျွန်မ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရမည့်နေရာက ကျွန်မ၏ ဇာတိချက်ကြွေမွေးရပ်မြေ "မအူပင်" ရွာလေးပင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ထိုနေ့က ပြောင်းရွှေ့စာကို အကြာကြီး ဖတ်နေမိသည်။ ပြီးမှ ရွာက အမေတို့ဆီ လှမ်းပြီး ဖုန်းဆက်အကြောင်းကြားရသည်။ တစ်နှစ်မှာတစ်ခါ။ နှစ်သစ်ကူးလောက်ဆိုရင် ကျွန်မ ပြန်ရမည်ဖြစ်၍ ပျော်ရွှင်တက်ကြွနေမိသည်။ ၅ ရက်အတွင်း အရောက်ဆိုသဖြင့် ပြင်ဆင်စရာများကို ပြင်ဆင်ရလေသည်။ ကျွန်မ ပြောင်းရွှေ့ရတော့မည်ဆိုသဖြင့် ကျွန်မ၏ တပည့်များနှင့် မိဘများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများအားလုံး စိတ်မကောင်းကြချေ။

ကျောင်းသားမိဘများနှင့် ရပ်ရွာလူကြီးများ ပစ္စည်းလက်ဆောင်များဖြင့် လာရောက်နှုတ်ဆက်ကြသည်။ တပည့်လေးများမှာ လက်အုပ်လေးများ ချီ၍ သူတို့တတ်နိုင်သမျှ ပစ္စည်းလေးများဖြင့် လာရောက်ကန်တော့ကြသည်။ ကျွန်မ မျက်ရည်မဆည်နိုင်ပါ။

"ဆရာမ ... ဘာလို့ပြောင်းရတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာမ သားတို့က မလိမ္မာ
လို့ တစ်နေ့ရောသွားစာသင်တာလားဟင်"
မသိတတ်သေးသည့် သူငယ်
တန်းကလေးများ၏ အမေးကို ကျွန်မ
မဖြေနိုင်ပါ။ မျက်ရည်များကြားထဲကသာ
"မဟုတ်ပါဘူးကွယ်"ဟု အသံတုန်တုန်
နှင့် ပြန်ပြောနေရသည်။ ကျောင်းအုပ်
ကြီး စီစဉ်ပြုလုပ်သော နှုတ်ဆက်
ကန်တော့ပွဲ၌ ဆုံးမစကားကို မနည်း
အားယူ၍ ပြောရသည်။ တတ်နိုင်သမျှ
မငိုမိအောင် သတိထားပြီး ထိန်းပြောရ
ပါသည်။

ဩော်။ ဖြူစင်တဲ့သံယောဇဉ်
တွေ၊ ကမ္ဘာကြီးမှာ အလှဆုံးသော
မေတ္တာသံယောဇဉ်တွေ၊ ဘယ်တော့မှ
မေ့ပျောက်၍ ရမည်မထင်ပါ။ အသက်
ကလည်းငယ်၊ ဆရာမလေးလည်းဖြစ်တဲ့
ကျွန်မကို ကလေးတွေ အားလုံး
ချစ်ကြောက်ရိုသေကြသည်။ ကျွန်မ
တာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်လုံးလုံး
ဘာပြဿနာမျှ မဖြစ်ခဲ့။ အေးအေး
ချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင်နှင့်သာ ပြီးဆုံး
ခဲ့သည်။ ရတ်တရက် ခွဲခွာရမည်ဆိုတော့
မည်သူမျှ စိတ်ခိုင်မည်မထင်ပေ။

သို့သော်လည်း ကံစီမံရာ
အတိုင်း ကျွန်မ တာဝန်ကျရာပြိုကလေး
မှ ကျွန်မ တာဝန်ထမ်းဆောင်မည့်
ဇာတိချက်ကြွေ မွေးရပ်မြေရွာလေးဆီသို့
ပြန်လာခဲ့ရပါသည်။

×××

အခန်း ၄

ရွာပြန်ရောက်တော့ အမေ
ရော၊ အမေပါ ဝမ်းသာနေကြသည်။
ရွာထဲရှိ ဆွေမျိုးများ၊ သူငယ်ချင်းများထံ
သို့ သွားရောက်၍ နှုတ်ဆက်ရသည်။
ကိုယ့်ရပ်၊ ကိုယ့်ရွာဆီ ပြန်ရောက်ပြန်
တော့လည်း ပျော်ရွှင်ရပါသည်။

ရွာကျောင်း၌လည်း ကျွန်မကို
ငယ်ငယ်က ပညာသင်ပေးခဲ့သော
ဆရာ၊ ဆရာမကြီးများနှင့်အတူ တွေ့ရ
သဖြင့် ဝိုင်၍ ဝမ်းသာရပါသည်။ ဆရာမ
ကြီးများက လိုအပ်သည့် အကူအညီရှိ
ရင် တောင်းရန်ပြောပြီး လိုက်လိုက်လဲလဲ
ကြိုဆိုကြသည်။ ကျောင်းအုပ်ဆရာမကြီး
က တခြားမှ ပြောင်းလာသူဖြစ်သော်
လည်း သဘောကောင်းပါသည်။
သည်လိုနဲ့ ရွာကျောင်းမှာ ပျော်ရွှင်စွာ
တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကျွန်မ အတန်းပိုင်အဖြစ်
တာဝန်ယူရသော အတန်းမှာ တတိယ
တန်း ဖြစ်ပါသည်။ ကလေးများမှာလည်း
ရွာထဲမှကလေးများ ဖြစ်ကြသဖြင့်
ကျွန်မကို မသိသူမရှိ။ ကျွန်မအနားသို့
တရုန်းရုန်းနှင့် ဟိုမေးသည်မေး လုပ်နေ
ကြသည်။ ကျွန်မလည်း ပြောစရာ၊
မှာစရာ၊ ဆုံးမစရာများကို ပြောဆိုပြီး
နောက် ပထမဦးဆုံး အတန်းစဝင်သော
နေ့မို့ ကျောင်းသားအားလုံးနှင့်
မိတ်ဆက်ရသည်။

"မောင်ထွန်းကျော်"

"ရှိပါတယ် ခင်ဗျ"

"ဩော် ... အေး။ သားက
ကိုကျော်ကြီး၊ မမိသေးတို့ သားမို့လား"

"ဟုတ်ပါတယ် ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com

"အေး ... အေး။ ဆရာမကို သိတယ်မို့လား"

"ဟုတ်ကဲ့ပါဗျ"

"အေး ... သားထိုင်။ နောက် မောင်အေးကို"

"ရှိပါတယ် ဆရာမ"

"အေး ... သား ဆရာမ သိလား"

"သိပါတယ် ဆရာမ။ အဖေက သားတို့နဲ့ ဆရာမ အမျိုးတော်တယ်လို့ ပြောပါတယ် ခင်ဗျ"

"ဟင် ... သားက ကိုလေး ခင်မောင်သားလား"

"ဟုတ်ကဲ့ပါခင်ဗျ"

"အေး ... ဟုတ်သားပဲ။ ဒါဆို သားက ဆရာမတူလေးပဲကွ။ ဟင်း ... ဟင်း။ ကိုယ့်တူကိုတောင် မသိဘူး"

ကျွန်မအစ်ကိုနှစ်ဝမ်းကွဲ၏ သားဖြစ်သူကို မေ့နေ(မမှတ်မိတာပါ) သောကြောင့် အသံထွက်အောင် ရယ်လိုက်ရပါသည်။

"နောက် ... မောင်မျိုးမောင် ထွန်း"

"....."

"မျိုးမောင်ထွန်း ကျောင်းမလာ ဘူးလား"

"လာပါတယ် ဆရာမ။ ဒီမှာ ပါ"

ကျွန်မတူဖြစ်သူ၏ အသံ ကြောင့် လှမ်းကြည့်မိတော့။ အင်္ကျီအဖြူ ခပ်နွမ်းနွမ်းလေးနှင့် ဘောင်းဘီညစ်ထေး ထေးကို ဝတ်ဆင်ထားသည့် ခေါင်းငုံ့နေသည့် ကျောင်းသားလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုကလေးမှာ ကျွန်မ၏ တူဖြစ်သူ မောင်အေးကိုနှင့် အခြားကျောင်းသားတစ်ယောက်၏ ကြားတွင် ထိုင်နေပါသည်။ ခေါင်းကို တအားကြီး ငုံ့ထားပြီး လက်ကို ပိုက်ထားပါသည်။ ကျွန်မနှာမည်ခေါ်သံကိုလည်း ပြန်မထူးသဖြင့် စိတ်တိုသွားရသည်။ ထို့ကြောင့် ကုလားထိုင်ပေါ် ထိုင်နေရာမှ ထိုကလေး၏ တူဖြစ်သူ မောင်အေးကိုနှင့် အခြားကျောင်းသားတစ်ယောက်၏ ကြားတွင် ထိုင်နေပါသည်။ ခေါင်းကို တအားကြီး ငုံ့ထားပြီး လက်ကို ပိုက်ထားပါသည်။ ကျွန်မနှာမည်ခေါ်သံကိုလည်း ပြန်မထူး သဖြင့် စိတ်တိုသွားရသည်။ ထို့ကြောင့် ကုလားထိုင်ပေါ် ထိုင်နေရာမှ ထိုကလေး

"သား ... ဆရာမ သား နာမည်ခေါ်နေတာကို ဘာလို့ပြန်မထူး တာလဲ"

"....."

ထိုကလေးက ဘာမှပြန်မပြော။ ကျွန်မနှင့် မျက်နှာချင်းမဆိုင်ဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့ထားသည်။

"မျိုးမောင်ထွန်း ... မင်းကို ဆရာမခေါ်နေတာ ပြန်ထူးလိုက်လေ"

ကျွန်မ၏တူ တပည့်ဖြစ်သူ မောင်အေးကိုက ဝင်ပြောလိုက်ခြင်းပါ။ ဒါလည်း မတုံ့ပြန်။

"ဟဲ့ ... မျိုးမောင်ထွန်း။ မင်းကို ဆရာမခေါ်နေတာ ဘာလို့ ပြန်မထူးတာလဲလို့"

ကျွန်မ၏အသံတွင် ဒေါသသံ အနည်းငယ်ပါသွားသဖြင့် ကလေးများ၏ အကြည့်က ကျွန်မဆီသို့ စုပြုံရောက်ရှိလာသည်။

"အဟင့် ... ဟီး ... ဟီး ... ဟီး"

"ဟောတော်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မျက်လုံးပြူးသွားရသည်။ ဟုတ်ပါသည်။ မျက်လုံးပြူးသွားရခြင်းက ထိုမျိုးမောင်ထွန်းဆိုသောကလေး ရုတ်တရက် ဟီးခနဲ ငိုချလိုက်ခြင်းကြောင့်ပါ။

"သား ... အယ် ဘာလို့ ငိုတာလဲကွယ့်"

"ဟီး ... ဟီး"

ကလေးက ဘာမှပြန်မပြောဘဲ ငို၍သာနေသည်။ ကျွန်မလည်း အံ့သြစွာ ကိုယ်ကလည်း ဘာမှ မရိုက်နှက်ပါဘဲနှင့် အကြောင်းမဲ့ ထငိုသည်ဆိုတော့ ...။ အတန်ကြာမှ ခေါင်းငုံ့၍ ငိုနေရာမှ ထိုကလေး ခေါင်းမော့လာပါသည်။ မျက်ရည်များကို လက်ဖြင့်သုတ်ရင်း ...

"သားက ဆရာမ၊ ဆရာမကို အဟင့် ... ပြန် ... ပြန်ထူးချင်ပါတယ်ဗျ။ ရွှတ် ... အင့်။ အမေက၊ အမေက ပြန်မထူးရဘူးတဲ့"

"ဟင် ... ဘယ်လို"

ကျွန်မ တော်တော်လေး အံ့သြသွားရပါသည်။ ထိုကလေးကို သေချာစိုက်ကြည့်မိတော့ မြင်ဖူးသလိုလို။ ဒီကလေးအမေက ဘယ်သူပါလိမ့်။ ဘာပြုလို့ ဒီလို ကလေးကို သင်ပေးလိုက်ရတာလဲ။

"သား ... သားအမေက ဘယ်သူလဲဟင်"

"အမေ ခင်မျိုးအိပါ"

"ဟင်"

ကြည့်စမ်း။ ဘုရား .. ဘုရား။ ဒါက ကျွန်မ၏ရန်ဘက်၊ ပြိုင်ဘက်ဖြစ်သော ခင်မျိုးအိသား ဆိုပါလား။ ကျွန်မ ရွာပြန်ရောက်တော့ ခင်မျိုးအိတို့ဝိုင်းက အရင်လို ခင်မျိုးအိတို့မိသားစု မနေတော့။ သူယောက်ျားမှာလည်း ဆုံးသွားသည်ဟု သိရပါသည်။ ထိုဝိုင်းကိုရောင်းပြီး ရွာပြင်အနားတွင် တဲထိုးနေသည်ဟု သိရပါသည်။ ကျွန်မလည်း ကိုယ်နှင့် ရန်ဘက်ဆိုတော့ သိပ်စပ်စုခြင်းမရှိ။ ခင်မျိုးအိယောက်ျားမှာ ဦးနှောက်သွေးကြောပြတ်၍ ဆုံးသွားကြောင်း သိရပါသည်။ ထို့ကြောင့် ရွာထဲမှ အိမ်နှင့်ခြံကို ရောင်းကာ ရွာပြင်တွင် နေကြောင်း။ မလုပ်တတ်မကိုင်တတ် ဝင်ငွေမရှိ၍ စီးပွားရေး မပြေလည်ကြောင်းလည်း သိရပါသေးသည်။ ခင်မျိုးအိမိဘများမှာလည်း တမြန်မနှစ်ကပင် ဆုံးသွား၍ ဘယ်သူ့ကိုမှ အားကိုးစရာမရှိဘဲ ကလေးသုံးယောက်နှင့် ဒုက္ခရောက်နေပါသည်။ ဆယ်တန်းအောင်၍ မြို့သို့သင်တန်းပြီး ကုမ္ပဏီတစ်ခုနှင့် ဝင်လုပ်နေသော ခင်မျိုးအိတစ်ယောက် အလုပ်ထဲတွင်ပင် သူယောက်ျားနှင့် အကြောင်းပါ၍ ရွာသို့ ပြန်ရောက်ခဲ့ခြင်းဖြစ်သည်။ နှစ်ယောက်စလုံး အလုပ်မှ ထွက်လိုက်ပြီး ရွာ၌ပင် ကြုံရာအလုပ် လုပ်စားနေကြသည်။ မည်သို့သော ရည်ရွယ်ချက်ရယ် မသိ။ ကျွန်မကတော့ ဘာမှမဆိုင်ဘဲနှင့် စိတ်ယုတ်မာမွေးတတ်သော ခင်မျိုးအိစိတ်ဓာတ်ကို အံ့သြရပါသည်။ ဒီလိုသာ ကလေးကို လုပ်ခိုင်းရင် ကလေး၏ ပညာရေး၊ စိတ်ကျန်းမာရေးတွေ ထိခိုက်နိုင်ဖွယ်ရာ ရှိသည်။ တကယ်တမ်း စဉ်းစားကြည့်ရင် ဘာဆို

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမဆိုင်။ ဟိုတုန်းက ရန်ဖြစ်ထား တာနဲ့ပဲ ကျောင်းမှာ ဆရာမဖြစ်နေတဲ့ ကျွန်မကို သူကလေးနဲ့ မဆက်ဆံရဘူး တဲ့လေ။ ဆရာတပည့်ဆိုတာ ချစ်ချစ် ခင်ခင်၊ ဖေးဖေးမမ မေတ္တာတရား အပြည့်အဝနှင့် ဆက်ဆံရမယ်ဆိုတာ သူမသိလို့လား။ တကယ်လည်း အဲဒီ မိန်းမ မသိပါဘူးလေ။

"ဒီမှာ သား၊ သားအမေကို ပြောလိုက်။ အလုပ်မဟုတ်တာတွေ လျှောက်လုပ်မနေပါနဲ့လို့။ ဒီကျောင်းမှာ ဆရာမတိုင်းနဲ့ သားတို့ကျောင်းသား တစ်တွေ ချစ်ချစ်ခင်ခင်နဲ့ နေရမှာပဲ။ ပြီးတော့ ဒီအတန်းမှာ ဆရာမက အတန်းပိုင်။ ဆရာမနာမည်ခေါ်တာကို တော့ ပြန်ထူးရမှာပေါ့"

"သားအမေက သိပ်အငြိုးကြီး တဲ့လူပဲ"

ထိုနေ့က စာသာသင်နေရတာ စိတ်လုံးဝမပါ။ ညနေ ကျောင်းဆင်း တော့ ထိုအကြောင်းကို ကျောင်းအုပ် ဆရာမကြီးအား ရင်ဖွင့်လိုက်သည်။

ကျွန်မနှင့် ရန်ဖြစ်ခဲ့ပုံတွေ၊ မတည့်တာ တွေမှအစ ဒီနေ့အဖြစ်အပျက်ကို ပြောပြ လိုက်တော့ ဆရာမကြီး အရမ်းဒေါသ သွားသည်။

"ဟောတော်။ ဒီလိုကြီးတော့ မဖြစ်သင့်ပါဘူး သမီးရယ်။ ဒါ ဘာမှ မဆိုင်တဲ့ကိစ္စဥစ္စာ။ အဲဒီ ခင်မျိုးအိုဆို တာ ရွာအနောက်ဘက် ဇီးခြုံနားမှာ နေတာမို့လား"

"ဟုတ်ပါတယ် ဆရာမကြီး"

"ဒါနဲ့။ အဲဒီကောင်မလေးက ဆယ်တန်းအောင်ပြီးသားဆို။ ဘာတဲ့။ သူ့ယောကျ်ားလေးက ရန်ကုန်ကလိုက် လာတာတဲ့လေ"

"ဟုတ်တယ် ဆရာမကြီး။ ဟိုတစ်လောကပဲ ဆုံးသွားပါပြီ"

"ဟယ် ... ဟုတ်လား။ စိတ်မကောင်းစရာပဲအေ။ ကဲ ... ကဲ ဆရာမကြီး သူ့ကို ခေါ်ပြောလိုက်ပါမယ်"

အိမ်ပြန်ရောက်တော့လည်း အမေတို့ကို ထိုအကြောင်း ပြောပြသော အခါ စိတ်တိုနေကြသည်။ ကျွန်မက တော့ ခင်မျိုးအိုကို စိတ်မတိုမိ။ အံ့ဩ မိသည်သာ။ ကလေးကိုလည်း သနားနေ မိသည်။

×××

အခန်း ၅

နောက်တစ်နေ့ ပထမဆုံး စာသင်ချိန်၌ ကျောင်းခေါင်းကြီးမ နာမည် ခေါ်တော့ ...

"မောင်မျိုးမောင်ထွန်း"

"ရှိပါတယ်ခင်ဗျ"

တော်သေးတာပေါ့။ ခေါ်သာ ခေါ်ရတာ ပြန်ပြီးထူးပါ့မလားလို့။ အင်း ခင်မျိုးအိုကို ဆရာမကြီး ခေါ်ပြောလိုက် တာထင်တယ်။

ထို့နေ့က ကလေးတွေ ပျော်ပျော်ရွှင်ရွှင် စာသင်ရပါသည်။ နှစ်စ မို့ ကဗျာလေးများ၊ သီချင်းလေးများ၊ ပုံပြင်လေးများ ဆိုလိုက်ပြောလိုက်ဖြင့် ကလေးများရော ကျွန်မပါ ပျော်ရွှင်နေပါ သည်။ ကလေးများမှာ တခြားအချိန်

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းသွားတာတောင်မှ ကျွန်မအနားက မခွာကြ။ ကျောင်းအုပ်ဆရာမကြီးကလည်း ကျွန်မစာသင်နေပုံကို ကြည့်ရင်း သဘောကျနေလေသည်။

သည်လိုနဲ့ ကျွန်မ ကျောင်းတွင် တာဝန်ထမ်းဆောင်သည့်တစ်လပင် ကျော်သွားပါသည်။ ထိုတစ်လအတွင်း မည်သည့်ပြဿနာမျှ မဖြစ်ခဲ့ပေ။

တစ်နေ့ နေ့လယ်ခင်း ထမင်းစားနားချိန်တွင် စတုတ္ထတန်းကျောင်းသူလေးများက ကျွန်မနှင့်အတူ ထမင်းစားရန် ထမင်းချိုင့်လေးများ ကိုယ်စီကိုင်၍ ဆရာ၊ ဆရာမများ နားနေရာ ရုံးခန်းထဲသို့ လာရောက်ခေါ်ကြလေသည်။

ကျွန်မလည်း ကလေးများ စိတ်မကောင်းဖြစ်မည်စိုး၍ ပျော်ရွှင်စေရန် အတူစားသော ဆရာမများအား တောင်းပန်ထားခဲ့ရသည်။

"ဆရာမ သမီးတို့ ဆရာမ အတန်းထဲစားမယ်လေ"

ကျောင်းသူတစ်ဦးက ကျွန်မလက်ထဲမှ ထမင်းချိုင့်နှင့် မုန့်များပါသော ကြိမ်ခြင်းကို ကူဆွဲရင်း ပြောလိုက်ခြင်း ဖြစ်သည်။

"အေး ... အေး။ ဆရာမ အတန်းထဲဝင်ကြ"

အတန်းထဲသို့ဝင်ရင်း အများစု ဝိုင်း ထမင်းစားရန်နေရာကို ရှာရွေးလိုက်သည်။ ထိုစဉ် ...

"အဲ ... သားလေး"

ကျွန်မ မျက်လုံးပြူးသွားရသည်။ အံ့သြလည်း အံ့သြသွားပါသည်။ ဟုတ်ပါသည်။ အတန်း၏ ညာဘက်ထောင့်တစ်နေရာတွင် ဒူးလေးနှစ်ဖက် ထောင်ကာ ကုတ်ကုတ်လေး ရှိုက်ငိုနေသော ကျောင်းသားလေးတစ်ဦး။ တိတိကျကျပြောရပါမူ ခင်မျိုးအိရဲ့သား။ ကျွန်မတပည့်လေး မောင်မျိုးမောင်ထွန်း။

ကျွန်မလည်း ချက်ချင်း ကလေးအနားသို့ တိုးကပ်သွားလိုက်ပါသည်။ ကလေးက ကျွန်မအသံကြားရ၍ ခေါင်းထောင်ကြည့်သည်။ သူမျက်နှာပေါ်မှာ မျက်ရည်တွေ။

"သားလေး မျိုးမောင်ထွန်း။ ဘာဖြစ်လို့ငိုနေတာလဲကွယ်။ ဟင်"

"ဟီး ... ဟီး။ အဟင့် အီး"

ကျွန်မပြောလိုက်မှ ကလေး ပို၍ ဝမ်းနည်းသွားဟန်ရှိပါသည်။ ရှိုက်ကြီးတငင် ငိုပါတော့သည်။ ကျွန်မလည်း ဘာလုပ်ရ၊ ဘာကိုင်ရမှန်းမသိ။ စတုတ္ထတန်း ကျောင်းသူလေးများမှာလည်း ဝိုင်းအုံကြည့်နေကြသည်။

"သားလေး ဘာလို့ငိုနေတာလဲကွယ်။ သား အိမ်မပြန်ဘူးလား"

နေ့လယ်ခင်း ကျောင်းဆင်းချိန်ဖြစ်သဖြင့် ကျောင်းသားများ အိမ်သို့ ထမင်းစား အလျှိုလျှိုပြန်သွားကြသည်။ ဒီကလေး ဘာလို့ မပြန်တာလဲ။ ထမင်းချိုင့်များ မပါလို့လား။

"ဆရာမ ဟီး ... ဟီး။ သား သား ... ဟင့်"

"အေး ... သား ပြောပြော"

ကလေး၏ စကားသံကြားရသဖြင့် ကျွန်မ ဝမ်းသာသွားသည်။ ဆက်ပြောရန် လမ်းကြောင်းပေးတော့-

"ဆရာမ ... အဟင့်။ ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com

"ဆရာမ"

"သြော် ... သားလေးအေး နောက်တစ်နေ့တွင် နံနက်စောစော ကျောင်းသို့လာပြီး အတန်းထဲ၌ မပြီးသေးသော ကျောင်းလုပ်ငန်းများကို ရေးမှတ်နေစဉ် ကျွန်မ၏တူ ဇာပည့် ဖြစ်သူ အေးကို ရောက်လာလေသည်။ အေး၏လက်ထဲတွင် အဖြူရောင်နှင်းဆီပွင့်လေးတစ်ပွင့် ကိုင်ထားပြီး ကျွန်မအား ပေးပါသည်။

"ဆရာမပန်ဖို့ အမေက ပေးလိုက်တာ"

"ဟ.... မနွေကလား။ မနွေ ကြီးပဲ။ ထ ... ထ။ သားလေး လာ" စာသင်ရတာ မပျော်ရွှင်ပေ။ အိမ်ပြန်ရောက်၍ ထိုအကြောင်းကို အဖေနဲ့ အမေအား ပြောပြတောက စိတ်မကောင်းဖြစ်နေကြသည်။

×××

အခန်း ၆

ကျွန်မလည်း ကလေးကို ပွေ့ထူလိုက်ရင်း လက်လေးကို ကိုင်ထားလိုက်သည်။

"သမီးတို့ အတန်းရှေ့မှာ ထမင်းစားရအောင်။ အောက်ကအခင်းတွေ ခင်းကြ။ ဆရာမခြင်းထဲမှာ ပါတယ်"

"ဟုတ်ကဲ့ ဆရာမ"

ထမင်းစားကြတော့ ပန်းကန်တစ်ချပ်တွင် ထမင်းများ အပြည့်ထည့်ကို၍ လာ ဟင်းများကို အကုန်ပုံပေးပြီး စားခိုင်းလိုက်ပါသည်။ တော်တော်လေးနှင့် ဆာနေပုံရသည်။ ကလေးသဘာဝအတိုင်း အငမ်းမရ စားကြသည်။ သူစားနေတာကို ကြည့်ရင်း ကြည်နူးရပါသည်။ စတုတ္ထတန်း ကျောင်းသူလေးများကလည်း ဟင်းများ ဝိုင်းထည့်ပေးကြသည်။ သူတို့လည်း ပျော်ပျော်ရွှင်ရွှင် အားရပါးရ စားသောက်နေကြသည်။ ကျွန်မကတော့ လုံးဝ မစားနိုင်ပါ။ ရင်ထဲ တစ်ဆို့ကြီး ဖြစ်နေသည်။ ထိုနေ့ညနေပိုင်းတွင်လည်း သားတို့၊ သားတို့အိမ်မှာ ထမင်း ... ထမင်းမချက်ဘူးဗျ။ အဟင့် ... ဟင်း ရှိတ်။ အမေ အမေက ဒီနေ့ လာမစားနဲ့တဲ့။ သား ... သား ဗိုက်ဆာလို့ငိုတာပါဗျ"

"အို ... သားရယ်"

ကျွန်မရင်တစ်ခုလုံး တုန်ခတ်သွားရသည်။ ကျွန်မ ထင်တဲ့အတိုင်းပဲ ကလေး ထမင်းမစားရ၍ ငိုနေတာတဲ့လေ။ ကျွန်မ မျက်လုံးထဲ၌လည်း မျက်ရည်များ ရစ်ပိုင်းလာရသည်။ စိတ်မကောင်းသွားသည်မှာ အမှန်ပင်။

"သားလေး ... အဲဒါ မငိုရဘူးကွယ်။ လာ ဆရာမထဲမှာ ထမင်းပါတယ်။ ဆရာမနဲ့ အတူတူလာစားလှည့်နော်"

"ဟင့်အင်း ... ဆရာမ။ အမေက ဘယ်သူကျွေးကျွေး မစားရဘူးတဲ့"

"အယ် ... ဆရာမကျွေးတာ ပဲဥစ္စာ။ လာ စားရမယ်။ ဆရာမထဲမှာ ထမင်းတေါရော၊ ဟင်းတွေရော အများ

www.burmeseclassic.com

www.burmeseclassic.com

ကို ကျေးဇူးတင်တယ်လို့ ပြောလိုက်သား။ စကြိုးစားနော်။ ဆရာမက ကိုယ့်တူဆိုရင် ပိုရိုက်မှာ"

"ဟုတ်ကဲ့ ဆရာမ။ ဟို ဆရာမ။ ဒီနေ့ မျိုးမောင်ထွန်း ကျောင်းမလိုက်ဘူးတဲ့"

"ဟင်"

မျိုးမောင်ထွန်းဆိုသော အသံကြောင့် ကျွန်မ ခေါင်းထောင်ကြည့်မိလိုက်သည်။

"ဘာပြုလို့မလိုက်တာလဲသားရဲ့"

"သား မနက်က သူ့ကိုဝင်ခေါ်တော့ သူအမေက သူသားကို ကျောင်းမလိုက်ရဘူးတဲ့။ ပြီးတော့ ဆရာမ မျိုးမောင်ထွန်းကိုလည်း ရိုက်ထားတယ် ထင်တယ်။ သူခေါင်းမှာ ပုဆိုးစုတ်ကြီးနဲ့ပတ်ထားတာ သားတွေ့ခဲ့တယ်"

"ဟင်း . . . သူအမေက ဘာပြုလို့ရိုက်တာလဲ"

ကျွန်မ ဒေါသထွက်သွားမိသည်။ ကလေးကို ခေါင်းပေါက်အောင် ရိုက်တာ လွန်လွန်းအားကြီးသည်။ မတော်တဆ ဦးနှောက်ကို ထိခိုက်သွားရင်ဖြင့် ကလေးဘဝ သွားပြီ။

"အဲဒါ . . . ဆရာမ။ သူ့အမေက ပြောတယ်။ မင်းဆရာမက ငါ့သားကို ထမင်းကျွေးတာစားလို့ ရိုက်တာတဲ့။ သားသူ့အမေကို မုန်းလို့ ဆရာမကို လာပြောတာ"

"ဘာ"

ကျွန်မ ကိုင်ရေးနေသော ဘောလ်ပင် လက်ထဲမှ လွတ်ထွက်သွားပါသည်။ စိတ်ထဲ ဖျဉ်းခနဲ ဖြစ်သွားပါသည်။ ဒေါသတွေလည်း အထွတ်အထိပ်သို့ ရောက်သွားရပါသည်။

ကလေးကို ထမင်းကျွေးတာစားတာနဲ့ ခေါင်းပေါက်အောင် ရိုက်ရရောလား။ သူ ကျွန်မကို ဒီလောက်ထိ တော်တော်မုန်းနေတာလား။ တွေ့မယ် ခင်မျိုးအို။ တွေ့မယ်။ ကျွန်မ မြန်ဆန်သော ခြေလှမ်းများဖြင့် အတန်းထဲမှ တစ်ဆင့် ကျောင်းထဲမှ ထွက်ခဲ့ပါသည်။

ကျွန်မ၏ ခြေလှမ်းများသည် ရွာအနောက်ဘက်ဆီသို့သာ . . .။

ကျွန်မ ခင်မျိုးအိတို့ အိမ်ရှေ့ရောက်တော့ အိမ်ထဲသို့ ဝင်ကြည့်လိုက်ပါသည်။ မြေစိုက်တဲလေးကို ဝပ်ယိုယိုင်ထိုးထားပြီး ထန်းလက်များကို မသေမသပ် မိုးထားသည့် အပေါက်အပြဲများ ရှိနေသည့် ထရံများကို အရင်ဆုံးတွေ့လိုက်ရသည်။ တဲလေးရှေ့တစ်နေရာတွင် ကျွန်မတပည့်လေး မောင်မျိုးမောင်ထွန်းကို သူအမေ ခင်မျိုးအိက ခေါင်းပေါက်သောနေရာ၌ ဆေးထည့် ပတ်တီးစည်းနေသည်ကို တွေ့လိုက်ရသည်။ ကလေးအငယ်လေးတစ်ယောက်က တော့ လေးဘက်လေးကုန်းလျက်။ ထိုမြင်ကွင်းကြောင့် ဒေါသများနှင့် ပေါင်းစုလာသော ကျွန်မတစ်ယောက် ခပ်ငေးငေးလေး ဖြစ်သွားရပါသည်။ အိမ်ဝိုင်းထဲသို့ မနေးမမြန်သော ခြေလှမ်းများဖြင့် လှမ်းဝင်လိုက်ရင်း . . .

"ခင်မျိုးအို"

". . . . ."

ရုတ်တရက် အသံကြား၍

www.burmeseclassic.com

www.burmeseclassic.com

ဘုည့် ကြည့် မိသော ခင်မျိုးအိ တစ် ယောက် ကျွန်မကို မြင်လိုက်ရ၍ အံ့သြ သွားသည်။ ခင်မျိုးအိ။ ဟိုတုန်းကနှင့် မတူတော့။ နှစ်အတွင်း ပြောင်းလဲသွား လိုက်တာ။ ကျွန်မနှင့် အပြိုင်အဆိုင် လိုက်ဝတ်တတ်၊ စားတတ်သော ခင်မျိုး အိ။ အခုတော့ မျက်နှာတွင် ဇရာအရိပ် အရောအကြောင်းများ ထင်နေပေပြီ။ ခေါင်းတွင်လည်း ဆံပင်ကွက်ကြား ဖြူနေပြီ။ ခပ်နွမ်းနွမ်း ရင်ဖုံးအင်္ကျီအပြာ လေး အရောင်မပေါ်တော့သည့် ချည်လုံ ချည်လေးကို ဝတ်ထားပါသည်။

"ခင်မျိုးအိ ဘာမှမပြန်မပြောပေ။ အံ့သြသော မျက်လုံးအစုံဖြင့်သာ ကျွန်မ ကို ငေးစိုက်ကြည့်နေသည်။

"ငါ့မှာ ဟိုတုန်းကလို စိတ် ဓာတ်မျိုး မရှိတော့ဘူး။ ကျောင်းဆရာမ တစ်ယောက်ဖြစ်နေပြီ။ ကလေးကိုလည်း ရိုက်စရာမလိုဘူး။ ကလေးနဲ့ ဘာမှလဲ မဆိုင်ဘူး။ အခု နင် မကျေနပ်ရင်လည်း ငါ့ကို ကြိုက်သလိုလုပ်လိုက်ပါ။ ဒီမှာ ခင်မျိုးအိ။ နင်နဲ့ငါက ဟိုတုန်းက ရန်ဘက်တွေဆိုပေမယ့် အခုအချိန်မှာ ငါတို့ အသက်တွေကြီးလာပြီ။ နင်လည်း အသက် ၃၀ ကျော်ရောပေါ့။ ဟိုတုန်းက လို မာန်မာနတွေ၊ အတ္တတွေ ထားမနေ စမ်းပါနဲ့။ ဒီအချိန်ထိ နင် ငါ့ကို အငြိုး မပြေသေးတာတော့ ငါ အံ့သြမိတယ်။ ခင်မျိုးအိ။ နင်သိထားဖို့က အခုအချိန် မှာ ငါဟာ နိုင်ငံ့သားကောင်းရတနာတွေ မွေးထုတ်ပေးနေတဲ့ ကျောင်းဆရာမတစ် ယောက် ဖြစ်နေပြီဟာ။ နင့်သားကို နင့်ကိုမုန်းတဲ့အငြိုးတွေနဲ့ ငါ မဟုတ်တာ လုပ်လိမ့်မယ်လို့ နင်ထင်သလား ဟင်။ နင် ငါ့ကို အဲသလိုထင်တာလား"

ခင်မျိုးအိဘက်မှ မည်သို့သော တုံ့ပြန်ချက်မှ မကြား‌ရ။ သူ့ခေါင်းကို လည်း ငုံ့ထားပါသည်။

"အခု ... နင် ကလေးကို ရိုက်လိုက်တာ ခေါင်းပေါက်သွားတယ်ဆို။ အဲဒီ နန္ဒင်းမူန့်တွေ သိပ်ပေးမနေနဲ့။ လာ သားလေး။ ဆရာမတို့ကျောင်းက ကြက် ခြေနီမှာ ဆေးထည့်ရအောင်"

ကျွန်မ၏တပည့် လေး မျိုးမောင်ထွန်းက သူ့အမေလက်ထဲမှနေ ၍ ကျွန်မဆီသို့ တိုးလာပြီး ကျွန်မ လက်ကလေးတစ်ဖက်ကို လာကိုင်ပါ သည်။ ကျွန်မလည်း ဒေါသသံတွေ အပြည့်ဖြင့် ပြောနေရာမှ ကလေးလက် ကို ဆွဲ၍ ခြံဝသို့ ခြေဦးလှည့်လိုက်ပါ သည်။

ထိုစဉ် ...

"သူငယ်ချင်း"

"ဟင်"

"သူငယ်ချင်း။ ဟီး ... ဟီး ဟီး ... အဟင့် ... ဟီး။ ငါ .. ငါ တောင်းပန်ပါတယ်ဟာ။ ငါ နင့်ကို အများကြီးတောင်းပန်ပါတယ်ဟာ။ ငါလေ ငယ်ငယ်ကတည်းက နင့်အပေါ် ကို မကောင်းခဲ့တာပါ။ အကုန်လုံး ကို

www.burmeseclassic.com

www.burmeseclassic.com

အများတွေကြီးပါပဲ။ ဟီး ... ဟီး။ နင် နဲ့ရဲ့စိတ်ဓေတ်ကို ငါ လေးစားတယ် သူငယ်ချင်းရယ်။ ဟီး ... ငါ့သားလေး ကို နင် ငါ့သားဆိုတာသိပြီး ငါ့ကိုမုန်းတဲ့ အငြိုးတွေနဲ့ တစ်ခုခုလုပ်မှာစိုးရိမ်လို့ပါ သူငယ်ချင်းရယ် ဟီး ... ဟီး။ နင် ငါ့ကို ခွင့်လွှတ်ပါနော်။ ဟီး"

ကျွန်မ၏ မျက်ရည်များလည်း ပိုးပိုးပေါက်ပေါက် ကျလာရပါသည်။ ခင်မျိုးအိ၏ ငိုသံကို နာကျင်စွာ ကြားနေရသည်။

"ငါ နင့်ကို ခွင့်လွှတ်ပါတယ်ဟာ။ ရွှတ်။ နင်လည်း ငါမကောင်းခဲ့တာတွေကို ခွင့်လွှတ်ပါဟာ။ ဟီး ... ဟီး"

ခင်မျိုးအိက မြက်ခင်းပေါ်တွင် ပုံပုံလေး ခြေပဆစ်ဒူးတုပ်ထိုင်ရင်း ကျွန်မက ကလေးလက်ကိုဆွဲ မတ်တတ်ရပ်ရင်း တရှုံ့ရှုံ့ငို့နေကြပါသည်။ အခုချိန်တွင် ရင်ထဲ၌ ဟိုတုန်းကလို အပြိုင်အဆိုင်၊ မာန်မာနတွေ၊ အငြိုးအာဃာတတွေ တစ်ခုမှမရှိတော့ပါ။ ငယ်ငယ်တုန်းက ရန်ဖြစ်ခဲ့တာတွေလည်း သတိမရတော့ပါ။ ကျွန်မတို့ သူငယ်ချင်းနှစ်ဦး ရင်ထဲ ကိုယ်စီခံစားချက်တွေနှင့်။

အတန်ကြာမှ ကျွန်မက ..

"သူငယ်ချင်း ... ထပါဟာ။ မြက်ခင်းကြီးပေါ် ထိုင်မနေပါနဲ့"

ခင်မျိုးအိက ဖြည်းညင်းစွာ ထရင်း မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်သည်။

"ငါ ... သွားတော့မယ် သူငယ်ချင်း။ ငါ့တပည့်လေးကို ကျောင်းတက်ခိုင်းပြီး ဆေးထည့်ပေးလိုက်ဦးမယ်။ ငါ ခေါ်သွားမယ်နော်"

"အေး ... အေးပါဟာ။ ရွှတ်"

ကျွန်မတစ်ယောက် တပည့်လေး မောင်မျိုးမောင်ထွန်းကို လက်ဖြင့် ဆွဲရင်း သူတို့ခြံဝိုင်းလေးထဲမှ ဖြည်းညင်းစွာ ထွက်လာခဲ့မိပါသည်။ ရင်ထဲတွင် ဝမ်းနည်း၊ ဝမ်းသာ ခံစားနေမိသည်။ ငိုရလို့ ဝမ်းနည်းတာလား၊ ကျွန်မတို့ သူငယ်ချင်းနှစ်ဦး အမြင်မှန်ရ၍လား မသိ။ ကျွန်မ စဉ်းစားနေမိပါသည်။

ကျွန်မသူငယ်ချင်းမိသားစုကို တတ်နိုင်သမျှ ထောက်ပံ့မည်။ ကလေးတွေ အားလုံး၏ ပညာရေးကိုလည်း တာဝန်ယူမည်။ ကျွန်မ တတ်နိုင်သလောက် ကူညီပေးမည်လို့။

"ဒေါင် ... ဒေါင် .. ဒေါင်"

ထိုအခိုက် ရွာကျောင်းလေးဆီမှ ကျောင်းတက်ခေါင်းလောင်းထိုးသံကို ကြားလိုက်ရပါသည်။ ချိုသာကြည်လင်သော အသံလေး။ ကျွန်မနားထဲတွင် တော့ ဒီနေ့ကြားရသည့် ခေါင်းလောင်းသံသည် တမူထူးခြား ပြောင်းလဲနေပါသည်။ ပိုပြီး သာယာသလို ခံစားမိနေသည်။ ဟိုတုန်းကနဲ့မတူ။ ရွာကျောင်းလေးဆီသို့ ဝုံကြွားသော ခြေလှမ်းများဖြင့် လှမ်းနေသော ကျွန်မသည်လည်း ဟိုတုန်းကနဲ့ မတူတော့ပါ။ ဟုတ်ပါသည်။ အရာရာအားလုံး ဟိုတုန်းကနဲ့ မတူတော့ပါ။

မောင်စည်သူဇော်

(မြင်းမူ-မုံရွာပညာရေးကောလိပ်)

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်စိုက်ကြစို့

လက်တစ်ဝိုင်နဲ့
သဘာဝပေးအဆုံကျယ်ကို
ကာကွယ်ကြပါစို့

ဇေယျန(ရာမညာ)

အတွဲ (၂၀) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ ကမ္ဘာအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်ဆိုးများကြောင့် လွှမ်းမိုး အနိုင်ယူနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ လူတွေက သဘာဝဘေးအန္တရာယ်ဆိုရင် ထိတ်လန့်ကြောက်ရွံ့နေကြတယ်။ မကြောက်လို့လည်း မဖြစ်ပေဘူးကိုး။ ကမ္ဘာအရပ်ရပ်မှာ လူအသေအပျောက် အများဆုံးဖြစ်ရပ်တွေက ဒီသဘာဝဘေးဆိုးတွေကြောင့် ဖြစ်ပေါ်လာခဲ့တာမဟုတ်လား။ လူတွေရဲ့ပ သဘောသဘာဝအရ ဖွံ့ဖြိုးတိုးတက်မှုကို အရမ်းလိုချင်ကြတယ်၊ ခုံမင်ကြတယ်၊ မြတ်နိုးကြတယ်။ တယ်လီဖုန်းတွေ၊ မော်တော်ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ အလားတူ အခြားစက်ပစ္စည်း အသစ်အဆန်းတွေကို လိုလားကြတယ်။ ဘယ်အရာမဆို ကောင်းကျိုးရှိသလို၊ ဆိုးကျိုးရှိတဲ့ အရိပ်ကလည်း အမြဲကပ်လိုက်နေတာ သူတို့သတိမထားမိခဲ့ကြဘူး။ ယခုအဖြစ်များတဲ့ ဘေးတွေကတော့ ဆူနာမီဘေး၊ ငလျင်ဘေး။ မုန်တိုင်းဘေးအန္တရာယ်တွေပဲဖြစ်တယ်။ ကမ္ဘာပေါ်မှာ ၂၂.၅.၁၉၆၀ ခုနှစ်မှာ လူပ်ခတ်ခဲ့တဲ့ ဟောတီငလျင်ကတော့ တန်ဖိုး (၉.၅) million ထိခိုက်ဆုံးရှုံးခဲ့ရတယ်။

ထို့အတူ ကမ္ဘာပေါ်မှာ လူအသေအပျောက်အများဆုံး ငလျင်တစ်ခုက တရုတ်နိုင်ငံမှာ လူပ်ခတ်ခဲ့တဲ့ ချန်စီငလျင်ပဲဖြစ်တယ်။ အဲလိုလူပ်ခတ်မှုကြောင့် လူပေါင်း ၁၃၀၀၀၀ ခန့် သေကြေပျက်စီးခဲ့တယ်။

ထို့အတူ ၁၈၅၀ ခုနှစ်မှစ၍ ပစိဖိတ်သမုဒ္ဒရာအတွင်း ဆူနာမီရေလှိုင်းဘေးဒဏ်ကြောင့် လူပေါင်း ၁၂၀၀၀၀ ခန့် သေကြခဲ့ကြတယ်။ ဒါပေမဲ့ လူတွေ သတိမထားမိခဲ့ကြသေးဘူး။ ၂၀၀၄ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားကျွန်းကနေ အစပြုခဲ့တဲ့ ဆူနာမီရေလှိုင်းကြောင့် တစ်ကမ္ဘာလုံးကလူတွေ သတိပြုခဲ့မိကြတယ်။ ကမ္ဘာပေါ်ရှိ လူဦးရေစုစုပေါင်း ၇၆၀၀ သန်း ရှိတဲ့အနက် သန်း ၁၀၀ ဝန်းကျင် လူတွေက ကမ်းရိုးတန်းဒေသတွေကို အမှီသဟဲပြုပြီး နေထိုင်ကြရတာဖြစ်တယ်။ တခြားတခြား သော သဘာဝဘေးအန္တရာယ်မျိုးစုံတွေကလည်း ဘယ်နေရာကို ဝင်ရမလဲဆိုပြီး စိုင်းပြင်နေကြတာကို တွေ့နေရပြီ။ အဲလိုဝင်လာခဲ့ရင် ကျွန်တော်တို့ ဘာတွေလုပ်ကြမလဲ၊ ဘယ်လိုခုခံကာကွယ်ကြမလဲ၊ ကျွန်တော်တို့ရဲ့ ဆွေမျိုးသားချင်းတွေ သေကြေပျက်စီးတော့မှာကို လက်ပိုက်ကြည့်နေကြတော့မလား။ နည်းလမ်းကို ကျွန်တော်တို့ရှာကြရမယ်။ အခုဆိုရင် သဘာဝဘေးကို တော်လှန်ဖို့ တချို့လူတွေ ကြိုးစားနေကြပြီ။ အဲဒီ တချို့တွေထဲမှာ ကျွန်တော်တို့ရော မပါဝင်ချင်ကြဘူးလား။

ယခင်က ကျွန်တော်တို့မှာ အဲဒီအတွေးတွေ မရှိခဲ့ဘူး။ ကြောက်လန့်ရကောင်းမှန်းလည်း မသိခဲ့ဘူး။ မကြောက်မလန့်ခဲ့ကြလို့ပဲ ကျွန်တော်တို့မြန်မာနိုင်ငံကြီးမှာ မျက်ရည်မြစ်တစ်ခုစီးဆင်းခဲ့ရတယ်။ အဲဒါကတော့ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com

မှာ တိုက်ခတ်ခဲ့တဲ့ နာဂစ်ဆိုင်ကလုန်း ဘူး။ ရေမြေအနေအထား အရမ်းကောင်း ခဲ့ကြမလို့လား။ လူတစ်ရာမှာ လူတစ်ရာ
မှန်တိုင်း။ နာမည်လေးက နာဂစ်တဲ့။ မွန်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကြီး လုံး မပေးချင်ကြပါဘူး။ အဲလိုမပေးဖို့
သူရဲ့ ရက်စက်မှု၊ ခက်ထန်မှုတွေကြောင့် မှာ ဒီလိုဘေးဆိုးတွေ မဝင်ရောက်လာ အတွက် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။
ကျွန်တော်တို့ရဲ့ သွေးချင်းညီအစ်ကို ဖို့၊ ဝင်ရောက်လာရင်လည်း ထိခိုက် လူတစ်ယောက်တည်း ဆောင်ရွက်လို့
မောင်နှမတွေ အသက်ပေးခဲ့ရတယ်။ ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်လုပ်ဖို့ မရဘူး။ လူတိုင်းလူတိုင်း ဘစ်နှိုင်တစ်ပိုင်
သေဆုံးသူ ၁၃၀၀၀၀ ကျော်တဲ့ဗျာ။ ကျွန်တော်တို့မှာ အပြည့်အဝ တာဝန်ရှိ ကူညီအားဖြည့်ဆောင်ရွက်မှ ဒီတာဝန်
ပျောက်ဆုံးသူကလည်း ၁၂၀၀၀၀ တယ်။ သဘာဝသစ်တောကြီးတွေ၊ ကြီး ပြီးဆုံးမှာပါ။ သဘာဝဘေးနဲ့
ကျော်ဆိုပြီး ခန့်မှန်းခဲ့ကြတယ်။ မြန်မာ သဘာဝတောင်တန်းကြီးတွေက ပတ်သက်တဲ့ အသိပညာတွေကို
ပြည်သူပြည်သားတွေရဲ့ မျက်ရည်တွေ ကျွန်တော်တို့ကို ရှေးနှစ်ပေါင်းများစွာထဲ လေ့လာဖို့ လိုအပ်နေပြီ။ ဘာဖြစ်ရင်၊
မြေခဲ့ရတယ်။ ကျွန်တော်တို့ နာကျင် က ကာကွယ်ပေးခဲ့ကြတယ်။ လူတချို့ ဘာကြောင့်ရမယ်ဆိုတဲ့ အသိပညာတွေ၊
ခဲ့ရတယ်။ ကြောက်လန့်ခဲ့ရတယ်။ ရဲ့ အသိဉာဏ်နည်းပါးမှုကြောင့် ဗဟုသုတတွေ ကျွန်တော်တို့ အများကြီး
အဲလိုမျိုး ထပ်မဖြစ်အောင် ကျွန်တော် သစ်တောတွေကို ခုတ်တယ်၊ တော သိရှိထားဖို့လိုနေပြီ။ သိရုံပဲလားဆိုတော့
တို့ ဘာတွေလုပ်ကြမလဲ။ ဘယ်လိုတွေ တောင်တွေကို ဖျက်ဆီးတယ်။ အဲဒီ လည်း မဟုတ်သေးပြန်ဘူး။ တကယ်
ရင်ဆိုင်ကြမလဲ။ သဘာဝဘေးအန္တရာယ် အကျိုးဆက်ကို ကျွန်တော်တို့ အခု လက်တွေ့ဆောင်ရွက်ဖို့လည်း လိုသေး
ကို ကျွန်တော်တို့ တားဆီးလို့မရတာ ခံစားနေကြရပြီမဟုတ်လား။ အချိန်အခါ ပြန်ရော။ ကမ်းရိုးတန်းဒေသတွေမှာ
မှန်ပေမယ့် သူ့ကို ကာကွယ်လို့ရတယ်။ မဟုတ် မိုးတွေရွာနေပြီ။ ဆောင်းရာသီ ယခုဆိုရင် ဒီရေတောတွေကို စိမ်ချက်
ကျွန်တော်တို့ရဲ့ အသိပညာတွေ၊ ဆိုတော့ ဘာမှန်းမသိတော့ဘူး။ တစ်နှစ် တွေနဲ့ စိုက်ပျိုးနေကြပြီ။ နိုင်ငံတော်
စည်းလုံးမှုတွေနဲ့ သူ့ကို အနိုင်ယူလို့ရ ပတ်လုံး ပူပြင်းနေပြီ။ အဆင့်ကလည်း ရေငံတားတမံတွေ၊
တယ်။ ကျွန်တော်တို့ ခံစားနေရတာ ရေကာတာတွေကိုလည်း တည်ဆောက်
ကျွန်တော်တို့လူမျိုးတွေက က အခုမှ အစပဲရှိသေးတယ်။ ပေးနေပြီ။ ဘယ်လောက်အားရစရာ
ဖြစ်တဲ့အချိန်လေးပဲ ကြောက်လန့်ကြ ကျွန်တော်တို့ မွေးဖွားလာမယ့် သားသမီး ကောင်းလဲဗျာ။ နိုင်ငံတော်ကနေ
တာ။ ရေရှည်ဖြစ်လာမှာကို မတွေးကြ တွေကိုရော၊ အဲဒီဘေးဆိုးတွေ အမွေပေး ဒီလောက်ပဲ့ပိုးနေတာကို ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

က ဘာလို့ လက်မတွဲနိုင်ရမှာလဲ။ ကျွန်တော်တို့ကို ကိုယ်တိုင်လမ်းဖောက်နိုင်းတာမဟုတ်ဘူး။ ဖောက်ထားတဲ့လမ်းပေါ်ကို လျှောက်နိုင်းတာ။

ကျွန်တော်တို့ တတ်နိုင်သလောက် သစ်ပင်လေးတွေ စိုက်ကြမယ်။ စိုက်ထားတဲ့ သစ်ပင်လေးတွေကြီးထွားလာအောင် ကျွန်တော်တို့ ပျိုးထောင်ကြမယ်။ သဘာဝတရားကြီးကို ထိန်းသိမ်းကြမယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် မဟုတ်ဘူးဗျ။ ကျွန်တော်တို့ရဲ့ သားသမီးတွေအတွက် မျိုးစေ့ချပေးခဲ့တာ။ သူတို့လေးတွေ အနာဂတ်မှာ ထိခိုက်မှုလျော့ပါးစေချင်လို့၊ သဘာဝဘေးဆိုးတွေနဲ့ ဝေးရာကို ကျွန်တော်တို့ ပို့ပေးဖို့ ကြိုးစားနေတာ။

ကဲ . . . မိတ်ဆွေတို့ရော သဘာဝဘေးအန္တရာယ်ဆိုးတွေကို မကာကွယ်ချင်ကြဘူးလား။ ကျွန်တော်တို့ရဲ့လက်တွေကို သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းတွေမှာ မသုံးချင်ကြဘူးလား။ စည်းလုံးခြင်းသည် ခွန်အားတဲ့။ ကျွန်တော်တို့ရဲ့ စည်းလုံးမှုကို ကိုယ်စိလက်တစ်စုံနဲ့ ပြလိုက်ကြရအောင်။

သဘာဝဘေးအန္တရာယ်ဆိုးတွေကို ကျွန်တော်တို့ လက်တွေနဲ့ ကာကွယ်လို့ကြရအောင်ဗျာ။ ကျွန်တော်တို့ရဲ့ လက်တစ်စုံအနောက်မှာ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်တွေက မျှော်လင့်တကြီး ကြည့်နေကြတာဗျ။ သူတို့လေးတွေ သိပ်ကြောက်နေကြတယ်။ သူတို့လေးတွေ သိပ်စိုးရိမ်နေကြတယ်။ သူတို့လေးတွေရဲ့ မျက်ဝန်းအိမ်ထဲက ကြောက်လန့်မှုတွေကို ကျွန်တော်တို့ရဲ့ လက်တစ်စုံနဲ့ ဖယ်ရှားပေးလိုက်ရအောင်။

သဘာဝဘေးအန္တရာယ်ဆိုးတွေကို ကျွန်တော်တို့ရဲ့ လက်အစုံပေါင်းများစွာ စုပေါင်းထားတဲ့ တံတိုင်းကြီးတစ်ခုနဲ့ ကာကွယ်ပေးလိုက်ကြပါစို့။

ဇေယန္တ(ရာမည)

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့တိုက်ဆိုင်

ကိုယ်နှင့်သက်ကို...ကွန်မန့်ကို

ခွန်သက်တင်ဆန်း

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

အလုပ်များကို သင်စေသည်။ ပေးအပ်

သောတာဝန်ကို မည်ညီးမည္ဟု ထမ်း

ဆောင်ရင်း အချိန်တွေကုန်စေခဲ့ရာမှ

(၃)လခန့် ပင်ကြာသွားသည်။

" ဝိုလ်လေး...တပ်ရင်းမှူး

ခေါ်ပါတယ်"

စံပြရဲဘော်လေးလာခေါ်မှ

တပ်ရင်းမှူးရုံးခန်းသို့ရောက်ခဲ့ပြီး ရုံးခန်း

အတွင်း မဝံ့မရဲဝင်ရောက်လာခဲ့ရသည်။

"ထိုင်...ဝိုလ်လေး "

တပ်ရင်းမှူးကြီးညွှန်ပြသော

ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"မင်းရဲ့လုပ်ရည်ကိုင်ရည်နဲ့

အရည်အချင်းကို ငါသဘောကျတယ်..

အဲ့ဒါ မင်းကို သီးခြားတာဝန် တစ်ခု ပေး

ချင်တယ်..မင်းလုပ်နိုင်မလား.."

"လုပ်နိုင်ပါတယ် တပ်ရင်းမှူး"

ဘာရိုင်းမယ်မှန်း မသိသေး

သော်လည်း ရဲတုံ့ဝါ အာမခံလိုက်သည်။

"ဒါပေါ့ကွ...စစ်သားဆိုတာ

လုပ်ရဲကိုင်ရဲရမှာပေါ့...အထူးသဖြင့်

ကျောင်းဆင်းစ အရာရှိတွေ ပိုပြီး စိတ်

(၂၃)ရက်တွင် အလုပ်သင်ဝိုလ် ရာထူး

များ ပေးအပ်ခံရပြီး တပ်ရင်း အသီးသီးသို့

ပြောင်းရွှေ့တာဝန်ထမ်းဆောင် စေခဲ့ပါ

သည်။ ကျွန်တော် တာဝန်ကျသည့်

တပ်ရင်းမှာ အရှေ့မြောက်တိုင်း စစ်ဌာန

ချုပ် လက်အောက်ခံ လားရှိုးမြို့တွင်

အခြေပြုထားသော အမှတ်(၄၁)ခြေလျင်

တပ်ရင်း..ခလရ(၄၁)..ဖြစ်သည်။

သင်တန်းကျောင်းများတွင်

စစ်ပညာများကို ပြင်းထန်စွာ လေ့ကျင့်

ခဲ့ရုံနှင့် စစ်မြေပြင်တွင် မလုံလောက်သေး

ပါ။ စစ်မြေပြင်၏အတွေ့အကြုံများသည်

လေ့လာ၍ပင်မကုန်နိုင်ပေ။အသက်နှင့်

ရင်းပြီး သက်စွန့်ကြိုးပမ်း လုပ်ကိုင်နေရ

သော စစ်သားဘဝကို နှစ်သက်ခုံမင်

သော သူတစ်ယောက်အဖို့ ထိုအတွေ့

အကြုံများနှင့်ပင် ပျော်ရွှင်နေမိ သည်။

ယခုမှစတင်တာဝန်ထမ်းသော

သူ့ကို တပ်ရင်းမှူးကြီးမှ တာဝန်ခွဲပေး

သည်။ ပထမဗိုင်းတွင် အတွေ့အကြုံရှိ

သော အရာရှိများနှင့် တွဲဖက်ပေးပြီး

တာဝန်များ တစ်ခုပြီးတစ်ခုပေးကာ

နိုင်ငံတော်စစ်လိုအပ်ချက်အရ

တပ်မတော်တွင် အလုပ်သင်ဝိုလ်

ဝိုလ်လောင်း သင်တန်းကို အမှတ်စဉ်(၁)

မှ အမှတ်စဉ်(၃၀) အထိဖွင့်လှစ်ခဲ့သည်။

ထိုဝိုလ်လောင်းများသည် စစ်အခြေခံ

လေ့ကျင့်ရေးကျောင်း၊ အကြပ်သင်

ကျောင်းနှင့် ဝိုလ်သင်တန်းကျောင်းများ

တွင် စာပေပညာ၊ စစ်ပညာများကို

(၂)နှစ်တာ ကာလအတွင်း သင်ကြား

လေ့ကျင့်ခဲ့ရသည်။ ထို့နောက် အလုပ်

သင် ဝိုလ် ရာထူးဖြင့် တပ်ရင်း အသီး

သီးတွင် ရှေ့တန်းစစ်မြေပြင် စစ်ဆင်ရေး

တာဝန်ကို (၁)နှစ်တာ လက်တွေ့

ထမ်းဆောင်ပြီးမှသာ ပြန်တမ်းဝင်အရာရှိ

အဖြစ် ခန့်အပ်ခြင်းခံရသူများလည်း ဖြစ်

၏။

ကွန်တော် သည် လည်း

ထိုအလုပ်သင်ဝိုလ်များထဲမှ တစ်ဦးဖြစ်ပါ

သည်။ အလုပ်သင်ဝိုလ် ဝိုလ်လောင်း

သင်တန်း အမှတ်စဉ်(၇)မှဝိုလ်လောင်း

များသည် ၁၉၈၀ပြည့် နှစ် ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ခိုင်မာရမယ်.."

"ဟုတ်ကဲ့"

"အေး..ဒို့တပ်ရင်းမှာ ကွန်မန်ဒို တပ်စုတစ်စု ဖွဲ့ထားတယ်.. မင်းကို ကွန်မန်ဒို တပ်စုမှူးအဖြစ် တာဝန်ပေး တယ်...အောင်မြင်အောင်ကြိုးစားပြီး ရန်သူကိုချေမှုန်းစမ်း. ကြားလား"

"ဟုတ်"

ယုံကြည်လို့ တာဝန်ပေးအပ် ခြင်းကိုက ဆုလာဘ်တစ်ခုလို ခံယူမိသည်။ လုပ်ပြနိုင်ရမည်။ အောင်မြင်ရမည်။

ကွန်မန်ဒိုစစ်သား....

×××

ကွန်မန်ဒိုတပ်ဖွဲ့များကို အသုံးပြုရခြင်းဖြင့် ရရှိသောအကျိုး ကျေးဇူးများမှာ သမားရိုးကျစစ်ဆင်ရေး ထက် စရိတ်အကုန်အကျသက်သာခြင်း၊ လူအင်အားခြိုးခြံ ကာအသုံးပြုခြင်း၊ လုံခြုံမှုရှိခြင်း၊ ကွပ်ကဲမှုကောင်းခြင်း၊ မိမိ စိတ်ကြိုက်စီမံဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်သည်။

ကျွန်တော်၏ ကွန်မန်ဒိုတပ်စု တွင် အင်အား(၂၅)ယောက်ရှိသည်။ အသက်အရွယ်မကြီးသူ၊ ဖျတ်လတ်သူ၊ မိမိဆန္ဒအလျောက် စွန့်ဖားလိုသူ၊ အနီး ကပ်တိုက်ခိုက်မှုကျွမ်းကျင်သူ၊ ရေကူး ကျွမ်းကျင်သူ၊ တိုက်ပွဲအတွေ့အကြုံရှိသူ၊ အထူးလက်ဖြောင့် သူ၊ ရှေးဦးသူနာပြုစု တတ်သူ၊ ပင်ပန်းဆင်းရဲသည့်အခါ တည်ငြိမ်စွာလုပ်ကိုင်တတ်သူ၊ တိုင်းပြည် အတွက် ခံယူချက်အပြည့်ရှိသူ၊ စစ် စည်းကမ်းကောင်းမွန်၍ အမိန့်နာခံတတ် ပြီး ရဲဘော်ရဲဘက်စိတ်ရှိသူများကို ရွေး ချယ် ပြီး စုဖွဲ့ထားခြင်းဖြစ်သည်။

ကွန်မန်ဒိုတပ်စုမှာ အဝါရောင် တွင် အနီကွပ်ထားသော လည်စီးများဖြင့် တက်ကြွနေကြပြီး ကွန်မန်ဒို ဆိုင်ရာ လေ့ကျင့်မှုများ ဆောင်ရွက်နေကြသည်။

ကွန်မန်ဒိုတပ်စုမှာ အဝါရောင် တွင် အင်အား(၂၅)ယောက်ရှိသည်။ အသက်အရွယ်မကြီးသူ၊ ဖျတ်လတ်သူ၊ မိမိဆန္ဒအလျောက် စွန့်ဖားလိုသူ၊ အနီး ကပ်တိုက်ခိုက်မှုကျွမ်းကျင်သူ၊ ရေကူး ကျွမ်းကျင်သူ၊ တိုက်ပွဲအတွေ့အကြုံရှိသူ၊ အထူးလက်ဖြောင့် သူ၊ ရှေးဦးသူနာပြုစု တတ်သူ၊ ပင်ပန်းဆင်းရဲသည့်အခါ တည်ငြိမ်စွာလုပ်ကိုင်တတ်သူ၊ တိုင်းပြည် အတွက် ခံယူချက်အပြည့်ရှိသူ၊ စစ် စည်းကမ်းကောင်းမွန်၍ အမိန့်နာခံတတ် ပြီး ရဲဘော်ရဲဘက်စိတ်ရှိသူများကို ရွေး ချယ် ပြီး စုဖွဲ့ထားခြင်းဖြစ်သည်။

ကွန်မန်ဒိုတပ်စုမှာ အဝါရောင် တွင် အနီကွပ်ထားသော လည်စီးများဖြင့် တက်ကြွနေကြပြီး ကွန်မန်ဒို ဆိုင်ရာ လေ့ကျင့်မှုများ ဆောင်ရွက်နေကြသည်။

ကွန်မန်ဒိုတပ်ဖွဲ့ကို စုဖွဲ့ရသည့် ရည်ရွယ်ချက်ကိုက သမားရိုးကျ တပ် ဖြစ်သည်။

ကျွန်တော်၏ ကွန်မန်ဒိုတပ်စု တွင် အင်အား(၂၅)ယောက်ရှိသည်။ အသက်အရွယ်မကြီးသူ၊ ဖျတ်လတ်သူ၊ မိမိဆန္ဒအလျောက် စွန့်ဖားလိုသူ၊ အနီး ကပ်တိုက်ခိုက်မှုကျွမ်းကျင်သူ၊ ရေကူး ကျွမ်းကျင်သူ၊ တိုက်ပွဲအတွေ့အကြုံရှိသူ၊ အထူးလက်ဖြောင့် သူ၊ ရှေးဦးသူနာပြုစု တတ်သူ၊ ပင်ပန်းဆင်းရဲသည့်အခါ တည်ငြိမ်စွာလုပ်ကိုင်တတ်သူ၊ တိုင်းပြည် အတွက် ခံယူချက်အပြည့်ရှိသူ၊ စစ် စည်းကမ်းကောင်းမွန်၍ အမိန့်နာခံတတ် ပြီး ရဲဘော်ရဲဘက်စိတ်ရှိသူများကို ရွေး ချယ် ပြီး စုဖွဲ့ထားခြင်းဖြစ်သည်။

ကွန်မန်ဒိုတပ်စုမှာ အဝါရောင် တွင် အနီကွပ်ထားသော လည်စီးများဖြင့် တက်ကြွနေကြပြီး ကွန်မန်ဒို ဆိုင်ရာ လေ့ကျင့်မှုများ ဆောင်ရွက်နေကြသည်။

ကွန်မန်ဒိုတပ်ဖွဲ့ကို စုဖွဲ့ရသည့် ရည်ရွယ်ချက်ကိုက သမားရိုးကျ တပ် ဖြစ်သည်။

ဖြင့်စစ်ဆင်ရန် ကန့်သတ်ချက်များ ရှိနေသော ရည်မှန်းချက်တာဝန်တစ်ခုကို မြင့်မားစွာလေ့ကျင့်ထားသည့် လက်ရွေး စင် တပ်ဖွဲ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ကြောင့် မြင့်မားစွာ လေ့ကျင့်မှုကို အချိန်ရတိုင်း လေ့ကျင့်နေ ကြခြင်းလည်း ဖြစ်သည်။ လေ့ကျင့်နေ ရင်းမှပင် လားရှိုးနှင့်နမ္မတူနယ်မြေမှ ရန်သူ့သတင်းများကို စုံစမ်းပြီး ည အချိန်လှုပ်ရှားမှုကို လေ့ကျင့်ကြသည်က ပိုများသည်။ စစ်မြေပြင်တိုက်ပွဲ အတွေ့ အကြုံဆိုသည်မှာ ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှရသည်။ ဖွဲ့စည်းလေ့ကျင့် နေသော ကွန်မန်ဒို တပ်စုတွင် တိုက်ပွဲ အတွေ့အကြုံမရှိသူက ကျွန်တော်ပင် ဖြစ်နေသည်။ ကွန်မန်ဒို တပ်စုတပ်ကြပ် ကြီး ဆရာကြီးဘခက်မှစ၍ စစ်သက် အငယ်ဆုံး တပ်သား ထားနီအထိ တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ဖူးသူ များဖြစ်သည်။ တပ်စုတွင်ပါဝင်သော ကချင်၊ ချင်း၊ ရှမ်း၊ ကယား တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com

သားများသည် ပင်ပန်းဆင်းရဲမှုခံနိုင်ခြင်း၊ အထူးလက်မြောင့်ခြင်း၊ စည်းကမ်း ကောင်းပြီး အဓိန့်နာခံတတ်ခြင်း၊ ဘာသာစကား တတ်ကျွမ်းခြင်း တို့တွင် အားသာကြသူများဖြစ်သည်။

ပွဲမဝင်ခင် အပြင်ကကျင်းပ ဆိုသည့်အတိုင်း ကျွန်တော့်ထက်အတွေ့ အကြုံများ ကြသူများကို မြင်ဆရာအဖြစ် သတ်မှတ်ပြီး ကိုယ်ခန္ဓာ လေ့ကျင့်ခန်း များကို သူတို့နှင့်အတူ ပြင်းထန်စွာလိုက် ပါ လေ့ကျင့်ခဲ့ပါသည်။ ပင်ပန်းသော် လည်းပျော်ပါသည်။ လေ့ကျင့်ရေးမှာ ခွေးထွက်များမှ စစ်မြေပြင်မှာ သွေးထွက် နည်းမည် မဟုတ်ပါလား။

အာဖရိကတိုက်တောင်ပိုင်းတွင် နေထိုင်ကြသည့် Boer လူမျိုးတို့၏ စကားမှ ဆင်းသက်လာသော Commando ၏အဓိပ္ပါယ်မှာ "ရည်မှန်းချက်များအား စီးနင်း တိုက်ခိုက် ချေမှုန်းရန်အတွက် အထူးရွေးချယ်လေ့ကျင့်ပေးထားသည့် လက်ရွေးစင် လူတစ်စု တစ်ဖွဲ့" ကို ဆိုလို ကြောင်းလည်း လေ့လာထားခဲ့ဖူး။

×××

အားမွေးပြီးစားသွေးနေရသော အချိန်ကုန်ပြီထင်ပါသည်။ စည်းရုံးထား သော အမာခံထဲမှ သတင်းရရှိလေပြီ။ လားရှိုးမြို့ရပ်ကွက်(၅)၏ အနောက် ဘက် တောင်ကြောပေါ်ရှိ ရွာများတွင် ကေအိုင်အေ ၊သောင်းကျန်းသူအဖွဲ့ ဆက်ကြေးကောက်ရန် ရောက်ရှိနေ ကြောင်း သတင်းရသည်။

ကျွန်တော်တို့ ကွန်မန်ဒို တပ်စုဖြင့် အဆိုပါသတင်းကို ဖော်ထုတ်ချေမှုန်းရန် တပ်ရင်းမှူးမှ တာဝန်ပေးပါသည်။ ကျွန်တော့်အတွက်တော့ ပထမဦးဆုံး အတွေ့အကြုံ ဟုဆိုရမည်။ စိတ် လှုပ် ရှားခြင်းထက် စွန့်စားလိုစိတ်ကြောင့် ပျော်နေမိသည်။ ခရီးစဉ်အတွက်ပြင်ဆင် ရသည်။ ညနေစာစားပြီး နောက်တစ်နေ့ အတွက် မနက်စာချက်ပြုတ်ကာ ကိုယ် ပေါ်တွင်အသင့် သယ်ဆောင်လိုက် သည်။ လက်နက်ခဲယမ်းနှင့် ရိက္ခာ တစ်ရက်စာ အရန်လည်းပါသေးသည်။

ခရစ်ပြည့်နှစ် သြဂုတ်လ၏ မိုးရာသီအတွင်း တဖြောက်ဖြောက်နှင့် ရွာနေသော မိုးစက်လေး များကြောင့် မိုးဇအေးဇအေးလေးနှင့် ကွေးနေဖို့ပင် ကောင်းတော့သည်။ ည နေရာရီမှာ တပ်ရင်းဌာနချုပ်မှ တောင်ခြေအထိ ကားဖြင့်ချီတက်လာခဲ့သည်။

တောင်ခြေမှစ၍တောင်ကြော လမ်းအတိုင်း စတင်ချီတက်ခဲ့သည်။ တပ်ရင်းလုံခြုံရေးအတွက် အပြင်စည်း ဆောင်ရွက်နေသော တပ်စခန်းတစ်ခုမှာ ကျွန်တော်တို့ ချီတက်မည့် လမ်းကြောင်း ပေါ်တွင် ရှိနေသည်။ အချိန်တစ်နာရီခန့် အကြာတွင် ထိုတပ်စိတ်စခန်းသို့ ရောက်သည်။ သတင်းမေးမြန်း အတည် ပြုခြင်း၊ လိုအပ်သည်များပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီး ည(၁၀)နာရီတွင် စခန်းမှ တောင်ကြောလမ်းအတိုင်းဆက်ထွက်ခဲ့ ကြပါသည်။

ရန်သူ့သတင်း ရထားသည့် အတွက် ဂရုစိုက်ချီတက်နေသည်။ လရောင်ကို မိုးတိမ်များက ဖုံးလွှမ်းထား

www.burmeseclassic.com

www.burmeseclassic.com

လို့ ကြယ်ရောင်တွေပင်ပျောက်ကာ မိုးမှောင်ကျနေသည်။ တောင်ကြော ပေါ်ရှိ လူသွားလမ်းမှာ မသဲကွဲသော်လည်း အလင်းရောင်ရရန် ဓာတ်မီးများ မသုံးရဲဘဲ သဘာဝအလင်းရောင်ကိုသာ အားပြုချီတက်နေရသည်။ ညချီတက်မှု အတွေ့အကြုံနည်းသော ကျွန်တော်သည် လမ်းကြောင်းကြည့်ရှုထိန်းသိမ်းမှု၊ ဝန်းကျင်အားလေ့လာမှု အားနည်းပြီး ဟိုတိုးဒီဝှေ့ဖြစ်နေသည်။ ရှေ့ဆုံးက ပို့ဂ့်သွားနေသော ရဲဘော်ကိုလည်း အားကျမိသည်။ သူတို့ဘယ်လိုများ သွားနေကြသလဲပေါ့။

ချီတက်ချိန်ကြာလာမှ ပတ်ဝန်းကျင်နှင့် ကျွန်တော် အသားကျလာသည်။ ည(၁၁) နာရီကျော်ခန့်တွင် ကချင်ရွာလေးတစ်ရွာအနီးသို့ရောက်၏။ အားကိုးရသော တပ်စုတပ်ကြပ်ကြီး ဘခက်မှာ ရွှေဘိုသား ဖြစ်သော်လည်း လေ့လာမှုအားကောင်း၍ ကချင်ဘာသာ၊ ရှမ်းဘာသာ၊ တရုတ်ဘာသာ စကားများပင် ပြောတတ်အောင်လေ့လာထားသည်။

"ဗိုလ်လေး..ရွာထဲကို အကုန် မဝင်ဘဲ ဆရာထိန်နန်တို့အဖွဲ့ကို ဝင်ရှင်းခိုင်း လိုက်ပါ့မယ်"

ကျွန်တော်၏ သဘောတူညီ ချက်ကို ရပြီးနောက် ကချင်တိုင်းရင်းသား တပ်ကြပ် ထိန်နန်နှင့် ဒေသစကား ကျွမ်းကျင်သူတို့ပါဝင်သော ကွန်မန်ဒို(၃) ဦး ရွာအတွင်းသို့ ဝင်ရောက်သွားကြသည်။ အချိန် နာရီဝက်ခန့်တွင် ဆရာထိန်နန်တို့ ပြန်ရောက်လာသည်။

"ကေအိုင်အေ(၁၀)ယောက်လောက် ဆက်ကြေးကောက်ဖို့ ရွာကို ရောက်လာတယ်။ ကျွန်တော်တို့မရောက်ခင် တစ်နာရီလောက်က အရှေ့ဘက်ကို ပြန်ထွက်သွားကြောင်း သတင်းရပါတယ်.."

သတင်းအပေါ် ကျွန်တော်နှင့် ဆရာများ အမြန်တိုင်ပင်ကာ စစ်သည် အားလုံးကို ရှင်းပြပြီး ရန်သူ့နောက်သို့ ဆက်လိုက်ခဲ့ပါသည်။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ မိုးရိပ်များကင်းစင် လာပြီး ခုနစ်စင်ကြယ်ပင် ခပ်ရေးရေး ပေါ်လာသည်။ ခုနစ်စဉ်ကြယ်ပြောင် အမြီးဇထောင် နေမှတော့ ညဉ့်သန်းခေါင်ပင် ကျော်နေပြီပေါ့။ နောက်ထပ်ရွာတစ်ရွာ အနီးသို့ ရောက်လာပြန်သည်။ ရှမ်း၊ ကချင်၊ တရုတ်တို့ နေထိုင်သောရွာဖြစ်၏။ ပထမကချင်ရွာကို ရှင်းလင်းစဉ်မှာကဲ့သို့ ရွာအဝင်တွင်တပ်ကို ခေတ္တအခြေပြုထားပြီး ကွန်မန်ဒို အဖွဲ့နှင့် ဝင်ရှင်းပြန်သည်။ လွန်ခဲ့သည့်တစ်နာရီလောက်ကပင် ကေအိုင်အေ(၁၀) ယောက် ကချင်ရွာဘက်မှရောက်လာပြီး အရှေ့ဘက်တောင်ကြောသို့ ဆက်ထွက်သွားကြောင်း သတင်းဆက်ရပြန်သည်။ သူတို့ကရှေ့ကသွား ကိုယ်ကနောက်က လိုက်နေသလို ဖြစ်နေသည်။

မိုးသားကင်းစင်စပြုလာသော ကောင်းကင်ယံမှာ ကြယ်ပွင့်လေးတွေက အမှောင်ထုကို အံတုလာတာကြောင့် ပတ်ဝန်းကျင်ကို အလင်းရောင်ရလာစေသည်။ ကွန်မန်ဒို စစ်သည်အားလုံး ကိုယ်စီသေနတ်ကို အသင့်ကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com

လုံခြုံရေးခလုတ်ပေါ် လက်မကို ဖွင့်နိုင်အောင် တင်ထားကြသည်။ ရှေ့တွင်ရှိသော ရန်သူနှင့် တဖြည်းဖြည်း နီးလာလေလေ ပိုပြီးသတိထားရလေလေပါပဲ။

လေလေး တဖြူးဖြူးနှင့် အေးမြသော အရာသာကိုပင် မခံစားနိုင်လောက်အောင် နဖူးတွင်ချွေးသီးများစို့လာသည်။ ရန်သူကို ရာဖွေချိတ်နေရာမှ ဘယ်နေရာကများ သေနတ်သံထွက်လာမလဲဟု မျော်တလင့်လင့်နှင့် ချိတ်နေကြသည်။

တောင်ကြောအတိုင်း သတိဖြင့် ချဉ်းကပ်နေစဉ် အရှေ့ဘက် ကိုက်ခုလေးခန့်မှ ဓာတ်မီးရောင်ကို လက်ခနဲတွေ့လိုက်သည်။ လေ့ကျင့်သား ပြည့်ဝသော စစ်သည်များအဖို့ တပ်စိတ်သုံးစိတ်ဖို့ခုံလောက်ဆိုင် နေရာယူလိုက်ကြသည်။ မီးရောင်က ကျွန်တော်တို့ရှိရာကိုဦးတည်၍လာနေသည်။ မေမေ ဝယ်ပေးထားသည့် Seiko5 နာရီ လေးအား ငုံ့ကြည့်လိုက်ရာ နာရီလက်တံ ဇီးစုန်းလေးက မနက်၁နာရီ၂၀မိနစ်ကို ပြနေသည်။ ဓာတ်မီးရောင်သည် တဖြည်းဖြည်းနီးလာသည်နှင့် ခုလက်ဖြစ်သွား သည်။ နေရာယူထားသော ရှေ့ပြေး တပ်စိတ်သို့ သွားလိုက်ပြီး ...

" အသင့်နေရာယူထား.. အရှမ်းမပစ်နဲ့..ငွင်ထဲရောက်ပြီးပိုင်မှပစ်.. ရွာသားတွေနဲ့ မမှားစေနဲ့" ဟုမှာကြား ကာစောင့်နေလိုက်သည်။ စကားပြော သည့်အသံကြားလာရသည်။

သောင်းကျန်းသူ မဟုတ်မှန်း သိလိုက်သည်နှင့် အရပ်ထောင်ထောင် မောင်းမောင်း ဗလတောင့်သော ဆရာ သိန်းဇံနှင့်အဖွဲ့က လက်ရဖမ်းလိုက် သည်။

ရွာသားသုံးယောက် ဖြစ်ပါ သည်။ တရုတ်တစ်ယောက်နှင့် ရှမ်း နှစ်ယောက်ဖြစ်ကြောင်း စကားပြောသံ အရ သိလိုက်သည်။ တစ်ယောက်စီ လူခွဲပြီး စစ်ဆေးသည့်အခါ..ကိုတရုတ်က. ဗမာစကားဖြင့် ...

"ကျွန်တော်တို့ကို မရိုက်ပါနဲ့.. ကျွန်တော်တို့က ရွာလူကြီးတွေပါ"

"ဒီအချိန်ကြီး ဘယ်ကပြန်လာတာလဲ..မှန်မှန်ပြော"

"အမှန်အတိုင်းပြောပါမယ်.. ကေအိုင်အေအဖွဲ့က ဆက်ကြေးကိစ္စအတွက် အစည်းအဝေးခေါ်လို့..မန်အိုင်ရွာကိုသွားခဲ့ပြီး ခုပြန်လာကြတာပါ.."

"ကေအိုင်အေ အင်အားဘယ်လောက်ရှိလဲ"

"အင်အားငှ လောက်ရှိပြီး ရွာထဲမှာ ဖြန့်ခွဲထားပါတယ်"

အစည်းအဝေးပြန် ရွာသား သုံးဦးကို လှည့်ပတ်စစ်ဆေးရာ အဖြေ တစ်ခုထဲရသည်။ သောင်းကျန်းသူငှပခန့် မန်အိုင်ရွာတွင် အခြေပြုထားပုံ၊ ရွာတွင် နေရာဖြန့် ခွဲထားပုံ၊ လက်ရှိနေရာမှ မန်အိုင်ရွာသို့ တစ်နာရီခရီးခန့်သွားလျှင်ရောက်ရှိပုံ၊ လမ်း တစ်လျှောက်မြေအနေအထား၊ ရွာပတ်ဝန်းကျင်မြေအနေအထားများနှင့် ပတ်သက်သော သတင်းများရလိုက်သည်။

မန်အိုင်ရွာက သောင်းကျန်းသူအဖွဲ့ကို အပိုင်ချမှန်းရန် အဆွေအကြုံရှိသော ဆရာကြီးဘခက်၊ ဆရာထိန်နန်၊

www.burmeseclassic.com

www.burmeseclassic.com

ဆရာသိန်းဇံ၊ ဆရာကိုင်ကိုး တို့နှင့် တိုင်ပင်ပြီး အချိန်အငိုက်ဖြစ်သော အရှက်ဦးတိုက်ပွဲ(Dawn Attack) ဆင်နွှဲရန် စီမံချက်ချလိုက်သည်။ အချိန်နှင့် အကွာအဝေး တွက်ချက်မှုအရ မနက် ၃နာရီမှာ လက်ရှိနေရာက စ ထွက်မည် ဟု နှုတ်မိန့်ပေးပြီး ကင်းချကာ တပ်ကို အနားပေးလိုက်သည်။ ဖြစ်ပေါ်လာမည့် ကျွန်တော့်ဘဝ၏ ပထမဦးဆုံးတိုက်ပွဲကို ရင်ခုန်စွာတွေးပြီး စိတ်စောနေမှုကြောင့် အိပ်ပင်မပျော်ခဲ့။ အချိန်ကုန်ဆုံးမှုကို နေးသည်ဟုပင်ထင်မိသည်။ ၃နာရီသို့ အမြန်ရောက်ချင်နေပြီ။ ရွာကိုမည်ကဲ့သို့ ချဉ်းကပ်ပြီး မည်ကဲ့သို့ဝင်တိုက်မည်ကို တွေးနေမိပြန်သည်။ တပ်ရင်းမှူးမှာလိုက်သော စကားကို ခွာမီ တပ်ရင်းမှူးမှာလိုက်သော စကားကို လည်း ပြန်လည်ကြားယောင်လာပြန်သည်။

"မင်းတို့ အပင်ပန်းခံသလောက် အကျိုးအမြတ်ရအောင်လုပ်... မပေါ့ဆနဲ့"

အသက်နှင့်ရင်းပြီး တိုက်ပွဲကို ရင်ဆိုင်ရတော့မည့် အချိန်မှာ တပ်ရင်းမှူးကြီး၏ စကားသည် အလွန် တန်ဖိုးရှိလှသည်။ ခေါင်းဆောင်၏ပေါ့ဆမှုကြောင့် ငယ်သားများ၏ အသက်နှင့်ခန္ဓာ မကြွေမိဖို့ "မပေါ့ဆနဲ့"ဆိုသောစကားနှင့်ပင် လုံလောက်နေပါပြီ။

×××

စောင့်မျော်နေသော မနက်၃ နာရီသို့ ရောက်သည်နှင့် ကာဘိုင်ကို တင်းတင်း ဆုပ်ကိုင်လိုက်ရင်း စစ်မြေပြင် အချက်ပြလိုက်ပါသည်။

"ရှီး..ရှီး"

ကွန်မန်ဒို စစ်သား အားလုံး မိနစ်ပိုင်းအတွင်း အသင့်ဖြစ်ကြပြီး ခရီး စထွက်ပါသည်။ ကျွန်တော်မှလွဲ၍ တိုက်ပွဲအတွေ့အကြုံရှိသော စစ်သည် အားလုံး တိုက်ပွဲရန့် ကြောင့် ခြေလှမ်း သွက်နေကြသည်။

မနက်၄နာရီ မန်အိုင်ရွာနားကို ချဉ်းကပ်ချိန်အထိ အလင်းရောင် မလာ သေးဘဲ မှောင်နေတုန်းပါ။ မန်အိုင်ရွာမှာ တောင်ကြောပေါ်တွင် တည်ထားပြီး ဘယ်ဘက် တောင်ကြောတွင် အိမ်ရှစ်လုံး ခန့် ရှိသည်။ ညာဘက်လှိုဏ်စောင်းမှာ အိမ်ပိုများသည်။ အိမ် ခြေ၄၀ခန့် ရှိမည် ထင်သည်။

မြေအနေအထားကိုကြည့်ပြီး နောက် လက်ဝဲဘက်ရှိအိမ်စုကို တပ်စုရုံး နှင့်တပ် စိတ် ၂စိတ်ဖြင့် ချဉ်းကပ်ကာ လက်ရှိခြေကုပ်နေရာတွင် ၂လက်မ စိန်ပြောင်း၊ အမ်ဂျလောင်ချာတို့ဖြင့် ပစ်ကူးရန် ဆရာကြီးဘခက်နှင့် တပ်စိတ်တစ်စိတ်ထားခဲ့သည်။

မနက်၄နာရီခွဲ..အရှေ့ဘက်မှ အရှက်ဦးအရိပ်လေး ပေါ်လာချိန်မှာ တော့..

"ဒိုင်း..ဒိုင်း..ဒိုင်း..ဖောင်း..ဒိုင်း"

ပွိုင့်တပ်စိတ်နှင့် တိုက်ပွဲဖြစ်ပါ တော့သည်။ ကျွန်တော်တို့ ရှင်းသည့် အိမ်စုတွင် ရန်သူ ၁၀ဦးခန့်သာရှိသည်။ ရန်သူသည်ထင်မထားသဖြင့် အလစ် အငိုက် ခံလိုက်ရသည်။

"ဒိုင်း..ဒိုင်း..ဒိုင်း..ဝုန်း..ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com

လက်နက်ငယ်များနှင့်အပြိုင် ၂လက်မစိန်ပြောင်းဝုံးသီးများကလည်း ကျရောက် ပေါက်ကွဲသည်။ ဆရာကြီး ဘခက် ကြီးကြပ်မှုနှင့်ပစ်လိုက်သော စိန်ပြောင်း ဝုံးသီးကျကွဲပုံမှာ မြန်မာ့ဆိုင်း ဝိုင်းကြီးတီးနေသလို လက်ကွက်စိတ်လှ သည်။

ကွန်မန်ဒို တပ်စုမှ အချိန် အငိုက် လူအငိုက်အပြင် မြေအနေ အထားပါ အသာစီး လက်ဦးမှုရလိုက်လို့ ရန်သူများ မိနစ် ၂၀ခန့်သာ ခုခံပြီး ဆုတ် ခွာထွက်ပြေးကြသည်။

ကွန်မန်ဒို အဖွဲ့ လက်ဦးမှု ရထားသော အိမ်တစ်လုံးအား ရှင်းလင်း ရာ ကေအိုင်အေ အရာခံဗိုလ်အဆင့်ဟု ယူဆရသူ ၁ဦး၊ တပ်သားအဆင့်ဟု ယူဆရသူ ၁ ဦးတို့ကို ကာဘိုင် ၁လက်၊ အမ်(၁၆) ၁လက်၊ လက်ပစ်ဗုံး ၂လုံးနှင့် အရှင်ဖမ်းဆီးရမိလိုက်သည်။

ကွန်မန်ဒို တို့၏လုပ်ငန်း တာဝန်များဖြစ်သော ရန်သူခိုအောင်းရာ နေရာများတွင် ရှာဖွေတိုက်ခိုက်ခြင်း၊ ရန်သူနယ်မြေအတွင်း ခြေရာဖျောက်၍ တိုက်လိုချိန်တွင် လျှပ်တစ်ပြက်တိုက် ခိုက်ခြင်း၊ တို့ကိုဆောင်ရွက်လိုက်နိုင် သည်။ ရန်သူထံမှ အမြတ်အစွန်း ရပြီး မိမိမှလည်းဆုံးရှုံးမှုမရှိ၍ ကွန်မန်ဒို နည်းအတိုင်း ရန်သူနယ်မြေအတွင်း ကျွေ ဝင်နေသော ကျွန်တော်တို့အဖွဲ့ ရန်သူကို အမြန်ပစ်အမြန်ရှင်းပြီး ပြန်ထွက်ခဲ့သည်။

အပြန်လမ်းခရီးတွင် အလာ လမ်းကို မသုံးတော့ဘဲ ဖြတ်လမ်းများ သုံးခဲ့သည်။ ဖမ်းဆီးရမိသောင်းကျန်းသူ ၂ ဦးကိုလည်း ခက်ခက်ခဲခဲနှင့် ရအောင် ခေါ်လာခဲ့ပါသည်။

တိုက်ပွဲဖြစ်ပွားနေချိန်သောင်း ကျန်းသူ ၂ ဦးမှ လက်နက်ချအညံ့ခံစဉ် ဆရာသိန်းဇံမှ အသေပစ်သတ်ခဲ့ရန် စီစဉ်ခဲ့သော်လည်း ဆရာကြီးဘခက် အမျှော်အမြင် ကြီးမှုကြောင့် အရှင် ဖမ်း လာခဲ့ခြင်းဖြစ်သည်။

"ဆရာကြီး...ဒီကောင် ၂ ကောင်ကြောင့် လမ်းမှာနှောင့်နှေးပြီး ဟိုကောင်တွေ ဝိုင်းပတ်နေရင်ခက်မယ် ဗျ။ ဒီအပြင်အရာခံဗိုလ်အဆင့်လောက်ရှိတဲ့ သောင်းကျန်းသူဆိုတော့ သူ့ကိုစစ်မေး ရင် ဒို့အတွက်အကျိုးအမြတ်တွေ တန်ဖိုး မဖြတ်နိုင်တဲ့သတင်းတွေရမှာ"

ဝါရင့်အတွေ့အကြုံရှိစစ်သား ကြီးတစ်ယောက် လုပ်ဆောင်မှုကို အလုပ်သင်ဗိုလ်လေးကျွန်တော်လည်း မှတ်သားနေမိသည်။

"ဒီလူတွေကိုဖမ်းသွားခြင်းဖြင့် သူတို့အဖွဲ့တွေမှာလည်း စိုရိမ်နေကြ မှာပဲ။ သူတို့ရဲ့ အစီအမံတွေ သတင်း တွေ ပြောင်းလည်းကြတော့မှာ..ပိုပြီး အလုပ်ရှုပ်ကုန်တာပေါ့.. ဒို့ကွန်မန်ဒို တပ်စု တာဝန်ကိုကလည်း သတင်းရဖို့ အဓိကလေကွာ.."

မှန်ပါသည်။ တပ်ရင်းဌာနချုပ် ရောက်ပြီး တပ်ရင်းမှူးထံ ဖမ်းဆီးရမိသူ ၂ဦးအား အပ်နှံချိန်တွင်-

www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်လေးဦးစီးတဲ့ ကွန်မန်ဒို တပ်စုရဲ့အောင်မြင်မှုကိုချီးကျူးအသိအမှတ်ပြု တယ်...အထူးသဖြင့် ကွန်မန်ဒို ပီသစွာ သောင်းကျန်းသူကို အရှင်ဖမ်း လာနိုင်တဲ့ အတွက် ပိုပြီးတော့ ချီးကျူး တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဆီ က တန်ဖိုးမဖြတ်နိုင်တဲ့ တိုက်ပွဲသတင်း တွေရတော့မှာ.."

ဖမ်းဆီးရမိ စစ်ကြောချက် များကို ဖော်ထုတ်သုံးသပ်ပြီး ရန်သူ့စခန်း ပုန်းများ၊ ရန်သူ့ အမာခံများ၊ ဆက်ကြေး တာဝန်ခံများ အဆင့်ဆင့် ဖော်ထုတ်နိုင်ခဲ့ ခြင်းဖြင့် အကျိုးအ မြတ်များ ရရှိလိုက်ပါ တော့သည်။

×××

ကွန်မန်ဒို တပ်စုဖြင့် မန်အိုင် ရွာတိုက်ပွဲမှာ တပ်မတော်တွင်တာဝန် ထမ်းဆောင်ခြင်း၏ ပထမဆုံးအောင်ပွဲ ဖြစ်ပါသည်။ အလုပ်သင်ဗိုလ်ဘဝ၏ အောင်မြင်မှုအမှတ်တရလည်းဖြစ်သည်။ တပ်မတော်တွင် တာဝန်ထမ်း ခဲ့သည့် ကာလတစ်လျောက် အသုံးဝင် မည့် ဆုံးဖြတ်ချက်နှင့် သုံးသပ်ချက်များ ကို ထိုတိုက်ပွဲက ဖော်ဆောင်ပေးခဲ့သည်။

သူ ရဲကောင်းများကို စစ် မြေပြင်မှသာ မှတ်ကျောက်တင်နိုင်ပါ သည်။ သင်တန်းကျောင်းများတွင် စာ တွေလေ့ကျင့်သင်ကြားခဲ့သော အလုပ် သင်ဗိုလ်ပေါက်စလေးကို စစ်မြေပြင် အတွေ့အကြုံများရအောင် သင်ပြပေးခဲ့ ကြသော ခလရ(၄၁)မှ သေတ္တရှင်ဖက် ရဲဘော်ရဲဘက်များ၊ လက်ဆင့်ကမ်း အမွေပေးခဲ့ကြသော နောင်တော်



အရာရှိများ မိဘသဖွယ်အားပေးခဲ့သော တပ်ရင်းမှူးကြီးတို့ကို အမြဲထာဝရ တမ်းတနေမိသည်။

လက်ရှိ တပ်မတော်မှ အငြိမ်း စားယူသွားပြီးသည့်တိုင် ငယ်စဉ်ကတိုက် ပွဲအတွေ့အကြုံလေးများက အိပ်မက်ထဲ မှာပင် ပြန်ပေါ်လာနေတတ်သည်။

ကိုယ်ခန္ဓာနှင့်အသက်ကို စွန့် လွှတ်ပြီး ရဲဝံ့သောစိတ်ဖြင့် ကွန်မန်ဒို တပ်စုတွင် တာဝန်ထမ်းဆောင်ရင်း အောင်မြင်မှုများ ရရှိခဲ့သည်ကို ပြန်လည် တွေးတောရင်းဖြင့် "ကိုယ်နှင့်သက်ကို... ကွန်မန်ဒို "ဟုလုပ်ဖော်ကိုင်ဖက်များအား ဂုဏ်ပြုလိုက်ရပါ တော့သည်။

(ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း)နှင့် ထပ်တူခံစားရေးဖွဲ့ပါသည်)

နှလုံးစိတ်ဝမ်းအေးချမ်းပါစေ

ခွန်သက်တင်ဆန်း

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်ကဏ္ဍ

ဟာသဒရုဏ်ကြီး

တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com

ပါဝင်သူများ

ဦးတောက်ထိန် ရုပ်ရှင်ဒါရိုက်တာကြီး ၆၀ နှစ်

ဒေါ်ခင်မမဦး ဇနီး ၆၁ နှစ်

မခင်ကျမ်းဘုံ၊ ပုံပုံ သမီးကြီး၊ ဝတုတ်ကြီး ၃၀ နှစ်

မခင်ဘုတ်ဆုံ၊ ဆုံဆုံ သမီးငယ်၊ ဝတုတ်ကြီး ၂၅ နှစ်

မင်းသား၊ စိုး၊ မိုး၊ တိုး၊ မျိုး၊ ခန့်. ၅ ဦး

မင်သမီး၊ ခဝ် တဝ် လှ မြ ယု စု ၆ ဦး

မင်းသားလတ်၊ ဇွဲ၊ ရဲ၊ အောင်၊ မင်း၊ ဝင်း ၅ ဦး

မင်းသမီးလတ်၊ အေး၊ နု၊ စန်း၊ မင်း၊ ဝင်း ၅ ဦး

မင်းသားကြီး၊ မျိုး၊ စိုး၊ အောင်၊ ကျော်၊ ဇော် ၅ ဦး

မင်းသမီးကြီး မြင့်၊ လှ၊ မိုး၊ သန်း၊ အေး ၅ ဦး

လူကြမ်း၊ ထွန်း၊ လှ၊ စိန်၊ ကျော်၊ အောင် ၅ ဦး

ကလေးအရွယ်စုံ ၅ ယောက်၊ မအေတွေ နဲ့ ၅ ဦး အရွယ်စုံရောက်နေရမယ်။

ကားလိပ်ဖွင့်

ဇာတ်ခုံအပြင်အဆင်

မြေအကျယ်ကြီးမှာ၊ နောက်ဘေးဘက်မှာ ရုပ်ရှင်ရိုက်ဖို့ ဝါးအိမ်လေး ၂ လုံး၊ သစ်သားအိမ်ကြီး ၁ လုံး ရှိနေရမည်။ ဒေါ်ခင်မမဦးနဲ့ ဦးတောက်ထိန် တို့က ကုလားထိုင် ၂ လုံးနှင့် ထိုင်နေရမည်။

ပလတ်စတစ်ကုလားထိုင် ၅၀ ခန့်မှာ မင်းသား၊ မင်းသမီး၊ မင်းသားလတ်၊ မင်းသားကြီး၊ မင်းသမီးလတ်၊ မင်းသမီးကြီး၊ လူကြမ်းများ၊ ကလေးတွေနဲ့ အမေများ ကုလားထိုင်တွေမှာ ထိုင်နေရမည်။

ဒေါ်ခင်မမဦး။ ။ နေပါဦး ကိုတောက်ရဲ့။ အခုဖိတ်လို့ လာကြတဲ့ ရုပ်ရှင်ပညာသည်တွေကိုဖိတ်ပြီး ဘာလုပ်မလို့လဲ။ အမိုးမရှိတဲ့မြေပြင်မှာ ပညာသည်တွေကလည်း လာကြတယ်။ (မသိလို့မေး)

ဦးတောက်ထိန်။ ။ "ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ရိုက်မလို့ကွ။ ငါ ရိုက်နေတဲ့ လူတွေမို့ ငါဖိတ်တာ လာကြတာပေါ့။ ငါက ကားရည်ကြီးရိုက်မှာ။ ဒို့ကားက အားလုံးကိုပဲ ပြောပါ့မယ်။ ခါတိုင်း ကျွန်တော်တို့ရိုက်နေတဲ့ကားတွေက မင်းသားခေါင်းဆောင် ၁ ယောက်၊ မင်းသမီးခေါင်းဆောင် ၁ ယောက်ရယ်၊ အဖေ၊ အမေရယ် တချို့လည်း အဖေပဲ ရှိတယ်။ အဒေါ်ကြီးအဖြစ် တစ်ယောက်၊ လူကြမ်းနဲ့ အဖော်ဖြစ်တဲ့ မင်းသားလတ် ၃ ယောက်လောက်ဆိုရတော့ ငါကပဲ လိုက်ခေါ်ရိုက်တာ။ ခုဟာက . . ."

(စကားပြတ်သွားစေ)

ဒေါ်ခင်မမဦး။ ။ "ဘယ်နှကားရိုက်မှာမို့လဲ။ ရှင့်မှာ ပိုက်ဆံလည်း ရှိတာမဟုတ်ဘူး" (နေစမ်းပါဦး ပြောစေ)

ဦးတောက်ထိန်။ ။ "ခါတိုင်း ကျွန်တော်ရိုက်တာက မင်းသား၊ မင်းသမီးခေါင်းဆောင် ၃ ယောက်က သူချစ်သူရဲ့သားနဲ့ မိဘချင်း အကြိတ်အခဲရှိခဲ့လို့ ခွဲကြ။ ယောကျ်ားဘက်က ဖြစ်ဖြစ်၊ မိန်းကလေးဘက်ကဖြစ်ဖြစ် လူကြမ်းတွေက စောင့်ရောက်ထား၍

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ မင်းသားနဲ့ မင်းသမီး ပူဆွေးလွမ်းကြ။ အပြီးသတ်တော့ကာ ခွဲမရလို့ဖြစ်ဖြစ်၊ မိဘတွေ အကြိတ်အခဲပြေသွားလို့ ဖြစ်ဖြစ် ပြန်ညားတာပဲ။ အဲဒီတော့ ကားက J နာရီကျော်ရင် ပြီးပြီ" (စကားမဆုံးခင်)

ဒေါ်ခင်မမဦး။ ။ "ကဲ .. ကိုတော်က်။ ရှင်က စကားကို အရှည်ကြီးပြောနေ။ ကြာလာတဲ့လူတွေက ထမင်းဆာကြရောပေါ့။ ရှုတင်ထမင်းကျွေးစရာ ရှင့်မှာ ပိုက်ဆံလည်းမရှိတူးဆို" ဦးတောက်ထိန်။ ။ "တယ် ဒီမိန်းမ။ လူတွေ ဒီလောက်များတာ ရှုတင်ထမင်းကျွေးနိုင်မလား။ ငါ့မှာ ကျွေးစရာစီစဉ်နေတယ်။ ကျုပ်က အခု ကိုရီးယားဇာတ်လမ်းတွေလို အရှည်ကြီး ဆယ်ရက်လောက်ပြနိုင်အောင်ရိုက်ဖို့၊ ခင်ဗျားတို့. လူအများကြီးကို ခေါ်တာ မင်းသမီး ၅ ယောက်၊ မင်းသား ၅ ယောက်၊ မင်းသားလတ်၊ မင်းသားကြီးတွေ၊ မင်းသမီးလတ်၊ မင်းသမီးကြီးတွေ ၅ ယောက်စီ။ လူကြမ်းနဲ့ အဖော်မင်းသားတွေ ၁၀ ယောက်စီ ဖိတ်ထားတာ။ ကျရာနေရာက သရုပ်ဆောင်ကြမယ် မဟုတ်လား။ ကိုရီးယားဇာတ်လမ်းတွေ ကြည့်ဖူးကြမှာပေါ့"

မင်းသားလတ်။ ။ "ကြည့်ဖူးတာပေါ့။ အိမ်ကသားဆို ထတောင်မထဘူး။ ကိုရီးယားစကားတွေ လိုက်ပြောလို့ပြော" (သူမြင့်တာပြောစေ)

မင်းသားကြီး။ ။ "သူတို့က ငယ်ငယ်ရွယ်ရွယ် မင်္ဂလာမဆောင်ဘဲနေကြ၊ သားသမီးမွေးတော့ မင်္ဂလာမဆောင်ဘဲမွေးလို့ ရုက်တယ်ဆိုပြီး လူမသိအောင် ဂေဟာသွားပို့ကြနဲ့ ခက်တယ်ဗျာ" (ညည်းဆိုစေ)

မင်းသားလတ်။ ။ "ဖျက်ချပစ်တာထက်တော့ ကောင်းပါတယ်"

မင်းသမီးလတ်။ ။ "ပြီးတော့ ဖအေ။ မအေသေလို့ မြေမို့မို့လေးမှာ ဘယ်နှနှစ်ကြာကြာ သွားပြီး တမ်းတ၊ ငိုကြွေးတာ သူတို့အဖေ၊ အမေက ဒီသခ်ိုင်းမှာပဲ အမြဲနေသလို့"

မင်းသမီးကြီး။ ။ "ဒီဆောက် သူတို့ကိုတော့ ဘုရားသာမှမဟုတ်ဘဲ။ မကျွတ်လွတ်လို့ ဒီသခ်ိုင်းမှာနေတာပေါ့" (ထင်တာပြောစေ)

မင်းသားကြီး။ ။ "ဟုတ်တယ်။ ဗုဒ္ဓဘာသာဆိုတော့ ကိုယ့်အဖေသခ်ိုင်းမို့မို့မရှိလည်း သူများအုတ်ဂူကို ဆေးသုတ်၊ ကိုယ့် အမေနာမည် ဆိုင်းဘုတ်လေးတပ်ရင် ဖြစ်ပါတယ်။ ကိုယ်က ဗုဒ္ဓဘာသာဆိုတော့ အဖေ၊ အမေကို ရည်စူးပြီး လှူတန်း။ အမျှဝေလည်း ဖြစ်ပါတယ်။ အဲဒီသခ်ိုင်းမှာ မိဘကန်တော့ပြီးအပြန် လင်သေတဲ့မိန်းမနဲ့ မယားသေတဲ့ယောကျ်ားတို့တွေကြ။ မိဘအုတ်ဂူလာရင်း ပူဆွေးပြီး မိန်းမက လဲကျသွား၊ ယောကျ်ားက ဆွဲထူပြီး နေ့စဉ် အဲဒီမိန်းမအိမ်သတင်းသွားမေးရင်း အဆက်ဖြစ်သွားတာပဲ။ ဇာတ်လမ်းရှည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

မင်းသားလေ။ ။ "အဲဒါတွေ သင်ခန်းစာယူဖို့ပဲ။ ကိုယ်က မြန်မာ့ လက်မထပ်ရသေးတဲ့ ယောကျ်ားနဲ့ဆို ဘယ်ကြို။ ဘယ်ကြာ။ ဘယ်အိပ်ရာမှာမှ မဆုံမိအောင် သတိကြီးကြီးထားကြပါ့ နှမတို့ရယ်။ ခုဟာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းရမယ့် ဇာတ်လမ်းတွေပဲ ရိုက်ကြမှာပါ" (သတိပေးစေ)

မင်းသမီးကြီး။ ။ "အခု ဇာတ်လမ်းရှည်ကြီး ရိုက်မယ်ဆိုတော့ ကျွန်မတို့ မြန်မာအမျိုးသမီးတွေကို ဘောင်းဘီတိုကပ်ကပ်၊ ပေါင်နှစ်လုံးပေါ် နေတာတွေ။ ရင်ဘတ်တစ်ခုလုံးဖော်၊ ဒါတွေ မဝတ်ဆင်ကြပါနဲ့။ ရှေးတုန်းက မြန်မာအမျိုးသမီးတွေလည်း ဝတ်စား ဆင်ယင်မှုတွေ ဆန်းခဲ့ကြပါတယ်။ ပင်နီ ချောနဲ့ ယောထဘီတွေလည်း ဆင်တူ ဝတ်ခဲ့ကြပါတယ်။ လက်အိုးပွပွကြီးတွေ လည်း ဝတ်ခဲ့ကြပါတယ်။ လက်အိုး ကျပ်ကျပ်ကလေးတွေလည်း ဝတ်ခဲ့ကြ လို့" (စကားမဆုံးခင်)

မင်းသားကြီး။ ။ "အဲဒီ သုံးယောက်ရမှ ချွေးမသေသွား။ သားက အရက်သောက်၊ ပူဆွေး။ အဲဒီအဘိုးကြီး က ဆင်းဆင်းရဲရဲ လုပ်ကိုင်ကျွေး၊ မြေးတွေအရွယ်ရောက်တော့ မြေးမကြီး ယောကျ်ားယူ၊ ဒီယောကျ်ားက ဆင်းရဲလို့ ပစ်သွား။ အဘိုးကြီးကပဲ မြေးမနဲ့ အလုပ် လုပ်၊ မြေးမကမွေးတဲ့ကလေးထိန်း၊ ဒါတွေဆို ဇာတ်ရှည်ပြီပေါ့ရှင်" (ဇာတ် ခင်းပြစေ)

မင်းသားကြီး။ ။ "အဲဒီလို တွေလုပ်ပါ ဒါရိုက်တာကြီး။ ဇာတ်လည်း ရှည်၊ သနားစရာကောင်းတာပေါ့။ ကျုပ် ဒီအဘိုးကြီးနေရာက ဇာတ်ဆောင်လုပ် မယ်ဗျာ" (လူအားလုံး လက်ခုပ်သြဘာ ပေးကြစေ)

မင်းသားလတ်။ ။ "ရပါ တယ်။ မုဆိုးဖိုပေမယ့် အသက် ၆၀ ဆိုတော့ ကျန်းမာတယ်။ သမက်သေ သွားတော့ မြေး ၂ ယောကျ်နဲ့ သမီး ကျန်ခဲ့တယ်။ သမီးက ကလေးတွေငယ်၊ အလုပ်ကလည်း မလုပ်တတ်တော့ အဖေ မုဆိုးဖိုကြီးက တခြားခိုင်းတာတွေ လုပ်ရင်း မြေးတွေနဲ့ သမီးစားဖို့ တောထဲ မှာ ကန်စွန်းဥစိုက်တဲ့ဆီမှာ သွားပြီး မြေပေါက်ပေးရင်းက ကန်စွန်းဥ အလကား စားရလို့သွားတာ။ အဲဒီခြံက သားနဲ့မတွေ့ဘဲ သားရဲ့အမေကိုတွေ့ တော့ သူငယ်ချင်းဖြစ်နေတယ်။ အတော် ကိုချစ်ခဲ့ကြတဲ့ ငယ်ချစ်မို့ အဘိုးကြီး လူပျိုလှည့်တဲ့အခန်း လုပ်တတ်ပါတယ်။ ကျွန်တော် ဒီအခန်းလုပ်မယ်" (ရွှင်မြူး စွာဆိုစေ)

ဦးတောက်ထိန်။ ။ "အေး ဒါလေးတွေ သဘောကျတယ်။ ဒါမှ ဇာတ်လမ်းရှည်ပါ။ သူတို့မြေးတွေလည်း ရှိတော့ ဇာတ်လမ်းဆက်လို့ရသေးတယ်" (သဘောကျစေ)

မင်းသမီးလေး။ ။ "ယောကျ်ားနဲ့ မိန်းမ ကြိုက်ပြီး လက်မထပ်ရသေးခင် မိန်းကလေးမှာ ကိုယ်ဝန်ရှိနေ၊ ယောကျ်ားက တစ်နေ့ရာ မှာ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ကျ၊ ဒီမိန်းမနဲ့ ကလေးက ဒုက္ခရောက်၊ ဒီဇာတ်လမ်းတွေ များနေတယ်"

www.burmeseclassic.com

www.burmeseclassic.com

အင်း။ လက်အိုးကျပ်လွန်းလို့ ထမင်းစား ရင် လက်က မမြှောက်နိုင်လို့ ပါးစပ်က ငုံပြီးစားရလို့ စက်သမားက အကျီလာ အပ်ရင် "ပါးစပ်လိုက်လား၊ စက်လိုက် လား" လို့ မေးရသတဲ့ဗျာ။ ကျွပ်တို့အမေ ပြောတာ"

မင်းသမီးကြီး။ ။ "ဟုတ်ပါ တယ်။ ပဒုမ္မာ ပိတ်ပါးပါးလေးတွေပေါ် လာလို့ အမျိုးသမီးတွေ ရင်ဖုံးအင်္ကျီ ချုပ်ဝတ်ကြတာ။ လူငယ် ကာလသား တွေက "သံချပ်" ထိုးတာလေ။ "အင်္ကျီ ပါးနဲ့ ခါးတစ်ထွာ၊ ကုလားပြန်ရင် လိုက် ကြမှာလား" တဲ့။ ဆံပင်တွေလည်း အမောက်ကြီးတွေ လုပ်ကြတယ်။ ဆံပင် ကို ဘယ်တော့မှ အတိုမဖြတ်ဘဲ အမောက်ကြီးတွေ လုပ်ကြတာ။ အဲဒါပြီး ဆံပင်ကိုလည်း ရှေ့ဆံပင်ကို လက်လေး သစ်လောက်ဖြတ်ပြီး အဲဒီဆံပင်လေးကို နဖူးပေါ်လှန်တင်တော့ လေတိုက်ထဲသွား ရင် ဆံပင်တိုလေးက ဟိုယိမ်းဒီယိမ်းနဲ့ နေတာကို "လေယူရာတိမ်း" တဲ့။ ဒါပေမဲ့ တသတ်ဆီပဲ ပြောင်းသွားကြပါတယ်"

မင်းသမီးကြီး။ ။ "ဟုတ်ပါတယ်။ ဒါပေမဲ့ မြန်မာအမျိုး သမီးတွေဟာ အဝတ်အထည်ဆန်းတွေ ဝတ်ကြပေမယ့် ရင်ဘတ်ကိုတော့ လုံလုံ ခြုံခြုံ ဘော်လီခါးရည်ကြီးတွေနဲ့ ကျွန်မ တို့အမေ အပျိုတုန်းက သုံးခဲ့ကြတာ။ "တစ်ထွာအင်္ကျီ" တဲ့။ ပိတ်သားနှစ်ထပ်ကို တစ်ထွာလောက် ရင်ဘုတ်လုံအောင် ပတ်ပြီး ရင်ဘတ်ဖြိုးဖြိုးမောက်မောက် မနေဘဲ ပြားချပ်နေအောင် သံချိတ်နဲ့ ထိုးပြီး အပေါ်က ဘော်လီခါးရှည်ကြီး ထပ်ဝတ်ခဲ့ကြတာပါ။ ဒါလေးတွေလည်း တစ်စိတ်တစ်ပိုင်းပြကြရင် မကောင်း လား" (အမှန်ကိုပြောစေ)

ဦးတောက်ထိန်။ ။ "ဟုတ် တယ်။ ဒီခေတ်က ဒီလိုဝတ်ခဲ့ကြတယ် ဆိုတာ တစ်ခန်းတစ်ခန်း ပြသွားပါ့မယ်" (သဘောကျ၍ပြောစေ)

မင်းသားကြီး။ ။ "အဲဒီ အဝတ်အစားတွေနဲ့ တောမင်္ဂလာဆောင် မှာ မင်္ဂလာပွဲတွေ တင်တောင်းတဲ့ငွေ လေးကို ပန်းကန်ပြားလေးနဲ့ထည့်ပြီး လူလယ်ခေါင်မှာ ပြထားတာလည်း မြင်ဖူးတယ်။ မြေကထွက်တဲ့ ပြောင်းဖူး တို့၊ ကန်စွန်းဥတို့ ပြုတ်ကျွေးတာလည်း မြင်ဖူးတယ်။ အဲဒါလည်း တစ်ခန်းပြပါ" မင်းသမီးကြီး။ ။ "ဟုတ် တယ်။ ကျွန်မအမေ မြင်ဖူးတာကတော့ အဲဒီမင်္ဂလာဆောင်မှာ တင်တောင်းတဲ့ ငွေလေး ပန်းကန်ပြားနဲ့ လူလယ်ခေါင် မှာ တင်ထား။ ထမင်းကျွေးတော့လည်း ငါးပိရည်နဲ့ ခရမ်းသီးကြီးတွေ လေးစိတ် စိတ်ပြီး ကျွေးတာ။ မင်္ဂလာဆောင်မပြီး ခင်ပဲ အဲဒီမင်္ဂလာသတို့သားက ပန်းကန် ပြားထဲက ပိုက်ဆံလေးယူပြီး သူ့အဖေ နဲ့ အမေကို "ရော့ ... အမေ။ အမေ တို့ အခုမင်္ဂလာဆောင်မှာ ထမင်းကျွေး ရတာ ဆန် ၃ တင်းကုန်တယ်။ ဒီပိုက်ဆံ အမေတို့ ပြန်ယူသွား" ဆိုပြီး ပေးလို့ သတို့သမီးဘက်ကလည်း "ဒါလောက် တောင်ဖြစ်သလား။ ငါက ဒီပိုက်ဆံနဲ့ နင်တို့အိပ်ဖို့ ခြင်ထောင်ဝယ်ပေးမလို့ ပြောထားတာ။ အခုတော့ သွားဟဲ့" ဆိုပြီး သတို့သမီးလက်ကို ဆွဲထားတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒါလေးတွေလည်း တစ်ခန်းထည့်ပေါ့ ရှင်" (အားလုံးရယ်ကြစေ)

ဦးတောက်ထိန်။ ။ "ဟုတ်တယ်။ ဒါမျိုးလေးတွေလည်း ထည့်မယ်။ မသာချတဲ့အခန်းတွေလည်း ထည့်မယ်" လူတစ်ယောက် ပြေးဝင်လာပြီး "ဒါရိုက်တာကြီး ဇာတ်ကားတစ်ခုရိုက်မယ်ဆိုတာကြားလို့ ကျွန်တော် ပြေးလာရတာ ကျွန်ုပ်ကိုလည်း လိုအပ်မှာပေါ့။ ကျွန်တော်နဲ့ အဘရိုက်တာ ကျွန်တော် သရုပ်ဆောင်တာ ထိထိမိမိရှိလို့ အဘဇာတ်ကားတွေ လေးငါးကား အကယ်ဒမီရတယ်လေ" (အမောတကောပြောစေ)

ဦးတောက်ထိန်။ ။ "ဟာ မင်း။ မင်းနဲ့ငါ မတွေ့တာ သိပ်မကြာသေးဘူး။ အခု ထွားလာလိုက်တာ။ မင်းကို ကလေးဇာတ်လိုက်နေရာကထား၍ ဘယ်ဖြစ်တော့မလဲ။ အရပ်ကလည်း ၆ ပေလောက်ရှိမယ်။ အသားတွေလည်း မည်းလို့ပါလား" (အုံဩစွာပြောစေ)

ကလေးဇာတ်ဆောင်။ ။ "ဒါဖြင့် မင်းသားလုပ်မယ်လေ။ ကျွန်တော် မင်းသားလုပ်မယ်လေ" (တောင်းပန်ပြီးပြောစေ)

ဦးတောက်ထိန်။ ။ "မင်းက ထွားလာလိုက်တာ လူကြမ်းရုပ်ပေါက်နေပြီ။ လူကြမ်းလုပ်။ ငါခေါ်မှာပေါ့။ လူကြမ်းက အဝတ်လည်း သိပ်မလိုဘူးလေ" (ချော့မော့ပြောစေ)

ကလေးဇာတ်ဆောင်။ ။ "လူကြမ်းက မင်းသားထိုးသမျှခံ၊ ကိုယ်က နာလို့ တကယ်ပြန်လုပ်ရင် မင်းသားသေမှာ။ ကျွန်တော့်ဦးလေး လူကြမ်း၊ မင်းသားက အထိုးမဟုတ်လို့ လူကြမ်းက လုံခြုံနေရတာနဲ့ အခု ကျွန်တော့်ဦးလေး ခြေထောက်သိပ်မသန်တော့ဘူး" (ဝမ်းနည်းသံနဲ့ပြောစေ)

ဦးတောက်ထိန် ကလေးကို သနားပြီး ခေါင်းတညိတ်ညိတ်လုပ်ပြီးမှ "ဟုတ်တယ်ကွာ။ ကလေးဇာတ်ဆောင် မိန်းကလေးတွေ လာကြတယ်။ သူတို့က ကလေးလိုမနေဘဲ အိုအိုသွားတော့ ငါ့မှာ မင်းသမီးနေရာကလည်း ရုပ်မလှတော့ ပြန်လွှတ်နေရတယ်။ မင်းကတော့ ငါ့လုပ်ငန်းမှာ ဟိုဟာခိုင်။ ဒီဟာခိုင်းလို့ရင် ငါခေါ်မယ်။ ခုတော့ ပြန်ဦး" (စိတ်မဲ့ကောင်းစွာဆိုစေ)

မင်းသမီးလတ်။ ။ "ကျွန်မက ခိုးစရာရှိတာ ခိုးလိုက်မယ်။ လိမ်စရာရှိတာ လိမ်လိုက်မယ်။ ယောကျ်ားနဲ့လည်း နပန်းလုံးတာမျိုးတွေ လုပ်မှာပါ။ ခိုင်းပါနော်။ အဲဒါ ကျွန်မယောကျ်ားက အတော်နေမကောင်းလို့ ငွေလေး နည်းနည်းလိုချင်တယ်"

မင်းသမီးလေး။ ။ "ကျွန်မကိုလည်း ငွေနည်းနည်းပေးပါ။ အိမ်မှာ အမေက မမာဘူး။ အစ်ကိုကြီးသေလို့ သူ့မိန်းမက ကလေးနှစ်ယောက်နဲ့ အိမ်ရောက်နေ။ ညီမကလည်း သူ့ယောကျ်ားက နောက်မိန်းမယူသွားလို့ အိမ်မှာ ကျွန်မက ကျွေးနေရတယ်။ အခု အိမ်ပဲရှိတော့တယ်။ အဲဒါ ငွေလေး လိုချင်တယ်။

ဦးတောက်ထိန်။ ။ "ဟဲ့ နင်က ခုထိ အိမ်ထောင်မကျသေးလား

www.burmeseclassic.com

www.burmeseclassic.com

လား။ ဟိုတစ်လောက တက်သစ်စ မင်းသားလေးနဲ့ကြိုက်ပြီး ယူတော့မယ် လို့ သတင်းကြားတာ။ ငါက မင်္ဂလာဆောင်ဖိတ်စာတောင် ရောက်ရဲ့သားနဲ့ ငါ ခရီးသွားနေလို့ ပြီးသွားပြီမှတ်တာ။ ဘယ်လိုလဲဟယ်"

မင်းသမီးလေး။ ။ "ဟုတ်ပါတယ်။ လူသိရှင်ကြားဖြစ်နေပြီးမှ ခုချက်ချင်းထွက်လာပြီး ဟိုကုမ္ပဏီကခေါ်ရိုက်၊ ဒီကုမ္ပဏီကခေါ်ရိုက်နဲ့ နာမည်ကြီးတဲ့ မင်းသမီး သေးသေးလေးနဲ့ ယူကြတော့မယ်။ ကျွန်မတို့လည်း ရုပ်တွေက မကျဘဲ အလုပ်တွေ ကျကုန်ပြီ။ ဒါကြောင့် ငွေ ... ငွေ" (အရေးကြီးတာပြောစေ)

ဦးတောက်ထိန်။ ။ "ဒါဖြင့် ရုပ်ရှင်ထဲကမဟုတ်ဘဲ အပြင်က သူဌေးတစ်ယောက်နဲ့ ယူပါလားဟယ်" (အကြံပေးစေ)

မင်းသမီးလေး။ ။ "ပိုက်ဆံကျွန်မနဲ့တော့ ပိုက်ဆံလည်း သိပ်မရှိတဲ့ မယား ၃ ခါကွဲ၊ မုဆိုး ၂ ခါ ၃ ခါဖိုတဲ့ လူကြီးတွေနဲ့ပဲ တွေ့တာ။ မယူပါဘူး" (အားလျော့သံနဲ့ဆိုစေ)

ဦးတောက်ထိန်။ ။ "အေးဟုတ်တယ်။ အခု မင်းသမီး၊ မင်းသားလေးတွေကလည်း ထွက်ထွက်လာလိုက်ကြတာ မိုးဦးကျ မိုးရေလေးစပ်စပ်မှာ ဖားမကြီးတွေက ပေါက်လို့ ခုန်ခုန်ထွက်လာတဲ့ ဖားပေါက်စတွေလို မည်းမည်းကို လူပ်လို့" (စကားမပြတ်ခင်)

မင်းသမီးလတ်။ ။ "ဒါရိုက်တာကြီး ကျွန်မပြောဦးမယ်။ အိမ်ကလူလေ လူကြမ်းလုပ်ရင်း မင်းသားကနိုင်ဖင်ထိုးပြီး ကန်လိုက်တာ ဗိုက်ကို ကန်မိလို့ အခု မထနိုင်ဘူး။ ဆရာဝန်က အူခေါက်သွားတယ်ဆိုလား ပြောတယ်။ အဲ ... အဲဒါ ငွေလေးလိုပါတယ်" (တောင်းပန်သံနဲ့ပြောစေ)

ဦးတောက်ထိန်။ ။ "ကဲ ကျွန်မတော့ အခု ဖုန်းနဲ့ဖိတ်လို့ လာကြတဲ့ မင်းသား၊ မင်းသမီး၊ မင်းသားလတ်၊ မင်းသမီးလတ်၊ မင်းသားကြီး၊ မင်းသားကြီး၊ လူကြမ်းတွေအားလုံး ကျွန်တော်နဲ့ ရိုက်ဖူး သရုပ်ဆောင်တွေလည်း ကောင်းကြတဲ့လူတွေကို အားလုံး ကျွန်တော် ရိုက်မယ့်ဇာတ်ကားမှာပါဖို့ ကျွန်တော် ခေါ်ပါ့မယ်။ အခု ပိုက်ဆံက မရှိသေးပါဘူး။ အခုထိုင်နေကြတဲ့ မြက်ခင်းပြင်ကျယ်ကြီးကို ရောင်းထားပါပြီ။ ကျွန်တော်တို့အိမ်ကြီးလည်း ပါတယ်။ ကျွန်တော်တို့က ရုပ်ရှင်ရိုက်တဲ့အိမ်ကလေးတွေ ပြုပြင်ပြီး နေကြမှာပါ" မင်းသားကြီး။ ။ "ဟုတ်သလားဗျာ" (ဝမ်းနည်းစွာပြောစေ)

ဦးတောက်ထိန်။ ။ "ဟုတ်ပါတယ်။ စရံတောင် ချတော့မှာပါ။ အဲဒါနဲ့ ကျွန်တော် မအိပ်ဘဲ ဇာတ်လမ်းအတွက်တွေးတာ။ ရွာတစ်ရွာမှာ လူတစ်ယောက်သေတာ။ အဲဒီသေတဲ့လူကလည်း ရွာမှာ အလှူအတန်းသိပ်လုပ်တယ်။ ကျောင်းဒကာလည်းဖြစ်တော့ ရှိတဲ့ကသူဌေးတွေက လှလှပပ မင်းသမီးကြီးလည်း ပါတယ်။ အဲဒီခေတ်က ငယ်လေးတွေကိုပဲ မျှော်နေကြတာ။ မင်းသား၊ မင်းသမီး၊ မင်းသားလတ်၊ ဘုန်းကြီးလည်း ပါတယ်။ အဲဒီခေတ်က

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ ထမင်းကြော်တွေရပြီ။ ဝိုဝိုမိုမို ပန်းကန် ၆၀ ခူးထားတယ်။ ကုလားထိုင်တွေမှာ လိုက်ပေးလိုက်မယ်။ ရေနွေးကြမ်းက စားပွဲပေါ်မှာ တင်ထားတယ်" ပြောပြီး ပန်းကန်တွေ လိုက်ဝေကြစေ။ လာသမျှလူအားလုံး စားကြပါတယ်။

ဦးတောက်ထိန်။ ။ "စားကြပါ ... စားကြပါ။ အမယ် ထမင်းကြော်ကလည်း ကောင်းလိုက်တာ။ ဆီရွှဲရွှဲနဲ့ ကြက်သွန်တွေအများကြီးနဲ့ ကြော်ထားတာ။ ကိုယ့်သမီးတွေ ဒါလောက် အချက်ကောင်းမှန်း မသိဘူး။ မိန်းမနှစ်ယောက် အဖော်ခေါ်ပေးပြီးပြီ။ မနေ့ကတည်းက ငကွဲ့ဆန် ၃ ပြည်နဲ့ ပဲပြုတ် တစ်ပိဿာ ဝယ်ပေးထားတာ။ သမီးနှစ်ယောက်က မင်းသမီးဖြစ်ချင်ပေမယ့် "ဝတုတ်"ပြီး မင်းသမီးနေရာမရတော့ ရှုတင်ထမင်းပဲ ချက်ခိုင်းရတော့မှာပဲ။ သမီးတို့ကလည်း အလုပ်ရပြီဗျာ။ ဟား ဟား ... ဟား ... ဟား" (ရွှင်ပြစွာ ရယ်မောစေ) (ကားလိပ်ချ)

တိုးတိုး

မသာပို့ရင် သခ်ၤိုင်းမြေသွားတူးတဲ့လူ လေးငါးယောက်က အဲဒီမသာသခ်ၤိုင်းနား မရောက်ခင် သခ်ၤိုင်းကနေပြီး "နောက် လာဦးမလားဟေ့၊ နောက် လာဦးမလား" ဆိုပြီး ရွံ့ခဲတွေနဲ့ ပေါက်ကြရတယ်။ မသာပို့တဲ့လူအုပ်ကလည်း "မလာတော့ပါဘူး။ မလာတော့ပါဘူး"လို့ ပြန်ပြောရတယ်"

မင်းသားကြီး။ ။ "ဟုတ်တယ် ... ဟုတ်တယ်။ "မလာတော့ပါဘူး"ဆိုတာ နောက်လူမသေအောင် ပြန်ပြောတာပေါ့"

ဦးတောက်ထိန်။ ။ "အဲဒါဗျာ။ အဲဒီရွာကလည်း သခ်ၤိုင်းနဲ့ဝေးတော့ မသာပို့တဲ့လူတွေကလည်း ကျောင်းဒကာ သူတော်ကောင်းကြီးမသာမို့ လူတွေက တစ်ရွာလုံး ကျောင်းထိုင်ဘုန်းကြီးက ရှေ့ဆုံးကပေါ့။ မသာရဲ့ မိန်းမနဲ့ သားသမီးတွေကလည်း ငိုလိုက်လာကြ။ ရွာက မိန်းမတွေလည်း ငိုကြယိုကြပေါ့။ အဲဒါ မသာလည်း သခ်ၤိုင်းနဲ့နီးလာ၊ ဟိုက ကျွင်းတူးနေတဲ့ လူသုံးယောက်ကလည်း အရက်လည်းသောက်ထား။ နေကလည်း ကျဲကျဲတောက်ပူနေတာ။ ခဲတွေကောက်ပြီး "နောက်လာဦးမလားဟေ့၊ နောက်လာဦးမလားဟ"ဆိုပြီး မြေကြီးခဲအကြီးကြီးကို ဖဲ့လို့မရတော့ ရသလို ဆွဲပစ်တာ ရှေ့ဆုံးက ကျောင်းထိုင်ဘုန်းကြီး နာပူးပြောင်ပြောင်ကို မှန်ရော။ နေကလည်း ပူတော့ သွေးတွေ ဖြာဆင်းလာ။ ဘုန်းကြီးကလည်း သူ့နဖူးကို သင်္ကန်းနဲ့ အုပ်ပြီး ဟိုကလည်း "လာဦးမလားဟေ့" အော်။ မသာပို့တဲ့လူတွေက ငိုရာက ဘုန်းကြီးကို ကြည့်ပြီး ရယ်ကြတော့ ဘုန်းကြီး ပြန်အော်တာ "အေး ... လာဦးမယ်ဟေ့။ နင့်မအေ၊ နင့်ဖအေ၊ နင့်နှမတွေ လာကြမယ်၊ လာကြမယ်" နဲ့ ပြန်အော်တာ မသာပို့သူအားလုံး ရယ်ကြရတာတွေပါ ကျွန်တော် ထည့်ရိုက်မှာပါဗျာ"

အားလုံးရီသမျှ။ ။ "ဟား ဟား ... ဟား ... ဟား ... ဟား" နဲ့ ရယ်သံမဆုံးတော့ပေ။

ဘုံဘုံ ဆုံဆုံ။ ။ "ထမင်း ပန်းကန်တွေ သယ်ထုတ်လာပြီ။ အဖေ၊ အမေတို့ ဘာတွေသဘောကျနေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဗျတ်တိုရှာ့ကာ တစ်ညတာ

ကျော်ရည်မွန်

www.burmeseclassic.com

www.burmeseclassic.com

"မွေးနီရေ. လမ်းက ရွာတစ်ရွာမှာ တို့ ခဏနားပြီး ဆိုင်တစ်ဆိုင်မှာ ဝင်ပြီး စားစရာ၊ သောက်စရာတွေ ဝယ်ရင်ကောင်းမယ် သိလား" ဟု ကိုဖိုးခ ပြောသည်။

မွေးနီကလည်း အပြည့်အဝကို ထောက်ခံသည်၊ သဘောတူသည်ပေါ့။ တရွေ့ရွေ့နှင့် လာခဲ့ကြရာ ဆိုင်းသံ၊ ဗုံသံ သဲ့သဲ့ကြားရတယ်ဆို သူတို့တစ်တွေ စိတ်ထဲ ပျော်သလိုလို ဖြစ်သွားပါရဲ့။

မွေးနီမှ . . .

"ကိုကြီးဖိုးခ ဆိုင်းသံကြားရ တယ်ဟုတ်" ဟု မေးလိုက်ရာ ကိုဖိုးခမှ-

"အေး . . . ဟုတ်ပဟေ့။ ငါလည်း ကြားတယ်ကွ။ ဒါပေမဲ့ အခု ရက်ထဲ ပွဲလမ်းသဘင်ရှိတယ်လို့လည်း မကြားမိပါလားကွာ"

ထိုအခါ မွေးနီမှ ကျွန်တော် တို့က ခြံထဲပဲ ဆင်းနေကြတော့ဗျာ။ သတိမထားမိတာနေမှာပါဗျာ" လို့ ပြော နေစဉ်ပင် ဆိုင်းသံက ပိုမို၍ပင် ကျယ်လာလေသည်။ မောပန်းနေသော အခြိန်က အတော်မောင်နေပြီ ဖြစ်သဖြင့် ဟဲ့နွား။ ဒီနွားဖြင့် ကြိမ်းမောင်းရင်း ကိုဖိုးခနှင့် မွေးနီတို့ နစ်ယောက် သားမှာ လှည်းတစ်စီးဖြင့် အလုပ်ရှုပ်နေကြလေသည်။ ကိုဖိုးခမှာ အသက်သုံးဆယ်ခန့်ရှိပြီး သဲဖြူရွာမှ ရွာလူကြီး ဘမြ၏ တစ်ဦးတည်းသောသားဖြစ်ပြီး ရွာကာလသားခေါင်း။ ထို့နောက် ပျော်ပျော်နေတတ်သူလည်း ဖြစ်သည်။ မွေးနီမှာ ဘမြ၏ညီမမှ မွေးဖွားပြီး ယခု သူ၏အသက်မှာ နှစ်ဆယ့်ရှစ်နှစ်ခန့်ဖြစ်ပြီး ကိုဖိုးခနှင့် ညီအစ်ကိုဝမ်းကွဲတော်သည်။ ညီအစ်ကိုဝမ်းကွဲပေမယ့်လည်း ငယ်စဉ်ကတည်းက ကိုဖိုးခနှင့် မွေးနီတို့မှာ အတူတကွ ကြီးပြင်းခဲ့ကြသည်မို့ သူငယ်ချင်းကဲ့သို့သာ အတူသွား၊ အတူစားပြီး နေလာခဲ့ကြသည်။ သူတို့သည် မိသားစုမိရိုးဖလာ တောဓလေ့ လယ်ယာခြံမြေကို ဓားမဦးချ အတူတကွ လုပ်ကိုင်နေကြလေသည်။ ယခု သူတို့၏သဲဖြူရွာသို့ ပြန်ရောက်ချင်စိတ်က စောနေကြသည်။

ဒီနေ့မြို့မှ ကုန်စိမ်းပွဲရုံသို့ ခြံထွက်သီးနှံများဖြစ်သော ဘူး၊ ဖရုံ၊ သခွား စသည်တို့အား ပို့ပြီး၍ အပြန် ရွာမှ မှာလိုက်သည့်ပစ္စည်းများ အဝယ် များနေ၍ ပြန်ချိန်က နောက်ကျနေခြင်း ဖြစ်သည်။ လူတွေလည်းနွမ်း၊ နွားတွေကလည်း ပန်းနေကြပြီး ဝမ်းဗိုက်ကလည်း တဂွိဂွိ အသံပေးနေကြပြီဖြစ်သည်။ မြို့ကအပြန် အရက်နည်းနည်းစီ သောက်ထားကြသဖြင့် လူတွေကလည်း ရီဝေဝေရယ်။

ကိုဖိုးခလှည်းမောင်းရင်း . .

"မွေးနီ လက်ကျန်လေးရှင်းကြမယ်ကွာ" လို့ ပြောလိုက်ရင်ဖြင့် ဘက်ညီသော် ညီအစ်ကိုဖြစ်သည့် မွေးနီက လှည်းဘောင်မှာ အသင့်ချိတ်လာတဲ့ အိတ်ကလေးအား ယူ၍ တစ်ယောက်တစ်လှည့် ဇိမ်နဲ့ ငုံပြီး ခရီးကို နှင်လာကြလေသည်။ ကိုဖိုးခက ရွာကို ဒီအတိုင်းဆို ငါတို့နှစ်ယောက် ဆယ့်တစ်နာရီလောက်မှပဲ ရောက်မှာဟု ပြောလိုက်လေသည်။ အဲဒီတော့ကွာ . . .

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦး လန်းဆန်းလာလေသည်။ အကြောဆိုင် အရင်ဝင်ပြီး မှာစားကြလေ လေသည်။ ဇာတ်မင်းသားရဲ့ အသံဟန် နှစ်ယောက်သား တိုင်ပင်မထားဘဲ သည်။ အသုပ်ဆိုင်မှလူများအား ကိုဖိုးခ တွေနဲ့ မင်းသမီးရဲ့ အင်အလွမ်းတွေထဲ လှည်းဦးကို ဆိုင်းသံကြားရာဘက်သို့ က သေချာကြည့်မိတော့ ထိုလူတွေများ မှာ မျောနေကြသည်။ အော်ပရာပြဇာတ် ဦးလှည့်လိုက်လေသည်။ ဆိုင်းသံက မှာ ထူးဆန်းနေသည်။ နားရွက်ကလေး ပိုင်းမှာ သခ္ခိုင်းစောင့်မဖဝါဇာတ်လမ်းမို့ နီးလာလေလေ လူတွေကလည်း တွေ တိုနေတာရယ်၊ မျက်လုံးတွေက အတော်စီးမျောနေကြသည်။ မဖဝါ ပျော်လာလေလေ။ ခက်နေသည်က မီးရောင်အောက် နီနေတာကို သတိထား လူသေခေါင်းကို ထမ်းလိုက်တဲ့အခန်း နွားတွေ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြ မိတယ်။ ရောက်တောက မထင်မှတ်ဘဲ ခေါင်းက လေသည်။ ကိုဖိုးခက ... ထိုအခါ ကိုဖိုးခက ... ပြုတ်ကျသွားရာ ခေါင်းအတွင်းမှ

"ဟဲ့ ... ဒီနွား။ ဟိုနွား" ဟု "မွေးနီ ... ဒီလူတွေကြည့်ရ ကလေးလောင်း ထွက်ကျလာလေ၏။ ကြိမ်းမောင်း၍ ဆဲဆိုပြီး လက်ထဲမှ တာကွာ ငါစိတ်ထဲမှာ တစ်မျိုးဖြစ်နေ သူတို့စိတ်ထဲ ပြဇာတ်က သဏ္ဌာန်လုပ် တုတ်ဖြင့် တွန်းထိုးရိုက်နှက်နေရလေ၏။ တယ်။ အဲဒါ မင်းရော သတိထားမိရဲ့ သရုပ်ပါသည်ဟု ချီးကျူးနေမိကြလေ များမကြာမီ မီးထိန်ထိန်လင်းနေသည့် လားလို့" မေးတော့ မွေးနီကလည်း သည်။ ရွာရောက်ရင် ကာလသားများကို ပွဲစျေးတန်းနှင့် ပွဲဇာတ်စင်အား လှမ်းမြင် သတိထားမိကြောင်း ခေါင်းညိတ်၏။ ပြန်ပြောပြရမယ်လို့ စိတ်ထဲ တေးမှတ် လိုက်ရသဖြင့်လည်း ပါးစပ်အဖြဲသားဖြင့် ဒါပေမဲ့ သူတို့မှာတဲ့အသုပ် ထားလိုက်လေသည်။ ပြဇာတ်ကို ကြည့် တို့တွေတော့ ကော်တာပဲဟု အကျေနပ် တွေ ရောက်လာတော့ စားကြည့်တယ် နေရင်း မထင်မှတ်ဘဲ စိတ်ဝင်တစား ကြီး ကျေနပ်နေကြသည်။ နွားတွေကို ဆိုရင်ပဲ အရသာက အတော်ထူးနေတာ စီးမျောပြီး ပတ်ဝန်းကျင်နှင့် ကမ္ဘာကို လှည်းနားလှန်ပြီး ပွဲစျေးတန်းသို့ သူတို့ ရယ်၊ ဗိုက်ဆာနေဟာရယ်နဲ့ အတွေးတွေ သူတို့ အဆက်အသွယ်ပြတ်သွားကြ ဝင်ခဲ့ကြလေသည်။ ပွဲစျေးတန်းမှာ ပျောက်ပြီး ခေါင်းကို မဖော်တမ်းစားကြ တယ်။ မနက်လင်းခါနီးတော့ လူတွေက စားစရာက အစုံတွေ့ရသည်။ သူတို့ တာ တစ်ယောက်သုံးပွဲ ဖြစ်သွားပါတယ်။ လည်းပန်း၊ အိပ်ရေးကလည်းပျက်ဆို ရောက်နေချိန် ဇာတ်မင်းသားကလည်း ဗိုက်ပြည့်တယ်ဆိုရင်ပဲ ပွဲဝတ်နေတဲ့နှစ် တော့ မျက်လုံးတွေက မဖွင့်ချင်ကြတော့ စင်မြင့်မှာ ကနေပြီဖြစ်၏။ ဗိုက်က ယောက်သားဟာ ပွဲကရာ ဇာတ်ဝင်ရှေ့ ပါဘူး။ အဲဒါနဲ့ ကိုဖိုးခက ... ဆာနေသဖြင့် နှစ်ဦး အသုပ်နှင့် တိုးပြီး ပွဲကို သေချာထိုင်ကြည့်နေကြ "မွေးနီ ... ငါတော့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အတော်အိပ်ချင်နေပြီကွ"လို့ ဆိုလိုက်ရင် ပဲ မွေးနီကလည်း အိပ်ချင်နေပြီဖြစ် ကြောင်း ပြန်ပြောလို့ နှစ်ဦးသား သူတို့ လှည်းအောက်ဝင်ပြီး အိပ်နေလိုက်ကြ တယ်။

သူတို့ ပွဲအနားမှာ သတိထား မိတာက အတော်ချမ်းသာတဲ့ရွာပါပဲ။ ဘာလို့လဲဆိုတော့ အိမ်ကြီးအိမ်ကောင်း တွေ မြင်နေရလို့ သူတို့စိတ်ထဲမှာ ထင်မှတ်လိုက်ကြတာပါ။ အတွေးတွေ မဆုံးသေးခင် ခေါင်းချလိုက်တယ်ဆိုရင် မှာပဲ သူတို့ အိပ်မောကျသွားကြပါတယ်။

"ကိုကြီးဖိုးခ ... ကိုကြီးဖိုးခ" လို့ ခေါ်လည်းခေါ်၊ လူပ်လည်းနှိုးလို့ ကိုဖိုးခ အိပ်ချင်မူးတူးနဲ့ အိပ်ရာထလိုက် တယ်ဆိုရင် ကိုဖိုးခမှာ မျက်လုံးပြူးသွား ပါတယ်။ သူတို့ ယခုရောက်နေတဲ့နေရာ က သုဿန်လူသေတွေ သင်္ဂြိုဟ်တဲ့ သခ်ၤိုင်းထဲဖြစ်နေတယ်။ ပတ်ချာလည်မှာ မြေပုံတွေ၊ တောတွေ၊ ခြုံတွေနဲ့မို့ ထိတ်လန့်ပြီး ...

"မွေးနီ ငါတို့တွေ ဘယ်ရောက် နေကြတာလဲ"ဟု အထိတ်တလန့်ဖြင့် မေးလိုက်တော့ မွေးနီက ...

"ကျွန်တော်လည်း မသိဘူးဗျ ကိုကြီးဖိုးခ"ဟု ဖြေ၏။

ချက်ချင်းပင် သခ်ၤိုင်းထဲက သုတ်သုတ်ထွက်ပြီး နွားလှည်းပြင်ပြီး ရွာကို အပြင်းနှင်ခဲ့ကြတယ်။ ရွာရောက် တော့ ကိုဖိုးခအဖေ ဘကြီးမြက အံတကြိတ်ကြိတ်နှင့် သူတို့ကိုတွေ့တယ် ဆိုတာနဲ့ပဲ ...

"အပေအတေကောင်တွေ။ ညက အိမ်တွေက စိတ်ပူပြီးနေကြတာ။ မင်းတို့ ဘယ်ကိုများအလေလိုက်နေကြ သလဲ"ဟု ပြောပြီး ဆူလေ၏။ ကိုဖိုးခ နှင့် မွေးနီတို့လည်း မျက်နှာငယ်လေးနှင့် တွေကြုံသမျှအား ပြောပြကြလေသည်။

ကိုဖိုးခအဖေ ဘကြီးမြက ...

"သြော ... အဲဒါ လူလေးတို့ က ကျွတ်တို့ရဲ့ရွာကို ရောက်ခဲ့ကြတာ ကိုးကွာ"ဟု ပြုံးရွှင်စွာ ပြောလိုက်သ ဖြင့် ...

"ငါတို့တွေ ဘာမှမဖြစ်ခဲ့တာ တော်ပါသေးရဲ့။ ကဲကောင်းလို့"ဟု တွေးပြီး သက်ပြင်းကိုယ်စီ ချမိလိုက်ပါ တယ်။

(ကိုဖိုးခမှာ ကျွန်တော့်ရဲ့ ဖိုးလေး ဖြစ်ပါတယ်)

ငယ်စဉ်က အိပ်ရာဝင်ချိန်၌ သူ၏ အဖြစ်အပျက်များကို ဖိုးလေးခ ပြန်ပြောပြသည်ကို ရေးသားပါသည်။

အားလုံးကိုကျေးဇူးတင်လျက်

ကျော်ရည်မွန်

www.burmeseclassic.com

www.burmeseclassic.com

လေးစားစွာဖိတ်ခေါ်အပ်ပါသည်

မြန်မာနိုင်ငံ ဒေသအသီးသီးမှ စာပေရေးသားခြင်း ဝါသနာပါသူများခင်ဗျာ . . .။

မိမိတို့ ဒေသအသီးသီးရှိ ပုဒ္ဓရုင်တော်မြတ်၏ သာသနာ့အမွေ သာသနိကအဆောက်အအုံများ၊ တန်ခိုးကြီးဘုရားများ၊ တန်ခိုးကြီးဆရာတော်ဘုရားကြီးများ၏ အကြောင်းအရာအစုံအလင်တို့အား ဓာတ်ပုံနှင့်တကွ ရေးသား၍ လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်သို့ စာမူများ ပေးပို့နိုင်ကြပါသည်။

မြန်မာနိုင်ငံ ဒေသအသီးသီးမှ လျှို့ဝှက်ဆန်းကြယ်သော၊ ဂဏ္ဌိရဆန်သော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ ရပ်ဝတ္ထုပြစ္စည်းများ၏ အကြောင်းကို စာပေရေးဖွဲ့ပြီး ပေးပို့နိုင်ပါသည်။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းမှ စာမျက်နှာပေါ်တွင် အမြန်ဆုံး ဖော်ပြပေးပါမည်။ စာချစ်သူ စာရေးဆရာများ စာမူများပေးပို့နိုင်ပါသည်။

Kyaw Kyaw Swe 1965 @ gmail.com



တိုက် (၉)၊ ဥဝဘ-ဝိစောက်လမ်းယာဇနပလာစာ ၊မော်လာဓကောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉၄၁၂၀၀၇၆၀ ၊ ၀၉၅၁၀၇၂၀၅၉ ၊ ၀၉၅၁၀၃၆၂၀၀ ၊၀၉၅၁၀၃၆၆၀၂

www.burmeseclassic.com

www.burmeseclassic.com

ပြန်ပေးဆွဲခြင်း

ယောကျ်ားရေးမှုးအကြောင်း

သောင်းဝေဦး

၂၁၆

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ထိုတပ်များမှာ ရန်ကုန်တပ်များ ဖြစ်သည့်အတွက် အရာရှိ အများစုမှာ ကျွန်တော်တို့နှင့် မျက်မှန်းတန်းရင်းနှီးနေသူများ ဖြစ်ကြပါသည်။

တပ်များမှာ အသုတ်လိုက် ပြေးဝင်နေပြီး ကကလှမ်းအတွင်း ဝင်ရောက်ကာ လှေကားအတိုင်း တန်းစီပြေးတက်သွားပြီး အထပ်လိုက်တွင် နေရာဝင်ယူနေကြပါသည်။

ထိုသို့ နေရာယူနေသည်ကို ကကလှမ်းမှ အရာရှိများက သူတို့ အထပ်ရှိ ပြတင်းပေါက်များမှ အေးအေးဆေးဆေး ရပ်ကြည့်နေကြပါသည်။

သူတို့ကလည်း ဘာမှမပြောသလို တပ်များကလည်း ဘာမှ မပြောကြပါ။

အားလုံးနေရာယူပြီး တစ်နာရီခန့်ကြာမှသာ အရာရှိ တစ်ယောက်စီဦးစီးပြီး အထပ်လိုက် တစ်ခန်းဝင် တစ်ခန်းထွက် သေနတ်များကို ပုံးကြီးများနှင့် လိုက်ကောက်ပါသည်။

အကယ်လို့ မအပ်ချင်ရင်လည်း ဆက်ယူထားလို့ရပါသည်။ သို့သော်လည်း မအပ်ကြောင်းကိုတော့ အထက်သို့တင်ပြရမည်ဟု ဆိုပါသည်။

တယ်လီဖုန်းများလည်း ထိုအချိန်အထိ ဆက်လို့ရပါသည်။ ရန်ငြိမ်းစက်ကလည်း ထိုအချိန်အထိ နဂိုအတိုင်းပင် ရှိနေပါသေးသည်။

ကကလှမ်းအခြေအနေကို သိရပြီမို့ ကျွန်တော်တို့လည်း လုပ်စရာရှိသည်များကို ဆက်လုပ်ဖို့ စီစဉ်ကြပါသည်။

ကျွန်တော်ကတော့ ပထမဦးစွာ တပ်ဂိတ်အသီးသီးရှိ ကင်းအဖွဲ့များအား သေနတ်များ ပြန်လာအပ်ခိုင်းလိုက်ပါသည်။

အကယ်၍ ခြေလျင်မှအဖွဲ့များလာရောက်ခဲ့လျှင် မတော်တဆပစ်ခတ်မှုများ ဖြစ်ပွားမည်စိုးသည့်အတွက် ဖြစ်ပါသည်။

ဗဟိုကင်းရှိ သေနတ်များကို ပါလာကြသော တပ်ကြီးတပ်ငယ်များက သေခတ်ပြီး သော့ကို လည်ပင်းတွင် ဆွဲထားလိုက်ပါသည်။

ဂိုဒေါင်များ အားလုံးဖွင့် ခိုင်းကာ မည်သူလာလာ တပ်ရင်း ရုံးသို့ ခေါ်လာရန် အမိန့်ထုတ်ထားလိုက်ပါသည်။

ဌာနမှူးအသီးသီးမှာတော့ သူတို့ဌာနအလိုက် စာရွက် စာတမ်းများဖြင့် အလုပ်ရှုပ်နေကြပါသည်။

ကျွန်တော့်အနေဖြင့် သေနတ်ကိစ္စကို ဒီလောက်သတိထား ရသည်မှာ အကြောင်းရှိပါသည်။

ကျွန်တော်တို့တပ်သည် ၁၉၆၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ထောက်လှမ်းရေးတပ်ဟောင်းကြီး ဖြစ်ပါသည်။

တပ်ဖွဲ့ဝင်အင်အား ၇၀၀ ခန့် ရှိပြီး မိသားစုများပါပါလျှင် လူ ၂၀၀၀ ကျော် ရှိပါသည်။ လက်နက်ခဲယမ်းများ အများအပြား ရှိပါသည်။

ကကလှမ်း လက်နက်တိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ကျွန်တော်တို့တပ်တွင်ပင် ရှိပါသည်။

တစ်ပြည်လုံးရှိ ထောက်လှမ်းရေးတပ်များမှ သိမ်းဆည်းရမိလက်နက် ခဲယမ်းပေါင်းများစွာမှာလည်း ကျွန်တော်တို့တပ်သို့ပင် အပ်နှံရပါသည်။

လက်နက်တိုက်အတွင်းရှိ အချို့လက်နက်များမှာ အသစ်အဆန်းများဖြစ်ပြီး ကျွန်တော်ကိုယ်တိုင်ပင် အရင်က မမြင်ဖူးသော လက်နက်များပါဝင်ပါသည်။

အကယ်၍ ခြေလျင်တပ်များနှင့် ပစ်ခတ်မှုများ ဖြစ်ပွား မည်ဆိုပါက နှစ်ဖက်လုံး အထိနာမည်ဖြစ်ပါသည်။

ယခုတော့ အားလုံးအေးအေးဆေးဆေး ဖြစ်သွားသည်မို့ အတော် စိတ်ချမ်းသာရပါသည်။

ညနေ ၆ နာရီခန့်တွင် စစ်ရုံးက ကျွန်တော်တို့ လုံခြုံရေးအဖွဲ့များ ပြန်ရောက်လာပါသည်။ လက်နက်များကတော့ မပါလာ တော့ပါ။

ညပိုင်း ၈ နာရီလောက်တွင် တော့ ခြေမြန်တပ်မများ ပြည်လမ်းမအတိုင်း ဝင်ရောက်လာပြီး ရန်ကုန်မြို့တွင်းတွင် စတင် နေရာယူနေကြပြီဖြစ်ပါသည်။

ထိုနေ့က ငိုအားထက်ရယ် အားသန်သောအဖြစ်များလည်း အများအပြား ပေါ်ပေါက်ခဲ့ပါသေးသည်။

ထိုစဉ်က ကျွန်တော်တို့တပ်မှာ လယ်/ဆည်ဝန်ကြီးဌာနအတွင်း မသမာမှုကိစ္စများအား အရေးယူရန် ပြင်ဆင်နေချိန် ဖြစ်ပါသည်။

စိုက်ပျိုးရေးဆေးဝါးနှင့် မြေဩဇာကုမ္ပဏီများအား စစ်ဆင်ရေးဌာနမှ နေ့စဉ်ခေါ်ယူ စစ်ဆေးလျက်ရှိနေပါသည်။

၁၈ ရက်နေ့ ညနေ ၇ နာရီခန့်တွင် ကျွန်တော်နှင့် အရာရှိ နှစ်ဦး၊ သုံးဦး တပ်ရင်းရုံးရှေ့ရပ်ကာ လူမျှော်နေပါသည်။

နယ်မြေတပ်များသို့ ရန်ကုန်တိုင်းမှ အဖွဲ့များ ရောက်နေပြီဟုလည်း ဖုန်းသတင်းများအရ သိနေရပါသည်။

ကိုယ်တွေ့ဆီလည်း မကြာမီလာတော့မည်ဟု ယူဆကာ အသင့်ပြင်စောင့်ဆိုင်းနေခြင်း ဖြစ်ပါသည်။

ထိုအချိန်တွင် ကားတစ်စီး ဝင်လာသဖြင့် ကျွန်တော်လည်း ဒိတ်ခနဲ ဖြစ်သွားပါသည်။

ကားက တပ်ရင်းရုံးရှေ့ရပ်ပါသည်။ ကျွန်တော်က ရှေ့တိုး သွားပြီး မေးပါသည်။

"ဘယ်သူနဲ့တွေ့ချင်ပါသလဲခင်ဗျ"

"ကျွန်တော့်ကို စစ်ဆင်ရေးဌာနက ခေါ်ထားလို့ပါ"

"ခင်ဗျားက ဘယ်သူလဲခင်ဗျ"

"ကျွန်တော်က --- စိုက်ပျိုးရေးကုမ္ပဏီက ဒါရိုက်တာပါ" ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ လယ်/ဆည် ကိစ္စ ခေါ်စစ်နေတာ။

"နောက်ရက်မှ လာပါခင်ဗျာ။ ဒီနေ့ ပြန်လိုက်ပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

စစ်ဆင်ရေးဌာနကို ပြောလိုက်ပါမယ်"

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော့်ကို သေချာမှာထားတာပါ"

ပြဿနာက ကိုယ်တော်က ဘယ်နားသွားအိပ်နေမှန်း မသိ။ နေ့လယ်ကတည်းက ရန်ကုန်တစ်မြို့လုံး တုန်လှုပ်နေသောကိစ္စကို သိပုံမရပါ။

"ဟုတ်ကဲ့ ... ဒီနေ့ ကျွန်တော်တို့ ကိစ္စလေးရှိလို့ပါ။ နောက်ရက်မှပဲ လာလိုက်ပါ"

"ဒီလိုလုပ်ပါလား။ ကျွန်တော် ဌာနမှူးကို ထိုင်စောင့် လိုက်မယ်လေ။ သူ ပြန်ဆိုပြန်လိုက်ပါ့မယ်"

"စောင့်လို့မရဘူးခင်ဗျ။ ခင်ဗျား ပြန်လိုက်ပါ"

"ဖုန်းလေးဆက်ကြည့်ပေးပါလား ခင်ဗျ။ စစ်ဆင်ရေးဌာနမှူးက သေချာအတိအကျလာဖို့ ပြောထားလို့ပါ"

ဂါး ... ကျွန်တော် တစ်နေ့လုံး စိတ်ပန်းလူပန်းဖြစ်နေသမျှ ပေါက်ကွဲသွားလေပါပြီ။

"ဒီမှာ ဟော်လူ ... ကျွပ် ဒီတပ်က တပ်ရေးဗိုလ်ကြီးဗျ။ ခင်ဗျား လူလိုပြောနေတာ နားမလည်ဘူးလား။ အခုပြန် အခု ချက်ချင်းပြန်။ အခုပြန်ဆို ပြန်ဗျာ။ ကြားလား"

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ထိုလူ ချက်ချင်း လစ်ပါတော့သည်။ သူ့ပုံက ငါ ဘာမှား သွားပါလိမ့်ဟု နဝေတိမ်တောင်ပုံစံ။

နောက်ရက်များတွင်တော့ ထောက်လှမ်းရေး ဖျက်သိမ်းခံရသည့်နေ့တွင်မှ ထောက်လှမ်းရေးတပ်မှ အတင်းထိုင်စောင့်ပါရစေလို့ လုပ်ခဲ့မိသော သူ့အဖြစ်အပျက်ကို တစ်သက်လုံး တဖွဖွပြော မဆုံးအောင် ဖြစ်နေတော့မည် ထင်ပါသည်။

နောက်တစ်ခုက ဒီထက်ပိုဆိုး ပါသည်။

အောက်တိုဘာ ၁၉ ရက်နေ့ မနက်။ တပ်ရင်းရုံးရှေ့တွင် အရာရှိ အားလုံး ရပ်စကားပြောနေကြသည်။

ထိုစဉ် ရောက်လာသူက ထလရ (၃) မှ တပ်ရေးဗိုလ်ကြီး။

"ဟာ ... အားလုံး လူစုံတက်စုံပါလား"

ကျွန်တော်တို့ စကားဝိုင်းက တိခနဲ ရပ်သွားသည်။

"ဘာတွေတိုင်ပင်ဆွေးနွေးနေကြတာလဲ။ လုပ်ပါဦး ... ကိုယ့်လည်းပြောမါဦး"

အားလုံးက သူ့ကို ငြိုဟ်သား တစ်ယောက်လို ဝိုင်းကြည့်နေတော့ သူအနည်းငယ်တော့ ရှိုးတိုးရှုန့်တန့် ဖြစ်သွားသည်။

ကိုယ့်ဆရာက ထောက်လှမ်းရေးတပ်ရင်း (၃) ကျိုင်းတုံမှ ကကလှမ်းသို့ ကိစ္စတစ်ခုနှင့်လာသူ။

သူနှင့်ကိုယ်က စစ်တက္ကသိုလ် အပတ်စဉ် ရှေ့နောက်မို့ နဂိုကပင် အတော်ရင်းနှီးပါသည်။

"အစ်ကိုကြီး ... ဘယ်နေ့က ရောက်လဲ"

www.burmeseclassic.com

www.burmeseclassic.com

"မနေ့က"

"ဘယ်အချိန်လောက်ရောက်လဲ"

"ည ၇ နာရီ"

"တပ်ကိုရော ဖုန်းဆက်ပြီးပြီလား"

"မဆက်ရသေးဘူး"

"ဒါဆို တစ်ညလုံး ဘယ်သွားနေလဲ"

"ကိုယ်လား နှပ်နေတာပေါ့ကွ ... အဟေးဟေးဟေး"

အားလုံးက သူ့ကို စိတ်ပျက်လက်ပျက် ဝိုင်းကြည့်နေကြပါသည်။

ကျွန်တော်ကတော့ ဘာမှ ရှင်းမနေတော့။ ထလရ (၃) မှ တပ်ရင်းရုံးဖုန်းကို ခေါ်လိုက်သည်။

ဒုအရာခံဗိုလ် ရုံးအုပ်ကိုင်သည်။

"ဆရာကြီး ခင်ဗျား တပ်ရေးဗိုလ်ကြီး ပြောမယ်"

ဖုန်းကို သူလက်ထဲ ထိုးပေးလိုက်သည်။ သူကလည်း အူကြောင်ကြောင်နှင့် လှမ်းယူသည်။

၅ မိနစ်လောက်ကြာသည်။

ဟိုဘက်က ဘာပြောလိုက်သည် မသိ။ ကိုယ့် ဆရာ မျက်စိပျက် မျက်နှာပျက်နှင့် တစ်ချိုးတည်း လစ်လေတော့သည်။

ကျွန်တော်တို့မှာ စိတ်ရှုပ်နေသည့် ကြားကပင် သူ့ကို ကြည့်ကာ အသံထွက် ရယ်မောမိပါလေတော့သည်။

ကျွန်တော်တို့ မျှော်သာ မျှော် နေခဲ့သော်လည်း ခြေလျင်တပ်များမှာ ရောက်မလာခဲ့ပါ။

နောက်ရက်များတွင်လည်း မလာပါ။

နိုဝင်ဘာလဆန်းလောက် ရောက်မှ ကကလှမ်းမှ G1 တစ်ဦး ခေတ္တတပ်မှူးအဖြစ် ရောက်လာပါသည်။

နိုဝင်ဘာ လလယ်လောက် တွင် ရန်ကုန်တိုင်းမှ တာဝန် ပေးအပ်လိုက်သည့် ဗိုလ်မှူးကြီး ဦးစီး အချိန်းအပြောင်း လုပ်မယ့်အဖွဲ့ ရောက်ရှိလာပါသည်။

အချိန်းအပြောင်း လုပ်သည့် နာ လ အတော်ကြာပါသည်။

ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ထောက်လှမ်းရေး လုပ်သက် ၂ နှစ်နှင့် အထက် အရာရှိများအားလုံး တပ်မတော်မှ အငြိမ်းစားပေးလိုက်သည်ဟူသော စစ်ရာထူးခန့်ချုပ်ရုံး၏အမိန့်ကို ရန်ကုန်တိုင်း ဒုတိုင်းမှူး(ယခု ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်)မှ ကျွန်တော်တို့ကို ခေါ်ယူဖတ်ပြပါသည်။

ဘာပြောစရာရှိလဲဟု မေးပါသည်။

ဘာမှပြောစရာမရှိပါ။ ကျွန်တော်တို့အားလုံး စစ်သားပီပီ သတိဆွဲပြီး စနစ်တကျ အလေးပြုခဲ့ကြပါသည်။

❖ ❖ ❖

သုံးသပ်ချက်

အချို့ထောက်လှမ်းရေးတပ်ဖွဲ့များအနေဖြင့် စည်းကမ်း ပျက်ယွင်း

www.burmeseclassic.com

www.burmeseclassic.com

ပြီး အရေးယူဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်နေပြီ ဆိုသည့်အချက်မှာ မည်သူမှ ငြင်းဆန်နိုင်ဖွယ်မရှိသည့်အချက် ဖြစ်ပါသည်။

သို့သော်လည်း ပြောစရာဖြစ်လေသည်က အရေးယူဆောင် ရွက်ပုံ ဖြစ်ပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အင်မတန် များပြားရှုပ်ထွေးလှပါသည်။

ကကလှမ်း၏ ဌာနကြီး ၈ ခုအနက် ပြည်တွင်းထောက်လှမ်းရေး ဌာနတစ်ခုတည်း၏ အောက်တွင်ပင် ဌာနခွဲ ၈ ခု ရှိပါသည်။

စစ်ဦးစီးမှူး အရာရှိ ၂၉ ဦး ရှိပါသည်။ ဒီလောက်ဆို ထောက်လှမ်းရေးလုပ်ငန်းများ မည်မျှကျယ်ပြန့်မည်ကို ခန့်မှန်း ချင့်တွက်နိုင်ပါသည်။

ထောက်လှမ်းရေးလုပ်ငန်းများတွင် ကြားဖြတ်အသံလွှင့်ဖမ်း စစ်သည်များ၊ ဘာသာပြန်ဌာနများ၊ အသွင်ယူ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ ပြည်ပအဖွဲ့အစည်းများအတွင်း ထိုးဖောက်ရောက်ရှိ နေသော တပ်ဖွဲ့ဝင်များ၊ စစ်ခွေးကိုင် စစ်သည်များ၊ ယာဉ်ပေါ်လိုက် လုံခြုံရေးစစ်သည်များ၊ မြေအောက်အဖွဲ့အစည်းများအတွင်း ဝင်ရောက်နေသော ထောက်လှမ်းရေးကလာပ်စည်းများ ... စသဖြင့် စသဖြင့် မြောက်မြားစွာ ရှိကြပါသည်။

ဓောင့်ကြည့်တာဝန် စစ်သည်အများစုမှာ မနက်စောစော ထမင်းချိုင့်ထုပ်ကာ တာဝန်ကျရာနေရာကို ဘတ်စ်ကားနှင့် ချီတက်ရပါသည်။

တစ်နေကုန် လူအဝင်အထွက် ယာဉ်အဝင်ထွက်များ မှတ်တမ်းတင်ကာ ည ၉ နာရီခန့်တွင် ဘတ်စ်ကား တွယ်စီးပြီး တပ်ကို ပြန်လာရပါသည်။

အစီရင်ခံစာ ရေးသားတင်ပြ ညွှန်ကြားချက်အသစ်များကို နာခံပြီး အစောဆုံးအိမ်ပြန်ရချိန်မှာ ၁၁ နာရီ ဖြစ်ပါသည်။

ကျွန်တော်တို့ တပ်တစ်ခု တည်းတွင်ပင် ထိုကဲ့သို့ တာဝန် ထမ်းဆောင်နေသော စစ်သည်ပေါင်း ရာနှင့်ချီ၍ ရှိပါသည်။

ထောက်လှမ်းရေးတွင် အသင့်ကိုင်ကာ တစ်နှစ်လျှင် ၃၆၅ ရက် ကားပေါ်မှ မဆင်းရသည့်တပ် ဖြစ်ပါသည်။

အနေအစားကျဉ်းကျပ်လွန်းကာ စစ်သည်များ မခံနိုင်သဖြင့် မကြာခဏ ထွက်ပြေးလေ့ရှိကြပါသည်။

ဗဟို ထောက်လှမ်းရေးတပ်တွင်လည်း ခြေလျင်တပ်မှ အရာရှိများ အများအပြား သင်တန်းတက်ဖူးကြပါသည်။

ထိုတပ်မှ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ လုပ်ရသည့်အလုပ်မှာ သင်တန်းသားများကို ထမင်းကြော်ရောင်းခြင်း ဖြစ်ပါသည်။

ဗထလမှ ထောက်လှမ်းရေး

www.burmeseclassic.com

www.burmeseclassic.com

စစ်သည်များ ချမ်းသာ၊ မချမ်းသာ ဆိုသည်ကို တပ်မတော်တစ်ခုလုံး သိကြပါသည်။

ကျွန်တော်ကိုယ်တိုင် စစ်ရုံးလုံခြုံရေး တစ်နှစ်နီးပါး တာဝန် ထမ်းဆောင်ဖူးပါသည်။

နေ့တိုင်း စစ်ရုံးမှ သက်သာတစ်ဆယ်တန်ထမင်း စားရပါသည်။

စစ်သည်များမှာ ရန်ကုန်တိုင်းက ရောင်းပေးသည့် တစ်ဆယ် တန်ကြက်ဥလေး ဝယ်ခွင့်ရရေးသည် သူတို့၏ ဧရာမအခွင့်အရေး ဖြစ်ပါသည်။

ထောက်လှမ်းရေး တပ်ဖွဲ့များတွင် နယ်မြေတပ်ဖွဲ့ဝင် အားလုံးပေါင်း၏ အရေအတွက်သည် ၁၅၀၀ ပင် မပြည့်ပါ။

ထိုအရေအတွက်သည် နယ်မြေရှိသည့် ဗထလ၊ အကူ လခတစသည့် ထောက်လှမ်းရေးတပ်ကြီး ၃ တပ် ရှိ တပ်ဖွဲ့ဝင် အရေအတွက်ထက်ပင် များစွာ လျော့နည်းပါသည်။

ထောက်လှမ်းရေး တပ်ဖွဲ့ တစ်ခုလုံး၏ သုံးပုံတစ်ပုံနီးပါးသာ ရှိပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့တစ်ခုလုံးသည် အခြားအဆင့်များအားလုံးကို အပြစ်ရှိရင် အရေးယူ၊ အပြစ် မရှိလျှင် ထုတ်ပယ်ဟူသော မူအတိုင်း ဆောင်ရွက်သောအခါ ...

မနက်မိုးလင်းလျှင် ထမင်းချိုင့်လေးထုတ်ပြီး ဘတ်စ် ကားစီးကာ တာဝန်ကျရာနေရာသို့ အရောက်သွားပြီး နောက် ယောက်ခံ (သို့မဟုတ်) ကျရာတာဝန်ကို ထမ်းဆောင်နေရသော စစ်သည်များ ...

တစ်နှစ်လျှင် ၃၆၅ ရက် လုံခြုံရေး တာဝန် ထမ်းဆောင် နေရသော ထောက်လှမ်းရေးစစ်သည်များမှာ နေစရာ အိမ်မရှိ၊ စားစရာနတ္ထိဖြင့် ပါးစပ်အဟောင်းသား အိပ်မက်မှ လှန့်နှိုးခံလိုက်ရသလို ဖြစ်ကုန်ပါသည်။

ထိုစစ်သည်များနှင့် မိသားစုအများအပြားမှာ ဝါးလုံးသိမ်း ရက်ရက်စက်စက် အရေးယူခဲ့မှုကြောင့် လမ်းပေါ် ရောက်သွားခဲ့ပါသည်။

ကျွန်တော် ထိုစဉ်က တာဝန်ရှိသူများအား မေးခွန်းထုတ်ပါရစေ။

ထောက်လှမ်းရေးအား ထိုသို့ ဝါးလုံးသိမ်း အရေးယူခဲ့ခြင်းသည် ရဲဘော်ရဲဘက်အချင်းချင်း လုပ်သင့် လုပ်ထိုက်ပါရဲ့လား။

မသမာမှု ပြုလုပ်ခဲ့သူများ၊ တာဝန်ရှိသည့်အတွက် အရေးယူခြင်းများကို လက်သင့်ခံနိုင်ပါသည်။

တာဝန်ရှိသူအချို့၏ အငြိုးအာဃာတများနှင့် ဆောင်ရွက်ခဲ့မှု တချို့တို့ကတော့ တပ်မတော်သမိုင်းကို အမှောင်ဆိုးခဲ့ပါပြီ။

အောက်တိုဘာ ၁၈ ရက်နေ့က ဗိုလ်ချုပ်ကြီးခင်ညွန့်အား လေဆိပ်တွင် သွားကြိုခဲ့သော ယာဉ်တန်းပါ လုံခြုံရေးအရာရှိမှာ ထိုနေ့ ထိုညက စစ်ရုံးတွင် ခေတ္တထိန်းသိမ်းခံရပါသည်။

နောက်ရက်တွင်လည်း ပြန်မလွှတ်တော့ပါ။ စွဲချက်တင်ရာတွင်

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာကြုံရပါသည်။

ထိုအရာရှိမှာ မိဘကလည်း ချမ်းသာပါသည်။ G2ရုံးပေါ် နေသူဖြစ်သဖြင့် တိုင်စာလည်းမရှိပါ။ အခြား:ရွှမ်းရွှမ်းယှက်ယှက်လည်း မရှိပါ။

နောက်ဆုံးတွင် ထိုအရာရှိမှ နိုင်ငံခြား လုံခြုံရေးခရီးစဉ် ၄ ခေါက် သွားထားသည့်အတွက် ဝတ်စုံ၊ စားစရိတ်များအား မည်သို့ သုံးစွဲကြောင်း စစ်ဆေးပါသည်။

အရာရှိကလည်း ဖြေတာရှင်းပါသည်။ Suit က နဂိုရှိပြီးသားကွ။

အဲဒီတော့ ဝတ်စုံစရိတ် ဒေါ်လာကို ရောင်းပြီး အိမ်စရိတ် သုံးလိုက်တယ်။

ထိုအခါ ဝတ်စုံစရိတ်ပိုငွေအား ပြန်မအပ်သည့် အလွဲသုံးစား ပုဒ်မက တစ်နှစ်၊

ဒေါ်လာကို ပြင်ပသို့ရောင်းသည့် နိုင်ငံခြားငွေအက်က နှစ်နှစ်၊

စုစုပေါင်း လေးခေါက်သွား ထားသဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခံရပါသည်။

သင်္ကြန်တွင်း သေနတ်ကိုင်ကာ ရမ်းကားခဲ့သော တိုင်းမှူး သားကို လိုက်ဖမ်းခဲ့သော ထောက်လှမ်းရေး အရာရှိတစ်ဦး ရှိခဲ့ပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့ ဖျက်သိမ်းချိန်တွင် ထိုအရာရှိမှာ ဗိုလ်မှူးဖြစ်နေပြီဖြစ်ပြီး တိုင်းမှူးမှာ ကစထမှူး ဖြစ်နေပြီ ဖြစ်ပါသည်။

ဟုတ်ကဲ့ ... အိမ်ပြန်ရောက် နေပြီဖြစ်သော ဗိုလ်မှူးကို ခြေထိပ် လက်ထိပ်ခတ်ကာ လေယာဉ်နှင့် ပြန်တင်ခေါ်လာခဲ့ပြီး ထောင်ဒဏ်နှစ်ရှည်များ ချမှတ်ခဲ့သူ ကစထမှူးကြီးတစ်ဦး တပ်မတော်မှာ ရှိခဲ့ဖူးပါသည်။

တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့တစ်ခုလုံးအား ဖျက်သိမ်းပြီး တပ်ဖွဲ့ဝင်များအား အရေးယူ ပြစ်ဒဏ် ချမှတ်ရာတွင် အလွန်အံ့သြစရာ ကောင်းသော ကိစ္စရပ်များ ဖြစ်ပွားခဲ့ပါ သည်။

တစ်ချိန်လုံး ခရီးစဉ်များသာ ထွက်နေရသော ဗိုလ်ချုပ်ကြီးခင်ညွန့်မှစပြီး တပ်မတော် ထောက်လှမ်း ရေးအရာရှိ အများစုမှာ ထောင်ဒဏ်များ နှစ်ရှည် ချမှတ် အရေးယူ ခံခဲ့ရပါသည်။

သို့သော်လည်း ကကလှမ်းတွင် တစ်ချိန်လုံး အချိန်ပြည့် ရှိနေသော ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးမှာ လုံးဝ အရေးယူမခံခဲ့ရပါ။

ထိုကိစ္စမှာ မည်သို့မှနားလည် နိုင်ဖွယ်မရှိသော၊ မည်သို့မှ စဉ်းစား၍ မရသော ပုစ္ဆာတစ်ပုဒ်ပင်။

တပ်မတော်ထောက်လှမ်းရေး တပ်ဖွဲ့ကြီး အရေးယူခြင်း ဖြစ်စဉ်၌ ရယ်စရာအကောင်းဆုံးဟာသတစ်ခု ဖြစ်နေပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ယခုတော့ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ အတော်များများ ပြန်လည်လွတ်မြောက် လာကြပါပြီ။

အားလုံးက ဘယ်လိုမေးမေး တစ်သံတည်း ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှလည်း ငယ်ကျိုး ငယ်နာ မမှော်ကြပါ။ တပ်မတော်ကြီး ကိုလည်း မဆဲရေးကြ၊ အပြစ်မတင်ကြပါ။

ခပ်ပြုံးပြုံးပင် အရှိကို အရှိအတိုင်း လက်ခံခဲ့ကြပါသည်။

ဟုတ်ကဲ့ ... ထိုအချက် တစ်ချက်တည်းနဲ့ပင် ကျွန်တော် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ရတာကို ဂုဏ်ယူခဲ့ပါသည်။

■

အခန်း (၉)

အထွေထွေဖော်ပြချက်များ

လူရည်မလည်သည့် ထောက်လှမ်းရေး တပ်မှူးငယ်တစ်ဦးအကြောင်း

ကျွန်တော်သည် အရာရှိငယ် ဘဝက တပ်မတော်ထောက်လှမ်းရေး များနှင့် သိပ်အစေးကပ်သူမဟုတ်ပါ။ သို့ရာတွင် အရာရှိကြီး ဘဝ၌မူ ထိပ်ဝိုင်းတပ်မှူးကြီးတွေ ဖြစ်သော ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗိုလ်ချုပ်ကျော် ဝင်းတို့နှင့်ပုဂ္ဂိုလ်ရေးရင်းနှီးမှု Personal Attachment များကြောင့် ဘာပြဿနာမှ မရှိခဲ့ပါ။ ရှိလို့ Report တက်သွားရင်လည်း အလိုလိုပြီးမြောက်သွားခဲ့သည်သာ ဖြစ်ပါသည်။

ရန်ကုန် Y.C.D.C တွင် တာဝန်ထမ်းဆောင်ရတော့ ထောက်လှမ်းရေးတွေနှင့် မလွဲမသွေ ဆက်ဆံရသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက UDO ကို မကြာမကြာလာရာ သူတို့ လိုက်ပါလာတတ် ကြ၏။ အားလုံးက ကျွန်တော့်အသိတွေ။ တပ်မှူးကြီးများ အားလုံးနှင့် ကျွန်တော် သိကျွမ်း၏။

တပ်မှူးငယ်များထဲတွင် ရန်ကုန်မှ (၇) တပ်မှူးဗိုလ်မှူး လှသက်မောင် (၆) တပ်မှူး ဗိုလ်မှူးစည်သူ၊ (၁၂) တပ်မှူး ဗိုလ်မှူး နေစိုးတို့ကား မကြာခဏ ဆုံနေကြဖြစ်၏။

ငှင်းတို့သုံးယောက်အနက် (၇) နှင့် (၆) တပ်မှူးနှစ်ဦးကား လူမှုန်းမရှိ။ (၁၂) တပ်မှူး ဗိုလ်မှူးနေစိုးကား လူမှုန်းများ၏။ အထူးသဖြင့် သူ၏မောက်မာမှုကြောင့် ဖြစ်၏။ သူသည် သနက (၃) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး အုန်းမြင့်သား ဖြစ်သည်။ နဝတ တက်လာခါစ NLD လူငယ်တွင် Penetration Agent လုပ်ခဲ့ဖူး၏။ ဒေါ်အောင်ဆန်းစုကြည်အနား၌ နှစ်အနည်းငယ်နေခဲ့ဖူး၏။ ထို့ကြောင့် သူ့အား ဗိုလ်ချုပ်ကြီးခင်ညွန့်က အထူး Favour ပေးခဲ့သည်။ ထို့ကြောင့် သူက ပို မောက်မာ၏။ သူ့အား လူကြီး အတော်များများက မျက်မုန်းကျိုး၏။ ကျွန်တော်လည်း သူ့အား ကြည့်မရပါ။ ၂၀၀၄ ခုနှစ် အောက်တိုဘာအရေး အခင်းတွင် စစ်ရုံး အစည်းအဝေးခွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအား မချေမငံ ပြန်ပြောရာ ချက်ချင်း လက်ထိပ်ခတ် အချုပ်ထဲထည့်ခဲ့၏။ ထောင်ဒဏ် အနှစ် ၂၀ အပြစ်ပေးခံရ၏။

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ လွတ်ပါပြီ။ သူနှင့်ပတ်သက်၍ စာရေး ဆရာအောင်စွမ်းက အောက်ပါ အတိုင်း ရေးခဲ့၏။ ဖတ်ကြည့်ကြပါခင်ဗျား။

❖ ❖ ❖

လောကဓံအလှည့်အပြောင်းနှင့် ခေတ်ကိုထုဆစ်ခဲ့သူတပ်မတော် ထောက်လှမ်းရေး တပ်မှူးတစ်ဦး၏ အကြောင်း

ရေးသူ - အောင်စွမ်း

သော နေခြည်ထဲတွင် တိုက်ခိုက်လာ ကုန်နေပြီ။ အချိန်မီပြီးစီး ရေးအတွက် သော လေပြည်က လတ် ဆတ်လှသည်။ သမားရိုးကျလမ်းကြောင်းနဲ့သွားလို့ ထိုလတ်ဆတ်သော လေနှအေးကို တော့ မရနိုင်ဘူးဗျာ။ အဆုတ်ထဲ ရောက်အောင်ထိ ကျွန်တော် ကျွန်တော်-ဟုတ်ပါတယ် ဗိုလ်ကြီး။ တစ်ဝကြီး ရှူသွင်းလိုက်သည်။ ဤ ဗိုလ်ကြီးရဲ့ပတ်စ်ပို့ သက်တမ်းက တွင် ကျွန်တော့်တစ်ကိုယ်လုံး လတ် သက်တမ်းလွန်နေပြီ ဖြစ်သည့် အတွက် ဆတ်ပေါ့ပါးသွားသည်။ Procedute အတိုင်းဆိုရင် တစ်လ ထိုစဉ် MD ခေါ်ကြောင်း လာက် ကြန့်ကြာသွားနိုင်တယ်။ ဝန်ထမ်းငယ်တစ်ယောက်က သတင်း ရေမျှားများ လောင်းသွားမယ်ဆိုရင် လာပို့သဖြင့် ကျွန်တော် ရုတ်ခြည်း တောင် တစ်ပတ်တော့ အနည်းဆုံး ထလိုက်သွားသည်။ စေ့ထားသော ကြာပါမယ်။ ဥပဒေအထက်က လူတွေ ဆင်နှာရွက်တံခါးကို ကျွန်တော် တွန်း နဲ့ဆောင်ရွက်မှုသာ Target Date ကို ဖွင့်လိုက်သည်။ လေအေးပေးစက် ပြည့်မီနိုင် ပါတယ်။ တပ်ဆင်ထား၍ အခန်းသည် အေးမြ ဗိုလ်ကြီး - ဒါဆိုရင် ဒီလိုလုပ် ခြင်းကို ဆောင်နေလေသည်။ ပဲရစ် ဗျာ။ ကျွန်တော့်သူငယ်ချင်း နေစိုးထံ ရေမွှေးနံ့သင်းသင်းကို ဖျန်းပက်ထား၍ သွားမယ်။ ခင်ဗျား အသင့်ပြင်ထား မွေးပျံ့ထုံသင်းနေပါသည်။ ပေတော့။

MD - ဦးအောင်စွမ်း ... ကျွန်တော် - ဟုတ်ကဲ့။

ခင်ဗျား ကျွန်တော်နဲ့ ပတ်စ်ပို့ ရုံးကို နာရီဝက် အကြာတွင် လိုက်ခဲ့ပါ။ ခုရက်ပိုင်းအတွင်း ဗီယက် ကျွန်တော်၏ Boss ဖြစ်သူ ဗိုလ်ကြီးက နမ်နိုင်ငံကို ဆီမီနာသွားရမှာဖြစ်တယ်။ သူပိုင် ပါဂျရိကားသစ်ကြီးကို မောင်း ကျွန်တော် ပတ်စ်ပို့က သက်တမ်း လျက် ကျွန်တော့်က သူ့ဘေးက ထိုင်

၁။ ကျွန်တော်၏ Point of View မှ မြင်တွေ့ဆက်ဆံခဲ့ရသော ထောက်လှမ်းရေး တပ်မှူး တစ်ဦး

နိဒါန်း

ထိုနေ့က မိုးမရွာပါ။ ရွာပါ သော်လည်း မိုးမသည်းခဲ့ပါ။ ဝင်းပ

www.burmeseclassic.com

www.burmeseclassic.com

လျက် လိုက်ပါသွားသည်။ ကမ္ဘာအေး ဘုရားလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ မောင်းလာသောကား သည် ၁၀၆ မှတ်တိုင်သို့ရောက်သောအခါ လမ်း၏ညာဘက်ရှိ တပ်ပိုင်ဝင်းထဲသို့ ချိုးဝင်လိုက်သည်။ ကားသည် Family Quarter များကိုဖြတ်ကျော် ပြီးနောက်၊ အုတ်ကြွပ်မိုးနီနီများဖြင့် အုပ်မိုးထားသော အနီရောင် တန်းလျားတစ်ခုရှေ့တွင် ထိုးရပ်လိုက်လေသည်။ ကျွန်တော်၏ Boss သည် ဤနေရာသို့ လာနေကျ ဖြစ်ဟန်တူသည်။ ကားပေါ်မှ ဆင်းပြီး နောက် ခန်းဆီးချထားသော ရုံးခန်း အတွင်းသို့ ဝင်ရောက်သွားလေသည်။ ကျွန်တော်လည်း သူ့နောက်မှ ကုတ် ကုတ်၊ ကုတ်ကုတ်နှင့် လိုက်ပါဝင် ရောက်ခဲ့သည်။

ထောက်လှမ်းရေးတပ်မှူး၏ ရုံးခန်းသည် သပ်ရပ်သန့်ရှင်း နေလေသည်။ လတ်တလောတင်ပြုထားသော စာဖိုင်များမှတစ်ပါး အခြားမရှိပေ။ အခန်းထဲတွင် မတ်တတ်ပန်ကာတစ်လုံး ကို ပုံမှန် ဖွင့်ထားသည်။ တပ်မှူး၏ နောက်ကျောဘက်နံရံတွင်ကား ထိုစဉ် ကာလ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်ခဲ့သူ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ပုံတစ်ပုံတည်း ကိုသာ ချိတ်ဆွဲထားသည်ကို အံ့သြဖွယ် တွေ့ရှိလိုက်လေသည်။

ကျွန်တော်၏ Boss နှင့် ထောက်လှမ်းရေးတပ်မှူးတို့သည် ဗိုလ် သင်တန်းတစ်ပတ်စဉ်တည်း တက် ရောက်ခဲ့သူများဖြစ်၍ ရင်းချာလှသည်။ စကားလက်ဆုံ ပြောမကုန်ဖြစ်နေလေ သည်။ သူတို့ ပြောစကားများအရ အဆိုပါ ထောက်လှမ်းရေးတပ်မှူးသည် ဗိုလ်မှူး နေစိုးဖြစ်ကြောင်းသိလိုက်ရ သည်။ ဗိုလ်မှူးနေစိုးသည် စာရေး ဆရာကြီးမဟာဆွေ၏ ဇာတ်လိုက် အလားပင်။ အသားလတ်လတ်၊ အရပ် အမောင်း ကောင်းကောင်း၊ ရင်အုပ် ကားကားနှင့်မို့ ယောကျ်ားပီသလှ သည်။ အသံဝါဝါ၊ အကြည့်စူးစူးရှရှနှင့်မို့ ထောက်လှမ်းရေး တပ်မှူးကောင်းတစ် ယောက်၏ အင်္ဂါရုပ်နှင့် ပြည့်စုံလှပေ သည်။ ကျွန်တော်၏ Boss နှင့် စကားပြောနေသော ဗိုလ်မှူးနေစိုးသည် ကျွန်တော့်အား မကြာခဏ အကဲခတ်နေ လေသည်။

ဤသည်ကို ရိပ်မိသော ကျွန်တော်၏ Boss က ကျွန်တော့် အား ဗိုလ်မှူးနေစိုးနှင့် မိတ်ဆက်ပေးခဲ့သည်။ ကျွန်တော်က ကျွန်တော့်ဘဝဖြတ်သန်းမှု ကို အကျဉ်းမျှပြောကြားလိုက်သည်။ ထိုရောအခါ ဗိုလ်မှူးနေစိုး က ...

"ခင်ဗျား ဆက်သွယ်ရေး မန်နေဂျာအဖြစ် တနင်္သာရီတိုင်းမှာ လုပ်ခဲ့ဖူးတယ် မဟုတ်လား။ (၃၃) ချက်နဲ့ အနားယူခဲ့ရတယ် မဟုတ်လား" စသည်ဖြင့် မဆိုင်းမတွ ပြောကြား လိုက်ရာ ကျွန်တော် လွန်စွာအံ့အားသင့် သွားသည်။

ကျွန်တော်က ...

"စိတ်ချပါ ဗိုလ်မှူး။ မိသားစု စားဝတ်နေရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com

ဖိုလ်ကြီးရဲ့ငါးပုဇွန်ကုမ္ပဏီမှာ ကောင်း မျှန်စွာ တာဝန်ထမ်းဆောင် နေပါတယ်။ နိုင်ငံတော်နှင့် အစိုးရအပေါ် ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါ၊ တိုင်းပြည်ကိုလည်း ဘယ်တော့မှ စွန့်ခွာ သွားမည့်သူမဟုတ်ပါ'' ဟု တုံ့ပြန်ပြောကြားလိုက်ပါသည်။

ကျွန်တော်တို့ စကားကောင်း နေစဉ်မှာပင် တပ်မတော် ထောက်လှမ်း ရေး ညွှန်ကြားရေးမှူးဖြစ်သူ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွှန့်၏နေရီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် သူ၏လက်စွဲတော် ဆရာကြီးစိုးဝင်းနှင့်အတူ ရောက်ရှိလာ ပြီး ဝန်ထမ်းတန်းလျားများသို့ သွား ရောက်ကာ မိသားစု၏ကျန်းမာရေး အခြေအနေများ၊ စားဝတ် နေရေးအခြေ အနေများကို တစ်အိမ်တက်ဆင်း မေးမြန်းနေလေသည်။

ဤတွင် ဗိုလ်မှူးနေစိုးက သူ၏ Trade Mark ဖြစ်သည့် အသံဝါကြီးနှင့် ...

''လူကြီးကတော် ရောက်နေ တယ်။ ခင်ဗျားတို့ ပြန်ကြတော့။ ကိုအောင်စွမ်းနဲ့အတူ ကျွန်တော်ဌာနက ဆရာတစ်ယောက်ထည့်ပေး လိုက်မယ်။ သူနဲ့အတူ ပန်းဆိုးတန်းက Passport ရုံးကိုလိုက်သွား။ ဟိုမှာ လိုအပ်သည် များကို ဖြည့်စွက်ပေး။ ညနေပိုင်း ရောက်ရင် ဆရာစံလမ်းပေါ်မှာရှိတဲ့ ပြ ည်ထဲရေးဝန်ကြီးရုံးကိုသွားရောက်ပြီး Passport ထုတ်ယူပေတော့။ အခက် အခဲရှိရင် ကျွန်တော့်ထံ ဖုန်းဆက်၊ ကြားလား'' ဟု ကျွန်တော့် အား ခပ်ငေါက်ငေါက်ပြောကြား လိုက်သည်။

ကျွန်တော်လည်း ထောက် လှမ်းရေးတပ်မှူးမှ ထည့်ပေး လိုက် သည့် ဆရာနှင့်အတူ ပန်းဆိုးတန်းလမ်းရှိ ယင်းနောက် ဗိုလ်မှူးနေစိုးသည် သူ၏ ရုံးခန်းထဲမှ ချာခနဲ လှည့်ထွက်သွားပါ တော့သည်။

ကျွန်တော်လည်း ထောက် လှမ်းရေးတပ်မှူးမှ ထည့်ပေး လိုက် သည့် ဆရာနှင့်အတူ ပန်းဆိုးတန်းလမ်းရှိ ပတ်စ်ပို့ရုံးသို့ သွားရောက်ခဲ့ပါသည်။ သတ်မှတ်ပုံစံများတွင် လိုအပ်သည်များ ကို ဖြည့်စွက်ရေးသားပေးခဲ့ပါသည်။ အသင့်ရိုက်ပြီး ပတ်စ်ပို့အရွယ် ဓာတ်ပုံ များကို ဖြည့်စွက်ပေး။ ညနေပိုင်း ရောက်ရင် ဆရာစံလမ်းပေါ်မှာရှိတဲ့ ပြ ည်ထဲရေးဝန်ကြီးရုံးကိုသွားရောက်ပြီး Passport ထုတ်ယူပေတော့။ အခက် အခဲရှိရင် ကျွန်တော့်ထံ ဖုန်းဆက်၊ ကြားလား'' ဟု ကျွန်တော့် အား ခပ်ငေါက်ငေါက်ပြောကြား လိုက်သည်။

ကျွန်တော်လည်း ထောက် လှမ်းရေးတပ်မှူးမှ ထည့်ပေး လိုက် သည့် ဆရာနှင့်အတူ ပန်းဆိုးတန်းလမ်းရှိ ပတ်စ်ပို့ရုံးသို့ သွားရောက်ခဲ့ပါသည်။ သတ်မှတ်ပုံစံများတွင် လိုအပ်သည်များ ကို ဖြည့်စွက်ရေးသားပေးခဲ့ပါသည်။ အသင့်ရိုက်ပြီး ပတ်စ်ပို့အရွယ် ဓာတ်ပုံ မျက်နှာပြင်ကြီးရဲ့ဘယ်ဘက်ခြမ်းမှာ ကောင်း မျှန်စွာ တာဝန်ထမ်းဆောင် နေပါတယ်။ နိုင်ငံတော်နှင့် အစိုးရအပေါ် ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါ၊ တိုင်းပြည်ကိုလည်း ဘယ်တော့မှ စွန့်ခွာ သွားမည့်သူမဟုတ်ပါ'' ဟု တုံ့ပြန်ပြောကြားလိုက်ပါသည်။

ကျွန်တော်တို့ စကားကောင်း နေစဉ်မှာပင် တပ်မတော် ထောက်လှမ်း ရေး ညွှန်ကြားရေးမှူးဖြစ်သူ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွှန့်၏နေရီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် သူ၏လက်စွဲတော် ဆရာကြီးစိုးဝင်းနှင့်အတူ ရောက်ရှိလာ ပြီး ဝန်ထမ်းတန်းလျားများသို့ သွား ရောက်ကာ မိသားစု၏ကျန်းမာရေး အခြေအနေများ၊ စားဝတ် နေရေးအခြေ အနေများကို တစ်အိမ်တက်ဆင်း မေးမြန်းနေလေသည်။

ဤတွင် ဗိုလ်မှူးနေစိုးက သူ၏ Trade Mark ဖြစ်သည့် အသံဝါကြီးနှင့် ...

''လူကြီးကတော် ရောက်နေ ပြီး ငါးပုဇွန်ကုမ္ပဏီမှာ ကောင်း မျှန်စွာ တာဝန်ထမ်းဆောင် နေပါတယ်။ နိုင်ငံတော်နှင့် အစိုးရအပေါ် ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါ၊ တိုင်းပြည်ကိုလည်း ဘယ်တော့မှ စွန့်ခွာ သွားမည့်သူမဟုတ်ပါ'' ဟု တုံ့ပြန်ပြောကြားလိုက်ပါသည်။

ကျွန်တော်တို့ စကားကောင်း နေစဉ်မှာပင် တပ်မတော် ထောက်လှမ်း ရေး ညွှန်ကြားရေးမှူးဖြစ်သူ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွှန့်၏နေရီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် သူ၏လက်စွဲတော် ဆရာကြီးစိုးဝင်းနှင့်အတူ ရောက်ရှိလာ ပြီး ဝန်ထမ်းတန်းလျားများသို့ သွား ရောက်ကာ မိသားစု၏ကျန်းမာရေး အခြေအနေများ၊ စားဝတ် နေရေးအခြေ အနေများကို တစ်အိမ်တက်ဆင်း မေးမြန်းနေလေသည်။

ဤတွင် ဗိုလ်မှူးနေစိုးက သူ၏ Trade Mark ဖြစ်သည့် အသံဝါကြီးနှင့် ...

''လူကြီးကတော် ရောက်နေ

မျက်နှာပြင်ကြီးရဲ့ဘယ်ဘက်ခြမ်းမှာ ပေးအပ်ခဲ့ပါသည်။ နိုင်ငံသားမှတ်ပုံတင် လက်မှတ်ကိုလည်း မိတ္တူကူးပြီး ပေးအပ်ခဲ့ပါသည်။ ညနေ ပိုင်း ရောက်သောအခါ ဆရာစံလမ်းရှိ ပြည်ထဲရေးဝန်ကြီးရုံးသို့ သွားရောက် ပတ်စ်ပို့ထုတ်ယူခဲ့ပါသည်။ ပန်းခင်းသောလမ်းပေါ် လျှောက်လှမ်းခဲ့ ရသလိုပင်။ လွယ်လိုက်လေခြင်း။

ကျွန်တော်၏ Boss သည် ကျေးဇူးတင်လွန်းသဖြင့် ဗိုလ်နေစိုးထံသို့ Export Quality အဆင့်ရှိ Processing လုပ်ပြီး အေးခဲပြီး ပုစွန်တုံးများကို သွားရောက်ပေးပို့စေခဲ့ပါသည်။

ဗိုလ်မှူးနေစိုးက ...

''ခင်ဗျားဆရာကိုပြောလိုက်။ နောက် ဒီလိုအဖိုးတန်တဲ့ ပစ္စည်းတွေကို ယူမလာနဲ့။ အကြောင်းရှိရင် ဖုန်းဆက် လိုက်။ ကဲ ... ပြန်ပေတော့'' ဟု ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ကာ ပြောချလိုက်သည်။ ယင်းနောက်ဆုံးလည် ကုလားထိုင်ကို တစ်ဖက်သို့ လှည့်ရင်း ကျွန်တော့်အား ကျောခိုင်းလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် နှုတ်ဆက်စကားကိုပင် မဆိုလိုက်ရ။ ကျေးဇူးတင်စကားကိုပင် မပြောလိုက်ရ၊ ထောက်လှမ်းရေးတပ်မှူး၏ အရိပ်အကဲကိုကြည့်ပြီး လှည့်ပြန်ခဲ့ရပါသည်။ လမ်းတွင် ကျွန်တော် စဉ်းစားသုံးသပ်ကြည့်ပါသည်။ ဗိုလ်မှူးနေစိုးသည် ထောက်လှမ်းရေးကိစ္စမှလွဲ၍ အခြား ဘာမှမစဉ်းစားသော ဗိုလ်ချုပ်ကြီး ခင်ညွှန့်၏အမိန့်တစ်ခုတည်းသာ နာခံတတ်သော၊ ထောက်လှမ်းရေးသည် သာ ပထမ၊ ဒုတိယ၊ တတိယ ခံယူထားသော သူတစ်ယောက်ဟု ကျွန်တော် နားလည် သဘောပေါက်လိုက်ပါသည်။ ခွင့်လွှတ်နိုင်ရန်လည်း ကြိုးစားခဲ့ပါသည်။

နိဂုံး

"လောကတွင် မဖြစ်နိုင်စရာ ဘာမျှမရှိပါ။ မဖြစ်သေးတာပဲ ရှိသည်" ဆိုသော ရှေးလူကြီးစကားသည် ကွက်တိမှန်ခဲ့ပြီ။ တိတိပပပြောရလျှင် တပ်မတော်ထောက်လှမ်းရေးတစ်ခုလုံး စနေကြုံဟ်ရော၊ ရာဟုကြုံဟ်ရော၊ အင်္ဂါကြုံဟ်ရော စီးနင်းခံလိုက်ရသောအခါ တပ်မတော်ထောက်လှမ်းရေးလောကတစ်ခုလုံး သွက်သွက်ခါ သွားလေသည်။ ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းလင်းခံလိုက် ရပေသည်။ ခုခံချိန်မရလိုက်၊ ကာကွယ်ချိန်မရလိုက်၊ ရုတ်တရက် စီးနင်းခံလိုက်ရပုံမျိုးပင်။ ဤတွင် ကျွန်တော်တို့၏ ဇာတ်လိုက် ကျော်ကြီး ဗိုလ်မှူးနေစိုးသည်လည်း ကျန်မနေရစ်ခဲ့။ နရသိန်၏ အကျဉ်းသား တစ်ယောက် ဖြစ်သွားလေပြီ။

သူ၏ဇနီးနှင့် သားသမီးများမှာ မိဘများရှိရာ ပြည်မြို့သို့ ရောက်ရှိသွားကြောင်း သိရသည်။ တပ်မတော်တွင် စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ဆောင်ရွက်ခဲ့ဖူးသော ရွှေတိဂုံဘုရားဂေါပက အဖွဲ့ဝင် လူကြီးမင်းတစ်ဦး ဖြစ်ခဲ့ဖူးသော ဗိုလ်မှူးနေစိုး၏ ဖခင်ကြီးသည် အိပ်ရာထက်တွင် ပက်လက်ဖြစ်နေရာပြီး ဗိုလ်မှူးနေစိုး၏ ကျေးဇူးရှင် မိခင်ကြီးမှာလည်း နှစ်တစ်ရာကျော် ထောင်ဒဏ်ကျခံနေ ရသော သားဖြစ်သူ ထောင်က ထွက်မည့်ရက်ကို မျှော်လင့် နေဟန်တူသည်။ သားပြန်လာမည့် နေ့ရက်ကို တမ်းတ၊ မှန်းဆနေလေသည်။ မိသားစုဘဝတစ်ခုလုံး ဆူနာမီ လှိုင်းလုံးကြီးများနှင့် တွေ့ကြုံရသည့် အလား ပုလဲသီ၊ တစ်ကွဲသီ ဖြစ်သွား ခြင်းအပေါ် ကျွန်တော် မောင်အောင်စွမ်း တစ်ယောက် လူသားချင်းစာနာစိတ်ဖြစ်ပေါ်ခဲ့သည့် အမှန်ပင် ဖြစ်ပါတော့သည်။

သို့ပင်ဖြစ်သော်ငြားလည်း One Country, Two Government မင်းဆက်တစ်ရပ်ကို ပုံဖော်ထုဆစ်ခဲ့သူ တစ်ဦးအတွက် ထိုပြစ်ဒဏ်သည် လွန်သွားသလော၊ နည်းနေသေးသလော ဆိုသည်ကိုမူ ကျွန်တော်၏ အသိဉာဏ် တစ်ထွာတစ်မိုက်နှင့် ဆုံးဖြတ်နိုင်စွမ်း မရှိကြောင်း ဝန်ခံအပ်ပါသည်။

သောင်းဝေဦး

ရွှေလဆက်ဖတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပေကြိုင်းငဒေါ

ပင်တိုင်စံနှင့် မြကျောက်စိမ်းရွှေဘီး

အတွဲ (၂၁) အမှတ် (၁၁) ၊ သြဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျ ဒီကလာတဲ့ တစ်ကိုယ်တော်ငှက်မည်းလေး တိုင်ဇူးဆိုတာ ငါပဲဟေ့"

နတ်မင်းကြီး (ဘိုးဘိုးဇူဝင်) မျက်လုံးများ စူးရှတောက်ပသွားသည်။

အသံပေါ်လာရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

တစ်ကိုယ်တော်ငှက်မည်းလေး တိုင်ဇူးသည် ခြင်္သေ့များကြားသို့ တစ်ဟုန်ထိုး ပြေးဝင်ကာ ရက်ရက်စက်စက် သုတ်သင်ခြေမှုန်းပစ်နေ၏။

ခြင်္သေ့များကား တစ်ဦးပြီး တစ်ဦး အပြိုင်းအရိုင်း လဲကျနေကြကုန်၏။

မြက်ပင်များကို တံစဉ်နှင့် ရိတ်ဖြတ်နေသည့်အလား ဓားစကြံဘီလူးဓားသမား တိုင်ဇူး။

ခြင်္သေ့များသည် တိုင်ဇူး၏ ဓားချက်များကို မရှောင်နိုင်။ ပုံစံမျိုးစုံနှင့် ကာလနာတိုက်နေကြ၏။

အချို့ ခြင်္သေ့များကား ကိုယ်လွတ်ရုန်း၍ တဖွဖွ ထွက်ပြေးသွားနေကြလေသည်။

တိုင်ဇူးသည် သံခမောက်ပြား ဆောင်းထား၏။ ဝတ်ရုံညိုကြီး လွှမ်းထားသည်။ အရပ်အမောင်း လွန်စွာမြင့်မား၍ သူအရပ်ကြီးက ခြင်္သေ့များအပေါ်တွင် မိုးနေလေသည်။

"ဝှစ် ... ဝှစ် ... ဝှစ် ဝှစ် ... ဝှစ်"

"အား ... အား ... အား အား ... အား"

တိုင်ဇူး လွန်စွာ အံ့သြသွားသည်။ သူ့ဓားချက်များ မကျရောက်မီ သူ့ရှေ့မှ ရန်သူများ မြှားမှန်၍ တစ်ဦးပြီး တစ်ဦး သေဆုံးသွားကြကုန်သည်။

ထို့ကြောင့် တိုင်ဇူး၏ မျက်လုံးများက မြှားများလာရာ လမ်းကြောင်းသို့ ဖိတ်ခနဲ ရောက်သွားသည်။

ခွေးကြီးတစ်ကောင်ကို တွေ့လိုက်ရ၏။ လက်ထဲမှာ ရောမလေးကြီးတစ်စင်း ကိုင်ထားလေသည်။ ထိုခွေးကြီးသည် နံရံတစ်ခုရှေ့မှ မီးထွန်းသော ကျောက်ခုံကြီးတစ်ခုပေါ်တွင် တက်၍ မားမားကြီး ရပ်နေလေ၏။

"ဟော့ကောင် တိုင်ဇူး။ ငါပါကွ။ နတ်မင်းကြီးပါ"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

တိုင်ဇူး နတ်မင်းကြီးထံသို့ လျှင်မြန်စွာ ပြေးလာသည်။ နတ်မင်းကြီး ကျောက်ခုံပေါ်မှ ခုန်ချသည်။

×××

"ယုန်လေးကော"

နတ်မင်းကြီး၏ မေးခွန်း။

"သူ အဖမ်းခံနေရတယ်"

တိုင်ဇူး ပြန်ဖြေသည်။

"မြကျောက်စိမ်းရွှေဘီးရှိတဲ့ နေရာကို သိပြီလား"

"မသိသေးဘူး။ စောစောက မြကျောက်စိမ်းရွှေဘီးရှိတဲ့နေရာကို သိတဲ့

www.burmeseclassic.com

www.burmeseclassic.com

မန်ချူးတစ်ယောက်ကို မိတယ်။ ဒါပေမဲ့ ကျွန်တော် နှိပ်စက်တာ လွန်သွားလို့ ပြောတော့မယ့်ဆဲဆဲ သေသွားတယ် ဘိုးဘိုးရယ်။ သိပ်နာတာပဲ"

"အိမ်း . . . မောင်ရင်တို့ လုပ်လိုက်ရင် သောက်ရမ်းချည်းပဲ။ ကဲ ကဲ မြကျောက်စီရွှေဘီးကိစ္စ အသာထား စမ်း။ အဖမ်းခံနေရတဲ့ ယုန်လေးကို သွားကယ်မှဖြစ်မယ်"

"ကျွန်တော်ကိုယ်တိုင် သွားကယ်ပါ့မယ်။ နတ်မင်းကြီးက ရန်သူတွေကို သုတ်သင်နေရစ်ခဲ့ပါ"

"အေး . . . ဒီလိုဆိုရင် မြန်မြန်သွား"

တိုင်ဇူးသည် နတ်မင်းကြီး အပါးမှ ပြေးထွက်သွား၏။

နတ်မင်းကြီးသည် သူ၏ သံချပ်အင်္ကျီကြီးအောက်မှ စာရွက်လိပ် ကြီး တစ်လိပ်ကို နှိုက်ယူလိုက်၏။ ကျောက်စားပွဲရှည်ကြီးတစ်လုံးပေါ်တွင် ဖြန့်ခင်းလိုက်၏။

မြေပုံစာရွက်ကြီး။ ခြသေ့စံအိမ် နတ်မင်းကြီး၏ ကြီး၏ အဆောင်အခန်းများ။ လှေကား များ။ စင်္ကြံများ။ လျှို့ဝှက်တံခါးများ။ မြေအောက်သို့ဆင်းသော ဝင်္ကပါ လှေကားထစ်များ။ ခြသေ့စံအိမ်ကြီး၏ အသေးစိတ် မြေပုံစာရွက်။

မြေပုံထဲတွင် . . . လျှို့ဝှက်လှေကားတစ်စင်းကို မြှားပြထားသည်။ ထိုလျှို့ဝှက်လှေကားမှ တစ်ဆင့် ဥမင်လိုဏ်ခေါင်းတစ်ခုကို မြှားဆက်ပြထား၏။ မြှားပြထားသော ဥမင်လိုဏ်ခေါင်းမှာ ဝင်္ကပါတစ်ခုကဲ့သို့ ကွေ့ကောက် ရှုပ်ထွေးလှ၏။

ဝင်္ကပါလိုဏ်ခေါင်းတစ်နေရာ တွင် မြှားဆုံးသွားသည်။ ၎င်းမြှားအဆုံး တွင် ကြက်ခြေခတ် အမှတ်အသား တစ်ခု။

နတ်မင်းကြီးသည် ကြက်ခြေခတ်အမှတ်အသားကို စူးစူးစိုက်စိုက် ကြည့်ကာ မျက်လုံးကြီးများ ဝင်းလက် တောက်ပလာသည်။

"ဒီမြေပုံ တယ်ကောင်းပါလား။ ဘယ်သူဆွဲတာလဲဟင် ဘိုးဘိုး"

နတ်မင်းကြီး၏အစောင့် စန္ဒရီ တပ်သား တစ်ဦးက မြေပုံကြီးကို တအံ့တသြ ငုံကြည့်ကာ နတ်မင်းကြီးကို မေးလိုက်၏။

"သွားရာလေသူ သိမ်းငှက် တပ်မှူးလေး ဆွဲခဲ့တာပေါ့ကွယ်။ သူ့ခမျာ အသေဆိုးနဲ့ သေသွားရှာတယ်"

အခန်း ၅၇

နတ်မင်းကြီး မြေပုံကြည့်နေ ချိန်တွင် . . .

မြွေဟောက်ဖြူနှစ်ကောင်၏ အကြိမ်ပေါင်းများစွာ ကိုက်ခဲမှုခံခဲ့ရသော ယုန်လေးသည် စင်မြင့်ပေါ်တွင် လဲကျ သွားလေသည်။

မြွေနှင့် လူသား၏ တိုက်ပွဲကို အရသာခံ၍ ကြည့်ရှုနေကြသော လူတစ် ရာခန့်တို့ထဲမှ ပေါ်ထွက်လာသည့် လက်ခုပ်သြဘာတို်းသံများမှာ ဆူညံသွား လေတော့၏။

ပွဲကြည့်ပရိသတ်၏ ရှေ့ဆုံး

www.burmeseclassic.com

www.burmeseclassic.com

မြွေဖြူရှင်မသည် လဲကျသေဆုံးနေပြီဖြစ်သော ယုန်လေး၏ ရင်ဘတ်ပေါ်မှ အင်္ကျီစကို လက်ညှိုးကလေးနှင့် ထိုးကော်၍ ကိုင်မြှောက်လိုက်၏။ ဘာမျှ အလေးချိန်မရှိသော အရုပ်ကလေးတစ်ခုကို ယူလိုက်သည့် အလား။

စင်မြင့်ပေါ်မှ အသင့်အဖုံးဖွင့်ထားသော ခေါင်းထဲသို့ ယုန်လေး၏ အလောင်းကို ပစ်ချလိုက်သည်။ အလောင်းသည် "ဂလုံး ... ဂလွမ်း" ဟု အသံမြည်ကာ ကျမသွား။

ပီသာအချိန် လေးဆယ်ခန့် ရှိသော ယုန်လေး၏ အလောင်းသည် ခေါင်းထဲသို့ ၄က်မွေးလေးတစ်ခုပမာ ဖြည်းညင်းစွာ ကျသွားလေသည်။

မြွေဖြူရှင်မ၏ စွမ်းရည်ကို ရွှေခြသေ့ကြီးနှစ်ကောင်က လွန်စွာ သဘောကျနေကြ၏။

"အလို ... အံ့ဖွယ်သရဲပါလား။ မြွေဖြူရှင်မလေးဟာ ဒဏ္ဍာရီသိုင်းပညာရှင် ပီသလှပါပေတယ်ဗျ"

မင်းသမီးလေးနှင့် မန်ချူးသိုင်းဆရာမကြီး မယ်တော်ကြီးချိုင်လီတို့ကိုလည်းကောင်း မြင်ရနိုင်၏။

"သိမ်းငှက်ဌာနချုပ်မှ စေလွှတ်လိုက်သည့် လျှို့ဝှက်အထောက်တော် နေဂျန်ချင်းသည် အမြွာညီနောင်ကို အရှုံးပေး၍ သေဆုံးသွားပါပြီ"

စင်မြင့်ပေါ်မှ မြွေဖြူရှင်မ၏ ကြေညာသံများ ပေါ်ထွက်လာသောအခါ လက်ခုပ်သြဘာသံများက ဆူညံစွာ ပေါ်ထွက်လာပြန်လေတော့၏။

ရွှေကုလားထိုင်ကြီးများပေါ်မှ အစိမ်းရောင်ခြသေ့ကြီးနှင့် အနီရောင်ခြသေ့ကြီးများကိုယ်တိုင် အသိအမှတ်ပြုသည့်အနေနှင့် လက်ခုပ်တီးလိုက်ကြသည်။

"ဟေ့ ... ခေါင်းတွန်းလှည်း ဒီကိုလာခဲ့"

မြွေဖြူရှင်မက ခေါ်လိုက်ရာ ခေါင်းတစ်လုံးတင်ထားသော လက်တွန်းလှည်းတစ်စီး စင်မြင့်ပေါ်သို့ တက်သည့် လှေကားရင်းသို့ ရောက်လာ၏။

တွင် ရွှေကုလားထိုင်ကြီးနှစ်လုံး ရှိသည်။ ထိုကုလားထိုင်ကြီးနှစ်လုံးပေါ်တွင် ရွှေခြသေ့ကြီးနှစ်ကောင်က ထိုင်နေ၏။ ရွှေခြသေ့ကြီး၏မျက်နှာဋ္ဌ မျက်နှာဖုံးကြီးများနှင့် ...

တစ်ဦးက အစိမ်းရောင်ချပ်ဝတ်စစ်အင်္ကျီနှင့် ...။

ကျန်တစ်ဦးက အနီရောင်ချပ်ဝတ်စစ်အင်္ကျီ ဝတ်ထား၏။

အစိမ်းရောင်ခြသေ့ကြီးနှင့် အနီရောင်ခြသေ့ကြီး။

သူတို့နှစ်ဦး၏ နောက်တွင် သံခမောက်ချွန်ဆောင်းထားသော သံကိုယ်ကျပ်များ ဝတ်ဆင်ထားသည့် သူရဲကောင်းနှစ်ဆယ်ကို မြင်ရ၏။

ရွှေခြသေ့ကြီးနှစ်ကောင်၏ ကိုယ်ရံတော် သက်တော်စောင့်များပင်။

ရွှေခြသေ့ကြီးများ၏ လက်ယာဘက်တွင် ...

ကွမ်ဆူးမင်းသားနှင့် မင်းသမီး ယူဂျင်းဂျင်ကိုလည်းကောင်း၊ ကွမ်ဆူး မင်းသားလေး၏ ညီမတော် ကွမ်ကျူ

www.burmeseclassic.com

www.burmeseclassic.com

လမ်းကျဉ်းကလေး၏ ဘေးဝဲ ယာတွင် အချွန်အတက်များ ထိုးထိုး ထောင်ထောင်ထွက်နေတော့ ဂူနံရံကြီး များ ကာမိုးနေသည်။ ထွန်းထားသော မီးတိုင်များမှာ အနည်းငယ် အဆက်ကျ နေသည်ဖြစ်ရာ အလင်းရောင်ကလည်း မှိန်မှိန်ပျပျ။

တစ်နေရာ လမ်းချိုးကွေ့သို့ အရောက်တွင် ...

"ရပ် ... အလောင်းကို ဟို အခန်းထဲ တွန်းသွင်းလိုက်။ အဲဒီအခန်း ထဲမှာ သူ့ရင်ကိုခွဲပြီး အသည်းကို ထုတ် ယူရမယ်"

"ဟုတ်ကဲ့"

လှည်းသမားသည် အခန်းထဲ သို့ အလောင်းကို တွန်းင်းလိုက်၏။ မြွေဖြူရှင်မသည် နောက်မှ ထပ်ကြပ် မကွာ အခန်းထဲသို့ ဝင်လိုက်သွားသည်။

"ဟင် ... ကျွန် ... ကျွန်မ ဒီအလောင်းရဲ့ဇိုက်ကို ခွဲပြီး အထဲက အူအသည်းတွေ နုတ်၊ ဒီအမြွာညီနောင်ကို ကျွေးရမယ်။ သူတို့ဟာ လူသည်းစား မြွေတွေဖြစ်ပါတယ်။ မဟာခြင်္သေ့ကြီး သူတို့အောင်ပွဲ ရတိုင်း ရတိုင်း ဒီလို လူသည်းကျွေးရပါတယ်။ ဒါမှ နောက်တစ်ကြိမ်ကျရင်လည်း သူတို့ ကျွန်မအမိန့်ကို နာခံကြမှာပါ"

"ဩော် ... ဒီလိုလား။ အင်း အင်း။ ကျွေးသင့်ပေတောပေါ့။ သူတို့ လည်း အောင်သေအောင်သား စားချင် ရှာမပေါ့"

မြွေဖြူရှင်မသည် ခေါင်းတွန်း လှည်းသမားနောက်မှ လိုက်ပါသွား၏။ မြွေဖြူနှစ်ကောင်ကိုမူ ပခြုပ်တွင်းမှ ထည့်လျက် လက်မှ ဆွဲကိုင်လာသည်။ ခေါင်းတွန်းလှည်းသည် လိုဏ် ခေါင်းတွင်းရှိ လျှို့ဝှက်ခန်းမကြီး အပြင် ဘက်သို့ ရောက်လာသည်။ မြွေဖြူရှင်မ က "ဟို လမ်းကျဉ်းကလေးထဲကို တွန်းသွား"ဟု လှည်းတွန်းသမားကို အမိန့်ပေးလိုက်သည်။

အနီရောင်ခြသေ့ကြီးက သူ့ ဘေးမှ အစိမ်းရောင်ခြသေ့ကြီးကို လက်နှင့်ထိုးကာ အားရပါးရ ချီးမွမ်း ပြောဆိုလိုက်သည်။

"ဟုတ်တယ် ... သူ့စွမ်းရည် တွေဟာ အလွန် အဆင့်မြင့်တယ်"

အစိမ်းရောင်ခြသေ့ကြီးက ဤ မျှလောက်သာ ပြန်ပြော၏။

"ကျုပ် စိတ်ကူးလွဲလို့ မဖြစ် ဘူးဗျို့။ ဒီကလေးမကို သိမ်းပိုက်မှဖြစ် မယ်။ ကျုပ် အစက သူမှာ စွမ်းရည် ဒီလောက်ရှိမှန်း မသိဘူး"

အနီရောင်ခြသေ့ကြီး၏ မျက်လုံးများက တဖျတ်ဖျတ်တောက်နေ လေသည်။ ထို့နောက် သူက ထိုင်ရာမှ ထလိုက်ပြီး မြွေဖြူရှင်မရှိရာသို့ လျင်မြန် သွက်လက်စွာ လျှောက်သွားသည်။

×××

က

"ဟေ့ ... ဒါက မင်း ဘယ်ကိုသွားမလို့တုံး"

www.burmeseclassic.com

www.burmeseclassic.com

အောင်တော့ လုပ်ရမယ်"

မြွေဖြူရှင်မသည် တိရစ္ဆာန်ဆွေးပညာရှင်တစ်ယောက် ဖြစ်၏။ လူ၏သွေးကြောများအကြောင်းကို ကောင်းစွာသိသူဖြစ်၏။ ခေါင်းတွန်းလှည်းသမားသည် တခဏအတွင်း သတိမေ့အိပ်ပျော်သွားလေသည်။

"ကဲ ... အမြှာညီနောင် ပခြုပ်ထဲက ထွက်ကြလော့။ နှင်တို့လူသည်းစားရတော့မယ်ဟေ့"

ခေါင်းထဲမှ ယုန်လေးသည် မြွေဖြူရှင်မ၏ စကားကို အတိုင်းသားကြားနေရ၏။

သူခေါင်းအုံးကို အတွင်းအားသုံး၍ ဖွင့်ကြည့်သော်လည်း ဖွင့်မရပေ။

အလွန် လုံခြုံခိုင်ခန့်လှစွာပိတ်ထားဟန်တူလေသည်။

"တစ်ကောင်က ခေါင်းကိုဟိုဘက်ကစောင့်၊ တစ်ကောင်က ဒီကနေ ငါ ခေါင်းကိုဖွင့်လိုက်ရင် သူခေါင်းထဲက ခုန်ထွက်လာလိမ့်မယ်။ သူတကယ်သေနေတာ မဟုတ်ဘူး။ သေချင်ယောင် ဆောင်နေတာကွယ်။ အဲဒီလို ခုန်ထွက်လာတာနဲ့ တစ်ပြိုင်နက် သူ့ကို မလွတ်တမ်း လှမ်းကိုက်လိုက်ကြ... ဟင် ... သူက မိမိ သေချင် ယောင်ဆောင်နေမှန်း အဘယ်ကဲ့သို့ သိသနည်း။

ယုန်လေး အံ့သြသွားရသည်မှာ အမှန်။

"စောစောက မင်းတို့နဲ့ မတိုက်ခိုက်မီ အဆိပ်ကာကွယ် ဆေးလုံးနီနီလေးတွေ ကြိုတင်သောက်ထားခဲ့လို့ သူ မသေခဲ့တာပဲ။ အဲဒီဆေးတန်ခိုးသတ္တိဟာ တစ်နာရီအတွင်းပဲ အဆိပ်ကို ကာကွယ်နိုင်တယ်ကွယ့်။ အခုတစ်ခါတော့ မင်းတို့ ကိုက်လိုက်တာနဲ့ သူကိစ္စတုံးသွားမှာ အဲမှန်ပဲ"

ခေါင်းအပြင်ဘက်မှ ပြောနေသာ မြွေဖြူရှင်မ၏အသံများကို ထပ်မံကြားရ၏။

များကို မြွေဖြူများနှင့် မတိုက်နိုက်ဖို့ မှိုက်ထဲသို့ မျိုချထားခဲ့၏။

ထို ဆေးလုံးကလေးမျာ၏ အာနိသင်မှာ တစ်နာရီသာ ခံလေသည်တဲ့။

"ကဲ ... ငါ ခေါင်းကို ဖွင့်တော့မယ်။ မင်းတို့ အသာစောင့်နေကြ။ သူ ခုန်ထွက်လာရင် ငါကလည်း ဒီမဟူရာမားနဲ့ သူ့ကောက်ကို ပိုင်းလိုက်မယ်"

ယုန်လေးသည် အတွင်းအားသုံး၍ ခေါင်းအဖုံးကို အကြိမ်ကြိမ် တွန်းဖွင့်သည်။ တောင်တန်းကြီးတစ်ခု ပိနေသလို လေးလံလွန်း၏။ ဖွင့်၍မရပေ။ တစ်ကိုယ်လုံး ချွေးများ ပြန်ထွက်လာတော့သည်။

"ဟဲ့ ... ခေါင်းထဲက အထောက်တော်စုတ်။ အချည်းနှီး ကြိုးစားမနေနဲ့။ မကြာခင် နှင့်ရင်ကိုခွဲ၊ အသည်းကိုထုတ်ပြီး ငါ့အပေါ်မှာ အင်မတန် သစ္စာရှိတဲ့ အမြှာညီနောင်ကို ကျွေးရမယ်ဟေ့"

မြွေဖြူရှင်မ၏ ကြိမ်းဝါးသံကို

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးကြားလိုက်ရ၏။

သို့သော် ခေါင်းက ပွင့်မလာ။

ယုန်လေးသည် ခေါင်းအဖုံးကို

တအား ဆောင့်တွန်းပစ်လိုက်၏။

"ကျောင်း"

အဖုံးပွင့်သွားလေတော့သည်။

"ယား"

ခုန်ထွက်လိုက်၏။

"ဟင်"

အခန်းထဲမှာ မည်သူမျှမရှိပါ

လား။

မြွေပြု၊ရှင်မကိုလည်း မတွေ့၊

မြွေဟောက်ဖြူနှစ်ကောင်ကိုလည်း

မတွေ့ရ။ အလွန်ထူးဆန်းစွာ ကွယ်

ပျောက်သွားသည်။

ခ

ယုန်လေးသည် အခန်းတံခါး

ကို ပြေး၍ ဆောင့်ကန်လိုက်၏။

"ဂျိုင်း"

ပြုတ်ထွက်သွားသော တံခါး

နှင့်အတူ အပြင်ဘက်သို့ ရောက်သွား၏။

"အမယ်လေး"

အထိတ်တလန့် အော်သံလေး

တစ်ရပ်က ဆီးကြိုလိုက်သည်။ မင်းသမီး

ယူဂျင်းဂျင်ကိုယ်တိုင် ဖြစ်နေသည်။

ယုန်လေး ဓားကိုဆွဲထုတ်၍ တအား

ပြေးခုတ်လိုက်သည်။

"အမယ်လေး ... မောင်တော့်

ကို မသတ်ပါနဲ့"

"ချွမ်း ... ချွမ်း ... ချွမ်း"

ယုန်လေး၏ ဓားချက်ကို

အယောင်ဆောင် ကွမ်ဆူးမင်းသားက

ပင့်ဓားဖြင့် ဆီး၍ခံသည်။ အားချင်းမမျှ

သောကြောင့် ကွမ်ဆူးမင်းသား၏ဓားမှာ

လွင့်ထွက်သွားလေသည်။

"မောင်တော့်ကို မလုပ်နဲ့။

မလုပ်"

"ခင်ဗျား အသာဖယ်နေစမ်း။

မိမိကို အတင်းပြေး၍ ဆွဲငင်

ချုပ်ကိုင်ထားသော မင်းသမီးကို ခြေနှင့်

ဆောင့်ကန်လွှတ်လိုက်၏။ မင်းသမီး

ပုံလျက်သား လဲကျသွားသည်။

×××

"အား"

အယောင်ဆောင် ကွမ်ဆူး

ရင်ဝကို လက်နှင့်ဖိ၍ ကုန်းကုန်းကွကွ

ကြီး ဖြစ်သွား၏။

သူပါးစပ်မှ သွေးများ စီးကျ

လာသည်။ ဓားပြားနှင့် ကျောကုန်းကို

ရိုက်ချလိုက်မှ မောက်လျက်လဲကျသွား

၏။

"ဟင် ... ရှင် ... ရှင်

မောင်တော့်ကို သတ်ပစ်လိုက်ပြီ"

"စကားများမနေနဲ့။ လာခဲ့စမ်း"

"အို ... လွှတ်၊ လွှတ်

လူယုတ်မာ လွှတ်"

ယုန်လေးသည် မင်းသမီး

ယူဂျင်းဂျင်ကို အခန်းထဲသို့ ဆွဲသွင်းလိုက်

၏။ စကားများများ ပြောနေချိန်မရ။

မေ့ကြောကို နှိပ်လိုက်ပြီး မင်းသမီးကို

စောစောက သူ့အား တွန်းယူလာသည့်

ခေါင်းထဲသို့ ထည့်သွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ပြုလုပ်လိုက်ခြင်းသည် သာလျှင် မင်းသမီးအတွက် အလုံခြုံဆုံး ဖြစ်ပေလိမ့်မည်။ ယုန်လေးသည် လက်တွန်းလှည်းကို အပြေးတွန်း၍ အခန်းထဲမှ ထွက်လိုက်၏။

အပြင်ဘက်တွင် ဘွားခနဲ တွေ့လိုက်ရသည်က ခြသေ့ငါးကောင်။ သူတို့က ဥမင်လမ်းကြောင်း အတိုင်း ပြေးလာကြခြင်းဖြစ်၏။ ယုန်လေးကို မြင်သော် တန့်သွားသည်။

"ဟင် ... မင်းက မသေသေး ဘူးလား"

အရပ်မြင့်မြင့်၊ ပိန်ပိန်သွယ်သွယ်နှင့် ခြသေ့ကြီးက တအံ့တသြ ပြောလိုက်ပြီး အရင်ဦးစွာ ပြေးဝင်တိုက်ခိုက်သည်။ ကျန်သော ခြသေ့လေးကောင်ကလည်း တစ်ပြိုင်နက် ဝင်၍တိုက်သည်။

ငါးယောက်နှင့် တစ်ယောက်။

ကြည့်၍မကောင်းဆုံးသော ပွဲတစ်ပွဲဖြစ်၏။

အလွန် လျင်မြန်စွာ ပြီးဆုံးသွား၏။ ယုန်လေး ဓားဆွဲထုတ်လိုက်သော အချိန်နှင့် အိမ်အတွင်းသို့ ဓားပြုန် သွင်းလိုက်သောအချိန်မှာ လျှပ်စစ်တစ် ပြက်ခန့်လောက်သာ ကြာလိုက်သည်ဟု ထင်ရ၏။

×××

အခန်း ၅၈

"ဟေ့ ... ဟိုဥစ္စာ ယုန်လေး မဟုတ်လား"

"ဟင် ... နတ်မင်းကြီးပါလား"

လက်တစ်ဖက်တွင် အလွန်ကြီးမားသော လေးကြီး၊ ကျန်လက်တစ်ဖက်တွင် ကြံ့ခိုင်းကြီးကို အသီးသီး ဆွဲကိုင်လျက် နတ်မင်းကြီးသည် ပြေးချလာ၏။

နတ်မင်းကြီး၏နောက်မှ လူတစ်ယောက်ပါလာသည်။

ထိုသူကား အရပ်မြင့်မြင့်၊ သူမျက်နှာတွင် ခြသေ့မျက်နှာဖုံးမဟုတ်။ အနက်ရောင် ခေါင်းစွပ်နှင့် အနက်ရောင်ခြုံလွှာကြီးကို ဆင်မြန်းထားလေသည်။

နတ်မင်းကြီးက ယုန်လေးကို သူ့နောက်မှ ပါလာသူနှင့် မိတ်ဆက်ပေးလိုက်သည်။

"ယုန်လေး ချီပြည်နယ်က ဟဲ့ တစ်ကိုယ်တော်ငှက်မည်းလေး ကိုင်ဇူးဆိုတာ သူပဲ"

"ဗျာ"

ယုန်လေး အလွန်အမင်း အံ့သြသွားရသည်။ တွေ့မယ်တွေးတောလည်း လုံးဝ မျှော်လင့်ထားခြင်းမရှိ။ နှစ်ဦးသား တစ်ယောက်လက်ကို တစ်ယောက် ရင်းနှီးတင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်မိကြလေသည်။

"အလို ... ဒီခေါင်းထဲမှာ အရှင့်သမီးတော် မင်းသမီးလေးပါလား။ ဘာဖြစ်တာလဲ ယုန်လေးရဲ့"

"သူ့ကို ခဏမေ့အောင် လုပ်ထားတာပါ။ သေနေတာ မဟုတ်ပါဘူး နတ်မင်းကြီး"

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ပတ်သက်လို့တော့ အဖြေပေးရတာ မလွယ်ဘူး။ ကျွန်တော့် တင်ပြချက်တွေကို အခြေခံပြီး နှတ်မင်းကြီးကိုယ်တိုင် ဝေဖန်သုံးသပ်ပါ"

တိုင်ဂူးက ငြိမ်သက်တိမ်ဆိတ်စွာဖြင့် ယုန်လေး၏ မျက်နှာကို လှမ်းကြည့်နေ၏။

"ခြသေ့ကြီးကွမ်ဟာ ကိုယ်တစ်ပိုင်း သေနဟန်ဆောင်ခဲ့တယ်။ ဒီအချက်ဟာ သူ့ရဲ့ အဓိက မရိုးသားချက်ပဲ။ ဘာပြုလို့ သူက ပတ်ဝန်းကျင်ကို လှည့်စားရတာလဲ"

"စကားတွေ သိပ်များမနေနဲ့ ယုန်လေးရယ်။ မင်း ယူဆချက်ကိုသာ ခပ်မြန်မြန်ပြောစမ်းပါကွယ့်"

ကျွန်တော့် အထင်ပြောရရင် ဒီမင်းသားကြီးဟာ လူဆိုးမဟုတ်ဘူး။ လူကောင်း။ တစ်စုံတစ်ယောက် အကျပ်ကိုင်ထားလို့ လူဆိုးကြီးအဖြစ် သူ့ကို ပတ်ဝန်းကျင်က ထင်လာအောင် ပြုမူပြောဆိုနေတာပဲ"

"ဘယ်လို တစ်စုံတစ်ယောက် "ကဲ . . . တိုင်ဂူးရော ယုန်လေး ပါဟိုအခန်းထဲ ခဏလိုက်ခဲ့ကြစမ်း။ တို့သုံးယောက် ဆွေးနွေးပွဲလေး တစ်ခု ထိုင်ရအောင်"

စကြ်ဘေးမှ အခန်းတစ်ခန်းထဲသို့ ဝင်လာကြ၏။

"ဟေ့ ... မင်းတို့သုံးယောက် အခန်းဝမှာ စောင့်နေကြ။ ရန်သူလာတွေ့ရင် ဒိုင်းကို ဓားရိုးနဲ့ ခေါင်းခေါင်း အချက်ပေးလိုက်"

နတ်မင်းကြီး၏ ကိုယ်ရံတော်သုံးယောက်က အခန်းဝမှာ စားပွဲကုလားထိုင်များ အဆင်သင့်တွေ့ရသည်။ သုံးဦးသား နေရာယူလိုက်ကြပြီးနောက် ...

"ကဲ . . . တိုင်ဂူး။ မင်းက အခြေအနေတွေကို အရင်ဆုံးတင်ပြစမ်း"

"မန်ချူးစစ်သူကြီး မုန်စီလွန်ခဲ့တဲ့ ခြောက်ရက်လောက်က ဒီစံအိမ်ကြီးကို ရောက်လာတယ်"

"ရောက်လာပြီးတော့"

နတ်မင်းကြီးက စကားပေးလိုက်၏။

"ရောက်လာပြီးတော့ မုန်စီရယ်၊ ခြသေ့ကြီးကွမ်ရယ် သမီးတော်ကြီး နီဂျန်ဂျင်ရယ် ညတိုင်းလိုလို လျှို့ဝှက်ဆွေးနွေးပွဲ ထိုင်ကြတယ်"

"ဘာတွေ ဆွေးနွေးကြတယ် ထင်သလဲ"

"အဖျက်လုပ်ငန်းတွေ လုပ်ဖို့ ပဲနေမှာပေါ့။ အထူးသဖြင့် မန်ချူးစစ်သူကြီး မုန်စီ ရောက်လာတာ အခြေအနေတော်တော်ထူးခြားတယ် နတ်မင်းကြီး။

"မန်ချူးစစ်သူကြီး မုန်စီ ရောက်လာတာ အသာထား။ ရောက်လာတဲ့အကြောင်းရင်းကို ငါ သိပြီးပြီ။ အခု သိချင်တာက ခြသေ့ကြီးကွမ်နဲ့ ပတ်သက်တယ်။ အခု မင်းတို့တွေ့နေရတဲ့ ခြသေ့ကြီးကွမ်ဟာ ခြသေ့ကြီးကွမ် အစစ်လား၊ အတုလား။ ကဲ ဒီမေးခွန်းကို ယုန်လေးက အရင်ဖြေစမ်း"

"ကျွန်တော့်အထင်ပြောရရင် ခြသေ့ကြီးကွမ် အစစ်ပါပဲ"

"ကောင်းပြီ၊ ခြသေ့ကြီးကွမ်ဟာ လူဆိုးလား၊ လူကောင်းလား"

www.burmeseclassic.com

www.burmeseclassic.com

က သူ့ကို အကျပ်ကိုင်ထားတာလဲ"

"တစ်စုံတစ်ယောက်က မြကျောက်စီရွှေဘီး မင်းသမီးလေးကို ဖမ်းချုပ်ထားတယ်။ သူသမီးတော်ဟာ လူဆိုးတွေ ကြိုးဆွဲရာ ရုပ်သေးရုပ်လို လိုက်ကနေတာပေါ့"

"လူဆိုးတွေက ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"ဒါကတော့ ရှင်းပါတယ် နတ်မင်းကြီး။ ခြင်္သေ့ကြီးကွမ် စံအိမ်ကြီးဟာ လူစည်ကားရာအရပ်နဲ့ ဝေးလံသီခေါင်တယ်။ လုံခြုံခိုင်ခံ့မှုလည်း ရှိတယ်။ ဒုစရိုက်လုပ်ငန်းတွေကို စီမံဖန်တီးဖို့အတွက် အကောင်းဆုံး နေရာပါပဲ။ ပြီးတော့ ခြင်္သေ့ကြီးကွမ်ကိုယ်တိုင် ဒီစံအိမ်ကြီးမှာ ရှိနေလေတော့ သက်ဆိုင်ရာက ဒီစံအိမ်ကြီးအပေါ် သံသယမရှိနိုင်ဘူးလို့ လူဆိုးတွေက ယူဆပုံရတယ်"

လူဆိုးများက မြကျောက်စီရွှေဘီး မင်းသမီးလေးကို ဖမ်းထားပြီး ခြင်္သေ့ကြီးကွမ်ကို အကျပ်ကိုင်နေ၏။ မြကျောက်စီရွှေဘီး မင်းသမီးကလည်း ဤစံအိမ်ကြီး တစ်နေရာတွင် အကျဉ်းခံနေရသည်။ ဤကား ယုန်လေး၏ ထင်မြင်ယူဆချက်။

"ငါ မြကျောက်စီရွှေဘီးနဲ့ ပတ်သက်ပြီး နောက်ထပ် ကြားရတဲ့ သတင်းကတော့ တစ်မျိုးပါလား ယုန်လေးရဲ့"

"နတ်မင်းကြီးက ဘယ်လို ကြားသလဲ"

"ခြင်္သေ့ကြီးကွမ်ဟာ သူသမီး မြကျောက်စီရွှေဘီးကို ဟိုလူရမ်းကား မင်းသားလေးမင်ဇီနဲ့ ပေးစားရမှာ သဘောမတူလို့ ကမ္ဘောဇ တောင်တန်းကြီးတွေပေါ်ကို လွှတ်ပို့ထားတာ အမှန်ပဲတဲ့"

"ဟုတ်ကဲ့ ... အရင်တုန်းကတော့ ပို့ထားတာ မှန်ချင် မှန်ပါလိမ့်မယ် နတ်မင်းကြီး။ အခုလောလောဆယ်မှာတော့ မြကျောက်စီရွှေဘီးဟာ ဒီစံအိမ်ကြီးထဲမှာ အကျဉ်းခံနေရတာ သိပ်သေချာပါတယ်"

ဤသို့ပြောပြီးနောက် ယုန်လေးက စောင်းသံများအား သူ ကြားရပုံအသေးစိတ်ကို ပြန်လည် ပြောပြလိုက်၏။

"ကျွန်တော့်နှလုံးသားနဲ့ နားထောင်ကြည့်လိုက်တဲ့အခါ အဲဒီ စောင်းသံတွေဟာ ကျွန်တော် အချုပ်ခံရတဲ့ သံကွန်ချာအချုပ်ခန်းနဲ့ သိပ်မဝေးဘူး။ ဥမင်လိုဏ်ခေါင်းကြီးထဲမှာပဲ ရှိတယ်။ ကျွန်တော် အချုပ်ခံရတဲ့နေရာနဲ့ ကျောချင်းကပ်လောက်မှာပဲ ရှိလိမ့်မယ်"

ယုန်လေး၏ စကားအဆုံးတွင် နတ်မင်းကြီးသည် သူ၏ မြေပုလိပ်ကြီးကို စားပွဲပေါ်မှာ ဖြန့်လိုက်၏။

"ဒါဟာ ကွေကွန်းရေးဆွဲထားတဲ့ စံအိမ်မြေပုံပဲ။ ဟောဒါ ဥမင်လိုဏ်ခေါင်း။ ဒီကြက်ခြေခတ်ပြထားတဲ့နေရာဟာ မြကျောက်စီရွှေဘီး အကျဉ်းခံနေရတဲ့ အခန်းပဲလို့ ကွေကွန်းက ဖော်ပြထားတယ်"

"ဟာ ... ဒီမြေပုံမှန်တယ် နတ်မင်းကြီး။ ဒီမှာကြည့်ပါ။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အချုပ်ခံခဲ့ရတဲ့ သံကွန်ချာ အချုပ်ခန်း။ ကျွန်တော်နဲ့ မြကျောက်စီ ရွှေဘီးဟာ ဥမင်လိုဏ်ခေါင်း ကျောက်နံရံကြီးတစ်ချပ်ပဲ ခြားတယ်"

"အိမ်း ... အဲဒီအခန်းကို ငါ ရောက်ခဲ့ပြီးပြီ။ ခုလေးတင်ပဲ။ မြကျောက်စီရွှေဘီးကို မတွေ့ရဘူး။ ဗျပ်စောင်းကြီးတစ်လက်ကိုပဲ တွေ့ခဲ့ရတယ်။

"ဟာ ... ဒါကတော့ သူတို့ဟာ မြကျောက်စီရွှေဘီးကို အခြားနေရာတစ်နေရာရာ ပြောင်းရွှေ့ခေါ်သွားကြလို့ပဲ ဖြစ်ပါလိမ့်မယ် နတ်မင်းကြီး"

နတ်မင်းကြီး စားပွဲပေါ်မှ မြေပုံကြီးကို ပြန်လိပ်သည်။ တိုင်ဂူး ထိုင်ရာမှထ၍ အခန်းဝသို့ ခေတ္တအရိပ်အခြည် ထွက်ကြည့်ပြီး ပြန်ဝင်လာသည်။

"ခင်ဗျား ဆေးနီလုံးလေးတွေက အင်မတန်စွမ်းပေတာပဲဗျ။ မြွေဟောက်ဖြူတိုက်ပွဲမှာ ကျွန်တော် မသေတာ ခင်ဗျားကျေးဇူးကြောင့်ပဲ"

ယုန်လေးက ကျေးဇူးတင်လှစွာဖြင့် တစ်ကိုယ်တော်ငှက်မည်းလေး တိုင်ဂူးကို ပြောလိုက်၏။

တိုင်ဂူးက ပြုံးရုံသာ ပြုံးသည်။ သို့သော် သူ့မျက်နှာကို အမည်းရောင်မျက်နှာဖုံး စွပ်ထားပေရာ တိုင်ဂူး၏ အပြုံးကို ယုန်လေး မမြင်ရပေ။

"ဒါနဲ့ ... ဟို မင်ဇီမင်းသားကို မတွေ့မိပါလား ဗျ"

"မင်ဇီမင်းသား သေသွားပြီ။ ကျွန်တော်ကိုယ်တိုင် သတ်ပစ်လိုက်တယ်"

ငှက်မည်းလေးတိုင်ဂူးက ပြန်ဖြေလိုက်ပြီး နတ်မင်းကြီးကို လေးစားစွာ ပြောလိုက်သည်။

"နတ်မင်းကြီးရယ်၊ ဟောဒီ သိမ်းငှက်တပ်မှူးလေးရယ် ကျွန်တော့် နောက်ကို လိုက်ခဲ့ကြပါ။ ခြသေ့ကြီးကို သွားဖမ်းရအောင်"

"တိုင်ဂူး ... မင်းက မဟာ ခြသေ့ကြီးနေတဲ့နေရာကို သိလို့လား"

"သိပါတယ် နတ်မင်းကြီး"

"ဟာ ... မင့်နယ် သိရင် ၅၂ စောစောကပြောရောပေါ့။ အခုလောက် ဆိုရင် မဟန်ပူပေါ်လို့ မင်းတို့ခြသေ့ကြီး ထွက်ပြေးသွားရင် ဒုက္ခ။ ကဲ ... မြန်မြန်သွားဟော့"

"ထွက်မပြေးပါဘူး။ နတ်မင်းကြီးတို့အဖွဲ့ကို သူလူတွေက အနိုင်ရလိမ့်မယ်လို့ ခြသေ့ကြီးက ခိုင်ခိုင်မာမာ ယုံကြည်ထားလို့ပါပဲ"

"ကဲ ... အခန်းထဲက ထွက် ထွက် ... သွားကြစို့"

××

နတ်မင်းကြီးသည် ခြသေ့ကြီးကို သွားဖမ်းရန် အလွန် စိတ်အားထက်သန်နေပုံ ရသည်။

တိုင်ဂူးက ထပ်မံပြောသည်။

"ခြသေ့ကြီးဟာ နေရာသုံးနေရာမှာ နေတတ်တယ်။ တစ်နေရာရာမှာ ရှိနေလိမ့်မယ်။ လာ ကျွန်တော်တို့ သွားကြစို့"

အခန်းထဲမှ တိုင်ဂူး ဦးဆောင်၍ ထွက်ရန်ပြင်၏။

www.burmeseclassic.com

www.burmeseclassic.com

ချိတ်ထားသော သမင်ဦးခွိုကို ဖြုတ်လိုက်ရာ နံရံမှ ဆုံလည်တံခါးတစ်ချပ် ပွင့်သွား၏။

နောက်လဆက်ရန် မောင်နှင်းဆွေ

"သူကို ကျွန်တော် စိတ်မချဘူး။ ဒီမင်းသမီးပါ တစ်ခါထပ်ပျောက်သွားရင် မိုးကို မီးလောင်လိမ့်မယ်" ထိုအခါ တိုင်ဇူးသည် အခန်း၏ ခေါင်းရင်းဘက်ရှိ ကျောက်နံရံကြီး ဆီသို့ ပြေးသွားသည်။

"ဟေ့ကောင် ... ယုန်လေး။ မင်းက ဒီခေါင်းကြီးကို ဘာကိစ္စ တွန်းလာဦးမှာလဲ။ ဒီအခန်းထဲမှာ ထားပစ်ခဲ့။ အိပ်မောကျနေတဲ့ မင်းသမီးလေးကို ဒီစစ်သည်တော်သုံးဦး စောင့်ကျန်ရစ်ခဲ့လိမ့်မယ်"

၂၄၀ စာမျက်နှာ

အတွဲ (၂၁) အမှတ် (၁၁) ၊ ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ... မွံ ... သံဃံ

ဥုမကီပါဒေဟံ

နိဂ်ံငံကျော်စာရေးဆရာမကြီး

ဒေါ်သိန်းယဉ်

ဓားတံဆိပ်

၄ကိယျားဆေး

ဘယ်လိုဘဲဖျားဖျား

ဤဆေးသောက်လိုက်တာနဲ့

ပျောက်ပါတယ်...

BURMESE CLASSIC .com

ISLAND INFLATABLES

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်061Y2005 လိုင်စင်အမှတ် ၂/၂၀၀၀တဆထလ(၀၇၂၄)

အဖောသုခံဆေးတိုက်

တိုက်(၉) ခ၀၁၊ ဝိတောက်တမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

အမှတ် ၁၉/ ၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်ပြည်။

ဖုန်း - ၀၉၄၃၂၀၀၇၆၀၊ ၀၉၅၁၇၂၁၅၀၊ ၀၉၅၁၃၃၆၀၂

KM 2018

www.burmeseclassic.com